

ဒေါင်ရှေး
မြလပါတောင်
ခရီးသွားမှတ်တမ်းများ

## စာရေးသူ၏အမှာစာ

ယခု ကျွန်မရေးသားသော "မြသေလာတောင် ဆွေးဖွယ်နှောင်သည်" ဝတ္ထုအား ကျွန်မသည် ကရင် ပြည်နယ် မြို့တော် ဘားအံ့တွင် နေထိုင်စဉ်ကပင် ရေးသားရန်ဆန္ဒရှိခဲ့ပါသည်။ သို့သော်အကြောင်း အချက် အလက် များ ပြည့်စုံစွာ ရှာဖွေစုံစမ်း၍ မရသေးသောကြောင့် မရေးသားဖြစ်ခဲ့ချေ။ ယခု ကော့ကရိတ်မြို့သို့ရောက်မှ စာဖတ်ပရိသတ်များ စိတ်တိုင်းကျဖြစ်စေအောင် ရေးသားနိုင်မည့် အကြောင်း အချက်များ ထိုက်သင့်သမျှ စုဆောင်းရရှိ၍ ရေးသားလိုက်ရခြင်းဖြစ်ပါသည်။

ဤဝတ္ထုဖြစ်ပေါ်လာစေသော မူလအရင်းခံသဲလွန်စကား ကျွန်မသည် ၁၉၄၉ ခုနှစ်၊ နိုဝင်ဘာလတွင် ကရင်ပြည်နယ်မြို့တော် ဘားအံ့သို့ရောက်ခဲ့ပါသည်။ ဈေးဝယ်ရန်လာခဲ့သော ကျွန်မသည် ဘားအံ့ မြို့ဈေး အတွင်း ဆိုင်တစ်ဆိုင်မှာ ဆားနှင့်ဆေးရွက်ကြီးများ ဝယ်နေသော အသက်ငါးဆယ်ရွယ် ကရင်အဘိုးကြီး သုံးယောက်အား အမှတ်မထင် တွေ့မိပါသည်။ အခြားသော ကရင်အမျိုးသားများ ရုပ်ရည်နှင့်မတူဘဲ ဖြူဖပ်ဖြူရော် အသားအရည်၊ ခပ်မို့မို့ မျက်ခွံ့၊ ကြောင်တက်တက် မျက်လုံး၊ ပြောင်နေသော ခေါင်းတုံးနှင့် အနီအနက်စင်း သင်တိုင်းရှည်ကြီးများကို ဝတ်ထားသော ထိုအဘိုး ကြီး သုံးယောက်သည် ဆွံ့အသော သူများ ကဲ့သို့ စကားတစ်လုံးမျှ မပြောဘဲ ခြေပြလက်ပြ ဈေးဝယ်နေသည်ကို တွေ့ရ၍ အံ့သြမိပါသည်။

ဈေးရောင်းသူများအား မေးမြန်းကြည့်မိရာ ထိုအဘိုးကြီး သုံးယောက်မှာ ကရင်များပင်ဖြစ်သော် လည်း ဘာသာ စကားမှာတစ်မျိုးဖြစ်၍ သူတို့၏စကားကိုလည်း အခြားသောကရင်များက နားမ လည်၊ အခြားသော

ကရင်များ စကားကိုလည်း သူတို့က နားမလည်၊ ထို့ကြောင့် ခြေပြလက်ပြ ဈေးဝယ်ကြကြောင်း၊ သုံးလမှ တစ်ခါ လောက်သာလျှင် လာတတ်ကြောင်း၊ ဝယ်ယူသော ပစ္စည်းများမှာ ဆား၊ ဆီနှင့် ဆေးရွက်ကြီးသာလျှင် ဖြစ်ကြောင်း ကြားသိရပါသည်။ ကျွန်မသည် ထိုအဘိုးကြီး သုံး ယောက်အကြောင်းကို စိတ်မဝင်စားတော့ဘဲ မေ့ပျောက် လိုက်ပါ၏။

၁၉၆၀ ခုနှစ်တွင် ကျွန်မသည် ကရင်ပြည်နယ်တွင်းရှိ ဆဒ္ဒန်ဂူသို့သွားခဲ့ပါသည်။ (ဆဒ္ဒန်ဂူဆောင်းပါး ကို သွေးသောက် မဂ္ဂဇင်းတွင် ရေးသားဖော်ပြပြီး ဖြစ်ပါသည်။) ဆဒ္ဒန်ဂူသို့သွားရာလမ်းတွင် ဖြတ် သန်းသွားရသော ရွာများအနက်မှ "အိန္ဒုရွာ" "မြပြည်ရွာ" (ယခု မပြေ့ရွာဟု ခေါ်သည်) ဟူသော ရွာနှစ်ရွာ ၏ နာမည်ကို စိတ်ဝင်စားမိသဖြင့် မေးမြန်းစုံစမ်းမိပါသည်။

ထိုအခါသိရသည်မှာ လှူပြည်ရှိ မြသားဆင်းတုတော်ကို ဖူးမြော်ရန် ထက်ကောင်းကင်မှ နတ်ဘုရင် သိကြားမင်း ဆင်းသက်သော နေရာဖြစ်၍ လူအများ ရွာတည်ထောင်နေသောအခါ သိကြားမင်းကို အစွဲပြုပြီး ရွာအမည်ကို "အိန္ဒာ ဒေဝ" ဟု အမှတ်သညာ ပြုခဲ့ကြောင်း၊ ကာလရွေ့လျော၍ အိန္ဒုရွာဟု ခေါ်တွင်ကြောင်း။ ယခု မပြေ့ရွာဟု ခေါ်သောရွာမှာ နာမည်ရင်း "မြပြည်ရွာ" ဖြစ်ကြောင်း။ ရွာမှ အတော် ဝေးသော တစ်နေ ရာရှိ တောင်ကုန်းတစ်ခုပေါ်မှာ ပြည်တန်သော မြဆင်းတုတော် တစ်ဆူရှိကြောင်း။

ထိုတောင်မှ နတ်ဆေးပင်များ အများအပြားရှိကြောင်း၊ တစ်ခါတစ်ရံ အကြောင်းအား လျော်စွာ မျက်စိလည် လမ်းမှား၍ တောင်တန်းပေါ် ရောက်သွားသူတို့သည် ကြည်ညိုဖွယ်ကောင်းလှသော မြသား ဆင်းတုတော်ကို ဖူးခဲ့ရပြီး ထူးဆန်းသောအပင်များကို တွေ့ခဲ့ရကြောင်း၊ မြဘုရားနှင့် ထို

အပင်များကို တွေ့လို ဖူးလိုစိတ်နှင့် အထူးတလည် သွားရောက်ရှာဖွေသောအခါ ဖူးတွေ့ရမည်ကို ဝေးစွ။ နေရာကိုပင် ရှာမတွေ့ အောင်ဖြစ်ခဲ့ရကြောင်း။ တောရိုင်း တိရစ္ဆာန်နှင့် မြွေဆိုးများကြောင့် အသက်လုပြန်ပြေး ခဲ့ရကြောင်း။ ထို မြသားတုတော်ကို ဖူးခဲ့ရသည့်သူများက တည်ထောင်ခဲ့သော ရွာဖြစ်၍ မြပြည်ရွာဟု ခေါ်တွင်ခဲ့ကြောင်း ကြားသိခဲ့ရပါသည်။

ကျွန်မသည် စာရေးဝါသနာပါသူပီပီ နှုတ်အငြိမ်မနေတတ်သူ ဖြစ်သည့်အလျောက် ကရင်ပြည်နယ် မြို့တော် ဘားအံ့ မှာ နေထိုင်စဉ်အတွင်း ရောက်နိုင်သရွေ့သော အရပ်ဒေသမှ အသက်အရွယ်ကြီး ရင့်သူ ကရင်အဘိုးကြီး၊ အဘွားကြီးများကို တွေ့လျှင် လက်ဆောင်ပစ္စည်း စသည်ဖြင့် ကန်တော့ ကာ ရှေးဟောင်း နှောင်းဖြစ် များမေးလေ့ရှိသည်တွင်မှ ကရင်အဘိုးကြီး သုံးယောက်အကြောင်း အစပေါ်လာပြန်ပါသည်။

ထိုကရင်အဘိုးကြီး သုံးယောက်တို့ နေထိုင်ရာကား လူသူမနီးသည့် နက်ခေါင်သော တောတောင်အတွင်းမှာ သီးသန့် နေထိုင်ကြကြောင်း။ အပြင်အပလူများနှင့် ဒွေး ရောယှက်တင် ဝင်ထွက်သွားလာ ဆက်သွယ်ခြင်း မရှိကြောင်း။ ၎င်းတို့နေထိုင်ရာကိုလည်း အခြား သောလူမျိုးများ လာရောက်ခွင့်မပြုကြောင်း။ လူပျိုလူရွယ်များ၊ ကလေးများ၊ မိန်းမ သားများသည် ၎င်းတို့နေရာ တောင်စောင်းမှ မည်သည့်အခါမှ ထွက်လာလေ့ မရှိကြောင်း။ ၎င်းတို့ နေထိုင်ရာဒေသ မှ ထွက်သော အသီးအနှံကို သက်ကြီးရွယ်အိုအဘိုးကြီး များကသာ ထွက်လာရောင်းချလေ့ရှိပြီး အလိုရှိသော ပစ္စည်းများကို ဝယ်ရန်လည်း သက်ကြီး ရွယ်အို အဘိုးကြီးများသာ ထွက်ဝယ်လေ့ရှိ ကြောင်း။

၎င်းဒေသရှိ လူများအားလုံးမှာ သက်သက်လွတ်သာလျှင် စားလေ့ရှိကြောင်း။ ၎င်းတို့နေထိုင်ရာ တောင်တန်း တွင် ရှေးယခင် လွန်လေပြီးသော နှစ်ပေါင်းများစွာက မြရတနာများ၊ မြဘုရားများ၊ နတ် ဆေးပင်များ ရှိခဲ့သော်လည်း ယခုမူ လုံးဝအစပျောက်အောင် ပျောက်ကွယ်သွားပြီဖြစ်ကြောင်းကို ကြားသိရပါသည်။ သို့သော် ဆောင်းပါး၊ သို့မဟုတ် ဝတ္ထုတစ်ပုဒ်ဖြစ်လောက်အောင် ပြည့်စုံသည် မဟုတ်၍ ကျွန်မသည် စိတ်ထဲမှာသာ ထားခဲ့ပါသည်။

ဘားအံ့မြို့မှ မော်လမြိုင်မြို့သို့ ကျွန်မပြောင်းလာသောအခါ ခင်ပွန်းသည်အတွက် တပ်မတော်က ပေးထားသော မော်တော်ကားကို မောင်းရသည့် ရဲဘော်ဇနီးမောင်နှံမှာ ကျွန်မနှင့်သားသမီးနှင့် မိဘ သဖွယ် ခင်မင်ရင်းနှီး၍ အိမ်မှာပင် အနေများလာသောအခါ ရင်းရင်းနှီးနှီး စကားစမြည်ပြောလေ့ရှိပါသည်။ ကား မောင်းသော ရဲဘော်၏ဇနီးမှာ ဘားအံ့ခရိုင် မဲတောင်ရွာသူ ကရင်အမျိုးသမီးလေး ဖြစ် ပါသည်။

တစ်နေ့တွင် ကျွန်မသည် ထိုကလေးမလေးနှင့် ကရင်ပြည်နယ် ဘားအံ့မှာ နေစဉ်က "ဇွဲကပင် တောင်" ရေတံခွန် ထမ်မတိုင်တောင် (ဇွဲကပင်တောင်နှင့် ရေတံခွန် ထမ်မတိုင်တောင်များအ ကြောင်းကို သွေးသောက်မဂ္ဂဇင်းတွင် ဆောင်းပါးများအဖြစ် ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပါသည်) များ ကို တက်စဉ်က အကြောင်း များ စကားစပ်ပြောကြရာမှ ကလေးမလေးက "အမေ နှောင်စငဲ့တောင် ကို ရောက်ဖူးလား"ဟု မေးပါသည်။

ကျွန်မက မရောက်ဖူးကြောင်း၊ နာမည်ပင် မကြားဖူးကြောင်း ပြန်ပြောသော အခါ ကလေးမလေးက တစ်ကြိမ်သော အခါက သူသည် ထိုတောင်

တန်းအနီးရှိ ရွာတစ်ရွာသို့ အလည်သွားခဲ့ကြောင်း၊ တစ် နေ့တွင် မိုးရွာ၊ မှုစ်ချိုးရင်း မျက်စိလည်လမ်းမှား၍ နောင်စငဲ့တောင်တန်းပေါ် ရောက်သွားကြောင်း၊ တောင်တန်း၏ တည်နေပုံ ပုံသဏ္ဌာန်ထူးခြားကြောင်း၊ တောင်ပေါ်တွင် ဆူးစည်းရိုး အထပ်ထပ် ကာ ထားသော ရွာတစ်ရွာ တွေ့ခဲ့ကြောင်း။

ထိုရွာကို ချောမောလှပသော မိန်းမပျိုတစ်ယောက်က ဘုရင် မအဖြစ် အုပ်ချုပ်နေကြောင်းနှင့်တကွ သူတွေ့ခဲ့ရသမျှကို ပြန်လည်ပြောပြသောအခါမှ ဘားအံ့ ဈေးအတွင်းမှာ ကျွန်မတွေ့ခဲ့ရသော ထူးခြားသည့် ကရင်အဘိုးကြီး သုံးယောက် တို့၏ ဇာတိချက်ကြွေ သီးသန့်မြေဖြစ်၍ ကျွန်မ ကြားခဲ့ဖူး သမျှသော အကြောင်း များမှာ တစ်ခုနှင့် တစ်ခု အံ့သြဖွယ် ဆက်စပ်နေ ကြောင်း သိရပါသည်။

"ကျွန်မလဲ ဆူးစည်းရိုးအပြင်က ချောင်းကြည့်ခဲ့ရတာ အမေရဲ့၊ ဘုရင်မ ရေချိုးလာတာတွေ့ရတယ်၊ သိပ်လှတယ် အမေ၊ ဒါပေမယ့် သူတို့ရွာနား အပြင်လူကပ်လာရင် ဒူးလေးနဲ့ပစ်သတ်တတ်တယ်၊ ကျွန်မ ကြောက်တာနဲ့ ကြာကြာမကြည့်ဘဲ ပြန်ပြေးလာခဲ့တယ်"ဟု ကလေးမလေးက သူ့စကား နိဂုံးချုပ်လိုက် ပါသည်။

ကျွန်မသည် မော်လမြိုင်မှ ကော့ကရိတ်သို့ပြောင်းလာသောအခါမှ စုံစမ်းမေး မြန်းရင်း "နောင်စငဲ့" တောင် အကြောင်း ကို အတော်အတန် စုံလင်အောင် သိလာရသောအခါမှ အကြောင်းအချက်များ အားလုံး ဆက်စပ်ကာ ဤ "မြသေလာတောင် ဆွေးဖွယ်နောင်သည်" ဝတ္ထုကို ရေးသားလိုက်ရပါ သည်။ နောင်စငဲ့ဒေသမှ ထူးဆန်းလှသော လူတစ်စု၏ဝတ်စားဆင်ယင်မှု၊

နေထိုင်မှုများမှာ မျက်မြင်ကိုယ်တွေ့ ချောင်းမြောင်း ကြည့်ရှုခဲ့သော ရဲဘော်၏ဇနီး ကရင်အမျိုးသမီးကလေး ပြောပြ သည့်အတိုင်း ရေးသား ခဲ့ခြင်း ဖြစ်သည်။ သိသူ မရှိသလောက်ရှား၍ လူသူပေါက်ရောက်ဆက်သွယ် ခြင်း လုံးဝမရှိသော ဤသီးသန့်ရွာ ကလေးကား နောင်စဝ့်တောင်တန်းပေါ်ဝယ် ဆိတ်ငြိမ်အေးချမ်း စွာ တည်ရှိနေသည်။

ယခုထက်တိုင် အသက်ထင်ရှားရှိနေသေးသော ထူးဆန်းလှသည့် လူတစ်စု ကား ရှေးယခင်ကလို စည်ကား သာယာ ကျယ်ပြန့်စွာမရှိတော့ဘဲ ဆုတ်ယုတ် တိမ်ကောကာ ရွာသိမ် ရွာငယ်အဖြစ်သာ လျှင် ကြွင်းကျန်ရစ် ၍ ချစ်စဖွယ် ချောမောလှပသော ဘုရင်မ အမှတ်သညာထားသည့် မိန်းမသား တစ်ယောက်က အုပ်စိုးဆဲပင် ဖြစ်ပေသည်။

## အခန်း (၁)

၁၉၆၃၊ မတ်လ ၁၆ ရက်နေ့။

အချိန်မှာ ဒုတိယ ကမ္ဘာစစ်ကြီးမဖြစ်မီ သူခိုး၊ ဓားပြ မုဒိမ်း ကင်းငြိမ်းသော မြန်မာပြည်သည် ဗြိတိသျှ နယ်ချဲ့လက်အောက်မှာ ကျွန်နိုင်ငံအဖြစ်ဖြင့် ဖိနှိပ်ခံနေရသောအခါ ဖြစ်၏။ ထိုခေတ် ထိုအချိန်က မြန်မာလူမျိုး တိုင်းပင် အကျင့်စာရိတ္တနှင့်ပတ်သက်ပြီး မှည့်စွန်းမထင်အောင် ဖြူစင် သောသိက္ခာဖြင့် နေထိုင် သူ များပြားသည်။

အထူးသဖြင့် မြန်မာဘုရင်နောက်ဆုံး နန်းစံတော်မူသွားရာ မန္တလေးမြို့တွင် မဟာဆွေတော် မျိုး တော်များ ကလည်း ဆွေတော် မျိုးတော်အလျောက်၊ မှူးမတ် စစ်မှုထမ်းအဆက်အနွယ်များကလည်း မိမိတို့မျိုးရိုး အဆက်အနွယ်

အလျောက် တည်ကြည်စွာ နေထိုင်၍ နာမည်နှင့် ဂုဏ်သိက္ခာကို အထူး ထိန်းသိမ်း ကြ လေသည်။

မန္တလေးမြို့ အရှေ့ပြင်ဝယ် သာယာသော ခြံကြီးအတွင်းမှာ ဆောက်လုပ်ထားသော ခြေတံရှည် သစ်သား တစ်ထပ်အိမ် တစ်ဆောင် တွင်ကား မြန်မာဘုရင် လက်ထက်က စစ်မှုထမ်း အမျိုးအနွယ်ဖြစ်သော ဦးစောအေး ဆိုသူ နေထိုင်လေသည်။ ဇနီးသည်ဆုံးပါး ကွယ်လွန် သွားသော်လည်း နောက်အိမ်ထောင် မထူဘဲ၊ တစ်ဦးတည်း သောသား ကိုစောခိုင်ကို စောင့်ရှောက်ရင်း ထမင်းချက်တပည့်ကြီးဖြစ်သော အိမ်တော်ပါ ငယ်မွေးခြံပေါက် ဦးဘိုးဦးနှင့် အေးချမ်းစွာနေသော ဦးစောအေးအဖို့ တစ်နှစ်တစ်ကြိမ် ရွှေဘို နယ်ရှိ လယ်မြေများမှ သီးစားခများ သွားသိမ်းသည့်အလုပ်မှလွဲ၍ အခြားအလုပ်မရှိချေ။ လယ်မြေဆီခ ငွေဖြင့် မပူမပင် စားသောက်နေထိုင်နိုင်လေသည်။

ဦးစောအေးသည် စာကြည့်ခန်းအတွင်းရှိ ပက်လက်ကုလားထိုင်ပေါ်မှာ လဲလျောင်းရင်း ဆေးပြင်းလိပ်ကို ခံကာ အပြင်ဘက်သို့ ထွက်သွားသောသား ကိုစောခိုင် ပြန်အလာကို စောင့်မျှော်နေလေသည်။

ထိုနေ့ကား အင်္ဂလိပ်မြန်မာ ဆယ်တန်း စာမေးပွဲများ အောင်စာရင်းထွက်မည့်နေ့ဖြစ်၍ ကိုစောခိုင်သည် အိမ်သို့ သတင်းစာလာပို့မည့်အချိန်ကိုပင် မစောင့်နိုင်ဘဲ သတင်းစာ ကိုယ်စားလှယ်အိမ်သို့ ကြိုတင် ထွက်ခွာ သွားခြင်းဖြစ်သည်။

ဦးစောအေးသည် ဆေးပြင်းလိပ်ကို မီးခိုးထောင်းထောင်းထအောင် ဖွာရှိုက်ရင်း တစ်စုံတစ်ခုကို နက်နက်နဲနဲ စဉ်းစားခန်း ဝင်နေရာမှ စာကြည့်ခန်းအတွင်းသို့ ဝမ်းသာအားရ အပြေးအလွှား ဝင်လာသော သားဖြစ်သူ ကိုစောခိုင် အား လှည့်ကြည့်လိုက်၏။ ကိုစောခိုင်၏ မျက်နှာကား လန်းဆန်းကြည်ရွှင်လှ၏။

" အဖေ ကျွန်တော် စာမေးပွဲအောင်တယ်၊ ဟောဒီမှာ ကျွန်တော့် ခုံနံပါတ်နဲ့ နာမည် ... "

ကိုစောခိုင်က လက်တွင်းမှာ ကိုင်လာသော သတင်းစာကို ဖွင့်ကာ ဖခင်အားရိုသေစွာ လှမ်းပေး၍ သူ့နာမည် ကို လက်ညှိုးနှင့် ထောက်ပြလိုက်ပြီး ဖခင်၏ ခြေထောက် ချထားရာ အနီး ကြမ်းပြင်ပေါ်မှာ ထိုင်လိုက်၏။ ဦးစောအေး က သား၏ နံပါတ်နှင့် နာမည်ကို တစ်ချက်မျှကြည့်ကာ သတင်းစာကို ပိတ်ပြီး ပေါင်ပေါ်မှာ အခေါက်လိုက် တင်ထားလိုက်၏။

" ကျွန်တော့် နာမည်မှာ မှတ်ထားတဲ့ ခရေပွင့် တွေ့လားအဖေ "

ကိုစောခိုင်က နှစ်သိမ့် အားရစွာ မေးလိုက်၏။ ထိုခေတ်အခါက ဆယ်တန်း အောင်သူများသည် မိမိတို့ နာမည်မှာ ခရေပွင့်အမှတ်ပါသည် မပါသည်ကို ဂရုစိုက်ကြရ၏။ ခရေပွင့် အမှတ်ပါသော နာမည်ရှင်မှသာ လျှင် အေစာရင်းမှ အောင်မြင်သူများဖြစ်၍ တက္ကသိုလ်သွားခွင့်ရသည်။ ခရေပွင့်အမှတ် မပါသော နာမည်ရှင် မှာ ဘီစာရင်းမှ အောင်သူဖြစ်၍ တက္ကသိုလ်ဝင်ခွင့် မပြုချေ။ ဗြိတိသျှ နယ်ချဲ့ အစိုးရက ပညာသင်ကြားရေး မှာ အဆင့်အတန်း ခွဲထားသော ခေတ်ဖြစ်သည်။

" တွေ့ပါတယ် သား .... "

ဦးစောအေးက သားစာမေးပွဲ အောင်သည်ကို ကျေနပ်ဝမ်းမြောက်သော်လည်း အဖြေကို တိုတိုပင် ပေးလိုက်၏။ တစ်စုံတစ်ရာကို ကြံစည်စိတ်ကူးထားသော မျက်နှာဖြင့် သားအား ငေးကြည့်နေသည်။ ကိုစောခိုင်ကား ဖခင်၏ မျက်နှာကဲကို ဂရုမစိုက်မိ၊ အမှတ်မဲ့ပင်။

" ကျွန်တော် တက္ကသိုလ် ဆက်သွားမယ်နော် အဖေ "

ကိုစောခိုင်က ရွှင်မြူးစွာ ဆိုလိုက်၏။ ဦးစောအေးသည် အတန်ငယ် တွေနေပြီးမှ ...

" ဟိုသူငယ် ဘဆွေလေးရော အောင်သလား" ဟု မေးလိုက်သည်။

" မအောင်ဘူး အဖေ၊ သူ့ခမျာ ဘယ်အောင်ပါ့မလဲ၊ ကျောင်းလခ၊ စာအုပ်ဖိုး၊ မုန့်ဖိုးက အဖေက ထောက်နေလို့သာ ကျောင်းနေရတာ၊ စာကျက်ဖို့ အချိန်မှမရှိဘဲ၊ သူ့ဦးလေးနဲ့ အဒေါ်က ကျောင်း ချိန်က လွဲရင် မီးဖိုချောင်နဲ့ ပန်းတိမ်ဖိုကို တလှည့်စီခိုင်းနေတာ အဖေရဲ့ "

မိမိ တို့က ထောက်ပံ့ပေးကမ်း ပညာသင်ပေးနေရသော သူငယ်ချင်း ကိုဘဆွေအတွက် ကိုစောခိုင်က စိတ် မကောင်းစွာ ပြောလိုက်၏။

" အေး .... သားက မိဘမဲ့ ဆွေမျိုးမဲ့ ဆင်းရဲလို့ ဦးလေးအိမ်မှာ ကပ်ရပ်နေရတဲ့ သူငယ်ချင်းမို့ ကြင်နာစိတ် ထားပြီး ထောက်ပံ့ပါ ပြောတာနဲ့ အဖေက သားစိတ်ကောင်းအောင် ထောက်ပံ့နေတာ၊ အနားမပေးပဲ ခိုင်း နေတဲ့ သူ့ဦးလေးနဲ့ အဒေါ်ကြောင့် စာကျက်ချိန်မရှိလို့ အောင်မှာမဟုတ်ဘူး ဆိုတာတော့ အစကတည်းက အဖေ တွက်ထားပြီးသားပါကွယ် "

ဦးစောအေး က တွေးတွေးဆဆ ပြောလိုက်၏။

" သနားပါတယ် အဖေ၊ အောင်စာရင်းမှာ သူ့နာမည် မပါတော့ သူ မျက်ရည်ကျတယ်။ သူ့ဦးလေးနဲ့ အဒေါ် ကတော့ ဆဲမှာပဲလို့ ညည်းတယ်၊ ပိုက်ဆံလဲ တစ်ပြားမှ မရှိဘူးဆိုလို့ ကျွန်တော့် အိတ်ထဲ ပါသွားတဲ့ ငွေ ခြောက်ကျပ် ပေးခဲ့တယ်အဖေ "

ကိုစောခိုင်က သူငယ်ချင်းအား ကြင်နာစွာ ပြောနေ၏။

ဒီသူငယ်ပန်းတိမ်အလုပ်ကို တော်တော် တတ်နေရောပေါ့၊ ထမင်းတော့ စားလောက်ရုံဖြစ်ပါလိမ့်မယ်"

ဦးစောအေး က ပြောလိုက်သည်။

" သူ့ဦးလေးနဲ့အဒေါ်က စာကျက်ချိန်မပေးဘဲ၊ ပန်းတိမ်ဖိုထဲမှာချည်း ခိုင်းနေလို့ ကောင်းကောင်းတတ်နေပြီ အဖေ။ ရွှေ၊ စိန်၊ ကျောက်၊ ရတနာတွေအကြောင်းလဲ သူနားလည်နေပြီ၊ ဒါပေမယ့် သူ့ဦးလေးနဲ့အဒေါ်က သူတို့ ပန်းတိမ်ဖိုမှာ ခိုင်းနေပေမယ့် သုံးစွဲဖို့ မုန့်ဖိုးပဲဖိုး တစ်ပြားမှပေးတာမဟုတ်ဘူးအဖေရဲ့၊ ထမင်းတစ်ဝမ်း မသေရုံကျွေးပြီး အလကား ခိုင်းနေတာ၊ သူကဒီဦးလေး၊ အဒေါ်နဲ့ နေချင်လို့ ဆယ်တန်းအောင်ရင် တခြားမှာ အလုပ်ရှာမယ် စိတ်ကူးထားတယ်တဲ့၊ အခုတော့ သူ့ကုသိုလ်ကံပေါ့လေ "

ကိုစောခိုင် စကားဆုံးသွားသော်လည်း ဦးစောအေးက ဘာမျှ မပြောချေ။ တစ်စုံတစ်ခုကို စဉ်းစားသလို ငြိမ် နေသည်။ ကိုစောခိုင်ကလည်း အခိုက်အတန့်အားဖြင့် သူငယ်ချင်း ကိုဘဆွေအတွက် စိတ်မကောင်းဖြစ်၍ ငြိမ်နေသည်။ အတန်ငယ် ဆိတ်ငြိမ်နေကြပြီးမှ ...

" ကျွန်တော် တက္ကသိုလ် ဆက်သွားမယ်နော် အဖေ "

ဟု ကိုစောခိုင်က သူ့လိုလားချက်ကို တောင်းဆိုလိုက်ပြန်၏။ ဦးစောအေးက သားမျက်နှာကို စူးစူးစိုက်စိုက် ကြည့်လိုက်ပြီး မှ အေးဆေးသောအသံဖြင့် ပြောလိုက်၏။

" ဒီကုလားဖြူစာတွေကို ဆက်သင်နေလို့လဲ သိပ်အကြောင်းမထူးဘူးလို့ အဖေမြင်ပါတယ်ကွယ်၊ သူတို့ စာသင်ကျောင်း က ထွက်တော့ သူတို့ပေးတဲ့ လစားအလုပ်ကလေး ရပါမှ၊ မရရင်ထမင်း ဘယ်လိုလုပ်စား မလဲ၊ လစား ကျွန်အလုပ်က လွဲပြီး ဘယ်လိုမှသုံးမရတဲ့ပညာပါ သားရယ်၊ အဖေတို့မှာ သားလစား အလုပ်လုပ်မှ ထမင်းစားရမှာမဟုတ်ပါဘူး၊ တက္ကသိုလ်ကို ဆက်မသွားစေချင်ဘူး သား "

ဇနီးသည် ကွယ်လွန်သော်လည်း တစ်ဦးတည်းသော သားကလေး စိတ်ငယ် ဝမ်းနည်းမည်စိုး၍ နောက်အိမ် ထောင်မထူဘဲ ရှိသမျှ အချစ်စိတ်ကို သားအပေါ်မှာသာ ပုံထားခဲ့သော ဖခင်ကြီးအား ကိုစောခိုင် သည် အတင်းအကြပ် ဆန့်ကျင်ဘက်လုပ်ရန် ဆန္ဒမရှိချေ။ ဖခင်စိတ်ချမ်းသာအောင် လိုက်လျောမည်ဟု စိတ်ကို ဆုံးဖြတ်လိုက်၏။

" ဟုတ်ကဲ့၊ အဖေ့ဆန္ဒကို သားဆန့်ကျင်ဘက် မပြုပါဘူးအဖေ ဘယ်လို အလုပ်မျိုးကို အဖေ က လုပ်စေချင် ပါသလဲ၊

ကိုစောခိုင်က ကြည်ဖြူစွာပင် ကတိပေးပြီး ပြန်မေးလိုက်သည်။

" မပာတ်သေးဘူးလေ သားရဲ့၊ အဖေစိတ်မချမ်းသာမှာစိုးလို့ လိုက်လျောရတဲ့ဆန္ဒမျိုးကို အဖေမလိုလားဘူး၊ အဖေပြောမယ့် စကားကို သေသေချာချာနားထောင်၊ စဉ်းစားဝေဖန်ပြီးမှသာ စိတ်ကို ဆုံးဖြတ်ပါ "

အေးဆေးငြင်သာစွာ ပြောနေသော ဖခင်အား ကိုစောခိုင်က ချစ်ကြည်ညိုစွာ မော့ကြည့်ပြီး ...

" ဟုတ်ကဲ့အဖေ ... ပြောပါ၊ သား နားထောင်ပါ့မယ်"

ဟု ပြောလိုက်၏။

" အေး ... ဒီလိုကွယ့် သားရဲ့၊ ကုလားဖြူစာတွေကို တန်းကုန်အောင်သင်ပြီး သူတို့ပေးတဲ့ လခစား အလုပ် ကလေး ကို လုပ်နေရတော့ လူသက်သာတယ်၊ ပင်ပန်းမှုမရှိဘူး၊ မင်းစိုးရာဇာဆိုတဲ့ အရှိန်အဝါကြောင့် လူတွေ က ကြောက်ကြရ၊ ရိုသေကြရတယ်၊ ဒါပေမယ့် စိတ်ရောကိုယ်ရော လွတ်လပ်မှုမရှိဘူး၊ ကိုယ့် သဘော အတိုင်း မနေနိုင်၊ မလုပ်နိုင်ဘူး၊ အထက်အရာရှိတွေ ခိုင်းသမျှကို ဦးလည်မသုန် ထမ်းဆောင် နေရမယ် ...

" လူတွေက ကြောက်ကြ၊ ရိုသေကြတာက စေတနာပါလို့ မဟုတ်ဘူးကွယ့်၊ ရာထူးအရှိန်အဝါကြောင့်သာ လျှင် ကြောက်ရရိုသေရတာ ကိုး သားရဲ့၊ မတော်တဆ အများအယွင်းဖြစ်လို့ ရာထူးပြုတ်ခဲ့သော် သား စဉ်းစား ကြည့်စမ်း"

ဦးစောအေး ၏ မေးခွန်းကို ကိုစောခိုင်က အလွယ်တကူပင် ဖြေကြား လိုက်သည်။

" ရာထူးပြုတ်ရင် ကြောက်ခဲ့ ရှိသေခဲ့တဲ့ လူတွေကရော၊ ပတ်ဝန်းကျင်ကပါ သားကို အပြစ်ဆိုကြမယ်၊ မထီမဲ့ မြင်ပြုမူ ဆက်ဆံမယ်၊ ကဲ့ရဲ့ရှုတ်ချမယ်၊ လခစားအလုပ်ကလွဲပြီး ဘယ်လိုမှ သုံးမရတဲ့ ဒီပညာ ဟာ ရာထူး ပြုတ်နေ တဲ့ သားအဖို့ အလကားပဲဖြစ်မှာပေါ့ အဖေ "

" အေးကွယ့်၊ သားပြောတာမှန်တယ် " ဦးစောအေးက နှစ်ခြိုက်စွာ ထောက်ခံလိုက်ပြီး စကားဆက် လိုက် ပြန်၏။

" အဲဒီတော့ ကုလားဖြူစာ ကို တန်းကုန်အောင် အချိန်ကုန်ခံ သင်နေမယ့်အစား အနည်းငယ်ပင်ပန်းဆင်းရဲ ခံလိုက်မယ် ဆိုရင် နည်းနည်းတော့ စွန့်စားရမှာပေါ့ သားရယ် "

" ယောက်ျားတံခွန်၊ လူရည်ချွန်က၊ မိုးစွန်တမွတ်၊ ကြယ်ကိုဆွတ်လည်း၊ မလွတ်စတမ်း၊ ရမြဲ တမ်းတည့်လို့ ဆိုတဲ့ စကားအတိုင်း ဖွဲ့ရှိရှိနဲ့ အပင်ပန်းခံကြိုးစားရင် ကြယ်ကိုဆွတ်ရမှာလောက်တောင် မခဲယဉ်းပါဘူးသား ရယ်၊ ရည်ရွယ်ချက် အထမြောက်သွားမယ်ဆိုရင် မြောက်မြားစွာသော သတ္တဝါတွေရဲ့ အသက်ကို ကယ်တင် နိုင်မယ်၊ ကုသိုလ်လဲရမယ်၊ လူတွေရဲ့ တကယ်ဖြူစင်တဲ့ စေတနာမေတ္တာကိုလဲ ခံယူနိုင်မယ်၊ သားအဖို့လဲ ဘေးကင်း ရန်ကင်း ကိုယ်ရောစိတ်ပါ လွတ်လပ်စွာ နေနိုင်မယ်၊ အဲဒီလိုဘဝမျိုးက မကောင်း ပေဘူးလား သား"

ဖခင် ဦးစောအေး ဘာကို ရည်ရွယ်ပြောနေသည်ကို ကိုစောခိုင် နားမလည်ချေ။ သို့သော်လည်း ဦးစောအေး ပြောသော ဘဝမျိုးမှာကား ကိုစောခိုင် အမှန်ပင် နေလိုသည်။

" အဖေပြောတဲ့ ဘဝမျိုးမှာတော့ သားနှစ်နှစ်ခြိုက်ခြိုက်နေလိုတဲ့ ဆန္ဒရှိပါတယ် အဖေ၊ ဒါပေမယ့် အဖေ့ ရည်ရွယ်ချက် က သား စဉ်းစားလို့ မမြင်နိုင်သေးပါဘူး၊ ရှင်းပြပါအဖေ "

ကိုစောခိုင် က ကလေးငယ်သဖွယ် ဖခင်၏ ဒူးကိုဖက်ပြီး ပြောလိုက်၏။

" အေး ... အေး၊ လိပ်ပတ်လည်အောင် အဖေက မပြောသေးတော့၊ သား နားမရှင်းဘူးဆိုတာ ဟုတ်ပေ တယ်။ ဒီလိုကွယ့် သားရဲ့၊ အဖေ သားနားလည်သဘောပေါက်ရုံလောက်ပဲ ပြောပြမယ်၊ အခု အဖေတို့ နေထိုင်တဲ့ မြန်မာပြည်ထဲမှာပဲကွယ့်၊ လူသူအရောက်အပေါက်မရှိအောင် အင်မတန် တောတောင် ထူထပ်တဲ့ တစ်နေရာမှာ အလွန်မှ ချောမောလှပတဲ့ မိန်းမပျိုတစ်ပါးက ဘုရင်မအဖြစ် စိုးစံအုပ်ချုပ်နေတဲ့ သီးသန့် တိုင်းပြည် ကလေးတစ်ခု ရှိနေတယ်ဆိုတာ သား ကြားဖူးသလား "

ကိုစောခိုင် သည် များစွာ အံ့အားသင့်သွားလေသည်။

ဗြိတိသျှအစိုးရက မြန်မာတစ်ပြည်လုံးကို သိမ်းယူအုပ်စိုးနေတဲ့ အခုအချိန်မှာ ပဒေသရာဇ် ရှမ်းစော်ဘွားတွေ နေရာရှမ်းပြည်ကလွဲပြီး အခု အဖေပြောတဲ့ တိုင်းပြည်ကို လုံးဝမကြားဖူးသေးပါဘူး အဖေ၊ ကျောင်းမှာ သင် ခဲ့ရတဲ့ မြန်မာပြည်အကြောင်း ပထဝီဝင်စာအုပ်တွေလဲ မတွေ့ဖူးပါဘူး"

" သား မကြားဘူး၊ မသိဘူးဆိုတာ မဆန်းပါဘူး၊ သူများတိုင်းပြည်၊ သူများမြေရေ၊ သူများပစ္စည်းကို မတရား သောလောဘစိတ်နဲ့ ဘယ်နေရာ ဘာရှိပါလိမ့်လို့ နှံ့စပ်အောင် လိုက်ရှာနေတဲ့ ကုလားဖြူတွေတောင်မှ မသိ သေးတာကဘဲ၊ အဲဒီတိုင်းပြည်ကလေးက အင်း ... တိုင်းပြည်ကလေး

ဆိုပေမယ့် ကျယ်ဝန်းလှတဲ့ မြေပြန့် ဒေသ တော့ မဟုတ်ပေဘူး သားရဲ့။ တောင်တန်းကြီး တစ်ခုပေါ့ကွယ်၊ အဖေတို့ရဲ့ ဘေးတော်တဲ့ တပ်မှူး မောင်ဗလ ကတော့ " နတ်မိစံရာ မြသေလာ" လို့ အမည်ပေးခဲ့တယ် သားရဲ့ "

ဖခင်၏ ဒူးပေါ်မှာ မေးတင်ပြီး မျက်လုံးစင်းနေသော ကိုစောခိုင်၏ ဦးခေါင်းသည် မတ်မတ်ထောင်သွားသည်။ စင်းနေသော မျက်လုံးများကလည်း ပြူးကျယ်လာသည်။

" နတ်မိစံရာ၊ မြသေလာ ဟုတ်လား အဖေ၊ နေပါဦး၊ ကျွန်တော်တို့အမျိုးက စစ်မှုထမ်းအမျိုးလား၊ အဖေပြော တဲ့ကျွန်တော်တို့ ဘေးတော်တဲ့ တပ်မှူး မောင်ဗလဆိုတာနဲ့ အဲဒီ နတ်မိစံရာ မြသေလာနဲ့ ဘယ်လိုဆက်နေ သလဲအဖေ " ကိုစောခိုင်က စိတ်ဝင်စားစွာ သိလိုဇောနှင့် အလောတကြီး မေးလိုက်၏။

" ဖြည်းဖြည်းသားရဲ့၊ ဖြည်းဖြည်း၊ နားလည်အောင် အဖေ ပြောပြမှာပေါ့၊ အဖေ့ဖို့ သောက်ရေ တစ်ခွက် လောက် ခပ်ချေစမ်း သား "

စောစောက အေးစက်စက် အမူအရာ လုပ်နေရာမှ ယခု သိလိုဇော ပြင်းထန်သောသား၏ အမူအရာကို ဦးစောအေး က ကောင်းစွာ အကဲခတ်မိသည်။ ဈေးကိုင်သောသဘော ဖြင့် ရေခပ်ခိုင်းလိုက်၏။ ကိုစောခိုင် သည် ပေါ့ပါးလျင်မြန်စွာ ရေတစ်ခွက်ကို သွားခပ်လာပြီး ဖခင်အား ရိုသေစွာ ပေးလိုက်သည်။

ဖခင်သောက် ပြီးသောရေခွက်ကို ကိုစောခိုင်သည် နေရာရောက်အောင်ပင် ပြန်မထားနိုင်ချေ။ ဖခင် ထိုင်နေ သော ပက်လက် ကုလားထိုင်အနီး စားပွဲပေါ်

လှမ်းတင်လိုက်ပြီး မူလထိုင်ခဲ့သောနေရာမှာ ပြန်ထိုင်လိုက်၏။ ဖခင် ၏ ပေါင်ပေါ် မှာ လက်နှစ်ဖက်ကို တင်ပြီး ...

" ဆက်ပြောပါ အဖေ၊ သား သိချင်လိုက်တာ " ဟု ပွဲတောင်းလိုက်၏။

ဦးစောအေး က သားမျက်နှာကို ချစ်ခင်စွာ စေ့စေ့ကြည့်ပြီး အေးဆေးသောအသံဖြင့် ဆက်လက်ပြောလိုက် ပြန်သည်။

" အဖေတို့ရဲ့ ဘေးတော်တပ်မှူး မောင်ဗလနဲ့ အဲဒီနတ်မိစံရာ မြသေလာ" အဆက်အသွယ် အတ္ထုပ္ပတ္တိက တော်တော်လေး ရှည်လျားတယ်၊ အဲဒီ အကြောင်းတွေကို ဘေးတော်တပ်မှူး မောင်ဗလကိုယ်တိုင် ရေး သား ထား ခဲ့တဲ့ ပေစာ ပုရပိုက်ကြီးရှိတယ်ကွယ့်၊ ဒီစာပေတွေကို ဖတ်ကြည့်ရင် သားသိပါလိမ့်မယ်"

" အဲဒီပေစာတွေ အဖေ့ဆီမှာ ရှိလား အဖေ "

" အေး ... ဘိုးဘွားမိဘတွေ သေဆုံးကုန်လို့ အမွေအနှစ်ခွဲဝေကြတဲ့အခါ ဒီပေစာက ဟိုလူ့ နောက်ပါသွား၊ ဒီလူ့ နောက်ပါသွားနဲ့ ရထားတဲ့လူကလဲ ဂရုတစိုက် ဖတ်ရှုလေ့လာခြင်း မရှိဘဲ ချောင်ထိုးပစ်ထားခဲ့တယ်၊ နောက်ဆုံး အဖေ့မွေးသဖခင်လက်ထဲ ရောက်တော့မှ အဘက အမှတ်မထင် ဖတ်ရှုကြည့်ရာက စိတ်ဝင်စား လာတယ်၊ ဒါပေမယ့် အဘ စိတ်ဝင်စားတဲ့အရွယ်က ဇရာပိုင်း ရောက်နေတော့ ပေစာမျာပါတဲ့အတိုင်း အောင်မြင်အောင် မကြိုးစားနိုင်ခဲ့ဘူး၊ အဘက အဖေ့ကို ဒီပေစာ အပ်သွားတယ်၊ ဖြစ်နိုင်အောင် ကြိုးစားပါ လို့လဲ မှာသွားတယ်၊ ဒါပေမယ့် အဖေက ကျန်းမာရေး ချို့ယွင်းလို့ လဗွေ့ နှစ်ဗွေ့နဲ့ အသက်က တဖြည်း ဖြည်း ကြီးလာတော့ ပေစာအတိုင်း မဆောင်ရွက်နိုင်ပြန်ဘူး၊ ဒါကြောင့် သားကို

ကြိုးစားခိုင်းမယ် စိတ်ကူး ကြည့်မိတာကွယ့်၊ သားကြိုးစားလို့ အောင်မြင်ရင် အခုတင်က အဖေပြောတဲ့ ဘဝမျိုးကို သား ရောက် နိုင်မယ်"

ဦးစောအေးက စကားကို ခေတ္တဖြတ်ကာ မောသွားဟန်ဖြင့် နားလိုက်၏။

" အဲဒီပေစာက ဘယ်မှာထားလဲအဖေ "

စကားပြတ်သွားသည်ကို မချင့်မရဲ ဖြစ်ဟန်ဖြင့် ကိုစောခိုင်က မေးလိုက်သည်။

" ဟောဟို အခန်းထောင့်မှာထားတဲ့ သစ်သားဗီရိုကြီးထဲမှာ .... "

ဦးစောအေးက သူ့ရှေ့တူရူရှိ သစ်သားဗီရိုကြီးကို မေးငေါ့ပြပြီး ပြောလိုက်သည်။

" ကျွန်တော် သိပ်သိချင်တယ်အဖေ၊ ဖတ်ကြည့်မယ် "

ကိုစောခိုင်က ပြောပြောဆိုဆို ထမည် ဟန်ပြင်လိုက်ရာ ဦးစောအေးက သူ့ပေါင်ပေါ်တွင် တင်ထားသော သား၏ လက်ကို အသာအုပ်ပြီး ကိုင်လိုက်၏။

" နေဦးသားရဲ့၊ အဖပြောမယ့်စကားတွေကို ဆုံးအောင် နားထောင်ပါဦး၊ ပြီးမှ ပေစာကိုဖတ်၊ ဖတ်ပြီးမှ သေသေချာချာ စဉ်းစားဆုံးဖြတ်၊ စိတ်ကို နိုင်ပြီဆိုတဲ့အခါမှာ အဖေ့ကို ပြော၊ ဟုတ်လား "

ဦးစောအေး၏ စကားကြောင့် ကိုစောခိုင်က မထတော့ဘဲ ထိုင်မြဲထိုင် နေလိုက်၏။

" ပြောပါအဖေ "

သိလိုဇောဖြင့် ဗိရိုကြီးရှိရာသို့ ကိုစောခိုင်က မျက်လုံးကြီးတစ်ချက် ဝေ့ကြည့်ရင်း ဖခင်အား စကားဆက်ရန် ပန်ကြားလိုက်သည်။

" အဲဒီ နတ်မိစံရာ မြသေလာမှာ မြသားအစစ် ရတနာတွေ၊ မြသားတောင်ထွတ် ဂူကြီးနဲ့ဗုဒ္ဓရုပ်ပွား မြသား အစစ်ဆင်းတုတော်ကြီးတစ်ဆူ ရှိရုံသာမကဘူး၊ ကံကုန်နေ့စေ့ ရောဂါဝေဒနာနဲ့ ဝဋ်မကြွေးခံစားရတဲ့ ဝေဒနာ ကလွဲရင် ဘယ်လို အနာရောဂါ ဝေဒနာကိုဖြစ်ဖြစ် တစ်မုဟုတ်ချင်း ပျောက်ကင်းချမ်းသာစေတဲ့ ဗုဒ္ဓဆေးပင် လဲရှိတယ်လို့ ပေစာမှာပါတယ်၊ မြရတနာတွေကတော့ မယူထိုက်တဲ့ ပစ္စည်းလို့ ပေစာမှာ ဆိုထားတယ်ကွယ့်၊ အဲဒီတော့ ဗုဒ္ဓဆေးပင်ကို ရအောင် သား ကြိုးစားဆောင်ယူချည်ပါလား၊ ဒီဆေးပင် တွေကိုသာ ရလိုက်ရင် သက်ရှိသတ္တဝါတွေရဲ့ အသက်သခင် ကျေးဇူးရှင် အဖြစ်နဲ့ မြင့်မြတ်စွာ နေရမယ့် သားရဲ့ ဘဝအဖို့ ဘယ်လောက် ကြည်နူးစရာကောင်းမလဲ သားရဲ့ "

ဦးစောအေးက စကားကို ရပ်ပြီး သား၏ မျက်နှာကဲကို ခတ်လိုက်သည်။ ကိုစောခိုင်ကား အထူး တိုက်တွန်း ရန်ပင်မလိုတော့ချေ။ ပင်ကိုကပင် စွန့်စားလိုသော စိတ်ရှိပြီးသူဖြစ်၍ ဖခင်၏ စကားအတိုင်း လိုက်နာ ဆောင်ရွက်မည်ဟူသော အဓိဋ္ဌာယ်သည် မျက်နှာတွင် ထင်ထင်ရှားရှား ပေါ်လွင်နေသည်။

" ကျွန်တော် ဒီလို ထူးထူးဆန်းဆန်း စွန့်စားရမယ့် ကိစ္စမျိုး ဝါသနာပါတယ် အဖေ၊ ကျွန်တော် ကြိုးစားမယ် "

ကိုစောခိုင်က တည်ကြည် ခိုင်မာသော အသံဖြင့် အဖြေပေးလိုက်၏။

" အေး … အောင်မြင်ပါစေလို့လဲ အဖေ ဆုတောင်းမယ်၊ အဲဒီ နတ်မိစံရာ မြသေလာက လူတွေရဲ့ နေထိုင် စားဝတ်မှုကဖြင့် တော်တော်လေး ထူးဆန်းတယ်လို့ ပေစာမှာ ပါတယ်၊ ပေစာ အဆိုအတိုင်းမှာဖြင့် အဲဒီ လူတွေဟာ သူတော်ကောင်းစင်စစ်တွေပဲ သားရဲ့၊ ဒါပေမယ့် သူတို့ တိုင်းပြည်ရဲ့ စည်းကမ်းဥပဒေကို မလိုက်နာရင်တော့ အသက်ဆုံးအောင် ရက်ရက် စက်စက် စီရင်တယ်လို့ ဆိုထားတယ်၊ သာမည လူသား တစ်ယောက်အဖို့လဲ သူတို့ တိုင်းပြည်ထဲဝင်ဖို့ သူတို့ စည်းကမ်းကို လိုက်နာဖို့ရာ အတော် ခဲယဉ်းသားပဲ ကွယ့်၊ အပြင် လူစိမ်း သူစိမ်းကို လုံးဝ အဝင်မခံတာကြောင့်၊ သူတို့ကလဲ အပြင်လောကနဲ့ အဆက်အသွယ် မပြုတာလဲ တစ်ကြောင်းပေါ့၊ အဖေတို့ဘေးတော် တပ်မှူး မောင်ဗလ တစ်ယောက်သာ ဘယ်လို ကုသိုလ်ကံ လှည့်စားမှန်း မသိလို့ ရောက်သွားတာ ကိုးကွယ့် "

" အဲဒီ နတ်မိစံရာ မြသေလာက ဘယ်မှာ ရှိလဲ အဖေ၊ ဒီတိုင်းပြည်ရှိရာကို ပေစာမှာ ညွှန်းထားသလား "

" မညွှန်းဘူး သားရဲ့၊ မညွှန်းဘူး ဆိုတာက လမ်းစဉ် ခရီးမြေပုံ ပြမထားဘူး၊ ဘေးတော် တပ်မှူးကလဲ အတိအကျ မသိဘူးတဲ့ကွယ့်၊ ဆင်ဖြူရှင် မြေဒူးမင်းတရား ထိုင်းကို စစ်ချီတော်မူစဉ်က သူပါသွားတာကို၊ ဖွဲ့ ကပင်တောင်နဲ့ ဒီတောင်ရဲ့ အဆက်တောင်စွယ် တောင်တန်းတွေ ကျော်မိတော့ အင်မတန် တောတောင် ထူထပ်တဲ့ တစ်နေရာမှာလို့သာ ဆိုထားတယ်၊ ဩော် … ဒါထက် သားကို အဖေ သင်ပေးထားတဲ့ ကရင် စကား ကရင်စာတွေ ကောင်းကောင်း မှတ်မိသေးရဲ့လား" ကိုစောခိုင်က နှစ်နှစ်ခြိုက်ခြိုက် ရယ်လိုက်၏။

'အဖေက ကရင်စကားနဲ့ ကရင်စာသာဆိုတယ်၊ ကျောင်းမှာ ကျွန်တော့်သူငယ်ချင်း ကရင်တွေက ဒီစာနဲ့ ဒီစကား နားမလည်ကြဘူး၊ အဖေရဲ့၊ သူတို့သုံးနေတဲ့ ကရင်စာနဲ့ ကရင်စကားက တစ်မျိုးပဲ၊ အဖေသင်ထားတာနဲ့ မတူဘူး အဖေရဲ့'

'ကရင်ဘာသာအစစ်ပဲသားရဲ့'

ဦးစောအေးက ခပ်ပြုံးပြုံးမျက်နှာဖြင့် ပြောလိုက်၏။

'ဒါပေမယ့် အဖေ့ကရင်ဘာသာကို အခုကရင်တွေက နားမလည်ဘဲအဖေ'

'သူတို့နားလည်တာမလည်တာ အရေးမကြီးဘူးသား၊ သားအဖို့ ကောင်းကောင်းနားလည်ဖို့ အရေးကြီးတယ်'

'ဘာကြောင့်လဲအဖေ'

ကိုစောနိုင်က အံ့အားသင့်ဟန်ဖြင့် မေးလိုက်သည်။

'ပေစာတွေကို ဖတ်ကြည့်ရင် ဘာကြောင့်ဆိုတာ သားသဘော ပေါက်လာမှာပေါ့၊ နတ်မိစံရာ မြသေလာကို သွားရင်သား တစ်ယောက်တည်း သွားလို့မဖြစ်ဘူး သစ္စာရှိတဲ့ မိတ်ကောင်းဆွေကောင်း တစ်ယောက် လိုလိမ့်မယ်၊ ပေစာတွေကို ဖတ်၊ ခေါင်းအေးအေးထားပြီး စဉ်းစားဆုံးဖြတ်၊ စိတ်ကိုနိုင်ရန် ယုံကြည်ရတဲ့ မိတ်ဆွေကောင်း တစ်ယောက်ရှာ၊ ပြီးရင် အဖေ့ကို ပြော လိုအပ်တဲ့ ပစ္စည်းတွေဝယ်ဖို့ အဖေ ငွေလုံလောက် အောင် ထုတ်ပေးမယ်ဟုတ်လားသား'

'ဟုတ်ကဲ့အဖေ'

'ကဲ....ကဲ ပေစာတွေ ဖတ်ပေရော့၊ အဖေလဲ ခြံထဲဆင်းပြီး အညောင်းပြေလမ်းလျှောက်ရင်း ပုတီးစိတ် လိုက်အုံးမယ်'

ဦးစောအေးက ပြောပြီးအခန်းတွင်းမှ ထွက်သွားလေသည်။ ကိုစောခိုင်သည် ပေါ့ပါးလွတ်လပ်စွာ ဗီရိုကြီးရှိရာသို့ ထသွားပြီး ဗီရိုတံခါးကို ဆွဲဖွင့်လိုက်၏။ ကျွန်းသေတ္တာငယ်ကလေးကို ဗီရိုအဆင့်ပေါ်မှ ဆွဲယူကာ ကြမ်းပြင်ပေါ်သို့ ချလိုက်သည်။ သေတ္တာကလေးမှာ သော့ခတ်မထားသဖြင့် အလွယ်တကူဖွင့်၍ ရလေသည်။ ပါးလွှာပျော့ပျောင်းသော ငွေပြားပေလွှာအချပ်ကလေးများကို အထပ်လိုက်တွေ့ရ၏။ အဆက် အစပ် မမှားစေရန် နံပါတ်စဉ် ထိုးထားသော ပေလွှာချပ်များကို တစ်ခုပြီးတစ်ခုယူကာ ကိုစောခိုင် စိတ်ဝင်စား စွာ ဖတ်နေသည်မှာ ထမင်းဟင်းကိုပင် မေ့လျော့နေလေတော့၏။

သကြံန်ရက်အတွင်းဖြစ်၍ မန္တလေးမြို့ ဓားတန်းရပ်ရှိ 'နေပြည်တော်သုံး ရွှေပန်းထိမ်ဖို'မှာ ပိတ်ထားသော သစ်သား နှစ်ထပ်အိမ်ကြီး၏ အတွင်းမှာကား ဆူသံပူသံ ကြိမ်းမောင်းမာန်မဲသံများ ထွက်နေ၏။

'တောက်...ခွေးပါးစပ်က နတ်စကားထွက်လို့၊ မင်းကိုယ်မင်း ဘယ်လောက်များ အဖိုးတန်မြင့်မြတ်တယ်လို့ ထင်နေသလဲဟင်'

နေပြည်တော်သုံး ရွှေပန်းထိမ်ဖိုပိုင်ရှင် စိန်ရွှေ ရတနာကုန်သည်ကြီး ဦးစိန်အိုးသည် အခန်းတွင်းဝယ် လက်နှစ်ဘက် ကို နောက်ပစ်ခါ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း အခန်းထောင့်တစ်နေရာတွင် ထရံကို ကျောမှီကာ ညှိုးငယ်သော မျက်နှာဖြင့် ကျုံ့ကျုံ့ကလေးရပ်နေသော တူဖြစ်သူ ကိုဘဆွေ အား တစ်ချက် တစ်ချက် မျက်စောင်းထိုးကြည့်၍ ဒေါသဖြစ်စွာ ရေရွတ် မြည်တွန်နေသည်။ ကိုဘဆွေနှင့် မျက်နှာချင်းဆိုင်ရှိ ကုလားထိုင်ပေါ်မှာကား ဦးစိန်အိုး၏ ချစ်ဇနီး ဒေါ်မေက သနပ်ဖက်

ဆေးလိပ်ကြီးကို မီးခိုးထောင်းထောင်း ထအောင်ဖွာနေရာမှ ကိုဘဆွေအား မျက်စောင်းထိုးကြည့်လိုက်သည်။

'အခုစာမေးပွဲလဲမအောင်ဘူး၊ တို့က ကောင်းရာကောင်းကြောင်း စီမံတာလဲ နားမထောင်ဘူး၊ မင်းမှာ ဘာ အားကိုး ရှိလို့ တို့ကို ဆန့်ကျင်နေတာလဲကွ'

ဦးစိန်အိုးက ငေါက်ငန်းမာန်မဲသော လေသံဖြင့် မေးကာ အနီးအနားရှိ ကုလားထိုင်မှာ ထိုင်လိုက်သည်။

ကိုဘဆွေသည် ဦးလေးကိုတစ်လှည့် ဦးလေး၏ဇနီး ဒေါ်မေကိုတလှည့် မျက်နာငယ်လေးဖြင့် ကြည့်ကာ...

'ကျွန်တော်အားကိုးရှိလို့ ဦးလေးတို့ကို ဆန့်ကျင်တာမဟုတ်ပါဘူး ဦးလေးနဲ့အဒေါ် သဘောတူ ပေးစား ချင် နေတဲ့ မိန်းမက အပျို...'

မဝံ့ရဲသောလေသံဖြင့် လျှောက်လဲချက် တင်နေသော ကိုဘဆွေ၏ စကားမဆုံးမီ....

'ဟော့ကောင်းတိတ်၊ မိန်းကလေးကို မဟုတ်တန်းတရား အပြစ်အနာတွေ ဖော်ပြီး ငြင်းမလို့မဟုတ်လား'

ဟူသောဒေါ်မေ၏ မိုးချုန်းသလို ခက်ထန်စွာ ပြောလိုက်သော အသံက လွှမ်းမိုးထွက်လာသဖြင့် ကိုဘဆွေမှာ စကားတစ်ပိုင်းတစ်စဖြင့် မဆက်ဝံ့တော့ဘဲ ဖြစ်သွားလေသည်။ ဒေါ်မေက ခင်ပွန်းသည် ဘက်လှည့်ပြီး သာလိကာ ရှုံးလောက်အောင် သွက်သွက်လက်လက် အဆက်မပြတ် ပြောလိုက်၏။

'အဲဒါပဲကြည့်တော့ ကိုစိန်အိုး၊ ရှင့်တူဘယ်လောက် အာခံနေတယ်ဆိုတာ၊ သူ့မှာ အားကိုးအားထား ပြုစရာ ကျုပ်တို့က လွဲပြီး မရှိရှာဘူးဆိုတာသိလို့ ကြင်နာစိတ်၊ သနားစိတ်နဲ့ သူတို့သမီးနဲ့လဲ ကြည်ကြည်ဖြူဖြူ လက်ထပ်ပေးဦးမယ်၊ ကျုပ်တို့အတွက်လဲငွေတစ်ထောင်ကန်တော့ဦးမယ်၊ ဒီလိုပစ္စည်းအသင့်အတင့် ရှိနေတဲ့ မိန်းကလေးစားမျိုးကို ရှင့်တူက ငြင်းနေတယ်ဆိုတော့ ဘယ်လောက် ကျုပ်တို့ မျက်နှာပျက်အောင် လုပ်နေတယ် ဆိုတာ ရှင်စဉ်းစားကြည့်ပေါ့၊ ပညာကလဲ ဟုတ်တိပတ်တိမတတ်၊ လက်ထဲမှာ ကိုယ်ပိုင်ပစ္စည်းဆိုလို့ ကြေးနီပြားတစ်ပြားမှ မရှိတဲ့အကောင်က စိတ်ကြီးဝင်ပြီး ဒီလိုမိန်းကလေးမျိုးကို အရိုး များသော ချေးခါးသော ဟင်း.....'

ဒေါ်မေက ပြောပြီး ဆေးလိပ်ကြီးကို ဖွာနေပြန်သည် ဦးစိန်အိုးနှင့် ဒေါ်မေက သဘောတူနေသော မိန်းကလေးအကြောင်းကို ကိုဘဆွေ ကောင်းစွာသိသည်။ ရည်းစားပေါင်းသောင်းခြောက်ထောင် ထားပြီး အကောင်အထည် မဖော်နိုင်သော ပဋိသန္ဓေကို ဖျက်ဆီးမရသောအခါ ငွေကြေးမက်မောသော ဦးစိန်အိုးနှင့် ဒေါ်မေ အား ငွေထုပ်ကလေးပြကာ ကိုဘဆွေအား အကောင်အထည်ဖော်နေသည်။ သူများ လှည်းကျိုးကြီး ကိုကား ကိုဘဆွေမထမ်းလိုရှာပေ။

'အေး...မင်းဘာကြောင့် ဒီမိန်းကလေးကို ငြင်းနေရတာလဲ....'

ဦးစိန်အိုးက မေးလိုက်၏ မိန်းကလေးအကြောင်းကိုကား ဦးစိန်အိုးမသိပေ၊ ဇနီးသည်စကားကို နားဝင် နေသည့် အတွက် ဖြူသည်မည်းသည် မစဉ်းစားဘဲ မျက်စိမှိန် သဘောတူနေခြင်းဖြစ်၏။

'မိန်းကလေး နာမည်လဲပျက်နေတယ်၊ နောက်ပြီးတော့ သူတို့မျိုးရိုးကလဲ မသန့်ဘူးလို့ ပြောသံ ကြားရ လို့ပါ ဦးလေး'

ကိုဘဆွေက အရဲစွန့်ပြီး အကြောင်းပြလိုက်၏။ ဒေါ်မေက ဟက်ဟက် ပက်ပက် ရယ်လိုက်သည်။

'အောင်မာ ကြီးကျယ်လိုက်တာ မင်းလို ဘာအရည်အချင်းမှ မရှိဘဲ ဖွတ်ကျောပြာစ ခရုဆံကျွတ်လို အကောင် ကများ ချမ်းချမ်းသာသာမိန်းမကို အပြစ်အနာဖော်ရတယ် ရှိသေးလား'

ဦးစိန်အိုးက တူတော်မောင်အား ရှုတ်ချစွာ ပြောလိုက်၏။ တူတော်သည် ဆိုတော်လည်း ရင်းရင်းချာချာမဟုတ်ဘဲ၊ ဆွေရိပ်မျိုးရိပ်မကင်းသော တကောင်ကြွက်ပေမို့ မလွှဲသာ လွှဲသာ ကောက်ယူ မွေး ထားရ၍လည်း ဤသို့ ပြောရက်ခြင်းဖြစ်ရာ ကိုဘဆွေမှာ ရင်ထဲ၌ နာသွားမိလေသည်။ ဒေါ်မေက ရယ်ရာ မှ ဆေးလိပ်ကြီးကို ခပ်ဆောင့်ဆောင့် ချလိုက်ပြီး...

'ဩော်... မင်းကိုယ်က အဖိုးတန် အမျိုးမြတ်တဲ့ ယောကျ်ားကိုးကွယ့်၊ ဒါကြောင့် နာမည်ပျက် အမျိုး မသန့် တာ ကို မလိုချင်ဘူးပေါ့၊ ဒါဖြင့် တို့မန္တလေးမှာ မဟာဆွေတော် မျိုးတော်လဲဖြစ်၊ အဆင်းရော အချင်းပါ ပြည့်စုံပြီး ပစ္စည်းလဲအသင့်အတင့်ချမ်းသာ၊ ဣန္ဒြေသိက္ခာလဲရှိတဲ့ ရွှေရေးဆောင် မိဖုရားကြီးရဲ့ အနွယ်တော် ထိပ်တင်မျိုး သမီး ခင်မျိုး လို မိန်းမမျိုးကိုမှ မှန်းတာလား၊ ဟား....ဟား..ဟား ရှင့်တူ စိတ်ကူးစိတ်မှန်း မဆိုး ဘူးတော့ ကိုစိန်အုံးရဲ့'

ဟုသရော်ပြောင်လှောင်သော လေသံဖြင့် နားသာခံခက်အောင် ပြောလိုက်၏ ကိုဘဆွေ၏ စိတ်ထဲမှာ နင့်သွားရာပြန်သည်။ မခင်မျိုး၏ အခြေအနေနှင့် သူ့အခြေအနေမှာ မိုးနှင့်မြေလို ဘယ်လိုမှ နီးစပ်နိုင်ဖွယ် မရှိသည်ကို

ကိုဘဆွေ ကောင်းကောင်းသိသဖြင့် မခင်မျိုးကို စိတ်ပင်မကူးမိပေ။ ယခုမှ ပစ္စည်းဥစ္စာမက်မောလှသော ဤဦးလေးနှင့် ဤအဒေါ်က မိမိအား အညွှန့်မထွက်နိုင်သည့် သစ်ငုတ်တို အအိုအဆွေးလို သဘောထားကာ ငွေရဖို့လောက်သာ ကြည့်ပြီး လှည်းကျိုးကြီးထမ်းခိုင်းရုံသာမက မှိုချိုး မျှစ်ချိုး ပြောနေသဖြင့် ဦးလေးနှင့်အဒေါ်အား ကြောက်ရွံ့ရိုသေသောစိတ်ကို ဝမ်းနည်းမခံချိသည့် စိတ်က လွှမ်းမိုးသွားလေသည်။

'ကျွန်တော် ယောကျာ်းတစ်ယောက်ပါအဒေါ်၊ တစ်နေ့ ကျွန်တော် အညွှန့်မထွက်ဘူးလို့ မထင်ပါနဲ့၊ မခင်မျိုး လို အဖိုးတန်မြင့်မြတ်တဲ့ မိန်းမကိုရမှ ကျွန်တော်ယူမယ်'

ပြောသမျှဆိုသမျှ ခေါင်းငုံ့ခံလာခဲ့သောသူက ယခုရိုစုမဲ့စု သတ္တိကို ဖျစ်ညှစ်ထုတ်ပြီး ရဲရဲတောက် ပြန်ပြော လိုက်သော အခါ ဦးစိန်အိုးနှင့်ဒေါ်မေတို့ အကြီးအကျယ် အံ့အားသင့်သွားလေသည်။ နှုတ်လုံ ထိုးရပါမည် လားဟု ဒေါသလည်း ထွက်လာကြသည်။

'ဟေ့ကောင် ခွေးစကားမပြောနဲ့၊ ရာဇဂိုဏ်းသင့်ပြီး ဒုက္ခဖြစ်နေဦးမယ်'

'ကဲ... ဘာဘာညာညာ ပြောမနေနဲ့ဘဆွေ ငါက ကိုယ့်တူသားမို့ စီမံရာနာခံလိမ့်မယ်ထင်လို့ တစ်ထစ်ချ ယုံကြည်ပြီး မိန်းကလေးဘက်ကို ကတိထားခဲ့ပြီးပြီ၊ ဒီမိန်းမကို ယူရမယ်'

တစ်ယောက်တစ်ခွန်းပြောနေသော အဒေါ်နှင့်ဦးလေးကို ဘဆွေက စူးစူးစိုက်စိုက်ကြည့်ပြီး...

'ကျွန်တော်မယူဘူး' တိုတိုတုတ်တုတ်ပင် ပြောလိုက်၏ မိမိအား နှိမ့်ချလွန်းလှသဖြင့် စိတ်ထဲမှာ နာခြင်း၊ ခံပြင်းခြင်းတို့ကို ချုပ်တည်း၍ မရတော့ချေ။

'ငါစီမံတာ မနာခံရင် ငါ့အိမ်ပေါ်ကဆင်း၊ နင်က လူပါးဝစကားပြောလို့၊ နင့်အခြေအနေ အစွမ်းအစမျိုးနဲ့ ဒီမိန်းမ မယူရင် သူဖုန်းစားမပဲ ရမယ် နားလည်လား၊ ခင်မျိုးလို မဟာသွေးရဲ့ ထဘီနားကို နင်အသက် သေသည် တိုင်အောင် မသီနိုင်တဲ့ နင့်ဘဝကို နင်မရှက်မကြောက် ပြောပလေ...ထွီ'

ဒေါ်မေက ပြောကာ ဆေးလိပ်ကို ကောက်ဖွာလိုက်သည်။ ကိုဘဆွေက ဦးလေးအား လှမ်းကြည့်လိုက်၏။ ဦးစိန်အိုးက တူတော်မောင်အား မဲ့မဲ့ရွဲ့ရွဲ့ ရှုတ်ချစွာ ကြည့်ပြီး မျက်နှာလွှဲနေသည်။ ကိုဘဆွေသည် အံကို တင်းတင်းခဲလိုက်၏။

'စောင့်ကြည့်ကြဦးပေါ့ဗျာ'

နာကြည်းလှသော အသံဖြင့် ပြတ်ပြတ်ကြီးပြောကာ ကိုဘဆွေသည် ဦးလေးနှင့် အဒေါ်မျက်မှောက်မှ ချာခနဲ လှည့်ထွက်လာခဲ့သည်။ ဖြစ်ချင်ရာဖြစ်၊ ရောက်ချင်ရာရောက်ဟူသော စိတ်ဖြင့် အိမ်ပေါ်မှ အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် ဆင်းလာခဲ့လေ၏။

ဘဝအခြေအနေချင်း ကွာခြားလှသဖြင့် မန္တလေး မြို့၏ မျက်နှာဖုံး စင်းလုံးချော အပြစ်အနာအဆာ ကင်းမဲ့ သည့် မဟာနွယ် မခင်မျိုးအား မူလက စိတ်နှင့်ပင် မပြစ်မှားခဲ့သော်ငြားလည်း ဦးလေးနှင့်အဒေါ် ဖိနှိမ် ရှုတ်ချသော အပြောများကြောင့် ဒေါသစိတ်၊ ခံပြင်းစိတ်၊ နာကြည်းစိတ်တို့သည် အစိုင်အခဲကြီး ဖြစ်လာသည်နှင့်အမျှ ကြီးပွားချမ်းသာအောင်

ကြံ့ခေါင်ကြိုးစားကာ မခင်မျိုးအား ရအောင်ယူမည်ဟူသော ဆုံးဖြတ်ချက် ကို ခိုင်မာစွာ ချလိုက်မိသည်။

'ဟာ…သူငယ်ချင်း အခုခင်ဗျားနဲ့ တွေ့ရအောင် လာတာ အဆင်သင့် လိုက်တာဗျာ'

ကိုဘဆွေ အား တွေ့ဆုံရန် အိမ်မှ ထွက်လာသော ကိုစောခိုင်သည် လမ်းဘေး လက်ဖက်ရည်ဆိုင် တစ်ဆိုင် တွင် ငိုင်ငိုင်ကြီးထိုင်နေသော ကိုဘဆွေကို တွေ့ရသဖြင့် ဝမ်းသာအားရ လက်ဖက်ရည်ဆိုင်ထဲဝင် နှုတ်ဆက် လိုက်လေသည်။ကိုဘဆွေက မော့ကြည့်လိုက်၏။ ပြန်လှန်နှုတ်ဆက်ခြင်း မပြုနိုင်ပေ။ မျက်ရည် ဝေ့နေသော မှုန်မှိုင်းသည့် မျက်လုံးများဖြင့် ကိုစောခိုင်အား တွေတွေကြီးကြည့်နေလေသည်။

'စာမေးပွဲကျလို့ ဝမ်းနည်းနေလား သူငယ်ချင်းရယ်၊အားမငယ်ပါနဲ့ဗျာ၊ ဒီနှစ်မအောင်ရင် နောင်နှစ် အောင်ရမှာပေါ့၊ ကျောင်းစရိတ်အတွက် မပူပါနဲ့၊ ကျွန်တော်တို့ သားအဖရှိနေပြီပဲ ကိုဘဆွေ'

ကိုစောခိုင်က သူငယ်ချင်းအား ကြင်နာစွာ အားပေးစကားပြောရင်း ကုလားထိုင် တစ်လုံးပေါ်မှာ ထိုင် လိုက်သည်။ ကိုဘဆွေက အတန်ငယ် တွေနေပြီးမှ…

'ကျောင်းလည်းဆက်မနေချင်တော့ပါဘူး ကိုစောခိုင်၊ တစ်ခုခုတော့လုပ်မှ ဖြစ်မယ်ဗျ၊ အခု ဦးလေးနဲ့ အဒေါ် က နှင်ချလို့ ကျွန်တော်ဆင်းလာခဲ့ရတာ'ဟု အမှန်အတိုင်းပင် ဖြေလိုက်သည်။

'အို..စာမေးပွဲကျတာနဲ့ နှင်ချရသလားဗျ'

ကိုစောခိုင်က စိတ်မကောင်းစွာ ပြောလိုက်၏။

'မဟုတ်ဘူး ကိုစောခိုင်၊ စာမေးပွဲကျလို့မဟုတ်ဘူး၊ သူတို့ပေးစားတဲ့ မိန်းမကို မယူလို့'

'ဘယ်က မိန်းလဲ ကိုဘဆွေ၊ ခင်ဗျားက ဘာကြောင့် မယူတာလဲ'

ကိုစောခိုင် က နားမလည်ဟန်ဖြင့် မေးလိုက်သည်။ ကိုဘဆွေ က ကိုစောခိုင်အား အဓိပ္ပါယ်ပါသော မျက်လုံး ဖြင့် ကြည့်လိုက်ပြီး…

'ခင်ဗျားသိတယ်မဟုတ်လား ကိုစောခိုင်၊ တ,တိုင်းမွှေးပန်းပွင့်ကြီးလေ'

ဟုဖြေလိုက်သဖြင့် ကိုစောခိုင် အဓိပ္ပါယ်ရှင်းသွားပြီး ပြုံးလိုက်သည်။ ဦးစိန်အိုးနှင့် ဒေါ်မေက သဘောတူ နေသော မိန်းကလေးမှာ ရည်းစားများလွန်း၍ လူပျိုလူရွယ် ကာလသား လောကမှာ တတိုင်းမွှေး ပန်းပွင့်ကြီး ဟု နာမည်ကျော်နေသူဖြစ်သည်။

'ဒါဖြင့် ခင်ဗျား ဘယ်ကိုသွားပြီး ဘာလုပ်မယ်စိတ်ကူးလဲ ကိုဘဆွေ'

'အတိအကျတော့ မစဉ်းစားရသေးဘူးပေါ့ဗျာ၊ ဒါပေမယ့်ဦးလေးနဲ့ အဒေါ်က ကျွန်တော့်ကို ချိုးနှိမ် ပြောလိုက် တဲ့ စကားတွေကိုဖြင့်တစ်သက်မှာ မမေ့နိုင်ဘူး၊ ဒါကြောင့်နာမည် ထင်ပေါ်ကျော်ကြားမှု ဖြစ်စေ၊ ပစ္စည်းဥစ္စာ ချမ်းသာမှု ဖြစ်စေ၊ အောင်မြင်ကြီးပွားဖို့ကို မဖြစ်ဖြစ်တဲ့နည်းနဲ့ ကြိုးစားမယ်လို့ ဆုံးဖြတ် ထားတယ် ကိုစောခိုင်'

ကိုဘဆွေက တင်းမာသော အသံဖြင့် ပြောရင်း လက်သီးကို ဆုပ်လိုက်၍ ကိုစောခိုင်က ကိုဘဆွေအား အတန်ကြာ စူးစိုက်ကြည့်နေပြီးမှ…

'ခင်ဗျားပင်ပန်းဆင်းရဲမှု ခံနိုင်ပါ့မလား'ဟု လေးနက်သောအသံဖြင့် မေးလိုက်၏။

'ဟာ…ခံရမှာပေါ့ သူငယ်ချင်း၊ ချမ်းသာမှုရအောင် ဆင်းရဲမှုနဲ့ အရင်းတည်ရမှာပေါ့'

ကိုဘဆွေက စိတ်ထက်သန်စွာ ဖြေလိုက်၏ ထိုနောက် ကိုစောခိုင်အား စေ့စေ့ကြည့်ကာ…

'ခင်ဗျားတို့သားအဖ ကျေးဇူးတွေကို ဒီတစ်သက်မှာ ဆပ်လို့မကုန်တော့ပါဘူး ကိုစောခိုင်၊ ကျွန်တော့် အပေါ် မှာ ထားတဲ့မေတ္တာတွေကိုလဲ တစ်သက်မှာ မမေ့ပါဘူး၊ အခုလို အခြေအနေနဲ့ ပြောပြနေလို့လဲ ပိုနေမှာပါပဲ၊ ကျွန်တော် ရည်မှန်းချက်အထမြောက်လို့ ကြီးပွားချမ်းသာတဲ့ အချိန်မှာ ကောင်းကောင်း ကျေးဇူး ဆပ် ပါ့မယ်၊ ကျွန်တော့်ဘက်မှာတော့ မိဘဆွေမျိုး ညီအစ်ကိုရယ်လို့ ခင်ဗျားတို့ သားအဖပဲ ရှိပါတယ် ကိုစောခိုင်'

ဟု လှိုက်လှိုက်လှဲလှဲ ပြောလိုက်၏။ ကိုစောခိုင်သည် မျက်နှာငယ်တွယ်ရာမဲ့ ဆင်းရဲရှာသော သူငယ်ချင်း အား ကြင်နာစွာ စိုက်ကြည့်ပြီးမှ…

'ဒီလိုဆိုရင် ကျွန်တော်တို့ စီစဉ်ထားတဲ့ အလုပ်တစ်ခုရှိတယ်'ဟု အေးဆေးတည်ငြိမ်သော အသံဖြင့် စကား နိဒါန်း ပျိုးလိုက်သည်။ ကိုဘဆွေက ကိုစောခိုင်အား စိတ်အားထက်သန်စွာကြည့်ပြီး စူးစူးစိုက်စိုက် နားထောင်လိုက်၏။

'အောင်မြင်ရင်တော့ လူတိုင်းမဟုတ်သည့်တိုင်း တစ်မြို့လုံးရှိ လူတွေရဲ့ ကျေးဇူးရှင်အဖြစ်နဲ့ ကြည်ညို ရှိသေမှု ခံရမှာပေါ့ဗျာ'

ကိုစောခိုင်၏ စကားမဆုံးမီ..

'ဟာ...မန္တလေးမြို့က လူတွေ ကြည်ညိုရှိသေမှုခံရရင် ကျေနပ်ပြီဗျာ။ ဘာအလုပ်လဲဟင်' ဟု ကိုဘဆွေက စကား ဖြတ်ပြီး စိတ်ဇောကြီးစွာ မေးလိုက်၏

'နားထောင်ဦးလေ၊ ကျွန်တော် ပြောပြပါမယ်'ဟု ကိုစောခိုင်က ဟန့်တား လိုက်၏။

'အင်း...ပြောပါ၊ သူငယ်ချင်း'

ကိုဘဆွေက ပြောပြီး ငြိမ်သက်စွာ နားထောင်နေသည်။

'ဒီအလုပ်က ရပ်ဝေးဒေသကို ခရီးထွက်ရမယ်။ နည်းနည်းတော့ ဆင်းရဲပင်ပန်းခံရမယ်၊ ဖွဲ့သတ္တိရှိဖို့ လိုတယ် ဗျာ။ ကျွန်တော်နဲ့ခင်ဗျား နှစ်ယောက်အတူ သွားရမှာပဲ၊ ကောင်းတူဆိုးဘက်ပေါ့ဗျာ၊ အောင်မြင် ရင်လဲ နှစ်ယောက်အတူ ခံစားရမှာပေါ့။ လိုက်နိုင်ပါ့မလား သူငယ်ချင်း'

ကိုဘဆွေက မျက်နှာငယ်ကလေးဖြင့် မေးလိုက်၏။

'ခင်ဗျားအခြေအနေကို ကျွန်တော်သိပါတယ်ဗျာ၊ ငွေရေးကြေးရေးအတွက် ဘာမှမပူပါနဲ့၊ ကုန်ကျစရိတ် အားလုံး ကျွန်တော် တာဝန်ယူပါတယ်။ အဖေနဲ့လဲ ပြောပြီးသားပါ။ ရည်ရွယ်ချက် အောင်မြင်ရင်တော့ ခင်ဗျား ကို ကျွန်တော်နဲ့ အညီအမျှ တစ်ဝက်စီ အကျိုးခံစားစေပါ့မယ်'

ကိုဘဆွေ၏ မျက်နှာမှာကြည်လင်သွားသည်။

'ကျေးဇူးတင်လိုက်တာ သူငယ်ချင်းရယ်'

ကျေးဇူးတင်သော စိတ်တွေ ရင်ဝယ်ပြည့်ကြပ်နေသော ကိုဘဆွေမှာ ဤစကားတစ်ခွန်း သာ ထွက်နိုင် ရှာသည်။

'ကဲ..ဒီလိုဆိုရင် အဖေ့ကို ကျွန်တော် ပြန်ပြောရမယ်၊ ခရီးသွားဖော် မိတ်ဆွေကောင်း တစ်ယောက် ရပြီဆိုတာ၊ ဩော်... ဒါထက် ခင်ဗျားက ပြန်စရာအိမ်မှမရှိတော့ဘဲ၊ ကျွန်တော့ အိမ်ကိုပဲ လိုက်ခဲ့ပါဗျာ၊ ခရီး မထွက်ခင် အိမ်မှာပဲအိပ်၊ အိမ်မှာပဲစားပေါ့ ဟုတ်လား'

ကိုစောခိုင်ကပြောရင်း ထိုင်ရာမှထလိုက်၏။ ကိုဘဆွေကလည်း ထလိုက်သည်။

'ကျွန်တော့်အဖို့ အားကိုးစရာ ခင်ဗျားတို့သားအဖပဲရှိတာလိုက်ပါ့မယ်၊ ဒါထက် ကျွန်တော်မေးပါရစေ ကိုစောခိုင်၊ အလုပ်က ဘာအလုပ်လဲဗျာ'

လက်ဖက်ရည်ဆိုင်အတွင်းမှ နှစ်ယောက်အတူ ထွက်လာကြရင်း ကိုဘဆွေက မေးလိုက်သည်။ ကိုစောခိုင် က ကိုဘဆွေအား ပြုံးသောမျက်နှာဖြင့်ကြည့်ကာ တည်ငြိမ်သော အသံဖြင့် ဖြေကြားလိုက်သည်။

'ကျွန်တော်သွားလိုတဲ့ အရပ်ဒေသရောက်အောင်သာ ခင်ဗျားလိုက်ခဲ့ပါ ကိုဘဆွေ။ ကံကောင်း ထောက်မ လို့ အဲဒီဒေသရောက်ရင် ကျွန်တော်တို့ လိုချင်တဲ့ ပစ္စည်းကိုသာ ချောချောမောမော ရလိုက်ရင် ခင်ဗျား မတွေးထင် မမျှော်မှန်းမိတဲ့ ဝမ်းသာမှုမျိုးကို ပြုန်းခနဲ ကြုံစေချင်တယ်၊ ကြိုတင်ပြီး ကျွန်တော် မပြော ထား ချင်ဘူးဗျာ'

အစစအရာရာ ကြည့်ရှုထောက်ပံ့နေသော ကျေးဇူးရှင် သူငယ်ချင်းအား ကိုဘဆွေက ထပ်မံမေးမြန်းခြင်း မပြုဝံ့ တော့ချေ။ ဆိတ်ငြိမ်စွာပင် လိုက်လာခဲ့သည်။

-------------------------------------------------------------------------------

မန္တလေးမြို့ တောင်ပြင်ရပ်တွင် ကျယ်ဝန်းသော ဝင်းခြံကြီး အလယ်ရှိ ဆင်ဝင်အိမ်ကြီးကား ဗြိတိသျှ အစိုးရ ရိက္ခာတော် ထောက်ပံ့ထားခြင်းခံရသော မဟာနွယ်မင်းသားကြီး ထိပ်တင်မျိုးနှင့်ဇနီး ဒေါ်ခင်ခင်ထား တို့အိမ်ဖြစ်သည်။ ထိပ်တင်မျိုးကို ဦးတင်မျိုးဟုခေါ်ကြ၏။ ၄င်းတို့မှာ မန္တလေးမြို့တွင် နာမည်ထင်ပေါ် ကျော်ကြား လှပေသည်။

မြန်မာရှင်ဘုရင်၏ ရင်းချာသော အနွယ်တော် အဖြစ်ဖြင့်လည်းကောင်း၊ သီလ၊ သစ္စာ၊ သမာဓိ နှင့် ပြည့်စုံ သူများ အဖြစ်ဖြင့်လည်းကောင်း၊ ဖြောင့်မတ်တည်ကြည်သူများအဖြစ်ငြဖွဲ့ လည်းကောင်း အနွယ်တော် များ အားလုံး က ရိုသေကျိုးနွံကြသည်။ ဆိုဆုံးမစကားကို နာခံကြသည်။ သြဇာတိက္ကမ ရှိလှသည်။

အနွယ်တော်များသာလျှင်မက မြို့ပေါ်မှလူများအား လိုလိုပင် နေရာထားကာ လေးစားကြည်ညိုခြင်း ခံနေ ရသော ဇနီးမောင်နှံဖြစ်သည်။

ရတနာသုံးပါးကို ရိုသေကိုင်းရှိုင်းလှသဖြင့်လည်း ဆရာတော်၊ သံဃာတော်ကြီးများက များစွာချီးမွမ်းခြင်း ခံယူ နေသော သူများဖြစ်သည်။

အသက်အရွယ်မှာ ဇနီးမောင်နှံနှစ်ဦးလုံး ငါးဆယ်ကျော်ကြီးပြီ ဖြစ်သော်လည်း ငယ်ရွယ်နုပျိုစဉ်က သားသမီး ရတနာ မထွန်းကားခဲ့ပဲ၊ အသက်လေး ဆယ်နားနီးမှ သမီးရတစ်နာတစ်ပါး ရှားရှားပါးပါး ထွန်းကား ရရှိခဲ့၏။

ရုပ်ဆင်းအင်္ဂါဖြင့် ပြည့်စုံသော သမီးအား 'ခင်ခင်မျိုး'ဟူသော နာမည်ကိုမှည့်ကာ အသက်တမျှ ချစ်ခင် ကြင်နာ ယုယစွာ မွေးမြူလာခဲ့ရာ၊ သမီးခင်ခင်မျိုးအသက် တစ်ဆယ့်ရှစ်နှစ် အရွယ်တွင် အင်္ဂလိပ်-မြန်မာ ဆယ်တန်း စာမေးပွဲကို အောင်မြင်ခဲ့လေသည်။

သို့သော် ရှေးဆန်သော လူကြီးများ၏ စိတ်ဆန္ဒအတိုင်း ခင်ခင်မျိုးအား ပညာဆက်လက် မသင်ကြား စေတော့ဘဲ။ ကျောင်းမှထုတ်၍ အိမ်မှာပင် ထားခဲ့သည်။ မြန်မာ့ရိုးရာဓလေ့အတိုင်း ဗုဒ္ဓဘာသာ ကျမ်းဂန် စာပေ များကို သင်ကြားစေသည်။ အိမ်တွင်းမှု အချက်အပြုတ်၊ အချုပ်အလုပ်ပညာကို သင်ကြားစေသည်။

မခင်မျိုးသည် လိမ္မာရေးခြားရှိသူလေးဖြစ်သည့် အလျောက် မိဘနှစ်ပါး၏ စိတ်တိုင်းကျကိုသာ လိုက်လျော နေထိုင်သည် ဖြစ်ရာ၊ ဦးတင်မျိုးနှင့် ဒေါ်ခင်ခင်ထားတို့သည် တစ်ဦးတည်းသော သမီးလှရတနာလေးအား အရိပ် တကြည့်ကြည့်ဖြင့် ပီတိဖြစ်နေကြလေသည်။

မခင်မျိုး ဆောင်ရွက်ရသော ဝတ္တရားများကား၊ ဘဘနှင့် မယ်မယ်တို့ အတွက် ပြုစုလုပ်ကိုင်ပေးရမည့် ကိစ္စကို မည်သည့်အခါမှ အိမ်ဖော်များအား တစ်ဆင့်မလွှဲဘဲ၊ ကိုယ်တိုင်လုပ်ကိုင်ပေးသည်။ မီးဖိုချောင်ကို နိုင်နင်းစွာ အုပ်ချုပ်နိုင်ခြင်းဖြင့် ငွေရေးကြေးရေးမှာ လုံခြုံစေသည်။ ဘဘနှင့်မယ်မယ်တို့ အတွက် ရရှိသည့် ရိက္ခာတော်ငွေကို စနစ်ကျနစွာ သုံးစွဲခြင်းဖြင့် ငွေစုဆောင်းတတ်သည်။ ခြံကို ပြုပြင်ကာ ခြံမှထွက်သည့် ဟင်းရွက်၊ ဟင်းသီး၊ပန်းများကို အိမ်မှာလည်း သုံးသည်။ အိမ်ဖော်မယ်မှုန်အား ဈေးသို့ ပို့စေခြင်းဖြင့် အိမ်စရိတ် ကာမိအောင် စီမံသည်။

အိမ်သို့ ရောက်လာသည့် ဧည့်သည်များအား သူ့အဆင့်အတန်းနှင့်သူ လိုက်လျောဖော်ရွေစွာ ဧည့်ဝတ် ကျေအောင် ပြုစုတတ်သည်။

ပစ္စည်းဥစ္စာကလည်း အသင့်အတင့်ပြည့်စုံ၊ အမျိုးအနွယ်ကလည်း မဟာဆီ မဟာသွေးဖြစ်၍ ချောမော လှပသော ရုပ်ဆင်းအင်္ဂါနှင့် ပြည့်စုံပြီး ခေတ်ပညာဆယ်တန်းအောင် ထားပြီးသော မခင်မျိုးအား မန္တလေးမြို့ ပေါ် မှ လူပျိုလူရွယ်များက များစွာ မျက်စိကျကြသည်။

သို့သော် မခင်မျိုးနှင့် လူငယ်ချင်းဘာဝ မေတ္တာရည်ငံပြီးရှိနေသူကား၊ ကိုစောခိုင် အမည်ရှိသော လုလင်ပျို ဖြစ်သည်။ ကိုစောခိုင်နှင့် မခင်မျိုးတို့မှာ လူငယ်ချင်း မေတ္တာရှိသော်လည်း မည်သည့်အခါမှ ဣန္ဒြေပျက်ပြား အောင် ချိန်းဆိုတွေ့ဆုံခြင်း မပြုကြချေ။ စာအားဖြင့်သာလျှင် ဆက်သွယ်နေကြသည်။ ကိုစောခိုင် နှင့် မခင်မျိုးတို့မှာ တစ်နှစ်တည်း ဆယ်တန်းအောင်မြင် ကြသည်။ ကိုစောခိုင်ကား တက္ကသိုလ် သို့ ပညာဆက်သင်ကြားရန် စီစဉ်ချက် ရှိလေသည်။ သို့သော် မခင်မျိုးသည် တက္ကသိုလ်သို့ သွားလိမ့် မည်ဟု အတိအကျ သိထားသော ကိုစောခိုင်ထံမှာ မမျှော်လင့်သော စာတစ်စောင်ကို ရရှိ၍ များစွာ အံ့အားသင့် သွားလေသည်။

သို့သော်လည်း ချစ်ခင်ကြင်နာသူ၏ စိတ်ဆန္ဒကို မကန့်ကွက်လို သောကြောင့်၊ ကိုစောခိုင်၏ စာမှာ ပါသည့် အတိုင်း အိမ်ပေါ်ထပ် လသာဆောင် လက်ရမ်းမှာ တန်းတင်ပြီး စိုက်ပျိုးထားသော ပန်းပင်များကို စစ်ဆေး ကြည့်ရှုဟန်ဖြင့် ချစ်သူဖြတ်သန်းလာမည့် အိမ်ရှေ့လမ်းကို မကြာခဏ လှမ်းကြည့်ကာ စောင့်မျှော် နေလေသည်။

မကြာမီ မြင်းရထားတစ်စီးသည် မခင်မျိုးတို့ အိမ်ရှေ့လမ်းတွင် ခပ်နေးနေး မောင်းလာ၏။ မခင်မျိုးသည် အမှတ်မထင်ကြည့်သော ဟန်မျိုးဖြင့် လသာဆောင်မှ လမ်းမပေါ်တွင် မောင်းလာသော မြင်းရထားကို ငုံ့ကြည့် လိုက်သည်။ မြင်းရထားပေါ်မှာ ကိုစောခိုင်သည် ချစ်သူမခင်မျိုးအား မော်ကြည့်ကာ နှစ်ယောက် သား သိရုံမျှ လက်ကိုမြှောက်ပြ နှုတ်ဆက်လိုက်သည်။ မခင်မျိုးသည် ကိုစောခိုင် စီးနင်း လိုက်ပါ သွားသော မြင်းရထား ကွယ်ပျောက်သွားသည့်တိုင်အောင် မျက်စိတစ်ဆုံး ကြည့်နေလိုက်ပြီးမှ ဝမ်းနည်း လွမ်းဆွတ် သော စိတ်ဖြင့် သက်ပြင်းချကာ အိမ်တွင်းသို့ လှည့်ဝင်လာခဲ့လေသည်။

မခင်မျိုး သည် မိအို၊ ဘအို နှစ်ပါးအား ဝတ္တရားကျေပွန်စွာ ပြုစုရင်း ချစ်သူ ကိုစောခိုင် အမြန်ပြန်လည် ရောက်ရှိ စေကြောင်းကို ဆုတောင်း မေတ္တာပို့နေရာမှ အချိန်သည် တရွေ့ရွေ့ ကုန်ဆုံးကာ ချစ်သူ ကိုစောခိုင် မန္တလေး မှ ထွက်ခွာသွားသည်မှာ တစ်နှစ်နီးပါးမျှ ကြာမြင့်ခဲ့ပြီဖြစ်၏။

ဦးတင်မျိုးနှင့် ဒေါ်ခင်ခင်ထားတို့မှာ အိမ်မှာ အနေနည်းလှသည်။ ဆွေမျိုးရင်းချာ ယုံကြည်စိတ်ချရသော သူများ နှင့် သမီးမခင်မျိုးကို အိမ်တွင်ထားခဲ့ပြီး၊ မန္တလေးတောင်ခြေနှင့် မလှမ်းမကမ်းရှိ စိမ်းညိုသော သစ်ပင်အုပ် အတွင်း မှာ တောရကျောင်းတစ်ကျောင်း ဆောက်လုပ် လှူဒါန်းကာ၊ ထိုတောရကျောင်းရှိ ဘုန်းတော်ကြီး ထံသွားပြီး တရားနာ ကမ္မဋ္ဌာန်း ထိုင်နေသည်က များသည်။ သမီးလိမ္မာလေး အတွက်လည်း နောက်ကြောင်း အေးကြဟန် တူလေသည်။

သုံးရက်လျှင် တစ်ခေါက်လောက် မိဘများထံ သွားနေကျ ဖြစ်သော မခင်မျိုးသည် ဤနေ့အဖို့ မိဘ များထံ သွားရမည့်နေ့ဖြစ်သည်။ နံနက်စောစောကပင် မိဘများထံ ယူဆောင်သွားရမည့် စားကောင်း သောက်ဖွယ် များကို မီးဖိုချောင်သို့ ကိုယ်တိုင်ဝင်ကာ စီမံချက်ပြုတ်၍ ပြီးစီးသောအခါ ချိုင့်အသီးသီးတွင် ထည့်ရန် အိမ်ဖော်များအား ပြောဆိုမှာကြားခဲ့ပြီး ဘုရားပန်းရူးရန် ကတ်ကြေးတစ်စင်းကို ယူကာ အိမ်ရှေ့ ပန်းခြံ ထဲ သို့ ဆင်းလာခဲ့သည်။

အချိန်မှာ နံနက်ရှစ်နာရီမျှ ရှိပြီဖြစ်၏။ မခင်မျိုးသည် ခြံတံခါးဝနားရှိ အဆုပ်လိုက်၊ အခိုင်လိုက်ပွင့်နေသော ဇီဇဝါ ချုံကြီး ရှိရာသို့ လျှောက်လာကာ၊ ဖြူဖွေးမွှေးကြိုင်သော ဇီဇဝါ ပန်းတစ်ခိုင်ကို ကတ်ကြေးနှင့်ညှပ်ရန် ဟန်ပြင်လိုက်စဉ်တွင်...

'ဒီမှာ မခင်မျိုး'

ဟူသော ခေါ်သံကြောင့်၊ ခြံတံခါးဝဆီသို့ လှည့်ကြည့်လိုက်၏ ဘန်ကောက် လုံချည်၊ ပိုးတိုက်ပုံအင်္ကျီ၊ ကတ္တီပါညှပ်ဖိနပ်၊ စိန်လက်စွပ်၊ ရွှေကြိုးဖြင့် ပတ်ထားသော လက်ပတ်နာရီစသည်ဖြင့် ခံ့ညားစွာ ဝတ်ဆင် ထားသော သားသားနားနား လုလင်ပျိုတစ်ယောက်ကို တွေ့ရ၏ ရုတ်တရက်သော် မခင်မျိုးမှာ မည်သူမှန်း မသိ ၍ ငေးကြည့်နေမိသည်။

'ကျွန်တော် ဘဆွေပါ မခင်မျိုး'

'ဩော်...ရှင်, ကိုဘဆွေလား'

မခင်မျိုးက ဝမ်းသာအားရပြောရင်း ခြံတံခါးဝဆီသို့ ခပ်သုတ်သုတ ကလေးလာကာ တံခါးဖွင့်ပေးလိုက်၏။ လွန်ခဲ့သည့် တစ်နှစ်ခန့်က

ချစ်သူကိုစောခိုင် ခရီးမထွက်မီ နောက်ဆုံးပေးလိုက်သော စာထဲတွင် ခရီးထွက်ရာ မှာ အဖော်အဖြစ်ဖြင့် သူငယ်ချင်းကိုဘဆွေအား ခေါ်သွားမည်ဟု ရေးသားခဲ့သည် ယခု ကိုဘဆွေဆိုသူ ရောက်လာသည်။ ချစ်သူကိုစောခိုင်၏ သတင်းကို ကြားရတော့မည်ဟု မခင်မျိုးက မျှော်လင့် သည်။ ခြံတံခါးကိုဖွင့်ပြီး...

'လာပါ ကိုဘဆွေ၊ အိမ်ထဲမှာ အေးအေးဆေးဆေးထိုင်ပါဦး...'

ဟုဖော်ရွေစွာ ဖိတ်ခေါ်လိုက်သည်။ ကိုဘဆွေက ပြုံးရွှင်သော မျက်နှာနှင့် မခင်မျိုးကို စေ့စေ့ကြည့်လိုက်ပြီး ထည်ဝါခံ့ညားသော ဟန်မူရာဖြင့် မခင်မျိုးဖိတ်ခေါ်ရာသို့ လိုက်လာသည်။

ဧည့်ခန်းတွင် ထိုင်မိကြသောအခါ သိလိုစိတ် ပြင်းပြနေသော မခင်မျိုးကပင် စကားစပြီးမေးလိုက်၏။

'ကိုစောခိုင်ရဲ့ သူငယ်ချင်းကိုဘဆွေဆိုတာ၊ ဟိုအရင်ကိုစောခိုင်တို့နဲ့ အိမ်နီးချင်းဖြစ်တဲ့ ကိုဘဆွေပဲ မဟုတ်လား၊ ကျွန်မမေးတာ စိတ်မရှိပါနဲ့နော်...'

ယခင် ဆင်းရဲနွမ်းပါးစွာ ကုတ်ချောင်းချောင်းနေခဲ့ရသော ကိုဘဆွေ၏ ရုပ်ရည်နှင့် ယခု သူဌေး ဟန် ပေါက်နေသော ကိုဘဆွေ၏ ရုပ်ရည်ကို မခင်မျိုးက စိတ်ထဲက နှိုင်းယှဉ်ရင်း ပွင့်ပွင့်လင်းလင်း ပြောတတ်သော မိန်းကလေးဖြစ်သည့် အလျောက် သံသယရှင်းအောင် မေးလိုက်၏ ကိုဘဆွေ၏ မျက်နှာ တစ်ချက် မှု ပျက်သွားသည်။ သို့သော် ကိုဘဆွေသည် လျင်မြန်စွာ မျက်နှာကို ပြန်ပြင်ပြီး...

'ဟုတ်ပါတယ် မခင်မျိုး၊ ကျွန်တော် အဲဒီဘဆွေပါပဲ'ဟု ရိုးသားသော လေသံဖြင့် ဝန်ခံလိုက်၏။

'ကိုစောခိုင် ခရီးထွက်ရာမှာ ရှင်က အတူပါသွားတယ်နော်...'

မခင်မျိုးက ကောက်ခါငင်ကာ မေးလိုက်၏။

'ဘယ်သူပြောလဲ...'

ကိုဘဆွေက အံ့အားသင့်ဟန်ဖြင့် တုံးတိတိမေးလိုက်သည်။

'ဘယ်သူက ပြောတယ်ဆိုတာ ကျွန်မပြောဖို့ မလိုပါဘူးလေ၊ ရှင်ပါသွားတယ် ဆိုတာတော့ ကျွန်မ သေသေ ချာချာ သိပါတယ်...'

မခင်မျိုးက သေချာပေါက်ပြောနေသော်လည်း ကိုဘဆွေကမူ နားလည်ဟန် မပေါ်ချေ။

'နေပါဦး မခင်မျိုး၊ ကိုစောခိုင်က ဘယ်ကို ခရီးထွက်တာလဲ၊ ကျွန်တော်လုံးလုံးမသိပါဘူးဗျာ၊ ကျွန်တော် လွန်ခဲ့တဲ့ တစ်နှစ်လောက်က တည်းက ရန်ကုန်ရောက်နေတာပါ၊ ကျွန်တော့်အဖေဘက် က ဦးလေးလူပျိုကြီး တစ်ယောက် က ခေါ်သွားပြီး အခုသူဆုံးတော့ မမျှော်လင့်ဘဲ သေတမ်းစာမှာ ရှိသမျှ အမွေတွေအားလုံး ကျွန်တော့် ကို ပေးခဲ့လို့ အခုကျွန်တော် ချမ်းသာနေပါပြီ။ စိန်ကျောက်ရတနာကုန်သည် လုပ်နေပါတယ်။ ကိုယ်ချမ်းသာ နေတဲ့ အချိန်မှာ ငယ်သူငယ်ချင်း ကိုစောခိုင် သတိရလို့ မန္တလေးအလည်အပတ် ပြန်လာ တာပါပဲ။ ဒီရောက်တော့ ကိုစောခိုင်လဲ ရှာမတွေ့။ သူ့အဖေ ဦးစောအေးလဲ ဆုံးသွားတာ သုံးလ လောက် ရှိပြီပြော...'

'ဘာ…ဘာ ကိုစောခိုင်အဖေ ဆုံးပြီလား'

မခင်မျိုးက ကိုဘဆွေ စကားမဆုံးမီ ဖြတ်ပြီး ထိတ်လန့်အံ့ဩစွာ မေးလိုက်။

'ဟုတ်တယ်မနေ့က ကျွန်တော် ရောက်ရောက်ချင်းပဲ သူတို့အိမ်သွားတော့ ဆွေမျိုးနီးစပ် တွေ ထင်ပါရဲ့ အိမ်ပေါ် မှာ တွေ့တယ်၊ဦးစောအေး ဆုံးတာ သုံးလလောက်ရှိပြီတဲ့၊ ကိုစောခိုင်လဲ အိမ်က ပျောက်သွားတာ တစ်နှစ်လောက်ရှိပြီ ပြောတယ်၊ သူတို့စုံစမ်းမေးမြန်းလို့ မရဘူးတဲ့၊ ဒါနဲ့ ကျွန်တော်လည်း မခင်မျိုး သိမလား မျှော်လင့်ပြီး လာခဲ့တာပါ'

ကိုဘဆွေ က သာယာ ညင်းပျောင်းသောအသံဖြင့် အကျိုးသင့်အကြောင်းသင့် ပြောနေသည်။ မခင်မျိုးသည် စကား မပြောနိုင်အောင် ငိုင်နေရှာလေသည်။ ဤအတိုင်းမှန်နေလျှင် ဘခင်တစ်ယောက်လုံး သေဆုံး သွားသည်ကိုပင် မသိနိုင်အောင် အစအနပျောက်ကွယ်နေသော ချစ်သူ ကိုစောခိုင်ကား အသက်ရှင်လျက်မှ ရှိပါလေမည်လား။ သတ္တဝါအပေါင်းကို ကယ်တင်နိုင်မည့် ဆေးပင်ရှိရာသို့ ထွက်ခွာသွားမည်ဟူ၍သာ စာထဲမှာ ပါသည်။ ဘယ်ဆီဘယ်ဒေသဟူ၍လည်း ညွှန်ပြခြင်းမရှိခဲ့။

အဖော်အဖြစ်နှင့် ကိုဘဆွေအား ခေါ်သွားမည်ဟု စာထဲမှာ ရေးထားသော်လည်း ယခုမူ ကိုဘဆွေက သူလုံးဝ မသိပါဟု အကြောင်းအချက်ခိုင်လုံစွာ တင်ပြနေသည်။ မည်သည့် ရည်ရွယ်ချက်ဖြင့် မည်သည့် ဒေသသို့ ထွက်ခွာသွားမှန်း မသိရသော ကိုစောခိုင်ကား ဘခင်မေ့၊ ချစ်သူမေ့လောက်အောင်ပင် တစ်ရပ် တစ်ရွာ မှာ ပျော်နေပြီလော။ အသက်ပင် သေရှာပြီလားဟု မခင်မျိုးသည် တွေးကာ ဆွေးစိတ်ကြောင့် မျက်လုံး ထဲမှာ ဝေ့လည်လာသော မျက်ရည်ကို စီးမရအောင် အံကို တင်းတင်းခဲပြီး

ရှည်လျားကော့မြူးသော မျက်တောင် များကို သာ တဖျပ်ဖျပ် ခတ်နေလေသည်။ ကိုဘဆွေသည် မခင်မျိုးအား စိမ်းစိမ်း စိုက်ကြည့် နေ၏။ အတန်ကြာမှ ပျော့ပျောင်းညင်သာသော လေသံဖြင့်..

'ဘဘနဲ့မယ်မယ်တို့ နေကောင်းကြရဲ့လား..'ဟု မေးလိုက်သည်။ မခင်မျိုးက နှုတ်ဖြင့်မဖြေ။ ခေါင်းညိတ် ရုံသာ ညိတ်ပြလိုက်သည်။

'အခုအိမ်မှာရှိလား မခင်မျိုး၊ ဘဘနဲ့မယ်မယ်ကို ကျွန်တော် ကန်တော့ချင်လို့ပါ'

ကိုဘဆွေ က ရိုသေကျိုးနွံဟန်ဖြင့် မေးလိုက်၏ မခင်မျိုးသည် ဆို့ကြပ်နေသော ရင်ကို ရှင်းလိုက်သလို သက်ပြင်း တစ်ချက်ချလိုက်ပြီး....

'မရှိဘူး ကိုဘဆွေ၊ တောရကျောင်းမှာ ကမ္မဋ္ဌာန်းသွားထိုင်နေကြတယ်။ ကျွန်မဘဘ နဲ့ မယ်မယ်တို့ဆီ စားသောက် စရာ သွားပို့ရဦးမယ်'ဟု ပြောရင်း တိုင်ကပ်နာရီကို မော့ကြည့်လိုက်၏။

'ဟော...ကိုးနာရီတောင် ထိုးနေပြီ၊ သွားရမယ့် ခရီးက အလှမ်းသား၊ ဘဘနဲ့မယ်မယ်တို့ ဆာလှ ရောက်မယ်'

'ကျွန်တော်လိုက်ပို့ရဦးမလား မခင်မျိုး'

ကိုဘဆွေ၏ မေးခွန်းကြောင့် မခင်မျိုးက ကိုဘဆွေ၏ မျက်နှာကို ဖျပ်ခနဲ လှည့်ကြည့်လိုက်သည်။ သို့သော် ပကတိ ရိုးသားလှသော ကိုဘဆွေ၏ မျက်နှာထားကြောင့်....

'ကျေးဇူးတင်ပါတယ် ကိုဘဆွေ၊ ကျွန်မအဖော်တွေ ပါမှာပါ၊ ကျွန်မသွားနေကျ လမ်းမို့ ကြောက်စရာ မရှိပါဘူး'

ဟုစကားလုံး ယဉ်ယဉ်ဖြင့် ငြင်းပယ်ပြီး ဆွေးရိပ်သန်းနေသော မျက်နှာကလေးကို အိမ်အတွင်းဘက်သို့ လှည့်လိုက်၏ ကိုဘဆွေသည် အလိုက်သိစွာ နှုတ်ဆက်ပြီး ထွက်ခဲ့လေ၏။

ရွှေမန်းတောင် သေလာသည် ရိပြာပြာ တောင်ခိုးတွေ ဆိုင်းပြီးမှိုင်းနေသည်ကို တောရကျောင်း တည်ရှိရာ သစ်ပင်အုပ် မှ ကောင်းစွာ လှမ်းမြင်နေရ၏။ မိုးကောင်းကင်ဝယ် မှိုင်းညို့သော မိုးသားတိမ်တိုက်များက ဟိုတစ်စု သည်တစ်စုဖြင့် လေယူရာ ရွှေ့လျားပြီး မန္တလေးတောင်ထိပ်ပေါ်မှာ တရိပ်ရိပ်ဖြတ်သန်း သွားလာ နေကြသည်။ အတာကူးသည့် လတန်ခူးကုန်ကာ ကဆုန်လဆန်းပြီးဖြစ်၍ မိုးရိပ်ပါသော တောလေပြည် တသုန်သုန် တိုက်ခိုက်သည်တွင် သစ်ကိုင်းသစ်ခက်တို့မှာ တဖျပ်ဖျပ်တရှဲရှဲမြည်နေ၏။

မိုးစောင့်၊ မိုးစွေဟူသော ကြည်လင်ပြီသလှသည့် မိုးခေါ်ငှက်ကလေးများ၏ မြည်ကြွေးသံသည် မခင်မျိုး၏ နား ထဲတွင် စောင့်ပါခင်ရေဟု ပြောနေသော ချစ်သူ ကိုစောနိုင်၏ အသံလိုလိုထင်မိ၏ မခင်မျိုးသည် သပြေပင်ကြီး တစ်ပင်၏ အရင်းမြစ်ပျဉ်းကြီးတစ်ခုအပေါ်မှာ ထိုင်ကာ မှိုင်းမှောင် ပြာဝေနေသော မန္တလေးတောင် ကို ငေးမျှော်ကြည့်နေလေသည်။ တရိပ်ရိပ် ပြေးလွှားနေသော မိုးသားတိမ်လိပ်များကို စီးလိုက် ၍ရ လျှင် အာကာဝေဟင်မှာ ကမ္ဘာမြေတစ်ခွင်ကို ငုံ့ကြည့်ကာ ချစ်သူကိုစောနိုင်ကို ရှာချင်သည်။

'ပြော်...ဘယ်ဝယ် ဘယ်ဆီကို ရည်ရော်တမ်းတပြီး ခင်မှန်းဆလို့ လွမ်းရပဲ့မလဲ ကိုစောရယ်၊ လူလဲမလာ၊ စာလဲ မရောက်၊ ကမ္ဘာမြေပေါ်က ကိုစောပျောက်ကွယ်သွားပြီလား။ ထွက်ခွာသွားတာ တစ်နှစ်ကျော်ခဲ့ပြီ ကိုစော

ရေ....။ ဆေးပင်ရှာရင်း ဝိဇ္ဇာတွေနဲ့ တွေ့လို့ ခင့်ကိုမေ့ပြီး သူယောင်တောများ ပါသွားလေပြီ လားနော်..'

မခင်မျိုးသည် လွမ်းဆွတ်သောစိတ်ဖြင့် ထင်မိထင်ရာတွေးနေစဉ်မှာ...

'သမီးငယ် နေမကောင်းဘူးလား...'

ဟူသော အသံကြောင့် လှည့်ကြည့်လိုက်သည်။ စိပ်ပုတီးကို လည်ဝယ် စွပ်ထားသော မိခင် ဒေါ်ခင်ခင်ထား ရပ်နေ သည်ကို တွေ့၏။

" သမီးနေကောင်းပါတယ် မယ်မယ် " ဟုဖြေလိုက်၏။

" မဟုတ်သေးဘူးလေ၊ မနက်က သမီးလာကတည်းက မျက်နှာမကောင်းဘဲ ဖြစ်နေတာ မယ်မယ် အကဲခတ် မိပါတယ်၊ သမီးဘဘကလဲ နေမကောင်းဘူးထင်ပြီး စိတ်ပူနေတယ် "

" ဘာမှ မဖြစ်ပါဘူး မယ်မယ်၊ ဘဘနဲ့ မယ်မယ်က ဒီတရားအားထုတ်ပြီး ပျော်နေတော့ သမီးငယ်အိမ်မှာ ပျင်းပါတယ်၊ ဒါကြောင့်ပါ မယ်မယ် .... "

မခင်မျိုးက အဆင်ပြေအောင် လျှောက်လဲလိုက်၏။

" အေး .... အေး .... မယ်မယ်တို့လဲ အဓိဋ္ဌာန်ရက် စေ့ခဲ့ပါပြီ။ နောက် အရက်လေးဆယ်ဆိုရင် စေ့မှာပါ။ သမီး က အငြီးပြေအောင် အိမ်တစ်လှည့် ပြန်လိုက်ဦးမယ်လေ ...၊ ကဲ လာ လာ ... သမီးဘဘက မေးနေ သေးတယ် "

ဒေါ်ခင်ခင်ထားက ပြောပြီး လှည့်ထွက်သွားသဖြင့် မခင်မျိုးသည် မိခင်နောက်မှ လိုက်လာခဲ့သည်။

" မယ်မယ်နှင့် ဘဘတို့ ကမ္မဋ္ဌာန်းထိုင်ရာ သင်္ခမ်းကလေးခုက မအေးဆေး မဆိတငြိမ်ဘူးလား သမီးငယ် "

ရှေ့မှ သွားနေသော ဒေါ်ခင်ခင်ထားက မေးလိုက်၏။

" အေးဆေး ဆိတ်ငြိမ်ပါတယ် မယ်မယ်။ ဘဘနဲ့ မယ်မယ်တို့ ကမ္မဌာန်းကျောင်းလေး နှစ်ခုက ကိုက် သုံးဆယ်ကျော်လောက် ဝေးတယ်။ တစ်သီးအသံကို တစ်ဦး မကြားနိုင်ပေါ့၊ ဆိတ်ငြိမ်တာပေါ့ မယ်မယ်ရဲ့ "

မခင်မျိုး က တောရကျောင်းနှင့်ကမ္မဌာနးကျောင်းကလေးတစ်ခုတည်ရာကို မျှော်ကြည့်ပြီး ဖြေလိုက်၏။

" ဒီလို ဆိတ်ငြိမ်လို့လဲ သမာဓိကို ထိန်းနိုင်တာပေါ့ သမီး"

သားအမိ နှစ်ယောက် စကားတပြောပြောနှင့် လာကြရာက တောရကျောင်းအစရှိ ခရေပင်ကြီးအရိပ်မှာ ဖျာတစ်ချပ် ခင်းထိုင်နေသော ဦးတင်မျိုးရှိရာ ရောက်လာကြလေသည်။

ဦးတင်မျိုး ရှေ့တွင် သားအမိနှစ်ယောက် ရှိသေစွာ ထိုင်လိုက်ကြ၏။

" သမီးငယ်က နေကောင်းပါတယ် မောင်မောင်၊ ထားထား မောင်မောင်က တောရကျောင်းမှာချည်း လာနေ တော့ သမီးငယ် က အိမ်မှာ တစ်ယောက်ထဲ ပျင်းလို့ပါတဲ့ ... "

ဒေါ်ခင်ခင်ထားက ပြောလိုက်။ ဦးတင်မျိုးသည် သမီးအား ချစ်ခင်နှစ်သိမ့်စွာ ကြည့်ပြီး ...

" မိန်းကလေးတွေ အိမ်မှာ အဖော်ရှိတယ် မဟုတ်လား သမီးငယ် " ဟု မေးလိုက်၏။

" ရှိတာတော့ ရှိတာပေါ့ ဘဘ။ ဒါပေမယ့် သူတို့ရှိတာနဲ့ ဘဘနဲ့ မယ်မယ် တို့ရှိတာနဲ့ မတူပါဘူး။ ဘဘနဲ့ မယ်မယ် ရှိတာက သမီး စိတ်ပျော်ပါတယ် "

မခင်မျိုး ၏ အဖြေကြောင့် ဦးတင်မျိုးက သမီးကို ကြင်နာသွားလေသည်။

" ဘာဘတို့မကြာပါဘူးကွယ်။ တစ်လနဲ့ဆယ်ရက်ဆို အဓိဋ္ဌာန်ပြည့်ပါပြီ။ ဒါနဲ့ မနက်က လုလင်ပျိုနှစ်ယောက် ဘိုင်စကယ် နဲ့ ဒီတောရကျောင်းရောက်လာပြီး တို့များတရားထိုင်တဲ့ ကမ္မဋ္ဌာန်းကျောင်းနားမှာ ရစ်သီရစ်သီနဲ့ လို့ဆရာတော်က မိန့်ကြားတယ်။ ထားထား တွေ့လိုက်သေးလား "

ဦးတင်မျိုးက မေးလိုက်သည်။

" မတွေ့လိုက်ဘူး မောင်မောင် ဘယ်အချိန်ကလဲ "

" မနက် ခပ်စောစောကလို့ ဆရာတော် မိန့်ကြားတာပဲ ဒီအချိန်က တို့ ကမ္မဋ္ဌာန်း ဝင်နေချိန်ကိုးကွဲ့။ မောင်မောင် လဲ မတွေ့လိုက်ဘူး။ ဆရာတော်က ဘာကိစ္စလဲ မေးတော့၊ တစ်မြို့တစ်ရွာက ရောက်လာတဲ့ ဧည့်သည်တွေမို့ မရောက်ဘူးလို့ လာကြည့်တာပါလို့ လျှောက်သတဲ့။ ပြီးတော့ ဆရာတော်ကို တစ်ခုမေး သွားသေးတယ် ပြောတယ် "

" ဘယ်လို မေးသွားလဲ မောင်မောင် "

ဒေါ်ခင်ခင်ထား က သိလိုဇောဖြင့် မေးလိုက်၏။ မခင်မျိုးကား ကိုစောခိုင်နှင့် ပတ်သက်လေသလားဟု စိတ်ဆန္ဒ ရှိရာကိုတွေးပြီး နားစွင့်နေလေသည်။

" ဒီ ကမ္မဋ္ဌာန်း ကျောင်းထဲက အဘိုးကြီး အဘွားကြီးတွေက နေ့ရောညရော ထိုင်သလားတဲ့ "

" ဆရာတော်က ဘယ်လို မိန့်လိုက်သတဲ့လဲ "

နေ့ဆိုရင် ခဏတစ်ဖြုတ် နားတယ်။ ည လူခြေတိတ်ဆိတ်ငြိမ်တဲ့ အချိန်ကစပြီး နောက်တစ်နေ့ မိုးလင်းအထိ ထိုင်တယ် လို့ မိန့်လိုက်သတဲ့ "

ဒေါ်ခင်ခင်ထားက အတန်ငယ် စဉ်းစားသလို ငြိမ်နေပြီးမှ ...

" အခုခေတ်က လူဆိုး သူဆိုး အေးချမ်းပါတယ်လေ။ ငယ်ရွယ်သူတွေဆိုတော့ ကမ္ဘာ့ဌာန်းထိုင်တယ်ဆိုတာ အထူးအဆန်း ထင်ပြီး မေးတာထင်ပါရဲ့ "

ဟု ပေါ့ပေါ့ဆဆပင်တွေးပြီး ပြောလိုက်၏။ မခင်မျိုးကား သူကြားလိုသော သတင်းမဟုတ်၍ ဆိတ်ငြိမ်စွာ နေ လိုက်သည်။

" အေး ... မောင်မောင်လဲ ဒီလိုပဲ ထင်ပါတယ်။ ကဲ အချိန်လဲ အတော်နည်းပေါ့၊ သမီးငယ်ပြန်ဖို့ ပြင်ပေတော့။ ဘယ်မှာလဲ သမီးငယ် အဖော်ခေါ်လာခဲ့တဲ့ မယ်မှုံ .... "

" ရှိပါတယ်ဘဘ၊ ထမင်းဟင်း ထည့်လာတဲ့ ချိုင့်တွေ သွားယူနေပါတယ။ သမီး ပြန်တော့မှာမို့ ဘဘနဲ့ မယ်မယ် ကို ဦးတင်ပါတယ် "

မခင်မျိုးက ပြောပြီး မိခင်-ဘခင်အား ရိုသေစွာ ကန်တော့လိုက်သည်။

" အေး ... သာဓု ... သာဓု ... သာဓု သမီးငယ် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းနဲ့ ပြည့်စုံစေ ..."

အဘိုးကြီး နှင့် အဘွားကြီး၏ ဆုပေးသံကြောင့် မခင်မျိုး၏ ရင်ထဲမှာ နင့်သွားလေသည်။ သမီး ချစ်သူ အတွက် စိတ်မချမ်းသာဖြစ်နေတာ ဘဘနဲ့ မယ်မယ်တို့ မသိရှာလေဟု စိတ်မကောင်းစွာ တွေးမိရှာ လေ သည်။

-------------------------------------

မခင်မျိုးသည် ကိုဘဆွေအား စိတ်ရှုပ်သော မျက်နှာဖြင့် ကြည့်လိုက်၏။

" အဖြေပေးပါ မခင်မျိုး၊ ကိုယ်က မွန္တလေးမှာ သိပ်ကြာကြာနေလို့ဖြစ်တာ မဟုတ်ပါဘူး။ ကိုယ့်အလုပ်ကိစ္စနဲ့ ရန်ကုန်သွားရမှာပါ။ ဟိုမှာ အခြေတည်ထားတဲ့ ရတနာဆိုင်ကို တခြားလူနဲ့ သိပ်ကြာကြာ လွှဲထားလို့လဲ မသင့်တော် ပါဘူး။ အတိအကျ သိပါရစေနော် "

ချစ်မေတ္တာကို ဖွင့်ဟတောင်းခံနေသော ကိုဘဆွေပြောလိုက်တိုင်း ငြင်းပယ်နေသော မခင်မျိုးအား စုံမက် မြတ်နိုးလှစွာ စေ့စေ့ကြည့်ပြီး မလျှော့သောဇွဲဖြင့် ပြောနေသည်။ မခင်မျိုးအား နိုင့်ထက် စီးနင်း အဓမ္မ ကြံစည် ၍ မရမှန်း ကိုဘဆွေ ကောင်းကောင်းသိသည်။ ဣန္ဒြေသိက္ခာရှိစွာဖြင့် အိမ်ထဲမှာသာ နေတတ်ပြီး မိဘများ ရှိရာ တောရကျောင်းကို သွားလျှင်လည်း ယုံကြည်စိတ်ချရသော အဖော်အပေါင်းနှင့်သာ သွားလေ့ ရှိသော မခင်မျိုးကို ကိုဘဆွေသည် အိမ်တိုင်ယာရောက် မျက်နှာပြောင်တိုက်ပြီး ချစ်မေတ္တာကို တောင်းခံ နေ တော့၏။

" ကျွန်မ ပြောခဲ့ပါပြီလေ ကျွန်မ မြတ်နိုးသူဟာ သေမှန်း ရှင်မှန်းမသိ ပျောက်ကွယ်နေပါတယ်။ သူ့ကိုသာ ကျွှမ အသက်ထက်ဆုံး သစ္စာရှိရှိနဲ့ စောင့်မျှော်ပါတော့မယ် ဆိုတာ အဖြေပေးပြီးသားပဲ။ ဘာကြောင့် ကျွန်မ ကို ဒါလောက် အနှောင့်အယှက် ပေးချင်ရတာလဲ ကိုဘဆွေ "

မခင်မျိုးက ရှင်းရှင်းလင်းလင်း ပြတ်ပြတ် သားသားပင် ပြောလိုက်သည်။ သို့သော် ကိုဘဆွေကား ရွှေးစေ့ မျှပင် စိတ်မပျက်ပေ။ အမျိုးအနွယ်ကလည်းမြင့်၊ အကျင့် သိက္ခာကလည်း ပဲစွန်းမထင်၊ ပစ္စည်းဥစ္စာကလည်း အသင့်အတင့် ပြည့်စုံ၊ ပညာကလည်း ဆယ်တန်းအောင်ပြီးသား၊ ရုပ်ရည်ကလည်း ချောမောလှပသော မခင်မျိုးအား ကိုဘဆွေ အဘယ်မှာ လက်လွှတ်မခံနိုင်ပါမည်နည်း။

" စဉ်းစားပါအုံး မခင်မျိုးရယ်၊ ကိုယ့်မှာ အခု ပစ္စည်းဥစ္စာဘယ်လောက် ချမ်းသာနေတယ်ဆိုတာ စဉ်းစား ကြည့်ပါ။ ဒီပစ္စည်းတွေ အားလုံးကို မခင်မျိုး ကိုသာ စံစားစေချင်တယ်။ မခင်မျိုးကိုသာ ပေးဖို့ စေတနာ ရှိပါ တယ်။ မခင်မျိုးထက် အစစအရာရာသာတဲ့ မိန်းမတွေကို ကြိုက်ရာရွေးယူနိုင်တဲ့ အခြေအနေမှာ ကိုယ် ရောက်နေပေမယ့် ချစ်မေတ္တာ က မခင်မျိုးကိုသာ စူးစိုက်မိလို့ စိတ်မပျက်နိုင်ဘဲ ပြောနေရတာပါ "

ကိုဘဆွေ၏ စကားကြောင့် မခင်မျိုးသည် ဒေါသထောင်းခနဲ ထွက်လာသည်။

" ကိုဘဆွေ စကားပြောတာ ဆင်ခြင်ပြောပါ။ ကျွန်မပစ္စည်း မက်မောတဲ့၊ မိန်းမ မှတ်နေသလား။ ကျွန်မထက် သာတာတွေကို ရနိုင်ပါတယ်ဆိုရင် ဘာကြောင့် ကျွန်မထံ မရက်မကြောက် မျက်နှာပြောင် တိုက်ပြီး ခဏခဏ လာ နားပူနေရသလဲ။ ဒီမှာ ကျွန်မ နောက်ဆုံးစကားပြောမယ်။ ကျွန်မ ရှင့်မေတ္တာကို ဘယ် နည်းနဲ့ မှ လက်မခံနိုင်ဘူး "

မခင်မျိုး က စိတ်ဆိုးစွာ ပြောလိုက်သော်လည်း ကိုဘဆွေက အပြုံးမပျက်ပေ။

" ကိုယ်ကတော့ စိတ်မပျက်တမ်း စောင့်မှာပဲလေ ... တစ်နေ့ကျတော့ မခင်မျိုးကို ဘယ်လောက် စွဲစွဲမြဲမြဲ ချစ်တယ်ဆိုတာ မခင်မျိုး အလိုလို သိလာပါလိမ့်မယ်။ အဲဒီ အချိန်ကျတော့ မခင်မျိုး ကိုယ်တိုင်က ကြည် ကြည်ဖြူဖြူ လက်ထပ်ခွင့်ပေးမှာပဲလို့ မျှော်လင့်မိပါတယ် "

မာဒင်္ဂထုံး နလုံးမူနေသော ကိုဘဆွေအား မခင်မျိုးက ခပ်မဲ့မဲ့ ကြည့်လိုက်သည်။

" ကောင်းပါပြီ၊ အဲဒီနေ့ ရောက်တဲ့အထိ ရှင် - ဖွဲကြီးကြီးနဲ့ စောင့်ပေရော့ ...၊ အဲဒီနေ့ မရောက်မချင်းတော့ ကျွန်မ ကို ဘာမှ အနှောင့်အယှက် လာမပေးပါနဲ့၊ ဟုတ်လား ...၊ ကိုဘဆွေ "

မခင်မျိုး က ခပ်ရွဲ့ ရွဲ့ ပြောပြီး ကိုဘဆွေအား ဆက်စကားမပြောလိုတော့သော ဟန် အမူအရာကို ပြကာ ထိုင်ရာ မှ ထလိုက်၏။

" ကောင်းပါပြီခင်ဗျာ၊ ကံတရား လှည့်စားပြီး ကိုယ့်ဘက်က ကူညီဖေးမလိမ့်မယ် ထင်ပါတယ်၊ ပြန် မယ်နှော် "

ကိုဘဆွေ က အကျိတ်အခဲ ကြီးသော မျက်နှာဖြင့် မခင်မျိုးအား စေ့စေ့ ကြည့်ပြောကာ ထိုင်ရာမှ ထရင်း နှုတ် ဆက် လိုက်၏။

" ဟုတ်ကဲ့၊ ပြန်ပေရော့၊ ကျေးဇူး အများကြီးတင်ပါတယ် "

မျက်နှာလွှဲ ပြောလိုက်သော မခင်မျိုး အား ကိုဘဆွေ က ကျားပြုံး ပြုံးပြီး ကြည့်လိုက်သည်။

-----------------------

" ဟင် ... ဘဘနဲ့ မယ်မယ် ပြန်လာပြီ၊ အဝိဋ္ဌာန်ရက်လဲ မစေ့သေးပါလား၊ သမီး ပျင်းတယ်လို့ ပြောမိတာ မှား သွားပြီထင်ပါတယ် မယ်မယ် "

ကြိုတင် အသိပေးခြင်း မရှိဘဲ အဝိဋ္ဌာန်ရက် မစေ့မီ ရုတ်တရက် အိမ်ပြန်လာသော ဦးတင်မျိုးနှင့် ဒေါ်ခင်ခင်ထား အား မခင်မျိုးက ဝမ်းသာအားရဆီးကြိုပြောလိုက်၏။ သို့သော် မိဘနှစ်ပါးကား ပြုံးရွှင် ကြည်လင်ခြင်း မရှိပေ။

" မပြန်မဖြစ်လို့ ပြန်ခဲ့တာပဲကွယ် "

ဟူသော စကားကို ဒေါ်ခင်ခင်ထားက ခြောက်သွေ့သော အသံဖြင့် တိုတိုတုတ်တုတ် ဖြေကာ အိမ်ပေါ်ထပ်သို့သာ တန်းတန်းမတ်မတ် တက်သွားလေသည်။ ဦးတင်မျိုးကမူ စကားတစ်ခွန်းမှ မဆိုချေ။ ဒေါ်ခင်ခင်ထား နောက်မှ မရှေးမနှောင်း အိမ်ပေါ်တက်လိုက်သွားသည်။ မိဘနှစ်ပါး၏ မျက်နှာထားကား နေသွေ့ သော ပန်းလို နွမ်းလှချေသည်။

တောရကျောင်းမှ ပြန်သယ်ယူခဲ့သော အိပ်ရာလိပ် အစရှိသည့် ပစ္စည်းစုကလေးများကို အိမ်ဖော်မိန်းမက မြင်းရထား ပေါ်မှ သယ်ယူနေသည်ကိုပင် ဦးတင်မျိုးနှင့် ဒေါ်ခင်ခင်ထားတို့ လှည့်ကြည့်ခြင်း မပြုနိုင်။ သမီးကို လည်း တယုတယ နှုတ်မဆက်နိုင်အောင် ဖြစ်နေကြသည်ကို မခင်မျိုးသည် မတွေးတတ်သော မျက်နှာဖြင့် အငေးသား ကြည့်နေပြီးမှ မိဘများ တက်သွားရာ အိမ်အပေါ်ထပ်သို့ လိုက်သွားသည်။

ဦးတင်မျိုး က ဘုရားဆောင်ထဲဝယ် ကြက်ကြီး လည်လိမ်ထားသလို ငိုင်ငိုင်ကြီး ထိုင်နေသည်ကို တွေ့ရ၏။

" ဘဘ... ဘယ်လို ဖြစ်သလဲ၊ ဘဘရယ် ... နေမကောင်းဘူးလား "

မခင်မျိုးက ဖခင်နောက်နားမှ ပုဆစ် ဒူးချထိုင်ကာ ရှိသေစွာ မေးလိုက်၏။ ဦးတင်မျိုးက စကားတစ်ခွန်းမှ မပြော ဘဲ အတန်ကြာ ငိုင်နေပြီးမှ -

" ဘဘ အနားကို မလာနဲ့ သမီးရယ်၊ ဘဘတစ်ယောက်တည်း နေချင်တယ် "

ဟု စိတ်မချမ်းမြေ့သောအသံဖြင့် ပြောလိုက်၏။ နဂိုကပင် ဖခင်အား ချစ်ကြောက် ရှိသေပြီး ဖြစ်ရာတွင် ယခုကဲ့သို့ စိတ်မချမ်းမြေ့ဖွယ် စကားကို ကြားရသောအခါ မခင်မျိုးသည် တစ်စုံတစ်ရာမှ ပြန်လည် မေးမြန်း ခြင်း မပြုတော့ဘဲ ဖခင်နားမှ ညင်သာစွာ ထ လာခဲ့ပြီး မိခင်အား ရှာပြန်သည်။ မိခင် ဒေါ်ခင်ခင်ထားကား အိမ်ခန်းတွင်းရှိ ခုတင်ပေါ်ဝယ် အကျီလုံချည်ပင် မလဲနိုင်ဘဲ ခြေပစ်လက်ပစ် လဲလျောင်းနေသည်ကို တွေ့ရ သည်။ မိခင်၏ ရုပဆင်းသဏ္ဍာန်သည် နှစ်ရှည်လများ မကျန်းမမာ ဖြစ်ခဲ့သော နာတာရှည် လူမမာကြီးနှင့် တူ လှချေသည် ဟု မခင်မျိုး ထင်လိုက်၏။ ချစ်လှသော သမီးငယ် ဝင်လာသည်ကိုပင် ဒေါ်ခင်ခင်ထားသည် လှည့်မကြည့် နိုင်အားဘဲ သူ့မျက်နှာမူရာကိုသာ စူးစိုက် ငေးမောနေလေသည်။

" မယ်မယ် "

မခင်မျိုးက ခုတင်ဘေး ကြမ်းပြင်ပေါ်မှာ ဒူးထောက်ပြီး မိခင်အား တိုးတိုးသက်သာ ခေါ်လိုက်၏။

" သမီးငယ် "

ဒေါ်ခင်ခင်ထားက ဝိုသံပါကြီးဖြင့် တုံ့ပြန်လိုက်သည်။

" ဘဘနဲ့ မယ်မယ် ... ဘယ်လို ဖြစ်လာကြတာလဲ၊ သမီး စိတ်ထဲမှာ အင်မတန်မှ မချမ်းမသာ ဖြစ်ရပါတယ် မယ်မယ် ရယ်၊ အကျိုးအကြောင်း သိပါရစေ "

မခင်မျိုးက မိခင်အား တောင်းတောင်းပန်ပန် ပြောနေသည်။ ဒေါ်ခင်ခင် ထားသည် သမီးအား တွေတွေကြီး ကြည့်နေရာ မှ မျက်ရည်များ စီးကျလာလေသည်။

" ဘယ်လိုဖြစ်ကြတာလဲ မယ်မယ်ရယ် "

မိခင်၏ မျက်ရည်များကို မခင်မျိုးက ယုယစွာ သုတ်ပေးရင်း မေးလိုက်၏။

" မယ်မယ်တို့တော့ ကိုယ့်ကိုယ်ကို သက်သေချင်တဲ့ စိတ်တောင် ပေါ်လာပေါ့ါသမီးငယ် "

ဒေါ်ခင်ခင်ထား က မရှိုတင်ကဲ အသံဖြင့် ပြောလိုက်ရာ မခင်မျိုးမှာ ထိတ်လန့် တုန်လှုပ်သွားလေသည်။

" ဘယ်လို မယ်မယ်၊ သမီး ရေလည်အောင် သိပါရစေ "

" အေး ... ဒီကိစ္စက သမီးကို အသိမပေးရင် မဖြစ်တော့ဘူးလေ၊ မယ်မယ်နဲ့ သမီးဘဘ နှစ်ဦးလုံးရဲ့ အကျင့် သိက္ခာ စိတ်နေသဘောထားကို သမီး အရှင်းသိပြီမို့လဲ မယ်မယ် ပြောရဲတာပေါ့ကွယ်၊ ကဲ ... ဟောဒီ ဓာတ်ပုံတွေကို ကြည့်လိုက်စမ်းပါဦး သမီးလေးရယ်၊ မယ်မယ်နဲ့ ဘဘတို့ လူ့ပြည်မှာနေဖို့ ကောင်းသေးရဲ့လားဆိုတာ "

ဒေါ်ခင်ခင်ထားက ရှက်ကြောက်တုန်ယင်စွာ ပြောကာ အင်္ကျီအတွင်းထဲမှ ဓာတ်ပုံနှစ်ပုံကို မခင်မျိုးအား ထုတ်ပေးကာ မျက်စိ မှိတ်ထားလိုက်သည်။ မခင်မျိုးသည် သိလိုဇောဖြင့် ဓာတ်ပုံနှစ်ပုံကို စိတ်အားထက် သန်စွာ ကြည့်လိုက်သည်။ မင်မျိုး၏ မျက်လုံးများမှာ ပြာဝေကာ ဦးနှောက်များပင် ချာချာလည်သွားသည်ဟု ထင်လိုက်၏။ ငါများ မျက်စိ အကြည့်မှားလေသလား။ သေချာစွာ ထပ်မံ ကြည့်ရှုပြန်သည်။ မျက်စိအကြည့် မလွဲချေ။ ထင်ရှားကြည်လင်သော ဓာတ်ပုံကို ပြတ်သားစွာ မြင်နေရသည်။ တစ်ခုသော ဓာတ်ပုံကား ဘဘ ဦးတင်မျိုး နှင့် ခပ်ရွယ်ရွယ် မိန်းမ တစ်ယောက်တို့ တစ်ဦးကိုတစ်ဦး ဖက်ကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေ

ဟန်ဖြစ်သည်။ ဘဘ၏ ကိုယ်မှ အဝတ်အစားများနှင့် မိန်းမရွယ် ကိုယ်မှ အဝတ်အစားများမှာ မသေမသပ် ဖရိုဖရဲ ဖြစ်နေကြသည်။ အဓိပ္ပာယ်ကား ရှင်းလှပါ၏။

အခြား ဓာတ်ပုံတစ်ပုံကား မယ်မယ် ဒေါ်ခင်ခင်ထားသည် ယောကျ်ား တစ်ယောက်၏ ရင်ခွင်မှာ မှီတွယ်ကာ မော့ထားသော မယ်မယ်၏ မျက်နှာသည် ယောကျ်ား၏ မျက်နှာနှင့် ပါးချင်းအပ်ထားသည်။ မယ်မယ်၏ မျက်လုံးများမှာ လောကတစ်ခွင်ကို မေ့လျော့ကာ စည်းစိမ် ယစ်မူးနေဟန်ဖြင့် မှေးမှိတ်နေသည်။

မခင်မျိုး သည် ဓာတ်ပုံများကို ကြည့်ရင်း မျက်လုံးတွင် မျက်ရည်များ ဝေလာသည်။

" ရက်စရာကောင်းလျချည့် မယ်မယ်ရယ် "

မခင်မျိုးက ဓာတ်ပုံများကို လွှတ်ချပြီး မျက်နှာကို လက်ဝါးနှင့်အုပ်ခါ ငိုလိုက်သည်။ ဒေါ်ခင်ခင်ထားက မှိတ် နေသော မျက်လုံးများကိုဖွင့်ခါ သမီးအား ကြည့်လိုက်၏။

" သမီးရက်တာက တော်ရုံပါကွယ် ...၊ မယ်မယ်နဲ့ ဘဘတို့ ရက်တာက "

ဒေါ်ခင်ခင်ထား က ထိုမျှသာပြောပြီး အောက်နှုတ်ခမ်းကို ပြတ်လုနီးပါး ကိုက်ထားလိုက်၏။

" ဘယ်လို သဘောလဲ မယ်မယ်၊ သမီးကို ရှေလည်အောင် ပြောပါဦး "

မခင်မျိုးက မျက်ရည်သုတ်ရင်း မေးလိုက်၏။

" မယ်မယ်နဲ့ ဘဘတို့ ဒီလို ယုတ်မာ ညစ်ညမ်းတဲ့ အလုပ်မျိုး ဘယ်တော့မှ စိတ်မကူးဘူး။ ဘုရားမှာ သစ္စာဆို ပြောရဲတယ်။ ဒီဓာတ်ပုံတွေလဲ ဘယ်လိုလူက ဖန်ဆင်းလိုက်တယ်လို့လဲ မစဉ်းစားတတ်အောင်ပဲ။ အဲ ... မနေ့က လူနှစ်ယောက်လာတယ်၊ ဘဘဓာတ်ပုံ မယ်မယ့်ကိုပေးတယ်၊ မယ်မယ့်ဓာတ်ပုံ ဘဘကိုပေး တယ်၊ ဒီလို ဓာတ်ပုံတွေနဲ့ ဖလင်ကော်ပြားတွေ လူတို့လက်ထဲမှာ ရှိကြောင်း၊ အရှက်မကွဲချင်ရင် တစ်သိန်း ပေးပါလို့ တောင်းတယ်၊ မယ်မယ်တို့ ချမ်းသာတာကမှ လေးသောင်းခင်းလောက်ရှိတာ၊ ငွေတစ်သိန်းကို ဘယ်လို ပေးနိုင်မလဲ၊ ငွေတစ်သိန်းအပြည့်မရရင် ဒီဓာတ်ပုံတွေ အကြီးချဲ့ပြီး လူစည်ကားရာ နေရာတွေမှာ ကပ်မယ်လို့ ခြိမ်းခြောက်တယ်။

တစ်သက်လုံး မှည့်စွန်းမထင်အောင် အကျင့်သိက္ခာ စင်ကြယ်လို့ ရှိသေကြ၊ ကြည်ညိုကြ၊ ဆိုဆုံးမတာ နာခံကြ တဲ့ ဆွေတော် မျိုးတော်တွေ အလယ်မှာရော၊ သူစိမ်းအကြားမှာရော၊ မယ်မယ်တို့ ခွေးလိုနွားလို ဖြစ်ရတော့မယ်။ သမီးငယ် သူတို့က ဆယ်ရက်ထဲ အချိန်ပေးတယ်။ ငွေခြောက်သောင်းကြီးကို ဘယ်လို ရှာနိုင်မလဲ။ ရှာနိုင်တယ် ထားပါဦး။ ရှိသမျှ စည်းစိမ် အကုန်ပြုတ်အောင် ပေးရမှာ၊ ဒီကြွေးတွေက သံသရာ ပါတော့မယ်။ မယ်မယ်နဲ့သမီးငယ်တို့ အခြေနေ ဘယ်လောက် ဆိုးသွားမယ် ဆိုတာ စဉ်းစားကြည့်ပါတော့၊ အကောင်းဆုံးနည်းကတော့ ဘဘနဲ့ မယ်မယ်တို့ ကိုယ့်ကိုယ်ကို သတ်သေဖို့ နည်းလမ်းပဲ ရှိတော့တယ်ကွယ် ..."

ဒေါ်ခင်ခင်ထားက သမီးလိပ်ပတ်လည်အောင် စုံစုံစေ့စေ့ ရှင်းပြပြီး ပြင်းထန်သော ဝေဒနာကြောင့် ရင်ကို လက်နှင့် ဖိကာ မျက်လုံးများ

မိုတ်နေသည်။ မခင်မျိုးသည် မိခင်အား အငေးသားကြည့်နေ၏။ ဤလို ယုတ်မာ ညစ်ညမ်းသောအလုပ်ကို ဘဘနှင့် မယ်မယ်တို့ စိတ်ပင်ကူးမည် မဟုတ်ကြောင်း မခင်မျိုး အတတ်သိပါ၏။ သို့သော် မလိုမုန်းထားသော လူယုတ်မာ၏ လက်ချက်ကား ပိုင်ရှာပေသည်။ မည်ကဲ့သို့သော နည်းဖြင့် ဤ ဓာတ်ပုံများပေါ်ပေါက်လာပါသနည်း။ မခင်မျိုးသည် တွေလေ ချာချာလည် လေဖြင့် အဖြေရှာမရအောင် ဖြစ် ရတော့သည်။

အကူအညီတောင်းရအောင်ကလည်း ယုံကြည်စိတ်ချရမည့် သူရှိပါမည်လော။ အမှုပေါ်သည် မပေါ်သည် သာ မသေချာခင် ဓာတ်ပုံပြရမည်ဖြစ်၍ အရှက်ကွဲမှာက သေချာနေသည်။ အရှက်အကြောက်ကြီးလှသော ဘဘ နှင့် မယ်မယ် တို့ မတော်တဆများ သတ်သေသွားကြမှဖြင့် ...

မခင်မျိုးသည် ရှေ့ဆက် မတွေးရဲတော့ချေ။ ခုတင်ဘောင်ကို မှီကာ မျက်လုံးစုံမှိတ်ပြီး ဘဘနှင့် မယ်မယ်တို့ အသက် နှင့် အရှက်ကို ကယ်တင်ရန် နည်းလမ်းကို စဉ်းစားလိုက်သည်။ စိတ်ဆင်းရဲစရာ ကောင်းလှသော အမှောင် သည်သာ မခင်မျိုးကို ဖုံးလွှမ်းနေသည်။

တစ်နေ့တစ်နေ့နှင့် တရွေ့ရွေ့ အချိန်ကုန်ခဲ့၏။ ငါးရက်မြောက်သော နေ့ဝယ် စာတိုမှ စာတစ်စောင် ရောက် လာသည်။ စာ၏ အဓိပ္ပာယ်မှာ ရက်ချိန်းစေ့သော နေ့ဝယ် မခင်မျိုးကိုယ်တိုင် ငွေတစ်သိန်းကိုပိုက်ကာ မန္တလေး တောင်ခြေဓာတ်ပေါင်း စေတီတော်ကို တက်လာရာ လမ်းတွင် နေ့လယ်တစ်နာရီတိတိ အချိန်မှာ စောင့်နေရန်နှင့် အကူအညီလူများ ပါလာခဲ့လျှင် ငွေကို မယူတော့ဘဲ အရှက်သာလျှင် ကွဲမည်ဖြစ်ကြောင်း တင်းမာစွာ ရေးလိုက်သောစာဖြစ်သည်။

စာမှာဘဘနှင့်မယ်မယ်တို့ အိမ်ပေါ်ထပ်တွင် တစ်ယောက်တစ်ခန်း စိတ်ဆင်းရဲစွာ အောင်းနေစဉ် ရောက် လာသော စာဖြစ်၍ မခင်မျိုးသည် စာကို ဘဘနှင့် မယ်မယ်အား မပြတော့ချေ။ ပြလျှင်လည်း အကြောင်း ထူးမည်မဟုတ်။ ငွေရှာရသည် မရသည်ကို အပထားပြီး၊ လူယုတ်မာများ ချိန်းဆိုရာကို မခင်မျိုး တစ် ယောက်တည်း မည်သည့်နည်းနှင့်မှ ခွင့်ပြုမည်မဟုတ်ချေ။ သူတို့ကိုယ်သူတို့ အဆုံးစီရင်ရမည့်ဘက်ကို သေချာ သလောက် ဖြစ်နေ၏။

မခင်မျိုးသည် စာကို လုံခြုံစွာ သိမ်းပြီး မည်သူ့ထံ အကူအညီ တောင်းရပါမည်နည်းဟု ခေါင်းပူအောင် စဉ်းစား လိုက်သည်။

" ကိုထွန်းသစ် "

မခင်မျိုး၏ ဦးနှောက်ထဲဝယ် ကျောင်းနေဘက် သူငယ်ချင်းလဲဖြစ်၊ မောင်နှမရင်း ကဲ့သို့လည်း ခင်မင်နေ သောငွေတိုက်ဝန်ထောက် ဦးထွန်းသစ်ကို စဉ်းစားလိုက်မိသည်။ မခင်မျိုးသည် အချိန်ကြာအောင် မဆိုင်း နေတော့ဘဲ အင်္ကျီလုံချည် သင့်တင့်ရုံလဲလှယ်ကာ စာနှင့်ဓာတ်ပုံ နှစ်ပုံကို အတွင်းခံ ဘော်ဒီအိတ်တွင် သေချာစွာထည့်ပြီး ဘဘနှင့် မယ်မယ်တို့ကို အသိမပေးတော့ဘဲ အိမ်မှ တိတ်တဆိတ် ထွက်လာခဲ့လေ သည်။

မခင်မျိုးသည် မြင်းရထားတစ်စီးကို ငှားစီးလာသည်။ မခင်မျိုး နေထိုင်ရာ တောင်ပြင်မှသည် သူငယ်ချင်း ကိုထွန်းသစ်နေရာ ကျုံးကြီးနားအထိ လာရသည့် ခရီးမှာ အတန်းငယ်ဝေးလှ၏။ မြင်းရထား ပြတင်းပေါက် မှလှမ်းပြီး မန္တလေး တောင်ကို မြင်နေရသောမခင်မျိုးသည် လူဆိုးများ ခြိမ်းခြောက်သည့်စာကို သတိရနေ တော့သည်။ သေသည် ရှင်သည် မသိ။ သတင်း အစအနပင် မပေါ်အောင် ပျောက်ကွယ်နေသော ချစ်သူ ကိုစောနိုင်

အား တမ်းတ လွမ်းဆွတ်သောစိတ၊ လတ်တလောအားဖြင့် အသက်ရော အရွက်ပါ ပျက်စီးကြ တော့မည့် မိဘနှစ်ပါးအတွက် စိုးရိမ်ပူပန်သော စိတ်တို့ ရောထွေးကာ မခင်မျိုးသည် စိတ်ရှိသလောက် အော်ဟစ် ငိုကြွေး လိုက်ချင်တော့၏။ သို့သော် အံကို တင်းတင်းခဲကာ လက်ကိုင်ပဝါနှင့် အဆင်သင့်တွေ့ကာ ဤကိစ္စ ပေါ်ပေါက်အောင် ကူညီနိုင်ပါစေဟု ဆုတောင်းရင်းဖြင့် သူငယ်ချင်း ကိုထွန်းသစ်၏ အိမ်သို့ ရောက်လာ၏။

မြင်းရထားပေါ်မှ အဆောတလျင်ဆင်းကာ ရထားမောင်းသမားအား ခေတ္တစောင့်ရန် မှာကြားခဲ့ပြီး အားကိုး မျှော်လင့်စွာဖြင့် အိမ်ဝင်းထဲသို့ ဝင်သွားလေသည်။ အိမ်ကြီးမှာ တံခါးများ ပိတ်ပြီး ဆိတ်ငြိမ်နေသည်။

" ကိုထွန်းသစ် ... ကိုထွန်းသစ် "

မခင်မျိုး က တံခါးကို လက်ဝါးဖြင့်ပုတ်ပြီး ခပ်ကျယ်ကျယ်ခေါ်လိုက်၏။ သို့သော် အိမ်တွင်းမှ လူသံလည်း မကြား၊ တံခါးလည်း ပွင့်မလာချေ။

" ဘာကိစ္စရှိလို့လဲ ကလေးမ "

ထိုအသံကြောင့် မခင်မျိုးက လှည့်ကြည့်လိုက်၏။ အိမ်ကြီး၏ တစ်ဘက်စွန်းထောင့်မှ အသက်လေးဆယ် ကျော်မျှ ရှိသော လူကြီးတစ်ယောက်ကို တွေ့ရသည်။

" ဒီအိမ်က ကိုထွန်းသစ် ရှိပါသလားဦးကြီး "

မခင်မျိုးက မေးလိုက်သည်။

" မရှိဘူးကလေးမ၊ ကိစ္စ အထူးရှိရင် ပြောခဲ့ပါ။ ဝန်ထောက်မင်း ပြန်လာရင် ပြောလိုက်ပါ့မယ် "

" ရှင် ... ဦးကြီး က ဒီအိမ်ကလား "

" ဟုတ်တယ် ကလေးမ၊ ဝန်ထောကမင်းတို့ မရှိခိုက် အိမ်စောင့်နေရတာ "

" ဟင် သူတို့ ဘယ်သွားကြလဲ၊ ဘယ်တော့ ပြန်လာမှာလဲ "

မခင်မျိုးက အသက်ပင် မရှူအားဘဲ မေးလိုက်၏။

" ရန်ကုန်သွားကြတယ်လေ၊ မင်းကတော်ပါ ပါသွားတယ်၊ မနက်ကမှ ထွက်သွားကြတာပဲ "

မခင်မျိုးသည် ပိတ်ထားသော တံခါးရွက်ကြီးကို အားပြုကာ မှီလိုက်၏။ မနက်ကမှ ထွက်သွားကြတာ၊ အခွင့် တစ်လဟူသော အဘိုးကြီး၏ စကားက နားထဲတွင် ပူလောင်စူးရှလှသည်။ အားခဲမျှော်လင့်ထားသော သူငယ်ချင်းကိုထွန်းသစ်၏ အကူအညီကို ရယူရန်ကား မျှော်လင့်ချက် မရှိတော့ပြီ။ မခင်မျိုးသည် ဆူဝေ ပူလောင်သော စိတ်ဖြင့် အိမ်စောင့် အဘိုးကြီးအား နှုတ်ပင် မဆက်ခဲ့မိဘဲ လေးလံသော ခြေလှမ်းများဖြင့် ဝင်းခြံတံခါး ဖွင့်ပေးသည်ကိုပင် မတတ်နိုင်ဘဲ ယုံကြည်စိတ်ချမည့် အကူအညီကို မည်သူ့ထံမှ မရနိုင်ပါဦး မည်နည်း ဟု တွေတွေကြီးရပ်ကာ စဉ်းစားနေဆဲဝယ် မော်တော်ကားတစ်စီး ထိုးရပ်လိုက်သည်ကို တွေ့ရ၏။

" မခင်မျိုး "

ဝမ်းသာအားရ ခေါ်လိုက်သော အသံကြောင့် မခင်မျိုးက လှည့်ကြည့်လိုက်သည်။ ကြွားကြွားယားယား သား နား တင့်တယ်စွာ

ဝတ်ဆင်ထားသော ကိုဘဆွေကို တွေ့ရ၏။ မခင်မျိုးက သူ့သောကနှင့်သူဖြစ်၍ ပြန်လည် နှုတ်မဆက် မိဘဲ အငေးသားပင် ခပ်ကြောင်ကြောင် ကြည့်နေသည်။ ကိုဘဆွေက ကားပေါ်မှ ဆင်းကာ မခင်မျိုးထံ မလာသေးဘဲ အိတ်ကပ်မှ ငါးကျပ်တန် ငွေစက္ကူ တစ်ရွက်ကို ဆွဲထုတ်ပြီး မြင်းရထားမောင်းသမားအား ပေးကာ သွားခွင့်ပြုလိုက်သည်။ တစ်နေကုန် မြင်းရထားမောင်းရ၍မှ ငွေငါး ကျပ်ရရန် ခဲယဉ်းလှသော မြင်းရထားမောင်းသမားသည် ငွေစက္ကူကို သွက်လက်လျင်မြန်စွာ လှမ်းယူကာ မြင်းကို ကြိမ်တို့ပြီး ထွက်ခွာ သွားတော့၏။ ငေးငိုင်တွေဝေနေသော မခင်မျိုးသည် ထိုအခါမှ ....

" ရှင ဘာကြောင့် ကျွန်မ ငှားလာတဲ့ မြင်းရထားကို ပြန်လွှတ်ရတာဲ "

ဟု ကိုဘဆွအား ရန်တွေ့သလို ပြောပြီး မြင်းရထားကို ပြန်ခေါ်မည့်ဟန် ပြင်လိုက်၏။ သို့သော် မြင်းရထား ကား အတော်ကလေး လှမ်းသွားလေပြီ။

" ကိုယ့်မှာ မော်တော်ကား ပါတယ် မခင်မျိုးရယ်၊ အိမ်အရောက် လိုက်ပို့ပေးမှာပေါ့၊ လာ ... လာ ၊ ကားပေါ် တက်"

ကိုဘဆွက ရွှန်းရွှန်းဝေအောင် ပြောပြီး ခေါ်သော်လည်း မခင်မျိုးက ကားပေါ်သို့ မတက်ချေ၊ ကိုဘဆွေအား တစစုံတစ်ရာမှ ပြန်မပြောဘဲ ငိုင်တွေ အုံ့မှိုင်းသော မျက်နှာဖြင့် ခေါင်းငိုက်စိုက်ချကာ ခြေကျင်လျှောက်ရန် ခြေလှမ်း ပြင်လိုက်၏။

" အို ... ခြေကျင် မလျှောက်ပါနဲ့ မခင်မျိုးရယ်၊ လိုက်ပို့ပေးပါမယ်လို့ ပြောနေတာ၊ နေပါဦး၊ မခင်မျိုး ဘာ ဖြစ်နေလဲဟင်၊ နေမကောင်းဘူးလား၊

တစ်ခုခုများ စိတ်ဒုက္ခ ဖြစ်နေသလားကွယ်၊ ကိုယ် ကြည့်ရတာ စိတ် မကောင်း ပါဘူး "

စိတ်ရှည်လက်ရှည် ကြင်နာစွာပြောနေသော ကိုဘဆွေအား မခင်မျိုးက အားနာလာသဖြင့် ...

" နေကောင်းပါတယ် "

ဟု စကားတစ်ခွန်းမျှကို ကိုဘဆွေအား ပြောလိုက်၏။ သို့သော် သွေ့ခြောက်သောလေသံ၊ ညှိုးငယ်သော မျက်နှာ၊ မျက်ရည်လည်သော မျက်လုံးများကို ကောင်းကောင်း သတိထားမိသော ကိုဘဆွေက -

" နေပါဦး၊ မခင်မျိုးမှာ အကြီးအကျယ် စိတ်ဆင်းရဲစရာ အကြောင်းတစ်ခုတော့ ပေါ်ပေါက်နေပြီထင်တယ်၊ မခင်မျိုး လေသံနဲ့ မျက်နှာကို ကောင်းကောင်းကြီး အကဲခတ်မိပါတယ်ကွဲ၊ ပြောပြပါလား မခင်မျိုးတင်၊ ကိုယ်ရေး ကိုယ်တာလား၊ ငွေရေးကြေးရေးလား၊ ကိုယ် ကူညီပါရစေလား မခင်မျိုးရယ် "

လှိုက်လှိုက်လှဲလှဲ ကိုဘဆွေအား လေသံဖြင့် ပြောဆိုမေးမြန်းနေသော ကိုဘဆွေအား မခင်မျိုးက တစ်စုံ တစ်ရာမျှ ပြန်မပြောသေးချေ၊ သို့သော် နဂိုက ဝမ်းနည်းမှု စိတ် မချမ်းသာမှု ဖြစ်နေသူသည် ယုယကြင်နာစွာ အားပေးမေးမြန်းသူရှိက ပိုပြီး ဝမ်းနည်းတတ်သော လူ့သဘာဝအတိုင်း မခင်မျိုး၏ မျက်လုံးများမှ ဝေနေ သော မျက်ရည် များသည် လျှံကျလာလေသည်။ မခင်မျိုးက မျက်ရည်ကို လက်ကိုင်ပဝါဖြင့် သုတ်လိုက်၏။ သို့သော် ခံစား နေရသော စိတ်မချမ်းသာမှုကိုကား လေသံမျှပင် မဟသေးချေ။

" ပြောပါ မခင်မျိုးရယ်၊ ကိုယ်ဘယ်လို ကူညီရမလဲ၊ အခုကိုယ်ပေးမယ့် အကူအညီက မခင်မျိုးရဲ့ ချစ်မေတ္တာ ကို မျှော်လင့် တဲ့ အကူအညီမျိုး မဟုတ်ပါဘူး၊ စေတနာ သန့်သန့်ထားမဲ့ အကူအညီဆိုတာ ယုံပါနော် "

တည်ကြည်သော မျက်နှာထားနှင့်ပြောနေသော ကိုဘဆွေအား မခင်မျိုးက ခေါင်းငုံ့ကာ မျက်ရည် သုတ်နေ ရာမှ မော်ကြည့်လိုက်သည်။ ရေနစ်နေသူသည် မြက်ကောက်ရိုး ကလေး တစ်ပင်မျှကိုပင် အားကိုးဖြင့် ဆုပ်ကိုင်တတ်ကြသည် မဟုတ်ပါလော။

" ကဲ ... လာ မခင်မျိုး ကားပေါ်တက် "

ကိုဘဆွေက မခင်မျိုးအား ကားပေါ် တက်ခိုင်းလိုက်သည်။ ထိုအချိန်အခါမှာ မခင်မျိုးအဖို့ ကိုစောခိုင်ကိုလည်း သတိမရနိုင်တော့။ ကိုဘဆွေကို မှန်းတီးရန်စကားလည်း မပြောနိုင်တော့။ မခင်မျိုး၏ စိတ်ထဲတွင် လေးငါးရက်မျှသာလိုတော့သော ဘဘနှင့် မယ်မယ်တို့၏ အရှက်နှင့် အသက်ကို မည်သည့်နည်းဖြင့် ကယ်တင်ရမည်နည်းဟူသော ပူပန်သော စိတ်သည်သာလျှင် ဆူဝေနေလေသည်။ သို့ သော် ... ကြန္ဒြေသိက္ခာ ကို အထူးထိန်းထားသူကလေးဖြစ်၍ ကိုဘဆွေ၏ ကားပေါ် တက်ထိုင်ခါ ကိုဘဆွေ ခေါ်ရာ လိုက်ပါရန်ကား မသင့်တော်ကြောင်းကို စဉ်းစားမိသည်။

" ကိစ္စမရှိပါဘူး ကိုဘဆွေ၊ ကျွန်မဘာသာ မြင်းရထားနဲ့ဘဲ ပြန်မယ်၊ ဒါနဲ့ "

မခင်မျိုးက စကားတစ်ပိုင်းတစ်စနှင့်ရပ်ခါ ချီတုံချတုံအမူအရာဖြင့် ကိုဘဆွေကို ကြည့်လိုက်သည်။ အကင်း ပါးသော ကိုဘဆွေက ကောင်းစွာ အကဲခပ်လိုက်မိ၏။

" ပြောစရာရှိတာပြောပါလေ မခင်မျိုး အစွမ်းကုန် ကူညီမယ်လို့ ပြောထားပြီးပြီပဲ၊ ကိုယ်က အခုလို ကူညီ ပေးရတဲ့ အတွက် မခင်မျိုးဆီက ဘာကိုမှ မမျှော်လင့်ပါဘူးဆိုတာ သစ္စာဆိုပြောရဲပါတယ်။ ယုံယုံကြည်ကြည် နဲ့သာ အားကိုးပါ "

မခင်မျိုးသည် ခေတ္တမျှတွေကာ စဉ်းစားနေပြီး ကိုဘဆွေကို ယုံကြည်ဟန်ဖြင့် ကြည့်ကာ ...

" ဒီလိုဆိုရင် ဒီညနေ ကျွန်မအိမ်ကို လာနိုင်မလား ကိုဘဆွေ" ဟု မေးလိုက်၏။

" လာခဲ့မယ်လေ "

ကိုဘဆွေက ငန်းငန်းတက် ဝမ်းသာသော အမူအရာမျိုး အလျဉ်းမပြဘဲ ဣန္ဒြေရရ တည်ကြည်စွာဖြင့် အဖြေ ပေးလိုက်သဖြင့် မခင်မျိုးစိတ်ထဲတွင် ကိုဘဆွေအား ကြည်ညိုအားကိုးသောစိတ် ပေါ်လာသည်။

" ကျွန်တော်သွားမယ် မခင်မျိုး၊ ညနေ ဆက်ဆက်လာခဲ့ပါမယ်၊ စိတ်ချနေပါ "

ကိုဘဆွေက နှုတ်ဆက်ပြီး သူစီးလာသော ကားပေါ်သို့ ပြန်တက်ခါ ထွက်သွားလေသည်။ မခင်မျိုးသည် တည်ငြိမ်သော ဣန္ဒြေသိက္ခာဖြင့် ထွက်ခွာသွားသော ကိုဘဆွေအား လှမ်းမျှော်ကြည့်ရင်း လိုအပ်သော အကူအညီ ကို ချောချောမောမော ပေးနိုင်ပါစေဟု စိတ်တွင်းက ဆုတောင်းလိုက်လေသည်။

-----------------------------------

ပြင်းထန်သော စိတ်သောက အရှိန်ကြောင့် အစာ ရေစာကိုပင် နှစ်ခြိုက်စွာ မစားနိုင်၊ စိပ်ပုတီးကိုယ်စီဖြင့် ဘုရားခန်း ဆောင်အတွင်းမှသာ အနေများသော ဘဘနှင့် မယ်မယ်ရှိရာသို့ မခင်မျိုးသည် ညင်သာစွာ ဝင် လာသည်။ ဝင်လာသော သမီးမခင်မျိုးအား ပြူးကြောင်သောမျက်လုံးများဖြင့် ထိတ်လန့်စွာ ကြည့်လိုက်ကြ ၏။ မခင်မျိုး က မိဘနှစ်ပါးရှေ့မှာ ရိုသေစွာ ထိုင်လိုက်သည်။

" ဘဘ နှင့် မယ်မယ် စိတ်ချမ်းသာကြပါ ဟိုကိစ္စကြီးကဖြင့် အေးအေးချမ်းချမ်းနဲ့ ပြီးသွားပါပြီ "

ပြုံးချိုရင်လန်းစွာ ပြောလိုက်သော သမီး မခင်မျိုး၏ လေသံမျက်နှာထားကြောင့် ဘဘနှင့် မယ်မယ်က အံ့အား သင့် သွားကြသည်။ လက်ထဲမှာ ကိုယ်စီကိုယ်ငှ ကိုင်ထားသော စိပ်ပုတီးကို တိုင်ပင်ထားသကဲ့သို့ လည်ပင်း တွင် ပြိုင်တူ စွပ်လိုက်ကြပြီး ...

" ဘယ်လို ... သမီးငယ် "

ဟူသော ဘဘအသံနှင့် ...

" တကယ်လား သမီးငယ် "

ဟူသော မယ်မယ်၏ အသံများက တစ်ပြိုင်တည်း ထွက်ပေါ်လာကြသည်။

" တကယ်ပါ မယ်မယ်၊ သမီး မိတ်ဆွေတစ်ယောက်ကို ဒီအကြောင်းတွေ ဖွင့်ပြောပြီး အကူအညီတောင်းတော့ မိတ်ဆွေကလဲ သစ္စာရှိရှိနဲ့ ကူညီလို့ ဘဘနဲ့ မယ်မယ်တို့ ကိစ္စ အဲဒီမိတ်ဆွေကလွဲ ပြီး ဘယ်သူမှ မသိရဘဲ ပြီးသွားပါတယ် ... မယ်မယ် ... "

မခင်မျိုးက ကြည်ရွှင်ချမ်းမြေ့သော လေသံဖြင့် ပြောလိုက်ရာ အဘိုးကြီးနှင့် အဘွားကြီး၏ မျက်နှာမှာ ကြည် လင်လာလေသည်။

" ဘယ်လိုအကူအညီယူလဲ သမီး၊ ငွေပေးရသေးသလား၊ သမီးငယ်ကိုယ်တိုင် သွားပေးရသလား "

မယ်မယ်က သိလိုဇောဖြင့် မေးနေသော်လည်း ဘဘကမူ သမီးအား ရှက်ကြောက်အားနာဟန်ဖြင့် ငြိမ်သက် စွာပင် နားထောင်နေသည်။

" ငွေပေးရပါတယ မယ်မယ်၊ သမီးမိတ်ဆွေက ဒီအကြောင်းတွေသိတော့ အတော်ပဲ စိတ်မကောင်းဖြစ်ပြီး၊ ငွေ တစ်သိန်းကို အလွယ်တကူ ထုတ်ပေးပါတယ်။ မန္တလေးတောင်ခြေကို သမီးကိုယ်တိုင်ပဲ သွားရပါတယ မယ်မယ်။ ဒါပေမယ့် တစ်ယောက်လည်းမှတ်ပါဘူး၊ အဲဒီမိတ်ဆွေပါ ပါတယ်၊ ငွေထုပ်ပိုက်ပြီး လိုက်လာရာ ပါတယ်မယ်မယ်။ ဟိုရောက်တော့ လူသုံးယောက်တွေ့ပါတယ်၊ မိတ်ဆွေက သူယူလာတဲ့ ငွေထုပ်ကို မပေးခင်မှာ နောင်ကို ဘဘတို့ ဂုဏ်သိက္ခာကို မထိခိုက်နိုင်အောင် နောက်တစ်ခါ ငွေမညှစ်နိုင်အောင်ပေါ့၊ ဓာတ်ပုံ ဖလင် ကော်ပြားတွေအားလုံး ပြန်ပေးပါလို့ တော်တော်လေး ချော့မော့ ထွက်သွားကြတာပဲ၊ မိတ်ဆွေက ဒီ ပစ္စည်းကို တစ်ခုမကျန် သမီးလက်ထဲ အပ်လို့ အားလုံးကို သမီးမီးရှို့ဖျက်ဆီးလိုက်ပါပြီ၊ အဘနဲ့ မယ်မယ်တို့ အတွက် စိတ်မချမ်းမြေ့ စရာအနှောင့်အယှက် ဘာမှ မရှိတော့ပါဘူး။ သမီးစိတ်ချမ်းသာလိုက်တာ မယ်မယ် ရယ်။ ဘဘနဲ့ မယ်မယ်ရော ဝမ်းမသာဘူးလားဟင် "

မခင်မျိုးက ဝမ်းသာအားရ ပြောနေသော်လည်း ဘဘနှင့် မယ်မယ်တို့က တစ်စုံတစ်ခုသော ဝန်ထုပ် ဝန်ပိုး ကြီးအတွက် ခေါင်းလေးနေဟန်ဖြင့် သမီးအား ငြိမ်သက်စွာပင် ကြည့်နေကြသည်။ အတန်ကြာမှ ...

" တို့ ပစ္စည်းအင်အားက သုံးလေးသောင်းခင်းလောက် ရှိတာပဲ ထားထား။ ဒီကြွေးငွေတစ်သိန်းကို တို့မသေခင် ဆပ်ဖို့ တာဝန်ရှိတယ်။ သမီးငယ် မိတ်ဆွေထံက ယူတာ အတိုးနဲ့လား။ စာချုပ်ချုပ်ရသေးလား "

ဟု ဘဘက စဉ်းစဉ်းစားစား မေးလိုက်၏။

" အေး ... ဟုတ်သားပဲ၊ သမီးငယ် ဘယ်လို ယူတာလဲ " ဟု မယ်မယ်ကပါ မေးလိုက်သည်။

" အတိုးလဲ မရှိပါဘူး။ စာချုပ်လဲ မချုပ်ရပါဘူး ဘဘ၊ သူက သမီးကိုလဲ ခင်မင်တယ်၊ ဘဘနဲ့ မယ်မယ်ကိုလဲ ကြည်ညို လို့ပါတဲ့။ ဆပ်နိုင်လဲဆပ်၊ မဆပ်နိုင်လဲ အပူတပြင်း မတောင်းပါဘူးလို့ ပြောတာပဲ မယ်မယ် "

မခင်မျိုး က ဘဘနှင့် မယ်မယ်ကို တစ်လှည့်စီကြည့်ပြီး ရှင်းပြလိုက်၏။ ဘဘနှင့် မယ်မယ်က အတန်ကြာ ဆိတ်ငြိမ် နေပြီးမှ ...

" အဲဒီ မိတ်ဆွေက ယောက်ျားလား၊ မိန်းမလား၊ ဘယ်ကလဲ၊ ဘယ်သူလဲ " ဟု ဘဘက စဉ်းစားမိဟန်ဖြင့် မေးလိုက် သည်။

" ယောက်ျား မိတ်ဆွေပါ ဘဘ။ ကျောင်းမှာ နေစဉ်ကလဲ မြင်ဖူး သိဖူးပါတယ်။ မွန်လေသား ဇာတိပါပဲ။ ဘဘနဲ့ မယ်မယ်တို့ သိပါလိမ့်မယ်။ နေပြည်တော်သုံး ရွှေပန်းထိမ်ဆိုတာ၊ အဲဒီ ပန်းထိမ်ဖိုး ပိုင်ရှင်ရဲ့ တူပါပဲ၊ အခုတော့ ရန်ကုန်မှာ စိန်ရွှေ ရတနာဆိုင်တည်ပြီး ချမ်းသာနေတယ်လို့ ကြားပါတယ။ သူ့နာမည်က ကိုဘဆွေတဲ့ ..."

ဘဘနှင့် မယ်မယ်တို့ ဆက်တိုက်မေးမည့် မေးခွန်းတွေကို ကြိုတင် သိသည့်အလား မခင်မျိုးက စုံလင်စွာ ဖြေကြားလိုက်၏။

" ဩော် ... ဒီ သူငယ်က အခု မန္တလေးမှာပဲ ရှိသေးသလား "

ဘဘ မေးလိုက်ပြန်သည်။

လေးငါးရက် နေရင် ရန်ကုန် ပြန်မယ်လို့ ပြောသွားပါတယ်ဘဘ။ မပြန်ခင်တော့ လာ နှုတ်ဆက်မယ်လို့ ထင်ပါတယ် .... "

" အေး ... ဒီ သူငယ်လာရင် ဘဘတို့ကို အသိပေး သမီးငယ် ... "

" ဟုတ်ကဲ့ ဘဘ ..... "

မခင်မျိုးက အဖြေပေးပြီး ...

" ဒီနေ့ ညစာတော့ ဘဘနဲ့ မယ်မယ်တို့ ထမင်းမြိန်အောင် ဘဘနဲ့ မယ်မယ်တို့ကြိုက်တဲ့ ဟင်းလျာတွေ စီမံ ထားပါတယ်။ သမီး မီးဖိုဆောင် ဝင်လိုက်ပါဦးမယ် "

ဟု ရွှင်လန်းစွာပြောကာ ဘုရားဆောင်အတွင်းမှထွက်သွားသော မခင်မျိုးအား ဘဘင့် မယ်မယ်က လှမ်း ကြည့်ပြီး သမီးနောင်ရေးကို စဉ်းစားမိသောအဓိပ္ပာယ်ဖြင့် တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်လိုက်ကြလေ သည်။

ဘုရားဆောင် အတွင်းမှ ထွက်လာသော မခင်မျိုးသည် ဘဘနှင့် မယ်မယ်ရှေ့မှာ ဟန်ဆောင်ခဲ့ရသော ရွှင်လန်း သည့် အမူအရာ ပျောက်ကွယ်သွားလသည်။ မီးဖိုဆောင် ကိစ္စများစီမံပြီးပြီဖြစ်၍ သူ့အခန်းတွင်း ဝင်ကာ အိပ်ယာပေါ်သို့ ပစ်လှဲလိုက်မိ၏။ နောငါလာနောင်ခါရေး သဘောထားပြီး ဘဘနှင့် မယ်မယ်တို့၏ လတ်တလော အရေးကို ဖြစ်သည့်

နည်းနှင့် ကာကွယ်လိုက်ရစေကာမူ ကြွေးငွေ တစ်သိန်း၏ တာဝန်က မသေးကြောင်း ကို စဉ်းစားမိ၏။

စာချုပ်စာတမ်းပင် မရှိစေကာမူ ဘာသာတရားကို လေးစား၍ ရိုးဖြောင့် တည်ကြည်သူများဖြစ်၍ ကြွေးငွေကို လျစ်လျူ မရှုနိုင်ရာပေ။ မိမိက လျစ်လျူရှုနိုင်သည် ထားဘိဦး၊ ဘဘနှင့် မယ်မယ်တို့က မည်သည့် နည်းနှင့် မျှ သံသရာ ကြွေး အတင်ခံမည်မဟုတ်ချေ။ အကယ်၍များ ကိုဘဆွေက ဖောက်ပြန်သော စိတ် ဝင်လာပြီး မယ်မယ် နှင့် ဘဘတို့၏ အတွင်းရေးကို အကြပ်ကိုင်ကာ မိမိအား သိမ်းပိုက်မည်ဆိုပါလျှင် ...

မခင်မျိုး သည် ရှေ့ဆက်ပြီး တွေးရန် မရဲတော့သဖြင့် မျက်လုံးကို မှိတ်ထားလိုက်သည်။ မှိတ်ထားသော မျက် လုံးထဲတွင် ဘယ်ဆီ ဘယ်ဒေသ ရောက်နေပြီး သေမှန်း ရှင်မှန်း မသိရသော ချစ်သူ ကိုစောခိုင်၏ မျက်နှာ က ပေါ်လာသည်။

" ဩော် ... ကိုစော ... ကိုစော ဒီအတိုင်းသာ အစပျောက်နေရင် ကိုစောနဲ့ခင်တို့ လွဲရလိမ့်မယ်ထင်တယ် ကိုစော၊ အသက်ထင်ရှားရှိမှ ရှိပါသေးရဲ့လား နော် ... "

မခင်မျိုးသည် ဆွေးမြေ့စွာ တွေးကာ မျက်ရည်များ ဝေလာလေတော့သည်။

သန့်ပြန့်သောရုပ်ရည်၊ ခံ့ညားသပ်ရပ်သောအဝတ်အဆင်ဖြင့် ရှိသေကျိုးနွံသော အမူအရာကို ထင်ရှားစွာ ဖော်ပြကာ မိကောင်း ဖခင် သားသမီး ပီသသည့် အမူရာဖြင့် သိမ်မွေ့စွာ ထိုင်နေသော ကိုဘဆွေအား ဘဘ နှင့် မယ်မယ်က ကျေးဇူးတင် လေးစားအားကိုးသော အမူအရာဖြင့် ကြည်နေကြသည်။

" မောင်ဘဆွေက ကူညီထားတဲ့ ကျေးဇူးကို သမီးပြောပြထားလို့ အားလုံး သိပါပြီ။ ဦးတို့ ကျေးဇူးတင်လို့ မဆုံးပါဘူး တူမောင် အမှန်မှာတော့ ဦးတို့ ဒီလို ကိစ္စမျိုးနဲ့ လုံ့ဝ ကင်းလွတ်ပါတယ် ဆိုတာ သစ္စာဆို ပြောရဲပါတယ်ကွယ် ... ။ အင်း ... ဘဝက ဝဋ်နွှေကြွေးပေ့ါလေ "

ဘဘက လေးတွဲ့သော အသံဖြင့် ပြောလိုက်သည်။ မယ်မယ်ကား တစ်ခွန်းမှ စကားမစချေ။ ငြိမ်သက်စွာပင် ထိုင် နေသည်။

" ဟုတ်ကဲ့ဦး - မခင်မျိုးက ကိစ္စကြီးကို ဖွင့်ဟပြီး အကူအညီတောင်းလိုက်တော့ ကျွန်တော် တော်တော်ပဲ စိတ်မချမ်းမသာ ဖြစ်သွားပါတယ်။ သူ့အဖို့ကလဲ ကျွန်တော်ကလွဲပြီး ရင်းနှီးရမယ့်လူ၊ ယုံကြည်အားကိုးရမယ့် လူ မရှိတော့၊ မခင်မျိုး စိတ်ချမ်းသာမှုအတွက်ဆိုရင် ဘာမဆို လုပ်မယ်လို့ ကျွန်တော် စိတ်ဆုံးဖြတ်ထားတဲ့ အတိုင်း ခဲခဲယဉ်းယဉ်း ဆောင်ရွက်ကူညီလိုက်တာပါပဲ ခင်ဗျာ .... "

ကိုဘဆွေက ယဉ်ကျေးသော စကားလုံး၊ သိမ်မွေ့ပျော့ပျောင်းသော အသံဖြင့် ပြောလိုက်သော စကားလုံး များမှာ သူနှင့် မခင်မျိုး သဘောတူ ရင်းရင်းနှီးနှီး ချစ်ကြိုက်နေပါပြီ ဟူသော အဓိပ္ပာယ်ကို သွယ်ဝိုက်သော နည်းဖြင့် ဖော်ပြလိုက်ခြင်းဖြစ်ကြောင်းကို ဘဘနှင့် မယ်မယ်တို့ ကောင်းစွာ သဘောပေါက်လိုက်ကြသဖြင့် တစ်ယောက် မျက်နှာ တစ်ယောက် မသိမသာ လှမ်းကြည့်လိုက်ကြသည်။ ထိုအခိုက် ကောင်းမွန်ကျနစွာဖြင့် ပြင်ထားသော လက်ဖက်ရည်ပွဲ လင်ပန်းကို မခင်မျိုး ကိုယ်တိုင်ယူပြီး ဧည့်ခန်းအတွင်းသို့ ဝင်လာသဖြင့် ဘဘ မယ်မယ်နှင့် ကိုဘဆွေတို့ စကားပြတ်သွားပြီး မခင်မျိုးအား လှမ်းကြည့်လိုက်သည်။

မခင်မျိုးက ဘဘနှင့် မယ်မယ်ကို လက်ဖ်ရည်ပန်းကန်များ၊ မုန့်ပန်းကန်များ ရှိသေစွာချပေးလိုက်ပြီးနောက် ကိုဘဆွေ ကိုလည်း ကျေးဇူးပြုထားသူတစ်ယောက်အနေဖြင့် လက်ဖက်ရည်ပန်းကန်၊ မုန့်ပန်းကန်များကို ရှိသေစွာ ချပေးလိုက်လေသည်။ ဘဘနှင့် မယ်မယ်တို့၏ အရှက်နှင့်အသက်ကို ကာကွယ်ရန် အကူအညီ တောင်းသည့်နေ့မှစပြီး ကိုဘဆွေသည် မခင်မျိုး၏ ချစ်မေတ္တာကို တောင်းခံသည့် အရိပ်အမြွက်ပါသော စကားကိုမှ မပြောတော့ဘဲ သိက္ခာရှိစွာ တည်တည်ကြည်ကြည် ဆက်ဆံပြောလာသဖြင့်လည်း မခင်မျိုး သည် ကိုဘဆွေအား စိတ်ချယုံကြည် လေးစားလာသည်။ ထို့ကြောင့်လည်း ချိုသာသော မျက်နှာပေးဖြင့် -

" ချွေးကလေးစို့ပြီး ပေါ့ပေါ့ပါးပါးဖြစ်အောင် လက်ဖက်ရည် ပူပူကလေး သောက်လိုက်ပါဦး ကိုဘဆွေ "

ဟု သာယာသော အသံကလေးဖြင့် လောကဝတ် စကားကို ဆိုကာ နောက်ဖေးဆောင်သို့ ပြန်ဝင်သွားလေ သည်။ မခင်မျိုးက ကျေးဇူးရှင်တစ်ယောက်အနေဖြင့် ရိုးသားသော စေတနာဖြင့် ပြောသွားစေကာမူ ကိုဘဆွေက မျက်နှာပူ စိတ်မလုံသော အမူအရာဖြင့် ဘဘနှင့် မယ်မယ်အား လှမ်းကြည့်လိုက်သည်။ ဘဘနှင့် မယ်မယ်က ကိုဘဆွေ၏ အမူအရာကို လည်းကောင်း၊ သမီးမခင်မျိုးက လောကဝတ်ပြုသွား သော စကားလုံး ကိုလည်းကောင်း တညီတညာတည်း အဓိပ္ပာယ် ကောက်ယူပြီး အထင်ရောက်လိုက်ကြသည်မှာ ကိုဘဆွေနှင့် မခင်မျိုးတို့ မေတ္တာရှိနေကြပြီ ဟူသတည်း။

" မောင်ဘဆွေက အခု အတည်တကျ ဘယ်မှာ အခြေစိုက် နေထိုင်သလဲကွဲ့ " မယ်မယ်က မေးလိုက်သည်။

" ရန်ကုန်မှာပဲ ဒေါ်ဒေါ်၊ ပန်းဆိုးတန်းမှာ စိန်ရွှေရတနာဆိုင် ဖွင့်ထားပါတယ်၊ နိုင်ငံခြားသားတွေနဲ့ အပြိုင်အဆိုင် အရောင်းအဝယ် လုပ်နေပါတယ်၊ ရန်ကုန်မှာ နေပေမယ့် မွန္တလေးကို တစ်ပတ်တစ်ခါ မလာရ မနေနိုင်ဖြစ်လို့ အပတ်စဉ်လာပါတယ်။ လာတိုင်းလဲ မခင်မျိုးကို နှုတ်ဆက်ပါတယ်။ ဦးနဲ့ ဒေါ်ဒေါ်တို့က တောရကျောင်းမှာ တရားအားထုတ်နေလို့ မသိတာပါ၊ အခုတစ်ပတ်အလာမှာတော့ မခင်မျိုး စိတ်ချမ်းလာ အောင် ကူညီလိုက်ရလို့ ကျွန်တော် ဝမ်းသာပါတယ် ခင်ဗျာ "

အဓိပ္ပာယ်တွေ ဖြစ်ချင်တိုင်း ဖြစ်နိုင်မည့် စကားမျိုးကို ကိုဘဆွေက မှင်သေသေ မျက်နှာပေးဖြင့် ပြောလိုက် ပြန်ရာ ဘဘနှင့် မယ်မယ်တို့စိတ်မှာ ပိုပြီး သေချာသွားကြပြန်သည်။

" မောင်ဘဆွေမှာ မိဘတွေ မရှိတော့ဘူးနော် "

နေပြည်တော်သုံး ရွှေပန်းတိမ်ပိုင်ရှင်ထံမှာ ကပ်ရပ်နေခဲ့ရသူအဖြစ် သတင်းသန့်သန့် ကြားဖူးသော ဘဘက သမီးနှင့်ပတ်သက်သော စကားကို မျက်နှာပူပူဟန်ဖြင့် စကားလွှဲမေးလိုက်သည်။ ထိုသို့ မေးလိုက်ခါမှ ကိုဘဆွေက အခွင့်ကောင်းယူပြီး ...

" မရှိတော့ပါဘူး ဦး၊ မိဘလဲရှိ၊ ဆွေမျိုးရင်းချာလဲမရှိတဲ့ ကျွန်တော့်အဖို့ ခင်မင်တွယ်တာစရာ ဦး၊ ဒေါ်ဒေါ်နဲ့ မခင်မျိုးတို့ပဲ ရှိပါတယ်၊ ဦးနဲ့ ဒေါ်ဒေါ်ကို မိဘအရင်းလို သဘောထားပြီး ကျွန်တော် ကြည်ညို ပြုစုပါရစေလို့ ခွင့်တောင်းပါတယ် "

ဟု လိမ္မာစွာ စကားဆက်လိုက်၏။ ဘဘနှင့် မယ်မယ် တစ်စုံတစ်ရာမှမပြောဘဲ လက်ဖက်ရည ပန်းကန်ကို အသီးသီး ဆွဲယူကာ လက်ဖက်ရည်

သောက်နေကြသည်။ လက်ဖက်ရည်သောက်နေရင်းလည်း တစ် ယောက် မျက်နှာ တစ်ယောက် အမူအရာကို ကိုဘဆွေက မသိဟန်ဆောင်ကာ လက်ဖက်ရည် ဣန္ဒြေရရ သောက်နေသည်။ ဘဘက သောက်ပြီး လက်ဖက်ရည်ပန်းကန်ကို အသာအယာ ပြန်ချထားပြီး ဆက်ပြော လိုက်၏။

" မောင်ဘဆွေ ကုန်ကျထားရတဲ့ ငွေကို အခု လောလောဆယ်မှာတော့ ဦးတို့ သုံးသောင်းလောက် ပြန်ဆပ် မယ်၊ ထိုငွေခုနစ်သောင်းကိုတော့ ဆပ်နိုင်ဖို့ အတွက်လဲ ဦးတို့ မိတ်ဆွေရင်း တစ်ယောက်နဲ့ သစ်လုပ်ငန်း တစ်ခု ထူထောင်ဖို့ စီစဉ်ထားတယ်ကွဲ့၊ တစ်နှစ် ကိုအနည်းဆုံး ခြောက်ထောင်ထက် မနည်းအရစ်ကျ ဆပ်သွားမယ်လို့ ကြိုးစားရည်မှန်းချက်ရှိတယ်၊ အဲဒီတော့ သန်ဘကခါကို နေ့ခင်းအခုလို အချိန်မှာ မောင်ဘဆွေလာခဲ့ပါ။ ဦး ငွေသုံးသောင်းလတ်တလော ဆပ်လိုက်ပါမယ် "

သမီးနှင့် မေတ္တာရှိနေသည် မှန်စေကာမူ ကြေးငွေကြောင့် သမီးကို အပ်လိုက်ရမည့် သဘောမျိုး မဖြစ် စေလိုသော ဘဘက ရင့်ကျက်သောမျက်နှာ တည်ကြည်သော အသံဖြင့် ပြောလိုက်သည်။

အို ... ထားထားတို့ မေ့နေလို့ မောင်မောင်၊ ဘွားတော်ဘုရား ကံတော်မကုန်မီက မြေးဦးအဖြစ်နဲ့ ချစ်တော် မူလို့ မြလည်ဆွဲကြိုး သနားတော်မူခဲ့တာရှိပါလား၊ ဟို မျက်နှာဖြူ အရေးပိုင်က ဘိလပ်က သူ့ ဇနီးထံပို့ချင် လို့ သောင်းငါးထောင် ပေးပွဲမယ် ရောင်းပါလို့ စကားကမ်းထားချက် ရှိသားကပဲ၊ အဲဒါပါ ရောင်းလိုက်ရင် လေးသောင်းကျော် ဆပ်နိုင်မယ်လေ၊ မဟုတ်လား မောင်မောင် "

ဒေါ်ခင်ခင်ထားက တာဝန်ပေါ့သလောက် ပေါ့သွားမည်ဖြစ်၍ ရွှင်လန်းသော လေသံဖြင့် ပြောလိုက်၏။ သို့သော် မျက်နှာကား မကောင်းရှာပေ။

" အေး ... ထားထား ရောင်းချင်သပ ဆိုလဲ ရောင်းပေါ့ကွယ် "

ဘဘက ညှိုးသောမျက်နှာကို မယ်မယ့် မမြင်စေရန် တစ်ဘက်သို့လှဲပြီး ပြောလိုက်ရှာသည်။

" နေပါဦး ခင်ဗျာ၊ ဦးနဲ့ဒေါ်ဒေါ်ကို ကျွန်တော် အစီရင်ခံပါရစေ "

ကိုဘဆွေက ပျာပျာသလဲ စကားပြောလိုက်၏။

" ဘာများလဲ မောင်ဘဆွေ "

ဘဘက မေးလိုက်သည်။

" ဦးနဲ့ ဒေါ်ဒေကို ရိုသေ ကြည်ညိုတဲ့စိတ် ဦးထိပ်မှာထားပြီး အစီရင် ခံပါတယ်၊ ဒီငွေတွေကို ပြန်ဆပ်ရမယ်လို့ ကျွန်တော် မရည်မှန်းခဲ့ပါဘူးခင်ဗျာ၊ ကျွန်တော့် ပစ္စည်းလဲ မခင်မျိုး ပစ္စည်းလို့ ယူဆစေလို ပါတယ်၊ သားနဲ့သမီးက မိဘတာဝန်ကို ထမ်းဆောင်ရတဲ့ ကိစ္စမို့ မွေးကျေးဇူးကို ဆပ်တယ်လို့ပဲ သဘော ထားပါခင်ဗျာ "

ကိုဘဆွေက ပကတိရိုးသားသော မျက်နှာထား လေသံဖြင့် မဝံ့မရဲသော အမူအရာကလေး ရှေ့ဆောင်ပြီး ပြောကာ ခေါင်းငုံ့နေသည်။ ခေါင်းငုံ့နေသော်လည်း အမှုမဲ့ အမှတ်မဲ့ ငုံ့နေခြင်းကား မဟုတ်။ လျှပ်ပြက်သလို မျက်လွှာကို အထက်သို့ လှန်ကြည့်လိုက်ရာမှ အဘိုးကြီးနှင့် အဘွားကြီးတို့ ဘယ်လို သဘောရသည်ဟူ သောအဓိပ္ပာယ်ဖြင့် တစ်ယောက်ကို တစ်ယောက် မေးငေါ့ လိုက်ကြသည်ကို ကောင်းစွာ မြင်လိုက်သည်။

" ကဲ ... မောင်ဘဆွေက ဒီလောက်အထိ ပွင့်ပွင့်လင်းလင်း ပြောလာမှ ဦးကလဲ ပွင့်ပွင့်လင်းလင်း မေးရမှာ ပေ့ါကွယ်။ မောင်ဘဆွေနဲ့ သမီးတို့က စိတ်တူ သဘောတူ ရည်ငံနေကြပြီလား "

ဘဘက မထူးတော့ပြီဟု သဘောပိုက်ကာ တစ်ဦးတည်းသော ချစ်မငြီးသည့် သမီးအရေးမို့ မေးလိုက်ရှာ၏။

" ဟုတ်ကဲ့ ... ဦး "

မူလကပင် ထင်ခဲ့ပြီးဖြစ်၍ ဘဘနှင့် မယ်မယ်တို့ အထူးတလည် အံ့ဩမှု မဖြစ်တော့ချေ။

" မျက်နှာစုံညီ သမီးကို ခေါ်မေးရင် မသင့်လား မောင်မောင် "

မယ်မယ်က ပြောလိုက်ပြီး မခင်မျိုးကို ခေါ်မည့်ဟန်မျိုးဖြင့် အိမ်အတွင်းဘက်ဆီသို့ မျက်နှာ လှည့်လိုက်၏။ ကိုဘဆွေ မသိမသာ မျက်လုံးပြူးသွားသည်။

" ကျွန်တော် အစီရင်ခံပါရစေဦး ဒေါ်ဒေါ် "

ကိုဘဆွေက ပျာပျာသလဲဟန့်တာလိုက်သဖြင့် အိမ်အတွင်းခန်းဘက်သို့ လှည့်နေသော မယ်မယ်၏ မျက်နှာက ကိုဘဆွေဘက် ပြန်လှည့်သွားသည်။

" အင်း ... ပြောပါ မောင်ဘဆွေ "

မယ်မယ်က ပြောလိုက်သည်။

" ဒီလိုပါခင်ဗျာ၊ ဦးနဲ့ ဒေါ်ဒေါ် နားနဲ့မနာဖဝါးနဲ့နာပါတော့လို့ ကျွန်တော် ကြိုတင်တောင်းပန်ပါတယ်၊ ဦးနဲ့ ဒေါ်ဒေါ်အတွက် ဒါလောက် ငွေအတုံးအခဲကို ရက်ရက်ရောရော အကုန်ခံပြီး ကျွန်တော် ကြိုးစား ကာကွယ် ခဲ့တာဟာလဲ

မခင်မျိုးအပေါ်မှာ ကြီးမားတဲ့ မြတ်နိုးမှုကြောင့်ဖြစ်ပါတယ်၊ ကျွန်တော်ရဲ့ မြတ်နိုးမှုကိုလဲ မခင်မျိုးက ကိုယ်လုံးပုံအပ်ခဲ့ပြီးပါပြီ၊ အတုံ့အပြန် ကြင်နာကြတာပါပဲ ခင်ဗျာ၊ ဒါပေမယ့် သူက ဦးနဲ့ ဒေါ်ဒေါ် တို့ စိတ်အေးချမ်းသာယာမှု အနယ်ထိုင်မှ ဒီကိစ္စကို အေးအေးဆေးဆေး အသိပေးပါလို့ မှာထားတော့ အခုလို သူမသိဘဲ ကျွန်တော်က ပြောနေတယ်ဆိုတော့ ကျွန်တော့်ကို သူ စိတ်ပျက်မှာ စိုးရိမ်တာလဲ တစ်ကြောင်း၊ နောက်တစ်ချက်က ကျွန်တော် ရှေ့မှာ မိဘနှစ်ပါးက မေးရင် သူသိပ်ရှက်ပြီး ငြင်းလိုက်ရင် ဦးနဲ့ ဒေါ်ဒေါ် အထင်လွဲသွားမှာလဲ ကျွန်တော် စိုးရိမ်လို့ မခင်မျိုးကို ခေါ်ယူမေးမြန်းခြင်း မလုပ်ပါနဲ့လို့ ဒေါ်ဒေါ်ကို ကျွန်တော် တောင်းပန်ပါတယ် "

ကိုဘဆွေက အစီရင်ခံချက်ကို ရှင်းလင်း နေစဉ်မှာ ဘဘက မျက်နှာပူဟန်ဖြင့် ကိုဘဆွေကို မကြည့်ဘဲ မျက်နှာကို မသိမသာ လွှဲနေသည်။ သမီး၏ ချစ်သူရည်းစားဆိုသူက ဤကဲ့သို့ မကွယ်မထောက် ပြောနေ သည်ကို ဘဘကဲ့သို့ ကိုယ်ကျင့်သိက္ခာကို တန်ဖိုးထားသူအဖို့ ရင်ထဲမှာ နာရှာသည်။ သို့သော် လူသိမခံဝံ့ သည့် မိမိ၏ ဝဋ်ဒုက္ခကြီးကို ဖုံးဖိ ကယ်တင်သူ ဖြစ်၍သာ ငုတ်တုတ်ထိုင်နေရရှာခြင်းဖြစ်သည်။ မယ်မယ်ကမူ စဉ်းစားတွေးတောဟန်ဖြင့် အတန်ကြာငြိမ်နေပြီးမှ ...

" အေးလေ မောင်ဘဆွေက အခုလောလောဆယ် မပြောပါနဲ့ဆိုတော့ မောင်ဘဆွေ ဆန္ဒကို လိုက်လျော ရပေမပေါ့၊ ဒါပေမယ့် မမေးဘဲ မြှုပ်ထားလို့တော့ မဖြစ်ဘူး မောင်ဘဆွေ၊ သမီးက မောင်ဘဆွေ ပြောသလို ဟုတ် မဟုတ် ကို သိရအောင် မေးဖို့က ဒေါ်ဒေါ်တို့မှာ တာဝန်ရှိနေတယ်ကွယ့် "

မယ်မယ်က ပြောလိုက်သော လေသံမှာ သံသယဝင်သံပါနေသည်။ ဣန္ဒြေသိက္ခာ ရှိလှသော သမီးသည် မောင်ဘဆွေ ပြောသလို ပိုင်ပိုင်နိုင်နိုင် လူသိရှင်ကြား မဖြစ်မီမှာ မိုက်မိုက်မဲမဲ မှားယွင်းသည် ဆိုခြင်းကို မယ်မယ်က မယုံမရဲ ဖြစ်နေသည်။ ပါးနပ်သော ကိုဘဆွေ က မယ်မယ်၏ စကား အဓိပ္ပာယ်နှင့် လေသံကို ကောင်းစွာ သဘောပေါက်လိုက်၏။

" ဟုတ်ကဲ့ ဒေါ်ဒေါ်၊ ဒေါ်ဒေါ်တို့ ဝတ္တရားရှိတာ မှန်ပါတယ်၊ မခင်မျိုးအတွက် အကောင်းဆုံး အခြေအနေ ဖြစ်ဖို့ ကျွန်တော် စီစဉ်ချင်တာကတော့ သူ့ကို အထွေအထူး ဘာမှ မေးမနေဘဲ ကျွန်တော်နဲ့ လက်ထပ်ဖို့ သဘောတူ တယ်လို့ တစ်ခွန်းသာ ပြောစေလိုပါတယ်၊ သူဘယ်နည်းနဲ့မှ ငြင်းမျာ မဟုတ်ပါဘူး၊ မိဘမသိဘဲ သူ ရည်စား ထား တယ် ဆိုတဲ့ အပြောမျိုး သူနည်းနည်းမှ မခံယူလိုပါဘူး၊ သိပ်ရှက်သွားမှာ ကျွန်တော် စိုးရိမ် လို့ပါ၊ လက်ထပ်ပွဲ ကို ဦးနဲ့ဒေါ်ဒေါ်တို့ သဘောကျသလို ကျွန်တော် အမြန်ဆုံး စီစဉ်ပါ့မယ် "

မယ်မယ်က ဘဘမျက်နှာ လှမ်းကြည့်သည်။ ဘဘက ခပ်လွှဲလွှဲထားသော မျက်နှာကို ကိုဘဆွေထံ တည့် တည့် လှည့်လိုက်သည်။

မောင်ဘဆွေက သမီးကို တကယ် မြတ်နိုးပါတယ် ပြောခဲ့တယ် မဟုတ်လား "

" တကယ်ပဲ မြတ်နိုးပါတယ် ဦး "

ကိုဘဆွေ က ရဲရဲပင် ဖြေလိုက်သည်။

" အေး ... တကယ် မြတ်နိုးတယ်ဆိုရင် သူ စိတ်ချမ်းသာသလို နေပေါ့စေလား၊ ဘာကြောင့် သူ့ကို စိတ်ဆင်း ရဲအောင် အပူတပြင်း ဖြစ်ချင်ရတာလဲ မောင်ဘဆွေ "

ဘဘ က စိတ်မချမ်းသာသောအသံဖြင့် မေးလိုက်သည်။

" ခတ်ပါတယ် ဦးရယ်၊ ဦးနဲ့ ဒေါ်ဒေါ်ကိုရော၊ သူ့ကိုရော ကျွန်တော် ဖွင့်မပြောချင်လို့ အခုလို အလျင်အမြန် တိုက်တွန်း နေရတာပါ။ ဒီအကြောင်း ဖွင့်ပြောရင် အားလုံး စိတ်မချမ်းသာ ဖြစ်ကုန်မှာ ကျွန်တော် မကြည့် ရက် လို့ပါပဲ "

ကိုဘဆွေက စိတ်မကောင်းစွာ ပြောပြီး သေသပ် ပိရိစွာ ဖြီးထားသော ဆံပင်များ ပွသွားသည့်တိုင်အောင် ခေါင်း ကို ကုတ်ဖွလိုက်၏။

" အလို - ဘာကြောင့်လဲ မောင်ဘဆွေ "

" အေး - ပြောပါဦးကွယ် "

ဘဘနှင့် မယ်မယ်က ထိတ်လန့်စွာ မေးလိုက်ကြသည်။ ကိုဘဆွေသည် ခေါင်း အောက်စိုက်ချခါ အတန်ကြာ ငိုင်နေပြီးမှ -

" ကဲ - မထူးပါဘူးလေ၊ ကျွန်တော့် အပေါ် တစ်မျိုးတစ်မည် ထင်မှာတော့ မလိုလားပါဘူး၊ ဦးနဲ့ ဒေါ်ဒေါ်ကို ဖွင့်ပြော ပါတော့မယ် "

ကိုဘဆွေက စကားဖြတ်လိုက်ပြီး ဘဘနှင့် မယ်မယ်ကို အကဲခတ်လိုက်သည်။ ဘဘနှင့် မယ်မယ်က စိတ် အား ထက်သန်စွာ နားစွင့်နေကြသည်။

" ဦးနဲ့ ဒေါ်ဒေါ်ကို ဓာတ်ပုံနဲ့ ခြိမ်းခြောက်သူ တစ်စုဟာ ကျွန်တော် စုံစမ်းလို့ သိရသလောက်ပေါ့ ခင်ဗျာ၊ အမှန် က မခင်မျိုးကို ဖျက်ဆီးချင်ကြလို့

ဆိုပါတော့၊ သူတို့ ချစ်ရေးဆိုတာ မခင်မျိုးက လက်မခံခဲ့လို့ပေါ့လေ၊ အပြီး ထားပြီး မွန္တလေးတောင်ခြေကို မခင်မျိုးလာတဲ့အခါ ငွေရော လူရော သိမ်းမလို့ ကြံကြတာပါပဲ "

ကိုဘဆွေက စကားကို ခေတ္တ ဖြတ်လိုက်ပြန်၏။ ဘဘနှင့် မယ်မယ်တို့ မျက်လုံးဝိုင်းသွားကြသည်။ အာစေး ထည့်ထား သလို စကားတစ်ခွန်းမှ မဆိုနိုင်ဘဲ ကိုဘဆွေကို ထိတ်လန့်စွာ ကြည့်နေကြ၏။ ကိုဘဆွေက စကား ဆက်လိုက်၏။

" ဒါပေမယ့် ကျွန်တော် ပါသွားတော့ သူတို့ ကြံစည်ချက် ပျက်ရတာပေါ့ခင်ဗျာ၊ အဲဒါ အခဲမကျေတော့ ဖြစ်နိုင်တဲ့ နည်းနဲ့ မခင်မျိုးကို နှောင့်ယှက်မယ်၊ ဂုဏ်သိက္ခာပျက်အောင် ကြံမယ်လို့ ကြားရပါတယ်။ ဒါကြောင့် ကျွန်တော် အခုလို အပူတပြင်း လက်ထပ်ခွင့် တောင်းရတာပါခင်ဗျာ၊ လက်ထပ်ပြီးရင် ဦးနဲ့ ဒေါ်ဒေါ်ရော၊ မခင်မျိုး ရော၊ ရန်ကုန်ကို တပါတည်းပြောင်းရွှေ့ ခေါ်ယူမယ်လို့ စီစဉ်ထားပါတယ် "

ခဲမှန် ဖူးသော စာသူငယ် ဖြစ်ခဲ့ရရှာကြသော ဘဘနှင့် မယ်မယ်တို့ နှစ်ယောက်မှာ ခေါင်းငိုက်စိုက် ကျသွား ရှာလေသည်။

---------------------

ခါနယုန် သည်မာသပေမို့၊ ရွာပုံတော် ချီကာပြ ပါပေါ့၊ ညာအလှ ရှုတော်မူ ညို့လို့သာ ဆိုင်းတော့တယ်၊ တို တိုင်းဝတီဆီက၊ ထိန်လျှံညီ လျှပ်ခြည်ဝင့်တယ်ကွယ်၊ နတ်စည်ရင့်ကျူး ခန်းသဉ်ဆောင် ရဝေတွင်းမှာလ၊ ဩော်-လွမ်းချင်ပေါင် တမေတင်းသော်လဲ၊ ဖြေရင်းပ ဆွေးရှာသူ၊ တွေးကာပူလို့ ခွေယိုင်နွမ်း။ အုံမှိုင်းရီ ဘုံတိုင်း အာကာဆီက ညာမဒီ ငိုရှော့လို့။ ပြိုတော့မယ် ယောင်ယောင်နဲ့၊ မိုးနတ်မောင် ဖန်ပုံကဲပြန်တော့ တယ်ရှင် - သဲစိမ့်အောင်လွမ်း ။

မိုးသံ လေသံ ကြားယင်ဖြင့် တို့မယားက မျှော်လိမ့်မယ်၊ ဟူသော မိုးဦးလေဦး ကျပြီဆိုလျှင် ရှေးလူ ကြီးများ လွမ်းလွမ်းဆွေးဆွေး ညည်းလေ့ရှိသောတေးကို မခင်မျိုးက သတိရမိသည်။ အိမ်ခန်းပြတင်းပေါက်မှ အုံ့မှိုင်း သော မိုးကောင်းကင်ကို ငေးမျှော်ကြည့်ရင်း ကိုစောခိုင်ကို လှိုက်လှိုက်လှဲလှဲ လွမ်းမိသည်။ အသည်း နှလုံးမှ ကွဲအက် လျှံထွက်လာသော အဆွေးသည် လေးချိုးတစ်ပုဒ် အဖြစ်သို့ ပြောင်းကာ နှုတ်မှ ကြေကွဲစွာ ဆွဲဆွဲ ငင်ငင် ဆိုလိုက်မိ၏။

မခင်မျိုးသည် ဝေလျှံလာသော မျက်ရည်များကို လက်ဖဝါးကလေးဖြင့် သုတ်လိုက်ပြီးနောက် သေတ္တာကို ဖွင့်ကာ ကိုစောခိုင် ခရီးမထွက်မီ နောက်ဆုံး ပေးသွားသော စာကလေးကို ထုတ်ယူပြီး ဖတ်လိုက်သည်။ ထို့ နောက် စာရွက်ကို နေရာမပျက်ခေါက်ခါ ပြန်ထားလိုက်ပြန်၏။ ဓာတ်ပုံအတွင်းမှ ကိုစောခိုင်၏ တည်ကြည် သောမျက်နှာသည် တဖြည်းဖြည်း ပြုံးယောင်သန်းလာသည်ဟု ထင်မိသည်။ ဓာတ်ပုံအတွင်းမှ ကိုစောခိုင်၏ မျက်လုံးများသည် တစ်လတ်လတ် တောက်ပလာသည်ဟု ထင်မိသည်။ ကိုစောခိုင်၏ ဓာတ်ပုံသည် အသက်ဝင် လာသည်။

" ချစ်သူ ဖြစ်နေသော်လည်းယောကျ်ားလေးကို ဓာတ်ပုံပေးထားရတယ်ဆိုတာ မိန်းကလေးသိက္ခာကို ထိ ခိုက်မယ် လို့ ခင်ကယူဆထားလို့ မပေးချင်ရင်လဲ ခင့်စိတ် အနှောင့်အယှက်ဖြစ်အောင် ကိုစောက အတင်း အကြပ် မတောင်းလိုပါဘူးခင်၊ ကိုစောဓာတ်ပုံကို ပေးတာတော့ ခင် လက်ခံမယ် မဟုတ်လား "

ဆယ်တန်းစာမေးပွဲကြီး စစ်ပြီး၍ ကျောင်းသားများ လူစု ခွဲကြရတော့မည့် နောက်ဆုံးနေ့ဝယ်၊ ကျောင်းသူ ကျောင်းသား များ အသီးသီး

မိဘရပ်ထံပြန်ကြရမည်ဖြစ်၍ ခင်မင်ရာ ခင်မင်ကြောင်း တစ်ယောက် နှင့်တစ်ယောက် နှုတ်ဆက်နေကြသည့်အချိန်၌ ကိုစောခိုင်က မခင်မျိုးအား နှုတ်ဆက်သလိုလိုဖြင့် အခြား ကျောင်း သူ ကျောင်းသား များ မရိပ်မိအောင် တည်ကြည်သော မျက်နှာဖြင့် ဣန္ဒြေရရပြောလိုက်သည်။

" ကိုစော ဓာတ်ပုံကိုတော့ မြတ်နိုးဝမ်းသာစွာနဲ့ ခင်လက်ခံပါမယ် "

မခင်မျိုးကလည်း ဣန္ဒြေရရပင် ပြောလိုက်သည်။ ကိုစောခိုင်က ဓာတ်ပုံညှပ်သည့်ထားသော ကျောင်းစာအုပ် တစ်အုပ်ကို လှမ်းပေးလိုက်၏။

ကိုစော တက္ကသိုလ် ရောက်နေတဲ့အချိန်မှာ ကိုယ်စားကြည့်ဖို့ပါပဲခင် "

" တက္ကသိုလ်ရောက်တဲ့အချိန်မှာသာ မဟုတ်ပါဘူး ကိုစော၊ အချိန်တိုင်း အချိန်တိုင်း၊ လွမ်းတိုင်း သတိရတိုင်း ခင်ကြည့်ပါ့မယ် "

မခင်မျိုး၏ စကားကို ကိုစောခိုင်က များစွာ ပီတိ ဖြစ်သွားသည်။ တည်ကြည်သော မျက်နှာမှာ ပြုံးရောင် သန်း လာသည်။ မျက်လုံးများက မခင်မျိုးအား ချစ်မြတ်နိုးသော အခိုးအလျှံများ တလက်လက် တောက်ပလာသည်။

" ခင်သွားတော့မယ် "

အခြားသူများ ရိပ်မိမည်စိုး၍ မခင်မျိုးက လှည့်ထွက်လာခဲ့သည်။ ထိုသို့ လှည့်ထွက်လာခဲ့ရာမှ ကိုစောခိုင် ရပ်၍ပင် ကျန်ရစ်လေသလားဟု မသိမသာ ခေါင်းငဲ့ကြည့်လိုက်မိ၏။

သို့သော် မခင်မျိုးက ရေးဖြစ်ဟောင်းကို အောက်မေ့လွမ်းစွတ်သောစိတ်နှင့် ယောင်ယမ်းကာ ခေါင်းကို ငုံ့ ကြည့်လိုက် သော်လည်း ချစ်သူကိုစောခိုင်ကိုကား မတွေ့ အခန်းဝတွင် ရပ်နေသော အိမ်ဖော်မယ်မှုံကို ဘွားခနဲ တွေ့လိုက်ရ၏။ မခင်မျိုးက ပျာယီးပျာယာ ရှက်ကြောက်သော အမူအရာမျိုးမသုံးဘဲ ...

" ဘာကိစ္စလဲ မှုံမှုံ" ဟု မေးလိုက်၏။

အကင်းပါးသော မယ်မှုံက ရှေ့တိုးမလာဘဲ အခန်းဝရပ်လျက် ကိုယ်ကို အနည်းငယ်ကိုင်းညွတ်ခါ ...

" မေမေကြီး က အခေါ်ခိုင်းပါတယ် မမလေး "

ဟု ပြင်သာသော အသံဖြင့်ပြောပြီး လှည့်ထွက်သွားလေသည်။ မခင်မျိုးသည် ဓာတ်ပုံကို နေရာတကျ ပြန် ထည့်ထားကာ သေတ္တာကို ပိတ်လိုက်ပြီး အခန်းထဲမှ ထွက်လာခဲ့သည်။

မယ်မယ် သည် သူ့အခန်းထဲရှိ ပက်လက်ကုလားထိုင် တစ်လုံးပေါ်မှာ ခြေပစ်လက်ပစ်ထိုင်နေသည်။ မျက်နှာ ကား ညိုးနေ၏။ ဘာဘကား မရှိချေ။ ဘုရားခန်းသို့မဟုတ် စာကြည့်ခန်းမှာ ရောက်နေသည်ထင်သည်။

" သမီး ရောက်ပါပြီ မယ်မယ် "

မခင်မျိုးက မယ်မယ်၏ ခြေရင်း ကြမ်းပြင်ပေါ်မှာ ရှိသေစွာ ဒူးတုပ်ထိုင်လိုက်၏။ သမီး ဝင်လာစကပင် မြင်ပြီး သော မယ်မယ်က အံ့အားသင့်ခြင်းမရှိ။ သမီး၏ မျက်နှာကို မတုန်မလှုပ် ခေတ္တမျှတွေပြီး ကြည့်နေ၏။

" သမီးကို ပြောစရာရှိပါသလား မယ်မယ် "

မခင်မျိုးက မေးလိုက်၏။

" သမီး ငယ်စဉ်ကစပြီး မယ်မယ်နှင့် ဘဘတို့ကို မလိမ်တတ်ဘူးဆိုတာသိလို့ မယ်မယ်မေးတာမှန်တဲ့အတိုင်း ဖြေနော် သမီး "

" ဟုတ်ကဲ့ မယ်မယ် "

မခင်မျိုးက လှပကြည်လင်သော မျက်လုံးဖြင့် မယ်မယ် မျက်နှာကို မော့ကြည့်ကာ အံ့သြသောစိတ်ဖြင့် ပြောလိုက်သည်။

" သမီး မှာ ချစ်သူရည်းစား ရှိနေပြီ မဟုတ်လား "

မယ်မယ်က တဲ့တဲ့ပင် မေးလိုက်သည်။

" မှန်ပါတယ် မယ်မယ် "

မခင်မျိုးက ခေါင်းငုံ့ပြီး ဖြေလိုက်သည်။ ငါနဲ့ ကိုစော ရည်နေတဲ့အကြောင်း မယ်မယ် ဘယ်လိုလုပ် သိပါ လိမ့်မှာ အံ့သြသော စိတ်ဖြင့် တွေးမိ၏။ မယ်မယ်၏ စိတ်ထဲမှာမူ ကိုဆွေပြောသော စကားမှာ မှန်ပေသည်ဟု ကိုဘဆွေ ကို ယုံကြည်လိုက်၏။

" အေး … မယ်မယ်တို့ကို အသိမပေးဘဲ ချစ်ရည်ငံခဲ့တာကို ခုမှတော့ မယ်မယ်တို့ အပြစ်မတင်လိုတော့ပါ ဘူး သမီးငယ် ဒီအတိုင်းနေလို့ မဖြစ်ဘူး၊ လူကြီးစုံရာနဲ့ တိတိလင်းလင်း ထိမ်းမြားမှဖြစ်မယ် "

မယ်မယ်ကမူ မခင်မျိုးကိုယ်တိုင်က ချစ်သူ ရှိနေပါပြီဟု ဖွင့်ဟ ဝန်ခံနေပြီဖြစ်၍ ကိုဘဆွေ ပင် ဖြစ်မည်ဟု တစ်ထစ်ချ စွဲမြဲ ထောက်ထားစရာ အကြောင်းကြောင်းတွေကလည်း ဖြစ်ပေါ်နေသောကြောင့် လက်ထပ်ရန်

တိုက်တွန်း လိုက်သည်။ မခင်မျိုးကလည်း မယ်မယ်မျက်နှာ မကြည့်ဝံ့သလို ခေါင်းငုံ့နေရာမှ မမော်ဘဲ ...

" သူ ... သူက ဒီမွန္တလေးမှာ မရှိပါဘူး မယ်မယ် "

ဟု ဆို့နစ်ကြေကွဲသံဖြင့် ပြောကာ မျက်ရည်လည်လာသည်။ သြော် ... ကိုစောရယ်၊ မယ်မယ်က လက်ထပ် ဖို့ တိုက်တွန်း နေပါပြီ၊ ကိုစော ဘယ်ဆီဘယ်ဒေသ ရောက်နေမှန်းလဲ မသိ၊ သေလေသလား၊ ရှင်လေသလား ခင် ဘယ်လို အဖြေပေးရပါမလဲ ကိုစောရေ ... ဟု စိတ်တွင်းမှ တမ်းတပြောဆိုမိသည်။

" အို... ဒီသူငယ် မွန္တလေးမှာ မနေဘူးဆိုတာ မယ်မယ် သိပြီးသားပါ၊ လက်ထပ်ပြီးရင် သူ အမြဲနေထိုင်ရာ ဒေသ ကို သမီးငယ်နဲ့ အတူ မယ်မယ်ဘဘတို့ပါ ရွှေ့ပြောင်းလိုက်ပါရလိမ့်မယ်၊ မရွှေ့လို့လဲ မဖြစ်ဘူး သမီး ငယ် "

မယ်မယ်က ပြောပြီး ခေါင်းငုံ့နေသော မခင်မျိုးအား စိုက်ကြည့်နေသည်။ မခင်မျိုးက ခေါင်းကို ဆတ်ခနဲ မော် ပြီး မယ်မယ်ကို ကြည့်လိုက်၏။

" အို ... မယ်မယ် ဘယ်လိုသိလဲ ဟင်၊ မယ်မယ့်ကို ဘယ်သူက လာပြောလဲ မယ်မယ် "

မခင်မျိုးက အံ့သြစွာ မေးလိုက်သည်။

" သူကိုယ်တိုင်ပဲလာပြီး ပန်ကြားတယ် သမီးရဲ့၊ သူ့မှာ မိဘကလဲ မရှိတော့ မယ်မယ်တို့ကိုပဲ မိဘအမှတ် ထား ပါရစေလို့ သိမ်သိမ်မွေ့မွေ့ပဲ ပြောပါတယ်၊ သမီးကို မယ်မယ်က ခေါ်မလို့ပါပဲ၊ သူငယ်ရှေ့မှာ သမီး ရှက် နေလိမ့်မယ် လို့ ငဲ့ညှာပြီး ခုမှ မေးရတာသမီးငယ်၊ မေတ္တာရှိတာကြာမြင့်ပြီ မဟုတ်လား

သမီးအဖို့လဲ တင့်တင့် တယ်တယ် အကာအကွယ် ရမှာမို့ ဒီသူငယ်ရဲ့ ပန်ကြားချက်ကို မယ်မယ်နဲ့ ဘဘက လက်ခံလိုက် ပါပြီလေ"

မယ်မယ်က ကိုဘဆွေ ပြောသမျှကို ပြန်ပြောနေလေသည်။ မခင်မျိုးကမူ " အင်း … ကိုစော တစ်ယောက် ကဖြင့် သတင်းမပေးဘဲ ဇာတ်မြှုပ်နေပြီး အခုမှ ငါ ပြုန်းခနဲ ဝမ်းသာအောင် စီစဉ်တာနဲ့ တူတယ်၊ ဩော် … သူ့မှာ မိဘမရှိတာတွေ၊ မေတ္တာ မျှခဲ့တာ ကြာပြီဆိုတာက အစ မယ်မယ်နဲ့ ဘဘကို ဖွင့်ပြောရှာပါကလား၊ ဒီလိုတော့လဲ သူ ပြောရဲတဲ့ သတ္တိ အရှိသားပဲ၊ ဟင်း … ကိုစောတော့လား၊ ဘဘနဲ့ မယ်မယ်ကို လာပြောတဲ့ နေ့က ခင်မသိလိုက်လို့၊ နောက်တစ်ခါ လာလို့တွေ့မှ လူလဲ မလာ၊ စာလဲ မရောက်၊ ပျောက်ချက်သား ကောင်းပုံ တွေကို ဒေါ်ပါပါနဲ့ မေးကြည့်စမ်းမယ်" ဟု စိတ်တွင်းမှ ကြည်နူးစွာ တွေးနေသည်တွင် မျက်နှာ ကလေး မှာလည်း ကြည်လင်ဝင်းပကာ ပြုံးယောင်သန်းသွားသည်ကို မယ်မယ်က ကောင်းစွာ အကဲခတ် လိုက် မိသည်။

" သူ ဘယ်တော့ လာဦးမှာလဲ မယ်မယ် "

မခင်မျိုးက မယ်မယ့် မျက်နှာကို မဝံ့မရဲ ကြည့်ကာ ရှက်ရွံ့သံကလေးဖြင့် မေးလိုက်၏။

" လာပါလိမ့်မယ် သမီး၊ မြန်မြန် ကိစ္စပြီးရင် မြန်မြန် စိတ်အေးချမ်းသာ ဖြစ်ရမယ့် ကိစ္စမို့ အခုလာမယ့် တနင်္ဂနွေနေ့မှာ စေ့စပ်ကြောင်းလမ်း လက်ထပ်ခြင်းကို တစ်နေ့တည်း တစ်ချိန်တည်း လုပ်လိုက်မယ်လေ၊ သူငယ်လေးဘက်က လူကြီးမိဘဖြစ်နဲ့ သမီးတို့ ပညာသင်ခဲ့တဲ့ ကျောင်းက ကျောင်းအုပ်ဆရာကြီးနဲ့ အတန်း ပိုင်ဆရာတွေ ပါလိမ့်မယ်၊ သမီးတို့က တစ်ကျောင်းတည်း ထွက်တွေဆိုတော့ ဆရာကြီးတွေက ကြည်ကြည် ဖြူဖြူ

လိုက်ပါကြလိမ့်မယ်လို့ ပြောတယ်၊ နောက်ပြီး မယ်မယ်တို့ ဘက်ကလဲ တိုင်ပင်သင့်၊ အသိပေးသင့်တဲ့ ဆွေတော် မျိုးတော်တွေကို ဆက်ရဦးမှာဆိုတော့ စုစုပေါင်း လူတစ်ရာလောက်ပါပဲ၊ သိပ်ခမ်းခမ်းနားနားကြီး မလုပ်တော့ပါဘူးလို့ မယ်မယ်နဲ့ ဘဘက စီစဉ်လိုက်တယ်၊ ဘာကြောင့်လဲဆိုတော့ ခမ်းခမ်းနားနား စီစဉ်နေ ရင် ငွေကုန်မှာက အရေးမကြီးဘူး၊ ရက် ကြာညောင်းမျာ စိုးလို့ပဲကွယ့်၊ သမီးအဖို့ နောက်ရန်က မအေးဘူး မဟုတ်လား "

မယ်မယ်က စုံစေ့စွာ ပြောဆိုနေသည်ကို ငြိမ်သက်စွာ နားထောင်နေသော မခင်မျိုးက မျက်လုံးကလေးများ ဝိုင်းသွားသည်။

" ဘယ်လိုမယ်မယ်၊ နောက်ရန် မအေးဘူး ဆိုတာက ... "

မခင်မျိုး က နားမလည်သဖြင့် မေးလိုက်၏။

" ဒီလိုလေ ... သမီးကို ချစ်ရေးဆိုတာ မရလို့ နိုင်လုံးနဲ့ ကိုင်ပြီး ဖျက်ဆီးမယ်လို့ သဲသဲမဲမဲ ကြံစည်နေသူ ရှိတယ်လို့ သူငယ်လေးက ပြောသွားတယ်ကွယ့် "

မခင်မျိုး၏ မျက်လုံးထဲမှာ ကိုဘဆွေ၏ ဓာတ်ပုံသဏ္ဍာန်သည် အထင်းသား ပေါ်လာသည်။

" နိုင်လုံးနဲ့ကိုင်ပြီး ဖျက်ဆီးမယ်ကြံသူဟာ ကိုဘဆွေပဲ ဖြစ်မှာပါပဲ" ဟု အတတ်တွေးလိုက်၏။

" ဟုတ်ပါတယ် မယ်မယ်၊ ဘဘနဲ့ မယ်မယ် စီစဉ်တာ၊ သမီးအတွက် အဆင်အပြေဆုံးပါပဲ "

မခင်မျိုးကလည်း ကိုဘဆွေရန်မှ မြန်မြန်လွတ်စေရန် ရည်သန်ပြီး ဝမ်းသာစွာ ပြောလိုက်၏။ ထိုအခိုက် မယ်မှုံ ရောက်လာသည်။ မယ်မယ်ရှေ့ကြမ်းပြင်ပေါ်မှာ ရှိသေစွာ ဒူးတုပ်ထိုင်လိုက်၏။

" ဘာဘဲ မယ်မှုံ "

မယ်မယ်က မေးလိုက်သည်။

" မ်လေး ကိစ္စအတွက် အကြောင်းကြားထားတဲ့ ထိပ်တန်းဘုရားတို့ အောက်ထပ် ညေ့ခန်းမှာ ရောက်နေကြ ပါပြီ၊ ဘဘကြီး က အခေါ်လွှတ်ပါတယ် မေမေကြီး "

" အေး ... အေး "

မယ်မယ်က ပြောပြီး ပက်လက် ကုလားထိုင်ပေါ်မှ ထလိုက်၏။

" သမီးငယ် ... လိုက်ဦးမလား "

မယ်မယ်က မေးလိုက်သည်။

" သမီး ရှက်ပါတယ် မယ်မယ် "

မခင်မျိုးက စိတ်မလုံသော မျက်နှာကလေးဖြင့် ဖြေလိုက်၏။

" အေးပါလေ ... မလိုက်ပါနဲ့၊ မယ်မှုံ ညေ့ဝတ်ပြုဖို့ အစားအစာတွေ အရံသင့် ဖြစ်ရဲ့နော် "

မယ်မယ်က မခင်မျိုးနှင့် ငွေမှုံကို တစ်လှည့်စီ ကြည့်ကာ ပြောပြီး အခန်းတွင်းမှ ထွက်သွားလေသည်။

မခင်မျိုးသည် မယ်မယ် ထွက်သွားသောအခါ အခန်းနံရံတွင် ချိတ်ဆွဲထားသော ပြက္ခဒိန်ကို ထကြည့် လိုက်၏။ ယနေ့ သည် ကြာသပတေးနေ့ဖြစ်သည်။ လာမည့် တနင်္ဂနွေနေ့ ဆိုလျှင် လက်ထပ်ရန် နှစ်ရက် သာလျှင် လိုတော့သည်။ ပြက္ခဒိန်ကို ကြည်နူးစွာကြည့်နေသော မခင်မျိုး၏ မျက်လုံးထဲတွင် ပြက္ခဒိန်ပေါ်မှ စာလုံးများ ပျောက် သွားသည်။ ခံ့ညားတည်ကြည်သော မျက်နှာဖြင့် ရွှင်လန်းစွာပြုံးနေသော ချစ်သူ ကိုစောနိုင်၏ မျက်နှာ ပေါ်လာ၏။

ကိုစောနော် ... ကိုစော၊ ခင့်ကို ဒုက္ခပေးခဲ့တာတွေ အတိုးချပြီး စိတ်ကောက်ပြလိုက်အုံးမယ် "

------------------------------

ခမ်းနားကြီးကျယ်သော လက်ထပ်ပွဲကြီး မဟုတ်စေကာမူ ကြွရောက်လာသော လူရှစ်ဆယ်မျှမှာ ကိုဘဆွေ ဘက် မှ လူကြီးမိဘအဖြစ် လိုက်ပါလာသော ကျောင်းအုပ်ဆရာကြီး ဆရာ ဆရာမများနှင့် မခင်မျိုးဘက်မှ မဟာဆွေတော် မျိုးတော်များသာဖြစ်၍ မင်္ဂလာဆောင်မှာ ဆူဆူညံညံ မဖြစ်ပေ။ အေးချမ်း တိတ်ဆိတ်လှ သည်။

ကိုဘဆွေက ငွေကုန်ခံကာ မန္တလေးမြို့ရှိ နာမည်ကြီး ဟိုတယ်တစ်ခုအား အကျွေးအမွေးအတွက် ကြိုတင် မှာထား ၍ အထက်တန်းကျသော အစားအသောက်များကို အဝတ်ဆင်တူ ဝတ်ထားသော ဟိုတယ် စားပွဲထိုး များက စနစ်တကျ လာရောက်တည်ခင်းသဖြင့် ဆိတ်ငြိမ်သော လက်ထပ်ပွဲကလေးမှာ စိတ်ချမ်းသာစရာ ကောင်း လှသည်။

ပိုးအင်္ကျီလက်ရှည်အဖြူ ပန်းရင့်ရောင် ကြိုးကြီးချိပ်ထဘီကို ဝတ်ခါ တစ်ပတ်လျှိုဆံမြိတ်ချ ဆံထုံးကြီး ထုံးပြီး နှင်းဆီဖြူဖြူငုံလေးတစ်ခိုင်ကို ပန်ထားသော မခင်မျိုးမျာ ရိုးရိုးကလေးနှင့် ကျက်သရေရှိကာ ချောမော လှပ လှပေသည်။

" ခင်ခင်မျိုးက လက်ထပ်ပြီးရင် ရန်ကုန်ကို ရွှေ့တော့မှာနော်၊ တင်တင်ကလေးတို့ကတော့ လွမ်းနေရစ် ရတော့ မှာပဲကွယ် "

မခင်မျိုး၏ အခန်းထဲမှာ အပျိုရံအဘော်အဖြစ်နေကြသော မဟာနွယ်ထဲမှ မခင်မျိုးနှင့်ရွယ်တူ မိန်းမပျိုငါး ယောက် အနက် တစ်ယောက်က ဝမ်းနည်းသံကလေးဖြင့် ပြောလိုက်သည်။

" တို့များက လွမ်းနေပေမယ့် ခင်ခင်မျိုးက လွမ်းမျာမဟုတ်ဘူး၊ သူ့ ကြင်ဘက်နဲ့ နှစ်သက်ကြည်နူးနေမှာပါ၊ မဟုတ်လား ခင်ခင်မျိုး "

အခြား မိန်းမပျိုတစ်ယောက်က မေးလိုက်သည်။

" ဒီလိုမထင်ပါနဲ့ ခင်ခင်ကြီးရယ်၊ ခင်မျိုးက ဆွေတော် မျိုးတော် အသိုက်ထဲက မခွဲချင်ပါဘူး၊ အလွှဲသာလို့ သျှောင်နောက် ဆံထုံးပါရမှာပါ "

မခင်မျိုးက တကယ်ပင် မခွဲချင်သောစေတနာဖြင့် ပြောလိုက်စေကာမူ မျက်နှာက မညိုးချေ။ ရက်ရှည်လများ ခွဲခွာ ခဲ့ရသော ချစ်သူကိုစောခိုင်ကို စိတ်စောနေမိသည်။ မတွေ့ကရသည်မှာ ကြာမြင့်လှပြီ ဖြစ်သော ချစ်သူ ကိုစောခိုင် ၏ မျက်နှာကို တွေ့လိုလှပြီဖြစ်၏။

ထိုအခိုက်တွင် အသက်လေးဆယ်ကျော်မျှရှိ ဦးတင်မျိုး၏ နှမ ဒေါ်တင်တင်ကြီး အခန်းတွင်းသို့ ဝင်လာသည်။

" အဆင်သင့်ဖြစ်ပြီလား တူမရေ "

ဒေါ်တင်တင်ကြီးက မေးလိုက်၏။

" ဟုတ်ကဲ့ ဖြစ်ပါပြီ ဒေါ်ဒေါ် "

မခင်မျိုးက ဖြေလိုက်၏။

" ကဲ ... လူကြီးမိဘတွေကို ကန်တော့ဖို့ အချိန်ကျပြီ တူမရဲ့၊ အခန်းထဲက ထွက်ပေရော့၊ ဟိုသူငယ် မောင်ဘဆွေ ခမျာ လည်တဆန့်ဆန့်နဲ့ အခန်းဝကိုချည်း မျှော်နေတာပဲ၊ လာ တူမ၊ တင်တင်ကလေးနဲ့ ခင်မကြီး တို့ပါ လိုက်ခဲ့ကြ "

ပြောပြောဆိုဆို ဒေါ်တင်ကြီးက လှည့်ထွက်သွားလေသည်။ ဒေါ်တင်ကြီး၏ စကားကြောင့် မခင်မျိုးက အငေးသား ဖြစ်သွားသည်။

" မဟုတ်သေးပါဘူးလေ၊ ကိုဘဆွေက ငါ့လက်ထပ်ပွဲကို သက်သက်လာတာ ထင်ပါရဲ့၊ အခန်းဝကိုချည်း မျှော် နေတယ် ဆိုတာ၊ အင်း ... ငါ့ချစ်သူ ကိုစော နဲ့ လက်ထပ်မှာ ကို မချိတင်ကဲ ဖြစ်နေတာနဲ့တူတယ်၊ ဒေါ် ဒေါ် က သိလို့ ကျီစားသွားတာလား၊ ဒီအကြောင်းကို ဒေါ်ဒေါ် ဘယ်လိုသိတာလဲ " မခင်မျိုးက အမြှင့်မပြတ် တွေးနေစဉ် မှာ တင်တင်ကလေးနှင့် ခင်မကြီးက ...

" ခင်မျိုးက အပြင်ထွက်ရမှာ ရှက်နေပြီထင်တယ် "

" ရရဲသာလာပါကွယ်၊ တို့များ ရံပြီး လိုက်ခဲ့ပါမယ် "

ဟု တစ်ယောက်တစ်ခွန်း၊ ရယ်မောပြောကာ မခင်မျိုး၏ လက်မောင်းကို တစ်ယောက်တစ်ဘက်ကိုင်ပြီး ခေါ် ထုတ်လာခဲ့လေသည်။ ချစ်သူ ကိုစောခိုင်၏ မျက်နှာကို အားရပါးရကြည့်လိုလှသော မခင်မျိုးမှာ စိတ်ထဲက

ခဲထားသလောက် ပရိသက်ရှေ့တွင်ကား စိတ်မရဲရှာပေ။ သတို့သား ထိုင်နေရာကို လှမ်း၍ပင် မကြည့်ဝံ့၊ မည်သူ့ ကိုမှလည်း မကြည့်ဝံ့၍ မျက်နှာကို အောက်စိုက်ခါ ခြေလှမ်းမမှားအောင်သာ သတိထားပြီး သတို့သား ရှိရာ လာခဲ့သည်။ သတို့သား၏ ဝဲဘက်တွင် ထိုင်မိသော်လည်း မိဘဆွေမျိုးများကို ရှက်ရွံ့သည် အလျောက် ခေါင်း ကို အတွင်သာငုံ့ထားမိ၏။

ရှေ့တွင် ချထားသော အမွှေးနံ့သာရည်၊ သပြေပန်းများဖြင့် ဝေဆာနေသော ငွေဖလားကြီးကိုသာ သဲသဲမဲမဲ စိုက်ကြည့်နေသည်။ ထိုအခိုက် တစ်ဘက်စီတွင် ရှိနေသော ကျောင်းဆရာကြီးနှင့် မဟာနွယ်ထဲမှ သက်ကြီး ဝါကြီး အမျိုးသမီးကြီး တစ်ဦးက သတို့သား၏ လက်နှင့် သတို့သမီး၏ လက်ကို ဆွဲယူကာ လက်ထပ်ပေး လိုက်ပြီး ငွေဖလားအတွင်းရှိ အမွှေးနံ့သာ ရေထဲသို့ နှစ်လိုက်သည်။ သတို့သားက မိမိ၏လက်ကို ခပ်ညှစ် ညှစ်ကလေး ကိုင်ထားသည်ကို သတိထားမိသော မခင်မျိုးက ပီတိရောသော ဒေါသကလေးဖြစ်မိ၏။

" ဟင်း ... သွားချင်ရာသွား၊ ပျောက်ချင်ရာ၊ ပျောက်နေပြီး အခုမှ သူများလက်ကို ညှစ်ထားလိုက်တာ၊ ကိုစောတော့လား နေနှင့်အုံး" ဟု မခင်မျိုးက စိတ်တွင်းမှာ တွေးနေစဉ် ...

" ယခု အချိန်ကစပြီး သတို့သားဖြစ်သူ ကျွန်တော်၏ သားတပည့် မောင်ဘဆွေနဲ့ ဦးတင်မျိုး ဒေါ်ခင်ခင်ထား တို့ ၏ သမီးဖြစ်သူ မခင်မျိုးတို့သည် လူကြီးမိဘများ သဘောတူ ထိမ်းမြားပေးသော အကြင်လင်မယား ဇနီး မောင်နှံ အဖြစ်သို့ ... "

ဟူသော ကျောင်းဆရာကြီး၏ မင်္ဂလာစကားကို ကြားလိုက်ရသော မခင်မျိုးသည် ဆရာကြီး၏ စကားမဆုံးမီ၊ ပြင်းစွာသော အံ့သြထိတ်လန့်မှုဖြင့် ငုံ့ထားသော ခေါင်းကို ဆတ်ခနဲမော်ကာ သတို့သားအား ကြည့်လိုက်၏။ မိမိအား အကဲခတ်ဟန်ဖြင့် မသိမသာ ခေါင်းငဲ့ပြီး ကြည့်လိုက်သော သတို့သား၏ မျက်နှာကို မြင်ရသည်နှင့် တစ်ပြိုင်နက် မခင်မျိုးသည် မှင်သက်မိသလို ဖြစ်သွားလေသည်။ သတို့သားကား အသက်တမျှ ချစ်လှသော ကိုစောခိုင် မဟုတ်ပါတကား။ ကျေနပ်နှစ်သိမ့်ခြင်းကို ထင်ရှားစွာ ဖော်ပြနေသော ကိုဘဆွေ၏ မျက်နှာကို မြင်လိုက်ရသည်။ မခင်မျိုး၏ နားထဲတွင် မင်္ဂလာသြဘာ စကားများကို သဲကွဲစွာ မကြားရတော့ချေ။ မျက်လုံး များ ပြာဝေလာကာ လောကကြီးတစ်ခုလုံးသည် မှောင်အတိ ဖုံးလွှမ်းသွားသည်ဟု ထင်လိုက်သည်တွင် ..

" ခင် ... ခင် "

ဟု ခေါ်လိုက်သော ကိုဘဆွေ၏ အသံကို သဲ့သဲ့မျှ ကြားလိုက်ရ၏။ မခင်မျိုးကား သတိလစ်သွားရှာလေပြီ။

-------------------

မခင်မျိုးသည် မျက်လုံး ဖွင့်ကြည့်လိုက်၏။ သန့်ရှင်း သပ်ရပ်စွာ ခင်းကျင်းထားသော နှစ်ယောက်အိပ် ခုတင် ကြီးပေါ်မှာ လဲလျောင်းနေရသည်ကို သတိထားမိသည်။ ကိုဘဆွေက မိမိအနားတွင် ကပ်ကာ ခုတင်ပေါ် တွင် တင်ပါးလွှဲ ထိုင်ပြီး မိမိ၏ လက်များကို ယုယကြင်နာစွာ ဆုပ်ကိုင်ထားသည်။ ဘဘနှင့် မယ်မယ်က ခုတင် ခေါင်းရင်းဘက်တွင် ကုလားထိုင်ကိုယ်စီဖြင့် ထိုင်နေကြသည်။ ရင်းနှီးသော ဆွေတော် မျိုးတော်အချို့ ကလည်း အခန်းထဲတွင် ရှိနေကြသည်။ အားလုံးသော လူများကို မခင်မျိုးသည် စေ့စေ့အောင် မကြည့်တော့။ ဘဘ နှင့် မယ်မယ်ကိုသာ စူးစူးစိုက်စိုက် ကြည့်ပြီး မျက်ရည်များ ဖြိုင်ဖြိုင်

ကျလာတော့၏။ တစ်ကိုယ်လုံးရှိ အကြော၊ အရိုး၊ အဆစ်တို့မှာ ကျိုးပြတ်ပြုတ်ထွက်ကုန်ဘိသကဲ့သို့ လှုပ်ရှားရန်ပင် အင်အား မရှိတော့ချေ။

" သတိရပြီလား သမီးငယ် "

ဘဘက ကြင်နာစွာ မေးလိုက်၏။ မခင်မျိုးက မဖြေပေ။ မျက်ရည်အရွဲသား မျက်လုံးများဖြင့် ကြည့်နေသည်။

သမီးငယ်က ပရိသတ်အလယ်မှာ ဒီလို တစ်ခါမှ မထိုင်ဘူးတော့ စိတ်ကျဉ်းကြပ်ပြီး မူးသွားကာ ထင်ပါတယ်၊ အခုနေကောင်းပြီ မဟုတ်လား သမီးငယ် "

မယ်မယ်က မေးလိုက်ပြန်သည်။ မခင်မျိုး အဖြေမပေး။ ပြင်းထန်သော စိတ်သောကကို ချုပ်တည်းထားရ သည့် မျက်နှာဖြင့် မယ်မယ်ကို ကြည့်လိုက်၏။ ထို့နောက် ကိုဘဆွေ ဆုပ်ကိုင်ထားသော မိမိ၏ လက်များကို အနိုင်နိုင် အားယူကာ ရုန်းလိုက်သည်။

" နေသာတယ်နော် ခင်၊ ကိုဘဆွေ စိတ်ပူလိုက်တာကွယ်၊ အခုမှ ရင်ထဲမှာ အေးသွားတော့တယ်၊ ခင် အား ရှိအောင် နွားနို့ပူပူကလေး သောက်လိုက်ပါလားကွယ်၊ အိပ်ရာက မထနဲ့ဦး၊ ကိုဆွေ မဖိတ်အောင် သာသာ ကလေး တိုက်ပေးမယ်နော် ခင် "

ကိုဘဆွေက မခင်မျိုး၏ နဖူးမှ ကပိုကရိုကျနေသော ဆံနွယ်ကလေးများကို လက်ဖြင့် သပ်ပေးရင်း ယုယစွာ ပြောနေစဉ်မှာ အသစ်စက်စက် ဇနီးမောင်နှံတို့ ယုယချင်တိုင်း ယုယနေမည့် အချိန်မှာ မခင်မျိုး ရှက်မည်စိုး၍ ဘဘမယ်မယ်နှင့် ဆွေတော်တစ်သိုက်တို့ အလိုက်သိစွာ အခန်းတွင်းမှ ထွက်ခွာသွားကြသည်။

မခင်မျိုးသည် ကိုဘဆွေကို စေ့စေ့ကြည့်ကာ အံကို ခဲလိုက်မိ၏။ သို့သော် မခင်မျိုး မည်ကဲ့သို့မှ ကိုဘဆွေ၏ လက်မှ ရုန်းထွက်နိုင်စရာ အကြောင်း မမြင်ချေ။ ဘဘနှင့် မယ်မယ်တို့ အသက်ရှင်နေသရွေ့ ကိုဘဆွေကို မည်သို့ တင်းမာနိုင်မည်နည်း။ ချစ်သူ ရည်းစား ရှိသလားဟု မယ်မယ် မေးမြန်းစဉ်က ကိုစောခိုင်ဟူသော နာမည် ကို တိတိလင်းလင်း မသုံးခဲ့ဘဲ မယ်မယ်ကို ရှက်ရွံ့သောစိတ်ဖြင့် သူ ဟူသော နမ်စားကို သုံးခဲ့မိခြင်း၊ ဘဘ နှင့် မယ်မယ်က ကြည်ဖြူစွာ လက်ထပ်ခွင့် ပေးခဲ့သော သူသည် ချစ်သူ ကိုစောခိုင်ပင်ဖြစ်မည်ဟု ထင် မှားမိခဲ့ခြင်းစသော မိမိဘက်မှ ထောက်ထားစရာ အကြောင်းတွေ ရှုံ့ယွင်းချက်တွေကို ပြန်လည် စဉ်းစားမိ သော မခင်မျိုး သည် ယူကျုံးမရသော စိတ်ဖြင့် ချုံးချငိုကြွေး လိုက်ရှာတော့သတည်း။

*

ရန်ကုန်သို့ ပြောင်းရွှေ့ လိုက်ပါလာခဲ့သော်လည်း မခင်မျိုးသည် ညှိုးချောက်သောစိတ်ဖြင့် အပြင်လည်ပတ် သွားလာခြင်းပင် မပြုမိချေ။ ပန်းဆိုးတန်းတွင် ကိုဘဆွေပိုင် ခံ့ညားသော နှစ်ထပ်တိုက်ကြီးမှာ နေချင်စဖွယ် သာယာလှပ ခံ့ညားစွာ မွမ်းမံပြင်ဆင်ထားသော်လည်း မခင်မျိုးစိတ်တွင် လှောင်အိမ်ကြီးသဖွယ် ထင်နေမိ သည်။ ကိုဘဆွေ၏ လူသိသူသိ တရားဝင် ဇနီးကြင်ယာအဖြစ် ရောက်ခဲ့ရသော မိမိ၏ မအူမလည် လူကြား မကောင်းသည့် ဇာတ်ကြောင်းကို ပြန်ပြောင်းကာ မတွေးတော့ဘဲ၊ ဆွေးစိတ်ကို ကြိုးစားဖြေကာ ကိုဘဆွေကို မချစ်သော်လည်း အောင့်ကာ နမ်းနေရရှာသော

မခင်မျိုး၏ဝတ်ကျေတန်းကျေ အမှုအရာကို အကဲခတ်မိသော ကိုဘဆွေက လိုလေသေးမရှိရအောင် ဂရုစိုက် ပြုစုယုယပေသည်။

တိုက်အပေါ်ထပ်တွင် မိသားတစ်စုနေထိုင်၍ တိုက်အောက်ထပ်တွင်ကား ကိုဘဆွေပိုင် စိန်ရွှေရတနာဆိုင် ကြီးမှာ ဟိန်းနေသည်။ အလုပ်ချိန်အတွင်းမှာ ကိုဘဆွေသည် တိုက်အောက်ထပ်ရှိ ဆိုင်မှာသာ နေလေ့ရှိ၏။ အောက်ထပ်ရှိ ဆိုင်ကို ယောင်၍မျှ ခြေဦးမလှည့်သော မခင်မျိုးအား ဘဘနှင့်မယ်မယ်က စိတ်ထဲတွင် ထူး ဆန်း သလိုဖြစ်နေသည်။

" ကိုယ့်ခင်ပွန်းရဲ့ စီးပွားရေးကို နားလည်အောင် ကြိုးစားလေ့လာဖို့ သင့်တယ်လို့ ဘဘ ထင်တယ် သမီးငယ်"

တိုက်အပေါ်ထပ်မှာသာ အောင်းနေလေ့ရှိသော မခင်မျိုးအား တစ်နေ့သော အခါဝယ် ဘဘက စကားဆို လာ၏။ မခင်မျိုးက ဘာမျှ မပြောပေ။ ခေါင်းငုံ့၍သာ နေသည်။

" သမီးငယ် နေထိုင်ပုံက မစိမ်းကားဘူးလားကွယ်၊ ဟို သူငယ်ကလေး ကြင်နာစရာကောင်းပါတယ်၊ မယ်မယ် တို့ကို လဲ မိဘအရင်းလိုပဲ ရိုသေကျိုးနွံရှာပါတယ်။ သမီးကိုလဲ ဘယ်လောက်ယုယသလဲ၊ ကိုယ့်ခင် ပွန်း စိတ်ချမ်းသာ မှ အိမ်ထောင်ရေး တည်မြဲမှာ သမီးရဲ့ "

မယ်မယ်က ဆိုဆုံးမလိုက်ပြန်၏။ ကြိုးစားမေ့ပျောက်ထားသော မခင်မျိုး၏စိတ်သည် အသစ် ပြန်ဖြစ်လာ လေသည်။ မျက်ရည်သည် ဘယ်ကဘယ်လို ထွက်လာမှန်းမသိချေ။

" ဘာဖြစ်လို့ငိုတာလဲ သမီးငယ်၊ အခု သမီးတို့အိမ်ထောင်သက် တစ်နှစ်ကျော်လို့ သားယောကျ်ားကလေးပဲ လေးလ ရှိနေပြီ၊ မောင်ဘဆွေကို သမီး ကြင်နာယုယတဲ့ အမူအရာ တစ်ခါမှမတွေ့သေးဘူး။ စိတ်မချမ်းသာ စရာ အကြောင်းများ ရှိနေသလားသမီး။ တိုင်ပင်စရာ မယ်မယ်တို့ပဲရှိနေတာ ဖွင့်ပြောပါလားကွယ် "

မျက်ရည်ကျနေသော မခင်မျိုးအား မယ်မယ်က စိတ်မချမ်းမြေ့စွာဖြင့် မေးလိုက်၏။ ဘဘကမူ သက်ပြင်းချ လိုက်သည်။ သမီးနှင့် အဖေဖြစ်နေ၍ ဘာမှ မမေးတော့ဘဲ ဆိတ်ငြိမ်စွာပင် နားထောင်နေလိုက်၏။ မခင်မျိုး သည် ဖြစ်ကြောင်းကုန်စင်ကို နုတ်သံ မနှောမိအောင် စိတ်ကို ချုပ်တည်း ထားလိုက်သည်။ ပြောပြနေ၍လည်း အကြောင်း မထူးတော့။ ထိုအခိုက် ချစ်စရာ ဖြူဖြူဖွေးဖွေး သားကလေးကို မယ်မှုံက ချီ ယူလာသည်။

" သားလေး နိုးလာပြီမမလေး "

မယ်မှုံက ရိုသေစွာ ပြောကာ သားငယ်ကို ပေးသဖြင့် မခင်မျိုးက လှမ်းလင့်ယူလိုက်သည်။

" သားလေးနာမည်ကို သမီးနှစ်သက်သလို ပေးပါရစေ ဘဘ"

မခင်မျိုးက သားကလေးကို စေ့စေ့ကြည့်ပြီး ခွင့်တောင်းလိုက်၏။

" မောင်ဘဆွေ က နာမည်ပေးပြီးပြီ မဟုတ်လား သမီးရဲ့၊ မိဘနာမည်ပါအောင် မဟာဆန်ဆန် မှည့်ထားတဲ့ မောင်မျိုးဆွေ ဆိုတဲ့အမည် ကောင်းသားပဲ "

ဘဘ က ပြောလိုက်သည်။

" သူ့နာမည်ကြီးပါနေတာ သမီးမနှစ်သက်ပါဘူး ဘဘရယ် "

မခင်မျိုးက ပြန်ပြောပြီး ...

" သမီး နှစ်သက်လို့ ရွေးထားတဲ့နာမည် ရှိပါတယ်၊ မောင်မျိုးခိုင်လို့ မှည့်မယ် "

ဟု ပြောလိုက်၏။ ဘဘနှင့်မယ်မယ်က အံ့အားသင့်သွားသည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ သက်ပြင်းကိုသာ ပြိုင်တူချလိုက်ကြတော့၏။

------------------------

ကိုဘဆွေအား မခင်မျိုးက ခပ်စိမ်းစိမ်း ဆက်ဆံ နေမှုကို ဘဘနှင့်မယ်မယ်က ဆိုဆုံးမလွန်း၊ မေးမြန်းလွန်း သည့်အကြိမ်ပေါင်း များလာသောအခါ မခင်မျိုးသည် တစ်သက်လုံးက မလိမ်လည်ခဲ့ဘူးသော မိဘနှစ်ပါး အားကိုစောခိုင်နှင့် ရည်ငံခဲ့သည့် အကြောင်းများကို ဖွင့်ဟ ဝန်ခံလိုက်ရသည်။

" မယ်မယ် မေးမြန်းစဉ်က ကိုစောခိုင်နဲ့ ရည်ငံနေတာသိလို့ မေးတယ်ထင်ပြီး ဟုတ်ပါတယ်လို့ သမီး ဝန်ခံ ခဲ့ပါတယ်။ လက်ထပ်တဲ့အချိန်ကျမှ သူမှန်းသိရတော့ သမီး ယူကျုံးမရဖြစ်ခဲ့ရပါတယ် မယ်မယ်။ ဒါကြောင့် သမီးစိတ်ထဲမှာ ဖြေမရအောင် ဖြစ်နေမိလို့ပါ "

မခင်မျိုးက မချိတင်ကဲ ပြောပြရှာသည်ကို ကြားရသောအခါ မယ်မယ်၏မျက်နှာသည် ရုတ်ခြည်းပင် မီးကင် လိုက်သောပန်းလို ညှိုးခြောက်သွားရှာသည်။ ကိုဘဆွေပြောခဲ့သော စကားများကို တစ်လုံးချင်း ပြန်လည် ကြားယောင်လာ၏။ သမီးအား ကွေးနှင့်ချေပြီး သိမ်းပိုက်လိုသည်ကို မပေါ်လွင်စေဘဲ လိမ္မာပါးနပ်စွာ မလိမ့် တစ်ပတ် ဉာဏ်သုံးပြီး လှည့်စားယူလိုက်သော အဓိပ္ပာယ်မှာ ရှင်းနေပြီဖြစ်၏။

" အင်း ဘဝဝဋ္ဋကြွေးပေါ့ သမီးငယ်၊ အရင်းစစ်လိုက်တော့ သမီးငယ် စိတ်ဆင်းရဲမှု တရားခံဟာ မယ်မယ်နဲ့ ဘဘ ပါပဲလေ။ ဪ ... ဖြစ်ရလေ ဖြစ်ရလေ "

မယ်မယ်သည် ကြေကွဲစွာပြောကာ သမီးမျက်နှာကို ဆက်ပြီး မကြည့်ရက်သလို မခင်မျိုး အနားမှ ထသွား လေ တော့သည်။

လူ့ဘဝမှာ နေရမည့် သက်တမ်းကပင်စေ့လေသလား၊ စိတ်၏ ညှဉ်းပန်းမှုပေလားမသိပေ။ မခင်မျိုးအိမ် ထောင်သက် နှစ်နှစ်ပြည့်မြောက်၍ သားကလေး မောင်မျိုးခိုင် အသက်တစ်နှစ်မျှ ရှိသောအချိန်ဝယ် ဘဘနှင့် မယ်မယ် တို့သည် တစ်ဦးနှင့်တစ်ဦး သုံးလမျှသာကွာပြီး ကံကြွေမှာ ကုန်ဆုံးကြလေပြီ။ မခင်မျိုးကား ကွဲအက်လု ဆဲဆဲ နှလုံးသားကို သားကလေးအတွက် ငဲ့ကွက်သောစိတ်ဖြင့် ထိန်းချုပ်ထားရှာသည်။ အလူး အလဲ ငိုကြွေးခြင်း၊ နွမ်းလျခွေယိုင်ခြင်းမပြုချေ။ ဖြစ်သမျှအကြောင်း အကောင်းချည်းသဘောထားကာ အံကို သာ တင်းတင်းခဲ နေ၏။ တစ်နည်းအားဖြင့်လည်း ကိုဘဆွေ၏ ပွတ်သပ်ချော့မော့ယုယမှု၊ အားပေးမှုကို မခံယူလို၍လည်း ဖြစ်၏။

ဘဘနှင့် မယ်မယ်မရှိသည့်နောက် မခင်မျိုးအား ကိုဘဆွေသည် ပိုမိုပြီး ယုယကြင်နာရှာသည်။ မခင်မျိုး သည် ကိုဘဆွေ ၏ လှည့်စားသော ကလိမ်ဉာဏ်ကို ခံပြင်းလှသော်လည်း ဘဘနှင့် မယ်မယ်၏ အရှက်ကို ကာကွယ်သောကျေးဇူးကိုထောက်၍ တစ်ကြောင်း၊ သားကလေးအတွက် ငဲ့ကွက်၍ တစ်ကြောင်း၊ ကိုယ်ကျင့်သိက္ခာ ကို ရှိသေသောအားဖြင့် တစ်လင်တစ်မယားသာလျှင် ဖြစ်ပါစေတော့ဟု စဉ်းစားမိ၍တစ် ကြောင်း၊

ဆူပူကျွာရှင်းခြင်း မပြုတော့ဘဲ သည်းခံ၍သာ မှန်မှန်တန်းတန်း နေခဲ့လေသည်။

" ခင်ရေ ... ခင် "

တုန်ရီသောအသံဖြင့် ခေါ်လိုက်သော ကိုဘဆွေ၏ အသံကြောင့် သားငယ်ကို လက်သည်းညှပ်ပေးနေသော မခင်မျိုးက လှည့်ကြည့်လိုက်၏။ ကိုဘဆွေ၏ မျက်နှာမှာ နီမြန်းလေသည်။ ကိုယ်မှာလည်း ဒယီးဒယိုင် ဖြစ် နေ၏။

" ဘာလဲ ... ကိုဘဆွေ "

အရက်မူးလာသည် ထင်ပြီး မခင်မျိုးက အေး စက်စက် လေသံဖြင့် မေးကာ သားငယ်ကို လက်သည်းညှပ်မြဲ တိုင် ညှပ်နေသည်။

" ကိုဆွေ ... နေမကောင်းဘူး ခင်၊ ဘယ်လိုဖြစ်မှန်း မသိဘူး "

ကိုဘဆွေက မသက်မသာ ပြောကာ အနီးရှိ ဆိုဖာပေါ်သို့ ပစ်လှဲချလိုက်၏။ ထိုအခါမှ မခင်မျိုးက ထလာပြီး နဖူး ကို စမ်းကြည့်လိုက်သည်။ ကိုယ်မှာ မီးခဲသမျှ ပူနေသည်ကို သိရ၏။

" မှုံမှုံရေ "

မခင်မျိုးက ခေါ်လိုက်သောအခါ နောက်ခန်းထဲမှ မယ်မှုံက ပြေးထွက် လာသည်။

" ဟုတ်ကဲ့ ... မမလေး "

မယ်မှုံက အသံပြုလိုက်၏။

" ကဲ … သူ့ကို ကူပြီး တွဲစမ်းပါ မှုံမှုံ၊ အိပ်ခန်းထဲပို့ရအောင် "

မခင်မျိုးက ပြောပြီး နှစ်ယောက်သား ကိုဘဆွေကို ထူတွဲကာ အိပ်ခန်းထဲသို့ ယူလာပြီး အိပ်ရာပေါ် တင် လိုက်၏။ ထိုအချိန်၌ ကိုဘဆွေမှာ သတိပင် မရတစ်ချက် ရတစ်ချက် ဖြစ်နေလေသည်။

ညှို " မှုံမှုံ ဒရိုင်ဘာ သွားပြောချည်ပါ၊ ဆရာဝန် မြန်မြန် သွားခေါ်လို့၊ ပြီးတော့ မှုံမှုံ သားကို ကြည့်ထားပါ "

" ဟုတ်ကဲ့ … မမလေး "

မယ်မှုံ အခန်းထဲမှ ထွက်သွားလျှင် မခင်မျိုးသည် သက္ကလပ်စောင် တစ်ထည်ကို ဆွဲယူကာ ကိုဘဆွေအား ခြုံပေးလိုက်၏။

" ခင် … ခင် "

ကိုဘဆွေက အသံလေးကြီးဖြင့် ခေါ်လိုက်၏။

" ကျွန်မ ရှိပါတယ်၊ ရေသောက်ချင်လို့လား "

မခင်မျိုးက အသံပေးလိုက်သည်။ ကိုဘဆွေသည် ကယောင်ကတမ်းဖြင့် မျက်စေ့မှိတ်ကာ လက်က တစ်စုံ တစ်ယောက်အား တွန်းဖယ်သလို လုပ်ပြီး …

" အနားမလာနဲ့ ကြောက်ပါတယ်၊ မှားပါပြီ၊ မှားပါပြီဟု ထိတ်လန့်စွာ မြည်တမ်းနေလေသည်။

" ကိုဘဆွေ … ကိုဘဆွေ … သတိထားပါ "

မခင်မျိုးက ကိုဘဆွေ၏ ရင်ကို လက်နှင့် ဖိပြီး ပြောလိုက်၏။

သတိရပါတယ်၊ မမေ့ပါဘူး၊ မြတုံးကြီး တစ်ခုထဲက တစ်ထောင်ကျော်ပါတယ်၊ အသေးလေးတွေကလဲ အများကြီးပဲ "

ကိုဘဆွေက ကွဲအက်သော အသံကြီးဖြင့် ပြော၏။

" ခက်လိုက်တာနော်၊ နေမကောင်းတာများ အလုပ်ကို စိတ်စွဲနေရသေးတယ် "

မခင်မျိုးက စိတ်ညစ်စွာ ညည်းညူလိုက်၏။

" မစွဲလန်းဘဲ မေ့ထားတာ၊ အခု လာသတိပေးတယ်၊ မြစိမ်းတောင်ပေါ်က ... မြစိမ်းတောင်ပေါ်က၊ ဟို ... ဟို ... ကျောက်ဘီလူးကြီး ... အမယ်လေးဗျ "

ကိုဘဆွေသည် ထိတ်လန့်ကြောက်ရွံ့စွာ ပြောကာ သတိလစ်သွားတော့၏။ မခင်မျိုးသည် ဘာလုပ်ရမည် မသိချေ။ စိတ်ကလည်း ကြောက်လာသည်။

" မှုံမှုံရေ " ဟု လှမ်းအော်လိုက်၏။

" ဟုတ်ကဲ့ ... မမလေး ... လာပါပြီ "

မယ်မှုံက သားငယ်ကို ချီကာ အပြေးအလွှား ဝင်လာ၏။

" လူမမာ အနားမှာ တစ်ယောက်တည်း မနေရဲဘူး။ မှုံမှုံ မမလေးနဲ့ အတူနေပါ၊ သားကို မငိုအောင် ချော့ ထားနော် "

မခင်မျိုးက ကိုဘဆွေနှင့် ခပ်လှမ်းလှမ်းရှိ ကုလားထိုင်တစ်လုံးပေါ်မှာ သွားထိုင်ရင်း ပြောလိုက်၏။

" ဟုတ်ကဲ့ ... မမလေး "

မယ်မှုံက မခင်မျိုး အမိန့်အတိုင်း သားငယ်ကို ချီကာ အခန်းထဲတွင် လမ်းလျှောက်နေသည်။

မခင်မျိုးရော မယ်မှုံပါ ကိုဘဆွေ အနားမကပ်ရဲချေ။ သတိလစ်သည် ဆိုသော်လည်း ကိုဘဆွေ၏ ခြေလက် များက အငြိမ်မနေကြ။ တစ်စုံတစ်ဦးနှင့် ထွေးလုံး သတ်ပုတ်နေဘိသို့ ရုန်းကန်တွန့်လိမ် လှုပ်ရှားနေသည်။

" မမလေး ... မတော်တဆ ကယောင်ကတမ်း ငန်းဖမ်းလာပြီ၊ ကျွန်မတို့ လည်ပင်း ညှစ်မှဖြင့် ဒုက္ခပဲ "

မယ်မှုံက အခန်းပေါက်ဝနားမှာ ရပ်ပြီး ပြောလိုက်၏။ အရေးရှိက ပြေးရန် အသင့်ဟန်မျိုးဖြစ်သည်။

" အေး ... မမလဲ တွေးမိတယ်၊ ဒါကြောင့် တံခါးဝနားမှာ လာထိုင်နေတာပေါ့၊ မှုံမှုံက သားကို မြဲမြဲချီထား နော် "

" အို ... စိတ်ချ မမလေး "

ထိုအခိုက် ကိုဘဆွေက အသံနက်ကြီးဖြင့် အော်လိုက်သည်။

" မြတွေ ... မြတွေ တစ်လုံးလောက် ယူသွားရင် သူဌေးဖြစ်တာပေါ့၊ မင်း မိုက်လို့ မယူပေမယ့် ငါယူတယ်ကွ၊ အမယ်လေး ... ဘီလူးကြီး ... ဘီလူးကြီး "

မခင်မျိုး နှင့် မယ်မှုံတို့ တိုင်ပင်ထားသလို ဝုန်းခနဲ ပြေးကြသည်။ အခန်းပြင်ရောက်လျှင် ဆရာဝန်နှင့် ဒရိုင်ဘာ ကို ဘွားခနဲ တွေ့လိုက်ရ၏။

" ဘာဖြစ်ကြတာလဲ ခင်ဗျာ "

ဆရာဝန်က အံ့အားသင့်စွာ မေးလိုက်သည်။ မခင်မျိုးနှင့် မယ်မှုံက ကိုယ်ရှိန်သပ်ကာ ရပ်လိုက်၏။

" ဟိုမှာ လူနာက နည်းနည်း အခြေအနေ ဆိုးနေလို့ ဆရာဝန် ရောက်ပြီလားလို့ ထွက်ကြည့်တာပါ "

မခင်မျိုး က မောပန်းတုန်လှုပ်သော အသံဖြင့် ဖြေလိုက်၏။ မယ်မှုံကမူ ကလေးငယ်ကို တင်းကြပ်စွာ ဖက်ကာ ပြူးကြောင် သော မျက်လုံးဖြင့် အခန်းတွင်းသို့ လှမ်းကြည့်နေသည်။ ဆရာဝန်သည် မခင်မျိုးနှင့် မယ်မှုံအား အထူးအဆန်း သဖွယ် စူးစိုက်ကြည့်လိုက်ပြီး ...

လူနာကို ကျွန်တော် ကြည့်ပါဦးမယ်၊ ဒီအခန်းထဲမှာလားဟုမေးလိုက်၏။

" ဟုတ်ကဲ့ဆရာ ... ကြွပါ "

မခင်မျိုးက ဆရာဝန်အား လူနာရှိရာ ပင့်ဆောင်လာခဲ့ရင်းမှ ...

" မောင်တိုး၊ မင်းပါလိုက်ခဲ့။ မှုံမှုံက သားနဲ့အပြင်မှာပဲ နေခဲ့နော် "

မခင်မျိုး က ဆရာဝန်နောက်မှ လိုက်သွားရင် မယ်မှုံနှင့် ဒရိုင်ဘာ မောင်တိုး ကို လှမ်းပြောလိုက်၏။

-------------------

ဆရာဝန် ၏ ဂရုတစိုက် ကြပ်မတ် ကုသမှုကြောင့် ကိုဘဆွေမှာ တဖြည်းဖြည်း ကျန်းမာလာသည်။ ခပ်စိမ်း စိမ်း ဆက်ဆံ လာခဲ့သော ဇနီးက မကျန်းမမာ ဖြစ်နေချိန်မှာ ကြင်နာယုယစွာ ပြုစုပေးခြင်းကို ကိုဘဆွေသည် များစွာ ကျေနပ်နှစ်သိမ့်နေသည်။ မခင်မျိုးသည် ထင်သလောက်မဆိုးဘဲ သူ့အား အချစ်ကြီး ချစ်နေရှာသည် ဟု ကိုဘဆွေ က ယူဆ၏။ မခင်မျိုးကမူ ချစ်လွန်း ကြင်နာလွန်းသော စိတ်နှင့် ပြုစုခြင်းကားမဟုတ်ပေ။ လင်ယောကျ်ား တစ်ယောက်လုံး ဖြစ်နေ၍ သံယောဇဉ်ရှိသလောက်လည်း ရှိသည်။

အဆိုးထဲ မှ အကောင်းကိုရှာကာ ကျေးဇူးတရားကို ထောက်ထား၍ တစ်ကြောင်း၊ မျက်စိ အောက်မှာ အသည်း အသန် မကျန်းမမာ ဖြစ်နေသူအား ရက်စက်စွာ ပစ်ထားလောက်အောင် ဆိုးယုတ်သည့်စိတ်မျိုး မရှိ၍ တစ်ကြောင်း၊ စိတ်ရှည်လက်ရှည် အပင်ပန်းခံ ပြုစုနေခြင်းကိုကား ကိုဘဆွေမသိပေ။ မခင်မျိုးအား တိုး၍ပင် ချစ်မြတ်နိုး လာ၏။

" ခင်ရေ ... ကိုဆွေ၊ တော်တော်လေး အားရှိလာပါပြီကွယ် အပြင်ခန်းကို ထွက်ချင်တယ်၊ အိပ်ခန်းထဲမှာချည်း နေနေ ရတာ ငြီးစီစီကြီးကွယ့် "

အငွေ့ တစ်ထောင်းထောင်းထနေသော ဘဲပေါင်းပန်းကန်ကိုယူပြီး အခန်းထဲဝင်လာသော မခင်မျိုးအား ကိုဘဆွေ ကို မြတ်နိုးစွာကြည့်ပြီး ပြောလိုက်၏။

" ဖြစ်ပ့ါမလား ကိုဘဆွေ၊ လေစိမ်းတိုက်တာမိပြီး ပြန်ဖျားနေပါအုံးမယ် "

မခင်မျိုးက ပြောရင်း ဘဲပေါင်းပန်းကန်ကို ကိုဘဆွေ ခုတင်အနီးရှိ စားပွဲပေါ်မှာ နေရာတကျ တင်ထားပြီး ...

" ကဲ ... ပူပူနွေးနွေးကလေး ဖြစ်နေတုန်း သောက်လိုက်ပါ ကိုဘဆွေ၊ အရေသောက် အစားအစာဆိုတာ ပူပူ ကလေး သောက်မှ အရသာရှိတာ "

ဟု ကိုဘဆွေအား တိုက်တွန်းလိုက်သည်။ ကိုဘဆွေသည် ခုတင်ပေါ် လဲလျောင်းနေရာမှ ထလိုက်၏။ နာလံထစ မို့ ခွန်အား မပြည့်ဝသေးသော်လည်း အကူအတွဲမပါဘဲ သူ့အလိုအလျောက် ထသွားနိုင်အောင် အခြေအနေ က ကောင်းမွန်နေပြီဖြစ်သည်။

" ကိစ္စမရှိပါဘူး ခင်ရယ်၊ ကိုဘဆွေ ကောင်းကောင်းနေကောင်းနေပြီပဲ၊ မနက်က ဆရာဝန် လာစမ်းကြည့် ပြီး အဖျားသွေး မရှိတော့ဘူးလို့

ပြောသွားတာ ခင်အကြားသားပဲ။ နည်းနည်း အားရှော့နေတာတစ်ခုပါပဲ၊ အပြင်ထွက်မယ်နော် ခင် "

ကိုဘဆွေက ကလေးကြီးလို ချစ်ဇနီးအား ပူဆာခွင့်တောင်းလိုက်၏။

" ထွက်ချင်လဲ ထွက်ပေါ့၊ သိပ်ကြာကြာကြီး မနေရဘူးနော်၊ ကဲ ... ဘဲပေါင်းလေး သောက်လိုက်အုံး "

မခင်မျိုးက ပြောကာ ကိုဘဆွေထလာခဲ့သဖြင့် ခုတင်ပေါ်ပုံပြီး ကျန်ရစ်သောစောင်ကို ခေါက်နေသည်။

" ကိုဆွေ အိပ်ရာထဲ လဲလိုက်တာ ဒီနေ့ပါဆိုရင် ကိုးရက်ရှိသွားပြီ၊ အောက်ထပ်ကဆိုင်လဲ ပိတ်ထားရတာ ကြာ လှပေါ့၊ အရောင်းအဝယ်တော့ နည်းနည်း ထိုင်းသွားတယ်နော် ခင် "

ဘဲပေါင်းကို ဖြည်းဖြည်းချင်း သောက်နေရာက ကိုဘဆွေက ခံ့မင်မြတ်နိုးလှသော သူ့ ရတနာဆိုင်အကြောင်း စကား စလိုက်သည်။

" လူ မကျန်းမမာဖြစ်နေချိန်မှာ ပစ္စည်းဥစ္စာ အရေးကို မတွေးပါနဲ့ ကိုဘဆွေ၊ လူထက် ဘာအရာဝတ္ထုမှ အဖိုး မတန် ပါဘူး၊ ကိုယ့်ကိုယ်ကိုသာ ကျန်းမာအောင် ဂရုစိုက်ပါ၊ ဖျားနေချိန်ကလဲ ဆိုင်ကို စိတ်စွဲနေတာထင်ပါရဲ့၊ ပြော လိုက်တာ စုံနေတာပဲ "

မခင်မျိုးက စောင်ခေါက်ပြီးပြီဖြစ်၍ ကိုဘဆွေဘဲပေါင်း သောက်နေသော စားပွဲတစ်ဘက်ရှိ ကုလားထိုင်မှာ မျက်နှာချင်းဆိုင် လာထိုင်ပြီး ပြောလိုက်သည်။ မခင်မျိုး၏ သဘောက ပစ္စည်းဥစ္စာကို ခံ့မင်မက်မောလှသော ကိုဘဆွေအား များစွာ မနှစ်မြို့ချေ။ ကိုဘဆွေ၏ စိတ်ကမူ

လင်ယောက်ျားထက် ဘာကိုမှ တန်ဖိုးမထားတဲ့ ငါ့မယား ပါလားဟု ချစ်အားပင်ပိုလာသည်။

" ဟဲ ဟဲ ဟဲ ဟဲ ... ကိုဆွေ အခုလို ပင်ပင်ပန်းပန်း ရှာဖွေစုဆောင်းနေတာ ခင်တို့ သားအမိအတွက်ပါ ခင်ရဲ့၊ ဒါထက် ဖျားနေတဲ့အချိန်က ဆိုင်ကို စိတ်စွဲနေတယ်လို့ ခင်ပြောတာ ကိုဆွေ ဘာတွေပြောနေလို့လဲ ခင် " ကိုဘဆွေ က ကြည်နူးနှစ်သိမ့်စွာ ရယ်သွမ်းကလေးသွေးပြီး မေးလိုက်၏။

" အို ... စုံနေတာပဲ၊ မြတစ်လုံးထဲက ရတီ ဘယ်လောက်ဆိုလဲ၊ နောက်ပြီး ဒီမြတွေယူရင် သူဌေးဖြစ်မယ်၊ မင်း မိုက် လို့ မယူဘူးဆိုတာလဲ ပါရဲ့ "

မခင်မျိုးက အမှတ်မထင် ပြောနေစဉ်မှာ ကိုဘဆွေ၏ မျက်နှာပေါ်မှ ကြည်နူးမှုအပြုံးသည် တဖြည်းဖြည်း မှေးမှိန် ၍ ပျောက်ကွယ်သွားသည်။ မခင်မျိုးက သတိမထားမိဘဲ စကားကို ဆက်လိုက်ပြန်သည်။

" ပြီးတော့လဲ ကြောက်စရာတွေ ပြောသေးတယ်၊ မှားပါပြီတဲ့၊ မြတောင်က ဘီလူးကြီးတဲ့၊ အဲဒါကိုဘဆွေ ပစ္စည်းဥစ္စာ ကို ခုံမင်လွန်းလို့ ရတနာသုံးပါးနဲ့ သက်ဆိုင်တာမမြင်ဘဲ၊ မဟုတ်တာတွေ လျှောက်မြင်နေတာ ဖြစ်မှာပေါ့ "

မခင်မျိုးက ဒိုးဒိုးဒေါက်ဒေါက် ပြောနေစဉ်မှာ စောစောက ကြည်လင်နေသော ကိုဘဆွေ၏ မျက်နှာသည် သွေးဆုတ်သလို ဖြူရော်သွားသည်။ စကားတစ်ခွန်းမှလည်း မထွက်တော့ချေ။ မခင်မျိုး၏ မျက်နှာကိုလည်း မကြည့်ဘဲ စားပွဲရှေ့ရှိ ပိတ်ထားသောမှန်ပြတင်းမှ လှမ်းမြင်နေရသော မိုးကောင်းကင်ကို ပြူးကြောင်သော မျက်လုံးဖြင့် ငေးမောကြည့်နေ၏။ မခင်မျိုးကမူ စကားပြော၍ဆုံးလျှင် နံရံကပ်ဗီရိုကြီးရှိရာကို ထသွားကာ

အနွေးထည် တစ်ထည်ကို ထုတ်ယူလာခဲ့ပြီး ကိုဘဆွေအနားမှာ လာရပ်လိုက်၏။

" အပြင်ခန်းမှာ ထွက်နေမယ် ဆိုရင် ဟောဒီ အနွေးထည်ကလေးဝတ် ကိုဘဆွေ၊ မတော်တဆ လေစိမ်း ပက်မိရင်လဲ ခံနိုင်အောင်ပေါ့၊ ဘဲပေါင်း ထောက်လို့ ပြီးပြီ မဟုတ်လား "

မခင်မျိုးက ပြောလိုက်၏။ ငေးမောနေသော ကိုဘဆွေသည် ခေါင်းကို တစ်ချက်နှစ်ခကျ ရမ်းလိုက်ပြီး ...

" အလကားပါ၊ ဒါတွေ ငါ အယူမရှိပါဘူး၊ ဘာဖြစ်လို့စွဲလန်းပြီး ကြောက်နေရမှာလဲ " ဟု သူ တစ်ယောက်တည်း ရှိနေ သလို လွှတ်ခနဲ ပြောလိုက်သည်။

" ကိုဘဆွေ ဘာပြောနေတာလဲ ဟင် "

မခင်မျိုးက ကိုယ်ကို ကိုင်းညွှတ်ကာ ကိုဘဆွေ၏ မျက်နှာကိုကြည့်ပြီး မေးလိုက်မှ ကိုဘဆွေသည် မခင်မျိုး အား ဆတ်ခနဲ လှည့်ကြည့်လိုက်၏။

" အပြင်ခန်း ကို မထွက်ချင်တော့ဘူး ခင်၊ အိပ်ရာပေါ်မှာပဲ ငြိမ်ငြိမ် လှဲလိုက်ဦးမယ်၊ ဒါထက် ကိုဆွေ ရင်ထဲ က နည်းနည်း ပူသလိုပဲ၊ သပျစ်သီး တစ်ခိုင်လောက် ရေခဲစိမ်ပေးပါ ခင် "

ကိုဘဆွေက ပြောကာ ထိုင်နေရာမှ ဖြည်းလေးစွာ ထလာခဲ့ပြီး အိပ်ရာပေါ်သို့ လဲလျောင်းလိုက်သည်။ အမှန် မှာ ကိုဘဆွေ၏ ရင်ထဲမှာ ပူနေခြင်းမဟုတ်၊ တုန်လှုပ်နေခြင်းသာဖြစ်သည်။ မခင်မျိုးသည် အပြောင်း အလဲ လျင်မြန် သော ကိုဘဆွေ၏ အမူအရာကို အနည်းငယ်အံ့ဩသော်လည်း အထွေအထူး မေးမြန်းမနေ တော့ဘဲ ...

" ကောင်းပါတယ် ကိုဘဆွေ၊ အပြင်ခန်း ထွက်နေဖို့ ကမန်မကလဲ သိပ်သဘောမတူပါဘူး "

ဟုပြောကာ စောင်တစ်ထည်ကို ဆွဲယူပြီး ကိုဘဆွေ၏ ကိုယ်ခန္ဓာအောက်ပိုင်းကို လွှမ်းခြုံပေးလိုက်သည်။

" သပျစ်သီးက အိမ်မှာ ကုန်နေပြီ ကိုဘဆွေ၊ မနက်ခင်းက မောင်မောင်တိုးကို ရှာခိုင်းတာ မရခဲ့ဘူး၊ အခု ကျွန်မ ကိုယ်တိုင် သွားရှာဝယ်လိုက်မယ်၊ နည်းနည်းတော့ ကြာမလား မသိဘူး "

ပြောပြောဆိုဆိုပင် ကိုဘဆွေ သောက်ပြီးသော ဘဲပေါင်းပန်းကန်ကို ယူကာ အခန်းတွင်းမှ ထွက်သွားသော မခင်မျိုး အား ကိုဘဆွေသည် စူးစူးစိုက်စိုက်ကြည့်ရင်း တစ်စုံတစ်ရာကို တွေးတွေးမိသလို မျက်လုံးကို စုံမှိတ်လိုက်လေသည်။

------------------------

ကောင်းမွန်စွာ ကျန်းမာလာပြီဖြစ်၍ စိတ်ရွှေရတနာ ဆိုင်ကို ယခင်က အတိုင်းပင် နိုင်နင်းစွာ ပြန်လည် လုပ်ကိုင်နေသော်လည်း ကိုဘဆွေသည် တစ်နေ့မှ စိတ်မချမ်းသာတော့ပေ။ မကျန်းမမာ ဖြစ်စဉ်က တယု တယ ပြုစုခဲ့သော ချစ်ဇနီးသည် မခင်မျိုးသည် သပျစ်သီး ဝယ်ရန် ထွက်သွားပြီး ပြန်လာသည့်အချိန်မှစ၍ ကိုဘဆွေ အနား ကို လုံးဝ မလာတော့ချေ။ ထိုနေ့ညမှစပြီး ...

" ရှင့်ဘာသာရှင် ဒီအခန်းထဲမှာ တစ်ယောက်တည်းပဲ လွတ်လွတ်လပ်လပ် အိပ်ပေရော့ ကိုဘဆွေ၊ ကျွန်မ တို့ သားအမိ ဟိုဘက်ခန်းမှာ ခွဲအိပ်မယ်၊ ရှင့်အနားမှာ ညစောင့်အိပ်ဖို့ မောင်တိုးကို ပြောထားတယ် "

ဟု မခင်မျိုးက စကားကို တုံးတိတိပြောကာ အခန်း ခွဲသွားလေတော့သည်။

" ဘာဖြစ်လို့လဲ ခင်ရယ် "

ကိုဘဆွေက ချစ်လှသော ဇနီးအား မျက်နှာငယ်လေးဖြင့် မေးမြန်းလိုက်၏။

" ဘာမှ မဖြစ်ပါဘူး ရှင်လဲ ကောင်းကောင်း ကျန်းမာလာပြီပဲ၊ ကျွန်မ အိပ်ပျက် စားပျက် ခံပြီး ပြုစုခဲ့ရတာ ပင်ပန်း လို့ အနားယူချင်လို့ပါ "

အကြောင်းပြ ကောင်းသော မခင်မျိုး၏ စကားကြောင့် ကိုဘဆွေက ခွင့်မပြုချင်ဘဲ ခွင့်ပြုလိုက်ရသည်။

ကိုဘဆွေ ကောင်းစွာ ကျန်းမာ၍ ဆိုင်အလုပ်ကို ပြန်လည် လုပ်နိုင်သည့် တိုင်အောင် မခင်မျိုးကား အခန်း မပြောင်းတော့ချေ။ ယခင်က ခပ်စိမ်းစိမ်း နေလာသည် ဆိုစေကာမူ တာဝန်ကျေအောင် ပြုစုသေးသည်။ မျက်နှာချင်းဆိုင် ထမင်းစားသေးသည်။ စကား အတူထိုင်ပြောသည်။ ယခုမူ ဘယ်အချိန် ထမင်းစားပြီး၊ ဘယ်အချိန် အိပ်သည်မသိ၊ ကိုဘဆွေ အိမ်မှာ ရှိနေသည့်အခါတွင် မခင်မျိုးသည် သူ့ အခန်းတွင်းမှ လုံးဝ မထွက်ချေ။ သုံးနှစ်ရွယ်ပင် ရှိပြီဖြစ်၍ စကားပြောတတ်နေသော သားကလေးကို မယ်မှုံမှတစ်ဆင့် ကိုဘဆွေ ထံ ရောက်သည်။ မခင်မျိုး ကိုယ်တိုင် ဘယ်အခါမှ ကိုဘဆွေထံ ချီပိုး ယူဆောင်လာခြင်း မရှိချေ။

" ကိုမျိုးဆွေရေ ... သားသားလေး "

တစ်နေ့တွင် မခင်မျိုးသည် သူ့အခန်းထဲတွင် သားကလေးနှင့် ကလူကျီစယ်နေစဉ်မှာ ကိုဘဆွေ ရုတ်တရက် ဝင်လာပြီး သားကလေးကို ခေါ်လိုက်၏။ ဖခင်ကို မြင်လိုက်သော သားကလေးက မိခင်နှင့် ဆော့ကစား နေရာမှ ...

" ဖေ ဖေ "

ဟု ရှွင်မြူးစွာ ခေါ်ကာ ဖခင်ထံ ပြေးသွားလေသည်။ ကိုဘဆွေက သားငယ်ကို ဆီးကြိုချီပိုက်ကာ အားပါး တရ နမ်းလိုက်စဉ် မခင်မျိုးသည် မယောင်မလည်ဖြင့် အခန်းတွင်းမှ ထွက်မည့်ဟန် ပြင်လိုက်၏။ အကင်းပါး သော ကိုဘဆွေ က ကပျာကသီ တံခါးပေါက်ဝဘက် သွားကာ ပိတ်ဆီးရပ်လိုက်၏။

" ခင် ဘယ်လို ဖြစ်နေတာလဲကွယ် ကိုဆွေ့ကို မုန်းနေပြီလား၊ ခင့် စိတ်မှာ ဘာသဘောမကျ ဖြစ်နေတယ် ဆိုတာ ဖွင့်ပြောမှ ကိုဆွေ သိပြီး ပြုပြင်နိုင်မှာပေ့ါ၊ ပြောပါလား ခင် "

ကိုဘဆွေ က သားငယ်ကို ချီရင်း မချိတင်ကဲ အသံဖြင့် မေးလိုက်ရာ မခင်မျိုးက ကိုဘဆွေ၏ မျက်နှာကို စေ့စေ့ ကြည့်ပြီး ပြုံးလိုက်၏။ ကိုဘဆွေကို ချစ်ကြင်နာသော အပြုံးမျိုး မဟုတ်ဘဲ၊ တစ်စုံတစ်ရာ အဓိပ္ပာယ် ကို နက်နက်နဲနဲ ဆောင်နေသော အပြုံးမှန်းကို ကိုဘဆွေ အကဲခတ်မိသည်။

" အဲဒီလို မပြုံးပါနဲ့ ခင်ရယ်၊ ကိုဆွေမှာ ဘာအပြစ်ရှိလဲ ... ဟင်၊ ခင့်ကို စိတ်မချမ်းသာအောင် ကိုဆွေ ဘာ များ မှားမိထားသလဲကွယ် "

ကိုဘဆွေက အပြစ်ကင်းသော ကလေးငယ်ကဲ့သို့ ချစ်လှသော ဇနီးသည်အား တောင်းတောင်းပန်ပန် မေး နေသည်။ မခင်မျိုးက အေးစက်စက် အပြုံးဖြင့် ပြုံးမြဲတိုင်း ပြုံးကာ ... ကိုဘဆွေ၏ မျက်နှာကို စေ့စေ့ စပ်စပ်ကြည့်ပြီး ဦးခေါင်းညိတ်လိုက်ပြီး ...

" ရှင့်မှာ ဘာအပြစ်မှ မရှိတဲ့ စင်းလုံးချော လူသူတော်ကောင်းကောင်းကြီး တစ်ယောက် ဖြစ်နေပါတယ်ဆိုတာ ကျွန်မ က ပြောနေစရာတောင် မလိုပါဘူး၊ ရှင့်ကိုယ်ရှင် အသိဆုံးမဟုတ်ဘူးလား "

ဟု ပြောလိုက်၏။ မခင်မျိုး၏ လေသံမှာ လှောင်သရော်သံ အရွဲ့တိုက်သံက ထင်ထင်ရှားရှား ပေါ်နေသည်။

ဘယ်လို ခင်... ကိုဆွေကို ဒီလို အရွှဲ့မတိုက်ပါနဲ့ကွယ် ... ပွင့်ပွင့်လင်းလင်း ပြောပါလား ခင်ရယ် ... "

ကိုဘဆွေ က နားမလည်ဟန်ဖြင့် မခင်မျိုးကို ကြောင်တက်တက်ကြည့်ပြီး မေးလိုက်၏။ မခင်မျိုးက ဘာမှ ပြန်မပြောချေ။ ဝင်းလက်သော မျက်လုံးဖြင့် စိမ်းစိမ်း ကြည့်နေသော မခင်မျိုး၏ မျက်လုံးဒဏ်ကို ကိုဘဆွေ သည် အလိုလိုရှုံ့ကာ စိတ်မလုံသလို ဖြစ်လာသည်။ မခင်မျိုး၏ အကြည့်ကို မခံဝံ့သည့်အလား၊ ချီထားသော သားငယ် ဘက်ကို မျက်နှာလှည့်ကာ ဖောင်းမို့သော သားငယ်၏ ပါးပြင်ကို တစ်ချက်နမ်းလိုက်ပြီး ...

ခင့်ကို ကိုဆွေ ဘယ်လောက် အလိုလိုက်သလဲခင်၊ သားငယ်နာမည်ကို မောင်မျိုးဆွေလို့ ကိုဆွေ မှည့်ထား တာ ခင်မနှစ်သက်ဘူးဆိုလို့ ခင့်အကြိုက် မောင်မျိုးခိုင်လို့ ပြောင်းပေးရတယ် မဟုတ်လား၊ ကြင်နာမှုလိုက် လျှော့မှု ကို အတုံ့အလှဲ့ထားဖို့တော့ သင့်ပါတယ်ကွယ် ... "

ဟု ကိုဘဆွေက သာယာ ညင်းပျောင်းစွာ ပြောလိုက်ပြန်၏။ မခင်မျိုးက မျက်နှာပေါ်က အေးစက်စက် အပြုံး ကိုဖျောက်ဖျက်လိုက်ပြီး ဘာမှ မဖြစ်သလို မျက်နှာထားမျိုးပြင်ကာ ...

" ဒီလို စကားမျိုးတွေ မပြောပါနဲ့တော့လေ၊ ကျွန်မလဲ ဘာမှ မပြောလိုတော့ ပါဘူး၊ ရှင်နဲ့ကျွန်မ လက်ထပ် ပြီးတဲ့ အချိန်ကစပြီး ရှင်ပိုင်တဲ့ ပစ္စည်းကို တစ်ပြားမှ ကျွန်မ မသုံးစားခဲ့ဘဲ၊ ဘဘနဲ့ မယ်မယ်ပိုင် ပစ္စည်းကိုသာ သုံးစားလာခဲ့တယ် ဆိုတာတော့ သိတယ် မဟုတ်လား၊ ရှင်ပိုင်ပစ္စည်းကို

ကျွန်မသုံးတာဆိုရင် ဒီတိုက်ပေါ်မှာ နေတာ တစ်ခုပဲ ရှိပါတယ်။ ကျွန်မ ကံကောင်းချင်လို့ ရှင့်ပစ္စည်းကို မသုံးမိ မစားမိတာ၊ အနဗ္ဗော အနဗ္ဗင်းပါးနဲ့ နတ်ကောင်း နတ်မြတ် များ ဂုဏ်ကျေးဇူးပါပဲရှင် "

လေသံအေးအေးဖြင့် ပြောလိုက်ရာ၊ ကိုဘဆွေ အံ့အားသင့်သွားသည်။

" ခက်ပါလားခင်၊ ကိုဆွေ့ပစ္စည်းကို မသုံးမစွဲ ရဘူးလို့ ပြောဖူးသလားခင်ရဲ့၊ ရှိသမျှ ပစ္စည်းဥစ္စာ အားလုံး ခင့်သဘောပါလို့ ပြောပြီး စာရင်းရော သော့တွဲရော အပ်ခဲ့သားပဲ၊ ခင်က မကိုင်ချင်ဘူးလို့ ငြင်းတယ် မဟုတ်လား "

ကိုဘဆွေ၏ စကားကြောင့် မခင်မျိုးက ခြောက်သွေ့သော အသံဖြင့် ရယ်လိုက်ပြီး ...

" ဟုတ်ပါတယ်လေ၊ ရှင် အပ်နှံစဉ်က ကျွန်မ လက်မခံမိခဲ့တာများကိုဘဲ အနဗ္ဗောအနဗ္ဗင်းပါးနဲ့ နတ်ကောင်း နတ်မြတ်များ ဂုဏ်ကျေးဇူးလို့ ပြောတာပေ့ါ။

ဟု စကားကို တုံးတိတိပြောကာ ကိုဘဆွေက မတားဆီးနိုင်မီ မခင်မျိုးသည် လျင်မြန်စွာ အခန်းတွင်းမှ ထွက်သွားလေသည်။ ကိုဘဆွေမှာ သားငယ်ကိုချီကာ ထူးဆန်းသော မခင်မျိုး၏ စကားကြောင့် အံ့အား သင့်ပြီး ကျန်ခဲ့လေသည်။

တစ်နေ့တစ်နေ့နှင့် တရွေ့ရွေ့အချိန်ကုန်ကာ ဆယ်နှစ်ပင်ကျော်လာခဲ့လေပြီ၊ မခင်မျိုးကား မူမပြောင်း။ ဤ အချိုးအတိုင်းသာ နေလာခဲ့၏။ ကိုဘဆွေက ချော့မရသောအခါ တင်းကြည့်သည်။ မခင်မျိုးက ကိုဘဆွေ တင်းလျှင် ကွာရှင်းလိုသော အဓိပ္ပာယ်ပါသည့် စကားမျိုး ပြောလာ၏။ ကိုဘဆွေမတင်းဝံ့၊

လျော့ရပြန်သည်။ မခင်မျိုး သူ့လက်က လွတ်ပြီး မန္တလေး ပြန်ရောက်သွားမည်ကို ကိုဘဆွေ အကြီးအကျယ် စိုးရိမ်နေသည်။

ကိုဘဆွေ၏ စိတ်ကို မခင်မျိုးကလည်း ရိပ်မိသည်။ ကွာရှင်းပြီး ပြန်ရန် မဆိုထားဘိ၊ ဆွေတော် မျိုးတော် များထံ အလည်အပတ် ပြန်မည်ကိုပင် ကိုဘဆွေက ခွင့်မပြုချေ။ မခင်မျိုးသည် ကိုယ့်စိတ်ကိုယ့်သဘောဖြင့် ဖွတ်အတင်း ပြန်မည်ဟန်ပြင်တိုင်းကိုဘဆွေက သွားလေသူ ဘဘနဲ့ မယ်မယ်၏ ဂုဏ်သိက္ခာ မသိမသာ သတိပေးနေ၍လည်း မခင်မျိုးသည် စိတ်မချမ်းလျက်နှင့် ဖွတ်မိုတ် နေရလေသည်။

ဤ ဆယ်နှစ်ကျော်မျှသော အချိန်အတွင်းမှာ အိမ်ထောင်ရေးသည် တစ်နေ့မျှ သာယာသည်ဟူ၍ မရှိခဲ့။ အသက် အရွယ် လူလားမြောက်၍ ရှေ့ရှေ့နောက်နောက်ကို ဆင်ခြင်သိမြင်နိုင်သော အရွယ်သို့ ရောက် လာပြီ ဖြစ်သော သား- ကိုမျိုးသည်ပင် မိခင်နှင့် ဖခင်တို့၏ အခြေအနေကို ရိပ်စားမိလာခြင်းဖြစ်၏။

-----------------------

ဆယ်နှစ်ကျော်မျှ မျိုသိပ်လာခဲ့ရသော စိတ်ဆင်းရဲမှုကို ဦးဘဆွေသည် သည်းမခံနိုင်တော့ချေ။ ယနေ့အဖို့ ဇနီးသည် ဒေါ်ခင်မျိုးအား တင်းတင်းပင်ပြောတော့မည်ဟူသော စိတ်ဖြင့် ဇနီးသည်ရှိရာ အခန်းတွင်းသို့ ဦးဘဆွေဝင်သွားသည်။

" ဟော့ ... ခင်၊ မင်းငါ့ကို အရွဲ့တိုက်နေတာတော့ လွန်လွန်းပြီထင်တယ်။ လင်ရယ် မယားရယ်လို့ စဖြစ်တဲ့ ရက်ကစပြီး ငါ့မှာ တစ်နေ့မှ စိတ်ချမ်းသာခဲ့ရတယ် မရှိဘူး "

ဦးဘဆွေသည် စိတ်မချမ်းသာလှသောအသံဖြင့် လှိုက်လှဲစွာ ပြောလိုက်၏။ သို့သော် ... ဇနီးဖြစ်သူ ဒေါ်ခင် မျိုးကား ဦးဘဆွေ ပြောစကားများမှာ သူနှင့် ဘာမှ မဆိုင်သလို ဂရုလည်းမစိုက်၊ လှည့်၍လည်းမကြည့်။ အလျား အနံ ခြောက်လက်မမျှရှိသော ငွေသေတ္တာကလေးကို အဝတ်ဗီရိုအတွင်းသို့ တယုတယ ထည့်သွင်း သိမ်းဆည်း နေသည်။ ဒေါ်ခင်မျိုး၏ အမူအရာကို အိပ်ရာခုတင်ဘေးရှိ ကုလားထိုင်တစ်လုံးပေါ်မှာထိုင်နေ သောဦးဘဆွေက ခံပြင်းခြင်း၊ ဒေါသထွက်ခြင်းတို့ ရောပြွမ်းနေသောမျက်နှာဖြင့် စူးစူးစိုက်စိုက် ကြည့်နေ၏။

သေတ္တာကလေးကို သေချာစွာ သိမ်းပြီးသောအခါ ဒေါ်ခင်မျိုးက ဗီရိုတံခါးကိုပိတ်ခါ သော့ခတ်လိုက်သည်။ သော့ကို အတွင်းခံ ဘော်ဒီအင်္ကျီအိတ်ထဲ သေချာစွာ ထည့်ပြီး ဗီရိုတံခါးကို ကျောမှီကာ ခင်ပွန်းသည် ဦးဘဆွေ ဘက်သို့ မျက်နှာ တင်းတင်းထားပြီး ရပ်လိုက်သည်။ ဒေါ်ခင်မျိုး၏ မျက်နှာထားမှာ ဦးဘဆွေအား သရော် သလိုလို၊ ရွတ်ချသလိုလို၊ စက်ဆုတ်သလိုလို၊ အသက် သုံးဆယ့်လေးနှစ်မျှသာ ရှိသေးသော်လည်း အရွယ်နှင့် မလိုက်အောင် နုနယ် ချောမောသော ဒေါ်ခင်မျိုး မျက်နှာကို ဦးဘဆွေက စူးစူးစိုက်စိုက် ကြည့် လိုက်သော်လည်း၊ အသက်အရွယ်နှင့် မလိုက်အောင် အိုမင်းရင့်ရော်ကာ ဆံပင်ဆွေဖြူပြီး အဘိုးအိုပုံသဏ္ဍာန် ပေါ်နေသော ဦးဘဆွေကိုမူ ဒေါ်ခင်မျိုးက စူးစူးစိုက်စိုက်ပင် မကြည့်၊ တစ်ချက်မျှသာ စက်ဆုတ်သော မျက်နှာထားဖြင့် ကြည့်ပြီး အံကို တင်းတင်းခဲကာ မျက်နှာလွှဲလိုက်သည်။

" ငါ့ကိုတော့ ဂရုမစိုက်၊ ဒီငွေ သေတ္တာကလေးထဲက ပစ္စည်းကိုပဲ အမြတ်တနိုး ဂရုစိုက်ပြီး ကြည့်မဝ ရှုမဝ ဖြစ်နေတာ ငါ လင်ယောကျ်ားတစ်ယောက်အနေနှင့် ဘယ်လောက် ခံရခက်တယ်ဆိုတာ မင်းစဉ်းစားဖို့ ကောင်းတယ် "

ခံပြင်းဖွယ်ကောင်းလှသော အမူအရာဖြင့် မျက်နှာလွှဲနေသော ဒေါ်ခင်မျိုးအား ကိုဘဆွေက ခပ်တင်းတင်း ပြောလိုက်ပြန်၏။ ဒေါ်ခင်မျိုးကား မလှုပ်မယှက်။ စကားလည်း တစ်လုံးမှမထွက်။ နေမြဲတိုင်းပင် ...

" ဒီမှာခင်၊ ငါ့ကို ကြည့်စမ်းပါဦး၊ မင်းကို အသက်နဲ့ ထပ်တူ မြတ်နိုးကြင်နာခဲ့ရတာနဲ့အမျှ မင်းက စိမ်းစိမ်း ကားကား ပြုနေလို့ ငါ့မှာ စိတ်ထောင်းကိုယ်ကြေဖြစ်ပြီး ငါ့ရုပ်ရည်ဘယ်လောက် ပြောင်းလွဲနေတယ် ဆိုတာ မျက်မြင်ပဲ မဟုတ်လား၊ ငါ့မှာ ကျန်းမာရေးကလဲ ချို့ယွင်းနေပြီ၊ ငါ သက်ဆိုးရှည်မယ့်လူ မဟုတ်ပါ ဘူး၊ ဒါလောက် မင်းက ကြင်နာမှု နည်းနေတာတော့ မင်းကိုယ်မင်း ကောင်းသလား၊ ဆိုးသလား ပြန် စဉ်းစား ကြည့်စမ်း "

ဦးဘဆွေက ကြေကွဲလှိုက်လှဲစွာ ပြောနေသော စကားသံများသည် ကပ်လျက်ရှိသော စာကြည့်စခန်း အတွင်း မှ ဦးဘဆွေ ဒေါ်ခင်မျိုးတို့၏ တစ်ဦးတည်းသောသား တက္ကသိုလ်ဝင်တန်းအတွက် စာကြည့်နေသော အသက် ဆယ့်ခုနစ် အရွယ်ရှိ မောင်မျိုးခိုင်ကလေး၏ ရင်ထဲဝယ် နင့်ခနဲဖြစ်သွားရှာလေသည်။

မောင်မျိုးခိုင်သည် စာကြည့်ခန်းထဲ ရောက်သည့်အချိန်ကစ၍ တစ်ဘက်ခန်းမှ ဖခင်၏ စကားများမှာ နားထဲ သို့ စူးစူးပြီး ဝင်ရောက်လာသောကြောင့် စာကို စိတ်မဝင်စားနိုင်ဘဲ နားစွင့်နေခဲ့သည်။ မောင်မျိုးခိုင်သည် အစစအရာရာကို သတိထားနိုင်သောမှတ်ဉာဏ် ရှိလာသည့် ခုနစ် ရှစ်နှစ် အရွယ် လောက်မှစပြီး မိခင်နှင့် ဖခင် တို့ ဘယ်အခါမှ သင့်မြတ်ကြည်သာစွာ ပြောဆိုနေထိုင်သည်ကို မမြင်ခဲ့ရဘူးပေ။ ဖိုင် ဦးဘဆွေက ကြင်နာ ယုယသလောက် မိခင် ဒေါ်ခင်မျိုးက စိမ်းကားတင်းမာစွာ နေခဲ့သည်ကိုချည်း တွေ့မြင်ခဲ့ရ၏။

မောင်မျိုးခိုင်ကလေးအား ဦးဘဆွေက ချီပိုး ယုယနေသည့်အခါ ဒေါ်ခင်မျိုးသည် မည်သည့်အခါမှ အနား မလာချေ။ ဒေါ်ခင်မျိုးနှင့် မောင်မျိုးခိုင်တို့ သားအမိချင်း ကြည်သာ ရွှင်ပျနေသည့်အချိန် ဦးဘဆွေ အနား ရောက်လာလျှင် ဒေါ်ခင်မျိုးသည် ရွာတော့မည့်မိုးလို အုံ့မှိုင်းသော မျက်နှာအသွင်သို့ လျင်မြန်စွာ ပြောင်းကာ ထွက်ခွာသွားတတ်သည်။ မောင်မျိုးခိုင်၏ အမြင်မှာ မိခင် ဒေါ်ခင်မျိုးသည် အလွန်ဆိုးလှချေသည်ဟု ယူဆ ခဲ့၏။

ယခုလည်း ဖခင်ဦးဘဆွေ၏ ကြေကွဲလှိုက်လှဲစွာ ပြောလိုက်သော စကားသံကြောင့် မောင်မျိုးခိုင်မှာ နင့်နေ စဉ် မိခင် ဒေါ်ခင်မျိုး၏ ဟက်ဟက် ပက်ပက် ရယ်လိုက်သံကြောင့် မောင်မျိုးခိုင်သည် အထူး သတိထားကာ နားစွင့် နေမိ၏။ ဒေါ်ခင်မျိုးရယ်သံမှာ သရော်ရွတ်ချ ပြောင်လှောင်သည့်ရယ်သံပါတကား။

ဒေါ်ခင်မျိုးသည် ဟက်ဟက်ပက်ပက်ရယ်ကာ ဦးဘဆွေအား စေ့စေ့ကြည့် လိုက်သည်။

" တော်တော့်ကို သနားစရာကောင်းနေပါတကား "

ဒေါ်ခင်မျိုး၏အသံမှာ အေးစက်မာကြောလှ၏။ စာကြည့်ခန်းမှ မောင်မျိုးခိုင်မှာ မိခင်ဖြစ်နေ၍သာ စိတ်ကို အနိုင်နိုင် ချုပ်တည်းထားရ၏။ မိထွေးသာဖြစ်ခဲ့ပါမူ ... အခန်းတွင်းမှ ထွက်ပေါ်လာသော စကားသံကြောင့် မောင်မျိုးခိုင် နားစွင့်ထားလိုက်ပြန်၏။

" မင်း ငါ့ကို ဒီလို မသရော်ပါနဲ့ကွာ "

" ဩော် ... ရှင့်ကို သရော်နေမှန်းတော့လဲ ရှင် အသိသားကိုး ... "

ဒူးထောက်အရှုံးပေးနေသောရန်သူကို အနိုင်ရသောသူ၏ လေသံဖြင့် ဒေါ်ခင်မျိုးက ပြောလိုက်သည်။

ထင်ထင်ရှားရှား သရော်နေတာကို ထမင်းစားနေတဲ့ လူမှန်ရင် သိတာပေါ့ကွာ၊ မင်းကို ငါ ဘာများ အပြစ်ဖြစ် အောင် လုပ်ဖူးလို့ ငါ့ကို ဒီလိုရက်စက်တဲ့ သဘောထားနေရတာလဲဟင်၊ ပြောစမ်းခင် "

ဦးဘဆွေက ချစ်လှသော ဇနီးအား မရိုတင်ကဲ မေးလိုက်၏။ စာကြည့်ခန်းမှ နားစွင့်နေသော မောင်မျိုးခိုင် မှာ ဖခင်အတွက် ရင်ထုမနာ ဖြစ်မိသည်။ မိခင်အားလည်း များစွာ စိတ်ဆိုးမိ၏။ သို့သော် ဇာတ်ရေလည် အောင် ဆိတ်ငြိမ်စွာပင် နားထောင်နေလိုက်သည်။

ဘာ ... ရှင့်မှာ အပြစ်တစ်ခုမှမရှိဘဲ စင်းလုံးချော လူသူတော် ကောင်းကြီး ပေါ့လေ၊ ကျုပ်ကို ဘယ်လို ကြံစည် ယူခဲ့ သလဲ ပြောစမ်း "

ချုပ်တည်းမနိုင်တော့သည့် ဒေါ်ခင်မျိုး၏အသံက စူးရှစွာ ထွက်ပေါ်လာသည်။ ဦးဘဆွေ ခေါင်းငိုက်စိုက် ကျသွား လေသည်။ စာကြည့်ခန်းမှ

မောင်မျိုးခိုင်ကား မျက်လုံးပြူးသွား၏။ ဒေါ်ခင်မျိုး၏စကား ဆက်မည် အပြုတွင် ...

" တော်ပါတော့ခင်၊ ဒါတွေ ပြန်မပြောပါနဲ့တော့၊ ပြီးတာပြီးပါစေ၊ ငါက မင်းကို ချစ်ခင်ကြင်နာရင် မင်းကလဲ ပြန်ပြီး ချစ်ခင်ကြင်နာဖို့ရာ ဝတ္တရားရှိပါတယ်။ ငါ တောင်းပန်ပါတယ်ကွာ၊ ဒီအကောင်ကို မေ့လိုက်ပါတော့ကွာ "

ဦးဘဆွေက တောင်းပန်လိုက်ခါမှ ဒေါ်ခင်မျိုးမှာ မျိုသိပ်ထားရသည်များကို ဖွင့်ချလိုက်လေသည်။

" ခေါ်ပုံ နင့်သီးလှချည်လား၊ ကိုစောခိုင်ကို ဒီအကောင်လို့ ခေါ်ထိုက် မခေါ်ထိုက်၊ ရှင့်ကိုယ်ရှင် အသိဆုံးပါ၊ ပြီးခဲ့တာတွေ ပြန်မပြောနဲ့လို့ ရှင်ပြောစရာ မလိုပါဘူး၊ မပြောချင်တော့လို့ အခုလို တိတ်တိတ် ဆိတ်ဆိတ် ကင်းကင်းရှင်းရှင်းနေ နေတာကို ဘာဖြစ်လို့ လူနားကပ်ပြီး စိမ်းကားသလေး၊ ရက်စက်သလေးနဲ့ အပြစ် ပြောနေရတာလဲ။ ဒီအခန်းဟာ ကျွန်မ သီးသန့်နေတဲ့ အခန်း၊ သား သုံးနှစ်သားအ`ရွယ်ကတည်းက ရှင်နဲ့ ကင်းကင်းရှင်းရှင်း နေလာတာ ရှင်အသိဆုံးပါ၊ သားကလေးမျက်နှာထောက်ပြီး ဒီအချိန်ထိ ကမန်မ စိတ်ဆင်းရဲ ခံခဲ့ရတယ်၊ ကျွန်မ မြတ်နိုးတဲ့ ပစ္စည်းကို ရှင်တစ်ခွန်းမှ မပြောပါနဲ့၊ ကျွန်မ အခန်းထဲက အခု ထွက် သွား ... "

ဒေါ်ခင်မျိုး အသံမှာ တင်းမာလွန်းလှသည်။ ကြင်နာယုယသော လင်ယောကျ်ားအား ဤမျှ ရက်စက်သည် မှာမသင့်လွန်းလှချေဟု မောင်မျိုးခိုင် ယူဆကာ ထိုင်နေရာမှ ထလိုက်မိ၏။ မိဘနှစ်ပါးအကြား ဝင်ရကောင်း နိုး ချိန်ဆနေဆဲဝယ် ...

" မင်းက ဒီလိုရက်စက်လေ ငါ စိတ်ဆင်းရဲလေ ပေါ့ကွာ၊ ဒီမှာ ခင် ငါနောက်ဆုံး စကားတစ်ခွန်း ... "

ဦးဘဆွေ၏ အသံမဆုံးမီ ... "

ရှင် စိတ်ဆင်းရဲတာ၊ ရုပ်ပျက်ဆင်းပျက်ဖြစ်နေတာ ကျွန်မကြောင့် မဟုတ်ပါဘူး၊ ရှင် မပြစ်မှားအပ်တဲ့ ကျေးဇူး ရှင်ကို ပြစ်မှားခဲ့တယ်၊ မယူထိုက် မစားထိုက်တဲ့ ပစ္စည်းကို ယူခဲ့စားခဲ့တယ်၊ ရှင့်မှာ ကျိန်စာသင့်နေ တာ သိရဲ့လား ... မြတောင် ကျိန်စာသင့်နေတာ "

ဟု ပြောလိုက်သော ဒေါ်ခင်မျိုးစကားကြောင့် ဦးဘဆွေသည် ထိုင်နေရာမှ ကင်းမြီးကောက် ထိုးလိုက်သလို ရုတ်ခနဲ ထလိုက်၏။ တစ်ကိုယ်လုံးမှာ နတ်ဝင်သလို တုန်ရီနေသည်။ စကားပင် ရုတ်တရက် မပြောနိုင်ဘဲ ဇနီးသည် ဒေါ်ခင်မျိုးအား ပြူးပြူးကြီး ကြည့်နေသည်။ စာကြည့်ခန်း အတွင်းမှ မောင်မျိုးခိုင်သည် မတ်တတ် ရပ်နေရာ မှ ပြန်ထိုင်လိုက်မန၏။ မိခင် ဖခင် တို့၏ အတွင်းရေးကား ရှုပ်ထွေးသော ဇာတ်လမ်းတစ်ခုပေ တကား ဟု ဆိတ်ငြိမ်စွာ နားစွင့်နေလိုက်ပြန်၏။

" မင်းကို ဘယ်သူပြောလဲ "

ဦးဘဆွေက တုန်ရီထိတ်လန့်စွာ မေးလိုက်၏။

" ကိုစောခိုင် လ

ဒေါ်ခင်မျိုးက သံပြတ်ဖြင့် ဖြေလိုက်သည်။

" ဟင် ... သူ ... သူ ... အသက်ရှင်နေလား ... မင်းနဲ့ဘယ်တုန်းကတွေ့လဲ "

ဦးဘဆွေ သည် ထစ်ထစ်ငေါ့ငေါ့ မေးကာ၊ သူ့အား သတ်ရန် လာသော ရန်သူတစ်ယောက်အနီးမှာ ရောက်၍ ပြေးပေါက် ရှာနေသူအလား ပြင်းစွာသော ထိတ်လန့်ကြောက်ရွံ့ခြင်းဖြင့် မျက်လုံးများမှာ ကြီးကန်း တောင်းမှောက် ဖြစ်နေသည်။

" ဟား ဟား ဟား ဟား "

ဒေါ်ခင်မျိုးက အားရပါးရ သရော်ရယ်နည်းမျိုး ရယ်လိုက်၏။

" သိပ် ကြောက်သွားပြီလား၊ ကိုစောခိုင်က ရှင့်လို ယုတ်မာတဲ့ လူမဟုတ်လို့ တဘက်သားကို ဒုက္ခရောက် အောင် မလုပ်ပါဘူး၊ သူနဲ့တွေ့တာ သားသုံးနှစ်သားအရွယ်က တွေ့လိုက်ရတာကြောင့် ဆယ်နှစ်ကျော် ကြာခဲ့ပါပြီ၊ ရှင် ယုတ်မာတာတွေ အားလုံး ဇာတ်စုံခင်းပြသွားတယ်၊ သူ အင်မတန် ချစ်ခဲ့တဲ့ ကျွန်မကို ရှင့် မယားဖြစ်နေလို့ ဘယ်လိုမှ မပြစ်မှားသွားပါဘူး။ အလွန်သစ္စာရှိတဲ့ လူတစ်ယောက်ပါ၊ အဲဒီ အချိန်ကစပြီး မလွဲသာ လို့ ယူခဲ့ရတဲ့ ရှင့်ကို ရွံလလည်း ရွံမုန်းလဲမုန်းတာကြောင့် လင်မယား အမည်ခံပြီး တစ်အိမ်တည်း နေပေမယ့် ကျွန်မ အခန်းသီးသန့်ထားပြီး ကင်းကင်းနေခဲ့တာ သိတယ်မဟုတ်လား "

ဒေါ်ခင်မျိုး၏ အသံမှာ နာကြည်းသံ၊ ကြေကွဲသံ ရောနေသည်။ စာကြည့်ခန်းထဲမှ မောင်မျိုးခိုင်မှာ ပါးစပ် အဟောင်း သားဖြစ်နေသည်။

" အခု သူ ဘယ်မှာနေလဲ "

ဦးဘဆွေက အံကြိတ်ပြီးမေးလိုက်၏။

" ကျွန်မ ပြောခဲ့ပြီကော၊ ဆယ်နှစ်ကျော် ကြာခဲ့ပြီလို့၊ ဘယ်မှာ နေတယ်မသိဘူး၊ သိလဲ မပြောဘူး၊ ရှင်က သွားသတ်ဦးမလို့လား "

" သတ်ရမယ်ကွ ... သတ်ရမယ်၊ ငါ့အေးချမ်းသာယာတဲ့ အိမ်ထောင်ကို ပျက်စီးအောင် လုပ်တဲ့ကောင်၊ ငါ့ မယား က ငါ့ကို ရန်သူကြီးလို ရွံမုန်းသွားအောင် လုပ်တဲ့ အကောင် ... ငါ သတ်ရမယ် "

ဦးဘဆွေ က စားပွဲကို လက်သီးဖြင့် ထုပြီး ဒေါသကြီးစွာ ပြောလိုက်သည်။ ဒေါ်ခင်မျိုးက ဦးဘဆွေအား စက်ဆုတ် ရွံရှာစွာ မဲ့ရွဲ့ကြည့်လိုက်ပြီး ...

" ရှင့်ဘဝ ရှင် စဉ်းစားကြည့်စမ်း၊ သူဌေးအမည်ခံနေပေမယ့် ကိုယ်ချမ်းသာစိတ်ချမ်းသာ ရှိရဲ့လား၊ ခရီးသွား တိုင်း ကားမှောက် ကားတိုက်လို့ ဆေးရုံ ခဏခဏ တက်ရ၊ အိမ်မှာနေလဲ မကြီးမငယ်နဲ့ အိမ်ပေါ်ထပ်က လိမ့်ကျ၊ ရေချိုးခန်းထဲချော်လဲ ထိပ်ပေါက် ခေါင်းကွဲဖြစ်လို့ ဆရာဝန် ခဏခဏ ခေါ်ရ၊ ထိတ်စရာ လန့်စရာ အိပ်မက်တွေမက်။ သွေးပျက်ပြီး သေကောင်ပေါင်းလဲ ဖျားရနဲ့ ဖြစ်နေတာတွေဟာ ကျေးရူးရှင်ကို ပြစ်မှားတဲ့ အကုသိုလ်တွေ၊ မယူထိုက်တဲ့ ပစ္စည်းယူခဲ့လို့ မြတောင်က ကျိန်စာသင့်နေတာတွေ ဆိုတာ မစဉ်းစားမိဘူး လား၊ ဒါတွေကို သတိတရားမရဘဲ၊ ကျေးရူးရှင်ကို ထပ်ပြီး ပြစ်များဦးမယ်ကြံတယ်၊ လောကမှာ ရှင့်လောက် ယုတ်မာတဲ့လူ ရှိကိုမရှိတော့ဘူး "

ဟု နစ်နစ်နာနာ ပြောလိုက်၏။ ဒေါ်ခင်မျိုးအား အပြုံးသာ ကြည့်နေသော ဦးဘဆွေ၏ မျက်လုံးများသည် ချာချာ လည်လာသည်။

ကျွန်မရှေ့မှာ အရူးလိုလို အပေါလိုလို ရုပ်ကြီးမျိုးနဲ့ရပ်မနေနဲ့၊ ကျွန်မ အခန်းထဲက အခုထွက် "

ဒေါ်ခင်မျိုး၏ စကားဆုံးလျှင် ဦးဘဆွေသည် ကျားအုပ်သလို ဒေါ်ခင်မျိုးအား ခုန်အုပ်ပြီး ဒေါ်ခင်မျိုး၏ လည်မျိုကို ဖမ်းညှစ်လိုက်သည်။ ထိတ်လန့်စွာ

အော်လိုက်သော ဒေါ်ခင်မျိုး၏ အသံနှင့် ဝုန်းဝုန်းဒိုင်းဒိုင်း အသံများကြောင့် မောင်မျိုးခိုင်သည် မိဘများရှိရာ အခန်းတွင်းသို့ ပြေးဝင်လာသည်။

" ဖေဖေ လွှတ်မယ် လွှတ်မယ် "

မောင်မျိုးခိုင်သည် ပြောပြောဆိုဆို မိခင်၏ လည်မျိုကို ညှစ်ထားသော ဖခင်၏လက်များကို ဖြေကာ ဆွဲယူ လိုက်၏။ ဒေါ်ခင်မျိုးကား သတိလစ်နေသည်။

" သေပြီလား ဟင် ခင်မျိုးသေပြီလား "

ဦးဘဆွေသည် မူမမှန်သော အသံဖြင့်ပြောကာ အသံကုန် ဟစ်အော်လိုက်သည်။ ဆူဆူညံညံ အသံများ ကြောင့် အိမ်အောက်ထပ်မှ အိမ်ဖော် ဒေါ်မှုံနှင့် ကားဒရိုင်ဘာတို့ အပြေးအလွှား တက်လာကြသည်။ ဒရိုင်ဘာအား ဆရာဝန် အခေါ်ခိုင်းလိုက်ပြီး မောင်မျိုးခိုင်သည် မိခင်အား ပွေ့ချီကာ ခုတင်ပေါ်သို့ တင်ထား လိုက်သည်။ ထိုအခိုက် တဟီးဟီး ငိုနေသော ဦးဘဆွေသည် တဟားဟား အော်ရယ်လိုက်ပြန်၏။ မောင်မျိုး ခိုင်နှင့် ဒေါ်မှုံတို့က အထိတ်တလန့် လှည့်ကြည့်လိုက်ကြသည်။

" နတ်မိစံရာ ... မြသေလာတောင်၊ အိုလေ ... စိမ်းညို့ညို့မောင် "

ဦးဘဆွေသည် သံနေသံထားဖြင့် အော်ဟစ်သီဆိုရင်း ကွေးနေအောင် ကခါ အခန်းတွင်းမှ ပြေးထွက် သွားလေသည်။

" ဒေါ်မှုံ ... မေမေ့ကို စောင့်ကြည့်နေပါအုံး "

မှင်သက်မိသလို မောင်မျိုးခိုင်နှင့် ဒေါ်မှုံတို့ ငိုင်ပြီး ဦးဘဆွေအား ကြည့်နေကြရာမှ ဦးဘဆွေ အခန်းထဲမှ ပြေးထွက်ပျောက်ကွယ်သွားသည့် အချိန်တွင် ဦးဘဆွေ ချာချာလည်အောင် ရူးသွားပြီဖြစ်ကြောင်းကို မောင်မျိုးခိုင်နှင့် ဒေါ်မှုံတို့ စဉ်းစားလိုက်မိ၏။ မောင်မျိုးခိုင်သည် မိခင်အား စောင့်ကြည့်ရန် ဒေါ်မှုံအား အရေး တကြီး မှာကြားပြီး အိမ်ပေါ်မှ ကပျာကသီ ပြေးဆင်းလိုက်သွားသည်။

သို့သော် နဂိုကပင် လူသူ မော်တော်ကား အသွားအလာ ရှုပ်ထွေးစည်ကားလှသော ရန်ကုန်မြို့ ပန်းဆိုးတန်း လိုနေရာမျိုးမှာ ယခုကဲ့သို့ အလုပ်ဆင်းချိန်၊ ရုံးဆင်းချိန်တွင် တိုးမပေါက်အောင် များပြားလှ သည့် အလုပ်သမားထုက ပိုမိုလာသည့်လူများ၊ မော်တော်ကားများ အကြားတွင် ဦးဘဆွေ အား မည်သို့ အလွယ် တကူ တွေ့နိုင်ပါမည်နည်း။ ကိုမျိုးခိုင်သည် ဖခင်၏ အရိပ်အရောင်ကိုပင် မတွေ့ရတော့ချေ။ သေမည် ရှင်မည် မသိဖြစ်နေသော မိခင်ထံ ပြန်ပြေးရမည်လော၊ ဖခင်ကိုပင် တွေ့အောင် မတွေ့မချင်း လိုက်ရှာ ရမည်လော၊ ကိုမျိုးခိုင်သည် ရူးချင်သလိုလိုပင် ဖြစ်နေမိရှာလေ၏။

----------------------

ပျောက်သောသူ ရှာလျှင်တွေ့ ဆိုသောစကားပုံ ရှိသော်ငြားလည်း ဦးဘဆွေကိုကား သတင်းအစအနပင် မရအောင် ရှာမတွေ့ဘဲ ဖြစ်နေလေသည်။ ဦးဘဆွေ ပျောက်ဆုံးသွားသည့် အချိန်မှစ၍ ဒေါ်ခင်မျိုးသည် ဦးဘဆွေအကြောင်း ယောင်၍မျှ လေသံမဟချေ။ ဦးဘဆွေ၏ စိန်ရွှေရတနာဆိုင်ကို ဖျက်သိမ်းကာ လက်ရှိ နေထိုင်သော တိုက်နှင့်တကွ အိမ်ထောင်ပရိဘောဂအားလုံးကို ဖြစ်သလိုဈေးနှင့်ရောင်းပြီး ဒေါ်ခင်မျိုးသည် မည်သူ့ နာမည်ကိုမှမဖော်ထုတ်၊ ကမ္ဘည်းမထိုးဘဲ အားလုံးကို လှူပစ်လိုက်သဖြင့် ဒေါ်မှုံနှင့် ကိုမျိုးခိုင်တို့မှာ စဉ်းစားမရအောင်

ဖြစ်နေကြလေသည်။ သို့သော် ဦးဘဆွေက လည်မျိုညှစ်ခြင်းခံရသည့်နေ့မှစ၍ ဒေါ်ခင်မျိုး၏ ကျန်းမာရေးမှာ ချို့ယွင်းလာသည်ဖြစ်၍ သူ စိတ်ချမ်းသာသလို လုပ်ပါ ဟူသော သဘောဖြင့် ဒေါ်မှုံနှင့် ကိုမျိုးခိုင်တို့က တစ်ခွန်းတလေမှ ကန့်ကွက်စကား မပြောခဲ့ကြချေ။

ဒေါ်ခင်မျိုးသည် အင်းလျားကန်ဘက်တွင် ခြံဝင်းကျယ် ဆိတ်ငြိမ် အေးချမ်းသော အိမ်တစ်ဆောင်ကို ဝယ်ယူ ပြောင်းရွှေ့ နေထိုင်လာခဲ့သည်။ ဆယ်တန်း စာမေးပွဲ အောင်မြင်ပြီဖြစ်သော သား ကိုမျိုးခိုင်အား တက္ကသိုလ်သို့ ဆက်လက် ပညာသင်ရန် တိုက်တွန်းလိုက်၏။

" ဖြစ်ပါ့မလား မေမေ၊ ပစ္စည်းတွေရှိသမျှ ဖေဖေ့ဆိုင်က ရွှေရတနာပါမကျန် မေမေလှူပစ်လိုက်ပြီ မဟုတ်လား၊ တက္ကသိုလ်မှာ ကျွန်တော် ပညာဆက်သင်နေမယ်ဆိုရင် တစ်နှစ်တစ်နှစ် မှန်မှန် အောင်တယ်ထားအုံး၊ လေးနှစ်တိတိ ဝင်ငွေမရှိဘဲ ထိုင်စားနေလို့ အလျှင် မမီဘဲ ဖြစ်သွားမှာ စိုးပါတယ်။ ရရာ အလုပ်ကျွန်တော် ရှာပါ့မယ်။ အလုပ်လုပ်ရင်းက ဖြစ်နိုင်မယ်ဆိုရင် ကြိုးစားပြီး အလွတ်နဲ့ ဖြေယူပါ မယ်"

ရှေ့ရေး နောက်ရေးကို တွေးပူတတ်သော သားလိမ္မာ စကားကြောင့် ဒေါ်ခင်မျိုးက နှစ်သိမ့်စွာ ပြုံးလိုက်၏။ သို့သော် နေသွေ့ သောပန်းလို နွမ်းလျော် ညှိုးခြောက်နေသော ဒေါ်ခင်မျိုး၏ မျက်နှာပေါ်က အပြုံးကား လန်းလန်းစိုပြည်ခြင်းကား မရှိချေ။ နွမ်းနေသောပန်းကို ရေဆွတ်ထားသလိုနှင့် သဏ္ဍာန်တူပေသည်။

" ကျွန်တော် တကယ်ပြောတာပါ မေမေရယ် "

သူ့စကားကိုမယုံ၍ မိခင်က ပြုံးသည်ထင်ပြီး ကိုမျိုးခိုင် လေးလေးနက်နက် ပြောလိုက်၏။

ယုံပါတယ် သားရယ်၊ လိမ္မာလှတဲ့ သားရဲ့ အဖိုးတန် စကားကြောင့် မေမေအားရလို့ ပြုံးတာပါ၊ သား ပညာကို အေးအေးဆေးဆေး သင်ယူဖို့လောက် ပစ္စည်းအင်အားတော့ မေမေ့မှာ ရှိပါသေးတယ်ကွယ် "

ဒေါ်ခင်မျိုးက သား၏ဦးခေါင်းကို ချစ်ခင်ယုယစွာ လက်ကိုပွတ်သပ်ပြီး ပြောလိုက်၏။ ကိုမျိုးခိုင်က မယုံပေ။ ပညာသင်စေလိုသော ပြောနေသည်ဟု ထင်၏။

" ဟုတ်ပဲ့မလား မေမေ၊ ဘာပစ္စည်းမှမချန်ဘူလို့ မေမေ ကိုယ်တိုင်က ပြောပြီး လှူလိုက်ပြီးမှပဲ "

" ခက်လိုက်တာ သားရယ်၊ မေမေလှူတာက မယူထိုက်၊ မစားထိုက် ကျိန်စာသင့်နေတဲ့ ပစ္စည်းတွေကိုသာ လှူတာကွယ့်၊ မေမေ ဘိုးဘွားမိဘ လက်ထက်က အမွေရတဲ့ စင်ကြယ်တဲ့ပစ္စည်း၊ သုံးထိုက်စားထိုက်တဲ့ ပစ္စည်းကို မလှူပါဘူး၊ မေမေပိုင် စင်ကြယ်တဲ့ ပစ္စည်းက သုံးသောင်းခွင်း ပျော့ပျော့လောက် ကျန်ရှိနေပါ သေးတယ်။ ငွေတစ်ကျပ်ရဖို့ ပင်ပန်းကြီးစွာ ရှာဖွေနေရတဲ့ အခုခေတ်မှာ သုံးသောင်းခွင်းလောက် ပစ္စည်းရှိရင် သူဌေးကလေးပဲ မဟုတ်လား သားရဲ့၊ ပညာသင်စရိတ် နေရေး၊ စားရေး ဘာပူစရာရှိသလဲ၊ ပညာဆက်သင်နော် သား "

ဒေါ်ခင်မျိုးက စိတ်ရှည်လက်ရှည် ဖြည်းဖြည်းဆေးဆေး ပြောပြသည်။ ကိုမျိုးခိုင်သည် မိခင်ပြောစကားကို ငြိမ်၍ နားထောင်နေသော်လည်း စိတ်ထဲမှာကား ဖခင် ဦးဘဆွေ ပျောက်ဆုံးသွားသည့်နေ့က မိခင်နှင့် ဖခင် တို့

ခိုက်ရန် ဖြစ်ပွားခဲ့သည့်များကို ပြန်လည်သတိရကာ ထိုအချိန်က မိခင်ပြောသည့် စကားများကို ပြန် လည် ကြားယောင် မိ၏။

" ရှင် စိတ်ဆင်းရဲတာ၊ ရုပ်ပျက်ဆင်းပျက်ဖြစ်နေတာ ကျွန်မကြောင့် မဟုတ်တဲ့ပါဘူး၊ ရှင် မပြစ်များအပ်တဲ့ ကျေးဇူးရှင်ကို ပြစ်မှားခဲ့တယ်၊ မယူထိုက် မစားထိုက်တဲ့ပစ္စည်းကို ယူစားတယ်၊ ရှင့်မှာ မြတောင်ကျိန်စာ သင့်နေတာ သိရဲ့လား၊ မြတောင်ကျိန်စာ သင့်နေတာ" ဟူသော မိခင်၏ စကားကို ကြားယောင်လာ၏။ မိဘ နှစ်ပါး၏ နောက်ကြောင်း ရာဇဝင်ကို သိလိုသောစိတ်သည် ပြင်းပြစွာ ပေါ်လာ၏။ ဘာပဲ ဖြစ်ဖြစ် မိခင်အား မေးတော့မည်ဟု စိတ်ကို ဆုံးဖြတ်ခါ ...

" မေမေ့ စကားကို နားထောင်ပြီး ပညာ ဆက်သင်ပါ့မယ်။ ဒါပေမယ့် သားစိတ်ထဲမှာ မရှင်းမလင်း ဖြစ်နေ တာ တစ်ခုကို မေးပါရစေ မေမေ "

မိခင် မျက်နှာကို မော့ကြည့်ပြီး စကားပလ္လင် ခံလိုက်၏။

" ဘာ အကြောင်းများလဲ သားရယ် "

ဒေါ်ခင်မျိုးက အမှတ်မထင်မေးလိုက်၏။ ကိုမျိုးခိုင်က ရဲဆေးတင်သလို တံတွေးတစ်ချက်မျိုးလိုက်ပြီး ...

" ဟို အခုနက မေမေပြောတဲ့ ကျိန်စာသင့် ပစ္စည်းဆိုတာရယ်၊ နောက်ပြီး မြတောင်က ကျိန်စာ "

ကိုမျိုးခိုင်၏ စကားမဆုံးမီ ဒေါ်ခင်မျိုးက ...

" ဒါတွေ မမေးပါနဲ့လို့ သားကို မေမေ တောင်းပန်ပါတယ်ကွယ်၊ အဟောင်းက အသစ်မဖြစ်ပါရစေနဲ့တော့၊ ပြန်ပြောနေရင်လဲ သားအဖို့ စိတ်ဆင်းရဲရုံ၊ ရှက်ရုံကလွဲပြီး အကျိုးမရှိပါဘူး။ မသိချင်ပါနဲ့နော် သား "

ဟု တောင်းတောင်းပန်ပန် ပြောနေသော ဒေါ်ခင်မျိုး၏ အသံသည် အက်ကွဲဆွေးမြေ့လှသည်။ မျက်လုံး အတွင်းမှ မျက်ရည်များပင် ဝေလာသည်ကို တွေ့ရသော ကိုမျိုးခိုင်သည် စိတ်မချမ်းသာသော မိခင်အား ထပ်မံညစ်ညူးအောင် ပြုလုပ်မိချေပြီဟု များစွာ နောင်တရလိုက်မိ၏။

" သားကို ခွင့်လွှတ်ပါ မေမေ၊ မေမေ စိတ်ညစ်စေမယ့် စကားမျိုးကို ဒီအချိန်ကစပြီး သား မပြောတော့ပါဘူး လို့ ကတိပေးပါတယ် "

ကိုမျိုးခိုင်က မိခင်၏ ရင်ခွင်မှာ မျက်နှာအပ်ပြီး လှိုက်လှိုက် လှဲလှဲ တောင်းပန်လိုက်၏။ ဒေါ်ခင်မျိုး၏စိတ်တွင် မေ့ပျောက်ထားခဲ့သောအတိတ်သည် အရိပ်လို ပေါ်လာဘိသကဲ့သို့ ရင်ခွင်မှာ မျက်နှာအပ်ထားသော သား၏ ဦးခေါင်းကို ဖက်ကာ မျက်ရည်များ မှိုင်းမှုံနေသော မျက်လုံးဖြင့် သူ့ရှေ့ တူရူသို့ အဓိပ္ပာယ်ကင်းမဲ့စွာ ငေးကြည့်နေရှာ သည်။

အေးမြသော လေပြည်သည် သုတ်ဖြူးတိုက်ခတ်လျက် ရှိရာ အင်းလျားကန်အတွင်းရှိ ရေပြင်သည် လှိုင်း ကြက်ခွပ်ကလေးများ ထနေသည်။ ကန်စပ်ရှိသစ်ပင်ကြီးမှာလည်း ရွက်ဟောင်းကြွေခါ ရွက်သစ်တွေမြူးပြီး ပုရစ်ဖူး ပြောနေပြီ ဖြစ်သော စိမ်းလဲ့လဲ့မြရောင်ဖြင့် ညို့မှောင်နေသည်။ နွေဦးပေါက်ပြီဖြစ်၍ ချိုအေး သာယာလှသော အသံဖြင့် သစ်ပင်ကြီးထက်မှ

တွန်ကြူးလိုက်သော ညသြင့်ကလေး၏အသံသည် သစ်ပင် အောက် မှာ စကားပြောနေသော မောင်နှံ နှစ်ယောက်အား တေးသီကာ ဖြေဖျော်နေဘိသကဲ့သို့ပင် ...

" သြော် ... နွေဦးပေါက်လို့ လေနောက်ကမြူးပြီး တွန်ကြူးတဲ့ ညသြသံကို ကြားရတော့ ခင်လေးစိတ်ထဲမှာ ဘယ်ဆီ ဘယ်ဝယ် ရည်ရွယ်လို့ မရဘဲ လွမ်းသလိုလို ဆွေးသလိုလိုကြီး ဖြစ်နေတယ်၊ မောင့်စိတ်ထဲမှာရော နွေဦးပေါက်ချိန်မှာ အဲဒီလို မခံစားမိဘူးလား "

လေအပင့်မှာ ကြွေလွင့်လာသော သစ်ရွက်ဝါကလေးကို ကောက်ယူကာ စေ့စေ့ကြည့်ပြီး စာသံ ကဗျာသံ ကလေးဖြင့် ပြောနေသော ခင်ခင်လေးအား ချစ်မြတ်နိုးစွာစိုက်ကြည့်နေသည့် ကိုမျိုးခိုင်၏ မျက်နှာသည် မသိမသာ ညှိုးသွားသည်။ ခင်ခင်လေးအား ကြည့်နေသည့် ချစ်ရည်ရွှန်းလဲ့သော မျက်လုံးများမှာ မှေးမှိန် သွားလေသည်။ လွန်ခဲ့သော သုံးနှစ်ကျော်အထက်က ဤလို နွေဦးပေါက်ချိန်မှာ လေရူးနှောက်ရာ လွင့်ပါ သွားသော ရော်ရွက်ဝါလို အစအနပင် ရှာမရအောင် ပျောက်ကွယ်သွားသော ဖခင်ကို ရုတ်ခြည်းသတိ ရကာ လွမ်းတ မိလေသည်။

ဖခင်ကား ပျောက်ကွယ်ခဲ့လေပြီ။ မိခင်ကား ယခုအချိန်တွင် ကျန်းမာရေးအခြေအနေမှာ အတော်ပင် ဆိုးနေ ပြီ။ သပွတ်အူလို ဘယ်ကစပြီး ဘယ်လို ဆုံးမှန်းမသိ တရိရိ ဆွေးနေရှာသော မိဘနှစ်ပါး၏ မချမ်းမြေ့ မသာ ယာသော ဘဝကို တွေးမိသော ကိုမျိုးခိုင်သည် ချစ်သူ ခင်ခင်လေး၏ အမေးကို မဖြေမိဘဲ ငိုင်နေလေသည်။ ငြိမ်ချက်သား ကောင်းနေသော

ကိုမျိုးခိုင်ထံမှ အဖြေမရသော ခင်ခင်လေးက သစ်ရွက်ဝါကလေးကို ကြည့်နေရာ မှ ကိုမျိုးခိုင်ကို မော့ကြည့်လိုက်၏။

" မောင်မောင် ဘာဖြစ်လို့လဲ ဟင် "

ခင်ခင်လေးက စိုးရိမ်ကြီးစွာမေးလိုက်၏။

" ဩော် ... နွေဦးပေါက်ချိန်ကို ခင်က စာဖွဲ့နေတော့ အခုလို အချိန်မှာပဲ ပျောက်ကွယ်သွားတဲ့ ဖေဖေ့ကို သတိရပြီး စိတ်မကောင်းဖြစ်မိလို့ပါခင်ရယ် "

ကိုမျိုးခိုင် က အသံလေးလေးဖြင့် ပြောလိုက်ရာ ခင်ခင်လေးမှာလည်း စိတ်မကောင်းဖြစ်သွားလေသည်။ တစ် ယောက် နှင့် တစ်ယောက် စကားမပြောမိကြဘဲ အတန်ငယ် ငြိမ်နေကြပြီးမှ ...

" ဟုတ်ပါရဲ့နော်၊ မောင့်ဖေဖေအကြောင်း တစ်ခါတုန်းက မောင်ပြောထားသားနဲ့ ခင်လေးက မေ့ပြီး နွေဦး ပေါက်ကို စာဖွဲ့နေမိတယ်၊ မောင့်ကို စိတ်မကောင်းအောင် သတိပေးသလို ဖြစ်နေပြီ "

ခင်ခင်လေးက အကယ်ပင် စိတ်မကောင်းသံဖြင့် ပြောလိုက်၏။ ကိုမျိုးခိုင်ကမူ ငိုင်မြဲပင် ငိုင်နေသည်။

" ဒါထက် မောင်တို့ မေမေရဲ့ အခြေအနေရော "

ခင်လေးက ဆက်မေးလိုက်သည်။

" လုံးပါး ပါးမှာပဲ ခင်။ မေမေ့ကို စိတ်မချလို့ ကျောင်းမတတ်ဘဲ အနားမှာ နေပါရစေပြောတော့ သားအနားမှာ နေလဲ မေမေ့ရောဂါကို ဝေယူလို့ မရပါဘူးတဲ့။ ကျောင်းမှန်မှန်တက်ပြီး စာမေးပွဲအောင်မှ မေမေ စိတ်ချမ်းသာပြီး

ရောဂါသက်သာမယ်လို့ ပြောလို့ မောင်လဲ စိတ်မချမ်းသာရက်နဲ့ ကျောင်းတက်နေရ တာပဲ ခင်လေးရယ် "

ကိုမျိုးခိုင် က စိတ်မချမ်းမြေ့စွာ ညည်းညည်းညူညူ ပြောလိုက်သည်။

" မောင် တစ်ခါမှ စာမေးပွဲ မကျခဲ့သေးဘူးနော် "

" မကျခဲ့ဘူးခင်လေး။ ဒါကြောင့် ဒီနှစ်ဒီဂရီရမယ့်နောက်ဆုံးနှစ်မှာ မေမေစိတ်ချမ်းသာအောင် စာကို ဂရုစိုက် ကြိုးစားနေရတယ် ခင်လေးရဲ့၊ မောင်နဲ့ခင်လေးက တက္ကသိုလ်ကို တစ်နှစ်တည်း ရောက်ကြတဲ့ လူချင်း တူတဲ့ ဘာသာကလဲ တူတယ်၊ ခင်လေးရော ဒီနှစ် ဘွဲ့ရချိတ်နိုင်မယ် မဟုတ်လား "

" ချိတ်နိုင်မယ်လေ မောင်ရဲ့၊ ခင်လေးကလဲ မောင့်လိုပါဘဲ၊ အချစ်ဟာ အချစ်တခြား၊ ပညာက ပညာတခြား ခွဲခြားတတ်လို့ မောင်နဲ့အတူ နှစ်တိုင်း စာမေးပွဲ အောင်လာတယ် မဟုတ်လား၊ ဒါထက် မောင့်ကို ခင်လေး တစ်ခု ပြောစရာရှိတယ်၊ မောင်သဘောတူလိမ့်မယ်လို့လဲ ခင် ထင်တယ်လေ "

ခင်ခင်လေး က ကိုမျိုးခိုင်၏ မကြည်မလင် ဖြစ်နေသော မျက်နှာကို ကြင်နာစွာ ကြည့်ပြီး ပြောလိုက်၏။

" ဘာလဲ ခင် ပြောလေ မောင်သဘောတူသင့်လဲ တူရတာပေါ့ "

ကိုမျိုးခိုင်က အံ့သြသော လေသံဖြင့် မေးလိုက်၏။

" ဒီလိုလေ မောင်ရဲ့ ... ခင်လေးဖေဖေက သူ့မိတ်ဆွေရဲ့ သားနဲ့ သဘောတူကြောင်း စကား အရိပ်အမြွက် ခင်လေးကို ပြောတယ်၊ အဲဒီလူက (အိုင်-စီ-အက်စ်) မောင်ရဲ့ "

ဗြိတိသျှအစိုးရ လက်အောက်ခံအချိန်တွင် မြန်မာလူမျိုးထဲမှ အိုင်စီအက်စ် ဘွဲ့ရထားသူ ဆိုလျှင် အလွန်ပင် ဈေးကောင်းမျက်နှာပွင့်လှသည်။ အထက်တန်းလွှာမှစ၍ ဖျပ်ထိုး ခေါင်းရွက် ဈေးသည်အထိ မိန်းမ မှန်လျှင် အိုင်စီအက်စ်ကို လိုချင်သူချည်းသာဖြစ်ကြ၏။

" ခင်လေးသဘောကရော ဘယ်လို စီစဉ်ထားသလဲ "

လူမှန်းသိသည့်အချိန်မှစပြီး မိဘနှစ်ပါးအတွက် အမြဲ စိတ်ဆင်းရဲခံခဲ့ရ၍ ထုံနေပြီဖြစ်သော ကိုမျိုးခိုင်က ခင်ခင်လေးအား အသက်တမျှ ချစ်နေသူ ဖြစ်စေကာမူ ထူးထူးခြားခြား ဣန္ဒြေပျက်လောက်အောင် တုန်လှုပ် ခြောက်ခြားမှု မပေါ်လွင်တော့ဘဲ ခင်ခင်လေးထံမှ မျက်နှာကို လွှဲကာ လိုင်းကြက်ခွပ်ကလေးများ ထနေ သော အင်းလျားကန်ရေပြင်ကို ငေးကြည့်ကာ မေးလိုက်သည်။ သို့သော် ကိုမျိုးခိုင်၏ အသံမှာ အက်နေသည်ကို ခင်ခင်လေး သတိထားမိသည်။ ကိုမျိုးခိုင်၏ မေတ္တာနှင့်သစ္စာကို ခင်ခင်လေးက ယုံကြည်ပြီး ဖြစ်သည်။

" မောင့် ကို ကတိပေးပြီးပြီဖြစ်ကြောင်း ခင်လေးဖေဖေကို ဖွင့်ပြောလိုက်မယ် "

မိခင်မရှိတော့၍ အဖအုပ်ပြီး ကြီးခဲ့ရသော ခင်ခင်လေးက သမီးအဘချင်း ပွင့်ပွင့်လင်းလင်း ပြောရန်ပင် ဆုံး ဖြတ်လိုက်သည်။

" ဘာ ... ခင်လေးက ဖွင့်ပြောမယ် "

ကိုမျိုးခိုင်က အံ့ဩစွာ မေးလိုက်သည်။

" ဖွင့်ပြောရမှာပေါ့မောင်၊ ခင်လေးတို့ အကြောင်းမသိဘဲ လူကြီးချင်း စကားလွန်ကုန်ရင် မခက်ပါလား "

" အခြေအနေ အဆင့်အတန်းချင်းစာရင် ဟိုလူက အများကြီးသာနေတာ ခင်လေး ဖေဖေက ခွင့်ပြုနိုင်ပါ့မလား ကွယ်"

ကိုမျိုးခိုင်က စိတ်မကောင်းစွာ ပြောလိုက်၏။

" တစ်သက်လုံး အလိုလိုက်လာတဲ့ ဖေဖေမို့ အခု ကိစ္စလဲ ပြင်းပြင်းထန်ထန် ကန့်ကွက်မယ် မဟုတ်ဘူး ထင်ပါတယ်၊ မောင့်မိဘအကြောင်း၊ မောင့်မေမေရဲ့ ဇာတိမျိုးရိုး နာမည်တွေ မောင်ပြောထားတဲ့ အတိုင်း ခင်လေးပြောပြမယ်၊ ဒါနဲ့မှ သဘောမတူရင်လဲ အို တူအောင် ကြိုးစားမယ်လေ၊ တော်တော်ကြာ မောင်က အခုလို မတုန်မလှုပ်ကြီးနဲ့ ခင့်ကို မြတ်နိုးသလိုလို မမြတ်နိုးသလိုလိုကြီး အမူအရာမျိုး လုပ်နေရင် တော့လား "

ခင်ခင်လေးက အေးစက်စက် အမူအရာနှင့်နေသော ကိုမျိုးခိုင်ကို ဒေါပွသလို ပြောလိုက်သည်။ ကိုမျိုးခိုင်က ခင်ခင်လေးအား စေ့စေ့ကြည့်လိုက်၏။

" ခင့်ကို မြတ်နိုးတာ၊ စုံမက်တာ၊ ချစ်တာတွေကို ရင်ခွဲပြလို့ရရင် ပြချင်ပါတယ်၊ မောင့်ကိုတော့ တလွဲ မထင် လိုက်ပါနဲ့ ခင်လေးရယ်၊ မောင့်မှာ လူမှန်းသိတဲ့အရွယ်ကစပြီး မိဘအတွက်နဲ့ စိတ်ညစ်စိတ်ဆင်းရဲတဲ့ဝေဒနာ စွဲလာခဲ့တဲ့လူပါ၊ အခုလဲ မေမေ ဘယ်တော့ ငါ့ကို ပစ်သွားမှာလဲလို့ တွေးပြီး မကြည်မလင် ဖြစ်နေရတာမို့ စိတ်ဆင်းရဲစရာပေါ်မှာ စိတ်ဆင်းရဲစရာ တွေထပ်လာတော့ လူက ထုံနေပြီခင်လေးရဲ့၊ ကံကြမ္မာ စီမံဖန်တီး သမျှပဲလို့ စိတ်ထဲမှာ ပိုင်းဖြတ်ထားလိုက်တယ်။ မောင်ပြောတဲ့ စကားတွေကိုတော့ ခင်လေး ယုံပါကွယ် "

ကိုမျိုးခိုင်၏ အသံမှာ သွေ့ခြောက်အက်ကွဲနေသည်။ ခင်ခင်လေးသည် စိတ်ထဲကမပါဘဲ ပြောလိုက်မိသော စကားကြောင့် ချစ်သူ ကိုမျိုးခိုင်အား များစွာ ကြင်နာသွားလေသည်။

" ခင်လေး ကျီစားတာပါ မောင်ရယ်၊ ယုံပါတယ် "

ခင်ခင်လေးက ရယ်ရယ်မောဖြင့် ပြောပြီး လက်ပက်နာရီကလေးကို ငုံ့ကြည့်လိုက်၏။

အတန်းတက်ချိန် နီးပြီမောင်း ပြန်ကြစို့နော် "

ခင်ခင်လေးက ပြောရင်း ထိုင်ရာမှထလိုက်၏။

" ခင်လေး ပြန်နှင့်လေ "

ကိုမျိုးခိုင်က မတုန်မလှုပ်ပင် ထိုင်ရာမှ လှုပ်ရှားမှုမရှိဘဲ ပြောလိုက်သည်။ ကိုမျိုးခိုင်သည် ဤသို့ ထိုင်မိ ထိုင်ရာ ထိုင်ပြီး ငေးငိုင်တွေးတောနေတတ်သည်ကို သိပြီးသော ခင်ခင်လေးက ချစ်သူအား ကြင်နာစွာ တစ် ချက်မျှ စိုက်ကြည့်ကာ ...

" ခင်လေးသွားတော့မယ် မောင် "

ဟု နှုတ်ဆက်ပြီး ခပ်သွက်သွက် ထွက်လာလေသည်။ ကိုမျိုးခိုင်ကား ထိုင်လျက်၊ ငိုင်လျက်၊ ငေးလျက် တွေး လျက် အင်းလျားကန်စပ်မှာပင် ကျန်ရစ်ခဲ့လေသည်။

*

" သား ... စာမေးပွဲ ကောင်းကောင်းဖြေနိုင်တယ်နော် "

တစ်နေ့တခြား ဆိုးရွားလာသော ဝေဒနာကြောင့် အိပ်ရာခုတင်ပေါ်တွင် ယဲ့ယဲ့ ကလေးမျှသာရှိနေသော ဒေါ်ခင်မျိုးက သားအား ပျော့ညံ့သောလေသံဖြင့် မေးလိုက်၏။

" ဖြေနိုင်ပါတယ်မေမေ၊ သားအောင်မှာ မလွဲပါဘူး၊ ဘွဲ့နှင်းသဘင် တက်တဲ့အခါ မေမေလိုက်ရမယ်နော်၊ သားက ခေါင်းပေါင်း ပေါင်းသွားရမှာ တကဲ့လူကြီးလိုပေါ့ မေမေ။ အဲ့ဒါ မေမေ မြန်မြန် ကျန်းမာအောင် စိတ် ကို ပြုပြင်ပါနော်၊ ဘွဲ့နှင်းသဘင် ခန်းမဆောင်မှာ ဘွဲ့ယူနေတဲ့သားကို ကျေနပ်တဲ့ မျက်နှာနဲ့ ပြုံးနေတဲ့ မေမေကို သား သိပ်ကြည့်ချင်ပါတယ် "

မျှော်လင့်ချက်မရှိတော့ဘဲ ရက်ပိုင်းမျှကိုသာ စောင့်နေရသော မိခင်၏ အခြေအနေကို ကောင်းစွာ သိနေ သော်ငြားလည်း ကိုမျိုးခိုင်သည် မိခင် စိတ်ချမ်းသာစေရန် မျက်နှာကို ရွှင်ရွှင်ထားပြီး စီကာစဉ်ကာ ပြော လိုက်သည် ဒေါ်ခင်မျိုးက သား၏ မျက်နှာကို ကြည့်ကာ မချိပြုံး ပြုံးလိုက်သည်။

" အေး ... သားဆန္ဒအတိုင်း မေမေ ဖြစ်ချင်ပါတယ် သားရယ် "

" ဖြစ်နိုင်ပါတယ် မေမေ စိတ်မလျှော့ပါနဲ့၊ မေမေ အားကိုးစရာ သားကြီးတစ်ယောက်လုံး ရှိနေပြီပဲ၊ ကဲ ဆေး သောက် ဖို့ အချိန်ရောက်နေပါပြီ မေမေ၊ သားကိုယ်တိုင် ဆေးတိုက်ပေးမယ်နော် "

ကိုမျိုးခိုင်က မိခင်အား ကြင်နာယုယစွာပြောကာ ကိုယ်တိုင် ဆေးတိုက်ပေးစဉ်မှာ ဒေါ်မှုံရောက်လာသည်။

" အောက်ထပ်ဧည့်ခန်းမှာ ဧည့်သည်ရောက်နေတယ် မောင်မျိုးခိုင် ... "

ဒေါ်မှုံက ပြောသဖြင့် ဒေါ်ခင်မျိုးက သား၏မျက်နှာကို လှမ်းကြည့်သည်။ ကိုမျိုးခိုင်က ဒေါ်မှုံဘက်လှည့်ပြီး မေးလိုက်၏။

" ဘယ်သူတွေလဲ ဒေါ်မှုံ "

" ဦးထွန်းသစ်နဲ့ သမီးခင်ခင်လေးလို့ ပြောတာပဲ "

ကိုမျိုးခိုင်က စိတ်မလုံသလို မိခင်မျက်နှာအား ဖျတ်ခနဲ ကြည့်လိုက်၏။ ဒေါ်ခင်မျိုး၏ မျက်နှာကား မျှော်လင့် ချက်ဖြင့် ကြည်လင်သွားသည်။

" မေမေ့ သူငယ်ချင်း ကိုထွန်းသစ်များ ဖြစ်နေသလား ... သွားမေးစမ်းပါသားရယ် ...၊ ဟုတ်ရင် မေမေ့ဆီ ခေါ်ခဲ့နော် "

ဒေါ်ခင်မျိုးက မှာကြားလိုက်၏။

" ဟုတ်ကဲ့မေမေ၊ ဒေါ်မှုံ အမေ့အနားမှာ နေလိုက်ပါဦးနော် "

ကိုမျိုးခိုင်က မှာကြားပြီး အောက်ထပ်သို့ ဆင်းသွားလေသည်။

ဧည့်ခန်းထဲတွင် ခင်ခင်လေးက အိမ်ပေါ်ထပ်မှ ဆင်းလာမည်ဖြစ်သော ကိုမျိုးခိုင်ကို စောင့်စားခြင်းအားဖြင့် လှေကားဆီသို့ အာရုံစိုက်ကြည့်နေသည်။ ဦးထွန်းသစ်ကမူ ဧည့်ခန်းတွင်းရှိ ချိတ်ထားသော နန်းတွင်းအဝတ် အစားဝတ်ထားသည့် ဒေါ်ခင်မျိုး အပျိုဘဝက ရိုက်ကူးထားပြီး အကြီးချဲ့ထားသော ဓာတ်ပုံကြီးကို ကြည့် နေသည်။

" ရောက်နေတာ ကြာပါပြီလား ခင်ဗျာ "

ရိုသေစွာ နှုတ်ဆက်လိုက်သော ကိုမျိုးခိုင်၏ အသံကြောင့် ခင်မျိုး၏ ဓာတ်ပုံကြီးကို ကြည့်နေသော ဦးထွန်းသစ်က လှည့်ကြည့်လိုက်သည်။

" သမီးပြောတဲ့ ဦးဘဆွေ - ဒေါ်ခင်မျိုးရဲ့သား ကိုမျိုးခိုင်က သူပါပဲဖေဖေ၊ ဒါ ခင်လေးဖေဖေပါ ကိုမျိုးခိုင် "

ခင်ခင်လေးက သွက်သွက်လက်လက် မိတ်ဆက်ပေးလိုက်၏။

" ဪ ... မခင်မျိုးရဲ့ သားဆိုတာ မောင်ရင်လား၊ ထိုင်ပါ ထိုင်ပါ ... "

ယောက္ခမလောင်းအား ရိုသေသမှုဖြင့် မတ်တတ်နေသော မျိုးခိုင်အား ဦးထွန်းသစ်က ထိုင်ခိုင်းလိုက်၏။ ကိုမျိုးခိုင်က ထွန်းသစ်နှင့် မျက်နှာချင်းဆိုင်မှာ ထိုင်လိုက်သည်။

" ကျွန်တော့် မေမေက ဦးကို သူ့ သူငယ်ချင်း ဖြစ်မလားမသိဘူး၊ ဟုတ်တယ်ဆိုရင် တွေ့ချင်တယ်လို့ ပြော ပါတယ် ဦး... "

" ဟုတ်တာပေါ့ မောင်ရင်၊ သမီးက ပြောစဉ်က ဇဝေဇဝါ ဖြစ်နေလို့ ဟုတ်လိုဟုတ်ငြား လိုက်လာခဲ့တာ၊ ဒီ ရောက်လို့ ဓာတ်ပုံမြင်မှ ဦးသူငယ်ချင်း မခင်မျိုးမှန်း သေချာသွားတယ်၊ ခု သူက ဘယ်မှာလဲ "

ပဟောပဟော ဒိုင်းဒိုင်း ပွင့်ပွင့်လင်းလင်း ပြောတတ်သူ ဦးထွန်းသစ်က မေးလိုက်၏။

" ရှိပါတယ်ဦး၊ ဝေဒနာ အခြေအနေက တော်တော်တော့ အိပ်ရာထဲက မထနိုင်အောင် ဖြစ်နေပါတယ်၊ ဟုတ် သူ့ဆီခေါ်ခဲ့ပါလို့ မှာလိုက်ပါတယ် ခင်ဗျာ "

" ဪ ... ဖြစ်မှ ဖြစ်ရလေ၊ ဘာရောဂါလဲ မောင်မျိုးခိုင် "

ဦးထွန်းသစ် အမေးက ကိုမျိုးခိုင် အဖြေရခတ်သွားသည်။ ဒေါ်ခင်မျိုး၏ ဝေဒနာကား နာမည်တပ်၍ မရသော ဝေဒနာ ပါတကား။

" ဆရာဝန်ကတော့ စိတ်ကြောင့်ဖြစ်တဲ့ ဝေဒနာလို့ပဲ ပြောပါတယ် ခင်ဗျာ "

ကိုမျိုးခိုင်က စိတ်မချမ်းမြေ့သော လေသံဖြင့် ဖြေလိုက်သည်။

" ဟုတ်လား၊ ဒါလောက်အထိ ဖြစ်နေတာကိုး၊ ကဲ ... သူငယ်ချင်းဆီ သွားရအောင် "

ဦးထွန်းသစ်က ပြောပြီး ထိုင်ရာမှ ထလိုက်၏။

" ဟုတ်ကဲ့ ... ဦး၊ အိမ်ပေါ်ထပ်ကိုကြွပါ "

ကိုမျိုးခိုင်က ပြောပြီး လမ်းပေးသည့်သဘောဖြင့် ကိုယ်ကို ဖယ်လိုက်၏။ ဦးထွန်းသစ်က အိမ်ပေါ်ထပ်သို့ ရှေ့ဆုံး မှ တက်သွားသည်။

ကိုမျိုးခိုင်နှင့် ခင်ခင်လေးက နောက်မှ လိုက်လာသည်။ ဦးထွန်းသစ်၏ လိုက်လျော ကြည်ဖြူသော အမူအရာကြောင့် မျိုးခိုင်က ခင်ခင်လေး၏ မျက်နှာကို ကြည့်လိုက်၏။ ခင်ခင်လေးက ကြည်လင်သော မျက်နှာနှင့် ဦးခေါင်းတစ်ချက် ညိတ်လိုက်သည်။

ဦးထွန်းသစ်က သိပြီး၍ ကန့်ကွက်ခြင်းမရှိ ဟူသော အဓိပ္ပာယ်ကို ကိုမျိုးခိုင်က ချက်ချင်း သဘောပေါက် လိုက် ၏။

" မေမေ ဒီအခန်းမှာ ရှိပါတယ်ဦး၊ အထဲကိုကြွပါ "

အိမ်ပေါ်ထပ်ရောက်လျှင် ကိုမျိုးခိုင်က ဦးထွန်းသစ်အား -------- ရှိရာ အခန်းတွင်းသို့ ခေါ်ဆောင်သွားသည်။ ဒေါ်ခင်မျိုးအား အိပ်ရာပေါ်တွင် တစောင်းလှဲကာ မျက်စိ မှိတ်နေ၏။ ဧည့်သည် ပါလာသည်ဖြစ်၍ ဒေါ်မှုံက အခန်းထောင့်ရှိ ကုလားထိုင်နှစ်လုံးကို ယူလာပြီး ဒေါ်ခင်မျိုး အိပ်ရာခုတင်၏ ခေါင်းရင်းဘက်မှာ အသံမမြည် အောင် အသာအယာ ချပေးလိုက်၏။

" ဦး ထိုင်ပါခင်ဗျာ "

ကိုမျိုးခိုင်က ဦးထွန်းသစ်အား လေသံဖြင့်ပြောပြီး ခင်ခင်လေးကိုလည်း ထိုင်ရန် လက်ရိပ်ပြလိုက်၏။

သို့သော် ခင်ခင်လေးက ကုလားထိုင်ပေါ်မှာ မထိုင် ဒေါ်ခင်မျိုး၏ ခြေရင်းဘက် ခုတင်ပေါ်တွင် အသာ ကလေး ထိုင်လိုက်၏။

" မေမေ အိပ်ပျော်နေတယ် ထင်တယ် "

ကိုမျိုးခိုင်က ကိုယ်ကို ကိုင်းညွတ်ကာ မိခင်မျက်နှာကို ငုံ့ကြည့်ပြီး အိပ်ပျော်နေလျှင်လည်း မနိုးစေလိုသော စေတနာဖြင့် လေသံမျှသာ ပြောလိုက်၏။

သို့သော် အိပ်မပျော်ဘဲ မှိန်းနေသော ဒေါ်ခင်မျိုးက ကြားသဖြင့် မျက်လုံးကို ဖြည်းလေးစွာ ဖွင့်ကြည့်လိုက် သည်။

" မခင်မျိုး ကျွန်တော့်ကို မှတ်မိတယ်နော် "

ဦးထွန်းသစ်က ပိန်ချုံး ကြုံလှီနေသော သူငယ်ချင်းအား စိတ်မကောင်းစွာ ကြည့်ပြီး ကြင်နာစွာ မေးလိုက်၏။

" သြော် ... ကိုထွန်းသစ်၊ ကျွန်မ သူငယ်ချင်း ကိုထွန်းသစ်ပဲနော် "

ဒေါ်ခင်မျိုးက အားနည်းသံဖြင့် မေးကာ နှစ်ရှည်လများ ကွဲကွာနေသော သူငယ်ချင်းအား ရှောင်တခင် မြင် လိုက်ရသဖြင့် ဝမ်းသာ ဝမ်းနည်းဖြစ်ကာ မျက်ရည်များပင်ကျလာသည်။

" စိတ်တင်းပါလေ မခင်မျိုး၊ ဘာအားငယ်စရာရှိလဲ၊ ကျွန်တော့်ကို အရင်အတိုင်း မောင်နှမ အရင်းအချာလို အားကိုးနိုင်ပါတယ်၊ ကျွန်တော်

ရန်ကုန်မှာ အမြဲနေနေတာ၊ အချိန်မရွေး ကူညီနိုင်မယ်လေ၊ မငိုပါနဲ့ သူငယ်ချင်း ရယ် "

ဦးထွန်းသစ်က စိတ်မကောင်းစွာ အားပေးလိုက်၏။

" ကမန်မ ဒီမှာရှိတယ်ဆိုတာ ကိုထွန်းသစ် ဘယ်လို သိလဲ "

မခင်မျိုးက အနည်းငယ် ကြည်လင်လာသောအသံဖြင့် မေးလိုက်၏။

" သမီးပြောလို့ သိရတာပေါ့၊ ဟောဟိုမှာ ထိုင်နေတာ ကျွန်တော့် သမီးပေါ့"

ဦးထွန်းသစ်က မခင်မျိုးအမေးကို ဖြေရင်း ခုတင်ခြေရင်းဘက်မှာ ထိုင်နေသော ခင်ခင်လေးအား ညွှန်ပြ လိုက်၏။ ဒေါ်ခင်မျိုးက ခင်ခင်လေးကို ကြည့်လိုက်သည်။

" ဟုတ်လား၊ မိန်းကလေးက ဘယ်လိုသိသလဲကွယ် "

ဒေါ်ခင်မျိုးက မေးလိုက်သည်။ ခင်ခင်လေးက ရှက်ရွံ့ခြင်းမရှိဘဲ ...

" ကျွန်မနဲ့ ကိုမျိုးခိုင်က ကျောင်းသား သူငယ်ချင်းပါ ဒေါ်ဒေါ်၊ ကိုမျိုးခိုင်ပြောလို့ သိရတာပါ "

ဟု သွက်လက်စွာ ဖြေလိုက်၏။

ဦးထွန်းသစ်နှင့် မျက်နှာချင်းဆိုင် ဒေါ်ခင်မျိုး၏ ခုတင်တစ်ဖက်တွင် ထိုင်နေသော ကိုမျိုးခိုင်က မကျန်းမမာ ဖြစ်နေသောမိခင်၏ စိတ်ထဲမှာ တစ်မျိုးတစ်မည်ဖြစ်သွားလေမည်လားဟု စိုးရိမ်စိတ်ဖြင့် ဦးထွန်းသစ်ဘက် လှည့်နေသော မိခင်မျက်နှာကို မျှော်ကြည့်လိုက်သည်။

ဦးထွန်းသစ်ကလည်း ပွင့်ပွင့်လင်းလင်း ပြောတတ်သူပီပီ လူမမာသိလိုသော အကြောင်းများကို မေးခွန်း စောင့်လျှင် ---- ရမည့် လူမမာ မောမည်စိုးသောကြောင့် စုံစေ့စွာ ရှင်းလင်းပြောပြလိုက်၏။

" မခင်မျိုး မင်္ဂလာဆောင်တော့ ကျွန်တော် မန္တလေးမှာ မရှိတော့ဘူးလေ၊ ရန်ကုန်ကို ပြောင်းခဲ့ရတယ်"

ဦးထွန်းသစ် စကားမဆုံးမီ ...

" ဟုတ်တယ်လေ၊ ပြောင်းခါနီး ကိုထွန်းသစ် လာနှုတ်ဆက်သွားတာ ကျွန်မ အမှတ်ရပါတယ် "

ဟု ခေါ်ခင်မျိုးက ဖြည်းလေးသောအသံဖြင့် ဖြတ်ပြောလိုက်၏။ ဦးထွန်းသစ်က စကားဆက်လိုက်ပြန်သည်။

" ရန်ကုန်ရောက်ပြီး မကြာပါဘူး၊ အစိုးရအမှုထမ်း အလုပ် စိတ်ကုန်တာနဲ့ ထွက်လိုက်တယ်။ မိဘအမွေ အနစ် အရင်းတည်ပြီး ပြည်လမ်းမှာ တိုက်တစ်လုံးဝယ်နေလိုက်တယ်၊ အစိုးရအမှုထမ်းလုပ်စဉ်က ခင်မင်ဖူး ခဲ့တဲ့ မျက်နှာဖြူ အရာရှိတစ်ယောက်အကူအညီနဲ့ ဘိလပ်ကုန်ပစ္စည်းတွေမှာ စကော့ဈေးမှာ ဆိုင်ခန်းတည် ပြီး အရောင်းအဝယ်လုပ်တာ တော်တော်ဟန်ကျတယ် မခင်မျိုး နောက် ခင်လေးမိခင်ဆုံးသွားတော့ ...

ဪ ... ကိုထွန်းသစ်ဇနီး ဆုံးပြီလား "

ဒေါ်ခင်မျိုးက စကားဖြတ်မေးလိုက်၏။

" ဆုံးသွားပြီ မခင်မျိုး။ ငါးနှစ်လောက်ရှိပြီ၊ ကျွန်တ်လဲ စိတ်မကောင်းတာ တစ်ကြောင်း၊ တစ်ယောက်တည်း ဆိုတော့ အလုပ်ကို မနိုင်တော့ဘူးလေ၊ အဲ

... သူဆုံးပြီး ဆိုင်ကို ဖြုတ်ပစ်လိုက်တာပဲ၊ စုဆောင်းပြီး ပစ္စည်း ကတော့ ဒီတစ်သက် စားလောက်သောက်လောက်ရှိပါတယ်၊ ဒီသမီးလေးနဲ့ အေးအေးနေပြီး အဆင်သင့်တဲ့ အခါ အိမ်ပေါင်ခံလိုက်၊ စိန်ရွှေအပေါင်ခံလိုက်နဲ့ နေခဲ့တာ တစ်လောကတော့ သမီးက မောင်မျိုးခိုင်နဲ့ ရည်ငံ နေကြောင်း ဖွင့်ပြောတယ်လေ "

ဒေါ်ခင်မျိုးက အံ့သြဟန်ဖြင့် နားစွင့်နေသည်။

" သမီးကပြောတော့ ကျွန်တော်ကလဲ မေးရတာပေါ့၊ မျိုးရိုးဇာတိ မိဘအခြေအနေကို အဲဒီတော့မှ မခင်မျိုး သား ဖြစ်နေတာကို သိရတယ်၊ ဒါပေမယ့် နာမည်တူများ ဖြစ်လေမလားလို့ သေချာအောင် လူကိုယ်တိုင် လိုက်လာခဲ့တော့ အခု သူငယ်ချင်းကို တွေ့ရတာပေါ့လေ "

ဦးထွန်းသစ်က အားရပါးရ ပြောနေသည့်နည်းတူ ဒေါ်ခင်မျိုး၏ မျက်နှာမှာလည်း ကျေနပ်နှစ်သိမ့်ဟန်ပေါ် နေသည်။ ခုတင်ခြေရင်းဘက်မျ ချွေးမလောင်းအား စေ့စေ့ကြည့်လိုက်ပြီး ...

" ကျွန်မတော့ သိပ်ဝမ်းသာတယ် ကိုထွန်းသစ်၊ ရှင်ကရော သဘောတူနိုင်ပံ့မလား "

ဟု ရှင်လန်းသောအသံဖြင့် မေးလိုက်၏။

" ဟာ ... ဘယ်လိုပြောပါလိမ့် မခင်မျိုးရယ်၊ ဟုတ်နေ သဘောတူမယ်ဟ ဆိုပြီး ကိုယ်တိုင်လိုက်လာတာပေါ့ "

ခင်မင် ရင်းနှီးလှသော သူငယ်ချင်း နှစ်ယောက်က ပွင့်ပွင့်လင်းလင်း ပြောနေစဉ်မှာ ကိုမျိုးခိုင်နှင့် ခင်ခင်လေး တို့ တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ကာ မသိမသာ ပြုံးလိုက်ကြသည်။

ဤနေ့အဖို့ကား ဒေါ်ခင်မျိုး၏ ဝေဒနာသည် အဆိုးရွားဆုံးသော အခြေအနေသို့ ရောက်လာသည်။ ကိုမျိုးခိုင် သည် ဒေါ်မှုံ အား ဆရာဝန်အပင့်လွှတ်လိုက်ပြီး မိခင်နားမှမခွာဘဲ စောင့်ကြည့်နေ၏။

ဒေါ်ခင်မျိုးသည် မောရာလွန်းသဖြင့် ရင်ကို လှိုင်းထဘိသကဲ့သို့ ပင့်ကာ ပင့်ကာ အသက်ရှူနေသည်မှာ မကြည့်ရက်စရာပင်ဖြစ်သည်။

ပြူးကြောင်သောမျက်လုံးများသည် ဝေဒနာမှ သက်သာရန် ခိုလှုံအားကိုးစရာရှာသည့်အလား၊ အခန်းတွင်း နေရာ အနှံ့အပြားကို လှည့်ပတ် ကြည့်ရှုနေရှာသည်။ ထိုသို့ လှည့်ပတ်ကြည့်ရှုနေသော်လည်း ဒေါ်ခင်မျိုး၏ မျက်လုံး များ မည်သည့်အရာကိုမျှ မြင်ဟန်မတူပေ။

ခုတင်ဘေး ကြမ်းပြင်ပေါ်မှာ ဒူးထောက်ပြီး မိခင်မျက်နှာကို စိုးရိမ်ကြီးစွာ ကြည့်နေသော သားချစ် ကိုမျိုးခိုင် ကိုလည်း မြင်ဟန်မတူချေ။

" မေမေ "

ကိုမျိုးခိုင်က ငိုသံပါကြီးဖြင့် ခေါ်လိုက်သည်။ ဒေါ်ခင်မျိုး၏နှုတ်မှ သားအား ပြန်လည်ထူးသံကား ထွက် မလာချေ။

" မြတောင် က ကျိန်စာကိုတော့ ခင်မျိုး လွှတ်ပါတယ် ကိုစော၊ သူ့ပစ္စည်းကို ခင်မျိုးမသုံးခဲ့၊ မစားခဲ့ပါဘူး "

ဒေါ်ခင်မျိုး ၏ နှုတ်မှ တစ်လုံးချင်းထွက်လာသော စကားဖြစ်သည်။

" မေမေ "

ကိုမျိုးခိုင်က ဒေါ်လိုက်ပြန်၏။

" ကိုစော သတ္တဝါတွေရဲ့ အသက်ကိုကယ်ဖို့ ဆေးပင်သွားရှာတဲ့ ကိုစောရယ်၊ ခင်မျိုးကို မကယ်နိုင်တော့ ဘူးလား "

မိခင်နှုတ်မှ တစ်လုံးချင်း ထွက်လာသော စကားသည် ကိုမျိုးခိုင်၏နားထဲတွင် သံပူရေလောင်းလိုက်သလို စူးရှ ပူလောင် လှသည်။ ဘာမှန်းမသိရသော ဤရုပ်ထွေးလှသည့် သပွတ်အူ ကလိန်ခြုံဇာတ်ကြောင်းကြောင့် ဖခင် ခင်များလည်း ရှုးသွပ်ပျောက်ကွယ်သွားလေပြီ။

မိခင်မှာလည်း မသေသင့် မသေထိုက်သေးသော အချိန်အရွယ်မှာ သေမင်းထံသွားရပေတော့မည်။ ကိုမျိုးခိုင်သည် မည်သည့်နေရာဒေသမှာ ရှိမှန်းမသိ၊ မည်သည့်အရာဝတ္ထုမှန်းမသိရသော "မြတောင်" နှင့် မည်သူ မည်ဝါမှန်း မသိရသော " ကိုစောခိုင် "ကို စိတ်ထဲမှာ နာကြည်းလာသည်။ လက်သီးကို ကျစ်ကျစ်ပါ အောင်ဆုပ်ခါ အံကြိတ်လိုက်မိ၏။

ထို့နောက် မိခင်အား ကြည့်လိုက်သည်။ ချိုင့်ဝှမ်းကျသွားသော နားထင်၊ ညှိုမည်းသောမျက်ကွင်း၊ ပြာနမ်း သော နှုတ်ခမ်းဖြင့် နာခေါင်းကြီး ပွလာသည်တိုင်အောင် ထွက်သက် ဝင်သက်ကို ခဲယဉ်းစွာ ရှုနေသော မိခင်ကို မြင်လိုက်ရသောအခါ တစ်ဦးတည်းသော အားကိုးတွယ်တာစရာ မိခင်ကြီးအား နာရီပိုင်း အတွင်း မှာပင် သွားရှာပေတော့မည်ဟု သိရသည်နှင့်တစ်ပြိုင်နက် ဆုပ်ထားသော လက်သီးသည် ပြေသွား ကာ ကျလာသော မျက်ရည်ကို သုတ်လိုက်ပြီး ဒေါ်မှုံနှင့် ဆရာဝန်လာခဲ့သည်ဟု အခန်းမှ ထွက်ပြီး မျှော် ကြည့်လိုက် သည်။

ဒေါ်မှုံနှင့် ဆရာဝန်ကား မရောက်သေး။ လှေကားမှ ခြေဖော့နင်းကာ အပြေးကလေးတက်လာသော ခင်ခင်လေး ကို တွေ့ရသည်။

ကိုမျိုးခိုင်သည် စိတ်မချမ်းသာလွန်းသဖြင့် ခင်ခင်လေးအား ကြိုဆိုနှုတ်ဆက်ခြင်းပင် မပြုမိ၊ အငေးသား ကြည့် နေသည်။ ငိုထားသဖြင့် နီရဲနေသော ကိုမျိုးခိုင်၏ မျက်နှာကို ခင်ခင်လေးကကြည့်ပြီး ...

" ဒေါ် ဒေါ် ဘယ်လိုနေသေးသလဲ " ဟု ခပ်တိုးတိုးမေးလိုက်၏။

" အဲဒီမှာ ကြည့်သွားပါတော့ ခင်လေးရယ် "

ကိုမျိုးခိုင်ကပြောပြီး မိခင်လဲ လျောင်းနေရာ ခုတင်နားသို့ ခေါင်းငိုက်စိုက်ချပြီးလာခဲ့၏။ ခင်ခင်လေးသည် အခန်းဝ မှ ရပ်ခါ ဒေါ်ခင်မျိုးအား ကြည့်လိုက်ပြီး ...

" အိမ်မှာ ညှော့သည်တွေရောက်နေလို့ ဖေဖေက အခုချက်ချင်း မလာနိုင်တာ မောင်ရဲ့၊ ခင်လေးကို အခြေ အနေ သွားကြည့်စမ်းလို့ လွှတ်လိုက်တာနဲ့ ခင်လေးလာခဲ့တာ၊ ဒီအတိုင်းဆို မဖြစ်ဘူး၊ ခင်လေး ဖေဖေ့ကို ပြန် ခေါ် လိုက်ဦးမယ် "

ခင်ခင်လေးက အရေးတကြီးပြောပြီး လှေကားမှ ပြန်ဆင်းပြေးသွားလေသည်။

ကိုမျိုခိုင်သည် ဘာမှ ပြန်မပြောမိ။ ယောင်တိယောင်ကမ်း အမူအရာဖြင့် ခင်လေးကို ငေးကြည့်နေပြီးမှ မိခင် ၏ ခုတင်နားသို့ လာခဲ့၏။

မိခင်ကြီးအား ကြည့်လည်း မကြည့်ရက်၊ မကြည့်ဘဲလည်း မနေနိုင်သဖြင့် မျက်တောင်မခတ် ကြည့်မိပြန်၏။

ထိုအခိုက် ဒေါ်ခင်မျိုး၏ ဦးခေါင်းသည် အနည်းငယ်လှုပ်ရှားလာသည်။

မငြိမ်သက် ပတ်ချာလှည့်နေခဲ့သော မျက်လုံးများသည် ငြိမ်သက်သွားပြီး မျက်တောင်တစ်ချက်စီ ခတ်လိုက်၏။

ယခု ဒေါ်ခင်မျိုး၏ မျက်လုံးအခြေအနေက သား ကိုမျိုးခိုင်ကို မြင်ဟန်တူသည်။

တစ်စုံတစ်ခု သောအကြောင်းကို သားဖြစ်သူအား မှာကြားပြောဆိုလိုဟန် ရှိသည်ဟု ကိုမျိုးခိုင် အကဲခတ် လိုက်၏။

" မေမေ "

ကိုမျိုးခိုင်က ခုတင်ဘေး ကြမ်းပြင်ပေါ်မှာ ဒူးထောက်ကာ ကြုံလှီသော မိခင်၏ လက်ဝါးကလေးကို ယုယ ကြင်နာ စွာ ဆုပ်ကိုင်ပြီး ဆို့နင့်သောအသံဖြင့် ညင်သာစွာခေါ်လိုက်သည်။

ဒေါ်ခင်မျိုး သည် မရှုနိုင်မကယ်နိုင် မောနေရာမှ ...

" သား .... "

ဟု လေသံဖြင့် ပြန်ထူးလိုက်၏။

" စိတ်တင်းပါ မေမေ၊ ဆရာဝန် အခုပဲ လာပါလိမ့်မယ်၊ ဆရာဝန်ရောက်လာရင် ဆေးတစ်လုံးလောက် ထိုး လိုက် တယ် ဆို မေမေ သက်သာသွားမှာပါ "

မျှော်လင့်ချက်မရှိတော့မှန်း သိလျက်နှင့် ကိုမျိုးခိုင်က ဖွတ်နှစ်ပြီး အားပေးလိုက်သည်။

ဒေါ်ခင်မျိုးသည် မထူးခြားသော အမူအရာဖြင့် အတန်ကြာ ငြိမ်နေပြီးမှ ...

" သား ... " ဟု လေသံဖြင့် ခေါ်လိုက်ပြန်၏။

" မေမေ ... အနားမှာ သားရှိပါတယ် "

ဒေါ်ခင်မျိုးက ခုတင်ခြေရင်းရှိ အဝတ်ထည့်သော မတ်ရပ်ဗီရိုကြီးကို ပြူးကြောင်သော မျက်လုံးများဖြင့် စူးစိုက် ကြည့်ပြီး ...

" ဟို ... ဟို ... ဗီ ... ရို .. ကြီး .. ထဲ ... က ... ငွေ ... သေတ္တာ... ကလေး ... "

ဒေါ်ခင်မျိုးက လေးလံသောလျှာကို အနိုင်နိုင် သယ်ကာ တစ်လုံးချင်း ပြောနေသည်ကို ကိုမျိုးခိုင်သည် မိခင်၏ နှုတ်ခမ်းသို့ သူ့နားကို ကပ်ကာ ကြိုးစားနားထောင်နေသည်။

" မေမေ့ ကို သင်္ဂြိုလ်ရင် ငွေသေတ္တာကလေးကို ထည့်လိုက်ပါသားရယ် "

အက်ကွဲသော အသံလေးကြီးဖြင့် ဒေါ်ခင်မျိုးက တစ်လုံးချင်း မှာကြားလိုက်၏။

ကိုမျိုးခိုင်သည် အောက်နှုတ်ခမ်းကို တင်းတင်းကိုက်ကာ မျက်ရည်ကို ချုပ်တည်းထားရင်း မိခင်အား စိတ်မ ချမ်းမြေ့စွာ စေ့စေ့ကြည့်နေလေသည်။

ဒေါ်ခင်မျိုးသည် နောက်ထပ် စကားတစ်ခွန်းမျှ မပြောတော့ချေ။ အသက်ရှူခြင်းမှာ တဖြည်းဖြည်းနှေးလာ သည်။

ထိုအခိုက်မှာပင် ဒေါ်မှုံက ရှေ့ဆောင်ကာ ဆရာဝန်ရောက်လာ၏။

ကိုမျိုးခိုင်သည် ဆရာဝန်ကို တစ်ချက်မျှ လှည့်ကြည့်ကာ နေမြဲတိုင်းပင် နေလိုက်သည်။

ဆရာဝန်ကလည်း ဒေါ်ခင်မျိုးအား တစ်မိနစ်မျှ စူးစူးစိုက်စိုက် ကြည့်လိုက်ပြီး ဦးခေါင်းကို ဖြည်းညင်းစွာ ခါ ယမ်း ၍ အခန်းတွင်းမှ ပြန်ထွက်သွားတော့သည်။

ဆရာဝန်ထွက်သွားပြီး မရှေးမနှောင်းမှာပင် ခင်ခင်လေးနှင့် သူ့ဖခင် ဦးထွန်းသစ်တို့ ရောက်လာကြသည်။

ကိုမျိုးခိုင်ကား မည်သူ့ကိုမျှ လှည့်ကြည့်ရန် သတိမရတော့ချေ။

လူ့လောကမှ ထွက်ခွာသွားတော့မည့် မိခင်ကြီး၏ ဝိညာဉ်ချုပ်မည့် အချိန်ကိုသာ စောင့်စားရင်း မိခင်မျက်နှာ ကို မျက်တောင်မခတ်ဘဲ ကြည့်နေလေသည်။

ဒေါ်မှုံက ခင်ခင်လေးတို့သားအဖ ထိုင်ရန် အခန်းထောင့်ရှိ ကုလားထိုင်ကို ညွှန်ပြကာ တိုးတိတ်ညင်သာသော လေသံ ဖြင့် နေရာပေးလိုက်၏။

သို့သော်လည်း ခင်ခင်လေးက မထိုင်ပေ။

ခုတင်ခြေရင်းဘက်မှရပ်ကာ ဒေါ်ခင်မျိုးအား ကြည့်နေလေသည်။

ဦးထွန်းသစ်ကား မောင်နမအရင်းအသွင် ချစ်ခင်လှသော ကျောင်းနေဘက် သူငယ်ချင်းဖြစ်သူ ဒေါ်ခင်မျိုးအား ဝမ်းနည်းစွာကြည့်ကာ ခုတင်ပေါ်မှာ ဖြည်းညင်းစွာ ထိုင်လိုက်သည်။

" မခင်မျိုး ... "

ဦးထွန်းသစ်က ကိုယ်ကို ရှေ့သို့ အနည်းငယ်ကိုင်းကာ ညင်သာသောလေသံဖြင့် ခေါ်လိုက်သည်။

ဒေါ်ခင်မျိုးသည် စကားတစ်ခွန်းမျှ မပြောနိုင်သော်လည်း သတိလစ်ဟင်းခြင်းမရှိချေ။ ပြူးကြောင်သော မျက်လုံးများဖြင့် ဦးထွန်းသစ်အား ကြည့်လိုက်၏။

" စိတ်မလွတ်စေနဲ့ မခင်မျိုး၊ သတိကို ကောင်းကောင်းထိန်းပြီး ရတနာသုံးပါးကို နှလုံးသွင်းပါ "

ဦးထွန်းသစ်၏ စကားကို ဒေါ်ခင်မျိုးက သိသာရုံကလေးမျှ ဦးခေါင်း ညိတ်လိုက်၏။

" မခင်မျိုးရဲ့ ဘဝသက်တမ်းမှာ သူတော်ကောင်းစိတ်သာ ထားလာခဲ့တယ် မဟုတ်လား၊ မခင်မျိုးရဲ့ ပယောဂ ကြောင့် မခင်မျိုးရဲ့ စိတ်စေတနာကြောင့် မည်သူ တစ်ဦးတစ်ယောက်မှ ဒုက္ခဆင်းရဲ မဖြစ်ခဲ့ဖူးဘူး၊ မပျက်စီး မနစ်နာ ခဲ့ဖူးဘူး၊ ဒီလို မြင့်မြတ်တဲ့ စိတ်ရှိသူကို ရတနာသုံးပါးက စောင့်ရှောက်ပါလိမ့်မယ်၊ ဝေဒနာ သက်သာ အောင် တရားကို အာရုံပြု သူငယ်ချင်း ... "

ဦးထွန်းသစ်က စိတ်မကောင်းသံကြီးဖြင့် ပြောနေစဉ်မှာ ပြူးကြောင်သော ဒေါ်ခင်မျိုး၏ မျက်လုံးများသည် တဖြည်းဖြည်း မှေးကာ မှိတ်သွားလေသည်။

အသက်ရှူခြင်းမှာလည်း တဖြည်းဖြည်း ဝေးကာ ဆိတ်ငြိမ်သွားလေသည်။

ခေါင်းကိုငိုက်စိုက်ချနေသော ကိုမျိုးခိုင်အား ဦးထွန်းသစ်နှင့် ခင်ခင်လေးက ကြေကွဲစွာ ကြည့်နေသည်။

" သူငယ်ချင်း မခင်မျိုး ... ကောင်းရာသုဂတိ ရောက်ပါစေ "

တုန်ယင် လှိုင်လှဲစွာ ပြောလိုက်သော ဦးထွန်းသစ်၏ အသံဆုံးလျှင် ဒေါ်မှူ၏ ရှိုက်သံက ဆက်ပြီး ပေါ်လာ သည်။ ခုတင်ဘေးတွင် ဒူးထောက်နေသော ကိုမျိုးခိုင်ကား ဆုပ်ကိုင်ထားသော မိခင်၏လက်ကို မျက်နှာဖြင့် အပ်ကာ ခေါင်းငိုက်စိုက်ချထားရာမှ မလှုပ်ကျောက်ရုပ်လို ငြိမ်နေလေသည်။

-------------------------

မခင် ဒေါ်ခင်မျိုးက သူနှင့်အတူ ရောပြီး မြှုပ်နှံပါဟု မှာကြားခဲ့သော ငွေသေတ္တာကလေးကို ကိုမျိုးခိုင်သည် မိခင် နှင့် အတူ မထည့်လိုက်ဘဲ ဗီရိုထဲမှာပင် ထားမြဲထားလိုက်၏။

မိခင်နှင့် ဖခင်တို့အား ကြီးစွာသော စိတ်ဆင်းရဲမှုဖြစ်စေကာ၊ လူ့လောကတွင် ပျော်ပျော်ရွှင်ရွှင် နေထိုင်သင့် သော အသက်အရွယ်မှာ မရှုမလှအဖြစ်မျိုးနှင့် ရှုံးသူရှုံး၊ သေသူသေ ဖြစ်ရသည်မှာ ဤငွေသေတ္တာအတွင်းရှိ ပစ္စည်းက အကြောင်းရင်းခံ ဖြစ်ပေလိမ့်မည်။

အေးချမ်း သာယာလှစွာသော မိဘနှစ်ပါး၏ အိမ်ထောင်ရေးကို ပြိုကွဲစေသော ဤငွေသေတ္တာ ကလေး အတွင်းရှိ ပစ္စည်းကို ကိုမျိုးခိုင် ကျကျနန လေ့လာချင်သော စိတ်ရှိသည်။

ထို့ကြောင့် မိခင်၏ ဈာပနနှင့် သက်ဆိုင်ရာကိစ္စများအား ပြီးစီး၍ အိမ်မှာ လူရှင်းသွားသော တစ်နေ့ဝယ် ကိုမျိုးခိုင်သည် မိခင်၏ အခန်းတွင်းသို့ဝင်ကာ ဗီရိုကိုဖွင့်ပြီး ငွေသေတ္တာကလေးကို ထုတ်ယူလိုက်၏။

အသက်နှစ်ဆယ်ကျော်အရွယ် ခံ့ညားချောမောသော ယောကျ်ားပျိုတစ်ယောက်၏ ဓာတ်ပုံတစ်ပုံကို တွေ့ရ သည်။ နှစ်ပေါင်း အတော်ကြာမြင့်ဟန်တူသော ဓာတ်ပုံကား အနည်းငယ်မှိန်ကာ အဝါရောင် သန်းနေ၏။

ဓာတ်ပုံ၏ ကျောဘက်တွင်ကား လှပဝိုင်းစက်သော လက်ရေးစာတစ်ကြောင်းကို တွေ့ရ၏။ မင်ရောင်ပင် မှိန် နေပြီဖြစ်၏။ ကိုမျိုးခိုင်သည် စာတမ်းကို ဖတ်ကြည့်လိုက်၏။

အသက်တမျှ ချစ်သော ခင်ကို အစဉ်အမြဲ ကြင်နာချစ်ခင်သော ...

ခင့် ......

" ကိုစောခိုင် "

ကိုမျိုးခိုင်သည် စာကိုဖတ်ပြီး ဓာတ်ပုံကို သေချာစွာ ကြည့်လိုက်ပြန်သည်။

ထို့နောက် ဓာတ်ပုံ ကျောဘက်မှ စာတမ်းကို စေ့စေ့ကြည့်လိုက်ပြန်၏။

ထို့နောက် ဓာတ်ပုံကို ချထားကာ ကတ္တီပါအိတ်ကလေး အတွင်းသို့ နှိုက်လိုက်ပြန်သည်။ စိမ်းပြာရောင် စာရွက်ခေါက် တစ်ခု ထွက်လာသည်။

ကိုမျိုးခိုင်သည် သိလိုစိတ်ဖြင့် စာရွက်ကိုဖြန့်ကာ စိတ်အားထက်သန်စွာ ကြည့်လိုက်၏။ စာရွက်ပေါ်က လက်ရေးနှင့် ဓာတ်ပုံနောက်က လက်ရေးမှာ တစ်ပုံစံတည်းပင်၊ လှပဝိုင်းစက်ညီညာလှပေသည်။ ကိုမျိုးခိုင် သည် မင်ရောင်ပင် မှိန်နေပြီဖြစ်သော စာများကို အသက်ပင် မရှူအားဘဲ ဖတ်လိုက်လေသည်။

" အသက်တမျှ ချစ်သော ခင် .... "

ခင်နဲ့ ကိုစောခိုင်တို့ နှစ်ယောက်ရဲ့ ချစ်ခင်မှုဟာ ဘယ်လောက် ခိုင်မြဲတယ်ဆိုတာ ခင်နဲ့ ကိုစော အသိဆုံးပါ။ တစ်ယောက်ရဲ့ စိတ်သဘောကို တစ်ယောက်က လိုက်လျောခဲ့လို့လဲ အခုလို ချစ်ခြင်းမေတ္တာ ခိုင်မြဲနေနိုင် ခြင်းဖြစ်ပါတယ်ခင်၊ အခုလဲ ကိုစော ဆောင်ရွက်ချင်တဲ့ကိစ္စ တစ်ခုကို ပြီးဆုံးအောင် ဆောင်ရွက်လိုပါတယ်။ ခင်က လိုက်လျောကြည်ဖြူစွာ ခွင့်ပြုလိမ့်မယ်လို့ ကိုစော ယုံကြည်ပါတယ်။ ဒီကိစ္စက တကယ်လို့ အောင် မြင်မယ်ဆိုရင် အများသတ္တဝါတွေရဲ့ အသက်ကို ကယ်တင်နိုင်မှာဖြစ်လို့ ကုသိုလ်ရေး အလုပ်ဆိုရင်လဲ မမှား ပါဘူး။

စုံစေ့အောင် စာထဲမှာ ရေးရန် ရှည်လျားတာကြောင့် အနည်းအကျဉ်းလောက်ပဲ ကိုစောဖော်ပြပါရစေ၊ ကိုစော တို့ ဘိုးဘွားမိဘ အစဉ်အဆက် ထိန်းသိမ်းလာခဲ့တဲ့ ပေစာတစ်ချပ် ရှိပါတယ်။

လူသတ္တဝါတွေရဲ့ အသက်ကို ကယ်တင်နိုင်တဲ့ ဆေးပင်ရှိရာကို ညွှန်ထားတဲ့ ပေစာဆိုပါတော့၊ ကိုစော စိတ်ကလဲ ထူးထူး ဆန်း ဆန်းကိစ္စမှာ စွန့်စားလိုတဲ့ ဝါသနာရှိတတ်တာလဲ ခင်သိပါတယ်၊ ဒီဆေးပင်ရှိရာကို မရောက် ရောက်အောင် သွားပြီး ဆေးပင်ကို ရအောင်ယူမယ်လို့ ကိုစောစိတ်ကို ဆုံးဖြတ်ပြီးနေပါပြီ။ ဒါကြောင့် ခင်နဲ့ ကိုစောတို့ လက်ထပ်ရေးကိစ္စကို ရက်အကန့်အသတ်မရှိ ဆိုင်းပါဦးလို့ ကိုစော အနူးအညွတ် ခွင့် တောင်းပါတယ် ခင် ...

ခင်ကလွဲလို့ ဘယ်သူ့ကိုမှ ကိုစော မဖောက်ပြားပါဘူးဆိုတာလဲ ခင် ယုံကြည်ပါ၊ ဒီကိစ္စဆောင်ရွက်ဖို့သွား ရာမှာ ယုံကြည်စိတ်ချရတဲ့ အဖော်အဖြစ်နဲ့ သူငယ်ချင်း ကိုဘဆွေကို ခေါ်သွားပါမယ်။ ကိုဘဆွေကတော့ ကိုစော ကို ညီအစ်ကိုအရင်းလို ခင်မင်နေတာ ခင်သိပြီးပြီပဲ၊ နက်ဖြန်ပဲ ခရီးထွက်တော့မှာမို့ ဘူတာရုံ ဆင်းရင် ခင် တို့ အိမ်ရှေ့က လာခဲ့ပါ့မယ်။ ခရီးထွက်မယ့် ဆဲဆဲမှာ ခင့်မျက်နှာလေးကို ကြည့်သွားပါရစေ၊ အိမ်ရှေ့ ဝရန်တာက ခင်စောင့်နေပါနော် -

ကိုစော ဆောင်ရွက်မယ့်ကိစ္စ အောင်မြင်ပါစေလို့ ခင်က ကူညီဆုတောင်းပါနော် ...

အစဉ်အမြဲ ကြင်နာချစ်ခင်သော

ခင့်

ကိုစောခိုင်

ကိုမျိုးခိုင်သည် စာကိုဖတ်ပြီး အံကို တင်းတင်းခဲထားမိ၏။

" ကိုစောခိုင် ... ကိုစောခိုင် "

ကိုမျိုးခိုင်သည် အံခဲထားရာမှ စာနှင့် ဓာတ်ပုံတွင်ပါသော ကိုစောခိုင်၏ နာမည်ကို နှစ်ခွန်းဆင့်ပြီး ရေရွတ် လိုက်သည်။ ဖခင် ဦးဘဆွေ ရှူးပြီး အိမ်မှထွက်ခွာ ပျောက်ဆုံးသွားမည့် နေ့က မိခင်နှင့် ဖခင် စကား များသည့်အခါ ဤ ကိုစောခိုင်ဟူသော နာမည်ကို ထည့်သွင်းပြောခဲ့သည်။ ကိုစောခိုင်ဆိုသူက အကြောင်းစုံ လာရောက်ပြောသွား၍ မိခင်နှင့် ဖိင်တို့၏ အေးချမ်းသာယာသော အိမ်ထောင်ရေး ပြိုကွဲခဲ့ရသည့် အကြောင်း များကို ကိုမျိုးခိုင် ပြန်လည် စဉ်းစားလိုက်မိ၏။

" ငါ့အဖေနဲ့ အမေ ပျောက်သွားရတာ၊ ငါ့အမေ သေမှန်းမသိ၊ ရှင်မှန်းမသိ ပျောက်သွားရတာ၊ ငါ့အမေ စိတ် ဆင်းရဲပြီး သေရတာတွေဟာ ဒီ ကိုစောခိုင်ဆိုသူရဲ့ စနက်ဘဲ "

ကိုမျိုးခိုင်သည် အံကြိတ်ပြောကာ ဓာတ်ပုံကို ကောက်ယူပြီး စေ့စေ့ကြည့်လိုက်ပြန်၏။

" ခင်ဗျား လူ့လောကမှာ အသက်ရှင်ရက် ရှိသေးသလားဟင်၊ အေး ... မြန်မာတစ်ပြည်လုံး ကျုပ်တတ်နိုင် သလောက် တွေ့အောင်ရှာမယ်၊ ခင်ဗျား

အသက်ရှင်လျက် ရှိနေသေးရင်တော့ ကျုပ်မိဘတွေ စိတ်ဆင်းရဲခဲ့ ရတာနဲ့ အမျှ ကျုပ် စိတ်ဆင်းရဲခဲ့ရတာနဲ့အမျှ ခင်ဗျားကို ကောင်းကောင်းကြီး အကြွေးကျေအောင် ဆပ်ခိုင်းရ မှာပေါ့မှာ "

ကိုမျိုးခိုင်သည် သက်မဲ့ ဓာတ်ပုံကို သက်ရှိ လူတစ်ယောက်သဖွယ် စေ့စေ့ကြည့်ကာ နာကြည်းစွာ ပြော လိုက်လေသည်။

" အစားအသောက်ကလေးလဲ မှန်မှန်မှီဝဲပါဦး လူလေးရယ် "

သွားတဲ့လူကတော့သွားပြီ၊ ကျန်ရစ်သူက တမှိုင်မှိုင်တဆွေးဆွေးနေလို့လဲ အကြောင်း မထူးတော့ပါဘူး။ အာဟာရပြတ်ရင် လူကလေးလဲသွားလိမ့်မယ်။ ဒီမနက်စာတော့ လူလေးထမင်းမြိန်အောင် ဒေါ်မှုံအစွမ်းကုန် ကောင်းကောင်း ချက်ထားပါတယ် လူလေး ... "

ကိုမျိုးခိုင်သည် ငိုင်တွေ ငေးမောနေရာမှ ယုယုယယ ပြောနေသော ဒေါ်မှုံကို ကြည့်လိုက်၏။ သူ့အား ယုယ စွာ ချော့မော့ ပြောနေစေကာမူ ဒေါ်မှုံကိုယ်တိုင်ကလည်း ငိုထားဟန်တူသည်။ မျက်နာမှာ နီနေ၏။ ဟုတ်ပါ သည်။

ငယ်စဉ်တောင်ကျေး ကလေးဘဝမှစ၍ ဘဘ၊ မယ်မယ်တို့ကကော ယူကျွေးမွေးလာခဲ့၍ သွားလေသူ ဒေါ်ခင်မျိုး နှင့် ဉမကွဲသိုက်မပျက် နေလာခဲ့သော ဒေါ်မှုံအဖို့ ရေးဟောင်းနှောင်းဖြစ်ကိုတွေးကာ ဆွေးရသော စိတ်သောက သည် ကိုမျိုးခိုင်ထက် မလျော့ရှာပေ။

" စားမယ် ဒေါ်မှုံ၊ ထမင်းပွဲ ပြင်ပြီးပြီလား "

ရှောရှော ရှုရှု ပြောလိုက်သော ကိုမျိုးခိုင်၏ ပြန်ကြားချက်ကြောင့် ဒေါ်မှုံမှာ အတိုင်းမသိ ဝမ်းသာသွားရှာ သည်။ ဒေါ်ခင်မျိုး ကွယ်လွန်ခဲ့ပြီး၍

ယခုသုံးလတာမျှ ကြာသော အချိန်အတွင်းဝယ်၊ ကိုမျိုးခိုင်သည် ထမင်း၊ ဟင်း၊ လက်ဖက်ရည် ကို မှန်အောင်မစားသောက်ခဲ့ပေ။ တမှိုင်မှိုင် တငေးငေးဖြစ်နေသော ကိုမျိုးခိုင်၏ အခြေ အနေကို ဒေါ်မုံ ရင်လေးစွာ စောင့်ကြည့်ခဲ့ရရှာ၏။

ဒေါ်ခင်မျိုးမရှိသည့်နောက် မီှခို တွယ်တာ အားပြုစရာ ကိုမျိုးခိုင်တစ်ယောက်သာလျှင်ရှိသော အသက်အရွယ် ကြီးရင့်ပြီဖြစ်သည့် ဒေါ်မုံ့အဖို့ လူကလေးမရှိရင် ငါ ဘယ်လို နေရမလဲဟု နေ့စဉ်တွေးတော ပူပန်ခဲ့ရရှာသည်။

" ပြင်ပြီးပြီ လူကလေး အဆင်သင့်ပဲ လာ ... လာ "

ဒေါ်မုံက သွက်လက် ရွှင်လန်းစွာပြောပြီး ကိုမျိုးခိုင်ကို ထမင်းစားခန်းသို့ ခေါ်လာခဲ့၏။

" ဒေါ်မုံရော မစားသေးဘူးလား၊ တစ်ခါထဲ ကျွန်တော်နဲ့ ရောစားလိုက်ပါလား ဒေါ်မုံ "

" ရှိပါစေ လူလေး၊ နောက်မှ အေးအေး ဆေးဆေး စားပါမယ် "

ဒေါ်မုံက ပြန်ပြောကာ ကိုမျိုးခိုင် ထမင်းစားနည်းမည် များမည်ကို စောင့်ကြည့်နေသည်။ ကိုမျိုးခိုင်သည် ဒေါ်မုံအား ထပ်မံတိုက်တွန်း ခြင်းမပြုတော့ဘဲ ထမင်းကို အားရပါးရစားနေသည်။ ဒေါ်ခင်မျိုး ကွယ်လွန်ပြီးမှ နှစ်ခြိုက်မြိန်ရှက်စွာ ထမင်းစားနေသည်ကို ဤတစ်ခါသာ မြင်ရသော ဒေါ်မုံသည် ချက်ရကျိုးနပ်ပေပြီဟု ဝမ်းမြောက် စွာ ထမင်းစားပွဲနှင့် ခပ်လှမ်းလှမ်းမှ ရပ်ကြည့်နေ၏။ ကိုမျိုးခိုင် ထမင်းစားပြီး၍ လက်ဆေးသော

အခါ ဒေါ်မှုံ က ထမင်းစားခန်းထောင့်ရှိ ကြောင်အိမ်ထဲမှ အဆင်သင့် ခွဲစိတ်ထည့်ထားသော သဘော်သီးမှည့် ပန်းကန် ကိုယူပြီး ...

" ရော့ ... ရော့ လူလေး သဘော်သီးပင်မှည့်လေး ချိုက ချိုပါဘိသနဲ့ လူလေးဖို့ ဒေါ်မှုံ ဝယ်လာတာ၊ စား လိုက် ဦး"

မိခင်က သားအား ယုယသလို ဒေါ်မှုံက ယုယကြင်နာစွာပြောပြီး ကိုမျိုးခိုင်ရှေ့ စားပွဲပေါ်သို့ တင်ပေးလိုက်၏။ ကိုမျိုးခိုင် က သဘော်သီးမှည့်ကို အားရပါးရစားလိုက်ပြန်သည်။ ဒေါ်မှုံ၏ ဝမ်းမြောက်မှုကား ဆိုဖွယ်ရာ မရှိ တော့ပြီ။

အဲဒီလိုမှပေါ့ လူလေးရယ်၊ ယောက်ျားပဲ၊ ဘာ အားငယ်စရာရှိသလဲ။ ပညာလဲ ပြည့်စုံပြီးသား၊ ပစ္စည်းလဲ အသင့် အတင့် လုံလောက်တယ်၊ ချက်ပြုတ် ကျွေးမွေးဖွပ်လျှော် ပေးမယ့် ဒေါ်မှုံလဲရှိတယ်၊ ယုယအားပေးမယ့် ခင်ခင်လေး တို့ သားအဖလဲ ရှိနေတယ်။ လူလေးအဖို့ ဘာပူပင် စိတ်ငယ်စရာရှိလဲကွယ့်"

စားပြီးသား ပန်းကန်များကို သိမ်းနေရင်းက ဒေါ်မှုံက တတွတ်တွတ်အားပေးနေသည်။ ကိုမျိုးခိုင်က စိတ်လို လက်ရ ပြုံးလိုက်၏။ မိခင်ကွယ်လွန်ပြီးမှ ကိုမျိုးခိုင် ပြုံးရယ်သည်ကို တစ်ခါမှ မမြင်ဘူးသော ဒေါ်မှုံအံ့အား သင့် သွား၏။

" ဘာဖြစ်လို့ပြုံးတာလဲ လူလေးရဲ့ "

ဒေါ်မှုံက မေးလိုက်၏။

" ခြော် ... ဒီကနေ့ ကျွန်တော့်စိတ်ကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်နိုင်တဲ့နေ့မို့ စိတ်တည်ငြိမ်သွားပြီ ဒေါ်မှုံ၊ ဒါကြောင့် ဒေါ်မှုံ စကားကို သဘောကျပြီး ပြုံးတာပါ။ ဒါထက် ဒီအိမ်မှာ ကျွန်တော်မရှိရင် ဒေါ်မှုံ တစ်ယောက်ထဲ နေရဲ ပါ့မလား "

ကိုမျိုးခိုင် က မျက်နှာပေါ်မှ အပြုံးကို ဖျောက်ပြီး တည်ငြိမ် အေးမြသော လေသံဖြင့် မေးလိုက်သည်။

" အို ... လူကလေးကလဲ ကိုယ့်အမေ ခေါင်းချသွားတဲ့ အိမ်ကို ဘာဖြစ်လို့ ခွာချင်ရတာလဲ ခင်ခင်လေးနဲ့ လက်ထပ်ပြီးရင် ဒီအိမ်ကို ခေါ်ယူပေါ့၊ သူတို့အိမ် လိုက်နေရင် ယောက္ခမကြီး ရှိနေတော့ စိတ်ကျဉ်းကြပ်မှာ၊ ဒေါ်မှုံ ကတော့ အရေးမကြီးဘူး၊ အပျိုကြီးပေမယ် အလိုက်သိတယ်၊ မီးဖိုချောင်ထဲမှာချည်း နေပေါ့မယ် "

ဒေါ်မှုံ က ကိုမျိုးခိုင်အမေးကို မဖြေဘဲ သူ့စိတ်ထဲရှိတာ စွပ်ပြောနေသည်။

" မဟုတ်ပါဘူး ဒေါ်မှုံရဲ့ ကျွန်တော် လက်မထပ်သေးပါဘူး၊ ကျွန်တော် မေးတာ ဖြေစမ်းပါဦး "

" နေရဲပါတယ် လူလေး၊ လူလေးက ဘယ်သွားမှာလဲ "

ဒေါ်မှုံက ကိုမျိုးခိုင်ကို မေးလိုက်သည်။

"ကျွန်တော် ခရီးရှည်ထွက်စရာရှိတယ် ဒေါ်မှုံ၊ ဘယ်ရယ်လို့ အတိအကျ မပြောနိုင်သေးဘူး၊ ရက်အကန့် အသတ် မရှိ ဆိုပါတော့လေ"

ကိုမျိုးခိုင်က တွေးတွေးဆဆ ပြောနေစဉ်မှာ ဒေါ်မှုံသည် မျက်လုံးတွင် မျက်ရည်ရစ်ဝိုင်းကာ မျက်နှာငယ် လေးဖြင့် ကိုမျိုးခိုင်အား ကြည့်နေသည်။

"မသွားလို့ မဖြစ်ဘူးလား လူလေးရယ်"

ဒေါ်မှုံက သနားစဖွယ် တောင်းပန်လိုက်၏။

"မဖြစ်ဘူး ဒေါ်မှုံ၊ ကျွန်တော့်တစ်သက်မှာ ရင်ထဲရှိတဲ့ အစိုင်အခဲကြီးက ဒီလူကို မတွေ့မချင်း ကျေမှာ မဟုတ်ဘူး"

ကိုမျိုးခိုင်က အကြိတ်အခဲကြီးသောအသံဖြင့် ပြောလိုက်သည်။

"ဘယ်သူလဲ လူလေး"

ကိုမျိုးခိုင်က ဒေါ်မှုံ၏ အမေးကို မဖြေဘဲ အတန်ကြာ တွေးနေပြီးမှ...

"ဒေါ်မှုံလဲ တစ်သက်လုံး မေမေတို့နဲ့ အတူနေလာတာ၊ မေမေငယ်စဉ်က အဖြစ်ပျက်ကို နည်းနည်းပါးပါး မသိ ဘူးလား"

ဟု မေးလိုက်၏။

"မသိပါဘူး လူလေးရယ်၊ မမလေးတို့က မပြောတော့လဲ ဒေါ်မှုံ ဘယ်မေးရဲလိမ့်မလဲ၊ ဒေါ်မှုံဘယ်မေးရဲလိမ့် မှာလဲ

ကိုမျိုးခိုင်၏ ဘဲဥကြီးက အစပျောက်သွားပြန်လေပြီ ဒေါ်မှုံ၏- စကားမှာ ရေပိတ်စပါးဖြစ်၍ ထွက်ပေါက်အစအနမရှိချေ။

ကိုမျိုးခိုင်က ငေးနေတွေးနေပြန်သည်။ ဒေါ်မှုံသည် ကိုမျိုးခိုင်စာပြီးသော ထမင်းပွဲကိုပင် မသိမ်းနိုင် ဘဲ စားပွဲနား မှာပင်ရပ်ကာ စိတ်မကောင်းသော မျက်နှာဖြင့်ကိုမျိုးခိုင်အား ငေးကြည့်နေရှာသည်။

'ကိုစောခိုင်ဆိုတဲ့လူကို ဒေါ်မှုံမသိဘူးလား၊ မေမေငယ်စဉ်မန္တလေးမှာ နေတုန်းက မေမေနဲ့ တော်တော် ခင် တယ် လို့ ကျွန်တော်ကြားဖူးတယ်'

ဒေါ်မှုံအားဝေ့လည်ကြောင်ပတ်မေးနေ၍ အကြောင်းမထူးတော့ပြီဟု ယူဆသော ကိုမျိုးခိုင်က နာမည်ဖော်ကာ တဲ့တဲ့ပင်မေးလိုက်သည်။

ကိုစောခိုင် နေပါဦး ဒေါ်မှုံ ဒီနာမည်ကို ကြားဖူးတယ်ထင်တယ်'

ဒေါ်မှုံကစဉ်းစဉ်းစားစားဖြင့် တစ်လုံးချင်းပြောနေသည်ကို ကြားရသော ကိုမျိုးခိုင်သည် အနည်းငယ် အားတက် လာသည်။

'စဉ်းစားပါဦး ဒေါ်မှို ဒီလူ မန္တလေးကပဲ မဟုတ်လား'

မိခင်ငယ်စဉ်က မန္တလေးမှာ နေခဲ့ဖူးကြောင်း သိထားသော ကိုမျိုးခိုင်က ဟုတ်လို့ဟုတ်ငြား စကားကြောင်း ပေးလိုက်၏။ ဒေါ်မှုံက အတန်ငယ်တွေးပြီး စဉ်းစားနေရာမှာ...

'အဲသတိရပြီ၊ မမလေး ကျောင်းနေစဉ်က တစ်နေ့ ဘဘမွေးနေ့အတွက် အိမ်မှာ အလှူလုပ်တော့ ကျောင်းက မမလေးသူငယ်ချင်းတွေကို ဖိတ်လို့ ကျောင်းသူ ကျောင်းသားတွေ လာကြတယ်၊ အဲဒီထဲမှာ ကိုစောခိုင်ဆိုတဲ လူပါတယ်၊ ဟုတ်ပြီ၊ ဒေါ်မှုံသတိရပြီ၊ ဘာကြောင့်လဲဆိုတော့ ဒီလူ နေပုံထိုင်ပုံကလည်း သိမ်မွေ့ယဉ်ကျေးတယ်၊ ရုပ်ရည်ကလဲ ခံ့ချောကြီးကွယ့်၊ ကျောင်းသားတွေ အားလုံးထဲမှာ သူ့ကိုကြည့်ရတာ ကြက်သရေ ရှိလွန်းလို့ မမလေးကို မေးကြည့်တော့ အရှေ့ပြင်ရပ်က ဦးစောအေးသား ကိုစောခိုင်လို့ မမလေး က ပြောခဲ့တယ်၊ အဲဒီတုန်းကလေ မမလေးတောင် ဒေါ်မှုံကို ကျီစယ်လိုက်သေးတယ်၊ ဒီလူကို မှုံမှုံ က ဘာဖြစ်လို့ မေးတာလဲတဲ့' မမလေးမျက်နှာပြုံးပြုံးကလေးထားပြီး မေးတာ ဒေါ်မှုံ မြင်ယောင်သေးတော့တယ်၊ သြော်...မမလေး...မမလေး'

ဒေါ်မုံကပြောရင်းအတူတကွ နေလာခဲ့သော ဒေါ်ခင်မျိုးအား လွမ်းဆွတ်စွာ တမ်းတပြီး မျက်ရည်ကျ လာသည်။

ကိုမျိုးခိုင်၏ မျက်နှာမှာ ပိုပြီးတည်ငြိမ်ကာ မသိမသာပင် တင်းမာလာသည်။

'ဒီလူအကြောင်း ဒေါ်မုံ ဒါပဲသိသလား'

ကိုမျိုးခိုင်၏ လေသံမှာ ခပ်ပြတ်ပြတ်၊ ခပ်တင်းတင်းဖြစ်၍ ဒေါ်မုံမှာ ငါစကားပြော မှားသွားလေပြီဟု ထိတ်လန့်စွာတွေးပြီး...

'ဒါပဲသိပါတယ် လူလေးရယ်၊ဒေါ်မုံလဲ မေ့မေ့ပျောက်ပျောက် နေခဲ့တာ၊အခုလူလေးက အစဖော် ပေးလို့ အတော်ချည်းစဉ်းစားယူရတာပါ' ဟုအမှန်အတိုင်းတိုတို တုတ်တုတ် အစီရင်ခံပြီးထမင်းပွဲကို ဆက်လက် သိမ်းဆည်း နေသည်။

''ကျွန်တော်မရှိတဲ့အခိုက် ဒီအိမ်နဲ့ ဒီပစ္စည်းတွေကို ဒေါ်မုံကောင်းကောင်း စောင့်ရှောက်ပါနော်၊ တစ်နှစ်စာ အတွက် ငွေလုံလောက်အောင် ဒေါ်မုံစားသောက်ဖို့ ကျွန်တော်ပေးခဲ့မယ်၊ တစ်နှစ်တစ်ခါတော့ ကျွန်တော အိမ်ကို ပြန်ဖြစ်အောင်ပြန်လာခဲ့မယ်၊ တကယ်လို့ ကျွန်တော့်ကိစ္စ မြန်မြန်ပြီးရင်လဲ တစ်နှစ်မ ပြည့်ခင်ပြန် လာနိုင်မှာပေါ့။ ကြာမလား၊ မြန်မလားတော့ ကျွန်တော်အတိအကျမပြောနိုင်ဘူး။ အထူးသဖြင့် မေမေ နဲ့ဖေဖေ ဓာတ်ပုံကိုတော့ မပျက်စီးအောင် ဂရုစိုက်ထိန်းသိမ်းနော် ဒေါ်မုံ'

ကိုမျိုးခိုင်မှာကြားနေသည်။

'လူလေးက ဘယ်တော့သွားမှာလဲကွယ်'

ဒေါ်မုံကကိုမျိုးခိုင်မျက်နှာကို ဝမ်းနည်းစွာကြည့်ပြီးမေးလိုက်သည်။

'မနက်ဖြန်သွားဖို့ ဆုံးဖြတ်ပြီးပြီ ဒေါ်မှုံ၊ ကျွန်တော် ပစ္စည်းများများမယူဘူး၊ ကျွန်တော့ သားရေ သေတ္တာအငယ်တစ်လုံးပဲ ယူမယ်၊ အဲ့ဒီအထဲမှာ အကြမ်းခံ အကျလုံချည်လေးစုံ၊အနွေးထည်တစ်ထည်နဲ့ စောင်တစ်ထည် ပဲ ထည့်ထား' ပြင်ထားပေးနော် ဒေါ်မှုံ၊ ကျွန်တော်ခင်ခင်လေးတို့ သားအဖကို သွားနှုတ်ဆက် လိုက်ဦးမယ်'

တားမြစ်အကြောင်းမထူးတော့သော ဒေါ်မှုံက တားလည်းမတားဝံ့ သည် အလျောက်-

'အေးအေး … လူလေး စိတ်တိုင်းကျအောင် ပြင်ပေးပါ မယ်ကွယ်'

ဟု ငိုသံပါကြီးဖြင့် ပြောကာ ထမင်းပွဲကို လက်စသပ် သိမ်းပြီး မီးဖိုချောင်သို့ဝင်သွားလေသည်။ ကိုမျိုးခိုင် သည် ထမင်းစားပွဲမှမထဘဲ အတန်ကြာ စဉ်းစားတွေတောနေ၏ ။ဒေါ်မှုံထံမှဤမျှလောက် သဲလွန်စ ရလျှင် လိုက်ရန် မခဲယဉ်းတော့ဟု ယူဆလိုက်၏။

'စောင့်ပေရော့ ကိုစောခိုင်၊ ခင်ဖျားရှိရာကို ကျုပ်လာခဲ့မယ်' မန္တလေးမှာ ခင်ဖျား အသက်ထင်ရှား ရှိပါစေလို့ မျှော်လင့်တယ်၊ ကျုပ်အဖေနဲ့အမေ စိတ်ဆင်းရဲမှုဖြစ်သလို ခင်ဖျားတို့လဲ စိတ်ဆင်းရဲရစေမှာ ပေ့ါ၊ ဒ့ါထက် မကဆိုးအောင်ကျုပ်ကြံစည်ပြမယ် ကိုစောခိုင်ရေ'

ဟု ကိုမျိုးခိုင်သည် အံကြိတ်ခါ စိတ်တွင်းမှ အားရပါးရ ကြိမ်းဝါးနေစဉ်…

'ဟဲ့…အိမ်ကြီးကတိတ်လို့၊ ဘယ်သူမှ မရှိဘူးလား'

ဟူသော ယောက္ခမလောင်း ဦးထွန်းသစ်၏ အသံကိုအိမ် ရှေ့ဘက်မှ ကြားရသောကြောင့် ကိုမျိုးခိုင် သည် မျက်နှာ ကို ပြင်ကာ

ဧည့်ခန်းသို့ထွက်လာခဲ့လေသည်။ ဦးထွန်းသစ်နှင့် ခင်ခင်လေးတို့ ဧည့်ခန်းထဲ ရောက် နေသည် ကို တွေ့ရသည်။

'ဩော် ...ထိုင်ပါဦး၊ ကျွန်တော်အခုပဲ ဦးတို့ဆီလာမယ်လို့ ရည်ရွယ်ပြီးပါပြီ၊ ထမင်းစားနည်းနည်း နောက်ကျ သွား လိုပါ'

ကိုမျိုးခိုင်က ဦးခွန်းသစ်အား ရှင်းလင်းပြောပြပြီး

" ထိုင်ပါ ခင်လေး"

ဟု ချစ်သူကို အထိုင်ခိုင်းလိုက်ပြီး သူကိုယ်တိုင်လည်း ဦးထွန်းသစ်နှင့် မျက်နှာချင်းဆိုင်မှာ ထိုင်လိုက်၏။

" မောင်တို့ ကုသိုလ်ကံကတော့ ကောင်းတယ်ဟေ့၊ နှစ်ယောက်စလုံး စာမေးပွဲအောင်တာပဲ၊ မောင်မျိုးခိုင် သိပြီးပြီ မဟုတ်လား "

ဦးထွန်းသစ်က အားရွှင်လန်းစွာပြောပြီး ...

" အင်း ... ငါ့ သူငယ်ချင်းသာ ရှိနေသေးရင် ဘယ်လောက်များ သားအတွက် ဂုဏ်ယူလိုက်မလဲလို့၊ ဩော် ... မခင်မျိုး၊ မခင်မျိုး၊ သက်တမ်း တိုရှာပလေ သူငယ်ချင်းရယ် "

ဟု ခေါ်ခင်မျိုး ၏ ဓာတ်ပုံကြီးကို မော့ကြည့်ကာ စကားတစ်ဆက်တည်း ပြောလိုက်သည်။

ခင်ခင်လေးကား ဖခင်ရှေ့မှောက်မှာ ဖြစ်နေ၍ ချစ်သူအား တိတီတာတာ မပြောဘဲ ကိုမျိုးခိုင်၏ မျက်နှာကို သာ ရွှန်းရွှန်း စားစား ကြည့်နေသည်။

ဦးထွန်းသစ် က ဒေါ်ခင်မျိုးအား တမ်းတ ပြောလိုက်သော စကားသည် ကိုမျိုးခိုင်၏ ရင်ထဲမှာ မီးလောင်ရာ လေပင့် သလို ဖြစ်သွားပြီး မမြင့်မတွေ့ဘူးသော ကိုစောခိုင်အား လက်စားချေလိုသော စိတ်သည် အစိုင်အခဲ ကြီးမား သည်ထက် ကြီးမားလေသည်။

အလုပ်အကိုင် နေရေး ထိုင်ရေးအတွက် ဘယ်လို ရည်ရွယ်ချက်ရှိသလဲ မောင်မျိုးခိုင်၊ ဦးကို ဘာမှ အားနာနေ ရှက်စရာမလိုဘူးကွယ်၊ မခင်မျိုးနဲ့က မောင်နှမရင်းချာလို ခင်မင်တော့ ဦးကြီး သားချင်းအရင်းလို သဘော ထားပြီး ပြောလိုသည်ကိုပြော၊ အားလုံးအဆင်ပြေအောင် စီစဉ်ပေးမယ်"

ငြိမ်ချက်သား ကောင်းနေသော ကိုမျိုးခိုင်အား ဦးထွန်းသစ်က အားပေးစကား ပြောလိုက်၏။

မျက်နှာလွှဲသွားရှာပြီဖြစ်သော ချစ်လှသည့် သူငယ်ချင်း၏သားကို ဦးထွန်းသစ်ကလည်း တူရင်းသဖွယ် ခင်မင်ကာ စိတ်တွင်းက စေတနာရှိသည့်အတိုင်း ပွင့်လင်းစွာ ပြောလိုက်၏။

" အခုလောလောဆယ်မှာတော့ အလုပ်အကိုင်အတွက် ကျွန်တော် စိတ်မကူးသေးပါဘူး၊ ကျွန်တော့် စိတ်ထဲ မှာ ရည်ရွယ်ထားတဲ့ကိစ္စတစ်ခု ဖြစ်မြောက်အောင် ကြိုးစားမှာမို့ ကျွန်တော် ခရီးရှည်ထွက်ပါရစေဦး၊ ဦးကရော ခင်လေးကပါ ခွင့်ပြုမယ်လို့လဲ ကျွန်တော် မျှော်လင့်ပါတယ် "

ယောကျ်ားမလောင်း အား ရှိသေစိတ်၊ ချစ်သူအား လေးစားသောစိတ်ဖြင့် ဝတ္တရားအတိုင်း ကိုမျိုးခိုင်က ခွင့် တောင်း လိုက်သည်။

ခွင့်ပေးသည်ဖြစ်စေ၊ တားမြစ်သည်ဖြစ်စေ သူ့စိတ်ထဲမှာ ဆုံးဖြတ်ထားသည့်အတိုင်း ပြုလုပ်မည့်အမူအရာမှာ မျက်နှာထားတွင် ထင်ထင်ရှားရှား ပေါ်လွင်နေသည်ကို ဦးထွန်းသစ်က အကဲခတ်မိသည့် အလျောက် တား မြစ်ခြင်း မပြုတော့ဘဲ ...

" ဘာကိစ္စနဲ့ ဘယ်ကိုသွားမှာလဲ မောင်မျိုးခိုင် "

ဟုသာ မေးလိုက်၏။

" ဘယ်နေရာ ဘယ်ဌာနကို ဘယ်လောက်ကြာကြာ သွားရမယ်ဆိုတာတော့ ကျွန်တော် မခန့်မှန်းနိုင်သ လောက်ဘဲ ဦး ကိစ္စကတော့ ကျွန်တော့် မိဘအတွက် ကြွေးဆပ်ရမယ့် လူတစ်ယောက်ကို လိုက်ရှာရမှာပါ။ ဒီအကြွေးကို ကျွန်တော် ပြန်ရမှဖြစ်မှာမို့ ဒီလူကို မတွေ့မနေရှာဖို့ စိတ်ပိုင်းဖြတ်ထားလိုက်ပါပြီ၊ နက်ဖြန်ပဲ ခရီးထွက် ဖို့ စီစဉ်ထားပါတယ် ဦး "

ကိုမျိုးခိုင်၏အသံမှာ တည်ငြိမ်ပြတ်သားလှသည်။

နက်ဖြန် ခရီးထွက်တော့မည် ဆိုသဖြင့် ငယ်ရာက ကြီးလာခဲ့သော ဦးထွန်းသစ်က အလိုက်သိစွာဖြင့် ...

" ဟော့ ... မောင်မျိုးခိုင်၊ ဦး ဝမ်းနုတ်ဆေး စားထားတယ်ကွ၊ အိမ်နောက်ဘက် ခဏဝင်လိုက်ဦးမယ် "

ဟု ပြောကာ နောက်ဖေးဘက်သို့ ထသွားလေသည်။

ညည့်ခန်းတွင်းမှ ဖခင်ထွက်သွားသည်နှင့် တစ်ပြိုင်နက် ခင်ခင်လေးက စကားစပြောလိုက်၏။

"အကြွေးက ဘယ်လောက်များလို့လဲ မောင်ရယ်၊ ဆုံးချင်ဆုံးပါစေတော့၊ ဘယ်ဆီနေမှန်း မသိတဲ့လူနောက် ဒုက္ခခံမလိုက်ပါနဲ့လား "

ကိုမျိုးခိုင်က ခင်ခင်လေး၏ မျက်နှာကို ကြည့်လိုက်၏။

" ခင်လေးသဘောကို မောင်သိပါတယ်၊ မောင့်ကို အနားက မခွာစေချင်လို့မဟုတ်လား၊ မောင်ကလဲ မခွာချင် ဘူးပေါ့၊ ဒါပေမယ့် မိဘနဲ့ပတ်သက်နေတဲ့ အကြွေးမို့ မောင် အဆုံးမခံနိုင်ဘူး၊ ဒီကြွေးကိုသာ မောင် ပြန်ရရင် မောင့်ဘဝ အဖို့အကျေနပ်ဆုံး ဖြစ်မယ်လို့ စိတ်ကထင်တယ်၊ ဒါကြောင့် ... မတားပါနဲ့ ခင်လေးရယ် နော် "

ကိုမျိုးခိုင်က မျက်နှာမကောင်းဖြစ်နေသော ချစ်သူအား ကြင်နာစွာဖြင့် အကြောင်းပြလိုက်၏။

" အကြွေးဘယ်လောက်များလို့လဲ မောင်ရယ်၊ ခင်လေးတို့မှာက ပစ္စည်း အတော်အတန်းရှိလို့ မောင့်ထံက ငွေကြေးအလုံးအခဲမမျှော်လင့်ပါဘူး၊ ဒီအကြွေးတွေ ဆုံးရှုံးမကလို့ မောင့်မှာ အခုရှိနေတဲ့ ပစ္စည်းပါ အားလုံး ကုန်ပါစေ၊ မောင် လူလုံးကိုးချည်းကျန်ပေမယ့် ခင်လေး မေတ္တာမပျက်ပါဘူး၊ အဆုံးခံလိုက်ပါ မောင်ရယ် "

ခင်ခင်လေးက အကြွေးဟုဆိုသဖြင့် ငွေကြေးမှတ်ပြီး ချစ်သူအား ဖျောင်းဖျလိုက်၏။

ကိုမျိုးခိုင်က ခင်ခင်လေး စကားကို သဘောကျစွာ မော့ပြီး ...

" ခင်လေးစိတ်ကို ယုံပါတယ်၊ မောင့်ကိုချစ်တာ ဂုဏ်ပကာသနငွေကြေးကို မမျှော်မှန်းဘူးဆိုတာ အိုင်-စီအက်စ် ကို လိုက်ကတည်းက ယုံကြည်ပြီးသားပါ၊ အခုကြွေးက ငွေမဟုတ်ဘူး ခင်လေးရဲ့ "

ဟု ပြောလိုက်၏။

" ဟင် ... ငွေမဟုတ်ရင် ဘာအကြွေးလဲ "

ခင်လေးက နားမလည်သလို မေးလိုက်သည်။

" တန်ဖိုးဖြတ်မရအောင် အဖိုးတန်တဲ့ ထူးထူး ဆန်းဆန်း အကြွေးဆိုပါတော့ ခင်လေးရယ် "

ကိုမျိုးခိုင်က လေးနက်သောအသံဖြင့် ဖြေလိုက်၏။

" ခင်လေး နားကိုမလည်ဘူး မောင်၊ ရှင်းမပြနိုင်ဘူးလား "

ခင်ခင်လေးက ချစ်စဖွယ် မျက်လုံးကလေးပင့်ပြီး နားမလည်သည့်အလျောက် မေးလိုက်ပြန်၏။

" မောင့်ကိစ္စပြီးလို့ ပြန်လာတဲ့အခါ ပြောသင့်တယ် ထင်ရင် မောင် ပြောပြပါမယ်၊ အခုအချိန်မှာတော့ ဘယ်သူ မှ အသိမပေးပါရစေနဲ့ဦး ခင်လေးရယ်နော် "

" မောင့်ကိစ္စကလဲ ဘာမှန်း မသိဘူး၊ ရှုပ်ရှုပ် ထွေးထွေးကြီး "

ခင်လေးက စိတ်ရှုပ်စွာ ပြောလိုက်ပြီး ...

" တားမရတဲ့ အတူတူတော့ ခင်လေး မတားတော့ပါဘူးမောင်၊ မောင် မပြန်မချင်း ခင်လေး သစ္စာရှိရှိနဲ့ စောင့်ပါ့မယ် ဆိုတာ ကတိပေးပါတယ်၊ ရောက်ရာအရပ်က ခင်လေးဆီ စာရေးနော် "

ဟု ခင်ခင်လေးက ညှိုးမှိုင်းသောမျက်နှာ၊ ဝမ်းနည်းသော အသံဖြင့် မှာကြားလိုက်၏။

မောင်လဲ ခင်လေးနဲ့ ခွဲခွာသွားရမှာ စိတ်မကောင်းပါဘူး ခင်လေးရယ်၊ မိဘအတွက်မို့သာ "

ကိုမျိုးခိုင်က စိတ်မချမ်းမြေ့စွာ ပြောပြီး သက်ပြင်းချလိုက်၏။ စိတ်ထဲမှာ ပိုပြီး အစိုင်အခဲ ကြီးလာပြန်သည်။

" ငါ့တစ်သက်မှာ စိတ်အေးချမ်းသာ နေရတယ်ကို မရှိပါကလား၊ ဒါတွေအားလုံး အရင်းခံသူကတော့ ကိုစောခိုင် ဆိုတဲ့ သတ္တဝါပဲ "

ဟု ဒေါသဖြစ်စွာ တွေးမိပြန်သည်။ ထိုအခိုက် ဦးထွန်းသစ်ရောက်လာသည်။

" ကဲ ... မောင်မျိုးခိုင်က နက်ဖြန် ခရီးထွက်မယ် ဆိုတော့၊ ပြင်ရဆင်ရဦးမယ်နော်၊ ဦးတို့ ပြန်ဖို့ အချိန်သင့်ပြီ ကွယ့်၊ အထွေအထူး မှာကြားစရာများ ရှိသေးသလား မောင်မျိုးခိုင် "

ဦးထွန်းသစ်က မထိုင်တော့ဘဲ မတ်တပ် ရပ်လျက်ကပင် ပြောဆို မေးမြန်းလိုက်သည်။

" ဟုတ်ကဲ့ဦး၊ တခြားအထွေအထူးတော့ မရှိပါဘူး၊ ဒီအိမ်မှာ ဒေါ်မှုံပဲ ကျန်ရစ်မှာမို့ ဦးနဲ့ခင်လေးတို့ လမ်းကြုံ အဆင်သင့် တဲ့ အခါတော့ ဒေါ်မှုံကို တတ်နိုင်သလောက် စောင့်ရှောက်ပါလို့ ကျွန်တော် တောင်းပန်ပါတယ် "

ကိုမျိုးခိုင် က ဦးထွန်းသစ်နှင့် ခင်ခင်လေးကို တလှည့်စီကြည့်ပြီး ပြောလိုက်၏။

" စိတ်ချ မောင်မျိုးခိုင်၊ လမ်းကြုံမှရယ်လို့ မဟုတ်ဘူး၊ ဦးတို့ မကြာခဏ လာကြည့်မယ်ကွယ့်"

" ကျေးဇူးတင်ပါတယ် ဦးရယ်၊ ဦးရဲ့ ကျေးဇူးကိုကော ခင်ခင်လေးကိုရော ကျွန်တော် သစ္စာမဖောက်ပါဘူး၊ ကတိပေးပါတယ် "

ကိုမျိုးခိုင်က ခင်ခင်လေးမျက်နှာကို စိုက်ကြည့်ရင်း ပြောလိုက်ပြီး ...

" ကျွန်တော် ခရီးထွက်တော့မှာမို့ ဦးကို ကန်တော့လိုက်ပါရစေ "

ဟုဆိုကာ ဦးထွန်းသစ်အား ရိုသေစွာ ကန်တော့လိုက်၏။

" အေး ... သာဓု-သာဓု-သာဓု မောင်မျိုးခိုင်မှာ ဘေးရန်ကင်းရှင်းပြီး ချမ်းသာသုခနဲ့ ပြည့်စုံစေ၊ ရည်ရွယ်တဲ့ကိစ္စ အထမြောက် အောင်မြင်ပါစေကွယ် "

အကြောင်းရင်း မသိသော်ငြားလည်း ဦးထွန်းသစ်က စေတနာကောင်းဖြင့် ဆုတောင်းကာ ...

" ကဲ .... သွားမယ် မောင်မျိုးခိုင်၊ သွားစို့ သမီး "

ဟု နှုတ်ဆက်၍ ခြေလှမ်းပြင်လိုက်၏။ ခင်ခင်လေးသည် မျက်ရည်များ ရည်ဝေနေသော မျက်လုံးဖြင့် ချစ်သူကို မျိုးခိုင်အား စေ့စေ့ကြည့်ကာ ...

" သွယ်မယ်နော် မောင် "

ဟု အသံ ခပ်အုပ်အုပ်ဖြင့် နှုတ်ဆက်ပြီး ဖခင်နောက်မှ လိုက်ပါသွားလေသည်။ ကိုမျိုးခိုင်သည် ထွက်ခွာ သွားသော ခင်ခင်လေးတို့ သားအဖကို မျက်စိတစ်ဆုံး

မျှော်ကြည့်လိုက်ပြီးမှ ဧည့်ခန်းတွင် ချိတ်ထားသော ဦးဘဆွေ နှင့် ဒေါ်ခင်မျိုး၏ ခေတ်ပုံကြီးကို မျက်တောင်မခပ် စိုက်ကြည့်လိုက်၏။ လက်သီးကို တင်းကြပ်စွာ ဆုပ်ခါ ကိုစောခိုင် ကိုစောခိုင်ဟု အံကြိတ်ပြီး ရေရွတ်လိုက်လေသည်။

-------------------------

မန္တလေး အရှေ့ပြင်ရပ်ရှိ ပျက်စီးယိုယွင်းသော အိမ်အိုကြီးကို ကိုမျိုးခိုင်သည် လမ်းစောင်းရှိ ပိတောက်ပင်ရိပ်မှ ရပ်ကာ အကဲခတ်ကြည့်နေသည်။ ပျက်စီးနေသော ခြံဝင်းအတွင်းမှာ အသီးအပွင့်များ ခဲ နေသော ပဲပုစွန်ပင်။ ဘူးပင်များနှင့် လူသူ အရိပ်အရောင်ကင်းမဲ့နေသော အိမ်အိုပျက်ကြီးမှာ မျက်စိပသာဒတွင် ထူးဆန်းနေသည်။

စားသောက်ဖွယ် အသီးအနှံများက စိမ်းစိမ်းစိုစို ရှိနေပါလျက် အိမ်အိုပျက်ကြီးမှာ လူမရှိသလို ဆိတ်ငြိမ်နေ သည်။ ပြတင်းပေါက်များမှာ အချို့တွင် တံခါးရွက်ပင် စုံအောင် မရှိချေ။ တပင်တပန်း မေးမြန်းရှာဖွေလာခဲ့၍ တွေ့နေရသော ဤအိမ်ပျက်ကြီးမှာ ဦးစောအေးနှင့်သား ကိုစောခိုင်တို့ အိမ်ဟုတ်နိုင်ပါမည်လားဟု ကိုမျိုးခိုင်တွင် သံသယ ဖြစ်မိလိုက်သည်။

အိမ်တံခါးမကြီးမှာ ဟင်းလင်းပွင့်နေသော်လည်း လူသူ အရိပ်အရောင်မမြင်ရ၍ ကိုမျိုးခိုင်က ပိတောက်ပင် အောက်မှ စောင့်ကြည့်နေစဉ်မှာ နွမ်းနယ်သော အင်္ကျီလုံချည်ကို ဝတ်ကာ အိုမင်း ပိန်ချုံးသော အသွင် သဏ္ဍာန်ဖြင့် လူတစ်ယောက်သည် တောင်းတစ်လုံးကိုကိုင်ကာ အိမ်နောက်ဖေးဘက်မှ ချိနဲ့နဲ့ ထွက်လာသည် ကို တွေ့ရသည်။

ကိုစောခိုင်ဆိုတာ ဒီလူတော့ မဟုတ်နိုင် ဟူသောအတွေးဖြင့် ကိုမျိုးခိုင်က စဉ်းစားလိုက်၏။ ထိုလူသည် တောင်မြောက်ဝဲယာကိုမျှ မကြည့်ဘဲ ငုံ့လျှိုးသော ဦးခေါင်းဖြင့် ပဲပုစွန်ချုံကြီးရှိရာကို စိုက်စိုက်လျှောက်သွား ကာ ပဲပင်ချုံအနီးတွင်

တောင်းကို မြေပေါ်သို့ ချလိုက်ပြီး ပဲပုစွန်သီးများရူးနေသည်။ သိလိုသော ကိစ္စကိုမေး မှဖြစ်တော့မည်ဟု ကိုမျိုးခိုင် ဆုံးဖြတ်လိုက်ပြီးမှ အဆီးအတား ကင်းမဲ့နေသော ခြံဝင်းတံခါးမှ ဝင်သွားလေ သည်။

ထိုလူကား ကိုမျိုးခိုင် နောက်နားရောက်နေသည်ကို အလျှင်းပင် သတိထားမိဟန်မတူဘဲ ရှုံ့တွကြုံလှီသော လက်များဖြင့် ပဲပုစွန်သီးများကိုသာ မဲပြီးရူးနေသည်။ ထိုလူ၏ အသက်မှာ ခြောက်ဆယ်ခန့် ရှိနေပြီဖြစ် ကြောင်း ကို ကိုမျိုးခိုင် ခန့်မှန်းမိသည်။

" ဒီမှာခင်ဗျာ "

ကိုမျိုးခိုင် အသံပြုလိုက်မှ အဘိုးကြီးသည် အလန့်တကြား လှည့်ကြည့် လိုက်၏။

" ဒါ ဦးစောအေးအိမ် မဟုတ်လား ဦးကြီး "

ကိုမျိုးခိုင်က မေးလိုက်၏။

" ဟုတ်သပေါ့ မောင်ရင်၊ ကျုပ်ဆရာ ဦးစောအေးကတော့ မရှိရှာတော့ဘူး "

အဘိုးကြီးက တုန်ယင်သောအသံဖြင့် ဖြေကာ လက်တွင်းမှ ရူးပြီးသား ပဲပုစွန်သီး လေးငါးတောင့်ကို တောင်း ထဲသို့ ပစ်ထည့်လိုက်ပြီး ...

" မောင်ရင်က ဘယ်သူတုန်း၊ ဘယ်ကတုန်း၊ ဘာကိစ္စရှိသတုန်း "

ဟု ဆက်တိုက်မေးလိုက်၏။

" ဦးစောအေးရဲ့သား ကိုစောခိုင်ဆိုတဲ့ လူကို တွေ့ချင်လို့ "

ကိုမျိုးခိုင် က ချုပ်တည်းထားရသော လေသံဖြင့် ခပ်ပြတ်ပြတ်မေးလိုက်၏။

" ဟော ... ကိုစောခိုင်ဆိုတဲ့ လူ "

အဘိုးကြီးက အံ့ဩသောလေသံဖြင့် ပြောကာ ကိုမျိုးခိုင်အား ခြေဆုံးခေါင်းဖျား စေ့စေ့စပ်စပ် ကြည့်လိုက် ပြီးမှ ...

" နေပါဦး မောင်ရင်က ကိုစောခိုင်ဆဲ့တဲ့လူလို့ သုံးနှုန်းပြောရအောင် မောင်ရင်နဲ့ သက်တူရွယ်တူလား၊ ကိုစောခိုင်ဆိုတာက မောင့်ရင့်အဖေလောက် အသက်အရွယ် ရှိနေတာကွယ့် "

ဟု အဘိုးကြီးက ခံပြင်းသောလေသံဖြင့် ပြန်ကြားလိုက်သည်။

" အသက်အရွယ်တွေ ဘာတွေ ပြောမနေပါနဲ့လေ၊ ကျွန်တော် သူ့ကိုသာ တွေ့ချင်ပါတယ် "

မိဘအတွက် အကြိတ်အခဲကြီးလှစွာ စိတ်နာနေသော ကိုမျိုးခိုင်က လိုရင်းကို မေးလိုက်ပြန်၏။ အဘိုးကြီး၏ ရုပ်ရည် ကိုလည်း စေ့စေ့ကြည့်လိုက်သည်။

ဓာတ်ပုံထဲမှာ မြင်ခဲ့ရသည့်ရုပ်ရည်၊ ဒေါ်မှုံပြောသည့် ရုပ်ရည်နှင့် လုံးဝ ဆက်စပ်မရသော ဤအဘိုးကြီးကား ဘယ်နည်း နှင့်မှ ကိုစောခိုင် မဟုတ်နိုင်ဟု တစ်ထစ်ချ သိလိုက်၏။

အဘိုးကြီးကား ကိုမျိုးခိုင်၏ အမေးကို မဖြေတော့ဘဲ ဂရုမစိုက်သလို အမူအရာဖြင့် ပဲသီးများ ခူးမြဲတိုင်း ခူးနေသည်။ ကိုမျိုးခိုင်၏ မောက်မာသော အသံကို နှစ်မြို့ဟန် မတူပေ။

ဤအဘိုးကြီးအား လေသံမာ၍ မဖြစ်ကြောင်း ကိုမျိုးခိုင်အကဲခတ်မိသည်။ ထို့ကြောင့် စိတ်ကို ကြိုးစားထိန်း ချုပ်ကာ လေပျော့နှင့် ချော့ရသည်။

" သည်းခံပါ ဦးကြီး၊ ကျွန်တော်က ခရီးထွက်ရာမှာ အဆင်မပြေလို့ စိတ်တိုနေမိတာနဲ့ စကားပြော မချေမင ဖြစ်သွားပါတယ်၊ အဲ ... ဦးစောခိုင်နဲ့ တွေ့ပါရစေ "

ကိုမျိုးခိုင် က တောင်းပန်လိုက်မှ အဘိုးကြီးက ပဲသီးရှူးနေရာက လှည့်ကြည့် လိုက်သည်။

" အေး ... ဒီလိုမှာပေ့ါကွယ့်၊ ကျုပ်တို့ကလဲ လူတစ်ဖက်သားကို ဘယ်အခါမှ မောက်မောက်မာမာ မဆက်ဆံဘူး၊ ကျုပ်တို့ကို အဲဒီလို လာဆက်ဆံလဲ မကြိုက်ဘူး၊ ပဲသီးဘူးသီးရောင်းစားနေရမယ့် မာနတော့ အရှိသားဟေ့၊ ဒါထက် မောင်ရင်က ဘာကိစ္စနဲ့ တွေ့ချင်တာလဲ "

အဘိုးကြီးက စကားကြောရှည်ရှည် ပြောပြီး မေးလိုက်သည်။

" ကိစ္စ အထွေအထူးတော့ မရှိပါဘူး ဦးကြီး၊ အဲဒီ ဦးစောခိုင်ဆီမှာ အဖိုးတန်တဲ့ ဆေးပင်ရှိတယ် ကြားဖူးလို့ လေ့လာ စုံစမ်း ချင်တာနဲ့ လာတာပါ "

ကိုမျိုးခိုင်က မိခင် အမြတ်တနိုး သိမ်းထားခဲ့သည့် စာထဲမှ လေသံကိုလိုက်ပြီး အဘိုးကြီးအား စကားညှစ်လိုက်၏။ အဘိုးကြီး၏ မျက်နှာသည် သိသိသာသာ ညိုးသွားလေသည်။

" အင်း ... တော်တော်ကို ဂြိုလ်မွှေတဲ့ ဆေးပင်ပဲ၊ ဒီဆေးပင်ကြောင့် ကိုစောခိုင် ဘာဖြစ်တယ်ဆိုတာ ပြော တောင် မပြောချင်ဘူး၊ လာ ... လာ အိမ်ထဲကို "

အဘိုးကြီးက ခေါ်ပြီး အိမ်ပျက်ကြီးအတွင်းသို့ အိမ်ဘေးလှေကားမှ ရှေ့ဆောင်ပြီး တက်သွားသဖြင့် ကိုမျိုးခိုင် သည် တွေ့လိုလှသောသူကို တွေ့ရချေတော့မည်ဟု အံကို တင်းတင်းခဲကာ လိုက်ပါသွားလေသည်။

ပြုတ်ကျ လုလု ခနော်ခနဲ့ဖြစ်နေသော လှေကားမှ အိမ်ပေါ်သို့ ရောက်သွားသည်။

ရှေးယခင်က ညော့်ခန်း ဖြစ်ခဲ့ဖူးဟန်တူသော အခန်းကျယ်ကြီးမှာ မြူဖုံများက ဖြူဖွေးကာ ပေရေညစ်ပတ်နေ၏။ နောက်မှီရှည်ကြီးများမှာ ပွတ်လုံး ဖော်ထားသည့် သစ်သားကုလားထိုင် သုံးလေးလုံး သည် ဖဝါထိုင်ရာမှ ကြိမ်များပေါက်ပြဲကာ ကျိုးပဲ့သော လက်ရမ်းများဖြင့် အခန်းထောင့် တစ်နေရာတွင် ကျွမ်း ထိုးမှောက်ခုံ စုပုံနေသည်ကို တွေ့ရသည်။

အိမ်ဦးရှိ ဘုရားဆောင်မှ မြေညောင်ရေအိုးပေါင်း တစ်လုံးတွင် ဘယ်အခါမှ မညှိုးနိုင်သော နဂါးစက်ပင်များ ထိုးစိုက် ထားသည်။

ဘုရားဆောင်ရှေ့ရှိ ယိုင်နဲ့နေသော စားပွဲအိုတစ်ခုပေါ်တွင်ကား အနှစ်နှစ်အလလက တင်နေဟန်တူသော ထူထပ် လှသည့် ဖုံများ ဖုံးအုပ်နေသည့် ဆွေးမြေ့ စုတ်ပြတ်နေသော စာအုပ်တစ်ပုံကို တွေ့ရသည်။

" ဒီမှာထိုင် မောင်ရင် "

အဘိုးကြီးက အနားစုတ်နေသော သင်ဖြူးဟောင်းကလေးတစ်ချပ်ကို ဖုံထူသော ကြမ်းပြင်ပေါ်မှာ ခင်းပေး သဖြင့် ကိုမျိုးခိုင်က ထိုင်လိုက်ပြီး မျက်နှာမူရာ နံရံဆီသို့ အမှတ်မထင် ကြည့်လိုက်၏။

အလျားအနံ တစ်ပေခွဲမျှရှိသော ကိုစောခိုင်၏ ဓာတ်ပုံကြီးကို တွေ့လိုက်ရသည်။

မိခင် ဒေါ်ခင်မျိုး၏ ငွေသေတ္တာကလေးထဲမှာ တွေ့ရသော ဓာတ်ပုံအတိုင်းပင်။

ယခု ပုံကြီးက အကြီးချဲ့ထားသဖြင့် တစ်ကြောင်း၊ တစ်ခန်းလုံး မြူဖုံ အလိမ်းလိမ်းတင်နေသော်လည်း ဓာတ်ပုံမှန်မျာ ထူးထူးခြားခြား ပြောင်စင်

ကြည်လင်နေသဖြင့် ကိုစောခိုင်၏ ရုပ်ရည်မှာ ပုံသေးကလေးကို ကြည့်ခဲ့ရသည်ထက် ပို၍ ပြတ်သားရှင်းလင်းလှ၏။

ကိုမျိုးခိုင်က ဓာတ်ပုံကြီးကို မျက်တောင်မခတ် စိုက်ကြည့်နေစဉ်မှာ အဘိုးကြီးက စကားပြောလိုက်၏။

" မောင်ရင် တွေ့ချင်လှချည်ရဲ့ဆိုတဲ့ ကိုစောခိုင်ဆိုတာ သူပါပဲ မောင်ရင်၊ အခုတော့ ဒီရုပ်ရည် မရှိတော့ပါဘူး အဖြစ်နာ လိုက်ပါဘိ လူကလေးရယ် "

အဘိုးကြီးက ဓာတ်ပုံကို ညွှန်ပြကာ ကြေကွဲလှိုက်လှဲစွာ ပြောလိုက်၏။

ကိုမျိုးခိုင်က ဓာတ်ပုံကို ကြည့်နေရာမှ အဘိုးကြီးဘက်လှည့်လိုက်ရာမှ ...

" အခု ကိုစောခိုင်က ဘယ်မှာလဲ ဦးကြီး "

ဟု မေးလိုက်၏။

" မသိဘူး မောင်ရင် "

" ဟင် ... "

ကိုမျိုးခိုင်က အံ့သြစွာ ဟင်လိုက်ပြီး ...

" အခုနက ဦးကြီးက အိမ်ပေါ်ခေါ်တင်လာတော့ ရှိသလိုလိုကိုး "

ဟု မကျေနပ်သံ မယုံကြည်သောအသံဖြင့် ပြောကာ အိမ်ပျက်ကြီးအတွင်းသို့ မျက်လုံးက လှည့်ပတ် ရှာဖွေလိုက်၏။

" ကိုစောခိုင်ရှိတယ်လို့ မောင်ရင့်ကို မပြောပါကလား၊ သူ့အကြောင်း ပြောချင်လို့သာ မောင်ရင်ကို ခေါ်လာခဲ့ တာ "

" သူ့အကြောင်းက ဘာလဲ ဦးကြီးရဲ့ ပြောပါဦး "

ကိုမျိုးခိုင် က စိတ်အားထက်သန်စွာ မေးလိုက်သည်။

" ဒီလို ... ဒီလို မောင်ရင်ရဲ့၊ ကိုစောခိုင်အဖေ ဦးစောအေးက ကျုပ်ရဲ့ဆရာ အရင်းပါပဲ၊ ကိုစောခိုင်ကလဲ ငယ်ငယ်လေးထဲက ကျုပ်လက်ပေါ် ကြီးလာတော့ တူသားအရင်းလို ခင်တွယ်နေတာပါပဲ၊ အဲ ... လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကျော်လောက်က ကိုစောခိုင် ဆယ်တန်းအောင်တဲ့နှစ်ပေါ့လေ၊ သူ့တို့ဘိုးဘွားဘီတင်လက် ထက်က အစဉ်အဆက်သိမ်းလာတဲ့ ပေစာတွေဖတ်ကြည့်ပြီး အဲဒီပေစာထဲ ညွှန်ထားတဲ့ ဆေးပင်ဆိုတာ တွေ့အောင်ရှာမယ်ဆိုပြီး ထွက်သွားတာပဲ မောင်ရင်၊ ဆရာ ဦးစောအေး ဆုံးတော့လဲ ပြန်မရောက်၊ အကြောင်းကြားရအောင်ကလဲ ဘယ်ဆီရောက်နေမှန်းမသိ၊ ဒါနဲ့ပဲ လာနိုးနိုး စောင့်မျှော်နေတာ၊ ကိုစောခိုင် ထွက်သွားပြီး လေးငါးနှစ်ကြာတော့ ပြန်ရောက်လာတယ်၊ အခု မောင်ရင်တွေ့ရတဲ့ ဓာတ်ပုံထဲကအတိုင်းပဲ၊ အင်မတန်ချော၊ အင်မတန် ကျက်သရေရှိတဲ့ သူ့ရုပ်ဟာ လုံးးပျက်ခဲ့ပြီ မောင်ရင်၊ ဦးကြီးတောင်မှ သူ့ကို မမှတ်မိနိုင်အောင် ရုပ်အဆင်း ပျက်ခဲ့ရှာတယ်ကွယ် "

အဘိုးကြီးက မချိလှိုက်လှဲသောအသံဖြင့် ပြောရာက စကားကို ခေတ္တဖြတ်ကာ ကိုစောခိုင်၏ ဓာတ်ပုံကြီးကို ဝမ်းနည်းစွာ မော်ကြည့်လိုက်သည်။

" ဘယ်လိုဖြစ်တာလဲ ဦးကြီး၊ အခု ကိုစောခိုင်က ဘယ်မှာ နေပါသလဲ "

စကားပြတ်သွားသည်ကို အားမရသဖြင့် ကိုမျိုးခိုင်က အလောတကြီး မေးလိုက်သည်။

" အေး ... နဖူးပြင်မှာရော၊ ပါးတစ်ဖက်မှာရော၊ တွန့်လိမ်ရှုံ့တွနေတဲ့ အမာရွတ်ကြီးတွေဟာ မမြင်ရက်စရာ ကြောက်ခမန်းလိလိပါပဲ မောင်ရင်၊ ဒါဟာ ကိုစောခိုင်အစစ်ပါကလားဆိုတာ သူ့ရဲ့ ပေါ်လွင်လှပတဲ့ နှာတံနဲ့ နှုတ်ခမ်းအထက် လက်ယာဘက်မှာရှိနေတဲ့ မှဲ့စိမ်းကလေးတစ်လုံးကြောင့်သာ ကျုပ်က ယုံရတော့တယ်..၊ ဖြူဝင်းတဲ့ သူ့အသားတွေဟာလဲ မွဲခြောက်တဲ့အဆင်းကို ဆောင်လာတယ်၊ ကျုပ်မှာလဲ ယူကြုံးမရဖြစ်ပြီး သူ့ကို ဖတ်ငိုရတော့တာပေါ့ "

ကြေကွဲစွာ ပြောနေသော အဘိုးကြီး စကားမဆုံးမီ သူက ...

" ဘာဖြစ်လာတာတဲ့လဲ "

ဟု ကိုမျိုးခိုင်က ဖြတ်မေးလိုက်သည်။

ကိုမျိုးခိုင်က အသံကို အဘိုးကြီးသာ သတိထားမိမည် ဆိုလျှင် မကြင်နာသော၊ မလိုမုန်းထားသောလေသံ ပါသည်ကို ရိပ်မိနိုင်ပေမည်။

" မေးလို့မရပါဘူး မောင်ရင်၊ လောကမှာ ကျွန်တော်လိုလူ၊ ကျွန်တော်လို စိတ်ထားမျိုးသာ ရှိကြမယ်လို့ ထင်မိ တဲ့ ကျွန်တော့် လောက်မိုက်တဲ့သတ္တဝါ မရှိဘူးလို့သာ ပြောရှာတယ်ကွယ့်၊ သြော် ... ကိုစောခိုင် ... ကိုစောခိုင် ... ဦး ရင်နာလိုက်ပါဘိ လူကလေးရယ် "

အဘိုးကြီးက ပြောရင်း မျက်ရည်သုတ်လိုက်၏။

" အခု ဦးစောခိုင်က ဘယ်မှာလဲ ဦးကြီး "

လိုရင်းကို သိချင်လှပြီဖြစ်သော ကိုမျိုးခိုင်က မေးလိုက်ပြန်၏။

" ပြောမယ်လေကွယ် ... မောင်ရင်က တယ်လောဘကိုး ကျုပ်ဆရာ ဦးစောအေး သေဆုံးပြီး ကိုစောခိုင်ကလဲ အစအန မတွေ့အောင် ပျောက်ကွယ်နေတော့ ကျန်တဲ့ ပစ္စည်းတွေကို ရင်းနှီးရာ ဆွေမျိုး များက တချို့ တဝက်လုယူပြီး တချို့တဝက်ကို ထိန်းသိမ်းထားတယ်၊ ကိုစောခိုင် ပြန်ရောက်လာတော့ ထိန်း သိမ်းထားတဲ့ ဆွေမျိုး တွေက ပြန်ပေးကြပါရဲ့၊ ဒါပေမယ့် ကိုစောခိုင်က အကုန်ပြန်မယူတော့ဘဲ အချို့ တဝက် လောက်သာ ယူတယ်၊ ဒီအိမ်နဲ့မြေကိုလဲ ကျုပ်ကို အပိုင် ပေးပစ်ခဲ့ပြီး မန္တလေးမှာ မနေချင်တော့ဘူး ဘဦးရေလို့ နောက်ဆုံး နှုတ်ဆက်ပြီး ဟောဟိုဂြိုလ်မွှေတဲ့ ပေစာထုပ် ပိုက်ထွက်သွားလိုက်ကာ အခုထက် သာတိုင်ပါရော၊ သေမှန်း ရှင်မှန်း ကို မသိတော့ဘူး၊ ကိုစောခိုင် ပေးကမ်းထားခဲ့တဲ့ ငွေလဲကုန်ရော ကျုပ်လဲ ဘူးသီးပဲသီး စိုက်စား နေတာပေါ့၊ ကျုပ်နာမည်က ဘိုးဦးတဲ့ ... မောင်ရင်ရဲ့၊ လူကလေး ကိုစောခိုင်ကကော ငယ်စဉ်ကတည်းက ဘဦး လို့ခေါ်တယ်၊

ကျုပ်မှာ လွမ်းလွမ်းရှိတိုင်း သူ့ဓာတ်ပုံကိုပဲ ကြည့်နေရတာကြောင့် မှန်ကို စင်စင်ကြယ်ကြယ် သုတ်ထား ရတယ်၊ အင်း ပေထုပ်ကြီး ပိုက်သွားတာကို ထောက်ရင် ဆေးပင်ရှိ ရာကိုပဲ ပြန်လိုက်ဟန်တူရဲ့၊ ဩော် ... လူကလေး ကို စောခိုင် မသေမပျောက်ရှိသေးရင် ဘဦးဆီ တစ်ခေါက် လောက်ပြန်ခဲ့ပါလား လူလေး ရယ် "

အဘိုးကြီး က ဆွေးဆွေးမြည့်မြည့်ပြောပြီး ငိုကြွေးလိုက်သည်။ ကိုစောခိုင်၏ ဘဝဖြစ်စဉ် တစ်ပိုင်းတစ်စကို ဘေးလူ အနေဖြင့် ကြားရလျှင် သနားကရုဏာသက်မိမှာ မှန်သော်လည်း ကိုမျိုးခိုင်၏စိတ်ထဲမှအစိုင်အခဲကား ကျေပျက်မသွားချေ။

" သာလေး သုံးနှစ်သားအရွယ်က ကိုစောခိုင်နဲ့ တွေ့ခဲ့ရတယ် "

ဟူသော မိခင် ဒေါ်ခင်မျိုး၏အသံကို ပြန်လည်ကြားယောင်လာသည်။

ယခု အဘိုးဘကြီးက ပြောပြသော စကားထဲမှာ ထွက်သွားပြီး လေးငါးနှစ်ကြာတော့ တစ်ခေါက် ပြန် လာသည် ဟု ပြောခဲ့သည်။ မေမေနဲ့ တွေ့တယ်ဆိုတာ အဲဒီအချိန်ကပဲ ထင်တယ်ဟု ကိုမျိုးခိုင်စိတ်ထဲက ယူဆလိုက်၏။

" နေနှင့်ဦးပေါ့ ကိုစောခိုင်၊ မေးပါများ စကားရသတဲ့၊ အခု ခင်ဗျားအကြောင်း သိသင့်သလောက်သိရပြီ၊ ခင်ဗျား ရုပ်ရည်ကိုလဲ မှန်းဆမိနေပြီ၊ ခင်ဗျားမသေသေးရင်တော့ လွတ်အောင်ပြေးပေရော့ "

ဟု ကိုမျိုးခိုင်စိတ်ထဲက ကြိမ်းဝါးလိုက်၏။

" အဲဒီ ဆေးပင်ဆိုတာ ဘယ်မှာ ရှိပါလိမ့်ဦးကြီးရယ်၊ ပေစာထဲမှာ ဘယ်နေရာကို ညွှန်းထားလဲ၊ ဦးကြီး နည်း နည်း ပါးပါး မသိဘူးလား "

ကိုမျိုးခိုင်က ဟန်မပျက် မေးလိုက်၏။ ဆေးပင်ရှိရာကိုလျှင် ကိုစောခိုင်ကို ခြေရာခံလိုက်ရန် လွယ်ကူ ပေ မည်။ ကိုမျိုးခိုင် က စဉ်းစားမိ၏။

" မပြောတတ်ဘူး မောင်ရင်၊ ကိုစောခိုင် ခရီးမထွက်ခင် ဆရာ ဦးစောအေးနဲ့ သားအဖချင်း စကားပြောရာမှာ ဖွဲကပင် တောင်တန်းဘက်လို့ ကြားမိတာဘဲ၊ ဒီတောင်ဘယ်နားမှာရှိမှန်း ကျုပ်လဲမသိဘူး "

" ခရီး ထွက်သွားတာ ဦးစောခိုင် တစ်ယောက်တည်းလား "

ဆက်ရာဆက်ကြောင်း ခြေရာခံလွယ်ကူစေရန် ကိုမျိုးခိုင်က မေးလိုက်ပြန်၏။

" သူ့ သူငယ်ချင်းတစ်ယောက်လဲ ပါတယ်လို့ ပြောတာပဲ။ ဘယ်သူမှန်းမသိဘူးကွယ့်၊ နှစ်ယောက်လုံး အစ ပျောက်သွားတော့တာပဲ၊ နေပါဦး၊ မောင်ရင်က ဘာလဲ ပုလိပ်တော်မင်းလား၊ မေးမြန်းစစ်ဆေးချက် တယ်များ သကိုး "

အဘိုးကြီးက စိတ်မရှည်ဟန်ဖြင့်ပြောကာ ကိုမျိုးခိုင်အား ဆက်လက်စကားမပြောလိုဟန်ဖြင့် ...

" ကျုပ် ပဲသီးရှူးဦးမယ်၊ နောက်ထပ် မောင်ရင်မေးလဲ ဒါလောက်ကလွဲပြီး ကျုပ်ဘာမှမသိတော့ဘူး၊ မောင်ရင့် ကို လက်ခံ စကားပြောနေတာနဲ့ ပဲသီးရှူးချိန်လစ်ဟင်းသွားပြီ။ ထမင်းငတ်တော့ ဘယ်သူကမှ လာကျွေးတာ မဟုတ်ဘူး၊ ကျုပ် အားကိုးစရာ လူကလေးတို့ သားအဖမရှိတော့ဘဲ "

ဟု အဘိုးကြီးသည် နှုတ်မှ ရေရွတ်မြည်တမ်းကာ မျက်ရည်သုတ်ပြီး ကိုမျိုးခိုင်အပါးမှထ၍ လှေကားမှ ကုန်း ကုန်းကုန်း ကုန်းနှင့်ဆင်းသွားလေသည်။

ကိုမျိုးခိုင် သည် အဘိုးကြီး ဆင်းသွားပြီးလျှင်ပင် ထိုင်ရာမှ ထလိုက်၏။ ကိုစောခိုင်၏ ဓာတ်ပုံကိုတစ်ချက်မျှ စိုက်ကြည့် ကာ အိမ်ပျက်ကြီးပေါ်မှ ဆင်းလာခဲ့သည်။ စိတ်ကား ဖွဲကပင်တောင်ဆီသို့ ရောက်နေ၏။

---------------------------

မန္တလေးမှာ နှစ်ရက်မျှ သာကြာသည်။ ကိုစောခိုင်၏ ခြေရာကို တက်သုတ်ရိုက်ရှာနေသော ကိုမျိုးခိုင်သည် အချိန်မဖြုန်းတော့ဘဲ အဘိုးကြီး ဦးဘိုးဦး အိမ်မှဆင်းလျှင်ပင် ကားတစ်စီးကို ငှားကာ ပဲခူးသို့ ခရီးပြင်းနှင်လေသည်။

ဖွဲ့ပင် တောင်ဆီသို့ လိုက်ရာ ခရီးလမ်းတွင်ရှိသော သထုံသို့ ဝင်စခန်းချကာ လမ်းခရီးစဉ်ကို စုံစမ်းရဦးမည် ဖြစ်၏။ သထုံမှာ ကျောင်းနေဘက် သူငယ်ချင်းကိုသန်းနိုင်တစ်ယောက် မြို့ပိုင်ဖြစ်နေသည်ဟု သိရပြီးဖြစ်၍ တည်းခိုရန် မခဲယဉ်းချေ။

ကြိုတင် အကြောင်းကြားခြင်းမရှိဘဲ ဘွားခနဲ ရောက်လာသော ကိုမျိုးခိုင်ကို တွေ့လိုက်ရသောအခါ ကိုသန်း နိုင်မှာ အံ့သြမိ၏။

" အံပါရဲ့ သူငယ်ချင်းရယ်၊ လာမယ်ဆို ကြိုတင်အကြောင်းကြားပေါ့၊ ကျွန်တော် လာမကြိုရလား၊ ခင်ဗျား လုပ်လိုက် မှဖြင့် ဒီလိုချည်းပဲ "

ကျွန်တော်လဲ ဘာရယ်လို့ မဟုတ်ပါဘူးဗျာ၊ မေမေဆုံးပြီး အိမ်မှာ နေရတာ စိတ်မကောင်းတာနဲ့ အေးချမ်း ဆိတ်ငြိမ် တဲ့ နေရာဒေသကို ခရီးထွက်မယ်လို့ စိတ်ကူးပေါက်မိတယ်၊ ဒါနဲ့ တောတောင် စိမ့်စမ်းသာယာတဲ့ သထုံမှာ ခင်ဗျားရှိတာ သတိရလာတော့ ရုတ်တရက် စိတ်နှောက်ကိုယ်ပါ ထွက်လာခဲ့တာပေါ့ဗျာ "

ကိုမျိုးခိုင် က အဆင်ပြေအောင် ဖြေကြားလိုက်၏။

" ခင်ဗျား အလုပ် မလုပ်သေးဘူးလား "

ကိုသန်းနိုင်က မေးလိုက်သည်။

" မလုပ်သေးဘူးဗျာ "

ကိုမျိုးခိုင်က ဖြေလိုက်သည်။

" ခင်ခင်လေးက အခုလို ခင်ဗျားအလုပ် မလုပ်ဘဲ လျှောက်သွားနေတာ သဘောတူပါ့မလား "

ကိုသန်းနိုင်က အကြောင်းသိရင်းဖြစ်၍ မေးလိုက်၏။

" မကာန့်ကွက် ပါဘူး၊ ကျွန်တော် စိတ်ပြေလက်ပျောက်ဖြစ်မှ လက်ထပ်ကြဖို့ တိုင်ပင်ပြီးသားပါ ကိုသန်းနိုင် "

ကိုမျိုးခိုင် က ဖြေလိုက်သည်။

ကိုမျိုးခိုင် မှာ မိဘာနှစ်ပါးအတွက် အမြဲ စိတ်မချမ်းမြေ့ဖြစ်ခဲ့သည်ကို သိပြီးဖြစ်သော ကိုသန်းနိုင်က စိတ်မ ကောင်းဖြစ်မိသည်။

" အေးဗျာ … ဒါဖြင့် သထုံမှာ အေးအေးဆေးဆေး ကျွန်တော်နှင့်အတူ နေဦးပေါ့၊ ကျွန်တော်လဲ တစ်ကိုယ် ရေ တစ်ကာယပဲရှိနေပါသေးတယ်၊ ထမင်းချက် တပည့်တစ်ယောက်နဲ့ နေနေရတာပဲ၊ ခင်ဗျားရောက်လာ တော့ ဝမ်းသာတယ်ဗျာ၊ နောက်ပြီးတော့ အခု တန်ခူးလဆန်းဆိုတော့ သထုံမှာ ဒူးရင်းသီးပေါ်ပြီဗျ၊ မိုးရေ မဝင် ခင်မို့ စားရတာ လေးလေးပင်ပင် အရသာရှိတယ်၊ ခင်ဗျား ဒူးရင်းသီး ရစ်ပြီး သထုံကမပြန်နိုင်အောင် ကျွေး လိုက်ဦးမယ် "

ကိုသန်းနိုင်က အားရပါးရ ပြောလိုက်၏။

" ဒူးရင်းသီးပင်ကို တစ်ခါမှ ကျွန်တော် မမြင်ဖူးသေးဘူး ကိုသန်းနိုင်၊ သထုံရောက်တဲ့အခိုက် ဒူးရင်းပင်ကို မြင်ဖူးတယ် ရှိအောင် ကြည့်သွားဦးမယ် "

ကိုမျိုးခိုင် ၏ စကားကြောင့် ကိုသန်းနိုင်က အားရပါးရ ရယ်ပြီး …

" ဖြစ်ရလေ ကိုမျိုးခိုင်၊ ခင်ဗျားထိုင်နေတဲ့ ပြတင်းပေါက်နားကအပင်ဟာ ဒူးရင်းပင်ပေါ့ဗျ၊ စားပြီးသား အစေ့ ပစ်ထားလိုက် လို့ အလေ့ကျပေါက်နေတာ၊ အပင်နုသေးတော့ အသီးမသီးသေးဘူး "

ဟု ဒူးရင်းပင်ပို့ ကိုပြပြီး ပြောလိုက်သည်။

" ဪ ... ဒီအပင်လား "

ကိုမျိုးခိုင် က ပြောပြီး မမြင်ဖူးသည့်အလျောက် စူးစူးစိုက်စိုက် ကြည့်လိုက်၏။

" ဒီအပင်က ပေါက်ချင်သလို ပေါက်ပြီး ဖြစ်ချင်ရာပုံမျိုးဖြစ်နေလို့ မလှဘူးဗျ၊ မြသပိတ်တောင်ခြေမှာ ဒူးရင်း ခြံကြီး တစ်ခြံရှိတယ်၊ အသီးလဲ သိပ်ကောင်းတယ်ဗျ၊ နေဦးလေ၊ ခင်ဗျား အေးအေးဆေးဆေးနေမယ့်လူပဲ၊ ကျွန်တော် အားတဲ့တစ်နေ့ အဲဒီ ဒူးရင်းခြံရော မြသပိတ်တောင်ပေါ်ရော လိုက်ပို့ပါ့မယ် "

ကိုသန်းနိုင် က ပြောပြီး မီးဖိုချောင်ရှိရာဆီသို့ တစ်ချက်မျှ လှမ်းကြည့်လိုက်ကာ ....

" ကျွန်တော့် တပည့်က အချက်အပြုတ် မဆိုးဘူးဗျ၊ ကဲ ... ခင်ဗျား ရေမိုးချိုးဦး၊ ပြီးရင် ထမင်းစားရအောင်၊ လာ ... ရေချိုးခန်း လိုက်ပြမယ် "

ဟု ညှိ့ဝတ်ကျေပွန်စွာ ပြောသဖြင့် ကိုမျိုးခိုင်သည် ထိုင်ရာမှ ထလိုက်သည်။

------------------------

ကိုမျိုးခိုင်ရောက်ပြီး နောက်တစ်နေ့မှာ ရုံးဖွင့်ရက်ဖြစ်၍ ကိုသန်းနိုင် ရုံးတက်သွားသည်တွင် အချိန်မဖြုန်းလို သော ကိုမျိုးခိုင်သည် မျက်နှာမှာ အမာရွတ်ကြီးနှင့်လူကို တွေ့လိုတွေ့ငြား တစ်ယောက်တည်း မြို့ထဲသို့ ထွက်လာ ခဲ့ လေသည်။

လူစည်းကာရာ လမ်းဆုံလမ်းခွ၊ ဈေးအတွင်း နေရာဒေသတို့ကို ခြေကျင်လျှောက်ကာ တွေ့လိုသူကို ဂရုတ စိုက် ရှာဖွေကြည့်ရှုခဲ့၏။

အဂိုပ်အယောင်ကိုမျှ မတွေ့ရချေ။ ရှာမည့် အတူတူ တစ်နေကုန်ပင် ရှာပါတော့မည်ဟု စိတ်ကို ဆုံးဖြတ်ကာ နီးရာ ဆိုင် တွင် ဝယ်ခြင်း စားသောက်ပြီး လူစည်းကားရာနေရာ၌ မတွေ့လျှင် အစွန်အဖျားဘက်မှာ ရှိလို ရှိငြား မြသပိတ်တောင်ခြေဘက်သို့ လျှောက်လာခဲ့၏။

မြို့အစွန်ဖြစ်၍ ကိုယ့်ခြံမြေကလေးများ ကိုယ်စီဖြင့် ဥယျာဉ်တောင်ယာ စိုက်ပျိုးနေထိုင်သော တဲငယ် အိမ် ငယ်ကလေး များကို အလုမ်းကွာစွာ ပြတ်တောင်း ပြတ်တောင်း တွေ့ရသည်။

ကိုမျိုးခိုင် သည် ရှာဖွေသူကို တွေ့လိုတွေ့ငြား တဲအိမ်ငယ်များကို အကြောင်းမရှိ အကြောင်းရှာပြီး ဝင်ခဲ့၏။

တချို့ကအိမ်မှာ ရေတောင်းသောက်ရင်း ကြည့်သည်။ တချို့အိမ်မှာ လမ်းခရီးမေးရင်း ကြည့်သည်။

တွေ့လိုသူကို ကား မတွေ့ရချေ။

ကိုယ့်ဇောနှင့်ကိုယ်ဖြစ်၍ တဖြည်းဖြည်း အချိန်နှောင်းကာ ညနေစောင်းသွားသည်ကိုပင် မသိလိုက်တော့ချေ။

ရှေ့တူရူ မှ စိတ်းညို့မှိုင်းမှောင်သော မြသပိတ်တောင်ကြီးကို နီးကပ်စွာ တွေ့လိုက်ရမှ ပတ်ဝန်းကျင်ကို လှည့်ကြည့် လိုက်၏။

နေဝင် ဆည်းဆာ အချိန်ပင် ရောက်ကာ တောရိပ် တောင်ရိပ် များဖြင့် မှောင်စပျိုးနေပြီကို သိရ၏။

လူနေအိမ်ခြေကိုပင် အရိပ်အရောင်ပင် မတွေ့ရတော့ချေ။ ကိုမျိုးခိုင်သည် နောက်ကြောင်း ပြန်လှည့်ရန်ဟန် ပြင်လိုက်သည် နှင့် တစ်ပြိုင်နက်

သူ့နောက်နားရှိ ကြီးမားသော ချုံအကွယ်မှ လူသုံးယောက်သည် ကိုမျိုးခိုင်အား ကျားအုပ်သလို ခုန်အုပ်လိုက်သဖြင့် အမှတ်မဲ့ဖြစ်၍ ကိုမျိုးခိုင်မှာ မြေပြင်ပေါ်သို့ ပက်လက်လန် လဲကျ သွားလေသည်။

" မအော်နဲ့ "

လူဆိုးတစ်ယောက်က အသံအုပ်အုပ်ဖြင့် ကြိမ်းကာ ကိုမျိုးခိုင်ရင်ဘက်ပေါ်ခွထားပြီး လည်မျိုကိုဓားမြှောင်ဖြင့် ထောက်ထားသည်။

တစ်ယောက် က လက်နှစ်ဖက်ကို ချုပ်ကိုင်ထားပြီး တစ်ယောက်က ကိုမျိုးခိုင်၏ လက်ပတ်နာရီ၊ လက်စွပ်၊ ရုပ်ကြယ်သီး နှင့် အိတ်ထဲမှ ငွေများကို နှိုက်ချွတ်ယူနေ၏။

ကိုမျိုးခိုင် သည် အချုပ်အချယ်လွတ်သော ခြေနှစ်ဖက်ကို ရင်ဘတ်ပေါ်မှလူ လွှင့်စဉ်ကျလိုကျြား အားရှိ သလောက် လှုပ်ရှားကြောက်ကန်လိုက်ရာ စီးထားသော ညှပ်ဖိနပ် ကျွတ်သွားပြီး ခြေထောက်နားက သစ်ငုတ် တစ်ခု ကို ကန်မိလျက်သားဖြစ်သွားသည်တွင် အသည်းခိုက်အောင် နာကျင်လှသဖြင့် ခြေထောက်တစ်ဖက်မှာ မလှုပ် နိုင်အောင် ဖြစ်သွားလေသည်။ ရင်ဘတ်ပေါ်မှ ခွစီးထားသောလူက အသံ မထွက်ဘဲ ကျိတ် ရယ် လိုက်၏။

" လွတ်မယ်ထင်သလား ငါ့လူ၊ မင်းကို ဈေးထဲမှာ ပတ်ချာလှည့်နေတာ မြင်ကတည်းက ဒီမြို့သား မဟုတ် ဘူး ဆိုတာ အတတ် သိ လို့ နောက်ယောင်ခံလိုက်လာတာကွ "

ဟုလည်း ခံခက်ဖွယ် ပြောလိုက်သေး၏။ ကိုမျိုးခိုင်သည် သုံးယောက်နှင့် တစ်ယောက် ဖြစ်နေ၍ တစ်ကြောင်း၊ လူဆိုး များက လက်ဦးနေသည့်ပြင်

ခြေထောက်ကလည်း လှုပ်မရအောင် နာကျင်လှသဖြင့် အားမတန်မာန်လျှော့ကာ အံကြိတ်ပြီး ငြိမ်နေလိုက်ရသည်။

" ရှိသမျှ အကုန်ယူပြီးပြီလား ဆရာ၊ ဒီလူကို ဒီအတိုင်းထားခဲ့မှာလား "

ခွစီးထားသောလူက မေးလိုက်ရာ ပစ္စည်းသိမ်းယူနေသော လူက ...

" သူ့ ခြေထောက် တော်တော်နာသွားဟန် တူတယ်၊ ထနိုင်မယ်မထင်ပါဘူး "

ဟု ပြောလိုက်၏။

" မဟုတ်ဘူး ဆရာ၊ သူ ကျွန်တော်တို့ မျက်နှာတွေကို မှတ်မိနေလောက်ပြီ၊ နောက် မီးသေမှာ မဟုတ်ဘူး ထင်တယ် "

ခွစီးထားသော လူက အကြောင်းပြလိုက်၏။

" ဟုတ်ပါတယ်၊ ကိစ္စတုံးခဲ့တာ ကောင်းပါတယ် "

လက်နှစ်ဖက်ကို ချုပ်ထားသောသူက ပြောလိုက်လျှင် ကိုမျိုးခိုင်သည် မထူးတော့ဟု သဘောထားကာ အော် ဟစ်ရန် ဟန်ပြင်လိုက်သည်အခိုက် အတော်ကြီးမားသော ကျောက်ခဲလုံးသည် ပြင်းထန်သော အရှိန် ဖြင့် လေထဲမှ ဝီးခနဲ ဖြတ်လာကာ ကိုမျိုးခိုင်၏ ရင်ဘတ်ကိုခွင်းပြီး လည်မျိုကို ဓားနှင့်ထောက်သူ၏ ဦးခေါင်း ကို တည့်တည့် လာမှန် လိုက်သည်။

ထိုလူသည် ကိုမျိုးခိုင်၏ ရင်ဘတ်ပေါ်မှ တွန်းချလိုက်သလို ဘေးသို့ ရုတ်ခနဲ လဲကျသွားလေသည်။

ကျွန်နှစ်ယောက်မှာ အံ့အားသင့်နေစဉ် ချုံကွယ်တစ်ခုမှ လူတစ်ယောက်သည် လျင်မြန်စွာ အဟုန်ဖြင့် ပြေး ထွက်လာကာ လက်ထဲမှာ ကိုင်လာသော ဝါးရင်းတုတ်ဖြင့် လူဆိုး နှစ်ယောက်အား သိုင်းကွက်ကျကျ ရိုက် လိုက် လေတော့သည်။

ကိုမျိုးခိုင်သည် ကိုးရို့ကားရားလဲနေသော ခဲမှန်သည့် လူဆိုးကို တွန်းဖယ်ထလိုက်၏။

သို့သော် ခြေထောက်တစ်ဖက်မှာ လုံးဝ ထောက်၍ လူဆိုးကို တွန်းဖယ်ထလိုက်၏။

သို့သော် ခြေထောက်တစ်ဖက်မှာ လုံးဝ ထောက်၍ မရတော့။

ခြေပွတ်တိုင် လည်သွားပြီဖြစ်၍ ပုံလျက် ပြန်လဲသွားလေသည်။

သိုင်းကွက်ကျကျ ရိုက်နေသော ထိုလူကို ခုခံရန် မတတ်နိုင်တော့သည်တွင် လူဆိုးနှစ်ယောက်သည် ခဲမှန် ထားသော သူတို့လူကို တွဲကာ သုတ်ခြေတင် ပြေးကြလေတော့၏

" အစ်ကို ဘာဖြစ်သွားသေးလဲ "

အေးမြတည်ငြိမ်သော အသံဖြင့် မေးလိုက်သော ကျေးရူးရှင်အား ကိုမျိုးခိုင်က မော့ကြည့်လိုက်သည်။

ချည်လုံချည်တစ်ပတ်နွမ်း၊ ရှပ်လက်တို တစ်ပတ်နွမ်းကို ဝတ်ထားသော ကျေးဇူးရှင်ကား အချိုးအဆက်ကျကျ ထွားကျိုင်း သန်မာသော ကိုယ်ကာယ၊ ပြည့်ဖြိုးကြည်လင်သော မျက်နှာဖြင့် ကျက်သရေ ရှိလှသော လုလင်ပျို တစ်ယောက် ဖြစ်သည်ကို ကိုမျိုးခိုင်တွေ့ရသည်။

မျက်နှာမှာ နုပျိုလှသဖြင့် အသက်အရွယ်မှာ ကိုမျိုးခိုင်ထက် အနည်းဆုံး လေးငါးနှစ်မျှ ငယ်မည်ဟု ကိုမျိုးခိုင်က ကောင်းစွာ မှန်းဆမိ၏။

" ကျေးဇူးတင်လိုက်တာ ညီလေးရယ်၊ အစ်ကို့မှာ မိဘမွေးတဲ့အသက် မရှိတော့ပါဘူး၊ ညီလေးပေးတဲ့သက်ပဲ ရှိပါတော့တယ် "

ကိုမျိုးခိုင် က လှိုက်လှိုက်လှဲလှဲပြောလိုက်၏။

" ကျေးဇူးမလိုပါဘူး အစ်ကို၊ လူဖြစ်စေ ... ဘယ်လိုသက်ရှိသတ္တဝါပဲဖြစ်ဖြစ် ဒုက္ခရောက်နေတာတွေ့ရင် ကူညီရမှာ လူတိုင်းရဲ့ ဝတ္တရားရှိပါတယ်၊ ဒါထက် အစ်ကို ဒဏ်ရာရသွားသေးလား "

လူရွယ်၏ အသံမှာ ကြည်ညို့ လေးစားဖွယ် ကောင်းလှသည်။

ကိုမျိုးခိုင်သည် သူ့ကျေးဇူးရှင်ကို ညီရင်းတစ်ယောက်လို စိတ်ထဲမှာ ခင်မင်သွားမိသည်။

" လူဆိုးတွေကြောင့် ရတဲ့ဒဏ်ရာတော့ မရှိပါဘူး ညီလေး အစ်ကို ရုန်းရင်းကန်ရင်းနဲ့ ဟိုသစ်ငုတ်ကန်မိလို့ ခြေထောက် နာ သွားတယ်၊ ထောက်လို့ကို မရတော့ဘူးကွယ် "

ကိုမျိုးခိုင် က နာသောခြေကို လက်နှင့်ဆုပ်ထားကာ ပြောလိုက်သည်။

" ပြပါဦး အစ်ကို၊ ကျွန်တော် ကြည့်မယ် "

လူရွယ်က ပြောကာ ကိုမျိုးခိုင်၏ခြေကို ယုယညင်သာစွာစမ်းသပ် ကြည့်လိုက်၏။

" အစ်ကို့ခြေထောက် ပွတ်တိုင် လည်သွားပြီပဲ၊ ဘယ်မှာ ထောက်လို့ရတော့မလဲ၊ အစ်ကို့အိမ် ဘယ်နားမှာလဲ၊ ကျွန်တော် လိုက်ပို့ပေးမယ်လေ "

" အဝေးကြီး ညီလေးရဲ့၊ ရွှေစာရံဘုရားဟိုဘက်မျာ အစ်ကိုကလဲ ခြေရှည်ပြီး ခရီးလွန်လာတာကိုးကွယ်၊ အမယ်လေး ကျွတ် ... ကျွတ် "

ကိုမျိုးခိုင်က ဖြေရင်း ခြေထောက်က မခံနိုင်အောင် နာလာသဖြင့် လက်နှင့်ဆုပ်ကာ စုပ်သပ်လိုက်၏။

လူရွယ်က ပုဆိုးကို ခပ်တိုတိုပြင်ဝတ်ကာ တစ်ဖက်စီ လွင့်စဉ်နေသော ကိုမျိုးခိုင်၏ ဖိနပ်ကိုကောက်ပြီး ခါး ကြားထဲထိုးလိုက်၏။

" အချိန်မရှိတော့ဘူး အစ်ကို၊ တော်တော်ကို မှောင်လာပြီ။ ကျွန်တော်တို့အိမ်ပဲ လိုက်ခဲ့တော့၊ ဟောဟို လှမ်း မြင်နေရ တဲ့ ဒူးရင်းခြံပဲ၊ မနက်မ ဆိုက်ကားတစ်စင်း သွားခေါ်လာပြီး အစ်ကို့အိမ် လိုက်ပို့ပေးမယ် "

လုလင်ပျိုသည် စကားပြော၍ ဆုံးသည်နှင့် တစ်ပြိုင်နက် ကိုမျိုးခိုင်အား ကလေးငယ် တစ်ယောက်ကို ကောက်ချီလိုက်သလို လွယ်ကူစွာ ကောက်ယူကာ ပခုံးပေါ်တွင်ပိုးပြီး သွက်လက် လျင်မြန်စွာ ဒူးရင်းခြံကြီး ရှိရာသို့ ရှေ့ရှုသွားလိုက်သည်။

ကိုမျိုးခိုင်အဖို့ လုလင်ပျို စီမံသမျှ လိုက်နာရုံသာ ရှိတော့သည်။

လုလင်ပျို၏ ပခုံးပေါ်မှ သက်သက်သာသာ လိုက်ပါလာပြီး ဉတစ်လုံး တစ်ကောင်ကြွက် ဖြစ်နေသော မိမိဘဝ ကို ပြန်လည်စဉ်းစားကာ ကျေးဇူးရှင် လုလင်ပျိုအား ညီရင်း တစ်ယောက်အဖြစ် စိတ်သွင်းကာ သတ်မှတ် လိုက်သည်။

သူ့မှာ အရေးအကြောင်းကြုံလာလို့ ငါကူညီနိုင်တဲ့ကိစ္စဖြစ် ငါ့အသက် စည်းစိမ်ကို စွန့်လွှတ်ပြီး ကျေးဇူးဆပ် တော့မည် ဟု စိတ်တွင်းမှာ ခိုင်မာသော သစ္စာကို ပြုလိုက်လေသည်။

" ရောက်ပြီ အစ်ကို "

ခြံတံခါးကို လုလင်ပျိုက လက်တစ်ဖက်ဖြင့် ကျင်လည်စွာ ဖွင့်ရင်း ပြောလိုက်၏။

ကိုမျိုးခိုင်ကမူ စကားတစ်ခွန်းမှ ပြန်လည်မပြောမိဘဲ ခြံကြီးသာ ကြည့်လိုက်၏။

အမှောင်ထဲတွင် မသဲမကွဲ အပင်ကြီးများ အုံ့ဆိုင်း မှိုင်းနေကာ ခြံအလယ်တစ်နေရာတွင် မှေးမှိတ်သော မီး ရောင်လက် နေသည့် အိမ်တစ်လုံးကို တွေ့ရသည်။

လုလင်ပျိုက ခြံတံခါးကို ပြန်ပိတ်ပြီး ...

မိုးချုပ်နေလို့ အဖေ မျှော်လှရောမယ် "

ဟု ပြောကာ အိမ်ငယ်ရှိရာ သွက်သွက်လှမ်းနေသည်။ အိမ်ငယ်နှင့် ခပ်လှမ်းလှမ်း ရောက်သောအခါ တောင်ဝှေး တစ်ချောင်းကို ထောက်ကာ ခပ်ဖြည်းဖြည်း လာနေသော လူတစ်ယောက်သဏ္ဌာန်ကို တွေ့ရ၏။ " အဖေ " လုလင်ပျို က အသံပြုလိုက်သည်။

" လူကလေး မောင်စောအောင် "

ထိုသဏ္ဌာန်က တုန်ပပြန်လိုက်သည်။

" ဟုတ်ကဲ့ ဖေဖေ။ သားပါ "

ကိုစောအောင်ကပြန်ဖြေလိုက်သည်။

" မိုးချုပ်လှချည့်လား သားရယ်၊ အလို ဘာလဲကွယ့် သားရဲ့ "

ကိုစောင်အောင် ၏ ဖခင်က သားပခုံးပေါ်က သဏ္ဍာန်ကို ထိတ်လန့်အံ့သြစွာ မေးလိုက်သည်။

" လူတစ်ယောက် ဒုက္ခရောက်နေလို့ ကယ်ဆယ်ကူညီခဲ့တာတာပါ အဖေ၊ သူ့ခြေထောက် မထောက်နိုင်လို့ ထမ်း လာ ခဲ့ရတယ် အဖေရဲ့ "

ကိုစောအောင်က ဖခင်အား ဖြေရှင်းပြလိုက်၏။

" အေး ... အေး ... ကောင်းတယ် သား၊ ဒုက္ခရောက်သူကို ကယ်ကောင်းပါတယ်ကွယ်၊ ကဲ ... သွား သွား၊ သားရှေ့ကသွား "

အဘိုးကြီး က ကြည်ဖြူ လိုက်လျောစွာပြောပြီး လမ်းဖယ်သောသဘောဖြင့် ဘေးသို့ တိမ်းဖယ်ပေးလိုက်သည်။

ကိုမျိုးခိုင် သည် သူတော်ကောင်း သားအဖအား ဆတက်ထမ်းပိုး တိုးပြီး ကြည်ညို ခင်မင်စိတ် ပေါ်လာသည်။

ကိုစောအောင်သည် အိမ်ငယ်ရှိရာသို့ စိုက်စိုက်သွားကာ မြေပြင်မှ လေးပေမျှမြင့်သော တစ်ထပ်အိမ်ကလေး ၏ အဆင့် အနား မှာ ကပ်ပြီး ရပ်လိုက်သည်။

" ကဲ ... အစ်ကို ကျွန်တော့် ပခုံးပေါ်က အသားလျှောပြီး အိမ်ဆင့်ပေါ် ထိုင်ချလိုက် အစ်ကိုရေ၊ လှေကား ကတော့ ဟိုဘက်မှာ၊ ကျွန်တော် လှေကားက တက်လာပြီးမှ အစ်ကို့ကို နေရာရွှေ့ပေးပါ့မယ် "

ကိုစောအောင် က ပြောလိုက်သဖြင့် ...

" အေး ... အေး ... ဆင်းလိုက်မယ် ညီလေး "

ဟု ကိုမျိုးခိုင် က ညီအစ်ကိုရင်း လေသံဖြင့် ပြောကာ ပင်ပင်ပန်းပန်း မကြိုးစားရဘဲ ပခုံးပေါ်မှ လျှောဆင်းကာ အိမ်ပေါ် သို့ ထိုင်ချလိုက်၏။

" ကျွန်တော့် အဖေ သွားကြိုလိုက်ဦးမယ် "

ကိုစောအောင်က ပြောပြီး မှောင်ထဲသို့ ပြန်ထွက်သွားသည်။

ကိုမျိုးခိုင်သည် အိမ်ငယ်ကလေး အလယ်ဗဟိုလောက် ကြိုးနှင့်ဆွဲပြီး ထွန်းထားသော မှေးမှိန်သည့် မှန်အိမ် ငယ် အောက် ရောက်အောင် ဖင်ရွှေ့ဖင်ရွှေ့သွားကာ ခြေထောက်ကို သေချာစွာ ကြည့်လိုက်၏။

ခြေမျက်စိနှစ်ဖက်စလုံးမှာ ညိုပြီး ရောင်နေသည်ကို တွေ့ရသည်။

နာသောနေရာကို လက်နှစ်ဖက်ဖြင့် ဆုပ်ကာ အိမ်ကလေးကို မျက်လုံးလှည့်ကြည့်လိုက်၏။

အိမ်မှာ သေးငယ်သော်လည်း ပျဉ်းကတိုးသားဖြင့် အခိုင်အခံ့ဆောက်ကာ သွပ်မိုးထားသည်ကို တွေ့ရသည်။ အိပ်ခန်း ဟု ယူဆရသော အိပ်ခန်းတစ်ခုမှလွဲ၍ အခန်းမရှိပေ။

ဟာလာဟင်းလင်း ပြင်ကျယ်ဖြစ်၍ ထမင်းဟင်း ချက်သည့်နေရာ၊ အိုးခွက်ပန်းကန်များကို မှေးမှိန်သော မီး ရောင်အောက် မှာ မထင်မရှား မြင်နေရသည်။

မိန်းမသား ရှိသည့် အရိပ်အရောင် မတွေ့ရ။ သားအဖ နှစ်ယောက်တည်းနေတာ ထင်ပါရဲ့ဟု ကိုမျိုးခိုင်က တွေး လိုက်သည်။

အိမ်ဦးခန်းရှိ ဘုရားဆောင်းကလေးမှာ ဖယောင်းတိုင် သုံးတိုင် ထွန်းထားပြီး ကြွေညောင်ရေအိုး သုံးလုံးမှာ နှင်းဆီပန်း များ လန်းဆတ်ဝေဆာနေသည်။

ဒက္ခိဏာသာခါ ရုပ်ပွားတော်မှာ ဖယောင်းတိုင်မီး အလင်းရောင်တွင် ရွှေရောင်ဝင်းနေသည်။

ကိုမျိုးခိုင်သည် ကြည်နူးသောစိတ်ဖြင့် ဘုရားဆောင်ဘက်လှည့်ကာ ဦးချကန်တော့လိုက်၏။

ထိုအခိုက် ကိုစောအောင်တို့သားအဖ အိမ်ပေါ် ရောက်လာသည်။ ကိုမျိုးခိုင်သည် အဘိုးကြီးအား ကြည့် လိုက်၏။ သို့သော်လည်း ဖခင်အား တွဲခေါ်လာသော ကိုစောအောင်၏ ထွားကျိုင်းသော ကိုယ်ခန္ဓာက ကွယ်နေသည့်ပြင် မီးရောင်ကလည်း မှေးမှိတ်လှသဖြင့် အဘိုးကြီး၏ ပုံသဏ္ဍာန်ကို သဲကွဲစွာ မမြင်လိုက်ရချေ။

" သားရယ်၊ ဟိုသူငယ်ကို ထမင်းကျွေးလိုက်ပါဦး၊ ရှိထ မင်းရှိဟင်းပေါ့၊ နောက်ပြီး ဒူးရင်းသီး ပင်မှည့်သုံးလုံး ညနေက သားသွားပြီးမှ ကြွေလို့ အဖေကောက်ထားတာရှိတယ် ခွဲကျွေးလိုက်ပါကွယ် -

စေတနာဖြူစင်လှစွာဖြင့် ပြောနေသော အဘိုးကြီးအား ကိုမျိုးခိုင်က မျက်နှာကို သေချာစွာ ကြည့်လိုသဖြင့် ကွယ် နေသော ကိုစောအောင်၏ ကိုယ်နှင့်လွတ်အောင် ကုန်းပြီး ကြည့်လိုက်၏။

မှေးမှိန် သော မီးရောင်တွင် မြင်ရသော အဘိုးကြီး၏ မျက်နှာတစ်ခြမ်းကား သန့်ပြန့် ဖြူစင်သော ရုပ်ရည် ရှိ သည်ကို တွေ့ရသည်။

" ဟုတ်ကဲ့ အဖေ၊ ကျွန်တော် ထမင်း သွားထည့်လိုက်ပါမယ်၊ အဖေ ဒီမှာပဲ ထိုင်မယ် မဟုတ်လား "

ကိုစောအောင် က ဖခင်အား ပြောလိုက်၏။

"မထိုင်တော့ပါဘူး သားရယ်၊ အိပ်ခန်းထဲပဲသွားတော့မယ်၊ စောစောက အဖေ ဆန်ပြုတ် ပြုတ်သောက် ထား လို့ ထမင်းမစားတော့ဘူး "

အဘိုးကြီးက ပြောသဖြင့် ကိုစောအောင်သည် ဘာမျှမပြောတော့ဘဲ ဖခင်အား အိပ်ခန်းအတွင်းသို့ လိုက်ပို့ လိုက်သည်။

ကိုမျိုးခိုင် သည် ဆိတ်ငြိမ်စွာဖြင့် သားအဖ နှစ်ယောက်အား ကြည့်နေသည်။ ကိုစောအောင်သည် ဖခင်အား အိပ်ရာပေါ် သို့ ငြင်သာစွာ တင်ပေးလိုက်သည်။

အခန်းထဲတွင်ကား စားပွဲတင် မှန်အိမ်တစ်လုံး၏ အလင်းရောင်ကြောင့် ကိုမျိုးခိုင်က မှုန်မှေးမှေး လှမ်းမြင် နေရသည်။ အိပ်ရာပေါ်တွင် လဲလျောင်းလိုက်သော အဘိုးကြီးအား ကိုစောအောင်က စောင်ခြုံပေးလိုက်သည်။ ခေါင်းရင်းဘက်နံရံမှာ ချိတ်ထားသော စိပ်ပုတီးကိုယူကာ ဖခင်အား ရိုသေစွာ လှမ်းပေးလိုက်သည်။

" ကျွန်တော် မီးမွှေးပြီး နွားနို့ အိုးကလေး နွေးထားလိုက်မယ် အဖေ၊ အဖေ ပုတီးစိပ်ပြီးရင် ကျွန်တော် လာ ပေး ပါမယ် "

ကိုစောအောင်က ပြောလိုက်သည်။

" အေး ... အေး "

အဘိုးကြီးက ထိုမျှသာပြောပြီး ပုတီးစိပ်ရန် ဟန်ပြင်လိုက်၏။ ကိုစောအောင်သည် အခန်းထဲမှ ထွက်လာပြီး ...

" အစ်ကို၊ ခဏလေး နေဦးနော် "

ဟု ကိုမျိုးခိုင် အား ပြောကာ မီးဖိုထဲဝင်သွားသည်။ ထိုင်ရာက မထနိုင်ဖြစ်နေသော ကိုမျိုးခိုင်သည် အားနာ သောစိတ်ဖြင့် ငြိမ်သက်စွာ ကြည့်နေရတော့သည်။

ကိုစောအောင်သည် မီးမွှေးကာ နွားနို့အိုးကလေးကို တည်ထားလိုက်ပြီး ထမင်းပွဲပြင်နေသည်။

မကြာမီ ထမင်းပန်းကန်ပြားများ တင်ထားသော ခုံဝိုင်းကလေးကို လက်နှစ်ဖက်ဖြင့် မ ယူလာပြီး ကိုမျိုးခိုင် ရှေ့မှာ ချလိုက်၏။

" စား အစ်ကို၊ ဟင်းကတော့ မကောင်းဘူး၊ ဆိတ်သားခြောက်နဲ့ ဘူးသီးချက်ထားတာ တစ်ခွက်နဲ့ ငါးပိ တို့ စရာပေါ့၊

သားအဖနှစ်ယောက်ထဲဆိုတော့ ဖြစ်သလို ချက်စားနေတာမို့ အစ်ကို့ကို ကျွေးရတာ ဟင်းမကောင်းတော့ အားနာတယ်"

ကိုစောအောင်၏ လေသံမှာ ဟန်ဆောင်မှုမရှိဘဲ ပကတိ ရိုးသား ဖြူစင်လှသည်ကိုသိသော ကိုမျိုးခိုင်က ကြင်နာခြင်း၊ အားနာခြင်း၊ ချစ်ခင်ခြင်း၊ ကျေးဇူးတင်ခြင်း ရောပြွမ်းသော မျက်နှာဖြင့် ကိုစောအောင်အား ကြည့်ကာ ...

" ကိစ္စမရှိပါဘူး ညီလေးရယ်၊ အစ်ကိုက ဒုက္ခလာပေးသလို ဖြစ်နေလို့ ညီလေးတို့ကို ပြန်ပြီး အားနာနေပါတယ် "

ဟု အမှန်အတိုင်းပြောလိုက်၏။ ကိုစောအောင်က အေးမြသောအပြုံးဖြင့် ...

" စား အစ်ကို အားမနာနဲ့ "

ဟု ပြောကာ လက်ဆေးခွက်ကို ပေးလိုက်ပြီး မီးဖိုထဲပြန်ဝင်သွားသည်။

" ညီလေးရော မစားသေးဘူးလား "

ကိုမျိုးခိုင်က လှမ်းမေးလိုက်၏။

" စားမယ် အစ်ကို၊ ကျွန်တော်လာခဲ့မယ်၊ ဒီမှာ နွားနို့အိုးပူနေပြီ၊ နို့အိုးချထားပြီး ရေနွေးအိုးတည်လိုက်ဦးမယ်၊ အစ်ကို ခြေနာ သက်သာအောင် ရေနွေးအုပ်ပေးပြီး ဆေးလိမ်းပေးမယ်လေ "

ကိုစောအောင် က မီးဖိုထဲမှ ပြန်လည်ပြောကြားရင်း လုပ်စရာရှိတာကို သွက်လက်စွာ လုပ်နေသည်။

ကိုမျိုးခိုင် သည် ရိုးသားဖြူစင်လှသော ကိုစောအောင်၏ စေတနာကြောင့် မျက်ရည်များပင်လည်လာသည်။ ထမင်းမစား သေးဘဲ စောင့်နေမိ၏။ ကိုစောအောင် ထွက်လာသောအခါမှ နှစ်ယောက်အတူ ထမင်းစားကြလေသည်။

" ညနေက ညီလေးနဲ့တွေ့ပေလို့နော်၊ မဟုတ်ရင် အစ်ကို သေမှာပဲ "

ထမင်းစားရင်း ကိုမျိုးခိုင်က ပြောလိုက်သည်။

" ကံအပ်စပ်လို့ ဆိုပါတော့ အစ်ကို၊ ကျွန်တော်ကလဲ ဒူးရင်းသီးယူမယ့် ဖောက်သည်ဆီကအပြန် ဆိုက်ဆိုက် မြိုက်မြိုက် တွေ့လိုက်ရတာပေါ့ "

" ညီလေးမှာ အမေ မရှိဘူးလား "

" မရှိဘူးအစ်ကို၊ ကျွန်တော် လေးနှစ်သားလောက်ကပဲ ဆုံးသွားတယ်လို့ အဖေပြောတယ် "

ကိုစောအောင်က ညှိုးသောမျက်နှာဖြင့် ဖြေလိုက်ပြီး ထမင်းကိုသာ စားနေသည်။ စိတ်မကောင်းဟန်တူသော ကိုစောအောင်အား

ကိုမျိုးခိုင်ကလည်း အလိုက်သိစွာ မေမေးတော့ဘဲ ထမင်းကို လက်စသပ်စားလိုက်၏။

" မြိန်ရဲ့လား အစ်ကို "

ကိုစောအောင်က လက်ဆေးခွက် လက်သုတ်ပဝါများကို အဆင်သင့်ပေးပြီး ထမင်းပွဲသိမ်းရင်း မေးလိုက် သည်။

" မြိန်ပါတယ် ညီလေးရယ် "

ညီအစ်ကိုရင်းပမာ ပြောဆိုနေရသော ကိုမျိုးခိုင်၏စိတ်ထဲတွင် များစွာနှစ်သိမ့်ကြည်နူးနေလေသည်။

ကိုစောအောင်သည် ထမင်းစားပွဲသိမ်းပြီး၍ နွားနို့ပူပူကလေးကို ပန်းကန်တစ်လုံးနှင့်ထည့်ကာ ဖခင်အား သွားပေးခြင်း ဒူရင်းသီးကိုခွဲကာ ကိုမျိုးခိုင်အား ပေးခြင်းတို့ကို အိမ်ထောင် ထိန်းသိမ်းမှု ကျွမ်းကျင်သော မိန်းကလေးတစ်ယောက်ပမာ ဖျတ်လတ်သွက်လက်စွာ လုပ်ကိုင်ပြီးစီးလျှင် သံဇလုံပောင်းတစ်ခုတွင် ရေ နွေးထည့်ပြီး မျက်နှာသုတ်ပဝါ အစုတ်တစ်ပိုင်းကိုယူပြီး ကိုမျိုးခိုင်အနား ရောက်လာသည်။

" ကဲ ... အစ်ကို ခြေထောက်ဆန့် "

ကိုစောအောင်က ရေနွေးထဲမှာ မျက်နှာသုတ်ပဝါစုတ်ကို ထည့်နှစ်ရင်း ပြောလိုက်၏။

" နေပါစေ ညီလေး၊ အစ်ကို့ဘာသာ လုပ်ပါ့မယ် "

ကိုမျိုးခိုင်က အားနာလှသဖြင့် ခြေကို ဆန့်မပေးဘဲ ကိုစောအောင်လက်မှ မျက်နှာသုတ်ပဝါကို ဆွဲယူလိုက်၏။ ထိုအခိုက် ပုတီးစိပ်ပြီး ပြီဖြစ်သော ကိုစောအောင်၏ ဖခင်က အိပ်ခန်းအတွင်းမှ လှမ်းပြော လိုက်သည်။

" လူကလေးရယ် ညှော့သည် မောင်ရင်ရဲ့အနာကို ကိုယ်တိုင် ပြုစုပေးလိုက်ပါကွယ်၊ သူ့ခမျာ နာကျင်လာတာ အနားမူပါစေ၊ ရေနွေးဖတ်အုပ်ပြီးရင် အဖေ့သေတ္တာထဲမှာ တောပိတ်လျှာ အခြောက်ရှိတယ်၊ သွေးလိမ်းပေးလိုက်ပါ၊ အဆစ်လွဲတာတို့ အကြောတင်တာတို့ အင်မတန် ကောင်းတယ်၊ အားမနာနဲ့ မောင်ရင်၊ အနာတရဖြစ်လို့ ပြုစုရတာပဲကွယ့် "

ကိုမျိုးခိုင်က အားနာသောစိတ်နှင့်ပင် ခြေကိုဆန့်ပေးလိုက်သည်။

" အဖေက ဒီလိုပဲ အစ်ကို၊ ဒုက္ခရောက်လာတဲ့လူဆိုရင် သိပ်ကြင်နာတတ်တယ် "

ကိုစောအောင်က ရေနွေးဖတ်အုပ်ပေးရင်း ပြောလိုက်၏။

" ညီလေးအဖေက အသက် ဘယ်လောက်ရှိပြီလဲ "

ကိုမျိုးခိုင်က အခန်းတွင်းဝယ် မှုန်မှိုင်းမှိုင်း အလင်းရောင်အောက်မှ လဲလျောင်းနေသော ကိုစောအောင် အဖေကို ခေါင်းငဲ့ကြည့်ပြီး မေးလိုက်သည်။

" လေးဆယ်ကျော်ကျော်ပဲ ရှိသေးတယ် အစ်ကို၊ အဖေက သိပ်ကျန်းမာသန်စွမ်းတာ၊ ဟိုတလောက တော်တော်ပဲ ဖျားလိုက်လို့ အခုမှ နာလန်ထပဲရှိသေးတာ၊ မဟုတ်ရင် အဖေက ကိုယ်တိုင် ပြုစုပေးမှာ "

" ညီလေးအသက်ကရော "

" ကျွန်တော့် အသက် နှစ်ဆယ်ပြည့်ပြီးလို့ တစ်လပဲစွန်းသေးတယ် အစ်ကို "

ကိုစောအောင်က ဖြေလိုက်သည်။ ကိုမျိုးခိုင်သည် သူမှန်းဆမိသည့်အတိုင်း ကိုစောအောင်က လေးနှစ်မျှ ငယ်နေသည်ကို သိရ၏။

ပြည့်ဖြိုးဖြူစင် ကြည်လင်၍ ကျက်သရေရှိလှသော ကိုစောအောင်အား စိုက်ကြည့်ရင်း ငါ့ညီလေးအရင်းပဲ ဖြစ်လိုက်ပါစေတော့ဟု စိတ်ထဲမှ လှိုက်လှဲစွာ တွေးလိုက်မိ၏။

-----------------------

ဒဏ်ရာက နာလှသဖြင့် ကိုမျိုးခိုင်သည် တစ်ညလုံး အိပ်မပျော်ချေ။ နံနက်စောစောကပင် နိုးနေသည်။

သူ့အတွက်နဲ့ ကိုစောအောင်တို့ သားအဖေ တာဝန်မများစေချင်သောကြောင့် တစ်ကြောင်း၊ ဆရာဝန်ထံ ဆောလျင်စွာ ပြ၍ ကုသလိုသည်တစ်ကြောင်းကြောင့် စောစောပင် ပြန်မည်ဟု စိတ်ကို ဆုံးဖြတ်ကာ အိပ်ရာ ကထပြီး ရေချိုးအိုးတည်နေပြီဖြစ်သော ကိုစောအောင်ထံ ခွင့်ပန်ပြီး တောင်ဝှေး တစ်ချောင်းပေးရန် တောင်းခံလိုက်၏။ ခြေထောက်မှာ သွေးအေးသည့်အချိန်မို့ ပိုပြီး နာနေသည်။

" ဟာ ... အစ်ကိုကလဲ တုတ်ကြီး ထောက်သွားနေလို့ ဘယ်ဖြစ်မလဲ၊ ဆိုက်ကားရဖို့အတွက် လမ်းမကြီး ပေါ်ရောက်အောင် သွားရမှာ၊ ခရီးက နီးတာမဟုတ်ဘူး၊ ကျွန်တော် လိုက်ပို့ပါ့မယ် "

ကိုစောအောင်က ပြောလိုက်သည်။

" နေပါစေ ညီလေးရာ၊ အစ်ကို့ကို လိုက်ပို့နေရင် တော်တော်ကြာ အဘနိုးလာလို့ ပြုစုလုပ်ကိုင်ပေးမယ့်လူ မရှိဘဲ ဖြစ်နေပါ့မယ်၊ အစ်ကို့ဘာသာ ကြိုးစားသွားပါ့မယ် "

" အဖေ ဒီအချိန် မနိုးတတ်သေးပါဘူး၊ အစ်ကို့ကို တာဝန်မယူချင်လို့ မြန်မြန်တွန်းပို့တယ်တော့ မထင်နဲ့နော်၊ အနာက ဆရာဝန် မြန်မြန်တွေ့မှဖြစ်မှာမို့ ကျွန်တော် လိုက်ပို့မယ် "

" အေးပါ ညီလေးရာ၊ အစ်ကို ဒီလို မအောက်မေ့ပါဘူး၊ ညီလေးတို့သားအဖေ ကျေးဇူးကို အစ်ကို ဘယ်တော့မှ မမေ့ပါဘူး ညီလေးရယ် "

ကိုမျိုးခိုင် စကားဆုံးလျှင် ကိုစောအောင်သည် တစ်စုံတစ်ရာမှ မပြောတော့ဘဲ ကိုမျိုးခိုင်အား ပခုံးပေါ်သို့ အလွယ်တကူ ချီယူမတင်ညပြီး ထမ်းလာခဲ့သည်။

မြို့ကထဲသို့သွားသော လမ်းမကြီးသို့ ရောက်လျှင် အဆင်သင့်ပင် ဆိုက်ကားတစ်စီးကို တွေ့ရသဖြင့် ကိုစော အောင်က ခေါ်ယူကာ ကိုမျိုးခိုင်အား ဆိုက်ကားပေါ်သို့ သက်သက်သာသာ တင်ပေးလိုက်သည်။

ကိုမျိုးခိုင်က နှုတ်ဆက်လိုက်သည်။

" ညီလေး ... အစ်ကိုနေတဲ့အိမ်ကို ဆက်ဆက်လာပါဦး၊ အစ်ကိုကျေးဇူးဆပ်ပါရစေ ညီလေးရယ်၊ အစ်ကို နေတာက ... " စကားမဆုံးမီ ကိုစောအောင်က ...

" ကျေးဇူးစကား မပြောပါနဲ့ အစ်ကို၊ ကျွန်တော်တို့ သားအဖေက ဘာမှမမျှော်ကိုးပါဘူး၊ ဘုရားကြိုက်တဲ့ အလုပ်မျိုးကို လုပ်လိုတဲ့ စေတနာသက်သက်ပါ "

" သွားမယ် ... အစ်ကို "

ဟု နှုတ်ဆက်ကာ လျင်မြန်စွာ ထွက်ခွာသွားသည်ကို ကိုမျိုးခိုင်သည် အငေးသား ကြည့်နေမိသည်။

---------------------------

ဖြစ်မှဖြစ်ရလေ ကိုမျိုးခိုင်ရယ် ...၊ မသေကောင်း မပျောက်ကောင်း၊ ဒီမနက်မှ ပြန်မလာရင် ကျွန်တော် ဂါတ်တိုင်တော့မလို့ဗျ၊ ညက တစ်ညလုံး စိတ်ပူလိုက်ရတာ "

ကိုသန်းနိုင်က ကိုမျိုးခိုင်အား ဆိုက်ကားပေါ်မှ တွဲယူလာကာ အိမ်ပေါ်ရှိ ပက်လက်ကုလားထိုင် တစ်လုံးပေါ် မှာ တင်ပေးပြီး ကိုမျိုးခိုင်၏ ဖြစ်ကြောင်းကုန်စင်ကို ကြားရသောအခါ ရင်ဘတ်စည်တီး ပြောလိုက်သည်။

" ကဲ ... ဖြစ်ပြီးတာတွေ ထားလိုက်ပါတော့ဗျာ၊ ဘယ်သူ့ကို မှလဲ ပြောဆိုတိုင်တန်းမနေချင်တော့ပါဘူး၊
ဆရာဝန်ကောင်းကောင်းတစ်ယောက်သာ ခေါ်ပေးပါ "

ကိုမျိုးခိုင်က ဝေဒနာ ပျောက်ချင်ဇောနှင့် ပြောသည့်အတိုင်း ကိုသန်းနိုင်က ဆရာဝန် ခေါ်ပေးသည်။

ရက်သတ္တ တစ်ပတ်ခန့်မျှ အိပ်ရာထဲတွင် ငြိမ်ငြိမ် ကလေးနေကာ ဆရာဝန်နှင့် ကြပ်မတ်ကုသလိုက်ရာ ကိုမျိုးခိုင်၏ အခြေအနေမှာ ကောင်းစွာ ပျောက်ကင်းသွားလေသည်။

အကောင်းပကတိ လမ်းလျှောက်နိုင်သော တစ်နေ့၌ ကိုသန်းနိုင်အား ပြောလေ၏။

" ကျွန်တော့်ကို ကယ်ဆယ် ကူညီတဲ့ ကိုစောအောင်ရဲ့ စိတ်ဓာတ်ဟာ ထူးဆန်းတယ်လို့ ကျွန်တော် ထင် တယ် ကိုသန်းနိုင် "

" ဘာကြောင့်လဲ ကိုမျိုးခိုင် "

ကိုသန်းနိုင်က နားမလည်သဖြင့် မေးလိုက်သည်။

" ခင်ဗျား စဉ်းစားကြည့်လေ၊ လူတိုင်းလူတိုင်း စိတ်ဟာ ကိုယ်ပြုထားတဲ့ ကျေးဇူးကို မဆုံးနိုင်အောင် ဖော်ပြီး တန်ရာ တန်ဖိုးမက အခွင့်အရေး လိုချင်ကြတဲ့ လူချည်းပဲဗျ၊ မဟုတ်ဘူးလား "

"၂လူ့သဘာဝကိုး ကိုမျိုးခိုင်ရဲ့ "

" ဒီကိုစောအောင်က အဲဒီသဘာဝ မဟုတ်လို့ ထူးဆန်းတယ် ပြောတာပေါ့ ကိုသန်းနိုင် "

" အင်း ...ဆိုစမ်းပါဦး "

ကိုသန်းနိုင်က စိတ်ဝင်စားသော အသံဖြင့် မေးလိုက်သည်။

" ကျွန်တော်က ကျေးဇူးဆပ်ပါရစေဆိုတာ လက်မခံဘူး။ ကျွန်တော့ကိုလဲ ဘယ်နေလဲလို့ တစ်ခွန်းမှ မမေး ဘူး၊ အဲ ---- ပုံကတော့ ကိုယ့်သွေးသားရင်းတောင် ဒါလောက် ---- မခံဘူးထင်တယ်၊ ကျေးဇူးကို မျှော်ကိုးလို့ မဟုတ်ဘူး၊ ဘုရားကြိုက်တဲ့ အလုပ်ကိုသာ လုပ်တာတဲ့ဗျ၊ ကဲ ... ပြောပုံက မရှင်းဘူးလား "

ကိုသန်းနိုင်ကမူ အံ့သြလှုပ်ရှားဟန်မပြဘဲ ငြိမ်သက်သေအပြုံးကိုသာ ပြုံးနေသည်။

" ကျွန်တော် ပြောတာ မယုံလို့လား "

ကိုမျိုးခိုင်က မေးလိုက်သည်။

" ယုံပါတယ် ကိုမျိုးခိုင်၊ ဒီသားအဖ စိတ်နေသဘောထား အပြောအဆို အနေအထိုင်၊ ထူးခြားတာ ခင်ဗျားက အခုမှ သိလို့ တအံ့တသြဖြစ်နေတာကို ပြုံးတာပါ၊ ကျွန်တော် အပါအဝင်ပေါ့ဗျာ၊ သူတို့ ဒူးရင်းခြံရောက်ဖူး၊ ဒူးရင်းသီးဝယ်ဖူးတဲ့ လူတွေကတော့ သိပြီးဖြစ်နေပြီ "

" ဘယ်လိုလဲဗျ၊ ပြောစမ်းပါဦး ကိုသန်းနိုင် "

သူကြည်ညိုသော ကျေးဇူးရှင်များအကြောင်းဖြစ်၍ ကိုမျိုးခိုင်က သိလိုစိတ်ဖြင့် မေးလိုက်သည်။

ဒီမောင်စောအောင်ဆိုတဲ့လူက ဒူးရင်းခြံ အလုပ်ကြမ်း လုပ်နေပေမယ့် ခေတ်ပညာတတ်ဗျ၊ ဟိုက်စကူး ဖိုင်နယ်အောင်ပြီ၊ ကောလိပ်ကိုတောင် ရောက်ဖူးတယ်၊ အိုင်အေ အထက်တန်းအောင်မှ ပြန်ထွက်လာပြီး သူ့အဖေနဲ့ ဒိုးတူပေါင်ဖက် ဒူးရင်းခြံအလုပ် ပြန်လုပ်နေတာ "

" အို ... "

အရိုင်းအစိုင်း၊ တောသူတောင်သား၊ ခြံသမားတစ်ယောက်သာဖြစ်သည်ဟု ယူဆခဲ့သော ကျေးဇူးရှင် ကိုစောအောင်မှာ ခေတ်ပညာတတ် တက္ကသိုလ် ကျောင်းထွက် တစ်ယောက် ဖြစ်နေမှန်း သိရသောအခါ ကိုမျိုးခိုင်များစွာ အံ့အားသင့်သွားသည်။

" သူတို့သားအဖချင်း စကားပြောတာရော ခင်ဗျား နားလည်ရဲ့လား "

အံ့အားသင့်နေသော ကိုမျိုးခိုင်အား ကိုသန်းနိုင်က သဘောကျစွာ ကြည့်ပြီး မေးလိုက်သည်။

" မြန်မာလို ပီပီသသပြောနေတာ နားလည်တာပေါ့ဗျ "

ကိုမျိုးခိုင်က အံ့ဩဟန် မပျောက်သေးဘဲ ဖြေလိုက်သည်။

" အဲဒါ ခင်ဗျား ဒုက္ခိမို့ အနှောင့်အယှက်ဖြစ်မှာစိုးပြီး မြန်မာလို ပြောနေတာနဲ့တူပါတယ်၊ သူတို့သားအဖဖေ စကားပြောရင် မြန်မာလို ပြောခဲတယ် "

" ဘယ်လို ပြောလဲ၊ အင်္ဂလိပ်လိုလား "

" ဟာဗျာ၊ အင်္ဂလိပ်လိုပြောတာ အဆန်းမှတ်လို့၊ ဘာစကားမှန်း မသိဘူးဗျ၊ အဲဒီစကားမျိုးနဲ့ ပြောတတ်ကြ တယ် "

" သူတို့က ဘာလူမျိုးလဲ "

" မသိဘူးဗျ၊ ဒါပေမယ့် စိတ်နေသဘောထားတော့ အခု ခင်ဗျား ကိုယ်တွေ့ကြုံခဲ့ပြီပဲ၊ သူတို့ခြံက ဒူးရင်းသီးက အရောင်းရသွက်တယ်၊ ဘယ်တော့မှ လက်ကျန် ဈေးပေါပေါ ချရတယ် မရှိဘူး၊ သဘော သကာယသိတော့ လူတွေက စေတနာမေတ္တာရှိပြီး သူတို့ဆီမှာချည်း ဝယ်ကြတယ်၊ သူတို့ ရောင်းစရာမရှိမှ တခြားခြံက ဝယ်ကြတယ်ဗျ၊ အဘိုးကြီးကတော့ ခြံထဲက သိပ်မထွက်ဘူး၊ အရောင်းအဝယ်ကိစ္စနဲ့ဆို ကိုစောအောင်ပဲ အပြင်ထွက်တယ်၊ ဈေးဝယ်သူတွေ ခြံထဲရောက်သွားရင်လဲ အဘိုးကြီးက အိမ်ထဲ ဝင်သွား ရောဗျ၊ သားအဖဖေချင်း အထဲနဲ့အပြင် လှမ်းပြီး ထူးဆန်းတဲ့ စကားသာ ပြောလေ့ရှိတယ်။ ကျွန်တော် ဒီမြို့ ရောက်မှ ဒီခြံကို ရောက်တာ နှစ်ခေါက်ရှိပြီ၊ အဘိုးကြီးကို တစ်ခါမှ သေသေချာချာ မမြင်ဖူးဘူး "

ကိုသန်းနိုင်က စိတ်ရှည်လက်ရှည် ပြောပြပြီး ...

" ကဲ ... ကျွန်တော်လဲ ရုံးတက်စရာ ရှိသေးတယ်ဗျာ၊ အဝတ်အစား လဲလိုက်ဦးမယ် "

ဟု ပြောပြော ဆိုဆို ထသွားလေသည်။

ကိုမျိုးခိုင်သည် ကိုစောအောင်တို့ သားအဖအကြောင်းကို စိတ်ဝင်စားစွာ တွေးနေရာမှ ခြေနာလည်း ကောင်းစွာပျောက်ကင်းပြီဖြစ်၍ ကိုစောအောင် ထံသွားရန် ဆုံးဖြတ်လိုက်၏။

--------------------

" ဟော ... အစ်ကိုပါလား၊ နေကောင်းသွားပြီနော် "

သားအနေစ်ယောက် ထမင်းစားပွဲခုံဝိုင်းလေးမှာ မျက်နှာချင်းဆိုင်ထိုင်ပြီး ထမင်းစားနေရာမှ တိတ်တိတ် ဆိတ် ဆိတ်တက်လာသော ကိုမျိုးခိုင်အား ကိုစောအောင်က လှည့်ကြည့်ကာ ဝမ်းသာအားရ နှုတ်ဆက်လိုက်၏။

" ထိုင်ပါ အစ်ကို၊ ထမင်းစားပါဦး၊ ကျွန်တော် ပန်းကန် သွားယူလိုက်မယ် "

ကိုစောအောင်က ဖော်ရွေစွာ ပြောလိုက်၏။

နေပါစေ ညီလေး၊ အစ်ကိုစားခဲ့ပြီးပါပြီ "

ကိုမျိုးခိုင်က ပြောကာ မနီးမဝေးတွင် ထိုင်လိုက်၏။

ကိုစောအောင်၏ အဖေနှင့် ဘေးတိုက်တည့်တည့် နေရာဖြစ်သဖြင့် ညက မသည်းမကွဲ မြင်ရသော ကိုစော အောင်အဖေကို ကိုမျိုးခိုင်က ကြည့်လိုက်၏။

ဘေးတိုက် တစ်ခြမ်းသာ မြင်နေရသော ကိုစောအောင်၏ အဖေမှာ ငယ်ရွယ်နုပျိုစဉ်က အတော်ပင် ချော မောမည့် ရုပ်ရည်မျိုးပင်ဟု ကိုမျိုးခိုင်က မှန်းဆမိ၏။

" စားလိုက်ပါ မောင်ရင်ရယ်၊ စားခဲ့ပြီးပေမယ့် လမ်းလျှောက်လာရတာ ဆာမှာပေါ့၊ ဟင်းရွက်စုံ ဟင်းချိုု ပူပူ ကလေးငါးကင်ခပ်ပြီး ချက်ထားတာ သိပ်ချိုတာပဲ၊ မရမ်းသီးထောင်း စပ်စပ်ကလေးနဲ့ ဆတ်သားခြောက် ဖုတ်ဆီဆမ်းထားတယ်၊ စားပါ မောင်ရင်၊ သားရေ ... ထမင်းပန်းကန်တစ်ချပ် သွားယူချေပါ "

ထမင်းငုံ့စားနေသော ကိုစောအောင်အဖေက နာလံထပီပီ မြိန်ရည်ယှက်ရည် စားနေရာမှ တိုက်တွန်းလိုက်၏။ စေတနာ ဖြူစင်စွာဖြင့် ပြောလိုက်သော အဘိုးကြီး စကားကြောင့်က ကိုမျိုးခိုင် ထမင်း ဆာလာသည်။

" အဘပြောပုံကလေးက ထမင်းဆာချင်လာပြီ "

ကိုမျိုးခိုင်က ရယ်သွမ်းသွေးကာ အမှန်အတိုင်း ဝန်ခံလိုက်၏။ ထိုအခိုက် ကိုစောအောင်က ထမင်းတစ်ပန်းကန် ယူလာသည်။

" အေး ... စားပါ မောင်ရင်ရဲ့၊ အဘတို့ တတ်အားသမျှ ကျွေးတာ နှစ်နှစ်ခြိုက်ခြိုက်စားရင် အဘ ဝမ်းသာ တာပဲကွယ့် "

" ဘာပါ ... အစ်ကို၊ စားပါ "

သားအနေစ်ယောက်၏ စေတနာထင်သည်။ ကိုမျိုးခိုင်သည် ခေါင်းပင်မဖော်နိုင် ဘဲ ထမင်းကို အားပါးတရ ငုံ့လွေးလိုက်သည်။

ဆီတွေနစ်နေအောင် ချက်ထားသော မင်းစိုးရာဇာ သူဌေးထမင်းဟင်းကိုသာ စားခဲ့ရသော ကိုမျိုးခိုင်အဖို့ သဘာဝကျလှသည့် တောထမင်း တောဟင်း၏ အရသာမှာ နတ်သုဒ္ဓါတမျှ ကောင်းမွန်လှပေသည်။

ထမင်းစားသောက်ပြီးသောအခါ ကိုစောအောင်က ထမင်းစားပွဲကို သိမ်းသွားသည့်အခိုက် ကိုမျိုးခိုင်သည် အဘိုးကြီးအား ကြည်ညိုခြင်းမင်လှသဖြင့် မည်သည့်အကူအညီများ လိုပါသနည်းဟုမေးရန် စဉ်းစားကာ ကိုစောအောင် အဖေနှင့် ဘေးတိုက်ထိုင်နေရာမှ မျက်နှာချင်းဆိုင်ဖြစ်အောင် နေရာရွှေ့ ထိုင်လိုက်သည်။

" အဘနဲ့ညီလေးက ကျွန်တော့် အသက်ကိုလဲ ကယ်ခဲ့ပါပြီ။ စေတနာနဲ့ကျွေးတဲ့ အဘထမင်းဟင်းကိုလဲ ကျွန်တော် စားခဲ့ရပြီ။ ဒါကြောင့် အဘတို့မှာ လိုတဲ့ အကူအညီများရှိရင် "

ကိုမျိုးခိုင်စကားစပြီး ကိုစောအောင်အဖေ၏ မျက်နှာကို ကြည့်လိုက်ရာ စကား ဆက်မပြောနိုင်အောင် ပါးစပ် အဟောင်းသား ပွင့်သွားလေသည်။

မျက်နှာဝဲဘက် တစ်ခြမ်းလုံး နဖူးနှင့်ပါးပြင်မှာ ကြောက်ခမန်းလိလိ တွန့်လိမ်ရှုံ့တွနေသော အမာရွတ်ကြီးမှာ ယာဘက်မှ ချောမောလှပသော မျက်နှာတစ်ခြမ်းနှင့် မည်သို့မျှ ဆက်စပ်မရအောင် အမြင်ဆိုးစွာ တွေ့ရလေသည်။

နှုတ်ခမ်း အထက်တွင်ကား မှဲ့စက်ကလေးတစ်လုံးသည် ဖြူစင်သော အသားပေါ်တွင် ထင်ထင်ရှားရှားပေါ် လွင်နေသည်။ ကိုမျိုးခိုင်သည် မန္တလေးမှ အိမ်စောင့်အဘိုးကြီး ဦးဘိုးဦး ပြောလိုက်သော စကားများကိုတစ် လုံးချင်း ပြန်လည် ကြားယောင်လိုက်၏။

မိဘနှစ်ပါးအတွက် လက်စားချေရန် သဲသဲမဲမဲ လိုက်ရှာနေခဲ့ရသော ကိုစောခိုင်ဆိုသူကား အသက်သခင် ထမင်းရှင်ကို စောအောင်၏ ဖခင် ဖြစ်နေပေပြီ။

လူ့လောကရှိ ပြောက်များစွာသော လူတွေထဲမှာ နာမည်တူမရှား၊ ပုံသဏ္ဍာန်တူမရှားမို့ ငါရှာနေတဲ့ ကိုစော ခိုင်တော့ဖြင့် မဟုတ်ပါစေနဲ့ဟု ကိုမျိုးခိုင်က စိတ်ထဲမှာ မသက်မသာ ဆုတောင်းလိုက်မိသည်။

" မလိုပါဘူး မောင်ရင်ရယ်၊ အဘကလဲ လူမသမာရဲ့ နှိပ်စက်မှု ခံခဲ့ရသူမို့ ကိုယ်ချင်းစာပြီး ဘယ်သူ့ကိုဖြစ် ဖြစ် တတ်နိုင်သရွေ့ ကိုယ်ချင်းစာပြီး ကူညီချင်တဲ့ စေတနာရှိပါတယ်၊ သားကိုလဲ ဘုရားကြိုက်တဲ့အလုပ်မို့ တစ်ဘက်သား ဒုက္ခရောက်နေတာတွေ့ရင် ကျေးဇူးအခွင့်အရေးကို မမျှော်ကိုးဘဲ ကူညီပါလို့ သွန်သင်ထား တယ် မောင်ရင်ရဲ့၊ မောင်ရင့်ဆီက ဘာမှ အဘတို့ မလိုပါဘူးကွယ် "

စကား တစ်ပိုင်းတစ်စနင့်ရပ်ပြီး သူ့အား အငေးသား ကြည့်နေသော ကိုမျိုးခိုင်အား ကိုစောအောင် အဖေက ကြည်လင်အေးမြသောအသံဖြင့် ပြောလိုက်၏။ ကိုမျိုးခိုင်က တံတွေးတစ်ချက် မျိုလိုက်ပြီးမှ -

" အဘနာမည်ကို သိပါစေခင်ဗျာ "

ဟု မေးလိုက်၏။ စိတ်တွင်းမှာကား ကိုစောခိုင် မဟုတ်ပါစေနဲ့ဟု အပူတပြင်း ဆုတောင်းနေသည်။ သို့သော် ...

" အဘနာမည်က ကိုစောခိုင်လို့ခေါ်တယ် မောင်ရင် "

ဟု ပြတ်သားစွာ ပြောလိုက်သော ဦးစောခိုင်၏ အဖြေကြောင့် ကိုမျိုးခိုင်မှာ ငိုင်သွားရှာလေသည်။

ကံတရားက ဆန်းကြယ်လှပေသည်တကား။ မိဘနှစ်ပါးအား လူဖြစ်ရှုံး အညွန့်တုံးပြီး အသက်ပါဆုံးအောင် ဒုက္ခပေးခဲ့သည်ဟု ယူဆကာ လှလှကြီးလက်စားချေမည်ဟု ရှာဖွေခဲ့ရာ မမျှော်လင့်ဘဲ ဆိုက်ဆိုက်မြိုက်မြိုက်

တွေ့ရပြန်တော့လည်း အသက်သခင် ကျေးဇူးရှင်ဟူသော တံတိုင်းကြီးက ကာဆီး နေပေပြီ။

ငါ့အသက်ကယ်တာ သူ့သားက ကယ်တာပဲ၊ သူနဲ့ ဘာဆိုင်သလဲဟု ကိုမျိုးခိုင်သည် အငြိုးမပြေနိုင်သည့် အလျောက် တွေးမိပြန်၏။

" သားရေ ... ဒူးရင်းသီးရော မင်းဂွတ်သီးရော ယူခဲ့ပါကွယ့်၊ မင်း နှောင်ကြီးကို ကျွေးပါဦး "

ဦးစောခိုင်က စေတနာ ထက်သန်စွာဖြင့် ပြောနေရာမှ ငိုင်နေသော ကိုမျိုးခိုင်ကို သတိထားမိသဖြင့် ...

" မောင်ရင် ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား "

ဟု ကြင်နာစွာ မေးလိုက်ပြန်သည်။

" နေကောင်းပါတယ်၊ ကျွန်တော် တစ်ခု စဉ်းစားနေမိလို့ပါ ... "

ကိုမျိုးခိုင်က ဟန်မပျက် ဖြေလိုက်၏။ ရေလည်အောင် မသိခဲ့ရသော မိဘနှစ်ပါးနှင့် ဦးစောခိုင်တို့ ဇာတ်လမ်း ကိုသိရအောင် လှည့်စားမေးမည်။

သေချာစွာသိရမှ ဦးစောခိုင်ဆိုးနေလျှင် စိတ်ဆုံးဖြတ်ခဲ့သည့်အတိုင်း မှတ် လောက်သားလောက်ဖြစ်အောင် လက်စားချေမည်ဟု စိတ်ထဲမှ တွေးတော စီစဉ်လိုက်၏။

ထိုအခိုက် ကိုစောအောင်က ဒူးရင်းသီး၊ မင်းဂွတ်သီးပင်မှည့်များကို အလုံးလိုက် လင်ပန်းကြီးတစ်ချပ်မျှ ထည့်ယူလာ၏။

" ကဲ ... ကြိုက်လုံး ခွဲစားပေတော့ အစ်ကို "

ဟု ပြောကာ ဖခင်အနားမှာ ထိုင်လိုက်၏။

" နေပါစေ ညီလေး၊ အစ်ကို ထမင်းစားများသွားလို့ မစားချင်တော့ပါဘူး "

ဟု ကိုမျိုးခိုင်က အကြောင်းပြလိုက်၏။ သူ့အား လက်စားချေမည်ဟု ဆုံးဖြတ်ပြီးမှ သူ့ပစ္စည်းစားရန် မသင့် တော့ဟု ကိုမျိုးခိုင် ယူဆလိုက်၏။

" နေပါဦး၊ အခုနက မောင်ရင် စဉ်းစားမိတယ် ဆိုတာ ဘာလဲ "

ဦးစောခိုင်က မေးလိုက်၏။

" ဩော် ... ရန်ကုန်မှာ ကျွန်တော်တို့ အိမ်နားကပ်နေတဲ့ အိမ်က လင်မယား ရန်ခဏခဏဖြစ်တယ်၊ သူတို့ ရန်ဖြစ်တိုင်း ကိုစောခိုင်ဆိုတဲ့ နာမည်ပါလာတတ်လို့ အဘနာမည်နဲ့ တူနေတာ သတိရပြီး စဉ်းစားနေမိတာပါ"

ကိုမျိုးခိုင်က ဟန်မပျက်ပြောပြီး ဦးစောခိုင်အား အကဲခတ်လိုက်သည်။

ဦးစောခိုင်သည် ခေတ္တမျှ တွေဝေနေပြီး ...

" သူတို့နာမည်က ဘယ်သူလဲကွယ့် ဟု မေးလိုက်သည်။

" ဦးဘဆွေနဲ့ ဒေါ်ခင်မျိုးလို့ ပြောတာဘဲအဘ "

ဦးစောခိုင်၏ မျက်နှာသည်သိသိသာသာ ညိုးသွားသည်။

" မောင်ရင်နဲ့ ခင်သလား "

" မခင်ပါဘူး အဘရယ်၊ ကျွန်တော်တို့က လူငယ်တွေပဲ၊ နောက်ပြီး အိမ်နားကပ်ရက် တကျက်ကျက် ရန်ဖြစ် နေတာ နားပူလွန်းလို့၊ အဘနဲ့ သိလို့လား "

ကိုမျိုးခိုင်က မှင်သေသေ မျက်နှာဖြင့် မေးလိုက်သည်။

ဦးစောခိုင်သည် အဖြေမပေးဘဲ အတန်ကြာ ငြိမ်နေပြီးမှ ...

" သူတို့ ကျန်းကျန်းမာမာပဲလား မောင်ရင် "

ဟု မသမသာ တုန်ယင်သော အသံဖြင့် မေးကာ သူ့မျက်နှာ တစ်ခြမ်းက အမာရွတ်ကြီးကို လက်ဖြင့် ပွတ် လိုက် ၏။

" မရှိတော့ဘူး အဘရဲ့၊ နှစ်ယောက်စလုံးရှေ့ဆင့် နောက်ဆင့် သေကုန်ကြပြီ "

" ဩော် ... သွားရှာကြပြီလားကွယ် "

ဦးစောခိုင်သည် ကြေကွဲလှိုက်လှဲစွာ ပြောလိုက်ပြီး ...

သူတို့မရှိတာ ဘယ်လောက်ကြာပြီလဲ မောင်ရင်၊ သားသမီးရော ကျန်ရစ်သေးသလား "

ဟု မေးလိုက်၏။

" လေးငါးနှစ်လောက်ရှိရောပေါ့၊ ကျွန်တော်လဲ ကောင်းကောင်း မမှတ်မိတော့ပါဘူး၊ သားသမီးတော့ တစ်ယောက်မျှ မရှိဘူး အဘ "

ဦးစောခိုင်သည် ခေါင်းကို ဖြည်းလေးစွာ ညိတ်ကာ ...

" သြော် ... ကိုဘဆွေ၊ ကိုဘဆွေ မင်း ပြစ်မှားခဲ့သမျှတွေ ငါအားလုံး ခွင့်လွှတ်ခဲ့ပြီးပါပြီ၊ အတုံ့အလှည့် မထား ပါဘူးသူငယ်ချင်းရယ်၊ အင်း ... သွားရှာကြမှကိုး၊ သြော် ... မခင်မျိုး အသက်တိုရှာလေခြင်း၊ စိတ်ဆင်းရဲတာနဲ့ မြန်မြန်သေသွားတာထင်ပါရဲ့ မခင်မျိုးရယ် "

ဦးစောခိုင်သည် တုန်ယင် လှိုက်လှဲသောအသံဖြင့် ပြောကာ ငေးနေရှာသည်။

ကိုစောအောင်သည် ဖခင်ကိုကြည့်ကာ အံ့အားသင့်နေသည်။

" သူတို့နဲ့ အဖေနဲ့ ဘယ်လိုသက်ဆိုင်နေလို့လဲ အဖေ "

ကိုစောအောင်၏ မေးဟန်ကြောင့် ဖခင်၏ နောက်ကြောင်း ရာဇဝင်ကို ကိုစောအောင် လုံးဝမသိကြောင်း ကိုမျိုးခိုင်က အတတ်ပင် သိလိုက်သည်။

ဦးစောခိုင်ကပင် မတုန်မလှုပ် ငေးမြဲတိုင်း ငေးနေသည်။ ဤအတိုင်းနေ၍ မဖြစ်ချေ။

ဦးစောခိုင်ထံမှ စကားထွက်အောင် ကိုမျိုးခိုင်က ညှစ်ရပေမည်။

" သူတို့လင်မယားရန်ဖြစ်ရင် စကားအဆန်းတွေ ပါလာတတ်တယ် အဘ "

ကိုမျိုးခိုင်၏ စကားကြောင့် ဦးစောခိုင်က အသက်ဝင်လာသလို လှုပ်ရှား လာသည်။

" ဘာတွေများ ကြားလာသလဲ မောင်ရင်၊ ဒါထက် မောင်ရင့်နာမည်လဲ အခုထက်ထိ မသိရဘူး၊ မိဘဇာတိ ဘယ်သူလဲကွယ့်၊ အခု သထုံမှာပဲနေသလား "

ဦးစောခိုင်က စိတ်တစ်မျိုး ပြောင်းသွားဟန်ဖြင့် စကားလွှဲပြီး မေးလိုက်သည်။

" ကျွန်တော့် နာမည်က မောင်သက်ရှည်တဲ့ မိဘတွေက ရန်ကုန်မှာပဲရှိပါတယ်၊ ပင်စင်စားတွေပေါ့၊ ဒီသထုံမှာ ကျောင်းနေဘက် သူငယ်ချင်းတစ်ယောက်ဆီ လာလည်နေတာ အဘ"

ကိုမျိုးခိုင်က လုပ်ဇာတ်ခင်းလိုက်၏။

" ဩော် ... ဩော် ၊ အလုပ်အကိုင်ကရော "

" ကျွန်တော် ဘီအေ အောင်ပြီးပြီအဘ၊ အလုပ်မလုပ်ဘဲ အနားယူပြီး လျှောက်လည်နေတာ၊ မိဘကလဲ ချမ်း သာတော့ အေးအေးဆေးဆေး နေနိုင်တာပေါ့ အဘရယ် "

ဦးစောခိုင်က ဘာမှ ထပ်မမေးဘဲ ဆိတ်ငြိမ်နေပြန်သည်။

" အစ်ကို ရန်ကုန်ပြန်ခါနီးပြောနော် "

ဦးစောအောင်က ကလေးသဖွယ် ပြောလိုက်၏။

" ညီလေး လိုက်မလို့လား "

ဦးစောခိုင်ကို မုန်းသော်လည်း ကိုစောအောင်ကိုကား ညီငယ်လိုချစ်နေသော ကိုမျိုးခိုင်က လိုလား ကြည်ဖြူစွာမေးလိုက်သည်။

" အလိုက်ချင်ပါဘူး အစ်ကို၊ ရန်ကုန်မှာ ဒူးရင်း၊ မင်းဂွတ်ရှားလို့ အစ်ကိုအပြန်လက်ဆောင် ပေးလိုက်မလို့ပါ"

ကိုစောအောင်၏ စေတနာကို သိရသော ကိုမျိုးခိုင်သည် ရင်ထဲမှာ နင့်သွားပြန်သည်။

သို့သော် ကျေးဇူးရှိသောသူကား တစ်ယောက်၊ ရန်ငြိုးရှိသောသူက တစ်ယောက်ဟု စိတ်ထဲမှာ ခွဲခြားထား လိုက်ပြီး စကားစမပျောက်စေရန် ကောက်လိုက်၏။

" အခုနကစကား ကျွန်တော် ဆက်ဦးမယ်အဘ၊ အဲ ... သူတို့လင်မယား ရန်ဖြစ်ရင်လေ မြသေလာတောင် ဆိုတာလဲပါတယ် အဘရဲ့၊ ကျိန်စာဆိုတာလဲပါတယ် အဘရဲ့၊ နောက်ပြီး ကိုစောခိုင်က ဘာဆေးပင်သွား ရှာဆိုလဲ၊ နောက်ပြီး ကိုစောခိုင် မရှိခိုက် ဒေါ်ခင်မျိုးကို ဦးဘဆွေက ယူတယ်ဆိုလား၊ နောက် ကိုစောခိုင်က ပြန်လာပြီး ဒေါ်ခင်မျိုးနဲ့ တိတ်တိတ်ပုန်း ပြန်ဆက်တယ် ထင်ပါရဲ့။ အိမ်ချင်းက ကပ်နေတော့ သူတို့ လင် မယားရန်ဖြစ်ရင် မကြားချင် အဆုံးပဲ အဘရဲ့ "

ငြိမ်သက် တိဆိတ်နေသော ဦးစောခိုင်သည် ကိုစောခိုင်က ပြန်လာပြီး ဒေါ်ခင်မျိုးနှင့် တိတ်တိတ်ပုန်း ပြန် ဆက်သည် ဟူသော ကိုမျိုးခိုင်၏ စကားကြောင့် လှုပ်လှုပ်ရှားရှားဖြစ်လာသည်။ မျက်လုံးများမှာ တဖျပ်ဖျပ် အရောင် ထွက်လာသည်။ ဤစကားတစ်လုံးကတော့ ဦးစောခိုင်အား ကောင်းကောင်းကြီး ထိသွားပြီဟု ကိုမျိုးခိုင် က တွေးလိုက်၏။

" ဝါ့ အပေါ်မှာ ဒီလောက်အထိ စိတ်ယုတ်မာရှိတဲ့ အကောင်ပါကလား ဘဆွေရယ်၊ ငါ ဒါလောက် သည်းခံ ခဲ့၊ သစ္စာ စောင့် ခဲ့တာတောင် ထင်ရက်လေခြင်းကွာ၊ အဲလေ အခုမှတော့ ဖြေရှင်းလို့လဲ မထူးပါဘူး၊ သူတို့မှ မရှိကြတော့ဘဲ "

ဦးစောခိုင်က မချိတင်ကဲ ပြောလိုက်၏။

" အစ်ကို ပြောနေတဲ့ အကြောင်းထဲက ကိုစောခိုင်ဆိုတာ အဖေလား၊ ကျွန်တော့် အဖေအကြောင်း ဘာမှ မသိသေးဘူး။ အဲဒီလူတွေနဲ့ အဖေနဲ့ ဘာဖြစ်လာကြတာလဲ အဖေရယ် "

ကိုစောအောင် က သိလိုဟန်ဖြင့် ဖခင်အား မေးလိုက်သည်။

" ဟုတ်သားပဲ အဘရယ်၊ ရေလည်အောင် ပြောပြပါလား၊ ဦးဘဆွေစကားနဲ့ ကျွန်တော်တို့ ကြားရတဲ့လူတောင် ဒီကို စောခိုင် ဆိုတဲ့လူကို အထင်မှားနေကြတာ "

ကိုမျိုးခိုင်က ဆွပေးလိုက်ပြန်သည်။

" အေး ... အခုမျတော့ မထူးပါဘူး၊ ဒီအကြောင်းတွေကို အဘ တစ်သက်မှာ သေသည့်တိုင်အောင် စိတ်ထဲမှာပဲ ထားတော့မယ်လို့ ဆုံးဖြတ်ခဲ့ပေမယ့် မောင်ရင်လို ကြားခဲ့ဖူးတဲ့ လူတွေက မေးနေမှ အမှန် အတိုင်းပဲ ပြောပြ မယ်၊ သားလဲ နားထောင်ကြွယ့်နော် "

" ဟုတ်ကဲ့ ... ဖေဖေ "

ဟုတ်ကဲ့ ... ပြောပါ အဘ "

ကိုမျိုးခိုင်နှင့် ကိုစောအောင်က စိတ်အား ထက်သန်စွာ ပြိုင်တူ ပွဲတောင်းလိုက်ကြသည်။

" ဒီလိုကွယ့် ... အဘနဲ့ မခင်မျိုးက ကျောင်းနေဘက် သူငယ်ချင်းလဲဖြစ်၊ ငယ်ချစ်လဲဖြစ်တယ်၊ ဘဆွေက အခြေမဲ့အနေမဲ့၊ ဦးလေးတော်

တစ်ယောက်အိမ်မှာ ကပ်နေရတဲ့ အကောင် မောင်ရင်ရဲ့၊ အဘတို့က သနားလို့ ကျောင်းစရိတ်ထောက်ပြီး ပညာသင်ပေးရတဲ့လူပဲ၊ ဆယ်တန်းကို အဘက အောင်တယ်၊ သူမအောင်ဘူး၊ အစကတည်း က မကြည်ဖြူတဲ့ သူ့ဦးလေးနဲ့ အဒေါ်က စာမေးပွဲကျတော့ နှင်ပစ်တာပေါ့ …

" အဒီအချိန်က အဘလဲ ဘိုးစဉ်ဘောင်ဆက် ထိန်းသိမ်းထားတဲ့ ပေစာထဲမှာ ညွှန်းထားတဲ့ ဆေးပင်ကိုရှာ မယ်လို့ အစီအစဉ်လုပ်တော့ ဘဆွေကလဲ ခြေသလုံးအိမ်တိုင် ဖြစ်နေတာနဲ့ အဘကသနားလို့ ကဲ … ကုန် ကျစရိတ် အားလုံးခံမယ်၊ ဆေးပင်တွေ့လို့ အကျိုးခံစားရရင် တစ်ယောက်တစ်ဝက်လို့ ကတိပေးပြီး သူ့ကို ခေါ် သွားခဲ့တယ်"

" ဘာဆေးပင်လဲ အဖေ "

ကိုစောအောင်က ဖြတ်မေးလိုက်သည်။

" ကံနာ၊ ဝဋ်နာကလွဲရင် ရောဂါ ဝေဒနာအားလုံး ပျောက်ကင်းစေတဲ့ ဆေးပင်သားရဲ့၊ လူနာကို တဖြည်းဖြည်း မှ ပျောက်ကင်းစေတာ မဟုတ်ဘူး၊ ရုတ်ခြည်းယူပစ်လိုက်သလို အကောင်းပကတိ ဖြစ်စေနိုင် တဲ့ တန်ခိုးရှိတယ် "

" အဖိုးတန်လိုက်တာ အဖေရယ်၊ အဲဒီဆေးပင်က ဘယ်နားမှာရှိလဲ "

ကိုစောအောင်က စိတ်အားထက်သန်စွာ မေးလိုက်သည်။ ကိုမျိုးခိုင်ကမူ တစ်ခွန်းမှ ဝင်ထောက်ခြင်းမပြုချေ။ မိဘ၏ နောက်ကြောင်းရာဇဝင် အမှန်ကိုသိဖို့ရန်သာ သူ့အတွက် အဓိကဖြစ်သည်။

" ပြောမှာပေါ့ သားရယ်၊ တစ်နေ့နေ့မှာ သားကို အသိပေးမယ်လို့ အဖေဆုံးဖြတ်ပြီးပါပြီ၊ ဆွေစဉ်မျိုးဆက် သတ်မှတ်လာတဲ့ စည်းကမ်းအတိုင်း အသိကိုပေးရမှာ သားရဲ့ "

" ဟုတ်ကဲ့ … အဖေ ဆက်ပြောပါဦး "

ကိုစောအောင်က ပွဲတောင်းလိုက်ပြန်သည်။

" အေး … တိုတိုပြောရမယ်ဆိုရင် ဆေးပင်ရှိရာကို နက်ခေါင်လှတဲ့ တောတောင် လျှိုမြောင်တွေကို ခဲယဉ်း ပင်ပန်းစွာ ဖြတ်ကျော်သွားလို့ တောင်တန်းကြီး မရောက်မီ လူနေအိမ်အစွန်ဆုံးဖြစ်တဲ့ တောင်ကြားတစ်ခုက ယာတဲမှာ စောအားပလယ်နဲ့ နော်မူဖိုးဆိုတဲ့ ကရင်လူမျိုး ဇနီးမောင်နှံကိုတွေ့ရတယ်။ သူတို့မှာ သမီးတစ် ယောက်ရှိတယ်၊ နာမည်က နန်းဝေတဲ့ …

" အဲဒီမှာ တစ်ညဝင်ပြီး စခန်းချကြတော့ ကံအားလျော်စွာပဲ သူတို့ သုံးနှုန်းတဲ့ ဘာသာစကားနဲ့ အဖေသင် ကြားတတ်မြောက်ထားတဲ့ စကားက အတူတူဖြစ်နေတော့ ပြောဆို ဆက်ဆံရတာ လွယ်ကူတာပေါ့ "

" အခု ကျွန်တော်နဲ့ အဖေ တတ်ထားတဲ့ စကားမျိုးလား အဖေ ဟင် "

ကိုစောအောင်က ဖြတ်မေးလိုက်ပြန်သည်။

" ဟုတ်တယ် သားရဲ့၊ အဖေတို့ဆွေစဉ်မျိုးဆက် ဒီစကားကို မမေ့မလျော့သင်လာခဲ့ကြတယ်။ သားကိုလဲ အဖေ သင်ပေးတာ ရည်ရွယ်ချက် ရှိလို့ပဲကွယ့် "

" အဘပြောတာတွေ စိတ်ဝင်စားစရာ ကောင်းလိုက်တာ အဘရယ်၊ ဆက်ပြောပါဦး "

ကိုစောအောင်က ဖြတ်ဖြတ်မေးသဖြင့် လိုရင်းကို သိချင်လှပြီဖြစ်သော ကိုမျိုးခိုင်က ကပျာကသီဝင်ပြီး ထောက်ပေးလိုက်သည်။

" အေး ... အဲ့ဒီ ကရင်မောင်နှံအိမ်မှာ ခရီးပန်းလွန်းလို့ သုံးလေးရက်လောက် နားလိုက်မိရာက ဘဆွေ ဂြိုလ်ဖောက်ပြီး အဘကို သစ္စာမဲ့မှု အစပျိုးတော့တာပါပဲ မောင်ရင် "

" ဟုတ်ကဲ့ ... အဘရယ်၊ မှတ်မိသရွေ့ စုံစုံစေ့စေ့ ပြောပါနော် "

ကိုမျိုးခိုင်က စိတ်ဇောကြီးစွာ ပန်ကြားလိုက်၏။

ကရင်အမျိုးသမီးကလေး နန်းဝေကို သူက တဲခိုနေတဲ့အခိုက်မှာ စိတ်ဆန္ဒဖြေချင်တယ်လေ၊ နန်းဝေက အသက်နှစ်ဆယ်လောက်ပဲရှိသေးတယ်၊ ဖြူဖြူထွားထွား မျှစ်စို့ပေါက်ရုပ်ရည်မျိုးပေါ့၊ လူသူဝေးရာ တောထဲ တောင်ထဲမှာ နေတဲ့ အရိုး အရိုင်းသက်သက်မို့ သင်တိုင်းအရှည်ကြီးတစ်ထပ်ထဲဝတ်ပြီး သူ့သဘာဝအတိုင်း ရေချိုးရာကအစ သူတို့နေတတ်သလိုနေတာကိုမြင်ပြီး ဘဆွေက မထိန်းနိုင်၊ မသိမ်းနိုင်၊ ဖောက်ပြန်စိတ်တွေ ဝင်လာတယ် ...

ကရင်အဘိုးကြီး မိသားစုသုံးယောက်ကလဲ သူတို့ဘာသာ စကားကို ရေရေလည်လည် ပြောတတ်ပြီး ရုပ်ရည် မှာ ဘဆွေထက် ပိုချောတဲ့အဘကို ရင်းရင်းနှီးနှီးဆက်ဆံတာ ဘဆွေက မလိုလားဘူးလေ၊ နန်းဝေ လွတ်လွတ် လပ်လပ် ရေချိုးနေရာကို ဘဆွေက လိုက်ချောင်းတဲ့ကိစ္စ အဘကသိလို့ မတော်မသင့်ကြောင်း တိုးတိုး တိတ်တိတ်ပြောတော့ ..

" ခင်ဗျား တစ်ယောက်တည်း အုပ်ချင်လို့ မရဘူးဆိုတဲ့ အဓိပ္ပာယ်မျိုး အဘကို ပြန်ပြောတယ်ကွယ့်၊ အမှန် ကတော့ အဘစိတ်မှာ မခင်မျိုးကလွဲပြီး ဘယ်မိန်းကလေးကိုမှ မဖောက်ပြန်ပါဘူး၊ အရိပ်နေအခက်ချိုး လုပ် တာ မသင့်တော်ကြောင်း ပြောမိတာကွယ့်၊ အင်း ... ဘဆွေ ... ဘဆွေ

အဲဒီအချိန်ကစပြီး သူ အဘအပေါ် မှာ သစ္စာမဲ့တဲ့ စိတ်ရိုင်း ဝင်သွားတာကိုး၊ အဘလဲ နောက်မှ စဉ်းစားမိတယ် မောင်ရင် "

ဦးစောခိုင်က လေးလေးတွဲ့တွဲ့ အသံဖြင့် ပြောကာ မောသွားဟန်ဖြင့် ခေတ္တ ရပ်နားလိုက်၏။ ကိုစောအောင် ကမူ ဖခင်မျက်နှာကို ငေးကြည့်နေသည်။

ဦးစောခိုင် ခေတ္တမျှ အနားယူပါစေဟူသော သဘောဖြင့် ကိုမျိုးခိုင်က အတန်ကြာ ဆိတ်ငြိမ်နေပြီးမှ ...

" နောက်ပြီး ဘာဖြစ်သလဲ အဘ၊ ဆက်ပြောပါဦး "

ဟု သိချင်ဇောဖြင့် တိုက်တွန်းလိုက်ပြန်သည်။

" ဒါနဲ့ အဘလဲ ကြာကြာနေရင် ခက်ချည်ရဲ့လို့ အဲဒီအိမ်က ဘဆွေနဲ့အတူ ထွက်ခဲ့ရတာပေါ့လေ၊ အဲ ... ဆေးပင်ရှိရာ တောင်တန်းကြီးရောက်ရော ဆိုပါတော့၊ သူတို့တိုင်းပြည်ကလဲ ဒီမြတောင်ထွက်ကို တက်လို့ ရတဲ့လမ်း မှန်သမျှ ဒူးလေးကိုင် အစောင့်တွေ အထပ်ထပ်ချထားတယ်ကွယ့် ...

" သူတို့တိုင်းပြည် ဟုတ်လားအဖေ၊ မြတောင်ထွက်ဆိုတာက မြတောင်ကြီးလား၊ ဆေးပင်က အဲဒီ တောင် ထွက် မှာလား ... "

ကိုစောအောင်က ကလေးငယ်သဖွယ် သူသိချင်တာတွေ မေးခွန်းထုတ်လိုက်၏။

" ဒါတွေ အဖေပြောနေရင် တော်တော်နဲ့ ဆုံးမှာ မဟုတ်ဘူး၊ နောက်မှ သား အေးအေးဆေးဆေး ပေစာတွေ ဖတ်ကြည့် ရင် သိပါလိမ့်မယ်၊ ပေစာတွေ အဖေ ပြပ့ါမယ်ကွယ် "

ဦးစောခိုင်၏ စကားကြောင့် ကိုစောအောင် ငြိမ်သွားပြန်သည်။

" ပြောပါဦး အဘ "

ကိုမျိုးခိုင်က ထောက်ပေးလိုက်၏။

" အေး ... ဒီမြတောင်ထွတ်ကို အစောင့်မချဘဲ ထားတာ တစ်နေရာပဲ ရှိတယ်ကွယ့်၊ အဲဒီနေရာကလဲ ကြောက်ခမန်းလိ ဘယ်လိုမှ တက်မရအောင် နက်ရှိုင်းမတ်စောက်လှတဲ့ ချောက်ကမ်းပါးကြီး ဖြစ်နေတာကွယ့်၊ ဒါပေမယ့် ငုတ်မိသဲတိုင် ဆိုတဲ့ စကားအတိုင်းပေ့ါ၊ အဘနဲ့ ဘဆွေတို့လဲ တစ်ယောက်ကို တစ်ယောက် အားပြုပြီး ခဲခဲယဉ်းယဉ်း ကြံဖန်ကုပ်ကပ် တက်ပြီး ရောက်အောင် တက်ခဲ့ရတယ် ... "

" ဒီတောင်ထွတ် ရောက်ဖို့ကိုပဲ သုံးလလောက်ကြာအောင် ကြိုးစားခဲ့တယ်ကွယ့်၊ ဒါနဲ့ တောင်ထွတ်ပေါ် ရောက်ရော ဆိုပါတော့၊ တောင်ထွတ်ပေါ်မှာတော့ အစောင့်အရှောက်မရှိဘူး၊ တောင်ခုလပ်၊ တောင်ခြေက လူ သတ္တဝါ တက်ရောက်နိုင်တဲ့ နေရာတွေမှာသာ စောင့်တာကိုး၊ အဲ ... တောင်ထွတ်ပေါ်ရောက်တော့ အဘ က ဘုရားရှိခိုးပြီး ဆေးပင်ရှာတယ်၊ ပေစာမှာ ညွှန်းထားတဲ့ တောင်ကုန်းအထွတ်ကလေးရော ဆေးပင် ရော တွေ့ပါရဲ့ မထိုက်လို့လား မသိဘူး...

" တစ်ပင်မှ နှုတ်မရအောင် ဖြစ်နေတယ်၊ တစ်ယောက်ထဲ နှုတ်မရလို့ ဘဆွေကို အကူအညီပေးဖို့ လှည့် ကြည့် လိုက်တယ်၊ ဘဆွေ ဘာလုပ်နေတယ် မှတ်သလဲ မောင်ရင် ...

ဦးစောခိုင်က စကားဖြတ်ပြီး မေးလိုက်၏။

" ဘာလုပ်နေလဲ အဘ ... "

ကိုမျိုးခိုင်က စိတ်အားထက်သန်စွာ မေးလိုက်၏။

" ဘာလုပ်ရမှာလဲကွယ့်၊ ဘုရားတု ကိန်းဝပ်တော်မူရာ ဂူရှေ့က အတုံးလိုက် အခဲလိုက် စုပုံနေတဲ့ မြရတနာတွေထဲက သူ့စိတ်ကြိုက်တွေ ရွေးယူပြီး လွယ်အိတ်ထဲ ထည့်နေလေရဲ့ မောင်ရင်၊ ဒီတောင်ပေါ် ရောက်ရင် ဒီရတနာတွေ တွေ့ရလိမ့်မယ် စိတ်နဲ့တောင် မပြစ်မှားပါနဲ့၊ သစ္စာကို ခိုင်ခိုင်ထိန်းထားပါလို့ အတန် တန်ပြောထား ရက်နဲ့ သူသစ္စာမစောင့်ဘူးကွယ်၊ ဆေးပင်တွေလဲ ဒါကြောင့် နှုတ်မရအောင် ဖြစ်နတာနဲ့ တူ လေရဲ့၊ မယူပါနဲ့သူ့ကို ကောင်းကောင်းမွန်မွန် ပြောတာ သူက အဘကို စိတ်ဆိုးတယ်ကွယ် ...

" မင်းမိုက်လို့ မယူပေမယ့် ငါယူတယ်ကွ၊ မင်းက ရတနာအကြောင်း နားမလည်တော့ တန်ဖိုးမသိဘူး၊ ဒီ လက်သီးဆုပ်လောက် တစ်တုံးဆိုရင် တစ်သိန်းလောက် တန်တယ်ကွ ဆိုပြီး လွယ်အိတ်ထဲသာ ကြုံးထည့်တော့တာပဲ မောင်ရင်ရေ့၊ အဘလဲ သူ့ကုသိုလ်နဲ့သူရှိစေ၊ ငါမပြစ်မှားရင် ပြီးတာဘဲဆိုတဲ့စိတ်နဲ့ ဆေးပင်သာမဲနှုတ်နေတယ်၊ ဒါပေမယ့် နှုတ်မရဘူးကွယ့်၊ သစ္စာဖောက်တဲ့လူကို အဖော်အဖြစ် ခေါ်လာမိခဲ့ ပေတာကိုး ...

" အဲဒီအခိုက် အဘနားထဲမှာ ဥဒေါင်းတွန်သံကို သုံးကြိမ်တိတိ ထင်ထင်ရှားရှားကြီး ကြားလိုက်ရတယ်ဆိုရင်ပဲ၊ ဘဆွေ ရေ ... အဲဒါတွေ ထားခဲ့ဟ၊ ပြေးကြစို့လို့ပြောပြီး တက်လာတဲ့ လမ်းအတိုင်း ဆင်းပြေးခဲ့ရတော့တယ် မောင်ရင် ရေ့ ... "

ဦးစောခိုင်သည် စကားကိုရပ်ကာ အသက်ကိုပြင်းပြင်းရှူလိုက်၏။ တန်ဖိုးမဖြတ်နိုင်အောင် မြင့်မြတ်လှသည့် ဆေးပင် ကို ဆုပ်ကိုင်မိပါလျက်နှင့်

သစ္စာမဲ့သော အဖော်ကြောင့် လက်လွှတ်ခဲ့ရသည်ကို တွေးကာ မချိတင်ကဲ ဖြစ်နေပြန်တူသည်။

" ဒီလူနယ်ဗျာ ... တောက်၊ အဖေမို့ ဒါလောက် စိတ်ရှည်လက်ရှည် ထားတာ၊ ကျွန်တော်သာဆိုရင် အဲဒီမှာ ရှိနေတဲ့ မြကျောက်တုံးကြီးကြီးနဲ့ ခေါင်းထုသတ်လိုက်မှာပဲ ... "

ကိုစောအောင်က မချင့်မရဲ ပြောလိုက်၏။ ကိုမျိုးခိုင်ကမူ တစ်စုံတစ်ရာမှမပြော အောက်နှုတ်ခမ်းကိုကိုက်ကာ ဦးစောခိုင်အား ငုံ့ကြည့်နေသည်။ နားထဲတွင်မူ မယူထိုက် မစားထိုက်တဲ့ ပစ္စည်းကို ယူခဲ့ စားခဲ့လို့ ရှင့်မျာ မြတောင် ကျိန်စာသင့်နေတာ၊ မသုံးထိုက် မစားထိုက်တဲ့ ပစ္စည်းတွေမို့ မေမေအားလုံး လှူလိုက်တာ ... ဟူသော မိခင် ဒေါ်ခင်မျိုး ပြောခဲ့သော စကားများကို ကြားယောင်လာသည်။

" နောက် ဘာဖြစ်သွားလဲ အဘရယ် ... ဆက်ပြောပါဦး " ကိုမျိုးခိုင်က သက်ပြင်းတစ်ချက်ချပြီး မေးလိုက်၏။

" ဟုတ်တယ် အဖေ ဆက်ပြောပါဦး ... "

ကိုစောအောင်က ဖခင်အား တိုက်တွန်းလိုက်ပြန်၏။

"အဘလဲ သူ့ကို ပြောပြီး သေပြေး ... ရှင်ပြေး ဆင်းပြေးခဲ့တယ်၊ တချို့ နေရာကျတော့ စိတ်ရှည်လက်ရှည် ဆင်းမနေနိုင်ဘူး၊ ကိုယ်လုံး လိမ့်ချခဲ့ရတော့တယ်၊ တောင်ပတ်ဝန်းကျင်မှာလဲ ကျွဲချိုမှုတ်သံတွေ၊ သူတို့ ဘာသာစကားနဲ့ ရန်သူကို အသေသတ်လို့ အမိန့်သံတွေ၊ ကျိန်ဆဲသံတွေဟာ ပွဲတင်ထပ်နေတာပါပဲကွယ် ...

" ရန်သူရှိမယ် ထင်တဲ့နေရာကို သူတို့ ပစ်လွှတ်တဲ့ ဆိပ်လုံးမြားတွေဆိုတာ အဘတို့နားမှာ သီကာပွတ်ကာ တဝီဝီနဲ့ မိုးသီးမိုးပေါက်ကျသလိုပဲကွယ့်၊ ကံကောင်းထောက်မလို့ အဘတို့နဲ့ ရင်ဆိုင် မတွေ့ပေဘူး ...

" သူတို့ လူမျိုးက သူတို့ပိုင်ဆိုင်ရာ မြတောင် နယ်နိမိတ်က ကျူးကျော် မထွက်ဘူးဆိုတာ အဘသိထားတော့ တောင်နယ် နိမိတ်လွတ်အောင် အားသွန် ပြေးရတာပေါ့၊ ဘဆေါလဲ အဘ နောက်က မလှမ်းမကမ်းကပဲ ပါလာတယ်၊ တောင်နယ်နိမိတ်လွတ်လို့ စိတ်ချရတဲ့ နေရာရောက်မှ အဘလ ခြေကုန် လက်ပန်းကျပြီး မြေပေါ်မှာ ပစ်လဲတော့တာပေါ့ကွယ်၊ ဘဆွေလဲ အဘနားမှာပဲ ဘုန်းဘုန်းလဲတော့တာပဲ၊ နှစ်ယောက်သား တစ်ယောက်ကို တစ်ယောက် မထူနိုင် မကြည့်နိုင်ဘဲ ကိုယ့်ရင်ဘက် ကိုယ့်နဲ့ဖိ၊ မျက်စိမှိတ် ပြီးထွက်သက် ဝင်သက် မှန်အောင် ကြိုးစားပြီး နေရတယ်၊ ဘယ်လောက်ကြာတယ် မသိဘူး၊ အဘအမော ပြေသလောက် ဖြစ်သွားမှ ဘဆွေ ဘယ်လို ဖြစ်နေပါလိမ့်မလဲလို့ ထကြည့်လိုက်တယ်၊ မောင်မင်းကြီးသားက မြရတနာတွေ အပြည့် အသိပ်ထည့်လာတဲ့ လွယ်အိတ်ကြီးကို ဖက်ပြီး ပီတိဖြစ်နေတာ တွေ့ရတာကိုး "

" ဒါလောက် အသက်စွန့် ပြေးလာရတာတောင် ဒီလူက ရအောင် ယူလာသေးတာကိုး၊ တော်တော် ပစ္စည်း မက်မောတဲ့လူ "

ကိုစောအောင်က ရှုံ့ချသော လေသံဖြင့် ပြောလိုက်၏။ ကိုမျိုးခိုင်ကမူ ငြိမ်ချက်သား ကောင်းစွာပင် နားထောင် နေသည်။ ဦးစောခိုင်က စကားဆက်လိုက်ပြန်၏။

ဒါနဲ့ အဘက အံ့ပါရဲ့ ဘဆွေရယ်၊ မပြစ်မမှားပါနဲ့လို့ ငါ အတန်တန် ပြောရက်သားနဲ့ မင်းကြောင့် အခုလို ဖြစ်ရတာ၊ ဒီအိတ်ကြီးကို လွှင့်ပစ်ခဲ့ကွာလို့

ဒေါ်သဖြစ်ဖြစ်နဲ့ အပြစ်တင်တော့ သူက ပော့ကောင်တဲ့၊ ငါ့ကို ကျိန်စာ နဲ့ ခြောက်ပြီး ကရင်မ ရော၊ မြ တွေရော မင်းတစ်ယောက်တည်း အပိုင်စီးလို့ ခံမလားကွ၊ ငါ နွား မ ဟုတ် ဘူးတဲ့လေ၊ ဘာဆွေပြောပုံ ဘယ်လောက် မိုက်ရိုက်းသလဲဆိုတာ "

ဦးစောခိုင်က စကားဖြတ်ပြီး ...

" သား ... အဖေကို ရေတစ်ခွက်ပေးစမ်းကွယ် "

ဟု တောင်းလိုက်၏။

ကိုစောအောင်က ရေတစ်ခွက် ခပ်လာပြီး ရိုသေစွာ ပေးလိုက်၏။

ဦးစောခိုင်သည် ရေသောက်ပြီးသော်လည်း အတော်ပင် မောသွန်းဟန်ဖြင့် စကားဆက်မပြောသေးဘဲ နားနေ လိုက်၏။ ကိုစောအောင်နှင့် ကိုမျိုးခိုင်တို့ကလည်း အလိုက်သိစွာပင် တိုက်တွန်းခြင်း မပြုသေးဘဲ ငြိမ် နေကြသည်။

ဦးစောခိုင် အမောပြေသလောက်ရှိမှ ...

" အဲ့ဒီတော့ အဘက ဘာပြန်ပြောသလဲ "

ဟု ကိုမျိုးခိုင်က စကားဆက် မပြတ်စေရန် မေးလိုက်သည်။

" အေး ... အဘကတော့ ကောင်းတူဆိုးဘက် သဘောထားလာလို့ တောကြီးမျက်မည်းထဲ ရောက်နေရတဲ့ ဒီသူငယ်ချင်း လေးနှစ်ယောက်ရှိတာ စိတ်ဝမ်းကွဲဖို့ မလိုလားပါဘူး။ အဘက ပြောလိုက်တယ်လေ၊ နန်းဝေကို ငါဘယ်လို မှ သဘောမထားဘူး၊ မင်း အတိအကျ သက်ဆုံးတိုင်

ပေါင်းပါမယ်ဆိုရင် ငါ ကြိုးစားပြောပေးမယ်၊ ဒီလွယ်အိတ်ကြီး လွှင့်ပစ်ခဲ့ပါကွာဆိုတော့ ဘဆွေက နစ်နစ်မြိုက်မြိုက်ရယ်တယ် မောင်ရင်ရဲ့ "

" နန်းဝေကို ရတော့မယ်ဆိုပြီး ဝမ်းသာသွားတယ် ထင်ပါရဲ့ အဖေ "

" ဘယ်ဟုတ်လိမ့်မှာတုန်း သားရယ်၊ နန်းဝေကို သူတကယ်မေတ္တာရှိတာမဟုတ်ဘူး၊ အရိုးအရိုင်းမို့ သူက စိတ် ဖောက်ပြားတာ၊ ဘဆွေ ဘာပြောတယ် အောက်မေ့လဲ "

" ဘာပြောလဲ အဘ "

ကိုမျိုးခိုင်က စကားကောက်မေးလိုက်သည်။

" အဘကို သူအထင်လွဲပြီး ရက်ရက်စက်စက် ပြောတာပဲ မောင်ရင်၊ ဟော့ကောင်တဲ့ ... ငါ ဒီမြရတနာတွေ အရင်းတည်ပြီး ကြီးပွားချမ်းသာမှာကို မလိုလို့ အိတ်ကြီး လွှင့်ပစ်ခိုင်းတာလားကွတဲ့၊ ငါ့ကို တောတွင်းသူ အရိုးအရိုင်းနှသာ တန်တယ် ထင်ပြီး ပြောတာလားတဲ့၊ ဒီမြတွေကို အရင်းတည်ပြီး သူဌေးဖြစ်တော့ မန္တလေးမြို့ မျက်နှာဖုံး မခင်မျိုးကို ရအောင်ယူပြမယ်လို့ ပြောတယ်၊ အို ... ဘဆွေ အဲဒီလိုပြောလိုက်တော့ လေ အဘစိတ်ထဲ ဘယ်လိုဖြစ်သွားမှန်းမသိဘူး၊ အဘနဲ့ မခင်မျိုးမေတ္တာရှိနေတာ သူ အသိသားနဲ့ပြောရက် လေခြင်း လို့ စိတ်ထဲမှာ တော်တော် ထိခိုက်သွားတယ် ...

" ဒါပေမယ့် အဘစိတ်ကို ချုပ်တည်းလိုက်တယ်၊ ခုတင်က ပြောလိုက်သလို စိတ်ဝမ်းမကွဲချင်လို့ပေါ့၊ ဒါပေ မယ့် ကိုယ့်အသက်လောက်ချစ်တဲ့ ရည်းစားကို ထိခိုက်ပြောတော့ စိတ်မကောင်းလွန်းလို့ တစ်ခွန်းတော့ ပြန်ပြောလိုက်တယ်၊ အေးကွာ မခင်မျိုးက မင်းကိုပဲ ယူမလား၊ ငါ့ကိုပဲယူမလား

စောင့်ကြည့်သေးတာပေ့ါ လို့ ဒါပါပဲ အဘပြောပြီး သွားမယ်ကွာ၊ ဒီနေရာမှာ ကြာကြာနေလို့ မသင့်တော်ဘူး၊ တောင်နယ်နိမိတ်နဲ့ နီး သေးတယ်လို့ တိုတိုပဲ ပြောပြီး အဘလဲ ခရီးဆက်ထွက်လာတယ်၊ စားသောက်စရာနဲ့ စောင်တစ်ထည် ထည့်ထားတဲ့ လွယ်အိတ်ရော၊ ရေဘူးရော၊ ဓားရှည်တစ်ချောင်းနဲ့ ဓားမြှောင်တစ်ချောင်းရော ပြေးရင်း လွှား ရင်းက ချောက်ထဲ ကျကျန်ခဲ့တော့ အဘလက်ထဲမှာ ဘာမှ မရှိတော့ဘူး၊ သူကတော့ မြရတနာတွေ အပြည့် ထည့်ထားတဲ့ လွယ်အိတ်ကြီးကို ဂရုတစိုက် လွယ်ပိုးလာတယ်၊ အဘစိတ်ထဲမှာ စီစဥ်တာက ဒီလွယ်အိတ် ကြီးနဲ့ သူနဲ့ သွားချင်ရာသွား၊ ရောက်ချင်ရာ ရောက်ပါစေ၊ နန်းဝေတို့ ယာတဲရောက်ရင် လမ်းခွဲတော့မယ် ..

" အဘက နန်းဝေတို့ဆီမှာ ခေတ္တ ဝင်ခိုနေပြီးမှ့သေလောက်ရှိမှ မြတောင်ကို ပြန်တက်ပြီး ဆေးပင်တွေနှုတ် မယ်လို့ စိတ်ကူးထားတာကိုး၊ ဒါနဲ့ တော်တော်လေး ခရီးရောက်သွားတော့ စမ်းချောင်းကလေးတစ်ခု တွေ့ တယ်။ အဘလဲ ရေငတ်လွန်းတာနဲ့ စမ်းချောင်းနံဘေးက ကျောက်တုံးပေါ် ထိုင်ပြီး လက်ခုပ်နဲ့ ရေကုန်းအခပ် လိုက်မှာ ဘဆွေ က နောက်ကနေပြီး မြကျောက်တွေ ထည့်တားတဲ့ လွယ်အိတ်ကြီးနဲ့ ရိုက်ချ လိုက်တာ ပဲကွယ့်"

ဦးစောခိုင်က စကားကိုဖြတ်ပြီး သူ့မျက်နှာ တစ်ခြမ်းက အမာရွတ်ကြီးများကို လက်နှင့် စမ်းကြည့်နေသည်။

တစ်သက်တာအဖို့ လူဖြစ်ရှုံးအောင် ရုပ်ပျက်ဆင်းပျက်ဖြစ်ခဲ့ရသော သူ့ဘဝကို ပြန်လည် ဖော်ထုတ်ရသဖြင့် ယူကျုံးမရဟန်မှာ မျက်နှာတွင် ထင်ရှားပေါ်လွင်နေသည်။

" တောက် … လုပ်ရက်လေခြင်း၊ အဖေ့ မျက်နှာက အမာရွတ်တွေဟာ သူ့ကြောင့် ဖြစ်ရတာပေါ့ "

ကိုစောအောင်က ကျိတ်မနိုင် ခဲမရ ဒေါသဖြစ်စွာ ပြောလိုက်သည်။

ကိုမျိုးခိုင်ကား ဦးစောခိုင်၏ မျက်နှာကို မကြည့်ဝံ့သည့်အလား မသိမသာ မျက်နှာ အောက်စိုက်ကာ မျက်လွှာ ချနေသည်။ ဦးစောခိုင်က စကားဆက်လိုက်ပြန်သည်။

" အေးပေါ့ သားရယ်၊ အဖေလဲ တစ်စောင်းလဲကျသွားပြီး ကျောက်တုံးကျောက်စွန်းတွေနဲ့ မျက်နှာ ဆောင့် မိတာပေါ့၊ အမှတ်မဲ့ ခံလိုက်ရတာမို့ အဖေ့မှာ ရုတ်တရက် မထနိုင်အောင် ဖြစ်နေဆဲမှာ ဘဆွေကကျောက် တုံးတစ်တုံး ကောက်ပြီး အဖေ့မျက်နှာကို ထုချလိုက်တာ အဖေလဲ သတိလစ်သွားတယ်၊ ဒါကို ဘဆွေ က သေပြီထင်ပြီး ထွက်သွားဟန်တူပါရဲ့ …

" အင်း … ဘဆွေ … ဘဆွေ၊ ကျေးဇူးတရားကိုလဲမထောက်၊ သစ္စာတရားကိုလဲ မစောင့်ရှောက်ဘဲ ကမ်း ကုန်အောင် မိုက်ရိုင်းယုတ်မာ သွားတယ်ကွယ်"

ဦးစောခိုင်က မျက်နှာမှ အမာရွတ်များကို လက်ဖြင့် ပွတ်သပ်ရင်း ပြောလိုက်သည်။ ကိုစောအောင်သည် မချိမဆန့်ဖြစ်နေရှာမည်ဖြစ်သော ဖခင်၏ ပုံသဏ္ဍာန်ကို မြင်ယောင်ကာ အံကြိတ်ပြီး လက်သီးကိုဆုပ်လိုက် မိ၏။ မျက်လွှာချနေသော ကိုမျိုးခိုင်၏ နားထဲမှာကား …

" မပြစ်မှားအပ် တဲ့ ကျေးဇူးရှင်ကို ပြစ်မှားခဲ့လို့ ရှင့်မှာ အကုသိုလ်တွေဖိစီးပြီး ရုပ်ပျက်ဆင်းပျက် ဖြစ်နေတာ "

ဟူသော မိခင် ဒေါ်ခင်မျိုး၏ စကားကို ကြားယောင်လာမိသည်။

" ဒါနဲ့ နောက် အဖေဘယ်လို အသက် ချမ်းသာရသလဲ၊ ဆက်ပြောပါဦး အဖေ "

ကိုစောအောင်က မေးသဖြင့် ဦးစောခိုင်က နောက်ကြောင်းကို ဖော်လိုက်ပြန်သည်။

" အဲ ... နောက် အဖေ သတိရလာတော့ နန်းဝေတို့ ယာတဲမှာ ရောက်နေတယ်ကွယ့်၊ ဘဆွေ မြလွယ်အိတ် ကြီးသယ်ပြီး သုတ်သီးသုတ်ပျာနဲ့ တောထဲမှာ အပြေးအလွှားသွားနေတာ ကရင်အဘိုးကြီးနဲ့ အဘွားကြီးက ထင်းခွေရင်း မြင်လိုက်ရတာကိုး၊ တစ်ယောက် ဘယ်မှာ ကျန်ရစ်သလဲလို့ မေးမလို့ လှမ်းခေါ်တာ အဘိုးကြီး နဲ့ အဘွားကြီးက ခေါ်လေ သူကပြေးလေ ဖြစ်နေတော့ မသင်္ကာတာနဲ့ အဘိုးကြီးနဲ့ အဘွားကြီးက သူ့နောက် မလိုက်တော့ဘဲ သူလာခဲ့ရာ လမ်းတစ်လျှောက်မှာ အဖေ့ကို လိုက်ရှာတော့ စမ်းချောင်းကမ်းစပ် မှာ မချိမဆန့် ဒဏ်ရာနဲ့ သတိမေ့နေတဲ့ အဖေ့ကို တွေ့တာကိုး ..

" သူတို့ ထမ်းပိုးယူလာပြီး ပြုစုတော့ အဖေ သတိပြန်ရလာတယ်၊ ဒါပေမယ့် ဒဏ်ရာကကြီး၊ ဆေးကောင်း ဝါးကောင်း က မတွေ့၊ အနာရှိန်နဲ့ လူပါချိပြီး မကျန်းမမာ ဖြစ်လိုက်တာ နန်းဝေတို့ ယာတဲမှာပဲ နှစ်နှစ်လောက် လဲနေတယ်ကွယ့်၊

နောက်တော့လဲ သေကံမရောက် သက်မပျောက် ဆိုတာလို ကျန်းမာလာပေမယ့် အဖေ့ မှာတစ်သက်လုံး လူမြင်မကောင်းတဲ့ ရုပ်ရည်ကြီး ဖြစ်ကျန်ရစ်တာပေါ့လေ ...

" အဖေလဲ ကောင်းကောင်း ကျန်းမာလာတော့ ကိုယ့်ရပ်ရွာ ပြန်ချင်ပေမယ့် လမ်းစရိတ်ငွေကြေး တစ်ပြား မှ မရှိဘူးကွယ့်၊ အိတ်ထဲမှာ ရှိသမျှငွေ ဘဆွေ က အကုန်နှိုက်ယူသွားပြီကိုး၊ ငတ်တလှည့် ပြတ်တလှည့်နဲ့ ဘားအံမြို့ ရောက်အောင်လာပြီး စရိတ်ကလေးမှ ရပါစေတော့လို့ အလုပ်အကိုင်ကလေး ရှာပေမယ့် အဖေ့ မျက်နှာကြီး ကြည့်ပြီး ဘယ်သူမှ အလုပ်မပေးချင်ဘူး ... နောက်ဆုံး ကြံရာမရတော့ သင်္ဘောဆိပ်ဆင်းပြီး ကူလီ ထမ်း တဲ့ အလုပ်ကိုရှာတော့ ကံအားလျော်စွာ ရန်ကုန်ထွက်မယ့်ဆဲဆဲ ကတ္တူပိုင်ရှင် သူတော်ကောင်း တစ်ယောက်နဲ့ သွားတွေ့မှ ထမင်းချက်အလုပ်နဲ့ ကတ္တူပေါ်တင်ပြီး ရန်ကုန်အရောက် ခေါ်လာခဲ့တယ်၊ အဲ ရန်ကုန်ရောက် မှ အဖေ့မှာ အသည်း နာစရာတွေ့ရတာပဲ သားရေ "

" ဘယ်လိုလဲ အဖေ "

စကားဖြတ်ပြီး လည်လာသောမျက်ရည်ကို သုတ်လိုက်သည့် ဦးစောခိုင်အား ကိုစောအောင်က ကြင်နာစွာ မေးလိုက်သည်။ ကိုမျိုးခိုင်၏ ဦးခေါင်းမှာ မသိမသာငုံ့နေရာမှ သိသိသာသာ ငုံ့သွားလေသည်။

" အလို ... မောင်ရင် နေမကောင်းဘူးလား "

ဦးစောခိုင်က စကားမဆက်သေးဘဲ ကိုမျိုးခိုင်အား မေးလိုက်သည်။ ကိုမျိုးခိုင်က သတိဆောင်ကာ ခေါင်းကို ဆတ်ခနဲ မော့လိုက်၏။

" ကောင်းပါတယ် အဘရယ်၊ အဘဖြစ်ထွေကို နားထောင်ရတာ ကျွန်တော် ကိုယ်တိုင် ခံစားရသလိုထင်ပြီး စိတ်မကောင်းလွန်းလို့ပါ "

ကိုမျိုးခိုင် က အမှန်အတိုင်းပင် ဖြေလိုက်၏။ သို့သော် ကိုစောအောင်တို့ သားအဖေက အထွေအထူး မထင် မိကြပေ။ ဦးစောခိုင်က စကားဆက်လိုက်ပြန်၏။

" အေး ... အေး အဘဖြစ်စဉ်က စိတ်ချမ်းသာစရာ တစ်ခုမှ မပါဘူးကွယ့်၊ ဒါကြောင့်လဲ တစ်သက်တာမှာ ဘယ်သူ့ကိုမှ မပြောတော့ပါဘူးရယ်လို့ ရင်ထဲမှာ မျိုသိပ်ထားခဲ့တယ်၊ အဘ သားကိုတောင် မပြောပြခဲ့ဘူး၊ အခုမှ မောင်ရင်က အဘ မောင်ရင် အမှန်အတိုင်း သိပါစေလို့ အဘရဲ့ ဘဝကို ရင်ဖွင့်ပြတာ ဒီဟာ ပထမဆုံး အကြိမ်ဘဲ မောင်ရင် ...

ဦးစောခိုင်က ကြေကွဲလှိုက်လှဲစွာ ပြောနေသည်။

" အစအဆုံး ရေလည်အောင် သိပါရစေ အဘရယ် "

ကိုမျိုးခိုင်က ညွတ်ပြောင်းသောအသံဖြင့် တောင်းပန်လိုက်သည်။

" အေး ... နားထောင်ကွယ့် မောင်ရင်၊ ဒါနဲ့ ရန်ကုန်ရောက်တော့ ကတ္တာပိုင်ရှင်ထံခွင့်ပန်ပြီး အလုပ်ထွက်ခဲ့ တယ်၊ မန္တလေး ပြန်ဖို့အတွက် ကတ္တာပိုင်ရှင် က သနားလို့ပေးလိုက်တဲ့ ငွေကလေးက လမ်းစရိတ်လုံလောက်နေပြီကိုး၊ ဘူတာရုံကို အလာမှာ အချိန်ကလဲစောသေးတော့ သစ်သီးတန်းမှာ သစ်သီးဆိုင်အကြီးအကျယ် တည်ရောင်းတဲ့ မိတ်ဆွေတစ်ယောက်ရှိကြောင်း သိရတာနဲ့ သစ်သီးတန်းလှည်းဝင်လိုက်တယ် ...

" အဲ ... မခင်မျိုးနဲ့ ဆိုက်ဆိုက်မြိုက်မြိုက် သွားတွေ့တော့တာပဲ၊ သူ့လက်ထဲမှာ သဇ္ဇာစ်သီးခိုင်တွေကို ကိုင် ထားတယ်၊ အဘလဲ ဘာမှမဆင်ခြင်နိုင်ဘဲ ခင်ရေ လို့ ဝမ်းသာအားရ အသံပြုလိုက်တော့ မခင်မျိုးက လှည့် ကြည့်ပြီး အဘကို မမှတ်မိသလို ကြောင်နေတယ်၊ အဘလဲ စဉ်းစားမိတာပေါ့၊ အင်္ကျီလုံချည် အညစ်နဲ့ ရုပ် ပျက်နေ တဲ့ မျက်နှာကြီး ကြောင့်ပဲဆိုတာ "

ဦးစောခိုင်၏ အသံမှာ တုန်ယင်လာပြီး စကားကို ခေတ္တမျှ ဖြတ်ထားလိုက်၏။ အလွန်အမင်း စိတ်ထိခိုက်နေ သည်ကို အကဲခတ်မိသော ကိုစောအောင်နှင့်

ကိုမျိုးခိုင်က အလိုက်သိစွာပင် ဆက်ပြောရန် မတိုက်တွန်း ရက်ဘဲ ဆိတ်ငြိမ်စွာ နေလိုက်ကြသည်။ ဦးစောခိုင်သည် အောက်နှုတ်ခမ်းကိုကိုက်ခဲ အတန်ငယ်တွေးနေ ပြီးမှ ရင်ဝယ် ပြည့်ကြပ်လာသော အဆွေးတွေကို မှုတ်ထုတ်လိုက်သည့်အလား၊ လေးပင်သောသက်ပြင်းကို ချကာ စကားဆက်လိုက်ပြန်သည်။

" အဘကလဲ ဘဆွေ ယုတ်မာတာတွေကို အကျဉ်းရုံးပြလိုက်တော့ မခင်မျိုးက သူ့လက်ထဲ ကိုင်ထားတဲ့ သဗျစ်သီးခိုင်တွေကို လွှင့်ပစ်ပြီး မျက်နှာကို လက်နှစ်ဖက်ဖြင့်အုပ်ပြီး ငိုရှာတယ်။ ငိုရာက သူ့ကိုခွင့်လွှတ်ပါလို့ တောင်းပန်တယ်၊ အဘမှာလဲ လူမြင်မကောင်းအောင် ဖြစ်နေတဲ့ မျက်နှာကြီးကို သတိရပြီး ငါရုပ်ပျက် ဆင်း ပျက် ဖြစ်နေလို့သာ သူဒီစကားကို ပြောတာပဲလို့ တွေးမိတယ်ကွယ့် ...

" ယူကျုံးမရစိတ်နဲ့ သူ့ကို မျက်တောင် မခတ် ကြည့်နေမိရာက ခွင့်လွှတ်ပါတယ်ကွယ်၊ ကိုစော မျက်နှာကြီးက လူနဲ့မှမတူတော့ဘဲ မခင်မျိုးရယ်လို့ပြောလိုက်တော့ မခင်မျိုးက ဘာပြန်ပြောတယ် မှတ်သလဲ မောင်ရင် ... "

ဦးစောခိုင်၏ အမေးကို ကိုမျိုးခိုင်က မဖြေနိုင်ပေ။ ဖြေနိုင်အောင်လည်း မစဉ်းစားချင်တော့၊ ဦးစောခိုင်အား မကြည့်ဝံ့ သလို ခေါင်းငုံ့နေသည်။ ကိုစောအောင်ကား ထိုအချိန်အခါက ဖခင်၏ ရင်တွင်း အသည်းနှလုံးဝယ် မည်သို့ ခံစားရရှာမည်ကို တွေးမိသည့်အလား ဖခင်၏ မျက်နှာကို ကြေကွဲစွာ ကြည့်နေသည်။ မည်သူကမှ စကားသံမထွက်၊ မဖြေရက်၊ မပြောရက်သလို ငြိမ်နေသည့်အတွက် ဦးစောခိုင်က စကားဆက်လိုက်ရှာသည်။

" ဩော် ... မခင်မျိုး ... မခင်မျိုး ... သူ့အသံနဲ့ သူ့မျက်နှာကို ဒီတစ်ခါ နောက်ဆုံး အဖြစ်နဲ့ မြင်ခဲ့ ကြားခဲ့ တာ ပဲကွယ်၊ ကိုစောရယ်တဲ့ ကိုစောဘယ်လိုအဖြစ်မျိုး ရောက်ခဲ့ပါစေ၊ ခင်မျိုး မေတ္တာမပျက်ပါဘူး၊ အခုလဲ ချစ်နေရက်ပါပဲတဲ့၊ ခွင့်လွှတ်ပါဆိုတာက ရှောင်ဖယ်လို့မရတဲ့ အကြောင်းတွေကြောင့် ခင်မျိုးဘဆွေကို လက်ထပ် ခဲ့ရပြီးပါပြီလို့ အက်ကွဲတဲ့ အသံနဲ့လဲ ပြောလိုက်ရော၊ အဘလဲ မခင်မျိုးအနားက ချာကနဲ လှည့် ထွက်လာခဲ့ တာပဲ မောင်ရင်ရေ ...

"ကျန်းမာအောင် အချိန်ယူ ဆေးဝါးကုသပြီးမှ ဘဆွေကို ကောင်းကောင်း လက်စားချေမယ်ဟဲ့လို့ စိတ်ထဲက ငြိုးပြီး မန္တလေးတက်လာခဲ့တယ်၊ အဲ ... မန္တလေးရောက်ကာမှ ငါနဲ့ မခင်မျိုးမှာ ဘဝဝင်္ဋကြွေး ကြီးလှ ၂ ပါကလား လို့ သိရပြီး ဘဆွေကို လက်စားမချေတော့ဘဲ တရားနဲ့ဖြေပြီး ဇာတ်မြှုပ်လာခဲ့တာပဲကွယ် ... "

ဦးစောခိုင်က စကားဖြတ်ကာ ...

" အဖေ့ကို ရေတစ်ခွက်ပေးပါ သားရယ် ... "

ဟု တုန်ယင် မောဟိုက်သံဖြင့် တောင်းလိုက်၏။ ကိုစောအောင် မထမီ ကိုမျိုးခိုင်သည် သွက်လက်လျင်မြန် စွာ ရေတစ်ခွက်ကို သွားခပ်ပြီး ကိုစောခိုင်အား ရိုသေစွာပေးလိုက်၏။

ဦးစောခိုင် ရေသောက်ပြီးသောအခါ ...

" ဆက်ပြောပါဦး အဘရယ်၊ ကျွန်တော် အဆုံးအထိ သိပါရစေ... "

ဟု ကိုမျိုးခိုင်က တောင်းပန်ကာ ဦးစောခိုင်အား ကြင်နာစွာ ကြည့်မိသည်။

" အေးပါမောင်ရင်၊ ဆက်ပြောပါမယ်၊ အဲဒါနဲ့ မန္တလေးရောက်တော့ ဖေဖေလဲ ဆုံးသွားပြီဆိုတာ သိရတော့ အဘလူ့ဘဝမှာ နေချင်တဲ့စိတ်တောင် မရှိပါဘူးကွယ် .... "

ဦးစောခိုင်သည် ကြေကွဲလှိုက်မောစွာ ပြောကာ ရှေးဖြစ်ဟောင်းကို ပြန်ပြောင်း တွေးတောကာ ဆွေးမော ဟန်ဖြင့် အတန်ကြာ ငေးနေပြီးမှ ....

" ဘဆွေတို့ ကမ်းကုန်အောင် ယုတ်မာတာကို မန္တလေး ရောက်မှ စုံအောင်သိရတော့ မခင်မျိုးကို စိတ်မနာ နိုင်ဘဲ၊ သနားပိုပြီး ကြင်နာလို့ ဝေးရာကို အဘ ပြေးခဲ့ရတယ် မောင်ရေ့... "

ဟု ဦးစောခိုင် က အံကြိတ်ပြီး ပြောလိုက်သည်တွင် ကိုစောအောင်နှင့် ကိုမျိုးခိုင်တို့ တိုင်ပင်ထားသလို ...

" ဘာဖြစ်လို့လဲ အဖေ .... "

" ဘာဖြစ်လို့လဲ အဘ ...

ဟု ပြိုင်တူမေးလိုက်မိကြ။

" ဘာဖြစ်ရမှာလဲကွယ်၊ ဘဆွေ ကပ်ရပ်နေခဲ့ရတဲ့ နေပြည်တော်သုံး ရွှေပန်းတိမ်ဖို ပိုင်ရှင် ဘဆွေ ဦးလေးရဲ့ မိန်းမ ဒေါ်မေနဲ့ သွားတွေ့တယ်၊ အဲဒီတော့မှ ဒေါ်မေကို ဘဆွေအကြောင်း မေးချင်တဲ့စိတ် ပေါ်လာပြီး မေး မိတယ်၊ ဒေါ်မေကတော့ ဘဆွေ အဘနဲ့အတူ ခရီးထွက်သွားတာလဲ မသိဘူး၊ အဘကလဲ မပြောဘူး၊ ကွဲ ကွာနေ တဲ့ သူငယ်ချင်းတစ်ယောက်ကို တွေ့လိုတဲ့ စိတ်သဘောမျိုးနဲ့သာ အဘက ကိုဘဆွေတစ်ယောက် ဘယ်ရောက်နေသလဲ၊ ဘာလုပ်နေသလဲလို့ မေးလိုက်တော့ နဂိုက ဘဆွေကို မလိုလား မကြည်ဖြူတဲ့ ဒေါ်မေက မိန်းမပီပီ ခရေစေ့ တွင်းကျ ပြောပြတာကိုးကွယ့် ... "

" ဟုတ်ကဲ့ ဒီကိုဘဆွေဆိုတဲ့လူက ဘာဖြစ်သတဲ့လဲအဘ "

ကိုမျိုးခိုင်က သိချင်စိတ်အားကြီးစွာဖြင့် ဖြတ်ပြီးမေးလိုက်၏။

" ဒီလိုကွယ့်၊ ဘဆွေက မန္တလေးက ရုတ်ခနဲ ပျောက်သွားပြီး ဘွားခနဲ သူဌေးအဖြစ်နဲ့ ပြန်ပေါ်လာပြီး မခင်မျိုး ကို လက်ထပ်ပြီး ရန်ကုန်ပြန်သည်အထိ ဦးလေး နဲ့ အဒေါ်ကို လုံးဝ အရေးမစိုက်ဘူးတဲ့၊ လက်ထပ် မယ့် ကိစ္စ မှာလဲ လူကြီးမိဘအနေနဲ့ တိုင်ပင်ခြင်း၊ နေရာထားခြင်း မပြုဘူးတဲ့၊ ပန်းထိမ်ဖိုနဲ့ မျက်နှာချင်းဆိုင် မှာရှိတဲ့ " ထွန်း ဓာတ်ပုံဆိုင် "နေ့တိုင်းလာပြီး သူ့ကို အထင်အမြင်သေးခဲ့တဲ့ ဆွေမျိုးတွေကို ခံပြင်းလို့ သူဌေးဖြစ်အောင် ကြိုးစား ခဲ့ကြောင်း၊ သူဖုန်းစားမကို မယူဘဲ မဟာဆွေတော်မျိုးတော် မခင်မျိုးကို ရပြီဖြစ် ကြောင်း အော်ကျယ် ဟစ်ကျယ် လာပြောခဲ့တာကို ဘဆွေရဲ့ ဦးလေးနဲ့ အဒေါ်ဖြစ်တဲ့ ဦးစိန်အိုး ဒေါ်မေတို့က မခံချိမခံသာ ဖြစ်ခဲ့ကြတယ်၊

ရက်လဲ ရက်တယ်၊ တစ်နေ့တော့ ဓာတ်ပုံဆိုင် ပိုင်ရှင် မိန်းမက ဒေါ်မေတို့ ပန်း တိမ်ဖိုက ပန်းထိမ်သမား တစ်ယောက်နဲ့ ဖောက်ပြားပြီး ထွက်ပြေးတော့ ဓာတ်ပုံဆိုင်ရှင် ကိုထွန်းက ဒေါ်မေတို့ဆီလာပြီး တိုင်ကြား ပြောဆိုတာကိုး၊ ဖောက်ပြန်တဲ့ မိန်းမကို သူစွန့်လွှတ်လိုက်သော်လဲ ပါသွားတဲ့ ရွှေထည် လက်ဝတ် လက်စားတွေ ပြန်တောင်းပေးပါလို့ အရေးဆိုတယ်တဲ့၊ ဒေါ်မေတို့ကလဲ ကိုယ့်လက် အောက်က လုပ်သား တစ်ယောက် ဖြစ်နေတော့ နစ်ဖက် ပြေရာပြေကြောင်း ဝင်ပြောရတာပေါ့လေ၊ အဲဒီ တော့ ဓာတ်ပုံဆိုင်ရှင် ရဲ့မိန်းမ က ဒီရွှေတွေဟာ ဓာတ်ပုံဆိုင်ရှင် ကိုထွန်းရဲ့ အစွမ်းအစနဲ့ ရှာဖွေရတာမဟုတ် ကြောင်း၊ ဘဆွေက မခင်မျိုး မိဘနစ်ပါး ကမ္ဘာ့ဗျာန်းထိုင်နေရာမှာ မဟုတ်မမှန် ဓာတ်ပုံတွေ အရိုက်ခိုင်းပြီး ပေးတဲ့

အဖိုးအခနဲ့ ဝယ်ထားတဲ့ ရွှေသာလျှင် ဖြစ်ကြောင်း၊ အကယ်၍ ပြန်တောင်းရင် ဒီအကြောင်းတွေ ဖော်မယ်လို့ နိုင်လုံးကို လှည့်ကိုင် လိုက်တော့ ကိုထွန်းလဲ ငြိမ်သွားသတဲ့ကွယ် "

" ဘယ်လို ဓာတ်ပုံမျိုးလဲ အဘ "

ကိုမျိုးခိုင်က မေးလိုက်သည်။

" ဒီလိုတဲ့ကွယ့်၊ အဘိုးကြီးနဲ့ အဘွားကြီးက ညဘက် လူခြေတိတ်ရင် ကမ္ဗဋ္ဌာန်းတဲ့ တစ်ခုစီနဲ့ ကမ္ဗဋ္ဌာန်းကို အာရုံယူမျက်စိမှိတ်ဝင်စားနေဆဲမှာ ဘဆွေ၊ ငထွန်းနဲ့ အပေါင်းအပါတွေက တိတ်တဆိတ် ဝင်လာပြီး မေ့ ဆေးနဲ့ နှာဝတေ့တော့ သတိလစ်သွားရော၊ အဲဒီတင် ကြေးစားမိန်းမ ယောက်ျားနစ်ယောက်နဲ့ အဘိုးကြီး အဘွားကြီး ပျော်ပါးနေဟန် သူတို့ လိုချင်တဲ့ အနေအထားအတိုင်း ဓာတ်ပုံရိုက်ကူးပြီး တိတ်တဆိတ် ပြန် ထွက် လာခဲ့တာပေါ့၊ အဘိုးကြီးနဲ့ အဘွားကြီးကတော့ ဘယ်သိမလဲ ...

" ကမ္ဗဋ္ဌာန်းထိုင်နေရင်း အိပ်ပျော်သွားတယ်လို့ ထင်မှာပေါ့၊ အဲဒီ ဓာတ်ပုံတွေကိုင်ပြီး အရှက်နဲ့ ဂုဏ်သိက္ခာ ကို အသက် ထက် တန်ဖိုးထားတဲ့ မခင်မျိုးတို့ မိသားစု သုံးယောက်ကို ပိုင်ပိုင်ကြီး လှည့်စားပြီး ရန်ကုန်အရောက် ခေါ်သွားတယ်ဆိုတာတွေ ဒေါ်မေပြောပြလို့ အဘသိရတော့ ရင်ကျိုးလိုက်တဲ့ဖြစ်ခြင်း မောင်ရင်ရယ်၊ မခင်မျိုးကိုလဲ စိတ်မဆိုးတော့ပါဘူး၊ ဘဆွေကို လက်စားချေဖို့လဲ စိတ်မကူးတော့ပါဘူး ...

" ဘာကြောင့်လဲဆိုတော့ မခင်မျိုးက မေတ္တာ မပျက်သည်ထားဦး၊ လူကြည့်မကောင်းအောင် ဖြစ်နေတဲ့ မျက်နှာရှင်ကြီးဟာ မခင်မျိုးရဲ့

ငယ်ရည်းစားပဲလို့ သူများတွေသိရင် မခင်မျိုး ဂုဏ်သိက္ခာ ထိခိုက်မှာ စိုးတာ တစ်ကြောင်း၊ သူတို့မှာ သားသမီးကလဲ တွယ်နေပြီဖြစ်တော့ ဒီလင် ဒီမယား ဒီသားသမီးတို့ ဥမကွဲ သိုက်မ ပျက် နေကြပါစေ၊ ငါ့မှာ ဝဋ်ကြွေးရှိလို့ ခံရတာပဲလို့ တရားနဲ့ဖြေပြီး မန္တလေးမှာ မနေတော့ဘဲ ထွက်လာခဲ့တာ ပကွယ်၊ ဩော် ... ဘဆွေ ... ဘဆွေ၊ ကျေးဇူးတရားကိုလဲ မထောက်၊ သစ္စာလဲ မစောင့်ဘဲ လုပ်ရက်လေ သူငယ်ချင်း ရယ် "

ဦးစောခိုင်သည် ကြေကွဲလှိုက်လှဲသော အသံဖြင့် စကားလုံးကို အဆုံးသတ်ကာ ထိုင်ရာမှ ထမည်ဟု ဟန်ပြင်လိုက်၏။ ကိုမျိုးခိုင်ကား ဦးစောခိုင်ကို မကြည့်တော့ဘဲ ခေါင်းငိုက်စိုက် ချနေသည်။

သူ၏ မျက်စိအာရုံတွင်ကား ဖခင် ဦးဘဆွေ၏ ပြုမူဆောင်ရွက်ပုံများကို ရုပ်ရှင်ကြည့်ရသလို ကွင်းကွင်း ကွက်ကွက် မြင်နေရသည်။ ယူကျုံးမရ ဝမ်းနည်းလှသဖြင့် မျက်ရည်များပင် လည်လာတော့၏။

" နေပါဦး အဖေရယ်၊ ညောင်းရင် ခြေဆန့်ပေးပါ၊ ကျွန်တော် နှိပ်ပေးပါမယ်၊ ဆုံးအောင် ပြောပါဦး၊ အဖေ သထုံ ကိုဘယ်လို ရောက်လာသလဲ၊ အမေက သထုံသူပဲလား အဖေ၊ ပြောလက်စနဲ့ ပြောပြပါ၊ ကျွန်တော် အစအဆုံး သိပါရစေ"

ကိုစောအောင်က တောင်းပန်ရင်း ဦးစောခိုင်၏ ခြေနစ်ဖက်ကို ညင်သာစွာ ဆွဲယူဆန့်ပြီး နှိပ်ပေးလိုက်သည်။

" ညီလေးက ဟိုတစ်ဖက်ကိုနှိပ်၊ အစ်ကိုက ဒီတစ်ဖက်ကို နှိပ်မယ် "

ကိုမျိုးခိုင်က ခေါင်းငုံ့ထားရင်းက မသိမသာ တုန်ယင်သော အသံဖြင့်ပြောကာ ဦးစောခိုင်၏ ခြေတစ်ဖက်ကို ယုယငြင်နာစွာ နှိပ်နယ်ပေးလိုက်သည်။ ထိုသို့

နိုပ်နယ်ပေးရင်းလည်း စိတ်ထဲတွင် ဦးစောခိုင်အား သနား ကြင်နာသောစိတ်၊ ကြည်ညိုသောစိတ်များ ပေါ်ပေါက်လာသည်နှင့်အမျှ ပြင်းထန်သော စိတ်ဆင်းရဲမှုကို မျို သိပ်ချုပ်တည်းခဲ့ရသော သွားလေသူ မိခင်ကြီးအား တမ်းတ လွမ်းဆွတ်မိလေသည်။

" ပြောပါ အဖေရယ် "

ကိုစောအောင်က ထပ်မံ တောင်းပန်လိုက်၏။

" အေး ... အေး၊ ဒါနဲ့ အဖေလဲ ယူသင့်ယူထိုက်တဲ့ ပစ္စည်းယူပြီး နန်းဝေတို့ မိသားစု သုံးယောက်ကို ကျေးဇူး ဆပ်မယ်လို့ လာခဲ့တာပဲပေါ့သားရဲ့၊ ဟိုရောက်တော့ နန်းဝေ အဖေလဲ ဆုံးသွားပြီဖြစ်ကြောင်း၊ ဒူးလေးကိုင် တောင်ပေါ်သား တွေ တစ်စုံတစ်ခုကို ရှာဖွေသလို သူတို့ယာတဲနား မကြာခဏ ရောက်လာတတ်ကြောင်း၊ သူတို့သားအမိ နှစ်ဦးတည်း မနေရဲတော့လို့ သင့်တော်မယ့်ထင်တဲ့နေရာကို ပြောင်းရွှေ့ဖို့ စီစဉ်နေကြောင်း သိရတယ် "

" အဖေတို့ ဆေးပင်တွေ သွားရှာတဲ့ တောင်ကလူတွေ ဖြစ်မှာပေါ့ "

ကိုစောအောင်က စကားဖြတ်ပြီး ထင်မြင်ချက်ပေးလိုက်၏။ ဦးစောခိုင်က ခေါင်းညိတ်လိုက်သည်။

" ဟုတ်တယ်သား၊ အဲ ... အဖေလဲ မထူးတော့ပါဘူး၊ အားကိုးရာမဲ့တဲ့ နန်းဝေတို့ သားအမိကို တစ်သက်လုံး စောင့်ရှောက် ကျွေးမွေးပါရစေလို့ အတိအလင်း ဖွင့်ပြောတော့ အစကတည်းက ခင်ရင်းစွဲ ဖြစ်နေတော့ မငြင်းဆန်ပါဘူး၊ အဖေလဲ နန်းဝေကို ဇနီးအဖြစ် သိမ်းပိုက်ပြီး သူ့အမေပါ ခေါ်ကာ သထုံကိုရောက်တော့ ဒီ ဒူးရင်းခြံ ဝယ်ပြီး ဖြစ်ရာဘဝမှာ စိတ်ကို ဖြေပြီး နေခဲ့ရာက သားလေးနှစ်အရွယ်မှာ နန်းဝေတို့ သားအမိ ရွှေ့ ဆင့်

နောက်ဆင့်ဆိုသလို ဆုံးပါးသွားကြတယ်၊ ပြော် ... နန်းဝေ ... နန်းဝေ၊ အရိုးအရိုင်း သက်သက်မို့ အဖေ နောက်ကြောင်းရာဇဝင်တွေ မေးလဲ မမေးဘူး၊ စိတ်မချမ်းသာအောင်လဲ ဘာမှ မလုပ်ရှားဘူး၊ ပြော်- ကျေးဇူးရှင် နန်းဝေ တို့ မိသားစု ကောင်းရာသုဂတိ ရောက်ပါစေ "

ဘဝဇာတ်လမ်းတစ်ခုလုံး လွှမ်းခန်းမှာသာ ကပြခဲ့ရသော ဦးစောခိုင်သည် ဆွေးမြေ့စွာပြောကာ ကျလာသော မျက်ရည် ကို အင်္ကျီလက်နှင့် သုတ်လိုက်လေသည်။

ကိုစောအောင်သည် မမှတ်မိ မသိလိုက်ရသော မိခင်အား ရည်ရော်တမ်းတကာ လွှမ်းလိုက်မိလေသည်။ ကိုမျိုးခိုင်ကား စကားတစ်ခွန်းမှ မဆိုချေ။ ဦးစောခိုင်၏ ခြေသလုံး ခြေဖျားများကိုသာ သားက ဖခင်အား နှိပ်သလို ဂရုတစိုက် ကြင်နာစွာ နှိပ်ပေးနေ၏။

" အဖေရဲ့ ဆေးပင်ရှိရာကို ညွှန်းထားတယ်ဆိုတဲ့ ပေစာအခု ရှိသေးသလားအဖေ "

အတန်ကြာမှ ကိုစောအောင်က မေးလိုက်သည်။ ကိုမျိုးခိုင်၏ နားထဲတွင်ကား ဟိုဂြိုလ်မှေ့တဲ့ ပေစာထုပ်ကြီး ပိုက်ပြီး မန္တလေးက ထွက်သွားတာပဲဟူသော အိမ်စောင့် အဘိုးကြီး ဦးဘိုးဦး၏ စကားကို ကြားယောင် လိုက်မိ၏။

" ရှိတယ် သားရဲ့၊ ဒါပေမယ့် စင်ကြယ်မြင့်မြတ်တဲ့ လူတွေသာ နေဖို့ထိုက်တဲ့ " မြသေလာတောင် "ဟာ လောဘ ဒေါသ မောဟ ထူပြောတဲ့ လူတွေနဲ့ မထိုက်တန် မအေပ်စပ်ဘူးလို့ အဖေ ယူဆမိတယ်၊ ဒါကြောင့် သား ကို ဆွေစဉ်မျိုးဆက်ထားခဲ့တဲ့ ကတိအတိုင်းသာ သူတို့ဘာသာ စကားကို

သင်ပေးပြီး ဒီစာပေကို အပ် မယ်၊ သွားဖို့ ကိုတော့ မတိုက်တွန်းဘူးလို့ အဖေ ယူဆထားတယ် သားရဲ့ "

" ကျွန်တော် ဒီပေစာကို ဖတ်ပါရစေ အဖေ "

ကိုစောအောင်က ခွင့်တောင်းလိုက်၏။

" အဘရယ် ကျွန်တော်လဲ ဗဟုသုတအနေနဲ့ ဖတ်ပါရစေ ခွင့်ပြုပါနော် အဘ "

ကိုမျိုးခိုင်က ဦးစောခိုင်၏ ခြေဖျားကို လက်နှစ်ဖက်နှင့် ဆုပ်ကိုင်ထားရာမှ ခွင့်တောင်းလိုက်၏။

" အေး ... အေး ... အဘလျှို့ဝှက်ထားချင်တဲ့ ဆန္ဒ မရှိတော့ပါဘူးကွယ်၊ ဘာကြောင့်လဲဆိုတော့ ဒီဆေးပင်က ထိုက်တန်သူ မှ ရမှာမို့ ကြိုးစားချင်လဲ ကြိုးစားကြ၊ မကြိုးစားချင်လဲနေကြပေါ့၊ အဘသားကို တော့ မတိုက်တွန်း ဘူး၊ သွားစေလိုတဲ့အာသိသလဲမရှိဘူး။

ဦးစောခိုင်က ပြောပြီး ဆန့်ထားသောခြေကို ပြန်ရုပ်ကာ ...

" တော်ပါပြီ သားတို့ရယ်၊ အညောင်းပြေပါပြီ၊ ပေစာတွေ ဖတ်ချင်ရင် ဖတ်ကြည့်ကြပေရော့၊ အဖေ့အိပ်ရာ ခေါင်းရင်းက ကျွန်းသေတ္တာကြီးထဲမှာ ထည့်ထားတယ် "

ဦးစောခိုင်က ပြောပြီး ကိုစောအောင်ဘက် လှည့်ကာ ...

" သား နေ့လယ် နေ့ခင်းမှာ အဖေ အေးအေးလူလူ နေနေကျ မင်းဂွတ်ပင်အောက်က ကွပ်ပျစ်မှာ ဖျာခင်း ထား ပြီးပြီလား "

ဟု မေးလိုက်သည်။

" ခင်းပြီးပါပြီ အဖေ၊ ခေါင်းအုံးရော၊ စိပ်ပုတီးရော ကျွန်တော် ထားခဲ့ပြီးပါပြီ၊ အဖေ မင်းဂွတ်ပင်အောက်သွား တော့မလား "

ကိုစောအောင်က မေးလိုက်၏။

" အေး ... သားတို့ ပေစာဖတ်မယ် မဟုတ်လား၊ အဖေ အေးအေးဆေးဆေး ပုတီးသွားစိပ်တော့မယ်ကွယ့် "

ဦးစောခိုင်က ပြောကာ ထိုင်ရာမှ ထလိုက်၏။ ကိုစောအောင်က ဖခင်အား လက်မောင်းတစ်ဖက် မှ တွဲယူ လိုက် သဖြင့် ကိုမျိုးခိုင်ကလည်း အခြား လက်မောင်းတစ်ဖက်ကို ယုယစွာ တွဲယူလိုက်သည်။

ဦးစောခိုင်အား ခြံထဲရှိ မင်းဂွတ်ပင်ကြီးအောက် ကွပ်ပျစ်ပေါ်သို့ ပို့ထားခဲ့ပြီး ကိုစောအောင်နှင့် ကိုမျိုးခိုင်တို့ စိတ်ဇောကြီးစွာဖြင့် အိမ်သို့ သွက်သွက် ပြန်လာကြသည်။ အိမ်ပေါ်ရောက်လျှင် ရောက်ခြင်း ...

" အစ်ကို ဒီမှာ ထိုင်စောင့်နေဦးနော်၊ ကျွန်တော် ပေစာတွေ သွားယူဦးမယ် "

ဟု ကိုစောအောင်ကပြောကာ ဖခင်အိပ်သည့် အခန်းထဲသို့ လျင်မြန်စွာ ဝင်သွားသဖြင့် ကိုမျိုးခိုင်သည် မူလ ထိုင်သည့် နေရာမှာပင် ထိုင်စောင့်နေလိုက်သည်။ မကြာမီ ကိုစောအောင်သည် ကျွန်းသေတ္တာငယ်ကလေး တစ်လုံးကို ပိုက်ကာ ပြန်ထွက်လာပြီး ကိုမျိုးခိုင်အနားမှာ ထိုင်လိုက်၏။

နှစ်ယောက်သား စကားပင် မပြောနိုင်အားဘဲ ကျွန်းသေတ္တာငယ်ကိုဖွင့်ကာ အတွင်းမှာ ညီညာပိရိစွာ သေ သေ သပ်သပ် ထည့်ထားသော ငွေပေချပ်များကို နံပါတ်စဉ်ထိုးထားသည့်အတိုင်း အစဉ်လိုက် တစ်ချပ်ပြီးတစ်ချပ် ယူကာ ညီအစ်ကိုရင်း သဖွယ် ခေါင်းချင်းဆိုင်ကာ စိတ်အားထက်သန်စွာ

ဖတ်လိုက်ကြလေ သည်။

မဝင်းမြင့်

(ဒုတိယပိုင်း ဇာတ်သိမ်း ဆက်လက်ဖတ်ရှုပါရန်)

## အခန်း (၁)

" ဗုဒ္ဓ"

" ဓမ္မံ၊ သံဃံ "

" ပူဇေးမိ "

ကျွန်တော် မောင်ဗလသည် နက်ခေါင်လှသော လှိုမြောင်စိမ့်စမ်း တောင်တန်းသေလာဝယ်၊ ထူးဆန်း လှစွာ တွေ့ကြုံ ခဲ့ရပုံကို၊ နောင်လာနောင်သား ကျွန်ုပ်၏ ဆွေစဉ်မျိုးဆက်များ သိရှိကြစေရန် အမှန်အတိုင်း ရေး သား ထားခဲ့ ပါသည်။

ဖော်ပြလတံ့သော ကျွန်ုပ်ကိုယ်တိုင် တွေ့ကြုံရပုံများကား နောင်းခေတ်လူတို့ ယုံကြည်နိုင်အံ့ မထင်ပေ။

မည်သို့ပင် ဖြစ်စေ၊ တိမ်မြုပ်ပျောက်ကွယ်စေခြင်းငှာ မထိုက်ဟု ယူဆမိသဖြင့် ကျွန်ုပ်ကိုယ်တိုင် ဤပုရပိုက် ပေါ် တွင် မှတ်တမ်းတင်ခဲ့ပါသတည်း။

မြန်မာသက္ကရာဇ် ၁၁၂၇ ခုနှစ် (တန်ဆောင်မုန်းလဟု ကျွန်ုပ်ထင်သည်။ လ-ရက်ကိုကား မမှတ်မိတော့ချေ) ဝယ်၊ ရတနာသင်္ခ၊ တတိယနန်းစံ၊ ဆင်ဖြူရှင် မြေဒူးမင်းတရားသည် ထိုင်းနိုင်ငံသို့ စစ်ချီထွက်တော်မူခဲ့ရာ၌ ကျွန်ုပ် သည် တပ်မှူးကလေးတစ်ဦးအဖြစ်ဖြင့် တပ်စုတစ်စုကို ကွပ်ကဲကာ လိုက်ပါခဲ့သည်။

ကျွန်ုပ် တို့ မျိုးရိုးမှာ တောင်သူ လယ်လုပ်သူများသာ ဖြစ်သော်ငြားလည်း ကျွန်ုပ်တစ်ယောက်သာလျှင် ထူး ထူး ကဲကဲ စစ်မှုထမ်းခဲ့သည်။

ထိုအချိန် မှာ ကျွန်ုပ်၏ အသက်သည် နှစ်ဆယ်မျှသာ ရှိသေး၏။

သို့ပင် ငယ်သော်ငြားလည်း စွန့်စားလိုသော ဖွဲ့သတ္တိနှင့် ဓားခုတ် လှံထိုး လည်လှသော ကျွန်ုပ်သည် တပ်မှူး ကလေးတစ်ဦးအဖြစ် အလွယ်တကူ ပင် ချီးမြှင့်တော်မူခြင်း ခံခဲ့ရသည်။

ကျွန်ုပ်၏ ဇာတိချက်ကြွေမွေးရပ်မြေဖြစ်သော ရွှေဘိုကျေးလက် မန်ကျည်းတုံရွာမှ မေတ္တာရေလောင်း ဆု တောင်း နေကြသော မွေးမိဘများအား ရှိခိုးကန်တော့ကာ၊ ဆင်ဖြူရှင်ဘုရား စစ်ထွက်တော်မူရာ ပါခဲ့ပါသည်။

စစ်ချီထွက်ရာ လမ်းခရီး တစ်လျှောက်ဝယ် မည်သို့ မည်ပုံ တွေ့ကြုံရသည်များကိုကား အဆန်းတကြယ် မဟုတ်၍ မရေးတော့ပြီ။

သံလွင်မြစ်ကိုဖြတ်ကူးပြီးနောက် ဖွဲ့ကပင်တောင်ကြော တစ်လျှောက် ထိုင်းနယ်စပ်ရောက်အောင် ကျွန်ုပ်တို့ မလျှော့သော လုံ့လဝီရိယဖွဲ့ဖြင့် အားခဲလာခဲ့ကြသည်။

ထိုင်းနယ်စပ်နှင့် ပြောလောက်အောင် အလှမ်းမဝေးတော့ပြီဟု ယူဆရသော နက်ခေါင်လှသည့် တောတွင်း တစ်နေရာအရောက်ဝယ် စစ်ချီတက်ရာ ခရီးတစ်လျှောက်လုံး သံတွေသံခဲတမျှ ကျန်းမာသန်စွမ်းခဲ့သော ကျွန်ုပ်သည် ဦးခေါင်းပင်မထူနိုင်အောင် အပြင်းအထန် ဖျားပါတော့၏။

ရောင်းရင်းဘက် သွေးသောက်များက ပါလာသမျှသော ဆေးဝါးများဖြင့် အစွမ်းကုန် တတ်နိုင်သရွေ့ ပြုစုကြ ပါသော်လည်း ကျွန်ုပ်၏ အားခဲကာ မိမိအစွမ်းသတ္တိကိုပြပြီး၊ မင်းတရားကြီး အကျိုးတော်ကို ဆောင်မည်ဟူ သော ရည်ရွယ်ချက် သည် ပျက်ရချေတော့မည်။

ကျွန်ုပ်သည် များစွာ ယူကျုံးမရရှိလှပါ၏။ ညည်းညူခြင်း၊ ငြိုငြင်ခြင်းကင်းမဲ့စွာ ကျွန်ုပ်အား ထမ်းပိုး တွဲချီ လာသော ရောင်းရင်း သွေးသောက်များကိုလည်း ငဲ့ညှာမိပါသည်။

ဝေဒနာ ခံစား ရသည့် ရက်မှသည် ခြောက်ရက်မြောက်သောနေ့ဝယ် ကျွန်ုပ်သည် ရင်တွင်းမှ ပြင်းပြစွာ ပူ လောင်သော ဒုက္ခကို ခံစားရသည်နှင့်တစ်ပြိုင်နက် မျက်လုံးများပြာဝေ မည်းမှောင်လာကာ အသိဉာဏ်၊ အတွေ့အထိ၊ အာရုံဟူသမျှသည် လုံးဝ ပျောက်ကွယ် သွားပါတော့သည်။

ဆိုလိုရင်းကား ကျွန်ုပ်သည် သတိလစ်သွားသည်။ မေ့မြောသွားသည်။

ကျွန်ုပ်သည် ပေါ့ပါးကြည်လင်သောစိတ်ဖြင့် အရပ်လေးမျက်နှာကို လှမ်းမျှော်ကြည့်လိုက်၏။

လောကတစ်ခွင် တစ်ပြင်လုံးသည် အဖုံးအကွယ် မရှိသလို ဟာလာဟင်း လင်းကြီး ဖြစ်နေသည်ကို ကျွန်ုပ် တွေ့ရသည်။

အစိမ်းရောင်ဘက်သို့ လုနေသော စိမ်းပြာပြာ အဆင်းရှိ၍ ကြည်လင် အေးမြသော အရောင်သည် ကြည်နူးစ ဖွယ် လောကတစ်ခွင်လုံးကို ဖုံးအုပ်နေသလို ထင်ရသည်။

တောတောင်ရေမြေ လူနေအိမ်ခြေ သစ်ပင် ပန်းမန် သက်ရှိသက်မဲ့ သတ္တဝါဟူ၍လည်း ကျွန်ုပ်လုံးဝမတွေ့ရ ချေ။

အသံဟူ၍လည်းမရှိ။ ပကတိ ဆိတ်သုဉ်းလှချေ၏။ ကျွန်ုပ်သည် ရည်ရွယ်ချက် အဓိပ္ပာယ် ကင်းမဲ့စွာပင် ကျွန်ုပ် မျက်နှာမူရာ တူရူသို့ ငေးစိုက်ကြည့်နေမိ၏။

ယင်းသို့ ကြည့်နေမိစဉ် အခိုက်ဝယ် စိမ်းညို့ မှိုင်းမှောင်သော တောင်တန်းကြီးသည် ကျွန်ုပ်မျက်စိရှေ့ဝယ် တဖြည်းဖြည်း မှေးမှိန်စွာ ပေါ်လာရာမှ ထင်ထင် ရှားရှား မားမားမတ်မတ် တွေ့ရသည်။

မြင့်မား ညီညာလှသော တောင်တန်းကြီး၏ အလယ်ဗဟို နေရာဝယ် ထူးထူးကဲကဲ ချွန်ထက် မြင့်မားလျသော တောင်ထွတ်ကြီးသည် အာကာစွင့်စွင့် တိမ်ဆီလွင့်မျှ ကြွားဝင့်စွာ တည်ရှိနေသည်။

ထိုတောင်ထွတ်၏ ထိပ်မှာကား ကြည်လင် အေးမြလှသည့် မြစိမ်းရောင် ရောင်ခြည်တော်များ ကွန့်မြူးနေ သည့် မြဆင်းတုတော်တစ်ဆူသည် တင့်တယ် သပ္ပာယ်လှပါ၏။

ကြည်ညိုဖွယ်ရာ ကောင်းလှပါ၏။ ကောင်းကင် တိမ်တိုက်တွင်းသို့ တိုးဝင်လုနီးမျှ မြင့်မားလှသော ဤတောင်ထိပ်ဝယ် စံပယ်နေတော်မူသော ဘုရားသော သုံးတောင်ကျော် ကျော်မျှ ရှိသည့် တင်ပျဉ်ခွေ မြ ဆင်းတုတော်အား ဝေးလံလှသောအရပ် ဒေသမြေပြင်ပေါ်မှာ ရှိနေသော ကျွန်ုပ်သည် အဘယ်ကြောင့် ထင် ထင်ရှားရှား ဖူးတွေ့နေနိုင်ပါသနည်း။

ကျွန်ုပ် အံ့ဩကြည်ညို ညွတ်နူးလှသော စိတ်စေတနာဖြင့် လက်အုပ်ချီမိုးကာ ရှိခိုးကန်တော့လိုက်ပါသည်။

" လူသူကင်းမဲ့ကာ ငြိမ်းချမ်းစဖွယ် ဆိတ်သုဉ်းလှသော ဤနေရာဒေသဝယ် အထီးကျန်ဘဝဖြင့်နေရသော တပည့်တော်အား အရှင်ဘုရား၏ အေးမြသော အရိပ်တော်များ ခိုလှုံခွင့်ပြုတော်မူပါဘုရား၊ ဘုရား ... ဘုရား "

ကျွန်ုပ်သည် ကြည်ညိုဖွယ်ကောင်းလှသော တောင်ထိပ်ဖျားမှာ မြဘုရားအား မျှော်ကြည့်ကာ ရှိခိုးတမ်းတ ရေရွတ်လိုက်သည်တွင် မသဲမကွဲ တီးတိုး

ပြောဆိုနေသော ထူးဆန်းလှသည့် စကားသံများကို ကြားရသဖြင့် လှည့်ကြည့်ရန် ဦးခေါင်းကို ငဲ့လိုက်သည်။

ကျွန်ုပ်ငဲ့လိုက်သော ဦးခေါင်းသည် ပူနွေးပျော့ပျောင်းသော အရာတစ်ခုနှင့် ထိနေပြီး -

ဟေး ... ဟေး ဟူသော မတိုးမကျယ်အသံက နားထဲသို့ ပြတ်သားစွာ ဝင်လာ၏။ ကျွန်ုပ်မြင်နေရသော မြင်ကွင်းများ အားလုံး ပျောက်ကွယ်ကုန်လေပြီ။ ကျွန်ုပ်ရင်တွင်းမှ ပြင်းပြပူလောင်သော ဝေဒနာကို ခံစားရ ပြန်လေသည်။ ကျွန်ုပ်ကား သတိလစ် မေ့မြောနေရာမှတစ်ဖန် ပြန်လည် သတိရလာပြီဖြစ်သည်။ လေးလံ သောမျက်ခွံများကို အနိုင်နိုင်ပင့်ကာ ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။

" ကြီးမားလှသော ဝါးရုံပင်ကြီး အရင်းဝယ် ဖျဉ်ဖြူစောင်တစ်ထည်ဖြင့် သေချာစွာ ရစ်ပတ် ထုပ်ပိုးထားသော ကျွန်ုပ်၏ ခန္ဓာကိုယ်သည် မြေပြင်ပေါ်တွင် လဲလျောင်းနေပြီး ကျွန်ုပ်၏ ဦးခေါင်းမှာ လူတစ်ဦးတစ်ယောက်၏ ပေါင်ပေါ်တွင် တင်နေသည်ကို တွေ့ရသည်။ နက်ခေါင် မှိုင်းမှောင်လှသော တောကြီးအ တွင်းမှာပါ တကား...။

" စိမ့်အေးသောလေသည် သစ်ပင်ကြီး ဝါးပင်ကြီးများ၏ အခက် အရွက်များအား ဆူညံသောအသံကို ဖြစ်စေလျက် အဆက်မပြတ် တိုက်နေသည်။ ကျွန်ုပ်၏ ဦးခေါင်းအား သူ့ပေါင်ပေါ်တွင် တယုတယ တင်ထားသော လူသည် ကျွန်ုပ်အား ငုံ့ကြည့်နေ၏။ အနီနှင့် အနက်စင်း ရှည်လျားသော သင်တိုင်းကြီးကို ဝတ်၍ ဦးခေါင်းပြောင်အောင် ရိတ်ထားသော သွေးမရှိသလို ဖြူဖပ်ဖြူရော် မျက်နှာရှင် အသက်ငါးဆယ် ကျော် အရွယ် အဘိုးအိုတစ်ယောက်ဖြစ်၏။

" ကျွန်ုပ်၏ ပတ်ဝန်းကျင်မှာလည်း အလားတူ အဆင်အပြင် ရုပ်ရည်သဏ္ဌာန်ရှိသော လူကြီးလေးယောက် သည် ဆောင့်ကြောင့်ထိုင်နေကြကာ ကျွန်ုပ်အား သူတို့၏ ခပ်မှိုမှို မျက်ခွံအောက်မှ ကြောင်တက်တက်မျက် လုံးများဖြင့် စူးစိုက်ကြည့်နေကြသည်....။

" လူသား အစစ်များမှ ဟုတ်ပါလေစဟု ကျွန်ုပ် စိတ်မှာ သံသယ ဝင်လာသည်။ ကျွန်ုပ်ရောင်းရင်းသွေး သောက်ရဲဘက်များ၊ စစ်သည်တော်များ၏ အသံဗလံ အရိပ်အရောင်ဟူ၍လည်း လုံးဝမတွေ့တော့ချေ။ ကျွန်ုပ်သည် ပြင်းပြစွာသော တုန်လှုပ်ခြင်းဖြင့် လက်နှစ်ဖက်ကို အနိုင်နိုင်အားယူကာ လက်အုပ်ချီ၍ ...

" ဗုဒ္ဓရှင်တော်ဘုရား၊ ဗုဒ္ဓရှင်တော်ဘုရား "

ဟူသော တမ်းတသံကို ပြုလိုက်မိပါသည်။

" ဗုဒ္ဓ ... ဗုဒ္ဓ "

ကျွန်ုပ်၏ ဦးခေါင်းကို ပေါင်ပေါ်တင်ထားသော အဘိုးကြီးက နှစ်ခြိုက်သဘောကျဟန်ဖြင့် အားရပါးရ ရွတ် လိုက်သည်။

" ဗုဒ္ဓ ၊ ဗုဒ္ဓ .... "

ကျန်အဘိုးကြီးများကလည်း ဝမ်းသာဟန်ဖြင့် ဝိုင်းပြီး ရွတ်ဆိုကြသည်။

ဘုရားရှင်၏ တပည့်တော်များ လူသားအစစ်ဖြစ်ကြချေသည်ဟု ကျွန်ုပ် သံသယရှင်းသွားကာ တအားတက် လာသည်။

ရင်တွင်းမှ ပူလောင်သော ဝေဒနာကား မပျောက်သေး။ လည်ချောင်းနှင့် အာခံတွင်းမှာလည်း ခြောက်ကပ် လျချေသည်။

" ရေပေးပါ "

ကျွန်ုပ်က အားယူပြီး ပြောလိုက်၏။ အဘိုးကြီး ငါးယောက်သည် ကျွန်ုပ်မျက်နှာအား ပြိုင်တူစိုက်ကြည့်ကြ၏။

ထို့နောက် တစ်ဦးနှင့်တစ်ဦး လေးတွဲ့သောလေသံဖြင့် ပြောကြသည်။ သူတို့ပြောသောစကားကို ကျွန်ုပ် တစ်လုံး မှ နားမလည်ချေ။

သူတို့သည် ကျွန်ုပ်မျက်နှာကို စိုက်ကြည့်ကြပြန်သည်။ ထပ်ပြော၍လည်း နားလည်မည်မဟုတ်ဟု ကျွန်ုပ် ကောင်းစွာ သဘောပေါက်သည်။

စိတ်ပျက်စွာဖြင့် ကျွန်ုပ်သည် ပတ်ဝန်းကျင်ကို မျက်လုံးဖြင့် လှည့်ကြည့်မိ၏။

ကံအားလျော်စွာပင် ကျွန်ုပ်၏ ဘေးမှထိုင်နေသော အဘိုးကြီးတစ်ယောက်၏ နောက်ဝယ် ရေစွတ်စိုနေသော စိမ်းလဲ့ သည့် ဝါးကျည်တောက်ကြီးကို တွေ့ရသည်။

ကျွန်ုပ်က ထိုဝါးကျည်တောက်ကို လက်နှင့်ပြသည်။

ကျွန်ုပ် နှုတ်ခမ်းများကိုလည်း လှုပ်ပြသည်။ ထိုအခါမှ သူတို့ သဘောပေါက်ဟန်တူသည်။

ကျွန်ုပ်၏ ဦးခေါင်းကို ပေါင်ပေါ်တင်ထားသော အဘိုးကြီးက ကျွန်ုပ်အား ပွေ့ထူလိုက်သည်။

အဘိုးကြီး တစ်ယောက်က ဝါးကျည်တောက်ကို ယူကာ ကျွန်ုပ်၏ နှုတ်ခမ်းတွင် တော့ပေးသည်။

စိမ့်အေးချိုမြသောရေကို ကျွန်ုပ်သည် အားရပါးရသောက်လိုက်၏။

လည်ချောင်း နှင့် အာခံတွင်းမှာ ခြောက်ကပ်နေသော ဝေဒနာကား သက်သာသွားလေပြီ။

ရင်တွင်းမှ ပူလောင်ခြင်းကား မပျောက်သေးသော်လည်း ဝေဒနာ အခြေအနေကား မခံမရပ်နိုင်အောင် ဆိုးရွားခြင်းကား မဖြစ်တော့ပေ။

ကျွန်ုပ်အား ပွေ့ချီထားသော အဘိုးကြီးကား ခေါင်းဆောင်အကြီးအကဲ ဖြစ်ဟန်တူသည်။

သူသည် ဟိုမှသည်မှ ဦးခေါင်း ပတ်လှည့်ကြည့်လိုက်ပြီး တစ်စုံတစ်ခုကို တွေ့ဟန်နှင့် ကျွန်ုပ်နားမလည်သော စကားကို ပြောလိုက်၏။

အဘိုးကြီးတစ်ယောက်သည် အရွယ်နှင့် မလိုက်အောင် ဖျတ်လတ်လျင်မြန်စွာ ထသွားပြီး မနီးမဝေးရှိ လူတစ်ရပ်ခန့် မြင့်သော မြေကမူကလေးထိပ်မှာ ပေါက်နေသော အပင်ငယ် တစ်ပင်ကို ဆွဲနှုတ်လာခဲ့သည်။

ကျွန်ုပ်အနားသို့ ရောက်လာသောအခါ ကျွန်ုပ်သည် ထိုအပင်ငယ်အား သေချာစွာ ကြည့်လိုက်မိ၏။

အပင်ငယ် ကလေး မှာ တစ်ထွာသာသာမျှရှိသည်။ သစ်ပင်ဟူသမျှ အစိမ်းရောင်သာ မြင်ဖူးခဲ့သော ကျွန်ုပ် သည် ထိုအပင်ကလေးကို မြင်သောအခါ များစွာ အံ့သြမိ၏။

အရိုး၊ အရွက်၊ အမြစ် အားလုံးမှာ မရမ်းစေ့ရောင် ဖြစ်သည်။

အမြစ်မှာ အတိုအရှည် အစဉ်လိုက်ဖြစ်နေသော နှစ်လက်မမျှရှည်သည့် အမြစ်သုံးချောင်းသာရှိ၏။

အပင်ကလေး၏ထိပ်မှာ သုံးဆိုင်ထွက်နေသော ဆီးရွက်သာသာမျှ အရွယ်ရှိသည့် ဝိုင်းစက်သော အရွက်သုံး ရွက်ရှိ၏။ အဘိုးကြီးက

ထိုအပင်ကလေးကို ဝါးကျည်တောက်အတွင်းမှ ရေဖြင့်ဆေးပြီး ကျွန်ုပ်၏ မျက်နှာတူ ရှုရှေ့မှာ လက်တစ်ဖက်ဖြင့် ကိုင်ထားသည်။

အခြားလက်တစ်ဖက်ဖြင့် အရွက်ငယ်သုံးရွက်ကို တစ်ခုစီ လက်ဖြင့်ညွှန်၍ ဗုဒ္ဓ၊ ဓမ္မ၊ သံဃဟု တစ်ခွန်းစီ ဆို သည်။ တစ်ဖန် အမြစ်သုံးမြစ်ကို အလားတူ လက်ဖြင့်ညွှန်၍ ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ဟုဆိုသည်။

ထို့နောက် ကျွန်ုပ်၏ ပါးစပ်ထဲသို့ အပင်ငယ်ကို ထိုးထည့်လေတော့၏။

မြန်မာဘာသာစကားကို မတတ်သည့် မြန်မာလူမျိုးမဟုတ်သော်ငြားလည်း ရတနာသုံးပါးကို ကြည်ညိုရှိသေ သူများဖြစ်ကြောင်းကို ကျွန်ုပ် အတတ်သိရပေပြီ။

ကျွန်ုပ်အား သေအောင် သတ်ခြင်းတော့ မဟုတ်တန်ရာ၊ သူတို့ ဓလေ့ထုံးစံဆေးပင် ဖြစ်ပေလိမ့်မည်ဟု ကျွန်ုပ် တွေးမိ၏။ ကျွန်ုပ်၏ ဘဝအဖို့ကား မည်သို့မျှ ထူးခြားဖွယ်ရာ ဖြစ်လာတော့မည် မဟုတ်ချေ။

သတိလစ် မေ့မြောသွားသော ကျွန်ုပ်အား ရောင်းရင်းရဲဘက်များက သေပြီအထင်ဖြင့် ပစ်ထားခဲ့သည် မဟုတ်ပါလော။

ကျွန်ုပ်၏ ကိုယ်ကိုပင် ကျွန်ုပ် သယ်ယူ ထူထောင်ရန် မဖြစ်နိုင်သော အခြေအနေမှာ ကျွန်ုပ်သည် ငြင်းဆန်မှု ကို မပြုတော့ပေ။

သူတို့ ရွတ်ဆိုသည့်အတိုင်း " ဗုဒ္ဓ ၊ ဓမ္မ၊ သံဃံ " ဟု လိုက်လှဲသော စေတနာဖြင့် ရွတ်ဆိုကာ ယုံကြည်စိတ် ထားပြီး အပင်ငယ်ကို ဝါးစားလိုက်ပါသည်။

ချိုသလိုလိုနှင့် ပူရှိန်းရှိန်း ခါးသက်သက်လိုလို တစ်မျိုးအားဖြင့် ဝါးမျိုစားလိုက်သည်နှင့် တစ်ပြိုင်နက် ရင်တွင်း ဝယ် တင်းကြပ် ပူလောင်နေမှုသည် သက်သာသွားသည်ဟု ထင်ရသည်။

မျက်ခွံများ လေးလာကာ ကျွန်ုပ်သည် စိတ်မတင်းနိုင်တော့ဘဲ အဘိုးကြီးရင်ခွင်မှာပင် နစ်နစ်မြိုက်မြိုက် အိပ် ပျော်သွားလေတော့၏။

စည်သံလိုလို၊ ဗုံသံလိုလို၊ အမျိုးအမည် မခွဲခြားနိုင်သော တူရိယာသံသည် တစ်ချက်ချင်း လေးတွဲ့စွာ မြည် လိုက်သံကြောင့် ကျွန်ုပ်သည် အိပ်ရာမှ နိုးလာလေသည်။

နာကျင်ကိုက်ခဲ ပူလောင်ခြင်း၊ နုံးချည့် မောပန်းခြင်းများမှာ အံ့ဩဖွယ်ရာ ယူပစ်လိုက်သလို ပျောက်ကွယ် သွားလေပြီ။ ကျွန်ုပ်ကား ပကတိ ကျန်းမာ သန်စွမ်းလျက်ရှိ၏။

ကျွန်ုပ်ရောက်နေသော နေရာကား ထူထပ်လှသော ဝါးရုံပင် ခြုံစည်းရိုးများ လေးမျက်နှာ ပတ်လည်ဝိုင်းနေ သော ဥယျာဉ်ကြီးတစ်ခု၏ အလယ်မှာ သစ်ပင် အကိုင်းအခက်ကို ခုတ်ထွင်ကာ တိုင်ပြုပြီး ဆောက်ထားသော ဝါးကြမ်းခင်း၊ ဝါးထရံကာ၊ ဝါးခြမ်းမိုးထားသော တစ်ထပ်အိမ်ငယ် တစ်ခု ဖြစ်သည်။

အိပ်ခန်းမရှိသော အိမ်ငယ်မှာ ဇရပ်နှင့် တူနေသည်။ မြေမှ တစ်တောင်သာမြင့်၏။

ကျွန်ုပ် ခေါင်းအုံး အိပ်သောအရာမှာ ပွယောင်းသော သစ်ခေါက်ကြီးဖြစ်ပြီး၊ အခင်းမှာလည်း ငှင်းသစ်ခေါက်မျိုး ကိုပင် တစ်ခုနှင့်တစ်ခု ယှက်ပြီး ဆက်ထားသည်။

အုံးဆံခေါင်းအုံး၊ အုံးဆံမွေ့ရာကဲ့သို့ အိပ်ရသည်မှာ သက်သောင့် သက်သာရှိလှ၏။ ခြုံစောင်များကား ကျွန်ုပ်၏ ဖျဉ်စောင်အဖြူပင် ဖြစ်သည်။

ကျွန်ုပ်အိပ်ရာမှ လူးလဲထပြီး ရှုပ်ထွေးနေသော ကျွန်ုပ်၏ ရှည်လျား များပြားသော ဆံပင်များကို လက်ဖြင့် သပ်ရပ်အောင် ပင့်တင်ကာ နှစ်ပတ်လှို့ သျှောင်တစောင် ဆံမြိတ်ကွင်း ချထုံးလိုက်သည်။

တဲအိမ်ငယ်ပေါ်မှ ဆင်းလာခဲ့၏။ အိမ်အပြင်ဘက်တွင် ကြီးမားသော ဝါးပိုးကျည်တောက်ကြီးများနှင့် ထည့်ထားသော ရေကိုတွေ့၍ မျက်နှာသစ်လိုက်သည်။

ပတ်ဝန်းကျင်ကို ကြည့်လိုက်ရာ ထူထပ်လှသော ဝါးရုံပင် ခြုံစည်းရိုးမှ မြင့်မားသော ဝါးပင်ကြီးများကြောင့် မည်သည့်အရာကိုမှ မမြင်ရချေ။

ဥယျာဉ်မှာ အတော်ပင် ကျယ်ဝန်းသည်။ ပဲပင်၊ ငရုတ်ပင်၊ သခွားပင်နှင့် အခြား ကျွန်ုပ်အမျိုးအမည် အခွဲ ခြားနိုင်သော အပင်များသည် သူ့နေရာနှင့်သူ ရှင်းလင်းစွာ စိုက်ပျိုးထားသည်။

စိမ်းလန်းသန်စွမ်းစွာ ဖူးပွင့်သီးနေကြသည်မှာ စိတ်ကြည်နူးဖွယ် ကောင်းလှသည်။

ကျွန်ုပ်သည် လှည့်ပတ်သွားလာ ကြည့်ရှုနေရာမှ တစ်နေရာဝယ် နှစ်တောင်မျှကျယ်၍ ဝါးပင်လစ်လပ်နေ သော ထွက်ဝင်သည့် အပေါက်ကို တွေ့ရ၏။

ကျွန်ုပ်သည် ထိုအပေါက်ရှိရာသို့ လာခဲ့သည်။ ဥယျာဉ်အပြင်သို့ ထွက်မည် ဟန်ပြင်လိုက်သော ကျွန်ုပ်သည် ရုတ်တရက် ခြေလှမ်းတန့်သွားရလေသည်။

အပေါက်ဝ တစ်ဖက်တစ်ချက် ဝါးရုံပင်ကွယ်မှ လူနှစ်ယောက်သည် ဘွားခနဲ ပေါ်လာသည်။

လူနှစ်ယောက်မှာ အသက်အရွယ် ကျွန်ုပ်နှင့် တန်းတူမျှရှိဟန် လက္ခဏာ ပေါ်သော်လည်း ကျွန်ုပ်အား ကယ် ဆယ်ခဲ့သော အဘိုးကြီးများနည်းတူပင် ခေါင်းတုံးပြောင်အောင် ရိတ်ထားသည်။

အနီနှင့် အနက်စင်း ခြေသလုံးတစ်ဝက်ကျော်အထိ ရှည်သော သင်တိုင်းကြီးများ ဝတ်ထားသည်။ မျက်နှာနှင့် တကွသော ကိုယ်ခန္ဓာ အသားအရည်မှာ ဖြူဖပ် ဖြူရော် အရောင်ရှိ၏။

သို့သော် ကိုယ်လုံးအဆက်အပေါက်ကား သန်စွမ်းဟန်တူသည်။

သူတို့နှစ်ဦး၏ လက်ထဲတွင် မြားတပ်ပြီး အသင့်ရှိနေသော တောင့်တင်းခိုင်မာသည့် ဒူးလေးကြီးများဖြင့် ကျွန်ုပ်အား ချိန်ရွယ်ကာ နောက်ပြန်ဆုတ်စေလိုသော အမူအရာကို ပြသည်။

သို့တစေလည်း သူတို့၏ အမူအရာကား ကျွန်ုပ်အား မုန်းဟန်ကိုမပြ။ ခပ်မှိုမှို့ မျက်ခွံအောက်မှ ကြောင်တက် တက်မျက်လုံးဖြင့် ကျွန်ုပ်အား ကြည့်နေသော သူတို့၏ မျက်နှာထားသည် ပကတိ အေးမြတည်ငြိမ်လှ၏။ အထက်ကပေးအပ်သည့် တာဝန်အတိုင်းသာ ဆောင်ရွက်နေဟန်တူသည်။

ကျွန်ုပ်အား ကယ်ဆယ်ထားသော အသက်သခင်ကျေးဇူးရှင်များအား ကျွန်ုပ်သည် စိတ်နှလုံး မချမ်းသာ အောင် ဆန့်ကျင်ဘက်မပြုမူလိုသဖြင့် နောက်ကြောင်းပြန်လှည့်ကာ တဲအိမ်ငယ်ပေါ်တွင် ဆိတ်ငြိမ်စွာပင် ထိုင်နေလိုက်တော့၏။

ကျွန်ုပ်၏ ကိုယ်ရေးကို ပြန်စဉ်းစားလိုက်မိ၏။ စစ်ထွက်သော ရောင်းရင်းများသည် ကျွန်ုပ်အား သေပြီဟု တစ်ထစ်ချ ယူဆသွားကြသည်။

စစ်အောင်နိုင်၍ နေပြည်တော်ရတနာသိမ်သို့ ပြန်ကြရသည့်အခါ ကျွန်ုပ်၏ မိဘများသည် သားဖြစ်သူ ကျွန်ုပ်၏ သတင်းကို စနည်းနာမည်မှာ မလွဲပေ။

ကျွန်ုပ်အတွက် မိဘနှစ်ပါး ပူဆွေးရှာကြ ပေလိမ့်မည်။ ချစ်သူရည်းစားဟူ၍ မရှိသော ကျွန်ုပ်တို့အဖို့ မိဘများ ကိုသာ လွမ်းဆွတ်ရတော့သည်။

ကျွန်ုပ် ယခုရောက်နေသော နေရာသည် မည်သည့်ဒေသမှန်းလည်း မသိ။

ဤနေရာ ဤဒေသမှ ထူးဆန်းသော ဤလူများသည် ကျွန်ုပ်အား ပြန်လွှတ်ကြပါမည်လော။

မည်မျှကြာအောင် ကျွန်ုပ်အား သိုလှောင်ထားမည်မသိရချေ။

ကျွန်ုပ်သည် ရောက်တတ်ရာရာ တွေးနေရာမှ အဘိုးကြီးများ ကျွန်ုပ်အား တိုက်ကျွေးခဲ့သည့် ဆေးပင်ကို သတိရမိပြန်၏။

ဤဆေးပင်မျိုးသည် ဤအရပ်ဒေသမှာ ပေါများဟန်တူသည်။ နေပြည်တော် ရတနာသိမ်သို့ ပြန်ခွင့်ရပါက ဤဆေးပင်မျိုး များများတူးသွားမည်။

နေပြည်တော်သို့ ပြန်ရောက်ပါက မင်းတရားကြီးနှင့်တကွသော လူသတ္တဝါတို့၏ အသက်ကို ဤဆေးတစ် လက်ဖြင့် ကယ်တင်နိုင်စွမ်းရှိမည် စသည်ဖြင့် ကျွန်ုပ်သည် အမျှမပြတ် တွေးနေမိစဉ် ဥယျာဉ်တံခါးဝဆီမှ ကျွန်ုပ် နားမလည်သော ဘာသာစကားဖြင့် တစ်စုံတစ်ရာကို မတိုးမကျယ် ပြောသံကြားလိုက်ရ၏။

ကျွန်ုပ် သည် ဥယျာဉ်တံခါးဝဆီသို့ လှမ်းမျှော်ကြည့်လိုက်သည်။

ကျွန်ုပ်အား ဟန့်တားခဲ့သော အစောင့်လူရွယ် နှစ်ယောက်သည် ဒူးလေးကြီးများကို အောက်သို့ချကာ မြေပြင် ပေါ်တွင် ဒူးထောက်ပြီး ခေါင်းငုံ့နေကြသည်ကို တွေ့ရ၏။

အကြီးအကဲများ လာဟန်တူသည်။ ကျွန်ုပ်သည် အမှတ်မထင်ပင် ကြည့်နေလိုက်၏။

ထိုအခိုက် ကျွန်ုပ်အား ကယ်တင်ခဲ့သော အဘိုးကြီးများအနက် ကျွန်ုပ်အား ပွေ့ပိုက်ခဲ့ သောအဘိုးကြီးက ရှေ့ဆုံး မှ ဝင်လာသည်။

ကျွန်ုပ်အား ဆေးပင်နုတ်ပြီး ကျွေးခဲ့သော အဘိုးကြီးက နောက်က လိုက်လာသည်။

၄င်းတို့နှစ်ယောက်၏ နောက်တွင်ကား သစ်သားပန်းတစ်ခု ရွက်ထားသော အသက် ဆယ့်ငါးနှစ်ရွယ် သူငယ် တစ်ယောက်နှင့် အသက်ရွယ်တူလောက်ပင် ရှိမည်ဖြစ်သော အခြားသူတစ်ယောက် လိုက်ပါလာ ကြသည်။

အားလုံးသောသူများမှာ အနီနှင့် အနက်စင်း သင်တိုင်းရှည်ကြီးများ ဆင်တူဝတ်ထားကြသည်။

ခေါင်းတုံး ပြောင်အောင် ရိတ်ထားကြသည်။ သွေးမရှိသလို ဖြူဖပ်ဖြူရော် ရုပ်ရည် သဏ္ဍာန်ချည်းသာ ဖြစ်ကြ သည်။

ခပ်မှိုမှို မျက်ခွံနှင့် ကြောင်တက်တက် မျက်လုံးများကား တူညီလှ၏။

တစ်မိ တစ်ဘဝတည်းမှ ပေါက်ဖွားသော ညီရင်း အစ်ကိုများပေလောဟု ကျွန်ုပ် တွေးမိပါ၏။

သူတို့သည် တည်ငြိမ် အေးဆေးသော ခြေလှမ်းများဖြင့် လျှောက်လာခဲ့ရာ ကျွန်ုပ်ထိုင်နေရာ တဲအိမ်ငယ် ရှေ့သို့ပင် ရောက်လာလေပြီ။

ကျွန်ုပ်သည် အသက်သခင် ကျေးဇူးရှင်များအား ညွှတ်ပျောင်းရှိသေသော စိတ်စေတနာဖြင့် ထိုင်ရာမှထကာ အဘိုးကြီးနှစ်ယောက်ရှိရာသို့ သွားရောက်ပြီး ကျုံ့ကျုံ့ယုံ့ယုံ့ ရပ်လိုက်သည်။ လက်နှစ်ဖက်ကို လက်အုပ်ချီ လိုက်ပါ၏။

တဲရှေ့ဝယ် ကျွန်ုပ်၏ အပြုအမူကို ရပ်ကြည့်နေသော အဘိုးကြီးနှစ်ယောက်၏ ဖြူရော် တည်ငြိမ်သော မျက်နှာကြီး များတွင် နှစ်သိမ့်ဝမ်းမြောက် ကျေနပ်သော အမူအရာ ထင်ရှားစွာ ပေါ်လာသည်ကို ကျွန်ုပ် ကောင်းစွာ သိလိုက်ပါသည်။

ထို့နောက် အဘိုးကြီးနှစ်ယောက်သည် တဲငယ်ပေးသို့ တက်ပြီး ထိုင်လိုက်၏။

ကျွန်ုပ်သည် အဘိုးကြီးနှစ်ယောက်၏ရှေ့တွင် ရိုသေစွာ ထိုင်လိုက်ပါသည်။ သူငယ်လေး နှစ်ယောက်ကား တဲရှေ့ တွင် ရပ်မြဲရပ်လျက် ...

အဘိုးကြီးနှစ်ယောက်ကား ကျွန်ုပ်အား အတန်ကြာ စေ့စေ့ ကြည့်နေပြီးမှ တစ်ယောက်က ရပ်နေကြသော သူငယ်လေးနှစ်ယောက်အား လက်ပြလိုက်၏။

သစ်သားလင်ပန်းကို ရွက်ထားသောသူငယ်သည် သူရွက်လာသော လင်ပန်းကို ကျွန်ုပ်၏ ရှေ့မှာ ချပေး သည်။ တစ်ယောက်သော သူငယ်က တဲရှေ့ရှိ ရေအပြည့်နှင့် ဝါးကျည်တောက်ကြီးကို ယူလာပေးသည်။

သစ်သား လင်ပန်းထဲတွင်ကား စားသောက်စရာများ တစ်ပုံစီ ပုံထားသည်။

အရွက်အသီးများကို ပြုတ်ထားသော အပုံတစ်ပုံ၊ ထမင်းတစ်ပုံ၊ ငှက်ပျောသီးကြီး သုံးလုံးနှင့် ဆားတစ်ပုံသာ ပါ၏။ သားငါး အမဲဟင်းလျာဟူ၍ လုံးဝမပါပေ။

ကျွန်ုပ်အား စားသောက်စေလိုသော အမူအရာကို အဘိုးကြီးများက ပြကြ၏။

အဖျားပျောက်ကင်းပြီဖြစ်၍ နာလန်ထစလူလို ဖြစ်နေသော ကျွန်ုပ်သည် ဆာလောင်လှပြီဖြစ်၍ ကြာရှည်မဆိုင်းဘဲ စားလိုက်သည်။

လင်ပန်းထဲတွင်ရှိသည့် စားစရာများအနက် ဆားအနည်းငယ်သာ ကြွင်းကျန်လေတော့၏။

သူတို့ ကျွေးမွေးသည့် အစားအစာကို ယခုလို နစ်မြိုက်မြိန်ရှက်စွာ စားသည်ကို တွေ့ရသော အဘိုးကြီးနှစ် ယောက်မှာ များစွာ ကျေနပ်ဟန်ပေါ်နေသည်။

ထို့နောက် တစ်စုံတစ်ရာမှ မပြောတော့ဘဲ ကျွန်ုပ်အား ရေယူပေးသော သူငယ်ကို ထားခဲ့ပြီး အားလုံး ပြန် သွားကြလေသည်။

အစဦးသော် သူငယ်လေးသည် ကျွန်ုပ်အနားမှ မခွာဘဲ အမြဲတစေ နေနေသည်ကို ကျွန်ုပ် နားမလည်မိပေ။

ထို့နောက်မှ ကျွန်ုပ် အလိုရှိသည့် အကူအညီကို ပေးရန်၊ တစ်နည်းအားဖြင့် ကျွန်ုပအား စောင့်ကြည့်နေရန် ထားကြောင်း သဘောပေါက်လာရပေသည်။

ကျွန်ုပ်သည် ခြံစည်းရိုးမှ ဝါးကိုင်းကလေးများကို ချိုးယူကာ နေတစ်ကြိမ်ထွက်တိုင်း ဝါးတုတ်ကလေး တစ်ချောင်းကို ထရံမှာ ထိုးကာ အမှတ်အသားပြုလာခဲ့သည်။

ကျွန်ုပ်အား နေ့စဉ် ကျွေးမွေးသော အစာ အာဟာရမှာ ဟင်းသီး ဟင်းရွက်၊ သစ်သီး၊ ထမင်းဖြူနှင့် ဆား၊ သက်သက်လွတ် အစားအစာများသာ ဖြစ်ပေသည်။

ကျွန်ုပ် အပါးတွင် အမြဲတစေ ရှိနေသော သူငယ်လေးနှင့် လက်ပွန်းတတီး နေရသောအခါ သူတို့၏ ဘာသာ စကား ကို ထမင်းစား၊ ရေသောက်မျှ နားလည်လာရသည်။

ကျွန်ုပ်သည် သူငယ်လေးနှင့် စိတ်သဘော ညီညွတ်အောင် လိုက်လျော၍ သူတို့ ဘာသာစကားကို ကြိုးစား သင်ယူလာခဲ့ရာ ကျွန်ုပ်၏ ဝါးတုတ်ငယ်လေးများဖြင့် အမှတ်အသား ပြုချက်အရ ရက်ပေါင်း ခုနစ်ဆယ်ကျော်မျှ အကြာမှာ သူငယ်လေးနှင့် သူတို့ဘာသာအတိုင်း ကောင်းမွန်စွာ နားလည်ပြောဆိုနိုင် သောအခြေအနေသို့ ရောက်လာခဲ့သည်။

ကျွန်ုပ်သည် ဤဉယျာဉ်ထဲမှ ထွက်ခွင့်ကိုကား လုံးဝ မရချေ။

ဉယျာဉ်တံခါးဝတွင် ဒူးလေးကိုင် အစောင့် နစ်ယောက်သည် အမြဲတစေ စောင့်ကြပ်လျက်ရှိ၏။

မည်သည့်လ၊ မည်သည့်နေ့၊ မည်သည့်ရာသီဉတု ဟူ၍လည်း ကျွန်ုပ်မသိတော့ချေ။

ကျွန်ုပ် ဤနေရာရောက်ပြီး ရက်ပေါင်း တစ်ရာ့တစ်ဆယ့်ငါးရက်သို့ တိုင်လာခဲ့သော နေ့တွင်ကား သူငယ်လေး သည် ကျွန်ုပ်အား အောက်ပါအတိုင်းပြောပြ၏။

" နင့် အဝတ်တွေက ပေနေပြီ၊ ဟောင်းနေပြီ၊ နက်ဖြန်တို့များဝတ်တဲ့ သင်တိုင်းမျိုးတစ်ထည် နင် ဝတ်ရမယ် "

" ဘယ်သူ က ငါ့ကို ပေးမှာလဲ "

ကျွန်ုပ်က မေးလိုက်၏။

" ဟဲ့ ... တို့စော်ကဲကြီး ယူလာမှာပေါ့၊ နက်ဖြန်ဆိုရင် ဗုဒ္ဓကို သွားပြီး ရှိခိုးရမယ့်နေ့ပဲ၊ တို့များရွာက လူတွေ အားလုံး သွားရမယ်၊ ဘုရင်မပါ ဗုဒ္ဓဆီကို လာရှိခိုးမှာ "

" ဘာ ... ဘုရင်မ ဟုတ်လား "

ကျွန်ုပ်က အံ့အားသင့်စွာ မေးလိုက်သည်။

" အေးပေါ့ ... တို့ဘုရင်မက သိပ်လှတယ်၊ ဒါပေမယ့် နင်သူ့ကို သိပ်မကြည့်နဲ့၊ ဘုရင်မအနားမှာ စောင့်တဲ့ လူတွေက နင့်မျက်လုံးကို ဒူးလေးနဲ့ ပစ်လိုက်လိမ့်မယ်"

" ငါက တခြားကလာတဲ့လူကွယ့်၊ နင်တို့လူမျိုးမှ မဟုတ်ဘဲ၊ ဗုဒ္ဓကို သွားရှိခိုးရမယ့်နေရာကို ငါ လိုက်ခွင့်ရပ့ါ မလား"

" ဟဲ့ ... အားလုံး လူတွေသွားရမှာ၊ နင့်ကို ဒီမှာ တစ်ယောက်တည်းထားခဲ့လို့ ဘယ်ဖြစ်မလဲ၊ နင် ထွက်ပြေး မှာပေါ့၊ နင့်ကိုလဲ ဒူးလေးကိုင်နှစ်ယောက်က စောင့်ခေါ်မယ်၊ ငါလဲ နင့်အနားမှာ အမြဲရှိမယ် "

" ငါ့ကို ဘယ်တော့မှ ပြန်မလွှတ်တော့ဘူးလား "

ကျွန်ုပ်က ဤသို့ မေးလိုက်သောအခါ သူငယ်ကလေးသည် အသံမထွက်ဘဲ အားရပါးရ ရယ်လိုက်ပြီး ကျွန်ုပ် နားလည်သဘောပေါက်အောင် ပြောပြလေသည်။ သူငယ်လေးပြောပြ၍ သိရသည်ကား ...။

ယခု ကျွန်ုပ် ရောက်ရှိနေသောနေရာသည် မြေပြင်ဒေသ မဟုတ်ဘဲ " နောင်စင်ငဲ့ " အမည်ရှိသော တောင် တန်းပေါ် တွင် ရောက်နေခြင်းဖြစ်သည်။

ဤနောင်စင်ငဲ့ တောင်တန်းတွင် ရှေးလွန်လေပြီးသော နှစ်ပရိစ္ဆေဒ ကြာမြင့်စွာကပင် နေထိုင်လာခဲ့သော လူများသည် ကရင်လူမျိုး အစစ်ဖြစ်ကြသော်လည်း အခြားသောနေရာဒေသရှိ ကရင်များနှင့် ဆက်သွယ် ပေါင်းယှက် ကူးလူးသွားလာခြင်း လုံးဝမပြုဘဲ၊ သီးသန့် တစ်နယ် တစ်ရွာ တည်ထောင်နေထိုင် ကြကြောင်း။

သတ္တဝါတို့၏ သွေးသားပါသော အစားအစာကို လုံးဝ မစားဘဲ သက်သတ်လွတ်သာလျှင် စားသောက်ကြ ကြောင်း၊ မကျန်းမမာဖြစ်လာလျှင် သေနေ့စေ့သောသူမှအပ မည်သည့် ဝေဒနာမဆို ဗုဒ္ဓ၊ ဓမ္မ၊ သံဃ သုံးပါး ပါရှိသော ဗုဒ္ဓဆေးပင် (ကျွန်ုပ်အား တိုက်ကျွေးခဲ့သောဆေးပင် ဖြစ်ဟန်တူသည်) သာ တိုက်ကျွေးက ကျန်း မာ၍ အသက် ချမ်းသာရာရကြောင်း။

တစ်ကြိမ် နှစ်ကြိမ် တောင်ထွတ်ပေါ်ရှိ ဗုဒ္ဓကို ကလေးလူကြီး တစ်ယောက်မကျန် သွားရောက် ဖူးမြော်ရ ကြောင်း၊ ဗုဒ္ဓပူဇော်ပွဲကို ဘုရင်မကိုယ်တိုင် အခမ်းအနားဖြင့် ထွက်တော်မူကြောင်း။

ဗုဒ္ဓ စံတော်မူရာ တောင်ထွတ်ဝယ် ဆေးပင်များ အများအပြားရှိကြောင်း စသည်ဖြင့် ကျွန်ုပ် သိရသည်။

သူငယ်လေး ၏ စကားအရ၊ ဗုဒ္ဓဆေးပင်သည် အခြားသော နေရာဒေသမှာ တွေ့ရှိနိုင်ရန် အလွန်ခဲယဉ်းလှ သည်။ ကျွန်ုပ်အဖို့ ကံကောင်းထောက်မသဖြင့် သေနေ့ မစေ့သေးသောကြောင့် ခဲခဲယဉ်းယဉ်းတစ်ပင်မျှ အဆင်သင့် တွေ့ရကြောင်း သိရ၏။

ထိုနေ့ကလည်း အကြီးအကဲ အဘိုးကြီး ငါးယောက်သည် ပြုနေကျ ဝတ္တရားအတိုင်း ဘုရင်မစံတော်မူရာ နန်းအနီးရှိ လိုဏ်ဂူထဲမှ ကမ္ဘာဦးကာလကပင် အလိုအလျောက်တည်ရှိနေသော ကျောက်ဥဒေါင်းရုပ်ကြီးကို ဆီမီး ပန်း နံ့သာဖြင့် ပူဇော်နေဆဲဝယ် ကျောက်ဥဒေါင်းကြီးသည် တစ်ချက်မျှ မသိမသာ မြည်ကြွေး လိုက်သည် ကို ကြားရသည်ဟု ဆိုသည်။

၎င်း အထိမ်းအမှတ်ကား ဘုရင်မစံတော်မူရာ "နောင်စင့်" တောင်တန်းအနီးဝယ် သူစိမ်း တစ်သီးတစ်ယောက် ရောက်ရှိ နေပြီဟူသော အဓိပ္ပာယ်ပင်ဖြစ်သည်။

ရန်သူ ဖြစ်ပါမူ ကျောက်ဥဒေါင်းရုပ်ကြီးက သုံးကြိမ်တွန်ကျူးသည်ဟုဆို၏။ ကျောက်ဥဒေါင်းရုပ်ကြီး သတိပေး ချက် အရ လူကြီး ငါးယောက်သည် နောင်စင့်တောင်တန်းပေါ်မှ ဆင်းလာကာ ရောက်ရှိနေမည့် တစ်စုံ တစ်ယောက် သော သူအား ရှာဖွေရာ တစ်နေကုန်၍ နေဝင်ခါနီးမှ ကျွန်ုပ်အား တွေ့ရသည်။

ကျွန်ုပ်၏ ခံ့ညားချောမောသော မျက်နှာ၊ ဝင်းဝါသော အသားနှင့် ရှည်လျားသောဆံပင်များကြောင့် မိန်းမ ဟူသော အမှတ်ဖြင့် တောင်တန်းပေါ်သို့ တင်ယူ ခေါ်ဆောင်ခဲ့ရာ တောင်တန်းပေါ်ရောက်၍

မိန်းမများနှင့် သေချာ စွာ စစ်ဆေးကြည့်ရှုမှ ယောက်ျားဖြစ်နေကြောင်း သိရသည်ဟု ဆိုသည်။

သို့သော် ဤနောင်စင့်မှာ နေသူအားလုံးသည် သစ္စာ၊ သမာဓိ ရှိသောလူများ၊ သူတော်ကောင်းတရားရှိသော သူများ ဖြစ်ကြသဖြင့် ကျွန်ုပ်အား တစ်စုံတစ်ရာ နှိပ်စက်ခြင်းမပြုဘဲ ဤဥယျာဉ်ထဲမှာ သီးသန့်ထားကြသည်။

ဒူးလေးကိုင် စစ်သည်တော်များသည် တဖက်သားအား အကြောင်းမဲ့ ညှဉ်းဆဲ ဆတ်ဖြတ်ခြင်း မပြုမူဘဲ သူတို့၏ စည်းကမ်း ဥပဒေကို ဆန့်ကျင်သူ ဗုဒ္ဓစံရာ တောင်ထွတ်နှင့်တကွသော "နောင်စင့်" တောင်တန်း မှာ နေထိုင် သူများ အား ဖျက်ဆီးနှိပ်စက်လိုသူများကိုသာ ဒူးလေးဖြင့် အသေဆုံးမသည်။

ဘုရင်မ အတွက်ဆိုလျှင် အသက် စွန့်ကြမည့်သူများမှာ အားလုံးပင်ဖြစ်ကြောင်း ကျွန်ုပ် သိရပေသည်။

" ဘုရင်မ နာမည် ဘယ်လိုခေါ်လဲ "

ကျွန်ုပ် က မေးလိုက်သည်။

" ဘုရင်မ နန့်နောင်းခါရီ "

သူငယ်ကလေးကဖြေပြီး ဥယျာဉ်တံခါးဝသို့ လှမ်းမျှော်ကြည့်လိုက်သဖြင့် ကျွန်ုပ်ကပါ လှည့်ကြည့်လိုက်သည်။

ကျွန်ုပ်အတွက် စားသောက်စရာများ လာပို့သော သူငယ်သည် ခေါင်းတုံးပြောင်ပေါ်တွင် သစ်သားလင်ပန်း ကို ရွက်ပြီး အေးဆေးတည်ငြိမ်စွာ လာနေသည်ကို တွေ့ရ၏။

" နေပါဦးကွယ့်၊ ငါ့ကို ပြန်မလွှတ်တော့ဘူးလား "

ထမင်းပို့လာသော သူငယ်ကလေးအနီး ရောက်မလာမီ ကျွန်ုပ်က အရေးတကြီး မေးလိုက်၏။ သူငယ်ကလေးက ဦးခေါင်းကို ဖြည်းလေးစွာ ခါလိုက်သည်။

တို့ ပြည်တို့နယ်ထဲရောက်ပြီးမှ ပြန်ခွင့်ပြုလိုက်ရင် ဗုဒ္ဓရယ် ဆေးပင်ရယ် ဘုရင်မရယ် တို့တတွေ ဒီမှာ ရှိနေ ကြောင်း ကို နင်တို့တိုင်းပြည်ကလူတွေ သိကုန်မှာပေါ့၊ နင်နဲ့ တို့ဘုရင်မနဲ့ ဦးခေါင်းချင်းတူလို့ နင့်ကို မိန်းမ ထင်ပြီး ခေါ်လာတာ။ စတွေ့ကတည်းက ယောကျ်ားမှန်းသိရင် နင့်ကို ဒီအတိုင်း ပစ်ထားခဲ့မှာပေါ့ "

သူငယ်လေးက စကားကို အဆုံးသတ်ကာ ရုတ်ခနဲ ထပြီး တဲအောက်သို့ ဆင်းသွားလေတော့၏။

-------------------------------

## အခန်း (၂)

တောကြက်များ တောင်ပံရိုက်ကာ သာယာစွာ တွန်ကျူးသံကြောင့် ကျွန်ုပ်သည် အိပ်ရာမှ နိုးလာသည်။ ချမ်း အေး လှ သဖြင့် ကျွန်ုပ်သည် အိပ်ရာထဲမှ မထဘဲ ကွေးမြဲတိုင်း ကွေးနေမိသည်။

တောကြက်များ တွန်သံကိုကြားမှ ကျွန်ုပ် သတိထားမိသည်ကား ကျွန်ုပ် စရောက်သည့်နေ့မှစ၍ ခွေးဟောင် သံ ကို လုံးဝ မကြားမိခြင်း ဖြစ်ပေ၏။

လူနေအိမ်ခြေ ရှိနေလျှင် ခွေးကတော့ ရှိစမြဲပင်။ ကျွန်ုပ်နေထိုင်ရာမှာ လူသူအဆက်ဝေး၍ပင် ခွေးသံကို မကြားလေ သလားဟု တွေးမိ၏။

တောကြက်များ တွန်သံနှင့် မရေးမနှောင်းပင် ကျွဲချိုမှုတ်သံလိုလို အသံများ၊ စည်သံလိုလို အသံများ၊ မောင်း သံလိုလို အသံများသည် အချိတ်အဆက် မှန်မှန် ထွက်ပေါ်လာသည်။ ဆိတ်ငြိမ်လှသော အရုဏ်ဦး အချိန် ဝယ် လေးတွဲ့ သာယာလျသော တူရိယာသံများသည် စိတ်ဘဝင် ညွတ်နူးဖွယ် ကောင်းလှပါဘိ၏။

ကျွန်ုပ်၏စိတ်သည် မတည်မငြိမ် ပျံ့လွင့်ကာ လွမ်းဆွတ်တမ်းတမှုပေါ်လာသည်။

ထိုအခိုက် သူငယ်လေးက ကျွန်ုပ်မနိုးသေး အထင်ဖြင့် လာနှိုးသည်။

" နိုးနေပါပြီကွယ့်၊ ဒါထက် မင်းလဲ ငါနဲ့နေတာ ကြာလှပြီ၊ နာမည်လဲ အခုထက်ထိ မသိရ၊ မင်းနာမည် ဘယ်လိုခေါ်လဲ "

" ဟော ... ငါ့နာမည် စောဝေဖော်၊ နင့်နာမည်ရော "

" ဗလတဲ့ မှတ်ထား "

" အေး ... ဗားလား ... ဗားလား ထတော့ "

ကျွန်ုပ်သည် ပျော်ရွှင်ခြင်း ကင်းမဲ့သည့်အထဲကပင် သူငယ်လေး၏ ခေါ်သံကြောင့် ရယ်လိုက်မိ၏။

မျက်နှာသစ် ကိုယ်လက် သုတ်သင်ပြီးသော် မိုးကောင်းကင်သည် ပိုမိုကြည်လင် ပြတ်သားစွာ မြင်နိုင်အောင် လင်းလာပြီဖြစ်၏။

မကြာမီ ကျွန်ုပ်အား ကယ်တင်ပြီး ဝေဒနာ ကင်းပျောက်သည့်နေ့မှာ တစ်ကြိမ်သာလျှင် လာပြီး တစ်ခါ တစ်ခေါက်မှ မပေါ်လာသော အကြီးအကဲ

အဘိုးကြီး နှစ်ယောက်သည် နောက်ပါ ဒူးလေးကိုင် စစ်သားနှစ် ယောက် နှင့် ကျွန်ုပ်ရှိရာ ရောက်လာသည်။

သူတို့၏ နောက်ပါးဝယ် ကျွန်ုပ်အား ထမင်းပို့နေကျ သူငယ်လေးက အနီနှင့် အနက်စင်း အသစ်စက်စက် မာတောင့်နေသေးသော ဂျပ်ခုပ်သင်တိုင်းကြီး တစ်ထည်ကို ကိုင်လာသည်။

" ငါ့အသက်ကို ကယ်တင်ထားတဲ့ ကျေးဇူးရှင် အဖေတို့ကို ငါ ရှိခိုးပါတယ် "

သူတို့ဘာသာတွင် ကျွန်တော်၊ ကျွန်ုပ်၊ ခင်ဗျား ဟူသော စကားမရှိ၊ နင်၊ ငါ၊ အရှင်၊ သခင် ဟူသော စကား သာရှိသည်။

တဲရှေ့သို့ ရောက်လာသော အဘိုးကြီး နှစ်ယောက်အား ကျွန်ုပ်က ရိုသေစွာ နှုတ်ဆက်ကာ လက်အုပ်ချီ လိုက်ပါသည်။ လူမျိုးချင်း မတူစေကာမူ သူတို့၏ အသက်အရွယ်ကလည်း ရိုသေထိုက်သည်။ ကျေးဇူးရှင် လည်း ဖြစ်သည်။

အကျင့်စာရိတ္တ၊ သစ္စာ၊ သမာဓိကိုလည်း သိပြီးဖြစ်၍ ကျွန်ုပ်စိတ်တွင် ကြည်ညိုနေသည်။ တစ်ဦးမေတ္တာ တစ်ဦး မှာ ဆိုသော စကားအတိုင်းပင် အဘိုးကြီးနှစ်ယောက်ကလည်း ကျွန်ုပ်အား ကြင်နာပုံရသည်။

" ဟေး ... နင် တော်တော် စကားပြောတတ်နေပြီ၊ နင့်နာမည်ကိုပြော "

ကျွန်ုပ်အား ပွေ့ထူခဲ့သော အဘိုးကြီးက မေးလိုက်၏။

" ဗလလို့ခေါ်တယ် အဖေ "

" အေး ... ဗားလား ... နင့်အဝတ်တွေချွတ်၊ တို့အဝတ်ကို "

အဘိုးကြီးက ပြောလိုက်သောအခါ သင်တိုင်းကို ပွေ့ယူလာသော သူငယ်လေးက ကျွန်ုပ်အား သင်တိုင်းကို လှမ်းပေးသည်။

ကျွန်ုပ်သည် သူတို့အလိုအတိုင်း ကျွန်ုပ်၏ အဝတ်ပေဟာင်းများကိုချွတ်ကာ သင်တိုင်းကို ဝတ်လိုက်ပါသည်။

" အေး နင်အခုမှ လှသွားတယ် "

အဘိုးကြီးနှစ်ယောက်က သဘောကျစွာပြောပြီး တည်ငြိမ်ကာ မျက်နှာထားကြီးများဖြင့် ကြည့်နေကြသည်။ သို့သော် ကျွန်ုပ်၏ စိတ်ထဲမှာကား လှသည်ဟုမထင်၊ ကျွန်ုပ်၏ ရုပ်သွင်သည် ရယ်စရာကြီး ဖြစ်နေသည်။ သို့သော် နှစ်ခြိုက်ဟန်ဆောင်နေရ၏။

" ငါ့သား ... နင်သိအောင် ကြိုတင် ပြောထားမယ်၊ ငါက ဒီ နှောင်စဝဲ့တောင်တန်းမှာ ဘုရင်မကလွဲရင် တန်ခိုး အကြီးဆုံးပဲ၊ ငါ့နာမည်က ဖူးသာကိုကွီလို့ခေါ်တယ်၊ အဓိပ္ပာယ်က ငှက်ပျောပင် အနှစ်ပေါ့၊ ဒီအကြီး အကဲ ရာထူး ကို မျိုးရိုး အစဉ်အလိုက် ဆက်ဆံရတဲ့ ထုံးစံရှိတယ်၊ ဒါကြောင့် ငယ်နာမည် ဘာပဲဖြစ်ဖြစ် အကြီးအကဲ ရာထူး ဆက်ခံလိုက်ရင် ဖူးသာကိုကွီးလို့ အမည်ခံရတယ်၊ အခု တို့တစ်တွေ တစ်နှစ်တစ်ခါ ကျင်း ပမြဲဖြစ်တဲ့ ဗုဒ္ဓ ပူဇော်ပွဲ ကို သွားရမယ်၊ ရှေ့ဆုံးက အတီးအမှုတ်တွေနဲ့ ဆီမီးပန်းနံ့သာကိုင်စွဲတဲ့လူတွေ၊ အဲဒီနောက်က ဒူးလေး စစ်သား တွေ၊ အဲဒီနောက်က ဘုရင်မနဲ့ အခြံအရံတွေ၊ အဲဒီနောက်က ငါ၊ နင်က ငါ့ နောက်က လိုက်ရမယ်၊ ငါလုပ်သလိုလုပ်၊ ငါနေသလိုနေ၊ မမှားစေနဲ့၊ မှားရင် ဒူးလေးကိုင်တွေက နင့်ကိုပစ် သတ် လိမ့်မယ်၊ ဘုရင်မကိုလဲ နင် သေသေချာချာ စေ့စေ့မကြည့်ရဘူး ကြားလား၊ နာလည်လား ဗားလား "

" နားလည်ပါတယ် အဖေ "

" အေး ... လာ သွားကြစို့ "

အဘိုးကြီးနှစ်ယောက်က ရှေ့မှသွားသည်။ သူတို့နောက်က ကျွန်ုပ်လိုက်ရသည်။ ဒူးလေးကိုင် နှစ်ယောက်က ကျွန်ုပ် ၏ တစ်ဖက်တစ်ချက်တွင် ဒူးလေးကို အဆင်သင့် မြားတင်ပြီး လိုက်လာသည်။

မည်သို့ပင် ဖြစ်စေ အကျယ်ချုပ်ခံနေရသော ဤဥယျာဉ်ထဲမှ ထွက်ရပေတော့မည်။ နယ်မြေဒေသ အနေအထား လမ်းခရီး အဆက်အသွယ် အခြေအနေ၊ သူတို့၏ နေခင်းထိုင်ခင်းကို တွေ့မြင် အကဲခတ်ခွင့် ရပြီဖြစ် ၍ ကျွန်ုပ် ဝမ်းသာမိသည်။

ဥယျာဉ်တံခါးဝမှ ထွက်လိုက်သောအခါ ကျွန်ုပ်မှာ အံ့အားသင့်မိ၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ် အကျယ်ချုပ်ခံနေရသော ဥယျာဉ်၏ရှေ့-နောက်-ဝဲ-ယာ ပတ်ဝန်းကျင် တောင်စောင်း တောင်ကုန်းတို့တွင် ဥယျာဉ် ပန်းခြံ၊ ယာခင်းများဖြင့် ကျွန်ုပ်နေသော တဲငယ်မျိုး အကြီးအငယ်ပေါင်းမြောက်မြားစွာကို အစီအရီ တွေ့ ရသည်။

ကျွန်ုပ်နေရသော ခြံစည်းရိုးနှင့် ဆက်လျက် နီးကပ်စွာ တည်ဆောက်ထားသော အိမ်များကို တွေ့ရသည်။ ဒူးလေး ကိုင် လူများကိုလည်း အိမ်တိုင်း နေရာတိုင်းမှာတွေ့ရသည်။

အဘယ်နည်းဖြင့် ကျွန်ုပ် ထွက်ပြေးလွတ်မြောက်နိုင်ပါမည်နည်း၊ ဤမျှလောက် နီးကပ်စွာ တည်ရှိနေသော အိမ်များမှ ခွေးမရှိ၍ ခွေးသံမကြားရသည် ထားဘိဦး၊ လူကြီးသံ၊ ကလေးသံ ဆိတ်လှသည်ကား အံ့ဖွယ်ပင် ကောင်းသေး တော့၏။

အသံဗလံ လုံးဝမကြားရ၍ လူသူနှင့်ဝေးရာမှာ ကျွန်ုပ်ကို ထားသည်ဟု ထင်မိသည်မှာ မှားလေစွ၊ ဝါးရုံခြံ စည်းရိုး ကို ဖောက်ပြေးမည်ဟု ကျွန်ုပ်

ကြုံမိခဲ့သော်လည်း သူငယ် ဝေဖော်နှင့် ဒူးလေးနှစ်ယောက် မလစ်၍ ကျွန်ုပ်အကြံ အထမမြောက်ခဲ့သည်မှာ ကံကောင်းလေစွ၊ ဖောက်ပြီးပြေးမိလျှင် ဒူးလေးစာဖြစ်မည်မှာ မလွဲ ချေ။

ကျွန်ုပ်သည် ဣန္ဒြေရရပင် ဖူးသာကိုကွီးနောက်မှ လှမ်းမှန်မှန်ဖြင့် လိုက်လာခဲ့သည်။ ကျွန်ုပ်အား စောင့်ရှောက် နေကြပြန် တူသော ပတ်ဝန်းကျင်မှ ဒူးလေးကိုင်များသည် ကျွန်ုပ်တို့မှနောက်စုရုံးလိုက်လာကြ ၏။

အားလုံးသောလူများမှာ ဖူးသာကိုကွီးမှစ၍ ခေါင်းတုံးပြောင်ပြောင်၊ အနီနှင့် အနက်စင်း သင့်တိုင်းရှည်၊ ဖြူ ရေသော မျက်နှာ၊ ခပ်မို့မို့မျက်ခွံ၊ ကြောင်တက်တက် မျက်လုံးဖြင့် တညီတည်း တဆင်တည်းဖြစ်သည်။

တစ်မျိုးတည်းသော သစ်သားကို တစ်ဦးတည်းသောပန်းဆရာက တစ်ပုံဂံတည်း ထုလုပ်ထားသော ပန်းပု ရုပ်များနှင့်တူ၏။ အရွယ်၊ အလုံးအရပ်၊ အနိမ့်အမြင့်၊ အပိန်အဝသာ ကွာခြားသည်။

သို့သော် ... ဖူးသာကိုကွီမှစပြီး အားလုံး သန်စွမ်းလျင်မြန်ဖျတ်လတ်သူများချည်းဖြစ်၏။ မိန်းမဟူ၍ တစ်ဦး တစ်ယောက်မျှ မမြင်ရချေ။

ကလေး မြေးငယ် နို့စို့နို့ညှာ အရွယ်ဟူ၍ လည်း လုံးဝ မတွေ့ရ။ အတော်ခပ်ဝေးဝေးဆီမှ ပျံ့လွင့်လာသော ကျွန်ုပ် မဖော်ပြတတ်သည့် လေးတွဲ့တွဲ့ တူရိယာသံမှအပ ကျွန်ုပ်တို့ လမ်းလျှောက်သည့် ခြေသံကိုသာ ကြားခဲ့ရသည်။

ဆင်းချည်တက်ချည်ဖြင့် များစွာသော အိမ်များကို ဖြတ်ကျော်လာခဲ့ပြီးသည့်နောက် ကျွန်ုပ်တို့ ဖြတ်ကျော် လာခဲ့သော တောင်များထက် များစွာမြင့်သော တောင်တစ်လုံးကို တက်ရသည်။

တူရိယာသံသည် ထိုတောင်ခါးလယ်ဆီမှ ထွက်ပေါ်လာနေသည်။ အိမ်များသည် တဖြည်းဖြည်းကျဲလာ သည်။ တောင် ခါးလယ် ဆီသို့ ရောက်သောအခါ တူရိယာသံသည် နီးကပ်စွာကြားရ၏။

ထဝေါဝေါ စီးကျနေသော ရေတံခွန်သံကို ကြားရသဖြင့် ကျွန်ုပ် မျှော်ကြည့်လိုက်သည်။ တောင်ကမ်းပါးယံ တစ်နေရာဝယ် ငွေပန်းဆိုင်းကြီးနှင့်တူသော ရေတံခွန်ကြီးသည် လှပသွယ်ဖြာကာ အောက်ခြေရှိ ကျောက် အိုင်ကြီး တစ်ခု အတွင်းသို့ ရေပန်းများ တဖွားဖွားထစေလျက် စီးကျနေသည်။

စမ်းအိုင်မှာ ဘေးပတ်ဝန်းကျင်တွင် သန့်ရှင်းစင်ကြယ်စွာဖြင့် လှပသောပန်းပင်များ အစီအရီ ညီညာစွာ စိုက် ပျိုး ထားသည်။

စမ်းအိုင်မှ လူသွားလမ်းကလေးတစ်ခုသည် တစ်ဖက်တောင်ကမ်းပါးယံအမြင့်ဆီသို့ ကွေ့ကောက်စွာ တက် သွား၏။ လမ်းဘေးနှစ်ဖက်တွင်လည်း ဖူးပွင့်ဝေဆာစွာ လှပသော ပန်းပင်များ အဆက်မပြတ် စိုက်ပျိုးထား သည်။

လူသွားလမ်းလေးသည် တောင်ခါးလယ်လောက်တွင် ရှိနေသော တောင်ထွတ်ကလေးထိပ်ရှိ ခပ်မြင့်မြင့် အိမ် တစ်ဆောင် တွင် လမ်းဆုံးသွားလေသည်။

ထို့နောက် ကျွန်ုပ် သတိထားမိသည်ကား ကျွန်ုပ်တို့သည်လည်း ကိုအိမ်မြင့်ကိုပင် ဦးတည်သွားနေကြောင်း ပင်ဖြစ်၏။

တောင်ထွတ်ကလေး၏ ရှေ့ဘက်မျက်နှာစာ တောင်ထွတ်ကလေးအခြေကို ကျွန်ုပ်တို့ ရောက်နေလေပြီ။ ထိုနေရာ ၌ ကျွန်ုပ်တို့ ရပ်လိုက်ကြ၏။

တူရိယာသံသည် အိမ်မြင့်ရှေ့မှ တီးမှုတ်နေကြောင်း သိရ၏။ မြောက်မြားလှစွာသော ဒူးလေးကိုင် စစ်သည် များ သည် စနစ်တကျ လမ်းတစ်ဖက် တစ်ချက်မှာ စီတန်း ရပ်နေကြသည်။

ထိုနေရာရောက်မှ ငြိမ်သက်စွာ ကိုယ့်အုပ်စုနှင့်ကိုယ် ရပ်နေကြသော မိန်းမများ ကလေးများကို တွေ့ရ၏။ ယောက်ျားဟူသမျှ အားလုံးမှာ ခေါင်းတုံးပြောင်အောင် တညီတညာတည်း ရိတ်ထားသည်ကို ကျွန်ုပ်စိတ် တွင် အထူး အဆန်း မဟုတ်တော့သော်လည်း မိန်းမများအားလုံး၊ ကလေးများ အားလုံးမှာလည်း ခေါင်းတုံး ပြောင်အောင် ပင် ရိတ်ထားသည်ကို တွေ့ရသော ကျွန်ုပ်သည် မအံ့ဩဘဲ မနေနိုင်တော့ချေ။

မိန်းမ များ၊ ကလေးများမှာလည်း အနီရှင့် အနက်စင်း သင်တိုင်းကို တညီတညာတည်း၊ တစ်ဆင်တည်း ဝတ်ထားကြသည်။

အကယ်၍သာ စိမ်းလဲ့လဲ့ မြရည်သွေးပေါက်နေသော ကျောက်တစ်မျိုးကို ဆွဲကုံးအဖြစ်သီပြီး လည်တွင် ဝတ်ဆင်မထားပါက မိန်းမ ယောက်ျား ခွဲခြားရန်ပင် ခက်ပေလိမ့်မည်။

ယောက်ျား၊ မိန်းမ၊ ကလေးအားလုံး ဖြူရော်သောအသားအရည်၊ မျက်နှာ၊ မို့မောက်သော မျက်ခွံ၊ ကြောင် တက်တက်မျက်လုံးများက တစ်ပုံစံတည်းပေ။

ဘယ်လိုတိုင်းပြည်၊ ဘယ်လိုလူမျိုးထဲ ငါရောက်နေပါလိမ့်ဟု ကျွန်ုပ်တွေးမိ၏။ တည်ကြည် ခံ့ညား ချော မောသော မျက်နှာ၊ ဝါဝင်းသော အသားအရည်နှင့် ရှည်လျားများပြားသော ဆံပင်ကို ဆံမြိတ်ကွင်းချကာ သျှောင်တစောင်းထုံးထားသော ကျွန်ုပ်အား သူတို့သည် တည်ငြိမ်သော မျက်နှာဖြင့် ကြည့်ကြသည်။

ကလေးများကလည်း ငိုကြွေးခြင်း၊ လှုပ်ရှားခြင်း၊ ဆော့ကစားခြင်းမရှိ၊ ငြိမ်လှချေ၏။ ကျွန်ုပ်သည် အနားတွင် ကပ်လျက်ရှိနေသော စောဝေဖော်အား မေးမြန်းချင်သော်လည်း မည်သူမျှ နှုတ်ခမ်းလှုပ်သည်ကို မမြင်ရ၍ သူတို့၏ စည်းကမ်းဥပဒေကို မချိုးဖောက်လိုသဖြင့် ဆိတ်ငြိမ်စွာပင် နှုတ်ပိတ်နေလိုက်ရသည်။

အကြီးအကဲ အဘိုးကြီး ဖူးသာကိုကွီကား ဤနေရာသို့ ရောက်သည့် အချိန်ကပင် ကျွန်ုပ်တို့အား ထားခဲ့ပြီး တောင်ထွက်ကလေးထိပ်ရှိ အိမ်မြင့်ပေးသို့ တက်သွားပြီဖြစ်၏။ ကျွန်ုပ်သည် များစွာ မမြင့်လွန်းလှသော ကောင်းမွန်စွာ မြင်နေရသည့် တောင်ထွတ်ကလေးထိပ်ရှိ အိမ်မြင့်ကို လှမ်းမျှော်ကြည့်လိုက်ပါသည်။

သစ်သားတိုင်၊ သစ်သားကာ၍ ဝါးကပ်မိုးထားသော အိမ်မှာ တစ်နည်းအားဖြင့် ကြည့်၍လှစွာ အဆောင် ဆောင် အခန်းခန်းထုတ်ပြီး ဆောက်လုပ်ထားသဖြင့် နန်းတော်ငယ်ကလေးနှင့်တူသည်။

အခင်းမှာလည်း သစ်သားပင် ဖြစ်ပေလိမ့်မည်ဟု ခန့်မှန်းရ၏။ အမြင့်မှာ လူတစ်ရပ်ကျော်မျှ မြင့်၏။ တံခါး ပေါက်တိုင်းတွင် ခန်းဆီးသဖွယ် အရောင်မျိုးစုံ ပန်းကုံးများ ချိတ်ဆွဲထားသည်မှာ တင့်တယ်လှပေသည်။

အိမ်ပေါ်မှဆင်းရာ လှေကားထစ် တစ်လျှောက်မှာ အလယ်ဗဟိုနေရာတွင် ပန်းပွင့်ကလေးများ ခင်းထား သည်။ ဧကန္တ ဘုရင်မစံရာ နန်းတော် ဖြစ်ပေလိမ့်မည်ဟု ကျွန်ုပ် အတတ်တွေးမိ၏။

သူတို့လိုပဲ အနီအနက်စင်း သင်တိုင်းရှည်ကြီးဝတ်၍ ကတုံးပြောင်ပြောင် ကိုယ်ရောင် ဖြူရော်ရော် မျက်ခွံ မို့မို့ ကြောင်တက်တက် မျက်လုံးနဲ့ ထွက်လာမည်လော။ အသက် အရွယ် မည်မျှရှိမည်နည်းဟု ကျွန်ုပ်သည် တွေးရင်း စိတ်ဇောကြီးစွာ မျှော်ကြည့်နေမိ၏။

ထိုအခိုက် တီးနေသော တူရိယာသံသည် တဖြည်းဖြည်း တညှင်းညှင်းတီးကာ အိမ်မြင့်ရှေ့မှ ဆင်းသက်လာ ခဲ့၏။ တူရိယာအဖွဲ့နောက်မှ မိန်းမ ငါးဆယ်လောက်သည် နှစ်ယောက်တစ်တွဲတန်းစီကာ မြူအိုး ပုံသဏ္ဍာန် ရှိသော နီရဲ ပြောင်လက်သည့် မြေအိုးများထဲတွင် မွှေးကြိုင်သော နံ့သာရည်များထည့်၍ အရောင်မျိုးစုံလှသောပန်းများ ထိုးစိုက်ကာ ရင်ဝယ်ပွေ့ပြီး အေးဆေးတည်ငြိမ်သော ခြေလှမ်းများဖြင့် ညီညာစွာ လှမ်းလာကြသည်။

၄င်းတို့နောက်မှ ဒူးလေးစွဲစစ်သားများ လိုက်လာကြသည်။ စစ်သားများ နောက်မှ မိန်းမ အခြံအရံများ အလယ်တွင် ဘုရင်မသည် တည်ငြိမ်စွာ လမ်းလျှောက်လာ၏။

ကျွန်ုပ်သည် ပတ်ဝန်းကျင်ရှိလူများကို အကဲခတ်လိုက်၏။ ပကတိနေမြဲအတိုင်း အရုပ်များလို ငြိမ်နေသည်။ ဘုရင်မသည် ကျွန်ုပ်တို့ရပ်နေရာသို့ မရောက်သေးချေ။

သို့အတွက် ဒူးလေးကိုင် စစ်သားများကလည်း ကျွန်ုပ်တို့အား အာရုံမစူးစိုက်သေးချေ။ ဘုရင်မအား ခပ် လှမ်းလှမ်းမှ ကြည့်ခွင့်ရပြီး အနားကပ်ကာ စူးစူးစိုက်စိုက် ကြည့်ရခြင်းကိုသာ ပိတ်ပင်ဟန်တူသည်။

ကျွန်နုပ်သည် ကြည့်ခွင့်ရသည့်အခိုက် စေ့စပ်သေချာစွာ ကြည့်လိုက်၏။ ဘုရင်မကား တစ်မူထူးခြားပေ၏။

ဝတ်ထားသော အဝတ်မှာ သင်တိုင်းရှည်ပင် ဖြစ်သော်လည်း အဖြူရောင်နှင့် အနီရောင်စင်းထားသည်။ အင်္ကျီ လက်ဖျားနေရာတွင် အဖြူနှင့်အနီ ရောထားသော လှပသည့် ပန်းဖွားများ ထပ်ထားသည်။

မည်သည့်အရာကို ပြုလုပ်ထားမှန်း မသိသော်လည်း အဖြူနှင့်အနီရောင် ကြားထားသော ပြောင်လက် တောက်ပသည့် ဖိနပ်ကို စီးထားသည်။ မြအဆင်းရှိသော ကျောက်များကို သီကုံးပြီး လည်ဝယ်ဆွဲထား သည်။ လက်တွင် ဝတ်ထားသည်။

အဖြူနှင့် အနီရောင် စင်းထားသော အနားတွင် လှပသည့် ပန်းပွားများ တပ်ထားသော ပဝါဖြင့် ခါးကို စည်းထားသည်။

မည်းနက်ပြောင်လက်၍ ရှည်လျားများပြားလျသော ဆံပင်ကို ဖားလျားချကာ ဖြူဖွေးသောပန်းကုံးတစ်ခုကို ဦးခေါင်းဝယ် သရဖူကဲ့သို့စွပ်ပြီး ပန်ဆင်ထားရာ ဖြူဖွေးကြည်လင်သောအသား၊ သွယ်သောမျက်နှာဖြင့် များစွာ ပန်လှပေ၏။

ရုပ်ဆင်းသဏ္ဍာန်မှာ အများသောသူများနှင့် လုံးဝမတူပေ။ ဘုရင်မ၏ မျက်လုံးများမှာ ကြောက်တက်တက် အဆင်းမရှိဘဲ ကြည်လင်လှပပေသည်။

ဘုရင်မ၏ ရုပ်ရည်ကို အားလုံး ခြုံကြည့်ပြီး ပြောရမည်ဆိုပါက စာဖွဲ့လောက်အောင် ချောမောလှပသည်ဟု မဆိုနိုင်ငြားလည်း၊ ပြေပြစ်တင့်တယ်၍ ဘုရင်မပဟူသောဘွဲ့ကို ခံယူနိုင်လောက်အောင် ခံ့ညားချ၍ ကျက်သရေ ရှိပါပေသည်။

ဘုရင်မသည် ကျွန်ုပ်ရပ်နေရာနားသို့ ရောက်အံ့ဆဲဆဲဝယ် ကျွန်ုပ်အနားမှာ ရှိနေသော ဒူးလေးကိုင်နစ်ယောက်သည် ကျွန်ုပ်အား လှည့်မကြည့်မီ ကျွန်ုပ်သည် လျင်မြန်စွာ ဦးခေါင်းကို ငုံ့ပြီး မျက်လွှာ ချထားလိုက်ပါ၏။

ဘုရင်မနောက်မှ ဒူးလေးကိုင်စစ်သားများ၊ ၄င်းနောက်မှ ဖူးသာကိုကွီ၊ ၄င်းနောက်မှ ကျွန်ုပ်တို့၊ ကျွန်ုပ်တို့ နောက်မှ များပြားလှသော ယောက်ျား မိန်းမကလေးများအား ကျွန်ုပ်ကို ကယ်တင်လာခဲ့သည့် အဘိုးကြီး လေးယောက်နှင့် လက်အောက်ခံ အကြီးအကဲများက စနစ်တကျ အုပ်ချုပ် လိုက်ပါလာကြသည်။

မြင့်မားလှသည့်တောင်ကြီးကို ကျွန်ုပ်တို့ တက်ကြရလေပြီ။ ယောက်ျားအဖို့ မထောင်းတာလှသော်လည်း ဘုရင်မနှင့်တကွ မိန်းမများ၊ ကလေးများ မည်သို့ရှိမည်နည်းဟု ကျွန်ုပ်တွေးမိ၏။ သို့သော် မွန်းတည့်အချိန် ဝယ် တောင်ထိပ်ပေါ်သို့ ရောက်သည် တိုင်အောင် မည်သူ တစ်စုံတစ်ယောက်မျှ ဘာမျှ မဖြစ်ပေ။ ဗုဒ္ဓ၏ တန်ခိုးတော်ဟု စောဝေဖော်က ပြောပြ၏။

အဘိုးကြီး အဘွားကြီးများပင် အမောမဆို့ဘဲ ချောမောစွာ ရောက်လာနိုင်သည်မှာ ဘုရားတန်ခိုးတော် ဟုတ်ပေလိမ့်မည်။

တောင်ထိပ်သို့ ရောက်သောအခါ ကိုယ့်အစုံနှင့်ကိုယ် ငြိမ်သက်စွာ ထိုင်ကြ၏။ ကျွန်ုပ်သည် တောင်အောက် သို့ ငုံ့ကြည့်လိုက်၏။ ကျွန်ုပ် ထိုင်ရသောနေရာမှာ အသူတရာနက်မျှ မြင့်မားလှသော ကမ်းပါးအစွန်းဖြစ်၏။

" နောင်စဝ့် " နယ်သူနယ်သားတို့ နေထိုင်ရာ အိမ်များကို ကောင်းမွန်စွာ လှမ်းမြင်နေရသည်။ ကျွန်ုပ်စိတ် ထင်အိမ်ခြေ သုံးထောင်နီးပါးမျှ ရှိလိမ့်မည်ဟု ခန့်မှန်းမိပေသည်။ ကျွန်ုပ်သည် ပတ်ဝန်းကျင် ဝဲယာကို ကြည့် မိရာ ကြက်သီးထအောင်ပင် အံ့သြမိပါ၏။

အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ ယခု ရောက်ရှိနေသော တောင်ထွတ်သည် ထီးထီးကြီး ချွန်ထက် မြင့် မားနေပြီး တစ်ဖက်တစ်ချက်စီတွင်ကား ညီညာသော တောင်တန်းကြီးများရှိလေသည်။

ကျွန်ုပ်သည် ပြင်းထန်သော ဝေဒနာဖြင့် သတိလစ် နစ်မြောသွားစဉ်က အာရုံဝယ် ထင်မြင်ခဲ့ရသော တောင် တန်းကြီးပေတကား။

ဤသို့ဆိုသော် ဤတောင်ထွတ်မှ ဗုဒ္ဓဟူသည် ကျွန်ုပ်အား အာရုံအတွင်းမှာ ဖူးမြင်ခဲ့ရသော မြဆင်းတု တော်ပင် ဖြစ်မည်လောဟု တွေးမိသဖြင့် ဗုဒ္ဓအား ဖူးလိုသော ဆန္ဒသည် ပြင်းထန်စွာ ပေါ်လာသည်။

သို့သော် ဗုဒ္ဓစံတော်မူရာကိုကား ကျွန်ုပ်မတိုးနိုင်ပါ။ ဗုဒ္ဓကို ဖူးမြော်ခွင့်မပြုဘဲ ကျွန်ုပ်ထွက်ပြေးမည်စိုး၍သာ ခေါ်လာလေသလောဟု တွေးမိပြန်သောအခါ စိတ်မကောင်းဖြစ်ရပြန်ပါသည်။

အနားတွင် ကပ်နေသော စောဝေဖော်အား တီးတိုး မေးမြန်းမိ၏။ စောဝေဖော်၏ ပြန်အဖြေကြောင့် စိတ် သက်သာသွားပါသည်။ ဘုရင်မနှင့်တကွ အားလုံးသောလူများ ဖူးမြော်ပြီးမှ ကျွန်ုပ်အား ဖူးခွင့်ပြုမည်ဟု

သိရ ၏။ ကျွန်ုပ်သည် မိမိဖူးမြော်ရမည့် အချိန်ကို စိတ်ဇောကြီးစွာ မျှော်လင့်နေမိပါသည်။

သို့စောင့်စားနေစဉ်အချိန်အတွင်း ကျွန်ုပ်သည် ထွက်ပြေးရန် လမ်းစ မြင်လိုမြင်ငြား တောင်အောက်သို့ လှမ်း ကြည့်လိုက်သည်။

အထပ်ထပ်သော တောင်အနိမ့်အမြင့်များ၊ ၎င်းတို့မှ လွန်သော် စိမ်းညို့မှိုင်းမှောင်နေသည့် အပြင်ကြီးကိုသာ တွေ့ရသည်။ မြေပြင် ရေပြင်ဟူ၍ ဆံချည်မျှင်မှ မတွေ့ရချေ။ အနောက်ဘက် မိုးကုတ်စက်ဝိုင်းဆီတွင်ကား ပင်လယ်ပြ နှင့်တူသော ပြာမှိုင်းမှိုင်း လဟာပြင် တစ်ခုကို တိမ်တိုက်များနှင့်ရော၍ တွေ့ရသည်။

ကျွန်ုပ် ငေးမောနေသည်မှာ မည်မျှ ကြာသွားသည် မသိ။ စောဝေဖော်က ကျွန်ုပ်ပခုံးကိုတို့၍ ဗုဒ္ဓကို ဖူးရ တော့မည်ဟု ဆိုမှ ကျွန်ုပ် လှည့်ကြည့်လိုက်သည်။

တူရိယာအဖွဲ့ ရှေ့ဆောင်ထားသော လူတန်းကြီးသည် တောင်အောက်ဆင်းသောလမ်းသို့ ရှေ့ရှုသွားနေ သည်ကို တွေ့ရ၏။ ဘုရင်မကိုပင် ကျွန်ုပ် မမြင်လိုက်ရတော့ချေ။

အချိန်မှာ ညနေစောင်းသို့ပင် လုနေပြီဖြစ်၏။ တောင်ထိပ်ပေါ်တွင် ဒူးလေးကိုင် စစ်သားအချို့ပင် ကျန် တော့သည်။ ကျွန်ုပ်အား ကယ်တင်ခဲ့သော ဖူးသာကိုကွိ ခေါင်းဆောင်သော အဘိုးကြီးများ ကျွန်ုပ်အနား ရောက်လာကြသည်။ ဗုဒ္ဓကို ဖူးရန် လိုက်ခဲ့ဟု ခေါ်သဖြင့် ကျွန်ုပ်သည် ဝမ်းသာစွာ လိုက်သွား၏။

မြင်သမျှ တွေ့သမျှ အရာများသည် ကျွန်ုပ်အဖို့ အံ့ဩမကုန် နိုင်ဖွယ်ရာ ဖြစ်ရပါတော့သည်။ တောင်ထိပ် အလယ်ဗဟိုတွင် မြရောင်အဆင်းရှိသော စိမ်းညိုသည့် ကျောက်ထွတ်ကြီးကို လိုဏ်ဂူသွင်းထားသည်။

ကျောက်ဂူထွင်းစဉ်က ထွက်လာသော အစများဖြစ်ဟန်တူသည့် စိမ်းညို့သော ကျောက်တုံးအစအနများ သည် အစုလိုက် အပုံလိုက် တွေ့ရ၏။ ကျွန်ုပ်သည် စိတ်သံသယမကင်းသည့် အတွက် တစ်ခုသော ကျောက်အပိုင်းအစကို ကောက်ယူကြည့်လိုက်သည်။

မြရတနာအစစ်များပေတကား။ ဤ ကျောက်ထွတ်ကြီးတစ်ခုလုံးမှာ မြကျောက်ထွတ်ကြီး ဖြစ်ပေသည်။ အဘိုးကြီး ငါးယောက်သည် ကျွန်ုပ်အား တည်ငြိမ်သော မျက်နှာကြီးများဖြင့်ကြည့်ကာ ကျွန်ုပ် ကောက်ယူ ကြည့်မိသော ကျောက်ကို ပြန်ချထားရန် ပြော၏။

ကျွန်ုပ်က ချက်ချင်းပင် ပစ်ချလိုက်သည်။ ထို့နောက် လိုဏ်ဂူအတွင်းသို့ ခေါ်သွား၏။ လိုဏ်ဂူမှာ အလံတစ်ရာ မျှ ကျယ်လိမ့်မည်ဟု ကျွန်ုပ်ခန့်မှန်းမိ၏။

မြသားအတိပြီးသော မြလိုဏ်ဂူကြီးပေတကား။ စိမ့်အေးနေသည်။ ထွက်ဝင်ရန် တစ်ပေါက်တည်း ရှိ၏။ နှောင်စဉ်တောင်သူ တောင်သားတို့ ပူဇော်သွားသော အမွှေးနံ့သာပန်းနံ့များမှာ မြလိုဏ်ဂူတွင်းဝယ် မွှေးလွှမ်းသဖြင့် မွှန်နေတော့သည်။

နံ့သာဆီဖြင့် ထွန်းထားသော မီးရောင်တွင် လူတစ်ရပ်မျှ အမြင့်ရှိသော မြကျောက်ခဲ(ဝါ) မြပလ္လင်ထက်မှာ ထက်ဝယ် ဖွဲ့ခွေ ထိုင်တော်မူသော ဉာဏ်တော် သုံးတောင်ကျော်မျှရှိသည့် မြသားဆင်းတုတော်အား ထင် ရှားစွာ

ဖူးတွေ့လိုက်ရသော အခါဝယ် ကျွန်ုပ်သည် မှင်သက်မိသလိုပင် ဖြစ်သွားတော့၏။

ငါသတိလစ်သွားပြန်ပြီလားဟုပင် တွေးမိသည်။ ကျွန်ုပ်အာရုံတွင် ထင်မြင်ဖူးတွေ့ခဲ့ရသော မြဆင်းတုအစစ် ဖြစ်တော့၏။ ကျွန်ုပ်သည် ရှိခိုးကြည်ညို၍ အားမရနိုင်အောင် ဖြစ်ရတော့သည်။

ကျွန်ုပ်၏ ရှည်လျားများပြားသော ဆံပင်များကို ဖြည်ကာ မြဆင်းတု၏ ခြေတော်ကိုထိအောင် ပလ္လင်ပေါ်သို့ တင်၍လည်း ပူဇော်သည်။

ဆင်းတု၏ခြေဖဝါးနှင့် ကျွန်ုပ်၏ ဦးကင်းကိုလည်း တိုက်၍ ပူဇော်သည်။

အဘိုးကြီး ငါးယောက်နှင့် ဒူးလေးကိုင်များသည် ကျွန်ုပ်၏ အပြုအမူကို နှစ်ခြိုက်သဘောကျဟန်ဖြင့် ကြည့်နေကြသည်။ ထို့နောက် ဖူးသာကိုကွီက ကျွန်ုပ်အား ဤသို့ပြောသည်။

" နင် ဒီကိုရောက်လာတဲ့အကြောင်း ငါတို့ လျှောက်တင်လို့ရှင်မလဲ အားလုံးသိပြီ၊ ငါတို့ဒေသကို ကံအား လျော်စွာ ရောက်လာတဲ့လူဟာ ငါတို့ဒေသမှာ နေရမယ်၊ ငါတို့ဓလေ့ ထုံးစံအတိုင်း လိုက်နာရမယ်၊ အသက် ရှင်ရက်နဲ့ ငါတို့ဒေသက ထွက်သွားခွင့်မပြုနိုင်ဘူး၊ ဘုရင်မကာလဲ အမိန့်ချမှတ်ပြီးပြီ "

ဖူးသာကိုကွီက လေးလေးနက်နက် ပြောနေသော်လည်း ကျွန်ုပ်က အမှတ်မထင်ပင် နားထောင်နေလိုက်၏။ လစ်သည့် တနေ့ ထွက်ပြေးမည်ဟူသော စိတ်က ရှိနေသဖြင့် ငြိမ်သက်ပင် နာခံဟန် ပြုနေလိုက်၏။

ဘုရားကို ပုဆစ်တုပ် ဒူးချထိုင်ကာ ရှိခိုးမြဲရှိခိုးနေလိုက်၏။ အခိုက်ဝယ် ကျွန်ုပ်၏ ဖြန့်ထားသောဆံပင်ကို တစ်စုံတစ်ယောက်က ဆုပ်ဆွဲကိုင်လိုက်သလို ဖြစ်သွားသဖြင့် ကျွန်ုပ်မော့ကြည့်လိုက်၏။

လျှင်မြန်လှချေသည့်တကား၊ ထက်မြက်လှသော ဓားတစ်ချောင်းဖြင့် ကျွန်ုပ်၏ဆံပင်များကို ဖြတ်ယူလိုက်ပြီး ဖြစ်နေတော့သည်။ ကျွန်ုပ်အံ့အားသင့်နေစဉ်မှာပင် တစ်ယောက်က အဘိုးကြီးက ကျွန်ုပ်၏ ဦးခေါင်းကို နှိမ် ကာ ကိုင်ထားပြီး တစ်ယောက်က ခေါင်းတုံးရိတ်ချလိုက်ပါတော့သည်။

အရွယ်နှင့် မလိုက်အောင် သန်စွမ်းလှသော အဘိုးကြီး၏ လက်ဝယ် ကျွန်ုပ်ဦးခေါင်းမှာ မလှုပ်နိုင်အောင်ဖြစ် နေသည်။ ကန်လျှင် ဦးခေါင်းကို ဓားထိချေမည်။

ဒူးလေးကိုင်များ ဝိုင်းရံနေ၍ ထွက်ပြေးလျှင်လည်း မလွတ်မထူးတော့ပြီဖြစ်၍ ကျွန်ုပ်သည် ငြိမ်သက်စွာပင် နေလိုက်သည်။ ခေါင်းတုံးရိတ်ပြီးသောအခါ ကျွန်ုပ်အား သူတို့သာ မြဆင်းတုတော်ရှေ့မှ ရေစင်တစ်ခွက်ကို ယူကာ ကျွန်ုပ်၏ ခေါင်းနှင့် မျက်နှာကို ဖျန်းပက်ကာ အောက်ပါအတိုင်း ဆိုနိုင်းသည်။

" နှောင်စဝ့် တောင်တွင် နေထိုင်သူများအား ပျက်စီးအောင် မကြံစည်ပါ။ မြဆင်းတုတော်နှင့် တကွသော မြကျောက်ရတနာများအား ခိုးဝှက်ခြင်း၊ အခြားသို့ ယူဆောင်သွားခြင်းမပြုပါ၊ ပြုခဲ့သော် တစ်သက်လုံး စိတ်ဆင်းရဲ၍ ရူးသွပ်သောသူအဖြစ်ဖြင့် တောကြိုချုံကြားဝယ် လူသူမတွေ့သော သေခြင်းဖြင့် ခွေးသေ ဝက် သေ သေရပါစေသား "

ထွက်မပြေးပါဟူသော အချက်မပါသဖြင့် ကျွန်ုပ်ကလည်း အလွယ်တကူပင် ကျိန်ဆိုလိုက်ပါသည်။ ကျွန်ုပ် ကား " နောင်စဉ်ငဲ့ "ဒေသ၊ ငယ်မွေးချက်မြုပ်သဘောမျိုး ဖြစ်သွားပေပြီ။ ပြီးသောအခါ၌ သူတို့သည် ကျွန်ုပ်၏ ဆံပင်များကို မြဘုရင်အား ပူဇော်သောသဘောနှင့် မြပလ္လင်ခြေရင်းတွင် အလိုက်ချထားလိုက်ပြီး ကျွန်ုပ် အား မြလိုဏ်ဂူအတွင်းမှ ခေါ်ထုတ်လာခဲ့ကြ၏။

ဝင်လုဆဲဆဲ နေရောင်နှင့် တိမ်ရောင်များ ဟပ်နေသဖြင့် တောင်တစ်တောင်လုံး လင်းနေသည်။ မြလိုဏ်ဂူ အား တပတ်ပတ်ပြီး ပူဇော်လိုကြောင်း ခွင့်တောင်းသောအခါ အလွယ်တကူပင် ခွင့်ပြုကြသည်။

ကျွန်ုပ်၏ အကြံကား ထွက်ပြေးရန်လမ်းစကို မှန်းဆလို့သာဖြစ်သည်။ မြလိုဏ်ဂူအပြင်ဘက်မှ ပတ်သွား သောအနောက်ဆွယ် တောင်ကုန်းငယ် ကလေး တစ်ခုသည် ချောက်ကမ်းပါးအစွန်းတွင် တေ့တေ့ကလေး တည်ရှိနေပြီး ကုန်းကလေး တစ်ခုလုံး မရမ်းစေ့ရောင် မှိုင်းနေသည်။

သေချာကြည့်သောအခါ ဗုဒ္ဓ ဆေးပင်ငယ်များ မွမွကျဲအောင် ပေါက်နေသည်ကို တွေ့ရသည်။ ကျွန်ုပ်သည် အဘိုးငါးယောက်၊ စောဝေဖော်နှင့် ဒူးလေးကိုင်များ မျက်ခြည်ပြတ် ကြည့်ရှုမှုကြောင့် စိတ်ကို အနိုင်နိုင်ချုပ် တည်းထားရပါ၏။

ကျိန်စာတွင် မြရတနာများသာ ထည့်သွင်းထားသည်။ ဗုဒ္ဓဆေးပင်ကိုကား ထည့်သွင်းခြင်းမပြုချေ။ ကျွန်ုပ် သည် နေရာကို ကောင်းစွာ မှတ်သားထားပါ၏။

လိုဏ်ဂူကို တစ်ပတ် ပတ်ပြီးသောအခါ တောင်အောက်ကို ဆင်းရပေ တော့မည်။ အချိန်မှာ မှောင်စပျိုးလာ လေပြီ။ အိမ်ပြန်ရောက်မှ

ထမင်းစားရမည်ဖြစ်၍ ကျွန်ုပ်သည် နောင့်နေးဆိုင်းငံ့မှုမရှိဘဲ သွက်သွက်ကြီးပင် ဆင်းလာခဲ့ပါတော့၏။

-------------------------------

## အခန်း(၃)

ကျွန်ုပ်၏ အမှတ်အသား ဝါးတုတ်ကလေးများကို ရေတွက်ခြင်းဖြင့် ကျွန်ုပ် နောင်စင့် ဒေသသို့ ရောက်နေ သည် မှာ ငါးကျော်ပေပြီ။ ဤရက်များအတွင်း ကျွန်ုပ်နေထိုင်ရာ ဥယျာဉ်အတွင်းဝယ် သူတို့ဓလေ့အတိုင်း တောင်ယာ ပဲခင်း စိုက်သည်။

အားလပ်သော အချိန်၌ ကျွန်ုပ်သည် စောဝေဖော်ထံ သူတို့၏စာပေကို သင်ကြားသည်။ စောဝေဖော်အား လည်း ကျွန်ုပ်က ဓားခုတ်လှံထိုးအတတ် သင်ပေးသည်။ ဓားလွှတ်နှင့် လှံအစား ခိုင်မာသော ဝါးရင်းတုတ်ကို အသုံးပြုပေး၏။

စောဝေဖော်နှင့်ကျွန်ုပ်မှာ အတော်ပင်ခင်မင်ကာ သံယောဇဉ်တွယ်နေရာမှ စောဝေဖော်နှင့် အစ်မဖြစ်သူ နန့်မထွေ့ တို့ အကြောင်းကိုလည်း သိရပါ၏။

စောဝေဖော် နှင့် နန့်မထွေ့တို့ မောင်နှမမှာ မိဘများ ငယ်စဉ်ကပင် သေဆုံးကြကြောင်း သိရ၏။ သို့သော် နေရေး စားရေးမပူရ၊ သူတို့ဓလေ့ထုံးစံအတိုင်း တစ်ယောက်အလုပ် တစ်ယောက် ကူညီလုပ်ပေးသည်။

တစ်ယောက်အိမ် တစ်ယောက် တက်စားသည်။ အလုပ်မလုပ်နိုင်သော လူမမယ်မိဘမဲ့များ၊ မစွမ်းမသန် သူများ၊ သက်ကြီး ရွယ်အိုများကိုကား အလှည့်ထားပြီး မငြိုမငြင် ကျွေးမွေးပြုစုကြသည်။ ဘာပူစရာရှိပါ သနည်း။ အမှန်တကယ်ပင် သူတော်ကောင်းတရား ပြည့်ဝသူများ ဖြစ်ကြ၏။

နန့်မထွေ့မှာ ဘုရင်မ၏ ရံရွှေတော်တစ်ဦး ဖြစ်ကြောင်း သိရသည်။ ရံရွှေတော်များမှာ အမြဲတစေ အမှုထမ်း နေရသည်ကားမဟုတ်၊ ဤဒေသရှိ လင်ယောက်ျား မယူသေးသော မိန်းမပျိုများ၊ ဆယ်ယောက်တစ်တွဲ အလှည့် နှင့် အမှုထမ်းရသည်။

ကျွန်ုပ်ရောက်စက နန်ပမထွေ့မှာ အမှုထမ်းအလှည့်ကျနေသည်ဖြစ်၍ မတွေ့ရခြင်းဖြစ်သည်။ ယခု ကျွန်ုပ် နေသောအိမ် မှာ နန့်မထွေ့တို့မောင်နှမ၏ အိမ်ဖြစ်ကြောင်း သိရ၏။

အမဲသားငါး မပါဘဲ သက်သတ်လွတ်ချည်း စားနေရသော ကျွန်ုပ်မှာ တဖြည်းဖြည်းနှင့် သူတို့ ရေမြေ လိုက် ကာ အသားအရည် ဖြူဖပ်ဖြူရော်အသွင်သို့ ပြောင်းလာပါ၏။ မျက်ခွံမမို့ခြင်း၊ ကြောင်တက်တက် မျက်လုံး မရှိခြင်းမှလွဲ၍ သူတို့ ဘာသာစကား စာပေကို ကောင်းစွာ တတ်မြောက်နေသော ကျွန်ုပ်သည် အသွေးအမွေး၊ အဆင်အပြင်၊ ခေါင်းတုံးပြောင်ခြင်းမှာ တူညီနေပြီဖြစ်၍ သွားမှု၊ လာမှု၊ ဆက်ဆံမှုတို့၌ အတော်အသင့် လွယ်ကူ နေပြီဖြစ်ပါ၏။

ကျွန်ုပ်သည် ဤ နှောင်စင့်ဒေသမှ မိန်းမ၊ ယောက်ျား ကလေးများအား (ဘုရင်မမှလွဲ၍) တညီတည်း ဝတ် စားဆင်ပြင်ကာ ခေါင်းတုံးပြောင်အောင် ရိတ်ထားရခြင်းသည် အထိမ်းအမှတ် တစ်ခုခုတော့ ရှိမည်ဟု တွေး မိပါသည်။

စောဝေဖော်အား မေးမြန်းကြည့်သောအခါ အကြောင်းအချက်ရှိသည် မှန်သော်လည်း သူလည်း ကောင်းစွာ မပြောတတ်၊ သို့သော် ဘုရင်မစံရာ အိမ်မြင့်ဝယ် ရေးပောင်းစာပေများရှိသည်။

၄င်း စာပေများကိုဖတ်မှ သိရမည်ဟု ဖြေပါသည်။ အထိမ်းအမှတ် တိတ်နိမိတ်ကိုပြသော ကျောက်ဥဒေါင်း ရုပ်ကြီး အကြောင်း မေးသောအခါ ဘုရင်မစံရာ အိမ်မြင့် အနီးရှိ တောင်ကုန်းထိပ်မှာ ရှိပါသည်။

ဒူးလေးကိုင် အစောင့်များက ဘုရင်မစံရာ ပတ်ဝန်းကျင်တွင် မသက်ဆိုင်သူများအား လာခွင့်မပြုဘဲ ကြပ် တည်းစွာ စောင့်ရှောက်နေ ကြောင်း ပြောပြသည်။

မိုးသားများ အုံ့ဆိုင်းမှိုင်းမှောင်ကာ တောင်ခိုးတွေ ဝေနေသော နေ့တစ်နေ့ဝယ် ကျွန်ုပ်သည် အပျင်းပြေ အလည် အပတ် ထွက်လိုကြောင်း၊ လူကြီးများအား မတိုင်ကြားဘဲ မသိဟန် ဆောင်နေစေလိုကြောင်း စောဝေဖော် အား ချော့မော့ဖျောင်းဖျပြောရာ ကျွန်ုပ်အား ခင်မင်နေပြီဖြစ်သော စောဝေဖော်က သဘောတူ ခွင့်ပြု ပါသည်။

သို့သော် စောဝေဖော်က စိုးရိမ်သောစိတ်ဖြင့် ကျွန်ုပ်အား မှာကြားလိုက်ပါသေးသည်။ ဤ ကျွန်ုပ်တို့နေထိုင် ရာ ဥယျာဉ်အဝတွင် အစောင့်အကြပ် မရှိသော်လည်း " နှောင်စငဲ့" တောင် အနှံ့အပြားတွင် ဒူးလေးကိုင် အစောင့် များ အမြဲတစေရှိနေ၍ ထွက်ပြေး၍မရကြောင်း သတိပေးလိုက်ပါ၏။

မည်သည့်နေရာဒေသများမှာ စောင့်ကြပ်နေကြကြောင်းကိုကား စောဝေဖော်သည့် မေးမရအောင် နှုတ်ပိတ် နေတော့၏။ ကျွန်ုပ်စိတ်ထဲတွင် အကြံတစ်ခု ပေါ်လာပါသည်။

မြဆင်းတု စံတော်မူရာ မြတောင်ထွတ်ကို နှောင်စငဲ့ ဒေသရှိ လူများ တစ်နှစ်တစ်ကြိမ် ပူဇော်ပွဲကျင်းပသည့် နေ့မှာသာ တက်ပြီး တစ်နှစ်လုံးလုံး တစ်ကြိမ်မျှမသွားကြခြင်း၊ ဗုဒ္ဓဆေးပင်များ ပေါ်ပေါက်နေရာ ကမ်းပါးစွန်း မှာ ကြောက်မက်ဖွယ်ရာ နက်ရှိုင်းလှသော ချောက်ကြီးများဖြစ်၍ မည်သည့်နည်း နှင့်မျှ တက်ရန် ဆင်းရန် မဖြစ်နိုင် ၍ ထိုနေရာဘက်တွင် အစောင့်အရှောက်များ မရှိခြင်းကို ကျွန်ုပ် ကောင်းစွာ သိထားပြီးဖြစ်ရာ မြ တောင်ထွတ် သို့ ရောက်အောင် သွားနိုင်မည် ဆိုပါက ဗုဒ္ဓဆေးပင်ပေါက်ရာ ကမ်းပါးဆိုလျှင် ဗုဒ္ဓဆေးပင်များ နှင့် တကွ ကံကောင်းထောက်မလျှင် လွတ်နိုင်မည်ဟု ကျွန်ုပ် တွက်ဆမိပေသည်။

ကျွန်ုပ်သည် ဣန္ဒြေမပျက် လျှောက်လာခဲ့၏။ သူတို့ အရပ်ဒေသကား အကြောင်းကိစ္စရှိသည်ကလွဲပြီး အိမ် ထဲက ထွက်ရိုးထုံးစံမရှိလေရော့သလား မသိချေ။

လမ်းသွားလမ်းလာ တစ်ယောက်စ နှစ်ယောက်စ ပြတ်တောင်း ပြတ်တောင်း တွေ့ရသည်ကလွဲပြီး လူရှင်းလှသည်။

ဘုရင်မစံရာ တောင်ကုန်းမြင့်ကို လှမ်းမြင်ရသော နေရာသို့ ရောက်သောအခါ ကျွန်ုပ်သည် လမ်းရိုးမှရှောင် ကာ သစ်ပင်တောချုံထူထပ်သော နေရာများကို ရွေးချယ်ပြီး လာခဲ့ပါသည်။

အကယ်၍ တောင်ကုန်းမြင့်မှ အထက်စီးကြည့်နေသော ဒူးလေးကိုင်များ မြင်တွေ့လျှင်လည်း ကျွန်ုပ်အဖို့ မသက် သာချေ။ ကျွန်ုပ်သည် သတိကြီးစွာထားပြီး သွားနေရာမှ တဝေါဝေါစီးကျနေသော ရေတံခွန်သံကို ကြားရ လေသည်။ ဘုရင်မစံရာအိမ်နှင့် အတော်ပင် နီးကပ်နေပြီဖြစ်ကြောင်း သိရ၏။ ရေသံကို ကြားမှပင် ကျွန်ုပ် သည် ပင်ပန်းနွမ်းနယ်မှုကို သတိရကာ ရေသောက်လိုသောဆန္ဒပေါ်လာ၏။

ရေတံခွန်ရှိရာကို မှန်းဆကာ တရွေ့ရွေ့လာခဲ့ရာ ရေတံခွန်ကျရာ စမ်းအိုင်ကြီးကို မြင်ရသည်နှင့် တစ်ပြိုင် နက် ကျွန်ုပ်သည် ထူထပ်သော ချုံကြီးတစ်ခုအတွင်းသို့ ကပျာကယာ တိုးဝင်ကာ ဆိတ်ငြိမ်စွာ ဝပ်လျှိုးနေ လိုက်မိ ပါသည်။ အဘယ်ကြောင့်ဆိုသော် ...

ဘုရင်မ ရေချိုးဆင်းလာတော့မည်ဖြစ်၍ စမ်းအိုင်ပတ်ဝန်းကျင်ရှိ ဒူးလေးကိုင်များ အထူးသတိထားကြရန် ဟစ်အော်နှိုးဆော်လိုက်သောအသံကို ကောင်းမွန်စွာ ကြားလိုက်ရသောကြောင့်ဖြစ်၏။

ဤစမ်းအိုင် ပတ်ဝန်းကျင်မှာ အစောင့်များရှိကြချေသည်။ ကံကောင်း၍ ကျွန်ုပ်နှင့် မတွေ့ရခြင်းဖြစ်သည်။ ကျွန်ုပ်သည် ချုံအတွင်းမှ စိတ်အားထက်သန်စွာ ဘုရင်မအလာကို ချောင်းမြောင်း ကြည့်နေမိသည်။ ကျွန်ုပ် ပုန်းနေသော ချုံနှင့် စမ်းအိုင်မှာ များစွာ မဝေးလှချေ။

ထိုအခိုက် ရံရွေတော်နှစ်ဦးသည် ဖြူဖွေးသော အဝတ်တစ်ထည်၊ သင်တိုင်းအသစ် တစ်ထည်ကို အသီးသီး ပွေ့ကိုင်ကာ ရှေ့မှလာသည်။ သူတို့နှစ်ဦးနောက်မှ ဘုရင်မသည် အဖြူနှင့်အနီစင်း သင်တိုင်း၊ ဖိနပ်ကိုစီးကာ တည်ငြိမ်စွာ ထွက်ကြွလာ၏။ ဘုရင်မ၏နောက်မှ ရံရွေတော်ငါးဦး လိုက်ပါလာကြသည်။

ရှည်သွယ်များပြား အဖျားညွတ်ကော့သော ဆံပင်များမှာ ဖားလျားချလာသည်။ ဖနောင့်သို့ပင် ထိလုနီးမျှ ရှည်လျားမည်းမှောင်သော ဆံပင်များမှာ လေအသိမ်းတွင် တယိမ်းနွဲ့နွဲ့ လွင့်ပါးနေသည်မှာ ချောမောလှ ပပြီးသော ဘုရင်မ၏ ရုပ်အဆင်းကို ပိုမိုတင့်တယ် ရှုချင်စဖွယ်ဖြစ်အောင် ဖန်တီးပေးနေပေတော့၏။

ရေတံခွန်မှ သွယ်ဖြာ စီးဆင်းလာသောရေသည် အောက်ခြေမှ ကျောက်တုံး ကျောက်ဆောင်ကြီးများ စီး လျက် စမ်းအိုင်သဖွယ် ဖြစ်နေသော နေရာများတွင် ညီညာပြန့်ပြူးသော ကျောက်ချပ်ကြီးသည် ထိုင်ခုံသဖွယ် အချိုးအဆက်ကျစွာ တည်ရှိနေ၏။

ထိုနေရာသို့ ဘုရင်မ ရောက်လာသောအခါ ဘုရင်မသည် ကျောက်ခုံပေါ်မှာ ညင်သာစွာ ထိုင်လိုက်၏။ ရှေ့ ပြေးအဖြစ် လိုက်ပါလာသော ရံရွေတော်နှစ်ဦးသည် သူတို့ လက်ထဲမှာ ပွေ့ကိုင်လာသော အဝတ်များကို ကျောက်ခုံပေါ်မှာ ရိုသေစွာ တင်ပြီး ဘုရင်မ၏ ခြေရင်းမှာ ဒူးတုပ်ထိုင်လိုက်ကြသည်။ နောက်မှလိုက်လာ သော ရံရွေတော် ငါးဦးအနက် တစ်ဦးသည် ဘုရင်မ၏ ခြေနင်းကို ဒူးတုပ်ပြီး ချွတ်ပေးလိုက်သည်။

တစ်ဦးသော ရံရွေတော်က ဖားလျားချထားသော ဘုရင်မ၏ ဆံပင်များကို အသာအယာလက်ဖြင့် သိမ်းယူ ကာ မ,ပြီး အထက်သို့ ခပ်မြင့်မြင့် ပင့်တင်ကာ ထုံးပေးလိုက်သည်။ ထိုသို့ ဘုရင်မသည် ဆံထုံး ထုံးလိုက် သောအခါ ရုပ်ရူပကာမှာ တစ်မျိုးပင် ပိုလှသွားသည်ဟု ကျွန်ုပ်ထင်လိုက်၏။

ဆံထုံး ထုံးပြီးသောအခါ ဘုရင်မသည် ထိုင်ရာမှ သိမ်မွေ့စွာထပြီး ရွှေတစ်သန်းတန်သော ခြေလှမ်းမျိုးဖြင့် စမ်းအိုင်ရှိရာသို့ လျှောက်သွားသည်။ ရံရွေတော်တစ်ဦးသည် ဒူးတုပ်ခစားနေရာမှ ထကာ ကျောက်ခုံးပေါ်

တင်ထားသည့် ဖြူဖွေးသောအဝတ်ကို ယူငင် ပိုက်ပွေ့ကာ ဘုရင်မနောက်ပါးမှ လိုက်ပါသွားလေသည်။

ကျွန်ုပ်၏ စိတ်တွင် မအပ်မရာ ပြဿနာတစ်ခု ပေါ်လာပါသည်။ ဘုရင်မသည် စမ်းအိုင်အတွင်းသို့ ရေဆင်း ချိုးရာမှာ သင်တိုင်းကို မည်သို့ မည်ပုံချွတ်ပြီး မည်သည့်အဝတ်နှင့် လဲလှယ်ဝတ်ဆင်ကာ ရေချိုးမည်နည်း။

သင်တိုင်းဝတ်လျက်ပင် ရေချိုးမည်လော ဟူသော မတွေးအပ်သည့် ပြဿနာကြောင့် အာရုံစူးစိုက်စွာ ကြည့်နေမိသော်လည်း စမ်းအိုင်ပတ်လည်တွင် ဖြူဖွေးလှပသော ပန်းပွင့်များ အဆုပ်လိုက် အခိုင်လိုက် ဖူး ပွင့်နေသည့် အမျိုးအမည်မသိ ပန်းပင်များမှာ စည်းရိုးသဖွယ် ထူထပ်စွာ ကာရံနေသဖြင့် စမ်းအိုင်စပ်သို့ ရောက်သွားသော ဘုရင်မအား လုံးဝမမြင်ရအောင် မျက်ခြည်ပြတ်သွားလေသည်။

ကျွန်ုပ်သည် ငြိမ်သက်စွာ ပုန်းအောင်နေရသည်မှာ ညောင်းညာလှပြီဖြစ်၏။ ဒူးလေးကိုင် အစောင့်များ မည် သည့်နေရာမှာ ရှိနေမှန်း မသိရ၍လည်း ချုံထဲမှ မထွက်ဝံ့ချေ။ ဘုရင်မ၏ အကြောင်းသည် ကျွန်ုပ်အာရုံမှ ပျောက်ကွယ် သွားပြီး မြတောင်ထွတ်ကို မည်သည့်နည်းဖြင့် အရ တက်ရပါမည်နည်း။ ဗုဒ္ဓဆေးပင်များကို ယူဆောင် နိုင်သည် ဆိုစေကာမူ ဤနှောင်စခဲ့ဒေသမှ လွတ်မြောက်ရာလမ်းစကို ရှာဖွေ၍ ရပါမည်လောဟု တွေးတော စဉ်းစားနေမိသည်။ မည်မျှ ကြာသွားသည်မသိ ...

" မြဗုဒ္ဓ ကယ်တော်မူပါ "

ဟု ချိုလွင်သာယာသောအသံဖြင့် မြည်တမ်းလိုက်သည်ကို ကြားရသည်နှင့် တစ်ပြိုင်နက် ...

" မြွေနဂါးသည် ဘုရင်မအား ရန်ပြုနေလေပြီ "

ဟူသော စူးရှသည့် အော်ဟစ်သံများ စီစီညံညံ ထွက်ပေါ်လာသဖြင့် ကျွန်ုပ်သည် တစ်စုံတစ်ရာ စဉ်းစား မနေအား၊ အသက်ဘေးကိုလည်း ဂရုမထားတော့ဘဲ ကျွန်ုပ် ပုန်းအောင်းနေရာ ချုံတွင်းမှ လွှားခနဲခုန်ထွက် ကာ စမ်းအိုင်ရှိရာသို့ လျင်မြန်စွာ ပြေးလာခဲ့လေသည်။

ကျွန်ုပ်၏ မြင်ကွင်းတွင်ကား ရေစိုနေသည် ဖြူဖွေးသော အဝတ်ကို ရင်လျားထားသော ဘုရင်မသည် ကမ်း စပ်ရှိကျောက်ဘုံတစ်ခုအနီးမှာ လဲနေပြီး တစ်ဖက်သော ခြေထောက်ကို ယောက်ျားခြေသလုံးမျှ အလုံးရှိသောမည်းနက်သည့် မြွေတစ်ကောင်က ရစ်ပတ်ထားသည်။

ရံရွေတော် ငါးဦးကား ကျောက်ခဲများ ကိုယ်စီကိုင်ပြီး အရပ်လေးမျက်နှာကို လှည့်ပတ်ကြည့်ကာ အကူအညီ ကို အော်ဟစ် တောင်းခံနေသည်။ သူတို့၏ သဘောထားကား မြွေကို ကျောက်ခဲနှင့်ပစ်လျှင် မြွေသည် မာန် ထွက်ကာ ဘုရင်မအား ကိုက်ပေလိမ့်မည်။

သူတို့ပစ်သော ကျောက်ခဲသည် မြွေကို ပြောပလောက်အောင် မနာကျင်သော်လည်း ဘုရင်မမှာ နာကျင်ပေ လိမ့်မည် ဟူသော သဘောဖြင့် အကူအညီကိုသာ အော်ဟစ် တောင်းခံနေကြောင်း ကျွန်ုပ် သဘောပေါက်မိ သည်။

အတော်ကွာလှမ်းသည့် သစ်ပင်ကွယ် ချုံကွယ်များမှ ဒူးလေးကိုင် သက်တော်စောင့်များ အနား မရောက်လာ မီပင် ကျွန်ုပ်သည်

ပါးပျဉ်းထောင်ကာ မာန်ဖီနေသည့် မည်းနက်သော မြွေကြီးအား လည်မျိုမှဆုပ်ကိုင်ကာ ဘုရင်မ ခြေကို ရစ်ပတ်နေသည့် ကိုယ်အခွေကို ဆွဲဖြေလိုက်လေသည်။

ရဲရွှေတော် ငါးဦး နှင့် အနားရောက်လာပြီဖြစ်သော သက်တော်စောင့်များသည် မကြောက်မရွံ့ရဲဝံ့စွာ မြွေကို ချုပ်ကိုင်နေသော ကျွန်ုပ်အား အံ့သြစွာ ကြည့်နေကြ၏။

ကျွန်ုပ်သည် မြွေကြီးအား ကျောက်တုံးတစ်ခုနှင့် အသေကိုက်သတ်လိုက်ပြီးမှ လဲနေသော ဘုရင်မအား ပြုစု ရန် ရဲရွှေတော်များအား ပြောလိုက်သည်။

ရဲရွှေတော် ငါးဦးသည် ဘုရင်မအား တွဲထူနေစဉ် ဘုရင်မ စံရာနန်းမှ ကျန်ရစ်သော ရဲရွှေတော်များသည် လည်းကောင်း သာကိုကွီခေါင်းဆောင်သော အကြီးအကဲများနှင့် အခြားလူများသည် လည်းကောင်း၊ လာ ရောက်ကြပြီဖြစ်၍ ကျွန်ုပ်သည် ထိုနေရာမှ ထွက်ခွာရန် ဟန်ပြင်လိုက်လျှင်ပင် ဒူးလေးကို အစောင့်စစ်သား လေးယောက်သည် ကျွန်ုပ်အနီးသို့ ရုတ်ခြည်းရောက်လာကာ နေမြဲတိုင်းနေရန် အမိန့်ပေးပြီး ကျွန်ုပ်အား ဝိုင်း ရံထားကြသဖြင့် ကျွန်ုပ်မှာ အခြားသို့ ထွက်ခွာရန် မပြုနိုင်တော့ချေ။

ဘုရင်မရဲရွှေတော်များကတွဲယူကာအခါ စံအိမ်တော်ထွက်ခွာသွားသည်။ ဖူးသာကိုကွီနှင့်တကွ၊ အကြီးအကဲ များပါ လိုက်ပါသွားကြသည်။ သို့တစေလည်း ဒူးလေးကိုင် အစောင့်လေးယောက်နှင့်ကျွန်ုပ်မှာ နေမြဲတိုင်း နေရာမှာ ငြိမ်သက်စွာ နေခဲ့ရ၏။

အချိန်အတော်ကြာသောအခါ ဖူးသာကိုကွီနှင့် ဒူးလေးကိုင် ငါးယောက်သည် ကျွန်ုပ်ရှိရာသို့ ရောက်လာကြ သည်။ ဘုရင်မထံ အခစားဝင်ရန် လာခေါ်ကြောင်းပြော၏။ ကျွန်ုပ်သည် သူတို့ခေါ်ရာကို ဆိတ်ငြိမ်စွာပင် လိုက်ခဲ့ သည်။ မည်သူကမှ စကားတခွန်းမပြော၍ ကျွန်ုပ်ကလည်း မေးမြန်းခြင်းမပြုဝံ့ချေ။

ကျွန်ုပ်၏ မျက်စိထဲတွင်ကား ရေစိုအဝတ်က တစ်သားတည်းကပ်နေ၍ သာမုန္ဒြီကျမ်းတွက်အတိုင်း အချိုး အဆက် လှပသော ဘုရင်မ၏ ဖြူဖွေးကြည်လင်သည့် အသားအရည် ကိုယ်ခန္ဓာကိုလည်းကောင်း၊ ဖြူဖွေး သော အသားပေါ်လှပစွာ ပန်ရလှသော မြလည်ဆွဲနှင့် မြလက်ကောက်ချစ်စဖွယ် ပေါ်ပေါ်လွင်လွင် တည်နေ ပုံကို လည်းကောင်း၊ ဖျောက်ဖျက်မရအောင် မြင်ယောင်နေမိပါသည်။

ဘုရင်မစံရာ နန်းတော်ပေါ်သို့ရောက်လျှင် ညီလာခံခန်းမနှင့်တူသော ကျယ်ဝန်းသည့် အခန်းတစ်ခုသို့ ကျွန်ုပ် အား ခေါ်ဆောင်သွားကြသည်။

သားမွေးလည်းမဟုတ်သော်လည်း သားမွေးမျှနူးညံ့လှသော အနီရင့် အနက်ရောင်ကို ပုဆစ်ကွက် ဖော်ထား သည့် ကော်ဇောကြီးသည် ခန်းလုံးပြည့် ခင်းထားသည်ကို တွေ့ရသည်။

ခန်းမကြီး၏ နံရံများတွင် လှပသည့်ပန်းများကို ထိုးစိုက်ထားသည့် စိမ့်လဲ့လဲ့အရောင် ကျောက်ပန်းအိုးများရှိ သည်။ တစ်ခန်းလုံးမှာ ပန်းရနံ့များ မွှေးကြိုင်ကာ စိတ်ကြည်နူးဖွယ်ကောင်းလှသည်။

ခန်းမဘကြီး၏အဆုံးတွင် အစိမ်းရောင် တောက်ပသောပြောင်လက်သည့် အဝတ်ဖြင့် ကာထားသည်။ ထို ခန်းဆီး အဝတ်ရှေ့တွင်ကား အဖြူရောင်

တောက်ပသည့် အဝတ်ဖြင့် ချုပ်လုပ်ထားသော အမြင့် တစ်တောင် ကျော်မျှ ရှိသည့် လှပသောဖုတစ်ခုရှိသည်။

ဖူးသာကိုကွီသည် ထိုဖု၏ရှေ့တည့်တည့် ငါးတောင်ကွာလောက်တွင် ကျွန်ုပ်အား ဒူးတုပ် ထိုင်စေသည်။ သူကိုယ်တိုင်ကား ကျွန်ုပ်၏ရှေ့မှာ ထိုင်သည်။ ဒူးလေးကိုင် အစောင့်နှစ်ယောက်က ဖုတစ်ဘက်တစ်ချက် သုံးတောင်ကွာလောက်ဆီမှာ ဒူးလေးစွဲပြီး ရပ်နေကြသည်။

ကျန်ဒူးလေးကိုင်များကား ကျွန်ုပ်၏ နောက်မှဝိုင်းရံစောင့်ကြပ်နေကြ၏။ ကျွန်ုပ်တို့ နေရာတကျ ထိုင်မိကြ လျှင်ပင် ကြည်လင်သော မောင်းသံကလေးကို အတွင်းခန်းဆီမှ ကြားလိုက်ရ၏။ မောင်းသံကြားရလျှင် ဖူသာကိုကွီ က ကျွန်ုပ်အား ခေါင်းငုံ့နေရန်ပြောပြီး သူကိုယ်တိုင်လည်း ခေါင်းငုံ့နေပါသည်။

ကျွန်ုပ်သည် ခေါင်းငုံ့နေသော်လည်း သူတို့ကဲ့သို့ ပြားပြားဝပ်လျှိုးအောင်ကား မငုံ့ပါ။ ကျွန်ုပ်၏ မျက်စိသည် အစိမ်းရောင် ကန့်လန့်ကာကြီး လှုပ်ရှားသွားသည်ကိုလည်းကောင်း၊ ပြောင်လက်တောက်ပ သည့် အနီရောင် ခြေနင်း ကို စီးကာ ငြင်သာသိမ်မွေ့စွာလှမ်းလာပြီး အဖြူရောင် ထိုင်ခုံပေါ်မှာ ထိုင်လိုက်သောဘုရင်မ၏ ဖြူစင် လှပသော ခြေအစုံကို ကောင်းစွာ မြင်လိုက်ရပါသည်။

" အကြီးမင်း ဖူးသာကိုကွီ "

ဖူးသာကိုကွီအား ခေါ်လိုက်သောဘုရင်မ၏ အသံသည် ချိုလွင်၍ ကြည်လင်သာယာ လှပါပေသည်။ မြွေကြီး ရန်က မြဗုဒ္ဓကယ်တော်မူပါဟု မြည်တမ်းသံသည် ဘုရင်မအသံဖြစ်ကြောင်း ကျွန်ုပ် ယခုမှ သိရ၏။

" အမိန့် ရှိတော်မူပါ ဘုရင်မ "

ဖူးသာကိုကွီက ရိုသေစွာ လျှောက်တင်လိုက်၏။

" ငှါအသက်ကို ကယ်တင်သူသည် အကြီးမင်း၏နောက်မှ စားနေသူ ဟုတ်သလား "

" ဟုတ်ပါကြောင်း ဘုရင်မ "

" ကောင်းပြီ၊ ငါပိုင်ဆိုင်ရာ နှောင်စငဲ့ ဒေသသို့ ဤသူရောက်လာကြောင်း သိရသော်လည်းသူ့အား အထူး တလည် တွေ့ရန် အကြောင်းမရှိချေ။ ယခုမူ ကံအားလျော်စွာ ငှါအသက် ဖြစ်လာ၍ စံနန်းတော်ကို ဝင်ခွင့် ပြုခဲ့တယ်၊ ကျေးဇူးရှင် မျက်နှာကို ငါကြည့်လိုတယ် အကြီးမင်း "

ချိုလွင်သာယာသော ဘုရင်မ၏ အသံဆုံးလျှင် ဖူးသာကိုက ကျွန်ုပ်အား လှည့်ကြည့်ပြီး ...

" ဗားလား ... နင့်မျက်နှာ မော့ပြလိုက် "

ဟုပြောပါသည်။

ကျွန်ုပ်သည် နဂိုကမှ မော့ချင်နေသူဖြစ်၍ သွက်လက်စွာပင် မျက်နှာကို မော်ကာ ဘုရင်မအား ကြည့်လိုက်၏။ အဖြူနှင့် အနီစင်းတွင် လှပသော ပန်းပွားများ ထပ်ထားသည့် ပိုးရောင်တောက်ပနေသော သင်တိုင်းကို ဝတ်ထားသော ဘုရင်မ မျက်နှာတော်ကို ကျွန်ုပ်သည် ကြည့်ခွင့်ရသည်အခိုက် အားပါးတရ ကြည့်လိုက်၏။

ညိုမှောင်ရှည်လျားသော ဆံပင်ကို ဖားလျားချကာ ဖြူဖွေးမွှေးကြိုင်သော ပန်းခွေကို ဦးခေါင်းမှာ စွပ်ထား သော ဘုရင်၏ မျက်နှာတော်ကား ယခု

အနီးကပ် စေ့စေ့ ကြည့်မိမှ ထူးခြားသော မျက်နှာမျိုး ဖြစ်ကြောင်း သတိထားမိပါသည်။ အထက်၌ ကျွန်ုပ် ဆိုခဲ့ပြီးသည့်အတိုင်း စာဖွဲ့လောက်သော ချောမောလှပသည့် မဆို နိုင်သော်ငြား ယခုကဲ့သို့ နီးနီးကပ်ကပ် သေချာစွာ ကြည့်မိသူအဖို့ စွဲမက် မြတ်နိုးဖွယ်ရာ ကောင်းသော ရုပ် ဆင်းသဏ္ဌာန် မျိုးဖြစ်ကြောင်း သိရသည်။ ကြည်လင်လှပသော ဘုရင်မ၏ မျက်လုံးသည် ကျွန်ုပ်အား စူးစိုက် ကြည့် လိုက်ခြင်းကို ခံရသောအခါ ကျွန်ုပ်၏ မျက်လုံးသည် ဘုရင့်ကျက်သရေရှိလှသော မျက်နှာမှခွာရန် လွဲ ရန် မစွမ်းဆောင်တော့ချေ။

" တော်လောက်ပြီ ဗားလား၊ နင့်မျက်နှာ ပြန်ငုံ့လိုက် "

ဖူးသာကွီ၏ အမိန့်အရ ကျွန်ုပ်သည် ဦးခေါင်းပြလိုက်ရသော်လည်း မျက်လုံးထဲမှာကား ဘုရင်မ၏ ရုပ်သဏ္ဌာန် သည် ဖျောက်ဖျက်၍ မရနိုင်တော့ချေ။ ကျွန်ုပ်သည် ဘုရင်မအား ချစ်နေမိပေပြီတကား။

" ငါ့အသက်သခင် ကျေးဇူးရှင်ဖြစ်လို့ ငါချီးမြှင့်လိုတယ်၊ ရတနာများ၊ ဗုဒ္ဓဆေးပင်များကို ယူဆောင်ခွင့်၊ ဤ နှောင်စင့် ဒေသမှ ထွက်ခွာခွင့်၊ ၄င်းသုံးခုမှလွဲလျှင် လိုသောဆုကိုတောင်း၊ ငါပေးမယ် "

ဘုရင်မ၏ မိန့်မြွတ်သံကြောင့် ကျွန်ုပ်မှာ ငိုင်သွားမိသည်။ ငါ့စိတ်အကြံအစည်ကို ဘုရင်မ သိလေရော့ သလားဟု တွေးမိသည်။

ကျွန်ုပ်အဖို့ အရေးကြီးစွာ လိုအပ်သော ဤနှစ်ချက်ကို ပိတ်ထားပြီးမှ ကျွန်ုပ် မည်သည့်အရာကို တောင်းဆို ရပါအံ့နည်း။ မစဉ်း၊ နှောင်ခါမှ ကြိုးစားတော့မည်ဟု စိတ်တွင် ဆုံးဖြတ်ကာ ယခုလတ်တလော အလိုရှိသည့် အခွင့်ကို တောင်းဆိုလိုက်ပါသည်။

" ဘုရင်မအား မြတ်နိုး ကြည်ညိုလှသဖြင့် ဘုရင်မများ အကူအညီလိုပါက အချိန်မရွေး ကူညီရန် ဘုရင်မ၏ အပေါ်မှာ အမြဲတစေ ခစားနေနိုင်ခွင့်နှင့် ဘုရင်မ စံနန်းတော်မှာရှိသော ရှုးပေါင်းပေစာများကို ဖတ်ရှုခွင့် ထို နှစ်ခုကို ဆုအဖြစ် ပေးသနားပါ ဘုရင်မ "

ဖူးသာကိုကွီသည် ကျွန်ုပ်အား ထိတ်လန့်အံ့သြစွာ လှည့်ကြည့်လိုက်သည်ကို ကျွန်ုပ် သတိထားလိုက်မိ သည်။ ဘုရင် သည် စဉ်းစားဟန်ဖြင့် အတန်ကြာ ဆိတ်ငြိမ်ပြီးမှ ...

" ငါ တစ်ခုမေးလိုတယ် "

ဟု တည်ငြိမ်အေးမြသောအသံဖြင့် မိန့်ကြားလိုက်သည်။

" မေးတော်မူပါ ဘုရင်မ "

" ငါ ရေချိုးရာ စမ်းအိုင်နားကို နင်ဘယ်လို ရောက်လာသလဲ "

ဘုရင်မ၏ မေးခွန်းကြောင့် ရုတ်တရက်သော် ကျွန်ုပ်မှ တုန်လှုပ်သွားမိသည်။ အရေးကြီးသော ဤ အချက် ကို ယခုဘုရင်မမေးသည်မှာ သူ့အပေါ်တွင် အမြဲတစေ ခစားခွင့်ပေးရန် တောင်းဆိုခြင်းနှင့်စပ်လျဉ်း၍ သကာ် မကင်းသဖြင့် မေးကြောင်း ကျွန်ုပ် ကောင်းစွာ သဘောပေါက်မိသည်။

သူတို့ဒေသ၏ စည်းကမ်းကို ဖောက်ဖျက်လျှင် ရက်စက်စွာ စီရင်တတ်ကြောင်း စောဝေဖော် ပြောပြပြီးဖြစ်၍ ကျွန်ုပ်သည် အသက်ဘေးမှ ထွတ်အောင် အကြောင်းအချက်လုံလောက်စွာ ပြရချိမ့်မည်။

" ဒီလိုပါ ဘုရင်မ ... ငါသည် ရတနာသုံးပါးကို အလွန်ကြည်ညိုရှိသေသူ ဖြစ်တယ်။ လွန်ခဲ့တဲ့ သုံးနှစ်လောက်က အိပ်မက်ထဲမှာ မြဗုဒ္ဓကိုဖူးတွေ့ရတယ်၊ မြဗုဒ္ဓကို ကြည်ညိုတဲ့ စိတ်က စွဲလမ်းစွာ တိုက်တွန်းမှုကြောင့် လိုက်ရှာရာမှာ

အားပြတ်ပြီး လဲနေစဉ် အဖေဖူးသာကိုကွီတို့ ကျေးရူးကြောင့် ဒီနေရာ ရောက်လာပြီး မြဗုဒ္ဓကို ဖူးတွေ့ရတယ်။

ညကလဲ အိပ်မက်ထဲမှာ ဘုရင်မကို မြွေနဂါး ရန်ပြုနေတယ် အိပ်မက်လို့ အဖေဖူးသာကိုကွီကို ဒီအကြောင်း ပြောမယ် လို့ လိုက်ရှာရာက လမ်းမှားပြီး စမ်းအိုင်နားအရောက်မှာ ဘုရင်မ မြည်တမ်းသံကို ကြားရတယ်၊ ငါ ပြေးလာပြီး ကြည့်တော့ အိပ်မက်အတိုင်းတွေ့နေရလို့ ဘုရင်မကို မြွေနဂါးရန်က ကယ်တင်နိုင်ခဲ့တယ်။

ငါ အမှန်အတိုင်း လျှောက်တင်ပါတယ်၊ ဒီအချိန်မှာ ဘုရင်မ ရေချိုးတော်မူမယ်လို့ မသိရိုး အမှန်ပါ "

ကျွန်ုပ်သည် သတိထားကာ တည်ငြိမ်သောအသံဖြင့် ယုတ္တိ ရှိရှိ ဖြေကြားလိုက်ပါသည်။

" အင်း ... ဟုတ်ပေလိမ့်မယ်၊ နင် ရောက်လာပုံတွေကတော့ဖြင့် အကြောင်းအချက်အားလုံး တိုက်ဆိုင် ပေတယ်၊ ဒါထက် အဆိပ်ပြင်းထန်တဲ့ မြွေနဂါးကို နင် ဖမ်းကိုင်တာ ကိုက်မှာ မကြောက်ဘူးလား "

ဘုရင်မ ၏ အသံမှာ ယုံကြည်ချက် အပြည့်ပါနေကြောင်း ကျွန်ုပ် ရိပ်စားမိ၍ တအားတက်လာပါသည်။

" ကျွန်ုပ်မှာ ဗုဒ္ဓ ပေးတော်မူထားသော မြွေနဂါးကို နိုင်သည့် တန်ခိုးပိုင်ဆိုင်ပါတယ် ဘုရင်မ "

ကျွန်ုပ်က ရဲဝံ့စွာပင် လိမ်လည်လျှောက်တင်လိုက်ရပါသည်။ နောင်ခါမှ မြွေကိုက်၍ သေလိုလည်းသေစေ၊ လတ်တလော အသက်ဘေးမှ

လွတ်အောင်ကား အစီအစဉ်တဲ့အောင် ပြောရတော့မည်သာ၊ သို့သော် ကျွန်ုပ်ကားငယ်စဉ်က မြွေပြီးဆေး ထိုးထားခဲ့ဖူးပေသည်။

ဘုရင်မသည် ကျွန်ုပ်အား တစ်စုံတစ်ရာမှ ဆက်လက်မေးမြန်းစစ်ဆေးခြင်း မပြုတော့ဘဲ ဖူးသာကိုကွီကို ခေါ်လိုက်သည်။

" ကောင်းပြီ အကြီးမင်း၊ ဖူးသာကိုကွီ "

" အမိန့်ရှိတော်မူပါ ဘုရင်မ၊ နာခံရန် အသင့်ပါ "

ဖူးသာကိုကွီက ရိုသေစွာ လျှောက်တင်လိုက်၏။

" မြွေနဂါးကိုနိုင်သော ငှါအသက်သခင်အား စံနန်းအတွင်းမှာ နေထိုင်ခစားရန် ခွင့်မပြုနိုင်သော်လဲ ငါနှင့် အနီးဆုံးဖြစ်သော ကိုယ်ရံတော် သက်စောင့်တပ်မှာ အမှုထမ်းစေရမယ် "

" အမိန့်တော်အတိုင်းပါ ဘုရင်မ "

" အေး .... သူတောင်းတဲ့ ဆုတစ်ခု ကျန်သေးတယ်၊ ငါ့စံနန်းမှာရှိတဲ့ ပေစာတွေကို ဖတ်လိုတယ်တဲ့၊ ပေစာ တွေကို အလုံအခြုံ သိမ်းဆည်းထားပြီး ဖြစ်နေလို့ ဖတ်ခွင့်ပြုရန် ခဲယဉ်းတယ်၊ သို့သော် ပေစာတွေပါ အတ္တုပ္ပတ္တိ ကို ဖတ်ကြည့် တာ နဲ့မခြား သိရအောင် မောရလိုဏ်ဂူကို ခေါ်သွားပြီး ပြလိုက်ပေတော့ အကြီးမင်း "

" အမိန့်အတိုင်း ပါ ဘုရင်မ၊ လိုဏ်ဂူဖွင့်ကြည့်ရန် သံမဏိလုံတော်ကို သနားတော်မူပါ ဘုရင်မ "

ဖူးသာကိုကွီက တင်လျှောက်သည်။

" ဝေ … နန့်မထွေ့ရေ၊ လာလေဦး "

ရှံရွှေတော်တစ်ဦးအား ဘုရင်မက မတိုးမကျယ် ခေါ်လိုက်သောအသံသည် ချစ်စဖွယ် ကြည်လင် ချိုနွဲ့လှ၏။ နန့်မထွေ့ဟူသော အမည်ကို ကြားရလျှင်ပင် ကျွန်ုပ်၏ အဖော်မွန်ကလေး စောဝေဖော်၏ အစ်မဖြစ်ကြောင်း ကျွန်ုပ် သိလိုက်ရပေသည်။

ကျွန်ုပ် သည် ဦးခေါင်းငုံ့နေရာမှ အစိမ်းရောင် ကန့်လန့်ကာကြီး၏ အောက်ခြေသည် လှုပ်ရှားသွားပြီး သေး သွယ်သော မိန်းမ၏ ခြေတစ်စုံထွက်လာကာ ဘုရင်မ၏ နောက်ပါးဝယ် ရပ်လိုက်သည်ကို မြင်ရပါသည်။

" နန့်မထွေ့ "

" အမိန့်ရှိတော်မူပါ ဘုရင်မ "

" ငါ့အိပ်စက်ရာ ခန်းဆောင်ရှိ နံ့သာခုံကြီးပေါ်က နံ့သာခွက်ထဲမှာ ထည့်ထားတဲ့ မောရလိုဏ်ဂူဖွင့်တဲ့ သံမဏိ လုံတော်သွားယူခဲ့ပြီး အကြီးမင်း ဖူးသာကိုကွီလက်ကို အပ်လိုက်၊ ကိုက်ပြီးလို့ ဖူးသာကိုကွီက သံမဏိလုံ ပြန်အပ်တဲ့အခါ လက်ခံပြီး ယခင် သူ့နေရာမှာ ပြန်ထားလိုက် နန့်မထွေ့ "

" အမိန့်တော်အတိုင်းပါ ဘုရင်မ "

နန့်မထွေ့က တင်လျှောက်ပြီး အခန်းတွင်းသို့ ပြန်ဝင်သွားပြီးလျှင်ပင် ဘုရင်မသည် ထိုင်ရာမှ ထလိုက် ကြောင်း ကျွန်ုပ် သိရ၏။

စွဲမက်ဖွယ် ကျက်သရေရှိလှသော ဘုရင်မ၏ မျက်နှာတော်ကို မော်ဖူးခွင့်မရသော ကျွန်ုပ်အဖို့ ဖြူစင်လှပ သော ဘုရင်၏ ခြေအစုံသည် အစိမ်းရောင် ကန့်လန့်ကာနောက်သို့ ရွေ့လျား ပျောက်ကွယ်သွားသည့်တိုင် အောင် မြတ်နိုးလှသော စိတ်နှင့် မျက်ခြည်မပြတ် ကြည့်နေလိုက်မိပါသည်။

ဘုရင်မ ဝင်တော်မူသွားလျှင်ပင် ကျွန်ုပ်တို့မှာ ဦးခေါင်းမော်ခွင့်ရပြီဖြစ်၏။ တစ်ယောက်နှင့် တစ်ယောက် စကား မပြောကြဘဲ ဆိတ်ငြိမ်စွာ နေထိုင်မိကြစဉ် ခဏမျှကြာသောအခါ နန့်မထွေ့သည် အစိမ်းရောင် ကန့် လန့်ကာ နောက်မှ ပေါ်လာပါသည်။

လင်ပန်းသဖွယ် စိမ့်လဲ့လဲ့ အရောင်ရှိသော ပါးလွှာသည့် ကျောက်ပြားတစ်ချပ်ကို လက်နှစ်ဖက်ဖြင့် ကိုင်မ လာပြီး ဖူးသာကိုကွီအား ဒူးတုပ်ကာ ရိုသေစွာ ပေးလိုက်၏။ ကျွန်ုပ်သည် ကျောက်လင်ပန်းပေါ်တွင် ပါလာ သော အရာဝတ္ထုကို စိတ်အားထက်သန်စွာ ကြည့်လိုက်၏။

အသွား သုံးလက်မမျှရှိသော သံမဏိလုံသွားကလေးအား တစ်မိုက်မျှရှည်သော မွှေးကြိုင်သည့် သစ်သား ဖြင့် လက်ကိုင်ရိုး တပ်ထားသော လုံကလေးတစ်ချောင်းဖြစ်သည်ကိုသိရသည်။ ဖူးသာကိုကွီက လုံကလေးကို တယုတယ ယူနေစဉ်မှာ ကျွန်ုပ်သည် နန့်မထွေ့၏မျက်နှာကို အမှတ်မထင် လှည့်ကြည့်လိုက် သည်။

နန့်မထွေ့သည် ကျွန်ုပ်အား စူးစူးစိုက်စိုက် ကြည့်နေရာမှ ကျွန်ုပ်နှင့် အကြည့်ချင်းဆုံသောအခါ မျက်လွှာချ ကာ ကျောက်လင်ပန်းကိုကိုင်ပြီး အခန်းတွင်းသို့ ဝင်သွားပါသည်။ နန့်မထွေ့၏ ရုပ်ရည်၊ ဝတ်စားဆင်ပြင်ပုံ ခေါင်းတုံး ပြောင် ပုံ မှာ ကျွန်ုပ် တွေ့ခဲ့ဖူးပြီဖြစ်သည့် နောင်စငဲ့ တောသူတို့နှင့် ထူးမခြားနား တစ်မျိုးတစ်စား တစ်ပုံစံ တည်းပင် ဖြစ်ပေသည်။

" ဗားလားရေ ... သွားစို့ဟေ့ "

ဖူးသာကိုကွီက နှီးဆော်ပြီး ဘုရင်မစံနန်းမှ ရှေ့ဆောင် ဆင်းသွားသဖြင့် ကျွန်ုပ်တို့သည် ဖူးသာကိုကွီ၏ နောက်မှ လိုက်ခဲ့ရသည်။ ဘုရင်မစံရာနန်းကို လက်ယာဘက်မှ ပတ်ကွေ့ကာ တစ်ဖက်သော တောင်ကမ်း ပါးယံဆီသို့ ရှေ့ရှုလာခဲ့ကြပါသည်။

" ဗားလား နင် နက်ဖြန်ကစပြီး ဘုရင်မ ကိုယ်ရံတော် သက်တော်စောင့် စစ်သားဖြစ်ပြီနော် "

ရှေ့မှ အရွယ်နှင့် မလိုက်အောင် ဖျတ်လတ်လျင်မြန်စွာ သွားနေသော ဖူးသာကိုကွီက နောက်လှည့်မကြည့်ဘဲ ပြောလိုက်သည်။

" ဟုတ်တယ် အဖေ "

ကျွန်ုပ်က ဖြေလိုက်သည်။

" နင့်ကို စောဝေဖော်က ဒူးလေးအပစ် သင်ပေးတယ်မဟုတ်လား၊ နင် ကောင်းကောင်းတတ်ရောပေါ့ "

" တတ်ပါတယ် အဖေ "

ကျွန်ုပ်က စကားမရှည်ဘဲ တိုတိုပင် ဖြေလိုက်၏။

ဒူးလေး အပစ်ကိုကား ကျွန်ုပ်ငယ်စဉ်ကပင် တတ်ခဲ့ပြီး ဖြစ်သည်။

" အေး ... ကောင်းတယ် "

ဖူးသာကိုကွီက ဤမျှသာပြောပြီး စိုက်စိုက်သွားနေသဖြင့် ကျွန်ုပ်လည်း တစ်စုံတစ်ရာမျှ မပြောဘဲ သူ့ နောက်မှ အတွင်သာလိုက်ခဲ့သည်။

ကမ်းပါးကို ပတ်ပြီးတက်ခဲ့ရာ တောင်ခုလပ်ဆီရောက်လျှင် ဒူးလေးကိုင်စစ်သားများကို ကြိုကြားကြိုကြား တစ်ခုစီ တွေ့ရပါသည်။

" ဟောဟို ရှေ့က စစ်သားတွေစောင့်နေတာ မောရလိုဏ်ဂူပဲ ဟော့ ဗားလား "

ဖူးသာကိုကွီက ခပ်လှမ်းလှမ်းရှိ တောင်ကမ်းပါးယံမှ သယံဇာတများဖြင့် ဖြစ်တည်နေဟန်တူသောကျောက်ဂူ ကြီးကို လက်ညှိုးညွှန်ပြရင်း ပြောလိုက်သည်။

ကျောက်ဂူရှေ့သို့ ရောက်သောအခါ ကျောက်ဂူရှေ့ရှိ အစောင့်စစ်သားများသည် ဖူးသာကိုကွီကို မြင်သော အခါ တစ်စုံတစ်ရာ မေးမြန်းပြောဆိုခြင်း မပြုဘဲ စက်ရုပ်များသဖွယ် တညီတည်း ဘေးသို့ ရှဲသွားကြသည်။

ဂူတံခါးမှာ ခိုင်မာသော သစ်သားတစ်မျိုးဖြင့် ပြုလုပ်ထားလေသည်။ ဖူးသာကိုကွီသည် တရိုတသေ ကိုင်ဆောင်လာသော သံမဏိလုံတံငယ်ကို တံခါးတစ်ဖက်မှာရှိသော သော့ပေါက်နှင့် သဏ္ဌာန်တူသည့် အပေါက်ငယ်တစ်ခုအတွင်းသို့ ထိုးသွင်းပြီး လှည့်လိုက်သည်တွင် လေးလံသော သစ်သားတံခါးကြီးသည် တကျွီကျွီမြည်ကာ ပွင့်လာပါသည်။

ဂူအတွင်းမှာ မည်းမှောင်နေပေလိမ့်မည်ဟု ကျွန်ုပ် ထင်မှတ်မိသော်လည်း စိမ်းလဲ့လဲ့ ကြည်လင်သော အရောင်ဖြင့် လင်းနေသည်ကို အံ့သြစွာ တွေ့ရပါသည်။ မည်သည့်အရောင် ဖြစ်လေသနည်းဟု စဉ်းစား ကာ ကျွန်ုပ်သည် ဂူအမိုးကို မော့ကြည့်လိုက်၏။

ခုနစ်လံမျှ အမြင့်ရှိသော ဂူအမိုးအလယ်တည့်တည့်မှာ တစ်တောင်ပတ်လည်မျှကျယ်သော မှန်းတည့် ပေါက်တစ်ခုကို တွေ့ရသည်။

ထိုမွန်းတည့်ပေါက်၏ အောက်တည့်တည့်တွင် နှစ်လံမျှ အမြင့်ရှိသော သယံဇာတ ဖြစ်တည်နေသည့် ကျောက်တိုင်တစ်ခု၏ ထိပ်တွင် စိမ်းလဲ့လဲ့ အရောင်ရသော တစ်တောင်ပတ်လည်မျှ ရှိသည့် ထိပ်ချွန်သော ကျောက်တုံးတစ်ခုရှိသည်။

ဂူအမိုး မွန်းတည့်ပေါက်မှ ဝင်လာသော အလင်းရောင် သည် ထိုစိမ်းလဲ့လဲ့ ကျောက်တုံးနှင့် ထိတွေ့သော အခါ ကျောက်တွင်း မှ ရောင်ပြန်ဟပ်သော စိမ်းလဲ့လဲ့အရောင်က ဂူကို လင်းစေကြောင်း ကျွန်ုပ် အံ့သြစွာ တွေ့ရ၏။

ဂူတစ်ခုလုံးကို ကြည်ကြည်လင်လင် လင်းနေအောင် အရောင်ထွက်တဲ့ ကျောက်တိုင်ထိပ်ကဟာ ဘာ ကျောက်တုံးလဲ အဖေ"

ဂူတွင်းသို့ ရှေ့မှဝင်လာသော ဖူးသာကိုကွီအား ကျွန်ုပ်က မေးလိုက်၏။ အစောင့်များမှာ ဂူအပြင်ဘက်မှ နေရစ်ကြ၍ ကျွန်ုပ်နှင့် ဖူးသာကိုကွီသာ ဂူတွင်းဝင်ကြသည်။

" အဲဒါ ဗုဒ္ဓ၊ ဓမ္မ၊ သံဃ တန်ခိုးတော်နဲ့ အလင်းပေးနေတဲ့ ကျောက်ပဲ ဗားလားရဲ့ "

ထိုပေစာထက် အဓိပ္ပာယ် ရှင်းနိုင်ပါမည်လော။ ကျွန်ုပ်သည် တစ်စုံတစ်ရာမှ ဆက်မပေးဘဲ သူ့နောက်မှ မျက်ခြည်မပြတ်သာ လိုက်လာခဲ့သည်။

" ဒီဘက်က နံရံကို အရင်ကြည့် "

ဖူးသာကိုကွီ စကားကြောင့် လက်ယာဘက်ရှိ ဂူနံရံကို ကျွန်ုပ် ကြည့်လိုက်သည်။ သယံဇာတသဘာဝအား ဖြင့် တည်နေဟန်တူသော ကျောက်ဥဒေါင်းရုပ်ကြီးတစ်ခုကို တွေ့ရသည်။ ကျောက်ဥဒေါင်းရုပ်ကြီးမှာ လူ၏ လက်ဖြင့် ထုလုပ်ထားဘိသို့ ပီပြင်စွာတွေ့ရသည်။

နှစ်တောင်ကျော်မျှရှိသော အောက်ခံ ကျောက်ရုပ်ခုံနှင့် ဉဒေါင်းရုပ်မှာ တစ်ဆက်တည်းဖြစ်သည်။ ကျောက် သားအရုပ်မှာ စိမ်းလဲ့လဲ့ ကြည်လင်နေ၏။ ဖူးသာကိုကွီအား မေးလိုက်၏။ ဖူးသာကိုကွီက အောက်ပါအတိုင်း ဖြေကြားသည်။

" ဒီလိုပဲ ... ဗားလား၊ ဒီဥဒေါင်းမင်းက ကမ္ဘာတည်ကတည်းက ရှိခဲ့တယ်လိုပ အဆိုရှိတယ်၊ ဟိုးရှေးလွန် လေပြီးတဲ့ နှစ်ပေါင်းများစွာက ထီဆေ့မေ့ အမည်ရှိတဲ့ မင်းနေပြည်တော် မြို့ကြီးတစ်မြို့ ရှိခဲ့တယ်တဲ့၊ ဘယ် နားမှာ ရှိခဲ့တယ်ဆိုတာတော့ ငါမသိဘူး...

" တစ်နေ့တော့ အင်မတန်ယုတ်မာဆိုးသွမ်းတဲ့ လူတွေဟာ ဒီမြို့ကြီးကို ဝင်ရောက်တိုက်ခိုက် ဖျက်ဆီးသတဲ့၊ ထီဆေ့မေ့ နေပြည်တော်ကို အုပ်ချုပ်တဲ့ မင်းရော၊ မိဖုရားရော၊ ရန်သူ့လက်ချက်နဲ့ သေတဲ့အခါ တိုင်းသူပြည် သားတစ်စုဟာ အသက်မသေဘဲ ကျန်ရစ်ရှာတဲ့ မင်းသမီးလေး နန့်နှောင်ခါရီ ကို ရန်သူ့လက်ကလွတ်အောင် ဆောင်ကျဉ်း ပြီး ပြေးခဲ့ရာမှာ အခုတို့များနေတဲ့ နှောင်စင့် တောင်တန်းဒေသကို ရောက်လာသတဲ့ ဗလားရဲ့။

အဲဒီအချိန်က မင်းသမီးလေး သက်တော်ဟာ တစ်ဆယ်ခြောက်နှစ်လောက်ပဲ ရှိသေးတယ်၊ မင်းသမီးလေး ရုပ်ရည်ကတော့ အခုတင်က နင်မြင်ခဲ့ရတဲ့ ဘုရင်မရုပ်ရည်အတိုင်းပဲပေါ့ "

" ဘုရင်မနာမည်က နန့်ခေါင်ခါရီပဲ မဟုတ်လား "

ဖူးသာကိုကွီ၏ စကားကိုဖြတ်ပြီး ကျွန်ုပ်က မေးလိုက်သည်။

" စုံအောင် ငါပြောမှာပေါ့ဟဲ့၊ နင်ကလဲ ဆုံးအောင် နားထောင်ဦး "

ဖူးသာကိုကြီးက ဟန့်တားလိုက်သဖြင့် ကျွန်ုပ်က ဆိတ်ငြိမ်စွာပင် နေလိုက်ရသည်။ ဖူးသာကိုကြီးက စကား ဆက်လိုက်ပြန်၏။

" အဲဒါနဲ့ နှောင်စဝဲ့ ဒေသရောက်တော့ နှောင်က ရန်သူကတော့ လိုက်မလာတော့ဘူး၊ ဒါပေမယ့် လူတွေက အစားရိက္ခာပြတ်ပြီး ငတ်ကြတာကိုး၊ ဒီတော့ တွေ့သမျှအကောင်ငှက်ကလေးတွေတောင် မချန်ဘဲ ပစ်ခတ် စားကြတယ် ....

" အဲဒီတော့ စားသမျှလူတွေဟာ စားသမျှ အစာတွေ မချိမဆန့် အန်ထွက်ပြီး ပြင်းထန်တဲ့ဝေဒနာ ခံစားရ တယ်၊ မင်းသမီးလေးတစ်ယောက်ပဲ၊ လွတ်ကင်းချမ်းသာတယ်၊ ဘာကြောင့်လဲဆိုတော့ မင်းသမီးလေးက သူ့ မျက်စိ ရှေ့ မှာ လူတွေ သတ်ခဲ့၊ ဖြတ်ခဲ့ကြလို့ သူ့အဖေ အမေ၊ ဆွေမျိုးတွေ သေကုန်ခဲ့ကြတာကို သတိရတာလဲ တစ်ကြောင်း၊ လူတွေ စားသောက်ဖို့ အတွက် အသက်အသေခံရတဲ့ အမဲကောင်တွေကို သနားတာလဲ တစ်ကြောင်းကြောင့် ဘာမှမစားဘဲ ရေပဲသောက်နေတယ်တဲ့၊ ဒါကြောင့် မင်းသမီးလေးမှာ ဝေဒနာ မရှိတာပေါ့၊ ငါပြောတာ နားလည်လားဟေ့"

ဖူးသာကိုကြီးက စကားဖြတ်ပြီး ကျွန်ုပ်အား မေးလိုက်သည်။

" နားလည်ပါတယ် အဖေ "

ကျွန်ုပ်မှာ လျှာမရှည်ဝံ့သည့်အတွက် သူမေးသမျှကို တိုတိုသာ ဖြေလိုက်ပါသည်။ စိတ်ထဲတွင်ကား သူ တော်ကောင်းစိတ်ရှိသော မင်းသမီးလေးနန့်နှောင်းခါရီကို ကြည်ညိုလိုက်မိပါသည်။

" အေး ... အဲဒီလိုဖြစ်ကုန်တော့ နန့်နှောင်ခါရီက သစ္စာပြုတယ်တဲ့၊ ငါ၏ကျေးတော် ကျွန်တော်မျိုးများ ဤဝေဒနာမှ လါတ်ကင်း၍ အသက်ချမ်းသာပါစေ၊ အသက် ချမ်းသာခဲ့ကြသည်ရှိသော် သူများအသက်ကို သတ်ဖြတ် စားသောက်ခြင်းမှ ဆွေစဉ်မျိုးဆက် ရှောင်ကြဉ်စေ၍ မြေမှပေါက်သော အသီးအရွက်ကိုသာ စား ပါစေမည်လို့ သစ္စာပြုတယ် ဗားလားရဲ့၊ မင်းသမီးလေး နန့်နှောင်ခါရီဟာ အဲဒီလို သစ္စာပြုဆုတောင်းနေစဉ် မှာ အိပ်ပျော်သလိုလို သတိမေ့သလိုလို ဖြစ်သွားပြီး သူ့အာရုံထဲမှာ ဥဒေါင်းကြီး တစ်ကောင် ပေါ်လာပြီး မင်းသမီးကလေးကို ကျောပေါ် တင်ခေါ်သွားတယ်တဲ့၊ တောင်ထွတ်ကြီး တစ်ခုပေါ်ကို ရောက်တဲ့အခါ အစိမ်းရောင် အဆင်းရှိတဲ့ အရုပ်ကြီးတစ်ခုကို တွေ့ရတယ်တဲ့၊ အရုပ်ကြီးရှေ့မှာအဝတ်ဖြူဝတ်ထားတဲ့ အဘိုး ကြီး တစ်ယောက် တွေ့ရတယ်တဲ့"

ဖူးသာကိုကွီက စကားဖြတ်ပြီး ကျွန်ပ်အား လှည့်ကြည့်လိုက်ပါသည်။

နင် အိပ်ချင်နေသလားဟဲ့ "

ဥဒေါင်းရုပ်ကြီးကို စူးစိုက်ကြည့်ရင်း ငြိမ်နေသော ကျွန်ပ်အားဖူးသာ ကိုကွီကမေးလိုက်သည်။

" အဖေရယ် ဘယ်မှာအိပ်ချင်မှာလဲ၊ ငါသိပ်ပြီး သိချင်နေတဲ့ အကြောင်းတွေမို့ သေသေချာချာ နားထောင် နေတာ၊ ဆက်ပြောပါအဖေ "

ဖူးသာကိုကွီက မပြောလိုတော့ဘဲ ရပ်သွားမည်စိုး၍ ကျွန်ပ်က စိုးရိမ်ကြီးစွာ တိုက်တွန်းလိုက်ပါသည်။

" အေး ... တို့ထိုင်ပြီး ပြောကြရအောင် "

ဖူးသာကိုကွီက ရပ်နေရသည်ကို ညောင်းဟန်တူသည်။ ပြောပြောဆိုဆို ဉဒေါင်းရုပ်ကြီးရှေ့ရှိ ကျောက် တုံးတစ်ခု ပေါ်ထိုင်ချလိုက်သဖြင့် ကျွန်ုပ်သည်လည်း ဝမ်းသာအားရ ထိုင်ပါသည်။ ဖူးသာကိုကွီက စကား ဆက်ပြော လိုက်ပြန်၏။

ဒါနဲ့ အဝတ်ဖြူဝတ် အဘိုးကြီးက မင်းသမီးလေးကို ကျော်ပေါ်က ဆင်းစေပြီး အစိမ်းရောင် အရုပ်ကြီးကို ပြကာ၊ အဲဒါ ဗုဒ္ဓလို့ အမည်ရှိတဲ့ ပုဂ္ဂိုလ်ပဲ ချစ်သမီး၊ ဗုဒ္ဓစကားတွေကို ဓမ္မလို့ခေါ်တယ်၊ ဗုဒ္ဓလိုဝတ်ဆင်ပြီး ဗုဒ္ဓ ရဲ့ အဆုံးမတော်ကို ကျင့်သုံးသူကို သံဃာလို့ ခေါ်တယ်၊ ဗုဒ၊ သံဃကို ချစ်သမီးနှင့်တကွ ရံရွှေတော်များကပါ ကြည်ညိုကိုးကွယ်ပါ၊ အခုကြုံတွေ့ရသော ဘေးဒုက္ခက လွတ်ကင်းလိမ့်မယ်လို့ ပြော တယ်တဲ့ ဗားလားရဲ့၊ နားလည်လား "

" နားလည်ပါတယ် အဖေ "

အေး ... မင်းသမီးလေးလဲ ဒီအတိုင်း ဖြစ်ရပါစေမယ်လို့ မေးပြီး ချက်ချင်းပဲ ဗုဒ္ဓ၊ ဓမ္မ၊ သံဃလို့ ကြည်ညိုစွာ ရွတ် အစိမ်းရောင် ဗုဒ္ဓကို ရှိခိုးကာ သူသစ္စာပြုခဲ့တာကို ပြန်တင်လျှောက်ပြီး သူ့လူတွေ အသက်ကို ချမ်းသာစေဖို့ တောင်းတယ်တဲ့၊ အဲဒီလိုလဲ ဆုတောင်းရရော အင်မတန် ကြည်ညိုဖွယ်ရာ သာယာလှပတဲ့ အသံနဲ့ ချစ်သမီး၊ သင်သစ္စာတည်ပါစေ ...

ဤဗုဒ္ဓ၊ ဓမ္မ၊ သံဃဆေးပင်ကိုသာ တိုက်ကျွေးပါ၊ ဝေဒနာအားလုံး ကင်းကွာလိမ့်မယ်လို့ ပြောသံကို ကြားရပြီး မင်းသမီးလေးဟာ ဗုဒ္ဓဆေးပင်တွေကို မြင်ရတယ်တဲ့၊ အဲ့ဒီအခါမှာ ဉဒေါင်းကြီးရဲ့ သာယာလှတဲ့ မြည်တွန်သံ ကို မင်းသမီးလေးကြားရတော့မှ အိပ်ရာက နိုးလာသလိုဖြစ်ပြီး ကြည့်လိုတဲ့အခါ ဝေဒနာခံစားနေရတဲ့ သူ့ အခြွေအရံ တွေ အနား သူရှိနေကြောင်း သိရတယ် ...

" မင်းသမီးလေးလဲ သူ့အာရုံမှာ ထင်မြင်ခဲ့ရတာကို ---- တဲ့စိတ်နဲ့ တွေးတော စဉ်းစားနေဆဲမှာ ဥဒေါင်းတွန် သံကို ထင်ထင်ရှားရှား ကြားရတယ်တဲ့၊ အဲဒီတော့ မင်းသမီးလေး သူ့ရုံရှေ့တော်ကို ကယ်တင်ဖို့ စွန့်စားတော့ မယ် လို့ စိတ်ဆုံးဖြတ်ပြီး အာရုံထဲမှာ ထင်မြင်တဲ့အတိုင်း ဗုဒ္ဓ၊ ဓမ္မ၊ သံဃလို့ လိုက်လဲ့ကြည်ညိုစွာ ရွတ်ဆိုရင်း ဥဒေါင်းတွန်သံ ကို မှန်းဆကာ လိုလာတယ်တဲ့ ဗားလားရဲ့ ...

" ဥဒေါင်းတွန်သံကလဲ လမ်းပြသလို မင်းသမီးရှေ့ အဆက်မပြတ် ကြားတယ်တဲ့၊ နောက်ဆုံးတော့ မြဗုဒ္ဓ၏ တောင်ထိပ်ရောက် အာရုံထဲကအတိုင်း မြဗုဒ္ဓကို ဖူးမြော် ဗုဒ္ဓဆေးပင်တွေ တွေ့တာပေါ့၊ လူတွေအားလုံး အသက် ချမ်းသာ ရာရအောင် မင်းသမီးလေး နန့်နောင်ခါရီက ဆေးပင်တွေ ယူဆောင် တိုက်ကျွေးပြီး အကျိုး အကြောင်း ပြောပြတော့ အားလုံးသောအခြွေအရံများကာ အစကတည်းက အရှင်သခင်အဖြစ် မြတ်နိုးချစ် ခင်လာ တဲ့ မင်းသမီးလေး အသက်သခင် ကျေးဇူးရှင်အဖြစ် ဆထမ်းပိုးတိုးကာ ကြည်ညိုပြီး မင်းသမီးလေး အဆုံးအမ မှာ နာခံပြီး၊ မြဗုဒ္ဓရဲ့ ရိပ်ခိုလှုံကာ ဒီ နောင်စဝ့်ဒေသမှာ တိုင်းပြည်တည်ထောင်နေထိုင်ကြတယ် ...

" နန့်နောင်းခါရီ မင်းသမီးလေးကို ဘုရင်မအဖြစ် တင်မြှောက်ထားခဲ့တယ်၊ ဘုရင်မရဲ့ သီလ၊ သစ္စာတန်ခိုး ကြောင့် နောင်စဝ့်ဒေသကို သူစိမ်းရောက်လာတယ်ဆိုရင် ဒီဥဒေါင်းကြီးက တွန်ကျွေး သတိပေးတတ် တယ် ဗားလား ရဲ့၊ ငါတို့တစ်တွေ သက်သတ်လွတ်စားခဲ့တာ ဒီတိုင်းပြည်တည်စ ဘိုးစဉ်ဘောင်ဆက်က စလာ တာပေါ့ "

ဖူးသာကိုကြီးသည် မောသွားဟန်ဖြင့် စကားကို ရပ်နားလိုက်သည်။ သို့သော် ကျွန်ုပ်သိလိုသော အချက် အလက် ကား မပြည့်စုံသေးချေ။ ဖူးသာကိုကြီး အမောပြေသလောက်ရှိမှ ကျွန်ုပ်က မေးလိုက်၏။

" အဖေ ဒီ နှောင်စင့်မှာ အုပ်ချုပ်သူဟာ အစဉ်အဆက် ဘုရင်မတွေ ချည်းပဲလား။ ဘုရင်မနာမည်ကို နန့် နှောင်ခါရီ လို့ပဲ အမြဲမှည့်ရသလား "

" အေး ... ငါတို့ဒေသမှာ ဘုရင်မပဲ အုပ်ချုပ်ခဲ့တယ်၊ ဘုရင်ထီးတစ်ခါမှ မအုပ်ချုပ်ခဲ့ဘူး၊ အစဉ်အဆက် အုပ် ချုပ်ခဲ့ သမျှ ဘုရင်မတွေကိုလဲ ပထမဦးဆုံး တိုင်းပြည်တည်ခဲ့တဲ့ ကျေးဇူးရှင် ဘုရင်မကို အစဉ်သတိရရှိသေအောင် ဘုရင်မ ကိုယ်ကလဲ နန့်နှောင်းခါရီလို သစ္စာသမာဓိရှိအောင် နန့်နေခါရီ ဆိုတဲ့ဘွဲ့ကိုပဲ ခံယူစေခဲ့ တယ် "

" ဒါဖြင့် ဘုရင်မရဲ့ ခင်ပွန်းသည်တွေက .... "

ကျွန်ုပ်၏ စကားမဆုံးမီ ဖူးသာကိုကြီးက ...

" ဟိတ် ... ဘာတွေ လျှောက်ပြောနေတာလဲ၊ တို့ဘုရင်မက အားလုံးအပျိုစစ်စစ်တွေဟဲ့ ဗားလား "

ဟု မနှစ်မြို့သောအသံဖြင့် ဖြေရှင်းလိုက်၏။

" မသိလို့ပါအဖေ၊ ငါမှားသွားပါတယ် "

ဟု ကျွန်ုပ်က တောင်းပန်လိုက်ရ၏။

" ဗားလား ... နောက်ကို နင်မသိဘဲ အရမ်းမပြောနဲ့ "

" ကောင်းပါပြီ အဖေ၊ နောက်ကို အရမ်းမပြောရအောင် ငါလဲ ဒီတိုင်းပြည်သားဖြစ်နေတာကြောင့် စုံအောင် သိထားပါရစေ၊ ဘုရင်မက အပျိုစစ်စစ်တွေချည်းဆိုတော့ အုပ်ချုပ်မယ့် မင်းအဆက်ကို ဘယ်လိုရှာမလဲ "

" ပြောမှာပေါ့ ဟဲ့ ဗားလား၊ နင်က မြွေနဂါး နင့်နောက်လိုက်သလို မြန်မြန်မေးနေတာကိုး၊ ငါပြောမယ် လာခဲ့ ဒီနေရာကို "

ဖူးသာကိုကွီ က ပြောကာ ထိုင်ရာမှထပြီး ဥဒေါင်းရုပ်ကြီးနှင့် နစ်လံကွာမျှဝေးသော ဂူနံရံဆီသို့ခေါ်သွားသ ဖြင့် ကျွန်ုပ်သည် လိုက်ပါသွားပါသည်။

" ဒါတွေကြည့်စမ်း ဗားလား "

ဖူးသာကိုကွီ၏ စကားကြောင့် ကျွန်ုပ်သည် ဂူနံရံဆီသို့ ကြည့်လိုက်သည်။ ကျောက်ခုံကြီးတစ်ခုပေါ်တွင် ရှည် မျောမျော ကျောက်တုံးကြီးတစ်ခု တင်ထားသည်ကို တွေ့ရ၏။

" ဘာကြီးလဲ အဖေ "

ကျွန်ုပ်က မေးလိုက်သည်။

" ထိုင် … ငါ့လိုပဲ ရှိခိုးဦး၊ ပြီးမှပြောမယ် "

ပြောပြောဆိုဆို ဖူးသာကိုကွီက ထိုင်ပြီး ကျောက်ခုံပေါ်မှ ရှည်မျော မျောသဏ္ဌာန် ကျောက်တုံးကြီးကို ထိုင်ရှိ ခိုးလိုက် သဖြင့် ကျွန်ုပ်သည်လည်း တစ်စုံတစ်ရာ မသိဘဲ ရှိခိုးလိုက်ရပါသည်။

ထို့နောက် ဖူးသာကိုကွီသည် ထိုင်ရာမှထကာ ကျောက်တုံးရှည်ကြီးပေါ်မှ ပါးလွှာသော စိမ်းလဲ့လဲ့ ရောင် ကျောက်ချပ် ကို ဘေးသို့ အသာအယာ တွန်းဖယ်ကာ …

" လာကြည့်ပေါ့ ဗားလား "

ဟု ခေါ်သဖြင့် ထကြည့်လိုက်မိသော ကျွန်ုပ်မှာ ရုတ်တရက် စကားမပြောနိုင်အောင် အံ့အားသင့်သွားပါ တော့သည်။

ကျောက်တုံးရှည်ကြီးဟု ကျွန်ုပ်ထင်ခဲ့မိသောအရာမှာ စိမ်းညို့ရောင် ကျောက်သားခေါင်းကြီးဖြစ်၍ ခေါင်း အတွင်းဝယ် ပက်လက်အနေအထား လဲလျောင်းနေသော အသက်ဝိညာဉ်ကင်းမဲ့နေသော မိန်းမပျိုတစ် ယောက် ၏ ရုပ်ဆင်း ရူပကာ၊ ကိုယ်ခန္ဓာ၊ မျက်နှာ ပုံပန်းသဏ္ဌာန်ကား အခုတင်ကပင် ကျွန်ုပ်အား ချိုလွင် သာယာ သော အသံဖြင့် စကားပြောလိုက်သော ဘုရင်မ နန့်နှောင်းခါရီ ဖြစ်နေသည်ကို တွေ့ရသည်။

ညိုမှောင်ရှည်လျားသော ဆံပင်များကို အိပ်နေသော ကိုယ်ခန္ဓာအလိုက် ဘေးသို့ ဖြောင်ချထားသည်။ ရှည်လျား ကော့မြူးသော မျက်တောင်များကိုယှက်ကာ မျက်လုံးမှာ မေးမှိတ်နေသော်လည်း မျက်နှာ ကလေး မှာ ပြုံးယောင်သမ်းကာ အိပ်ပျော်နေသကဲ့သို့ ထင်ရ၏။

" ဘယ်လိုဖြစ်တာလဲ အဖေရယ် "

ကျွန်ုပ်က ဝမ်းနည်းစွာ မေးလိုက်မိ၏။

" ဒါ ငါတို့ရဲ့ဘုရင်မ နန့်နှောင်းခါရီပဲ ဗားလားရဲ့ "

ဖူးသာကိုကွီက ပြောလိုက်၏။

" အခုတင်ပဲ ငါနဲ့ စကားပြောနေခဲ့ရသေးတယ် အဖေ၊ ဘုရင်မက လူသားစင်စစ်မှ ဟုတ်ပါလေရဲ့လား "

ကျွန်ုပ်သည် အံ့ဩခြင်း၊ စိတ်မကောင်းခြင်းဖြင့် မေးလိုက်မိ၏။

" ဟဲ့ ... ငါတို့ဘုရင်မ လူသားစင်စစ်ပေါ့၊ ဒီကျောက်ခွက်ထဲက ရုပ်ခန္ဓာက ငါတို့နှောင်စင့်ဒေသကို ပထမဆုံးတိုင်းပြည်တည်ပြီး အုပ်စိုးခဲ့တဲ့ ဗုဒ္ဓဆေးပင်နဲ့ လူတွေအသက်ကို ကယ်ခဲ့တဲ့ ပထမဆုံး ဘုရင်မ နန့်နှောင်းခါရီ တဲ့ ဗားလား "

ဖူးသာကိုကွီ ၏ အဖြေကို ကြားရသော် ကျွန်ုပ် ချစ်ခင်မြတ်နိုးနေသော ဘုရင်မအား ပကတိ အသက်ရှင် နေကြောင်း ကား သိရပေပြီ၊ သို့သော် ပြဿနာကား မရှင်းသေးချေ။

" သက်ရှိ ဘုရင်မရဲ့ ရုပ်ရည်နဲ့ သက်မဲ့ ဘုရင်မ ရုပ်ရည်က ခွဲခြားမရအောင် တူလှချေလား အဖေ၊ သူ တို့က အမြွှာညီမလား "

ကျွန်ုပ်၏ အမေးကြောင့် ဖူးသာကိုကွီက ကျောက်ခေါင်းကြီးကို ကျောက်ချပ်လွှာဖြင့် အသာအယာ ပြန်ဖုံး လိုက်ပြီး ...

" ထိုင်ဟဲ့ ဗားလား၊ ငါပြောပြမယ် "

ဟု ဆိုသဖြင့် ကျွန်ုပ်သည် ဖူးသာကိုကွီနှင့်အတူ ထိုင်ချလိုက်ပြီး စိတ်အားထက်သန်စွာ နားထောင်လိုက် ပါသည်။

" ဒီကျောက်ခွက်ထဲက ဘုရင်မနဲ့ အခုအုပ်စိုးနေတဲ့ ဘုရင်က အမြွှာညီအစ်မ မဟုတ်ဘူး၊ ပထမဦးဆုံး နန့် နှောင်းခါ ဘုရင်မနောက် လေးဆက်မြောက် ဘုရင်မဖြစ်တယ် "

" ဒါဖြင့် ပထမ နန့်နှောင်းခါရီရဲ့ သားစဉ် မြေးဆက်မို့ တို့ ရုပ်ချင်းတူတာပေါ့နော် အဖေ၊ ဒီကျောက်ခွက်ထဲက ဘုရင် ကံတော်ကုန်တာ

ဘယ်လောက်ကြာပြီလဲ။ သူ ကံတော်ကုန် အရွယ်က ငယ်ငယ်လေးပဲ ရှိသေးတယ် "

" ကျောက်ခွက်ထဲက ပထမ နန့်နှောင်းခါရီ ဘုရင်မ ကံတော်ကုန်တာ နှစ်ပေါင်း နှစ်ရာကျော်ပြီ၊ ဘုရင်မ ကံတော် ကုန်တော့ အသက်ကိုးဆယ်ရှိပြီတဲ့ ဗားလား ရဲ့ "

ကျွန်ုပ်သည် စကားမပြောနိုင်အောင် ဖြစ်သွားပါတော့သည်။

လွန်ခဲ့သော နှစ်ပေါင်း နှစ်ရာကျော်က ဝိညာဉ်ကင်းမဲ့သော ရုပ်ခန္ဓာသည် နေရာမပျက်၊ ချို့ယွင်းချက်မရှိဘဲ အိုပျော်နေဘိသို့ လတ်လတ်ဆတ်ဆတ် တွေ့ရသည်။

အသက်ကိုးဆယ်မှာ ကံတော်ကုန်ပါသည်ဆိုသော နန့်နှောင်းခါရီ ဘုရင်မ၏ ဝိညာဉ်ကင်းမဲ့သော ရုပ်ကလပ် ကားယခု ကျွန်ုပ် မျက်စိပသာဒဝယ် အသက်နှစ်ဆယ်ကျော်မျှသာ ထင်ရအောင် နုပျို ချောမောလှပဘိ၏။

ကျွန်ုပ် သည် ဖူးသာကိုကွီအား ပါးစပ်ဟကာ အကြောင်သား ကြည့်နေမိပါတော့၏။

" ဗားလား ... နင် ဘာမှ နားမလည်ဘူး ဟုတ်လား "

ကျွန်ုပ်၏ အံ့သြသော အမူအရာကို ရိပ်စားမိဟန်တူသော ဖူးသာကိုကွီက မေးလိုက်သည်။

" ဟုတ်တယ် အဖေ၊ ငါ ဘာမှ နားမလည်ဘူး၊ ငါ့ကို စုံအောင် ပြောပါနော် အဖေ "

ကျွန်ုပ်သည် အံ့ဩစိတ်၊ သိလိုစိတ်ဖြင့် ဖူးသာကိုကြီးအား ကလေးငယ်သဖွယ် တောင်းပန်လိုက်ပါသည်။

" အေး ... ပြောမှာပေါ့၊ နင်က တို့ပြည်သား ဖြစ်နေမှ တို့ဘုရင်မတွေအကြောင်း သိထိုက်တယ်၊ ဘုရင်မကလဲ ငါ့ကို တာဝန်ပေးလိုက်တယ်၊ နားထောင် ဗားလား ... တို့ လူမျိုးတွေ အစဉ်အဆက်အုပ်ချုပ်ခဲ့ တဲ့ ဘုရင်မတွေ အားလုံး အပျိုစင်အစစ်တွေချည်းပဲ "

ကျွန်ုပ်မှာ အံ့ဩပြီးရင်း အံ့ဩရပါသည်။ ဘုရင်မတွေအားလုံး အပျိုစင်အစစ် တွေချည်းဆိုရင် နန်းဆက် ဘုရင်မ တွေ ဘယ်က ပေါက်ဖွားလာသနည်း။

ကျွန်ုပ် အံ့ဩစွာ တွေးတောနေစဉ်မှာပင် ဖူးသာကိုကြီးက စကားပြောလိုက်ပြန်သည်။

" ကံတော်ကုန်သွားပြီးတဲ့ တို့ဘုရင်မများ အားလုံးကို တို့လူမျိုးများက နမြောကြတယ်၊ သူတို့ရဲ့ ဝိညာဉ် ကင်းမဲ့တဲ့ ရုပ်ခန္ဓာကို မဖျက်ဆီးဘဲ အကြာကြီးလှနေအောင် ဆေးနဲ့စိမ်ပြုပြင်ပြီး သိမ်းထားခဲ့တယ် ဗားလား အခု နင် ဦးဆုံးမြင်ရတာကအသက်ကိုးဆယ်မှာ ကံတော်ကုန်သွားတဲ့ ပထမ နန့်နှောင်းခါရီပဲ၊ ဒုတိယနဲ့ တတိယ ဒီမှာ လာခဲ့ ငါပြမယ် "

ဖူးသာကိုကြီးက ပြောဆိုခေါ်ငင်ကာ ထသွားသဖြင့် ကျွန်ုပ်သည် သိလိုဇောဖြင့် လျင်မြန်စွာ ထလိုက်သွား သည်။

ပထမ နန့်နှောင်းခါရီ ရုပ်ကလပ်နှင့် သုံးလံကွာလောက်တွင် ဒုတိယနန့်နှောင်းခါရီကိုလည်းကောင်း၊ ဒုတိယ နန့်နှောင်းခါရီ ရုပ်ကလပ်နှင့် သုံးလံကွာတွင် တတိယ နန့်နှောင်းခါရီကိုလည်းကောင်း၊ စိမ်းလဲ့လဲ့ အရောင် ကျောက်ခေါင်းကြီး များနှင့် ထည့်ထားသည်ကို တွေ့ရပါသည်။

ကျောက်ခေါင်းကြီးများကို တစ်ခုပြီးတစ်ခု ဖူးသာကိုကွီနှင့် ကျွန်ုပ်သည် ရှိခိုးကန်တော့ကာ စိမ်းလဲ့လဲ့ရောင် ပါးလွှာသော ကျောက်ချပ်အဖုံးကို ဖူးသာကိုကွီက ဖွင့်လှစ်ပြပါသည်။

ပထမ၊ ဒုတိယ၊ တတိယ နန့်နောင်းခါရီ ဘုရင်မများ၏ ဝိညာဉ်ကင်းမဲ့သော ရုပ်ခန္ဓာများသည် ပကတိ အိပ်ပျော်နေဘိသို့ နပျိုချောမောစွာဖြင့် နတ်သိကြား ထုလုပ်ထားသော အရွယ်အဆင်း တူညီညာသည့် ရွှေ စင်ရုပ်များကဲ့သို့ ရွေးမရအောင် တူလှချေသည်။

ကျွန်ုပ်မှာ ကြည့်ရှု၍ အားမရ-မရောင့်ရဲနိုင်အောင် ဖြစ်မိ၏။ ဘုရင်မများမှာ အပျိုစင်အစစ်များသာ ဖြစ်သည် ဆိုလျှင် နန်းဆက်အလို့ငှာ တစ်ယောက်ပြီး တစ်ယောက် မိုးပေါ်က အလိုအလျောက် ကျလာလေရော့ သလားဟု ကျွန်ုပ်တွေးမိ၏။

" ဟိုဘက်ကကျောက်ခွက်ကို ကြည့်လိုက်ဦး ဗားလား "

ဖူးသာကိုကွီက ညွှန်လိုက်သဖြင့် ကျွန်ုပ် လှည့်ကြည့်လိုက်သည်။ တတိယ နန့်နောင်းခါရီ ရုပ်ကလပ်နှင့် သုံး လံကွာမျာ ကျောက်ခေါင်းကြီးတစ်ခုကို တွေ့ရပြန်၏။

အားလုံးသော ကျောက်ခေါင်းများမှာ အမြင့် တညီတညာတည်းရှိသော ကျောက်ခုံပေါ်မှာ တင်ထားကြလေ သည်။

" အဲဒါက အခုအုပ်ချုပ်နေတဲ့ လေးဆက်မြောက် ဘုရင်မ နန့်နောင်းခါရီအတွက် အဆင်သင့်လုပ်ထားတာ ဗားလား ရဲ့ "

ဖူးသာကိုကွီ၏ စကားကြောင့် ကျွန်ုပ်သည် ကြီးစွာသော စိတ်မချမ်းမြေ့မှု ဖြစ်ရပါသည်။

မည်သည့်နည်းနှင့်မှ မျှော်မှန်း၍မရနိုင်သော ဘုရင်မအား ကျွန်ုပ်စိတ်ထဲတွင် တိတ်တဆိတ် ချစ်နေမိပြီဖြစ်ရာ ကျွန်ုပ် ချစ်သော ဘုရင်မ အသက်ဝိညာဉ်ကင်းမဲ့လျှင် ထည့်ဖို့ရန်အဆင်သင့်ပြုလုပ်ထား သောကျောက်ခေါင်းကြီးအား ကျွန်ုပ်မကြည့်ရက်၊ မကြည့်ချင်တော့ချေ။

လျင်မြန်စွာ မျက်နှာလွှဲလိုက်မိပါသည်။

" ထိုင် ဗားလား ... ငါပြောပြမယ် "

ဖူးသာကိုကွီကပြောရင်း ထိုင်လိုက်သည်။ ကျွန်ုပ်သည် စိတ်မချမ်းမြေ့စွာဖြင့် ကျောက်ခေါင်းကြီးကို နောက် ခိုင်းကာ ဖြည်းလေးစွာ ဖူးသာကိုကွီနှင့် မျက်နှာချင်းဆိုင် ထိုင်လိုက်ပါသည်။

" တို့ပထမကျေးဖူးရှင် နန့်နောင်းခါရီဘုရင်မဟာ လင်ယူသားမွေးဖို့ စိတ်မကူးဘဲ စင်ကြယ်သန့်ရှင်းတဲ့ ကိုယ် ခန္ဓာ၊ စိတ်သဘောနဲ့ နောင်စဉ့် တိုင်းသူပြည်သားတွေကို အုပ်ချုပ်လာရာက ဘုရင်မ သက်တော် ခုနစ်ဆယ် အရွယ် မှာ တိုင်းသူပြည်သားတွေစိတ်မှာ စိုးရိမ်ပူပန်မှုဖြစ်လာတယ်၊ ဘယ်လိုပူပန်သလဲဆိုတော့သူတို့ကျေး ဖူးရှင် ဘုရင်မ အရွယ်တော် ကြီးရင့်လို့ ကြွေခါနီးနေပြီ ...

အပျိုစင်ဖြစ်နေလို့ နန်းမွေဆက်ခံရန်လဲ တစ်ယောက်မှမရှိ၊ အကယ်၍ ဘုရင်မကြွေလွှင့်ခဲ့သော် အုပ်ချုပ်သူ ကင်းမဲ့သော ငါတို့ တိုင်းပြည်သည် ပျက်စီးမည်လောဆိုတဲ့ စိုးရိမ်မှုကြီးပဲ ဗားလားရဲ့ "

" စိုးရိမ်သင့်တာပေါ့ အဖေ " ကျွန်ုပ်က ထောက်ပြောလိုက်၏။

" အေး ... ဘုရင်မကလဲ ဒီအကြောင်းကို စဉ်းစားမိတယ်။ ဒါကြောင့် ဘုရင်မဟာ တောင်ထွတ်ပေါ်တက်ပြီး မြဖုဒ္ဓရှေ့တော်မှာ

စင်ကြယ်မြင့်မြတ်သော အကျင့်သိက္ခာကို ဆောက်တည်ပြီး တစ်လတိုင်တိုင် နေထိုင် တော်မူကာ နန်းဆက်ပေါ်ပေါက်စေဖို့ ဆုတောင်းတယ်တဲ့ ...

" အဲဒီအခါမှာ နောင်စဝ့် ဒေသကို ဘုရင်မ စတင်ရောက်ရှိခဲ့စဉ်က ပထမဦးစွာ ဘုရင်မအာရုံမှာ ထင်မြင်ခဲ့တဲ့ ဝတ်ဖြူ စင်ကြယ် အဘိုးအိုကြီးပေါ်လာပြီး ပြောတယ်တဲ့ ဗားလားရဲ့ ...

" ချစ်သမီး နန်းမွေကို ဆက်ခံရန်အတွက် ဘုရင်မလောင်းသည် ချစ်သမီးအုပ်စိုးရာ နောင်စဝ့်ဝယ် တစ်ဦး သောအိမ်ရှင် မိန်းမ၏ ဝမ်းမှာ ပဋိသန္ဓေတည်နေသည်။ မကြာမီ ရက်ပိုင်းအတွင်းမှာ ဖွားမြင်ပေလိမ့်မည်။ ထို ဘုရင်မလောင်းသည် အရွယ်ရောက်လာသောအခါ၌ ချစ်သမီးနှင့် ရုပ်ဆင်းသဏ္ဍာန် ခွဲမရအောင် တူညီပေ လိမ့်မည်။

" ထိုမိန်းမမြတ်သည်သာလျှင် ချစ်သမီးကိုယ်စား နောင်စဝ့် ဘုရင်မအဖြစ် စိုးစံထိုက်သူဖြစ်ပေသည်လို့ မိန့် ကြားသည်တဲ့၊ ဘုရင်မလဲ ဝမ်းမြောက်ဝမ်းသာစွာနဲ့ တိုင်းသူပြည်သားတွေ သိကြားစေပြီး အထူးဂရုစိုက်ကာ စောင့်ကြည့်စေခဲ့တယ်၊ မကြာမီပဲ တစ်ဦးသော အိမ်ထောင်ရှင် နောင်စဝ့် သူမှာ ရုပ်ဆင်းသဏ္ဍာန် ထူးခြားတဲ့ မိန်းကလေးတစ်ယောက် ဖွားမြင်တယ် ...

" ဘုရင်မ ကိုယ်တိုင်ဒီကလေးကို ယုယပိုက်ထွေး မွေးမြူတော်ခဲ့ရာမှာ အသက်အရွယ်တဖြည်းဖြည်း ကြီးလာတာနဲ့အမျှ ဘုရင်မနဲ့တူလာပြီး အသက်တစ်ဆယ့်ရှစ်နှစ် အရွယ်ရောက်တော့ ဘုရင်မနဲ့ ရွေးမရ အောင် ရုပ်ဆင်းသဏ္ဍာန် တူညီနေရာတွေ့ရတယ်၊ ဘုရင်မ နဲ့တကွ တိုင်းသူပြည်သူးတွေမှာ ဝမ်းသာ မဆုံးပေါ့ ဗားလားရဲ့၊ အဲ ... ပထမ နန့်နောင်ခါရီ ဘုရင်မ အဖြစ် တိုင်းပြည်ကတင်မြှောက်ခဲ့ကြတယ် "

အဲ့ဒီအတိုင်းပဲ တတိယ နန့်နောင်းခါရီတို့ဟာ သူတို့ နန်းကအတိုင်း အလိုအလျောက် ပေါ်လာကြတဲ့ ဘုရင်မဘဲ ဗားလားရဲ့ အားလုံး အကျင့်သိက္ခာဖြူစင်တဲ့ အပျိုစင်တွေချည်း ဖြစ်တယ် "

" သူတို့ဘုရင်မတွေ ဘာ့ကြောင့် ယောက်ျားမယူတာလဲအဖေ "

ကျွန်ုပ်အတွက် မျှော်လင့်ချက်သဲလွန်စ ရလိုရငြား ကျွန်တော်က မေးလိုက်သည်။

" ပထမ နန့်နောင်းခါရီဘုရင်မက ကိုယ်ကျင့်တရားဖြူစင်သူသစ္စာဆို ဆုတောင်းတဲ့အတိုင်း ပြည့်စုံ တာချည်း မဟုတ်လားဟဲ့၊ ဒါကြောင့် နောက်ဘုရင်မတွေကလဲ သူ့ခြေနင်းပြီး ယောက်ျားမယူဘဲ ဖြူစင်စွာနေကြတယ်၊ ယောက်ျားယူရင် သူတို့ ကျင့်သိက္ခာလဲပျက်၊ တိုင်းပြည်လဲ ပျက်မှာပေါ့ သူတို့ အသက်သာအသေခံမယ် အကျင့်သိက္ခာကိုတော့ အပျက်မခံဘူး ဗားလားရဲ့ "

ကျွန်ုပ်အတွက် မျှော်လင့်ချက်ကား ဝေးသည်ထက် ဝေးလေပြီ။

" ငါသိချင်တာ တစ်ခုရှိသေးတယ် အဖေ "

" မေးစမ်း ... ပြောသင့်ရင် ငါပြောမယ် "

" ဒီနောင်စင့်မှာ ဘုရင်မကလွဲပြီး ဘာဖြစ်လို့ ယောက်ျားမိန်းမအားလုံး ခေါင်းတုံးရိတ်ထားရတာလဲအဖေ၊ နောက်ပြီး ကလေးလူကြီးမကျန် အားလုံးဟာ အနီနဲ့အနက်စင်း သင်တို့တွေချည်း ဆင်တူဝတ်နေရတာက ဘာအဓိပ္ပာယ်လဲ "

" အေး အေး ... နင်ကိုယ်တိုင်လဲ ခေါင်းတုံးရိတ်ရပြီး ဒီအဝတ် ဝတ်နေရတော့ သိချင်တာ ဟုတ်ပေလိမ့်မယ်၊ ဒီလိုဗားလား သင်တိုင်းတွေ ဆင်တူဝတ်ထားရတာကတော့ မဆန်းပါဘူးတို့တိုင်းသူပြည်သားတွေ ကြောင်

ကြောင် ကြားကြား မဖြစ်အောင် တခြားကလူတွေ မတော်တဆဝင်လာရင် မရောမိအောင် ကိုယ့်လူကို မှတ် မိအောင် ဝတ်တာပါပဲ၊ ခေါင်းတုံး ပြောင်နေရတာကတော့ " သစ္စာစူးလို့"ဟဲ့ "

" ဟင် ... ဘယ်လိုသစ္စာစူးတာလဲ အဖေ "

ကျွန်ုပ်က အံ့အားသင့်စွာ မေးလိုက်ပါသည်။

" အစကတော့ အားလုံးဆံပင်ရှည်တွေချည်းပါပဲ၊ တောင်စွယ်ပေါ်က မြဗုဒ္ဓကို နင်ဖူးခဲ့ရတယ်မဟုတ်လား၊ မြဗုဒ္ဓ ခေါင်းတော်ကသိပ်လှတော့ လူတွေက သဘောကျကြတယ်၊ နှောင်စင့်ကို ရောက်ခါစဆိုတော့လဲ လူ တွေက နက်နက်နဲနဲ စဉ်းစားမိသေးဘူးပေါ့ ...

မြဗုဒ္ဓ ဦးခေါင်းတော်လှတာကို သဘောကျပြီး အဲဒီအတိုင်း ဆံပင်ကိုထုံး၊ မြကျောက်တွေကို ကောက်ယူ သွေးကာ အပေါက်ဖောက်၊ ကြိုးနဲ့သီပြီး ဦးခေါင်းကိုတန်ဆာဆင်ရတယ်၊ ပထမ နန့်နှောင်းခါရီ ဘုရင်မ တစ်ပါး သာ ဒီလိုမလုပ်ဘဲ မြဗုဒ္ဓကို ရိုသေသောအားဖြင့် ဆံပင်လဲမထုံး၊ မြကျောက်လဲ ဦးခေါင်းကို တန်ဆာမဆင်ဘူး ...

" လူတွေက မအပ်မရာဆင်ပြင်တာကို ဘုရင်မက အသာတကြည် တားမြစ်တာ မနာခံတော့ ဝမ်းရောဂါတွေ ဖြစ်လာတယ်၊ မတန်မရာ မနှိုင်းယှဉ်အပ်တာကို လိုက်ပြီး နှိုင်းယှဉ်ပြင်ဆင်နေတဲ့ မိုက်မဲသူတွေ သေကြေပျက်စီးတော့မှာပါကလားလို့ မိုက်မဲသူတွေ သေကြေ ပျက်စီးတော့မှာပါကလားလို့ တွေးမိတဲ့ ဘုရင်မ က သစ္စာဆိုတယ်တဲ့ ...

" ဒီလူတွေ ဦးခေါင်းကို မတူမတန်သော အပြင်အဆင်မျိုး ဘယ်အခါမှမလုပ်နိုင်အောင် ဦးခေါင်းပြောင်ကြပါ စေ၊ မြဗုဒ္ဓကို

ကြည်ညိုရှိသေသော ငါ့စေတနာအကျိုးကြောင့် ရောဂါလဲ ကင်းပျောက်ကြပါစေလို့ သစ္စာဆို လိုက်တော့ လူတွေ ရောဂါလဲပျောက်၊ ဆံပင်တွေလဲကျွတ်ပြီး အားလုံး ကတုံးပြောင်ဖြစ်ကုန်ကြတာ ပထမ နန့်နှောင်းခါရီဘုရင်မ လက်ထက်ကတည်းကပဲ ဗားလားရဲ့"

စကား ဆုံးလျှင် ဖူးသာကိုကွီသည် ထိုင်ရာမှထလိုက်ပြီး

" ကဲ ... နင် သိသင့်သိထိုက်တာကုန်ပြီ၊ သွားကြစို့၊ ငါကတော့ သတိပေးမယ်နော်၊ တို့ နှောင်စင့်ဲက မြရတနာတွေ ယူဆောင်ခိုးဝှက်ဖို့တော့ စိတ်မကူးနဲ့၊ တစ်သက်လုံး စိတ်မချသာတဲ့ ဘဝမျိုးနဲ့ရှုးပြီး ခွေးသေ ဝက်သေ သေရမယ်၊ နားလည်လား "

ဟု ပြောလိုက်ပါသည်။

ကျွန်ုပ်သည် ထိုင်ရာမှထကာ ဖူးသာကိုကွီနောက်မှ လိုက်ပါလာရင်း နောက်ဆုံး မေးခွန်းတစ်ခုမေးလိုက်ပါ သည်။

" အခု စတုတ္ထနန့်နှောင်းခါရီ ဘုရင်မက အသက် ဘယ်လောက်ရှိပြီလဲ အဖေ "

ဖူးသာကိုကွီက ကျွန်ုပ်အား လှည့်မကြည့်ဘဲ ရှေ့မှ စိုက်စိုက်သွားနေရင်းက ...

" ပထမ နန့်နှောင်းခါရီက အသက်ကိုးဆယ်၊ ဒုတိယနန့်နှောင်းခါရီက ရှစ်ဆယ့်ငါးနှစ်၊ တတိယ နန့်နှောင်း ခါရီ တစ်ရာနှစ်ဆယ့်ငါးနှစ်၊ အခု ဘုရင်မ နန့်နှောင်းခါရီက အသက်ခုနစ်ဆယ်ကျော်ပြီ ...

" ဒါပေမယ့် နောက်အုပ်စိုးမယ့် ဘုရင်မလောင်း မပေါ်သေးဘူး၊ ဘုရင်မလောင်း အသစ်တစ်ယောက် မပေါ်သေးဘူး"

ဖူးသာကိုကြီ စကားကြားရသောအခါ ကျွန်ုပ်၏ စိတ်တွင် ဘုရင်မက သူ့အပါးတွင် ခစားခွင့်ပေးလိမ့်မည် လား ဟု တွေးကာ ...

" ဘယ်လို ချီးမြှောက်မှာလဲ အဖေ " ဟု ဝမ်းသာအားရ မေးလိုက်သည်။

" နင် နေပုံထိုင်ပုံက မပျော်ရွှင်သလိုကြီးမို့ ဘုရင်မက နားနေတယ်၊ အခု ဘုရင်မအပါးမှာ ခစားနေရတဲ့ ရုံရွှေ တော်နန့်မထွေကလဲ အလှည့်စေ့ပြီမို့ နက်ဖြန်ကာ အိမ်ပြန်တော့မယ်၊ နင်ကလဲ သူတို့အိမ်မှာ နေတာဆိုတော့ တစ်လုံးတစ်စည်းတည်း ဖြစ်သွားအောင် နင်လဲပျော်အောင် နန့်မထွေ လက်ထပ်ပေးဖို့ အမိန့်ပေးလိုက်ပြီ၊ တို့ဘုရင်မတွေဟာ ဘယ်တော့မှ လင်ယူ မယားယူ ကိစ္စမှာ မဆောင်ရွက်ခဲ့ကြဘူး၊ အခု နင်က သူ့အသက်သခင်မို့ ကိုယ်တော်တိုင် စီမံပြီး ချီးမြှင့်တော်မူတယ်၊ တို့တိုင်းပြည်မှာ ဘုရင်မကိုယ်တော် တိုင် လက်ထပ် ပေးတာ နင်နဲ့ နန့်မထွေတို့ ပထမဆုံးပဲ၊ ဘယ်လောက်ဝမ်းသာစရာ ဂုဏ်ယူစရာကောင်းလဲ ဗားလားရဲ့ "

ဖူးသာကိုကြီက အားပါးတရ ပြောနေသော်လည်း ကျွန်ုပ်က စိုးစဉ်းမျှ ဝမ်းမမြောက်မိပါ။ ဘုရင်မ၏ တစ်ချက် လွှတ် ခဏမှာ မတည် ငြင်းဆန်သူအား မင်းဒဏ်သင့်ရသည်ကို သိပြီးသောကျွန်ုပ်အဖို့ မချမ်းသာသောစိတ် နှင့် ဆိတ်ဆိတ်သာ နေလိုက်ရပါသည်။

ကျွန်ုပ်၏ ဇာတ်ကြောင်းကို အကျဉ်းချုံးရမည်ဆိုလျှင် နင်မထွေနှင့် လက်ထပ်သည့်နေ့ကစ၍ ဘုရင်မသည် ကျွန်ုပ်အား ကိုယ်ရံတော်တပ်တွင် အမှုထမ်းခြင်းမှ နားခွင့်ပေးလိုက်သဖြင့် အိမ်မှာ ပြန်နေရသည်။

နဂိုကခင်ရင်းစွဲဖြစ်သော စောဝေဖော်ကလေးအား ဘုရင်ကိုယ်တိုင်က လက်ထပ်ပေးသော ယောက်ဖဖြစ်၍ ကျွန်ုပ်အား ပိုမိုခင်မင်ကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေပါသည်။

နန့်မထေ့ ကိုယ်တိုင်ကလည်း သူတို့အမျိုးတူ ယောက်ျားများထက် ရုပ်ဆင်းအင်္ဂါ ပြေပြစ်သော ကျွန်ုပ်အား မြတ်နိုးယုယပြုစုရှာပါသည်။ သို့သော် ကျွန်ုပ်ကား တစ်နေ့မှမပျော်ချေ။

နန့်မထေ့အား နမသားချင်းအနေထက် ချစ်ခြင်းမပိုသည့်အလျောက် စိတ်နှင့်လည်း မပြစ်မှားခဲ့၊ ကိုယ်ထိ လက်ရောက်လည်း မကျူးလွန်ဘဲ စင်ကြယ်သန့်ရှင်းစွာသာ နေပါသည်။

နန့်မထေ့ကား ကျွန်ုပ်အား စွဲစွဲလမ်းလမ်း မြတ်နိုးသည့်အလျောက် ကင်းရှင်းစွာနေသော ကျွန်ုပ်အား ငြိုငြင် ခြင်းအလျင်းမရှိဘဲ အရိပ်တကြည့်ကြည့်ဖြင့် ဝတ္တရားကျေအောင် ပြုစုဆောင်ရွက်ပေးရှာပါသည်။

တစ်နေ့တစ်နေ့နှင့် အချိန်ကုန်ခဲ့သည်နှင့်အမျှ ကျွန်ုပ်မှာ မပျော်မွေ့ခြင်းပြင်းပြစွာ နှိပ်စက်လာပါတော့သည်။

ရတာမလိုသော နန့်မထေ့နှင့် စောဝေဖော်တို့ မောင်နမအား ကြင်နာ အားနာစိတ်၊ ဘုရင်မအား စွဲလမ်းပူ ဆွေးသောစိတ်၊ နေပြည်တော် ရတနာသိမ်နှင့်တကွသော မိဘဆွေမျိုးသားချင်းများအား လွမ်းဆွတ်တမ်းတ သောစိတ်ကြောင့် လူမှာ တဖြည်းဖြည်း ချုံးလာပါတော့သည်။

" ဗားလားရယ် ... နင် ဘာဖြစ်လို့ မရယ်မပြုံးနေတာလဲ၊ ငါ့ကို စိတ်ဆိုးစရာရှိလားကွယ် "

ကျွန်ုပ်သည် ဝါးရုံပင်ကြီးအောက်မှာ ခြေပစ်လက်ပစ်ထိုင်ပြီး ငေးမှိုင်တွေးတောနေစဉ်မှာ နန့်မထွေးနှင့်စောဝေဖော်တို့ မောင်နှမ ရောက်လာပြီး။ ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင်မျာ ထိုင်ကာ နန့်မထွေးက သနားစဖွယ် မေးရှာပါသည်။

အရိုးအရိုင်းပီပီ ကျွန်ုပ်ကို အားသွန်ချစ်ရှာသော နန့်မထွေး၏ ဖြူဖပ်ဖြူရော် မျက်နှာကလေးကိုကြည့်ကာ ကြင် နာသနားခြင်းဖြင့် ရင်တွင်းမှာ နာမိသည်။

သို့သော် နမသားချင်းအဖြစ်သာ မေတ္တာထားနိုင်သူကလေးအား ဇနီးမယားအဖြစ်နှင့် ချစ်နိုင်ဘဲလျက်နှင့် ဆန္ဒအလိုကို လိုက်ကာ စိတ်ဖြေရုံအသုံးပြုမည်ဟူသော ယုတ်ညံ့သည့် သဘောကို ကျွန်ုပ် မထားနိုင်ချေ။

ကျွန်ုပ်သည် နန်းမထွေးအား စိတ်မကောင်းစွာ ငေးစိုက်ကြည့်နေမိသည်။

" နင့်စိတ်ထဲမှာဘယ်လိုလဲ ဗားလား၊ ပြောသာပြောပါ၊ မောင်နှမကနင့်ကို သိပ်ချစ်တာ နင်သိသားပဲ၊ နင် စိတ်ကောင်းအောင် တို့လုပ်ပေးပါမယ် "

ကျွန်ုပ်က ဘာမှပြန်မပြောဘဲ ငြိမ်နေသဖြင့် စောဝေဖော်က သနားစဖွယ် မေးပြန်ပါသည်။ စိတ်ဆင်းရဲမှုကို မျိုသိပ်က မပျော်မွေ့သော အရပ်ဒေသတွင် ကြာရှည် အသက်ရှင်မနေလိုသော ကျွန်ုပ်သည် ဖြစ်လိုရာဖြစ် စေ ပြောတော့မည်ဟုစိတ်ကဆုံးဖြတ်ကာ လေးလံသော သက်ပြင်းကို ချလိုက်မိပါ၏။

" ပြောလေ ဗားလား ... ငါဘယ်လိုပဲဖြစ်ဖြစ် နင် စိတ်ကောင်းအောင် လုပ်ပေးမယ် "

နန့်မထွေးက ပြောလိုက်သည်။

" ငါဒီမှာ မနေချင်ဘူး ... ငါ့တိုင်းပြည်ကို ပြန်ချင်တယ် "

ကျွန်ုပ်၏ စကားကြောင့် နန့်မထွေ့နှင့် စောဝေဖော်တို့ မျက်နှာချင်းမှာ ဝမ်းနည်းရိပ် သန်းလာပါသည်။

" ဘာဖြစ်လို့လဲ ဗားလားရယ် ... ငါ့ကို မုန်းလို့လား "

နန့်မထွေ့ကပြောရင်း ကျွန်ုပ်၏ ပေါင်ပေါ်မှာ မျက်နှာမှောက်ပြီး ငိုရှာသည်။ စောဝေဖော်ကား မျက်ရည်ဝဲ့ သောမျက်လုံးဖြင့် ကျွန်ုပ်အား ဝမ်းနည်းစွာ ငေးစိုက်ကြည့်နေ၏။

ကျွန်ုပ်ပင်လျှင် အကြောင်းကြောင်းတွေကြောင့် စိတ်မကောင်းသဖြင့် မျက်ရည်ကျမိပါ၏။

" ပြောပါ ဗားလားရယ် ... ပြောပါ ... ငါနဲ့ မနေချင်လို့လား ...၊ ငါ့ကိုမချစ်လို့လား ... ငါကတော့ချစ်တယ်၊ ဘုရင်မ စံနန်းတော်မှာ နင့်ကို စတွေ့ကထဲက ချစ်တယ်၊ အခုတော့ နင်က ပြန်ချင်တယ်ပြောတယ်၊ နင့် တိုင်းပြည် မှာ မယားရှိလားဟင် ... "

နန့်မထွေ့က ငိုရာမှ မျက်နှာကို မော့ကာ မေးလိုက်၏။

" ငါ့မှာ မယားမရှိပါဘူး နန့်မထွေ့ရယ် ...၊ ငါလူပျို အစစ်ပါ၊ ဒါကြောင့်လဲ နင့်အပေါ်မှာ သစ္စာစောင့်ပြီး မကျူး မွန် နေနိုင်တာပေါ့၊ နင့်ကိုရော စောဝေဖော်ကိုရော ငါ ညီမလေး ညီလေးတွေလို ချစ်ပါတယ်ကွယ် ...၊ ငါ ပြန်ချင်တာ က ငါပြန်ချင်တာက ... "

ကျွန်ုပ်၏ မျက်စိအာရုံတွင်ကား ဘုရင်မ၏ ကျက်သရေရှိလှစွာသော မျက်နှာသည် ပေါ်လာပြန်သဖြင့် စကား တစ်ပိုင်းတစ်စနှင့်ရပ်ကာ မျက်စိကို စုံမှိတ်ပြီး ပေါ်လာသောဘုရင်မ ရုပ်သာန်ပျောက်အောင် ဦးခေါင်းကို သွက်သွက်ခါလိုက်၏။

" ပြန်ချင်တာက ဘာဖြစ်လို့လဲဟင် ... "

နန့်မထွေ့က မျက်ရည်ဖြိုင်ဖြိုင်ကျရင်း မေးလိုက်၏။

" ငါ့တိုင်းပြည်ကို ပြန်မရောက်တာ ကြာလှပေါ့ နန့်မထွေ့ရယ် ...၊ ငါ့မိဘ၊ ငါ့ဆွေမျိုး၊ ငါ့ရှင်ဘုရင်ကို သိပ်လွမ်း တယ်၊ ငါ့ကိုကြည့်စမ်း ဘယ်လောက်ပိန်သွားသလဲ၊ ဒီမှာ ငါနေရင် ငါ့မိဘဆွေမျိုး ငါ့တိုင်းပြည်ကို လွမ်းတာနဲ့ သေရလိမ့်မယ် ...၊ နင့်ကိုတော့ ငါသိပ်သနားပါတယ် နန့်မထွေ့ရယ် အမှန်အတိုင်း ပြောတာပါ ငါသိပ်သနားပါတယ်ကွယ် "

ကျွန်ုပ်သည် တကယ်ပင် စိတ်ထဲမှာရှိသည့်အတိုင်း လှိုက်လှိုက်လှဲလှဲ ပြောလိုက်ပါသည်။

နန့်မထွေ့နှင့် စောဝေဖော်သည် ကျွန်ုပ်၏ ပြန်လိုသောဆန္ဒကို တားမရတော့ပြီဟု တွေးမိကြပြီဖြစ်၍ နှစ်ယောက်စလုံးခေါင်းငိုက်စိုက်ချနေကြသည်။

နန့်မထွေ့ကား တစ်စုံတစ်ရာမှ မပြောတော့ဘဲ မျက်ရည်သာ တွေတွေကျနေရှာသည်။

အတန်ကြာမှ ...

" နင် ဘယ်လိုလုပ်ပြန်မလဲ "

ဟု စောဝေဖော်က မေးလိုက်၏။

" ဖြစ်ချင်ရာဖြစ် ဝါထွက်ပြေးမယ် စောဝေဖော်၊ ဒူးလေးကိုင် အစောင့်တွေနဲ့တွေ့လို့ သတ်ချင်လဲ သတ်ပါစေ...၊ နင်တို့ မောင်နှမကို

အင်မတန် ချစ်သနားပေမယ့် ငါဘယ်နည်းနဲ့မှ မပျော်နိုင်ပါဘူးကွယ်၊ ငါ့ကိုခွင့်လွှတ်ကြပါနော် ... "

ကျွန်ုပ်သည် စိတ်မကောင်းစွာ လေးလေး နက်နက်ပင် ပြောလိုက်သည်။

နန့်မထွေနှင့် စောဝေဖော်က ဘုရင်မအား တင်လျှောက်လိုလျှင်လည်း တင်လျှောက်စေ၊ သေဒဏ်ပေးလို လည်းပေးစေ၊ ဖြစ်လိုရာဖြစ်စေတော့ဟု နလုံးပိုက်ကာ အတိအလင်းပင် ပြောလိုက်ပါသည်။

သို့တစေလည်း ထွက်ဝင်၍ရသောလမ်းဟူသမျှ ဒူးလေးကိုင်အစောင့်များ အလုံအလောက်ထားသည်ကို သိ ပြီးသော ကျွန်ုပ်အဖို့ လွတ်မြောက်ရန်ကို မမျှော်မှန်းမိချေ။

ကျွန်ုပ် ကြိုတင်ကြံရွယ် ရည်မှန်းခဲ့သော ဗုဒ္ဓဆေးပင်ကို ယူဆောင်သွားနိုင်ရန်ကား ဝေးလေစွတကား ...

" နင့်ကို အင်မတန် ငါချစ်တယ်ဆိုတာ သိတယ်မဟုတ်လား "

အတန်ကြာမှ နန့်မထွေက တည်ငြိမ်သောအသံဖြင့် နန့်မထွေက ကျွန်ုပ် မျက်နှာကို စေ့စေ့ကြည့်ပြီး မေးလိုက်၏။

" သိပါတယ်ကွယ်၊ နန့်မထွေရယ် "

ကျွန်ုပ်က ဖြေလိုက်သည်။

" အေး ... ငါ့အချစ်၊ ငါ့စေတနာကို နင်သိရင် ကျေနပ်ပြီ၊ ငါနင့်ကို နှောင်စခဲ့ကထွက်သွားနိုင်အောင် ကူညီမယ်၊ လမ်းပြပေးမယ်၊ တိုင်းပြည်သစ္စာဖောက်တဲ့ မိန်းမလို့ သိသွားကြလို့ သတ်ရင်လဲ ငါအသေခံမယ်၊ ငါချစ်တဲ့လူ စိတ်ချမ်းသာဖို့ ငါဆုံးဖြတ်လိုက်ပြီ။ နင့်တိုင်းပြည်၊ နင့်မိဘ

ဆွေမျိုးတွေဆီ ပြန်ရောက်ပြီး နင်ပျော်ပျော်နေနိုင်ပါစေ၊ နင့်အသက်နဲ့ ငါ့အသက်ကို လဲပေးပါမယ် ဘုရားရယ် "

နန့်မထွေ့၏ စကားများမှာ စီကာပတ်ကုံး ဖွဲ့ဖွဲ့နွဲ့နွဲ့ မပြောတတ်သော်ငြားလည်း ကွဲအက်သော နှလုံးသား အတွင်းမှ လှိုက်လှဲကြေကွဲစွာ ထွက်လာသည်ဖြစ်ရာ ကျွန်ုပ်သည် လက်ဖျားနှင့်မထိခဲ့သော နန့်မထွေ့အား သနားကြင်နာလှ သည်ဖြစ်၍ ရင်ခွင်ဝယ် ယုယစွာ ပိုက်ထွေးကာနန့်မထွေ့နှင့်ရောပြီး ငိုကြွေးလိုက်ပါသည်။

" ဘုရားကိုလမ်းပြရင် နင်တစ်ယောက်တည်း မသွားနဲ့ နန့်မထွေ့ ငါလဲလိုက်မယ် "

စောဝေဖော်က ငိုသံပါကြီးဖြင့် ပြောလိုက်သည်။

ကျွန်ုပ်သည် တစ်ဖက်သောလက်ဖြင့် နန့်မထွေ့အား တင်းကျပ်စွာ ဖက်လိုက်မိပါသည်။

------------------------

## အခန်း (၅)

ညသည် မှောင်မိုက်နေ၏။ လမိုက်ရက်ဖြစ်သည်ကတစ်ကြောင်း၊ ထူထပ်သော တောရိပ် တောင်ရိပ်များကြောင့် တစ်ကြောင်း ပိန်းပိတ်အောင် မှောင်လှ၏။

သန်းခေါင်ကြက်ပင် တွန်ပြီဖြစ်၍ နှောင်စငဲ့ဒေသ တစ်ခုလုံးသည် သန်းခေါင်လေအတိုက်မှာ အချင်းချင်း ခိုက်မိသော သစ်ကိုင်းသစ်ခက် သစ်ရွက်သံမှလွဲ၍ လူသံသူသံ လုံးဝမကြားရချေ။

ထွက်ခွာရန် အချိန်ကရောက်ပြီဖြစ်၍ နန့်မထွေ့သည် လမ်းခရီးမှာ ကျွန်ုပ်စားသောက်ရန် ပြောင်းဖူးစေ့ကို အမှုန့်ထောင်းပြီး လျော်ထားသော

အထုပ်တစ်ထုပ်၊ ဘူးသီးခြောက်နှင့် ထည့်ထားသော ရေဘူးတစ်ခုကို ကြိုးနှင့်ချီကာ ကျွန်ုပ်၏ ပခုံးတွင် လွယ်ပေးလိုက်သည်။

စောဝေဖော်နှင့် နန့်မထွေတို့မောင်နှမက ရှေ့မှသွား၍ ကျွန်ုပ်က နောက်မှလိုက်ခဲ့သည်။

စောဝေဖော်နှင့် နန့်မထွေတို့ မောင်နှမ၏ ရင်တွင်းဝယ် အသည်းနှလုံး ကွဲအက်လုမျှ ခံစားနေရရှာသော စိတ်ဆင်းရဲမှုကို စဉ်းစားမိသောအခါ ကျွနုပ်၏အခြေလှမ်းသည် တုံ့ဆိုင်းသွားမိ၏။

ထိုအခိုက်တွင် ကျွန်ုပ်စစ်ထွက်လာသောအချိန်က မျက်ရည်စက်လက်ဖြင့် ကျန်ရစ်ရှာသော မွေးမိခင်နှင့် ဖခင်တို့အား မြင်ယောင်လာပြန်သည်။

ဟယ် … ယောက်ျားပဲ စိတ်ခိုင်ခိုင်ထားမှပေါ့၊ နန့်မထွေကို ငါ ကျူးလွန်စော်ကားခဲ့တာမှ မဟုတ်ဘဲ၊ သူလဲ အခိုက်အတန့်အားဖြင့်သာ စိတ်မကောင်းဖြစ်မှာ၊ အချိန်ကြာမြင့်ရင် သူတို့ ဘာသာသဘာဝ ပျော်ရွှင်မေ့ ပျောက်သွားမှာပါပဲ၊ ငါ့အဖို့ စရိုက်ဓလေ့မတူတဲ့ ဒေသမှာ မပျော်မှန်းအပ်တာကို ပျော်မှန်းပြီး စိတ်ဆင်းရဲခံနေ လို့ ဘာအကျိုးရှိမှာလဲ၊ ငါ့မှာ မိဘကို လုပ်ကျွေး ပြုစုဖို့တာဝန်က ရှိနေသေးပါကလားဟု စိတ်အားတင်း လိုက်သောအခါ ခြေလှမ်းသည် သွက်လာပြန်သည်။

တစ်ယောက်ကို တစ်ယောက် စကားမပြောကြဘဲ တိတ်ဆိတ်စွာပင် ခရီးတွင်အောင် နင်လာခဲ့ကြရာ ကံ ကောင်းထောက်မ၍ ပေလား၊ နန့်မထွေနှင့် စောဝေဖော်တို့က အစောင့်လစ်လပ်သည့် လျှို့ဝှက်သောထွက် လမ်းကို အတတ်သိ၍ပေလား၊ လမ်းတွင် တစ်စုံတစ်ရာ အနှောင့်အယှက်

အတားအဆီးမတွေ့ရဘဲ အရက် ဦးအချိန်တွင်ကား နှောင်စင့်ဒေသနှင့် လွတ်ရာသို့ ရောက်ပြီဖြစ်ကြောင်းကို စောဝေဖော်က ပြောလိုက်ပါ သည်။

လွတ်မြောက်ရတော့မည်ဖြစ်၍ ဝမ်းသာသောစိတ် နန့်မထွေတို့ မောင်နှမအား သနားကြင်နာ ကျေးဇူးတင် သောစိတ်၊ ဘုရင်မအား တမ်းတသောစိတ်တို့သည် ကျွန်ုပ်၏ ရင်ထဲဝယ် လုံးထွေးနေသည်။

" နင်လွတ်ပြီ ဗားလားရေ သွားပေတော့၊ နင့်တိုင်းပြည်ကို ကောင်းကောင်းမွန်မွန် ပြန်ရောက်ပါစေ ဗားလား ရယ် "

စောဝေဖော်က တုန်ယင်လှိုက်လှဲစွာ ပြောလိုက်၏။

ခွဲခွာရတော့မည်ဖြစ်၍ ကျွန်ုပ်အပေါ်မှာ ကြီးမားသော မေတ္တာစေတနာထားရှာသော မောင်နှမအား ကျွန်ုပ် သည် မခွဲမခွာ ရက်နိုင်အောင်ဖြစ်ကာ နောက်ဆုံးတွေ့ရခြင်းအဖြစ်ဖြင့် အားပါးတရ စိုက်ကြည့်နေမိသည်။

" သွားပေတော့ ဗားလားရယ်၊ နင့်တိုင်းပြည် နင့်ဆွေမျိုး နင့်မိဘတွေဆီရောက်တော့ တောထဲက ငါတို့ အရိုင်းမောင်နှမက နင့်ကို ဘယ်လိုစေတနာ မေတ္တာထားတယ်ဆိုတာ ပြောပါနော် ... "

" နင် မိန်းမ ယူချင်လဲယူပေါ့၊ ငါကတော့ ဒီဘဝမှာ လင်မယူတော့ပါဘူး၊ ငါ့ရင်ထဲက အသည်းနှလုံးတွေဟာ နင့်ဆီမှာ အကုန်ပါသွားပြီ၊ ငါ့ကို မကြာမကြာ သတိရပါဗားလားရယ် "

နန့်မထွေသည် သူပြောတတ်သရွေ့ စကားဖြင့် ရင်ကိုဖွင့်ပြကာ မျက်နှာကို လက်ဖြင့်အုပ်ပြီး သည်းထန်စွာ ငိုကြွေးလိုက်ရှာပါသည်။

အစ်မဖြစ်သူ ငိုကြွေးသည်ကိုမြင်ရသော စောဝေဖော်မှာ အံကိုကြိတ်ကာ မျက်ရည်များကျလာ၏။ ကျွန်ုပ် သည် မောင်နမ နှစ်ယောက်အား လက်နှစ်ဖက်ဖြင့်ဖက်ခါ မျက်ရည်မဆည်နိုင်အောင် ဖြစ်ရတော့၏။

" နင်တို့ မောင်နမနှစ်ယောက်လုံး ငါနဲ့ လိုက်ခဲ့ကြပါလားကွယ်၊ ငါတို့ တိုင်းပြည်ရောက်ရင် နင်တို့နှစ်ယောက် ကို ငါကောင်းကောင်းပြုစု ကျွေးမွေးထားပါမယ် "

လိုက်ကြမည်ဆိုလျှင် ကျွန်ုပ် ခေါ်သွားမည်ဟု စိတ်ကူးကာ ပြောပါသည်။ မောင်နနှစ်ယောက်လုံး ပြိုင်တူ ခေါင်းရမ်းလိုက်ကြ၏။

"မလိုက်ဘူး ဗားလား၊ ငါတို့တိုင်းပြည်ကို ငါတို့ မစွန့်နိုင်သလို နင်လဲ နင့်တိုင်းပြည်ကို မစွန့်ပစ်နိုင်ဘူးဆိုတာ ငါသိပါတယ်၊ ငါလဲ စိတ်မဆိုးပါဘူး၊ သွား ... သွား၊ ဟော ... ဟို ကောင်းကင်က အနီရောင်တွေ ပေါ်လာ တော့မယ်၊ တောင်တန်းပေါ်က အစောင့်တွေမြင်ရင် နင်ရော ငါတို့ မောင်နမရော သေရမှာ၊ သွားတော့ နော် "

နန့်မထေ့ က ကြေကွဲစွာပြောရင်း ကျွန်ုပ်လက်မှ ရုန်းထွက်လိုက်သဖြင့် မောင်နမ နှစ်ယောက်စလုံးအား ကျွန်ုပ် လွှတ်လိုက်ရပါသည်။

" ကဲ ... သွားတော့ ဗားလား ... ကြာကြာ ဆိုင်းနေလို့မသင့်တော်တော့ဘူး "

စောဝေဖော်ကပြောကာ မောင်နမ နှစ်ယောက်လုံးက ကျွန်ုပ်အား လက်ဖြင့် တွန်းလွှတ်ပါသည်။

" သွားတော့မယ်ကွယ်၊ နင်တို့ မောင်နမကို ငါ သေသည်အထိ မမေ့ပါဘူး "

ကျွန်ုပ်သည် စိတ်မကောင်းစွာဖြင့် နောက်ဆုံး နှုတ်ဆက်ကာ နန့်မထေ့တို့ မောင်နှမအား ကျောခိုင်းထွက်ခွာ လာသည့်တွင် ...

" သွားတော့ ဗားလားရေ " ဟူသော စောဝေဖော်၏ ငိုသံကြီးဖြင့် နောက်ဆုံး နှုတ်ဆက်လိုက်သည်ကို လည်းကောင်း ...

" ခွဲကြရပေါ့ ဗားလားရေ၊ ငါ့အူ အသည်းတွေ မရှိတော့ပါဘူးဟဲ့ "

ဟု ကြေကွဲစွာ ငိုကြွေးနှုတ်ဆက်လိုက်သော နန့်မထေ့၏ အသံသည် လည်းကောင်း၊ ကျွန်ုပ်၏ နားထဲဝယ် တစ်သက်လုံး မပျောက်ပျက်နိုင်အောင် စွဲသွားတော့သည်။

အတော် ခပ်ဝေးဝေးသို့ ရောက်သောအခါ ကျွန်ုပ်သည် နောက်သို့လှည့်ကာ နန့်မထေ့တို့ မောင်နှမအား ပြန်လည် မျှော်ကြည့်လိုက်၏။

အရုဏ်ဦး၏ ဝေမှိုင်းမှိုင်း အသင်းရောင်ဝယ် ကျွန်ုပ်အား မျှော်ကြည့်နေဟန်ဖြင့် မလှုပ်မယှက် ငြိမ်သက်စွာ ရပ်နေသော မောင်နှမ နှစ်ယောက်၏ သဏ္ဍာန်ကို မှုန်မှေးမှေး မြင်ရလေသည်။

ကြင်နာဖွယ် ကောင်းလှသော မောင်နှမ နှစ်ယောက်ကို လည်းကောင်း၊ မှိုင်းညို့ရီပြာသည့် နှောင်စင့် တောင်တန်းကြီးကို လည်းကောင်း၊ ကျက်သရေရှိလှသည့် ဘုရင်မကိုလည်းကောင်း၊ ကျွန်ုပ်သည် လွမ်းဆွတ် တမ်းတစွာဖြင့် အတန်ကြာ ငေးမျှော်ကြည့်နေပြီးမှ သက်ပြင်းချကာ ထိုနေရာမှ ထွက်လာခဲ့ပါ သည်။

-----------------

# အခန်း (၆)

ကျွန်တော် ရတနာသိခ်နှင့် မွေးဖွားရာဇာတိ မန်ကျည်းတုံ မိဘဆွေမျိုးသားချင်း မိတ်ဆွေသင်္ဂဟများ၊ ရောင်း ရင်း ရဲဘက်များသည် ကျွန်ုပ်အား မောင်ဗလဟူ၍ မယုံနိုင်အောင် ဖြစ်နေကြသည်။

မင်းတရားကြီး စစ်ချီတော်မူရာ ပါသွားပြီး သေပြီအမှတ် တောထဲဝယ် ပစ်ထားခဲ့ရာမှ နှစ်နှစ်ကျော်မျှ ဖျာဟက် တိမ်မြုပ်ခဲ့သော ကျွန်ုပ်သည် ယခု စုတ်ပြတ်ပေရေနေသင်တိုင်းရှည်ကြီးကို ဝတ်ကာ ဖြူရော် ပိန်ချုံးနေသော အရည် ကိုယ်ခန္ဓာ၊ လက်သုံးသစ်မျှသာ ရှိတော့သော ဖွာရာဖြင့် ရုပ်ဆင်းသဏ္ဍာန်ပျက်နေသော ကျွန်ုပ်အား မယုံကြည်သည်မှာ အံ့သြဖွယ်ရာ မဟုတ်ပေ။ ကျွန်ုပ် ကြုံနေရသော အဖြစ်အပျက်များကို ပြောပြသောအခါ မောင်--- အစစ်အမှန်ဟု လက်ခံကြသော်လည်း တောနက်ထဲဝယ် နာနာဘာဝများနှင့် တွေ့ခဲ့၍ ရူးသွပ် လာ သည်ဟု တညီတညာတည်း ဆုံဖြတ်ထားကြသည်။

မိဘဆွေမျိုး သားချင်းများက သမားတော်များနှင့် ---ကြသည်။ ကျွန်ုပ်သည် နှောင်စင့်ဒေသ အကြောင်းကို အမြွက် ပင် မပြောတော့သောအခါမှ ကျွန်ုပ်၏ ဟဒယနှင့် ကြည်လင်ကောင်းမွန်လာသည်ဟု ယူဆကြ၏။

ကျွန်ုပ်အား စစ်မှုထမ်းအဖြစ်မှ ပယ်ဖျက်ပြီးဖြစ်၍ မိဘနှင့် အတူနေထိုင်ကာ ရိုးရာအလုပ်ဖြစ်သော လယ်ယာ မြေကျင်လည်ရသော်လည်း နန့်မထွေ့တို့ မောင်နှမနှင့် ဘုရင်မ လွမ်းဆွတ်တမ်းတသောစိတ်ကို ပယ်ဖျောက် ၍ မရနိုင်ချေ။

မိဘ များ ထိမ်းမြားပေးသော အမျိုးတူ သတို့သမီးစုံဖက်၍ သားမောင်စောမှုံကို ဖွားမြင်သောအခါ ငါ၏ သားစဉ် မြေးဆက်များသည် ဤအကြောင်းကို သိကောင်းသည်။

ကံကောင်း ထောက်မလျှင် ဗုဒ္ဓဆေးပင်နှင့် မြဘုရားကို ရှာဖွေဖူးမြော်နိုင်ပါစေ ဟူသော အကြံဖြစ် ပေးလာ သည့် အလျောက် ကျွန်ုပ် တတ်မြောက်ခဲ့သော နောင်စဝ့်ဘာသာစာပေကို သား မောင်စောမှုံအား ဂရုတစိုက် သင်ကြားပေးကာ ဤအတ္ထုပ္ပတ္တိကို ပေစာအဖြစ် မှတ်တမ်းတင်ခဲ့ပါသတည်း။ ပေစာကို ရေးသား ပြီးဆုံးသော နေ့ကား သက္ကရာဇ် ၁၃၀၀ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်နေ့ဖြစ်သတည်း။

တပ်မှူးဟောင်း

မောင်ဗလ

---------------

## အခန်း (၇)

ခေါင်းချင်းဆိုင်ကာ ဖတ်နေသော ပေစာများ ဆုံးလျှင် ကိုမျိုးခိုင်နှင့် ကိုစောအောင်တို့ ပြိုင်တူပင် တစ် ယောက် မျက်နှာ တစ်ယောက် လှည့်ကြည့်လိုက်ကြ၏။

" ညီလေး … ဘယ်လိုသဘောရသလဲ "

ကိုမျိုးခိုင်က ပေစာများကို ကျွန်းသေတ္တာငယ်အတွင်း ဂရုတစိုက် ပြန်လည်ထည့်သွင်းနေရင်း မေးလိုက်၏။

" နှောင်စင့် ဘာသာစကားနဲ့စာကို အဖေသင်ထားလို့ ကျွန်တော် ကောင်းကောင်း တတ်ပြီးသားပါ အစ်ကို၊ ဒီလို ထူးဆန်းတဲ့ နေရာဒေသ၊ အရာဝတ္ထုကို စွန့်စားသွားပြီး ကြည့်လိုဆောင်ကျဉ်းလိုပေမယ့် အဖေတစ် ယောက်တည်း ထားခဲ့ရမှာ နောက်ကြောင်း မအေးတော့ ဘယ်လိုစီစဉ်ရမယ်မသိဘူး … "

ကိုစောအောင် က စွန့်စားသွားလိုပါသော်လည်း ဖခင်ကြီးကို ထားရမှာ စိတ်မချသဖြင့် ဝေခွဲမရသောအသံဖြင့် ဖြေလိုက်သည်။

" ညီလေးက တကယ်သွားချင်တဲ့စိတ်ရှိလား … "

ပေစာများထည့်ထားပြီးသော ကျွန်းသေတ္တာငယ်ကို ကိုမျိုးခိုင်က လက်တစ်ကမ်းမျှ ဘေးသို့ရွှေ့ထားလိုက် ပြီး မေးလိုက်၏။

" သွားချင်တာပေါ့အစ်ကို၊ ဒီနှောင်စင့်ဒေသက ဖွဲ့ကပင် တောင်ကြောအဆုံး ထိုင်းနယ်စပ်နားအရောက်မှာ ရှိလိမ့်မယ် လို့ ပေစာအညွှန်းအရ မှန်းမိနေပြီ၊

တောင်တန်းပုံသဏ္ဍာန် ထူးခြားပုံကလဲ ပေစာမှာ ရှင်းရှင်း လင်းလင်း ဖော်ပြနေပြီ၊ ရှာဖို့ရာ သိပ်မခဲယဉ်းဘူးလို့ ယူဆတဲ့နေရာမှာ တန်ဖိုးဖြတ်မရအောင် တန်ခိုးအာနိ သင်ရှိတဲ့ ဆေးပင်တွေကို မယူဆောင်ချင်တဲ့ ရှိပ့်ါမလားအစ်ကိုရဲ့၊ ခရီးအသွားအလာမှာ စမ်းတဝါးဝါး မဖြစ် ရအောင် လမ်းစဉ်ကို အဖေကောင်းကောင်း ပြောနိုင်တာပဲ .... "

ကိုစောအောင်က စိတ်အားထက်သန်စွာ ပြောလိုက်သည်။ ကိုမျိုးခိုင်သည် အတန်ငယ်ကြာမျှ စဉ်းစားသလို ငြိမ်နေပြီးမှ ...

" ညီလေး ... "

ဟု လေးနက်တည်ငြိမ်သောအသံဖြင့် ခေါ်လိုက်၏။

" အစ်ကို "

ကိုစောအောင်က ထူးလိုက်သည်။

" မြသေလာတောင်ကို ညီလေး သွားချင်တဲ့စိတ် ထက်သန်ရဲ့လား ... "

" စိတ်ကတော့ သိပ်ထက်သန်တယ်၊ အစ်ကိုရယ်....၊ အဖေ့ ကြောင့် ... "

ကိုစောအောင်က အဖြေကို တစ်ပိုင်းတစ်စနင့်ရပ်ကာ မြသေလာတောင်ကို တွေးသလို ငေးနေသည်။

" ညီလေးသွားနိုင်အောင် အစ်ကို ကြိုးစားမယ်လေ၊ ဖြစ်နိုင်ကောင်းပါရဲ့လို့ မျှော်လင့်ရတာပဲ ... "

" အစ်ကို ဘယ်လိုကူညီနိုင်မလဲ၊ ကျွန်တော်နဲ့ အတူသွားဖို့ ကြံစည်ထားသလား ... "

" နေဦးလေ ညီလေးရဲ့၊ အစ်ကို ကြိုးစားချက် အဆင်မပြေ၊ အပြေကို အတတ်မပြောနိုင်သေးဘူး၊ ဘာကြောင့်လဲဆိုတော့ အစ်ကို အိမ်က ထွက်ခွာလာတာ တစ်လကျော်နေပြီမို့ အစ်ကို့ နေရပ် ရန်ကုန်ကို ခဏ ပြန်လိုက်ဦးမယ်၊ စီစဉ်စရာရှိတာကလေးတွေ စီစဉ်ပြီး အစ်ကို ပြန်လာခဲ့မယ်လေ၊ အားလုံး အဆင်ပြေ တယ်ဆိုရင် ညီလေးနဲ့အစ်ကို မြသေလာတောင်ကို အတူတူသွားကြတာပေ့ါ ဟုတ်လားညီလေး၊ အစ်ကို ပြန်မလာမချင်းတော့ ညီလေးသဘောနဲ့ တစ်ယောက်တည်း ထွက်မသွားနှင့်နဲ့နော် ... "

ကိုမျိုးခိုင်က ခရီးထွက်အံ့ဆဲဆဲ အစ်ကိုကြီးက ကျန်ရစ်သူ ညီလေးအား မှာကြားသလို မှာကြားနေသည်။

" အစ်ကို ပြန်လာတဲ့အထိ စောင့်ပါ့မယ်အစ်ကို၊ ဒါပေမယ့် အဖေတစ်ယောက်တည်း ကျန်ရစ်မှာဆိုတော့ ကျွန်တော်သွားဖြစ်မှာ မဟုတ်ပါဘူး "

" အစ်ကို သိပါတယ် ညီလေးရာ၊ ကြိုးစားပါမယ်လေ၊ အစ်ကိုမှာတဲ့အတိုင်းသာ စောင့်နေနော် "

" ဟုတ်ကဲ့ ... အစ်ကို "

" ကဲ ... ဒါဖြင့် အစ်ကို သွားလိုက်ဦးမယ်နော်၊ နက်ဖြန်ဆို အစ်ကို ရန်ကုန်ပြန်ပြီး ဖြစ်နိုင်အောင် အမြန်ဆုံး စီစဉ်ပြီး ပြန်လာခဲ့မယ်နော် ညီလေး "

ကိုမျိုးခိုင်က မှာကြားနှုတ်ဆက်ကာ ထိုင်ရာမှ ထလိုက်သည်။ ကိုစောအောင်ကလည်း ထလိုက်၏။ နှစ် ယောက်သား အိမ်ပေါ်မှ ဆင်းလာကာ ဦးစောခိုင်ရှိရာ မင်းဂွတ်ပင်ကြီးအောက်သို့ လာခဲ့ကြ၏။

ဦးစောခိုင်က အေးမြသော မင်းဂွတ်ပင် အရိပ်အောက် ကွပ်ပျစ်ပေါ်မှာ လဲလျောင်းကာ ပုတီးစိပ်လျက် ရှိနေ သည်။

" ကျွန်တော် ပြန်လိုက်ဦးမယ် အဘ "

ကိုမျိုးခိုင်က ရိုသေစွာ နှုတ်ဆက်လိုက်သည်။

" အေး ... အေး ...

ဦးစောခိုင်က ထိုမျှသာပြောပြီး ပုတီးစိပ်မြဲစိပ်နေသည်။

" သွားမယ်နော် ညီလေး၊ အစ်ကိုမှာတဲ့ အတိုင်းသာ ဖြစ်ပါစေ "

ကိုမျိုးခိုင်က ကိုစောအောင်အား နှုတ်ဆက်လိုက်၏။

ဟုတ်ကဲ့ အစ်ကို၊ ကျွန်တော့်အတွက် စိတ်ချပါ "

ကိုစောအောင်က ပြန်လည် နှုတ်ဆက်ပြီးသော အခါ၌ ကိုမျိုးခိုင်သည် ခြေလှမ်းသွက်သွက်နှင့် လွတ်ခွာသွားလေသည်။

" ဘာအကြောင်းကိစ္စများလဲ သားရဲ့ "

ကိုမျိုးခိုင်နှင့် ကိုစောအောင်တို့ နှုတ်ဆက်သည့် စကားကို ဦးစောခိုင်က နားမလည်သဖြင့် မေးလိုက်၏။

" မြသေလာတောင်ကို သွားလိုတဲ့ ဆန္ဒ၊ ကျွန်တော်တို့ နှစ်ယောက်စလုံး တူညီနေပါတယ် အဖေ၊ တဖေ တစ်ယောက်တည်း ထားခဲ့ရမှာ စိတ်မချဘူးပြောလို့ သူရန်ကုန်ပြန်ပြီးဖြစ်နိုင်အောင် စီစဉ်မယ်တဲ့၊ သူမလာခင် တစ်ယောက်တည်းမသွားနှင့်နဲ့လို့ မှာတာပါ "

" ကြော် ... သားက သူ့ကို အဖော်ပြုသွားမယ်လို့လား "

ဦးစောခိုင်က လဲလျောင်းရာမှ ထထိုင်ပြီး မေးလိုက်၏။

" ဟုတ်ပါတယ် အဖေ "

" အေး ... အဖေကတော့ ကိုယ့်ကျေးရူးခံတစ်ယောက်ကို ယုံကြည်အဖော်ပြုမိလို့ အခုလို အဖြစ်မျိုးဖြစ်ခဲ့ရ ပြီး၊ အခု သားကလဲ ကိုယ့်ကျေးရူးခံ တစ်ယောက်ကို အဖော်ပြုပြန်ပြီလားကွယ် "

ဦးစောခိုင်က စိတ်မကောင်းသံဖြင့် တားမြစ်လိုသောဆန္ဒကို မသိမသာဖော်ပြလိုက်၏။ ကိုစောအောင်က ဖခင် စိတ်ချမ်းသာစေရန် ကြည်ကြည်လင်လင် ပြုံးပြီး ...

" ကျွန်တော် အားခွန်ဗလကိုလဲ သူသိပြီးသားပါ အဖေ၊ ကျွန်တော် ကျွမ်းကျင်တဲ့ သိုင်းပညာက လူသုံးယောက် လောက် ကို ကောင်းကောင်းခုခံနိုင်ပါတယ် နောက်ပြီး အဖေလို့ ကျွန်တော်က အမှတ်မဲ့ မသွား ပါဘူး၊ အမြဲသတိရှိနေမှာပါ၊ ဒါပေမယ့် အဖေစိတ်မကောင်းတော့ မဖြစ်ပါနဲ့လေ၊ သူရန်ကုန်က ပြန်လာတဲ့အခါ အခြေအနေ ကြည့်သေးတာပေါ့၊ ကျွန်တော် သွားသင့်မှ သွားပါ့မယ် "

ဟု ရေလည်စွာ ပြောဆို ရှင်းလင်းပြလိုက်၏။

" အေး ... အေး၊ သတိနဲ့ယှဉ်ပြီး စဉ်းစားဆုံးဖြတ်ပေါ့ သား ရယ် ... "

ဦးစောခိုင် က စိတ်မချသလို ပြောလိုက်၏။

" ဟုတ်ကဲ့ အဖေ ... "

-------------------

## အခန်း (၈)

" ဟော ... လူလေးပြန်လာပြီ ဝမ်းသာလိုက်တာကွယ် ဒေါ်မှုံမှာ နေ့စဉ် သတိရအောက်မေ့ပြီး ဘုရားမှာ ဆုတောင်း နေရတာပဲ ... အခု ကိစ္စပြီးခဲ့ပြီလား လူလေး ...၊ ပေး ပေး ... လူလေး သားရေအိတ် ... "

အကြောင်း မကြားဘဲ ဘွားကနဲ ပြန်ရောက်လာသော ကိုမျိုးခိုင်အား ဒေါ်မှုံက ဝမ်းသာစွာဆီးကြိုပြီး လက်ထဲမှ သားရေသေတ္တာ ကို လှမ်းယူလိုက်၏။

" အင်း ... ကိစ္စက မပြီးတပြီးပဲ ဆိုပါတော့ ဒေါ်မှုံ ဒါထက် ခင်လေးတို့ လာသေးလား ... "

ခရီးပန်းလာသော ကိုမျိုးခိုင်က ကုလားထိုင်တစ်လုံးပေါ် ခြေပစ်လက်ပစ် ထိုင်ရင်း မေးလိုက်၏။

" မကြာမကြာ လာပါတယ် လူလေး ... ခင်ခင်လေးခမျာလဲ လူလေးကို လွမ်းရှာတယ်ထင်ပါ့ကွယ်၊ လာတိုင်း လူလေး ဓာတ်ပုံကိုပဲ ကြည့်နေတာပဲ ... သားအဖ နှစ်ယောက်လုံး ဒေါ်မှုံကို ဂရုစိုက်ကြပါတယ်၊ သွားလိုက် ပါဦးလူလေးရယ် ... ဘယ်လောက်များ ဝမ်းသာကြမလဲလို့....၊ သြော် ...နေဦး၊ အမောပြေ တစ်ခုခုစားသွား ဦး၊ ပြီး မှသွား လူလေးရေ ... "

ဒေါ်မှုံက ခြေမကိုင်မိ လက်မကိုင်မိအောင် ဝမ်းသာ အယ်လဲပြောကာ မီးဖိုချောင်ရှိရာ ဝင်မည်ဟန်ပြင်လိုက် ၏။

" ကိစ္စမရှိဘူး ဒေါ်မှုံ ... ဘာမှမစားချင်ပါဘူး၊ လာပါဦး ဒီအနားကို၊ ဒီကုလားထိုင်မှာ ထိုင်ပါဦး ဒေါ်မှုံ... ကျွန်တော် မှာကြားစရာတွေ ရှိသေးလို့ပါ ဒေါ်မှုံ "

ကိုမျိုးခိုင်က ဒေါ်မှုံအားပြန်ခေါ်ကာ သူ့အနားတွင် ရှိနေသော ကုလားထိုင်တစ်လုံးပေါ်မှာ ထိုင်စေပြီး စကား ဆက်ပြော လိုက်၏။

ဒေါ်မှုံ ကျွန်တော့်ကို တူရင်းသားရင်းလို ချစ်တယ်မဟုတ်လား "

" အို ... ဘယ်လိုမေးလိုက်ပါလိမ့် လူလေးရယ် ... ငယ်စဉ်က စပြီး ထိန်းသိမ်းခဲ့လို့ ဒေါ်မှုံလက်ပေါ်ကြီးလာ တဲ့ လူလေးကို တူရင်းသားရင်းလို ချစ်ယုံမကဘူး ဒေါ်မှုံ အားကိုးစရာ ဒီတစ်ယောက်သာရှိတာမို့ လူလေး စိတ်တိုင်းကျ ဖြစ်ရအောင် ဒေါ်မှုံ အသက်စွန့်ပါဆိုရင် စွန့်ဖို့ အသင့်ရှိပါတယ် လူလေးရယ် ... "

ဒေါ်မှုံက အကယ်ပင် လှိုက်လှဲသော စေတနာဖြင့် ပြောလိုက်၏။

" ကျွန်တော်ကလဲ ဒေါ်မှုံကို အမေလိုပဲ သဘောထားပါတယ်။ ဒေါ်မှုံ အသက်စွန့်ဖို့အထိ မဖြစ်ပါဘူး၊ ကျွန် တော် ပြောတဲ့ အတိုင်းသာ တစ်သဝေမတိမ်း လိုက်နာပြီး နှုတ်လုံစေချင်ပါတယ် "

" အင်း ... ဒေါ်မှုံကို စိတ်ချပါ လူလေး ... "

ဒေါ်မှုံက မည်သည့်အကြောင်းများပေနည်းဟု သိလိုသော စိတ်ထက်သန်စွာဖြင့် ကတိပေးလိုက်၏။

" အိမ်မှာ ပစ္စည်းတွေ အားလုံးကို ကြွက်မကိုက်အောင် အလွယ်တကူ သူခိုးဝင်ခိုးလို့မရအောင် သိမ်းထားပါ ဒေါ်မှုံ၊ အထူးသဖြင့် မေမေ၊ ဖေဖေနဲ့ ဘိုးဘိုးဘွားဘွား ဓာတ်ပုံတွေကို လုံခြုံတဲ့ သေတ္တာတစ်ခုထဲမှာ အားလုံး ထည့်သိမ်းပါ၊ အပြင်မှာ တစ်ခုမှ မရှိပါစေနဲ့နော်၊ နောက်ပြီး .... "

" နေပါဦး လူလေးရယ်၊ ဘာဖြစ်လို့လဲ "

ကိုမျိုးခိုင်၏ စကားမဆုံးမီ ဒေါ်မှုံက အံ့အားသင့်စွာ ဖြတ်မေးလိုက်၏။

" ကျွန်တော့်မှာ အကြောင်းတစ်ခုရှိနေပါတယ် ဒေါ်မှုံ၊ ဘာဖြစ်လို့လဲဆိုတာ မမေးပါနဲ့၊ ကျွန်တော် ပြောတဲ့ အတိုင်းသာ ဒေါ်မှုံလိုက်နာပါ၊ ကျွန်တော် စိတ်ချပါရစေ "

" အေး အေး ... ပြောပါလူလေးရယ်၊ စိတ်တိုင်းကျဖြစ်ရစေမယ် "

" ဟုတ်ကဲ့ ဒေါ်မှုံ ... နောက်ပြီး ဒေါ်မှုံ အသုံးအဆောင် အကျီလုံချည်တွေကို အားလုံး ခရီးထွက်တဲ့အခါ ယူဆောင်သွားဖို့ အသင့်ဖြစ်အောင် ထည့်သို ပြင်ဆင်ထားနော်၊ ဒေါ်မှုံ မေမေ့ လက်ဝတ်လက်စားနဲ့ ငွေ အားလုံးကိုလဲ ဒေါ်မှုံကို ကျွန်တော် အပ်ထားမယ်၊ မပျောက် မပျက်ရအောင် ဒေါ်မှုံကို ကျွန်တော် အပ်ထားမယ် မပျောက် မပျက်ရအောင် ဒေါ်မှုံ ထိန်းသိမ်းထားပါနော်၊ စားသောက်သုံးစွဲဖို့လဲ အဲဒီငွေထဲက ယူပေါ့၊ ကျွန်တော် မှာတာ မှတ်မိလားဒေါ်မှုံ "

" မှတ်မိပါတယ် လူလေး "

အကြောင်းအရာကို စုံလင်အောင် သိလိုပါသော်လည်း ကိုမျိုးခိုင်က မမေးရန် ပိတ်ပင်ထားသဖြင့် မေးရန် မဝံ့ရဲသော ဒေါ်မှုံက မျက်တောင် ပုတ်ခတ် ပုတ်ခတ်နှင့် ကိုမျိုးခိုင်ကို စိုက်ကြည့်ကာ လိုအပ်သော အဖြေကို သာ ပေးလိုက်ရာ၏။

" ကျွန်တော် မနက်ဖြန် မန္တလေးကိုသွားမယ်၊ အဘိုး တစ်ယောက် ခေါ်လာခဲ့မယ်၊ အဲဒီအဘိုးကြီးရော ကျွန်တော်ရော ဒေါ်မှုံရော သထုံကိုသွားကြမယ်၊ သထုံကဒူးရင်းခြံတစ်ခြံမှာ ကျွန်တော့် ကျေးဇူးရှင် သား အဖ နှစ်ယောက် ရှိတယ်၊ သူ့သားနဲ့ ကျွန်တော်က ခရီးရက်ရှည်ထွက်စရာရှိတော့ မန္တလေးက ကျွန်တော် ခေါ်လာ တဲ့ အဘိုးကြီးနဲ့ သထုံက အဘိုးကြီးနဲ့ ဒေါ်မှုံတို့သုံးယောက် အဲဒီဒူးရင်းခြံမှာနေကြပြီး ကျွန်တော်တို့ ပြန်လာတဲ့ အထိ စောင့်ရမယ် "

" အို ... "

ကိုမျိုးခိုင်၏ စကားမဆုံးမီ ဒေါ်မှုံကမျက်နှာပျက်ပျက်နှင့် " အို ... " လိုက်၏။

" ဘာဖြစ်လို့လဲ ဒေါ်မှုံ "

" မဟုတ်သေးပါဘူးကွယ် လူလေးရဲ့၊ ဟိုအဘိုးကြီး နှစ်ယောက်နဲ့ ဒေါ်မှုံနေရစ်လို့ သင့်တော်ပါ့မလား၊ ဒေါ်မှုံက အပျိုကြီးနော် တကယ်လို့ သူတို့က ဒေါ်မှုံကို တစ်အိမ်တည်း အတူနေမို့ ချစ်ကြိုက်လာကြရင် မခက်ပါလား။ ဒေါ်မှုံက ကိုယ့်အပျိုဘဝကို တန်ဖိုးထားပြီး ယောက်ျားမယူခဲ့တာ လူလေးအသိသားနဲ့ "

ဆယ့်ခြောက်နှစ်အရွယ် အပျိုရိုင်းကလေး ဟန်မျိုးဖြင့် ရှက်ကိုးရှက်ကန်း ပြောလိုက်သော အသက်ငါးဆယ် ကာလ ကပင် စွန်းနေသည့်ဒေါ်မှုံအား ကိုမျိုးခိုင်က စေ့စေ့ကြည့်ကာ ရယ်ချင်သောစိတ်ကို ချုပ်တည်းပြီး ဒေါ်မှုံ အား တည်ငြိမ်စွာ ကြည့်လိုက်၏။

" ဒေါ်မှုံကို သူတို့ စိတ်နဲ့တောင်ပြစ်မှားမှာ မဟုတ်ပါဘူး ဒေါ်မှုံ မတည်ငြိမ်တဲ့လူတွေနဲ့ ဒေါ်မှုံကို ကျွန်တော်ပစ်ထားပါ့မလား၊ မန္တလေးကလာမယ့်အဘိုးကြီးက လူပျိုကြီး၊ သထုံမှာ ရှိနေ့အဘိုးကြီးက ဒကာ္ခ တကြီး ဒေါ်မှုံရဲ့ "

" အဲ အဲ ... အသက်ကြီးနေတဲ့ လူပျိုကြီးတွေက ပိုကြောက်စရာကောင်းတယ်လို့ ကြားဖူးတယ် "

ဒေါ်မှုံက အထွန့်တက်လိုက်ပြန်၏။ လျှာရှည်သော ဒေါ်မှုံအား ကိုမျိုးခိုင်က ချော့လေ နော့လေဖြစ်မည်ကို တွေးမိ၍ လေသံပြောင်းလိုက်ရ၏။

" ကျွန်တော် ကိုယ်တိုင်က စိတ်ချ ယုံကြည်ပါတယ်လို့ ---တာကို ဒေါ်မှုံမယုံကြည်လိုပ မနာခံရင် ကျွန်တော့် ကို အားမကိုးနဲ့တော့ပေါ့ ဒေါ်မှုံ၊

ဉတစ်လုံး တစ်ကောင်ကြွက်ဖြစ်စေတဲ့ ကျွန်တော့် ဘဝမှာ တွယ်တာစရာ ခင်လေး နဲ့ ဒေါ်မှုံပဲ ရှိတယ်၊ ဒေါ်မှုံ ကျွန်တော့် အစီအစဉ်ကို မနာခံရင် သံယောဇဉ် ဖြတ်လိုက်ရုံပဲ ရှိတာပေါ့ "

ကိုမျိုးခိုင်က စိတ်ထဲက မပါဘဲ ဟန်ဆောင်ပြီး မာန်လိုက်သောအခါ ဒေါ်မှုံမျက်နှာကလေး ငယ်သွားရှာ သည်။

" အမယ်လေး ... အမယ်လေး၊ သံယောဇဉ်တော့ မဖြတ်ပါ လူလေးရယ်၊ ဒေါ်မှုံ နာခံပါမယ်၊ ဒေါင်ကျကျ ပြားကျကျ ထားရာမှာ နေပါမယ်၊ မိန်းမသားဘဝ တွေးပူမိတာပါ လူလေးရဲ့ "

ဒေါ်မှုံ က စိုးရိမ်စွာ တောင်းပန်လိုက်၏။

" အခု ဒုတိယကမ္ဘာစစ်ကြီး ဖြစ်တော့မယ် ဒေါ်မှုံ၊ တိုင်းပြည် အခြေအနေက မငြိမ်မသက် ဖြစ်နေပြီ၊ ဒါကြောင့် ခရီးထွက်မယ့် ကျွန်တော့်အဖို့ ယောက်ျားမို့ အရေးမကြီးဘူး၊ ရန်ကုန်လို့မြို့မှာ မိန်းမသား သက် ကြီးရွယ်အိုဖြစ်တဲ့ ဒေါ်မှုံတစ်ယောက်တည်း ဒုက္ခဖြစ်မှာကို တွေးမိလို့ ကျွန်တော့် အတွက်ရော၊ ဒေါ်မှုံ အတွက် ရော အဆင်ပြေအောင် စီစဉ်တာ သဘောပေါက်ပြီ မဟုတ်လား "

" အေးဟဲ့ လူလေး၊ ဒေါ်မှုံ ဈေးသွားတိုင်း ကြားခဲ့တယ်၊ စစ်ဖြစ်တော့မယ်၊ ဗုံးတွေ စစ်သေနတ်တွေ ကြဲကြ ရင် ရန်ကုန်လို မြို့ကြီးကို အရင်ဆုံး ချမှာပဲတဲ့၊ ဟုတ်ပါ ကြောက်စရာကောင်းလိုက်တာ။ မရှုမလှ သေကြဦး မှာ အမယ်လေး ဗုံးဒဏ် စက်သေနတ်ဒဏ်ထက် အဘိုးကြီးတွေကမှ သက်သာလိမ့်ဦးမယ်၊ ဒီလိုဆိုမဖြစ်ဘူး၊ မြန်မြန်ပြောင်း ကဲ ... ဒေါ်မှုံ ပစ္စည်းတွေ သိမ်းလိုက်ဦးမယ် လူလေး "

ပြောရင်း ဆိုရင်း ထိုင်ရာမှ ရုတ်ခနဲ ထလိုက်သော ဒေါ်မှုံက ကိုမျိုးခိုင်က လက်မောင်းတစ်ဖက်ကို လှမ်းဆွဲ ကာနေရာ မှ ထိုင်ခိုင်းလိုက်ရ၏။

အသက်ထောက်လာပြီဖြစ်သည့်အလျောက် စိတ်ထဲရှိတာ ပြောနေသော ဒေါ်မှုံအား ကိုမျိုးခိုင်က ခွင့်လွှတ် ကာ အေးသက်သာ စကားဆက်လိုက်ပြန်၏။

" ကျွန်တော် ပြောမယ့်စကားကို ဆုံးအောင် နားထောင်စမ်း ဒေါ်မှုံရယ် "

" အေး အေး ပြော လူလေး "

" ကျွန်တော် အခုလို အစီအစဉ်ရှိတယ်၊ ဒေါ်မှုံကို သထုံဘက် ပြောင်းခေါ်သွားမယ် ဆိုတာတွေကို ကျွန်တော် မွန္တလေး ရှိနေတုန်း ခင်လေးတို့ သားအဖက မေးရင် ဘာမှ မပြောနဲ့နော် ကတိပေးပါ ဒေါ်မှုံ "

" ကတိပေးပါ ဒေါ်မှုံ "

" သေရစေရဲ့ လူလေး၊ မပြောနဲ့ဆို ဒေါ်မှုံ မပြောဘူး "

" နောက်တစ်ခု ဒေါ်မှုံ အထူးသတိထား လို့ု့ဂုက်ရမှာက မွန္တလေးကလာတဲ့ အဘိုးကြီးကိုရော သထုံမှာ တွေ့ရ နေရမယ့် အဘိုးကြီး သားအဖကိုရော ကျွန်တော့် မျိုးရိုးဇာတိ မိဘအမည်၊ ကျွန်တော့်နာမည် ဒေါ်မှုံ အမည်ကို လုံးဝ မပြောဘဲ နှုတ်လုံဖို့ အရေးကြီးတယ်၊ ဒေါ်မှုံ နှုတ်လုံနိုင်ပ့ါမလား "

" အို ... ဖျားစူးရစေရဲ့၊ ဒေါ်မှုံက လူကလေးကို ချစ်တယ် အားကိုးတယ်၊ လူကလေးက ယုံကြည်လို့ မှာ ကြားတာ ကို သေတောင် ဒေါ်မှုံ မပြောဘူး စိတ်ချ "

ဒေါ်မှုံ က အားရပါးရ ကျိန်တွယ် ကတိပေးလိုက်ပြီး၊ တစ်စုံတစ်ခုကို သတိရသလို စဉ်းစားနေလိုက်သည်။

" ဘာတွေ စဉ်းစားနေလဲ ဒေါ်မှုံ "

" ဪ ... သူတို့က လူလေးနာမည်။ မိဘနာမည်၊ ဒေါ်မှုံ နာမည်ကိုမေးရင် ဘယ်လိုပြောမလဲ၊ စကားချင်း ညီအောင် ဘယ်လို ပြောမလဲ၊ စီးဝါးကိုက်ဦးမှပေါ့ "

ထင်မိထင်ရာ စွတ်ပြောတတ်သော်လည်း အရေးကြီးသောအချက်ကို စဉ်းစားမိသော ဒေါ်မှုံအား ကိုမျိုးခိုင် ကကျေးဇူးတင်လိုက်၏။

" ဟုတ်သား ဒေါ်မှုံ ... ကျွန်တော် အဲဒါကို မစဉ်းစားမိဘူး၊ ဒါပေမယ့် လွယ်ပါတယ် ဒေါ်မှုံ၊ ပြောချင်ရာ နာမည်ကို ပြောပါ၊ ကျွန်တော့်ကိုမေးရင် ဒေါ်မှုံပြောတဲ့ အတိုင်းပေါ့လို့ ဖြေလိုက်ရင် ပြီးနေတာပဲ၊ ကျွန်တော့် ကိုလဲ ဒေါ်မှုံက နာမည်မှမခေါ်တာ " ကိစ္စမရှိပါဘူး၊ ဒေါ်မှုံနာမည်ကတော့ ပြောင်းဖို့ မလိုပါဘူး၊ ဒေါ်မှုံ ဇာတိ ဇစ်မြစ် ကိုမေးရင်လဲ ကျွန်တော့်အမေနဲ့ ညီအစ်မအရင်းလို့ ဖြေလိုက်ပေါ့ မဟုတ်လား ဒေါ်မှုံ "

" အေး ... ဟန်ကျပြီ၊ ကဲ ... ဒေါ်မှုံ ထမင်းဟင်း ချက်လိုက်ဦးမယ်၊ ချက်ပြုတ်ပြီးရင် ပစ္စည်းတွေ သိမ်းဦးမှ၊ လူလေး ခဏတစ်ဖြုတ် အမောပြေ မှေးဦးမလား "

" မဖြေနိုင်သေးဘူး ဒေါ်မှုံရေ၊ ရေရှည်ဆွဲလို့ မဖြစ်ဘူး၊ အခု ခင်လေးတို့ဆီ ကျွန်တော် သွားဦးမယ်၊ နက်ဖြန် မန္တလေးသွား၊ သန်ဘက်ခါ ပြန်လာခဲ့မယ်၊ ဒေါ်မှုံသာ ကိစ္စအားလုံးပြီးအောင် လုပ်ထားနှင့်နော် "

ကိုမျိုးခိုင်က ပြောကာ ထိုင်ရာမှ ထလိုက်၏။

" စိတ်ချလူလေး "

ဒေါ်မှုံက မီးဖိုဆောင်ဘက် ခြေလှမ်းပြင်ရင်းက ဖြေလိုက်၏။

## အခန်း (၉)

ဧည့်ခန်းတွင် သတင်းစာကိုယ်စီ ဖတ်နေကြသော ဦးထွန်းသစ်နှင့် ခင်ခင်လေးသည် မမျှော်လင့်ဘဲ ရုတ်တရက် ရောက်လာသော ကိုမျိုးခိုင်ကို တွေ့ရသောအခါ အံ့အားသင့်ခြင်း၊ ဝမ်းမြောက်ခြင်းဖြင့် ရောထွေး ကာ ခင်ခင်လေးက ခရီးဦးကြို နှုတ်ဆက်လိုက်၏။

" ဟော ... မောင် အဲ ... ကိုမျိုးခိုင်၊ ဘယ်နေ့က ပြန်လာတာလဲဟင် "

ခင်ခင်လေးက ဝမ်းသာစွာဖြင့် ကိုမျိုးခိုင်အား ဖခင်နှင့် မျက်နှာချင်းဆိုင်မှာထိုင်ရန် နေရာချပေးပြီး မေးလိုက်၏

" အေးကွယ် ... မောင်မျိုးခိုင် ကျန်းကျန်းမာမာ ပြန်လာတာဦးဖြင့် ဝမ်းသာတယ်ကွယ်၊ ရန်ကုန်ရောက်နေတာ ဘယ်နှစ်ရက်ရှိပြီလဲ "

ဦးထွန်းသစ်က သတင်းစာကိုချပြီး နှုတ်ဆက် မေးမြန်းလိုက်၏။

" ဒီနေ့ပဲ ရောက်ပါတယ် ခင်ဗျာ၊ အိမ်မှာ ခဏဝင်နားပြီး ဦးတို့ဆီ ကျွန်တော် လာခဲ့တာပါပဲ "

ကိုမျိုးခိုင်၏ အဖြေကြောင့် ခင်ခင်လေးက ချစ်သူ ကိုမျိုးခိုင်အား ကျေနပ်နှစ်သိမ့်စွာပြုံးပြီး စိမ့်စိမ့်ကြည့်နေ သည်။

" မောင်မျိုးခိုင်နည်းနည်းပိန်သွားတယ်လို့ ဦးထင်တယ်၊ ဘယ်နေရာတွေများ ရောက်ခဲ့သလဲကွယ့် "

" မန္တလေးနဲ့ သထုံတင်ပါပဲဦး၊ ခရီး နည်းနည်းပန်းသွားလို့ပါ "

" အေး ... ဒါထက် သတင်းစာတွေ မှန်မှန် ဖတ်ရဲ့လား မောင်မျိုးခိုင် "

" ဟုတ်ကဲ့ ... ဦး၊ ဖတ်ပါတယ်၊ တိုင်းပြည် အခြေအနေကလဲ စိတ်မချမ်းသာစရာပါပဲ ခင်ဗျာ၊ ဒုတိယ ကမ္ဘာ စစ်ကတော့ ဖြစ်မှာ မလွဲတော့ပါဘူး၊ ဦးတို့ ဘယ်ကို ရွှေ့ပြောင်းမယ် စီစဉ်ထားလဲလို့ ကျွန်တော် သိပါရစေ "

ကိုမျိုးခိုင်က ဦးထွန်းသစ်နှင့် ခင်ခင်လေးအား တစ်လှည့်ကြည့်ပြီး မေးလိုက်၏။

" တို့သားအဖတော့ စစ်ကိုင်းတောင်ရိုးက ပဲစားချောင်း ခိုမယ်လို့ စီစဉ်ထားတယ်ကွယ့်၊ အဲဒီချောင်က ဆရာ တော်တို့အမြဲ ပစ္စည်းလေးပါး ထောက်ပံ့ လှူဒါန်းထားတဲ့ ဆရာတော်ရင်းပဲ၊ ဆရာတော်ကလဲ တိုင်းပြည် ရုပ်ပျက်ဆင်းပျက် မဖြစ်သူ့ထံ ရွှေ့လာခဲ့ဖို့ လူလွှတ် အကြောင်းကြားတယ် မောင်မျိုးခိုင်ရဲ့၊ ယူသင့်ယူထိုက်တဲ့ ပစ္စည်း တွေကို လှူကြံ့နဲ့ ဆရာတော်ကို ပို့လိုက်ပြီးပြီ၊ ဦးတို့လဲ အခြေအနေကြည့်ပြီး မကြာ ခင်သွားကြမှာပဲ၊ မောင်မျိုးခိုင် ရော ဘယ်လိုစီစဉ်ထားလဲကွယ့် "

ဦးထွန်းသစ်၏ အမေးကို ကိုမျိုးခိုင်က ချက်ချင်း မဖြေသေးဘဲ အတန်ငယ် တွေနေပြီးမှ ...

ကျွန်တော်လဲ ကိုယ်ရေးကိုယ်တာ ကိစ္စကလေးတွေက ဆောင်ရွက်လို့ မပြီးပြတ်သေးဘူး ဦးရယ်၊ ဒါထက် စစ်ကိုင်းပဲစားချောင်မှာ ဦးတို့ သားအဖ နှစ်ယောက်တည်း သွားတော့မှာလား "

ကိုမျိုးခိုင်က သားအဖနှစ်ယောက်တည်း ပဲစားချောင်မှာ သွားနေရမည်ကို မျက်နှာမလွှဲရက်သဖြင့် တစ်မျိုးတစ်ဖုံ စီစဉ်မည်ဟု စိတ်ကူးကာ မေးလိုက်သည်။

" တို့သားအဖနှစ်ယောက်တည်းတော့ မဟုတ်ဘူးလေကွယ်၊ ရန်ကုန်က ရင်းနှီးတဲ့ မိတ်ဆွေတွေလဲ တစ်စု တဝေးပါမယ်။ မန္တလေးက ဆွေမျိုးရင်းချာတွေ တို့နဲ့အတူ ပေါင်းနေကြမယ်၊ စစ်ဖြစ်လို့ ပြေးရလွှားရ ပုန်းရမှာ ဖြစ်ပေမယ့် ပျော်စရာတော့ အကောင်းသားဟ၊ ကဲ ... ခင်ခင်လေးနဲ့ အေးအေးဆေးဆေး စကားပြော ကြဦး၊ ဦးမိတ်ဆွေတစ်ယောက်နဲ့ ပြောင်းရွှေ့ရေး စီစဉ်ဖို့ ချိန်းထားတာ ရှိတယ်၊ သွားလိုက်ဦးမယ် မောင်မျိုး ခိုင် "

ဦးထွန်းသစ်က လူငယ်နှစ်ဦး ပြောလိုရာ ပြောကြစေရန် သွားစရာရှိသော ကိစ္စကို ဖော်ကာ ဧည့်ခန်းတွင်းမှ ထွက်ခွာသွားလေသည်။

ဦးထွန်းသစ် ထွက်ခွာသွားလျှင် မတွေ့ရသည်မှာ ရက်ပေါင်း အတန်ကြာခဲ့ပြီဖြစ်သော ချစ်သူနှစ်ယောက် သည် တစ်ယောက်မျက်နှာ တစ်ယောက် အားရပါးရ စိမ့်စိမ့်ကြည့်လိုက်ကြ၏။ ခင်ခင်လေး၏ အကြည့်ကား ဝမ်းမြောက်ရွှင်ကြည်သော အကြည့်၊ ကိုမျိုးခိုင်၏ အကြည့်ကား နက်နဲ တည်ငြိမ်သော အကြည့်။

" မောင့် အကြွေးတွေ ကြေလည်အောင် ရခဲ့ပြီလား မောင် "

ခင်ခင်လေးက ချိုရွှင် ကြည်လင်သော အသံအေးအေးဖြင့် မေးလိုက်၏။

" မကြေသေးပါဘူး ခင်လေးရယ် "

ကိုမျိုးခိုင်က ခင်ခင်လေးအား စူးစူးစိုက်စိုက် ကြည့်ရင်း ဖြေလိုက်၏။

" မောင်ရယ်၊ ဒီကြွေးတွေကို စိတ်မဝင်စားပါနဲ့တော့လားနော်၊ တိုင်းပြည် အခြေအနေ မကောင်းတဲ့အခါ ခင်လေးအနားမှာ မောင်ရှိနေစေချင်တယ်၊ လိုက်ခဲ့ပါလား မောင် ဒေါ်မှုံကိုပါ ခေါ်ခဲ့ပေါ့၊ ဖေဖေကလဲ မောင့် ကို

ခင်လေးတို့နဲ့ တပါတည်း လိုက်စေချင်တဲ့ ဆန္ဒရှိတယ် မောင်ရယ်၊ လိုက်ခဲ့ပါနော် "

ခင်ခင်လေး က ချိုနွဲ့သော အသံလေးဖြင့် ချစ်သနားဖွယ် တောင်းပန်လိုက်၏။ ကိုမျိုးခိုင်သည် ခင်ခင်လေးကို စူးစိုက်ကြည့်နေရာမှ မသိမသာ မျက်လွှာချကာ ငြိမ်နေသည်။

" လိုက်မယ် မဟုတ်လား မောင် "

ငြိမ်နေသော ချစ်သူအား ခင်ခင်လေးက မေးလိုက်ပြန်၏။ ကိုမျိုးခိုင်က ချထားသော မျက်လွှာကိုပင့်ကာ ခင်ခင်လေးအား ကြည့်လိုက်ပြန်သည်။

" ပဲစားချောင်မှာ ခင်လေးတို့ သားအဖနှစ်ယောက်ထဲ သွားနေရမယ်ထင်ပြီး ခင်လေးတို့ အားမငယ်ရအောင် မောင် တစ်မျိုး စီစဉ်မယ်လို့ပါပဲ၊ ဒါပေမယ့် ဦးပြောတဲ့ အစီအစဉ် အတိုင်းဆိုရင် ခင်လေးတို့ အားငယ်စရာ ဘာမျှ မရှိပါဘူးကွယ်၊ အသိုင်းအဝိုင်း တောင့်သားပဲ "

" အသိုင်းအဝိုင်းတောင့်တာနဲ့ မောင်လိုက်တာနဲ့ မတူဘူးလို့ ခင်လေးထင်ပါတယ်၊ ဆွေမျိုး မိသင်္ဂဟ၊ မိဘရဲ့ အကာအကွယ်က တစ်မျိုး၊ ချစ်သူရဲ့ အကာအကွယ်ကတစ်မျိုးပါမောင်၊ လိုက်ခဲ့ပလို့ ခင်လေး တောင်းပန်ပါတယ်နော်"

ခင်ခင်လေး၏ ချစ်သနားဖွယ် အသံကလေးကား၊ တော်ရုံ တန်ရုံမျှ စိတ်ခိုင်သူအား အရည်ပျော်သွားစေနိုင် သော်လည်း ခိုင်မာသော ရည်ရွယ်ချက်ကို ရှေ့ရှုနေသော ကိုမျိုးခိုင်ကား စိတ်ကို ကြိုးစား တင်းထားလိုက် သည်။

" ခင်လေးကို မောင်တကယ်ပဲ ချစ်ပါတယ်၊ ဦးကိုလဲ မိဘလို အားကိုးကြည်ညိုပါတယ်၊ ဒါပေမယ့် ခင်လေး ရယ် "

" မောင် မလိုက်နိုင်ဘူး ဆိုပါတော့နော် "

ကိုမျိုးခိုင်၏ တစ်ပိုင်းတစ်စ စကားကြောင့် ခင်ခင်လေးက အားလျော့သော လေသံဖြင့်မေးလိုက်သည်။

" မောင် ဆောင်ရွက်စရာကိစ္စက မပြီးသေးလို့ပါ ခင်လေးရယ်၊ ကိစ္စ အောင်မြင်တာနဲ့ တစ်ပြိုင်တည်း ခင်လေးထံ မောင်ဖြစ်တဲ့နည်း အမြန်ဆုံး ပြန်လာခဲ့ပါ့မယ်၊ ခင်လေးကလွဲပြီး ဘယ် မိန်းကလေးကိုမှ မောင် စိတ်မကူးပါဘူးဆိုတာ ခင်လေး ယုံပါ၊ မောင် ကတိသစ္စာကို ဒီတစ်သက်မှာ မဖျက်ပါဘူး၊ ခွင့်လွှတ်ပါ ခင်လေးရယ် နော် "

ကိုမျိုးခိုင်က ဆို့နင့်သောအသံဖြင့် ခွင့်တောင်းလိုက်၏။ ခင်ခင်လေးမှာ စကားမပြောတော့ဘဲ ငေးနေသည်။ အတန်ကြာမှ ခင်ခင်လေးသည် ဝေလာသောမျက်ရည်ကို လက်ကိုင်ပဝါဖြင့် သုတ်လိုက်ပြီး ...

" ခင်လေးကတော့ ဆိုးဝါးတဲ့ ခေတ်အချိန်အခါကြီးမှာ သေအတူ ရှင်မခွဲ သဘောထားပြီး တစ်လုံး တစ်စည်းထဲ နေလိုပေမယ့် မောင်ကငြင်းဆန်တော့ ခင်လေးက အတင်းဆွဲခေါ်လို့မှမရတာ၊ ခွင့်ပြုရမှာပေါ့ မောင်၊ ခင်လေး ခွင့်မပြုဘူးဆို တော့ကော မောင်က တားလို့ရမှာလား၊ မောင့် သဘောအတိုင်းပါ၊ ဘာမှန်း မသိရတဲ့ကိစ္စကြီးမို့ ခင်လေးလဲ မကူညီနိုင်ဘူးနော်၊ မောင် ကျန်းမာချမ်းသာစွာနဲ့ ခင်လေးထံ မြန်မြန်ပြန် ရောက်ပါစေလို့ ဆုတောင်းရင်း မျှော်ရတော့မှာပေါ့ မောင် "

ခင်ခင်လေးသည် တုန်ယင်သော အသံဖြင့်ပြောကာ ကိုမျိုးခိုင်အား မကြည့်တော့ဘဲ ခေါင်းငုံ့ကာ မျက်ရည် သုတ်နေသည်။ ကိုမျိုးခိုင်သည် ငေးငိုင်စွာဖြင့် ခင်ခင်လေးအား အားပါးတရစိုက်ကြည့်လိုက်ပြီး အံကိုကြိတ်ကာ စိတ်တင်းလိုက်၍ ထိုင်ရာမှ ထလိုက်၏။

" မောင် သွားတော့မယ်နော် ခင်လေး "

" သွားပါ မောင် သွားပါ၊ ခင်လေးကတော့ ရောက်ရာအရပ်က မောင့်ကို တမ်းတ စောင့်မျှော်နေမယ် ဆိုတာ တော့ မမေ့ပါနဲ့နော် "

ခင်လေးသည် တုန်ယင်လှိုက်လှဲသောအသံဖြင့် ပြောကာ ချစ်သူအား မော်ကြည့်လိုက်၏။

တစ်ယောက် နှင့် တစ်ယောက် မျက်လုံးချင်း မလွှဲဖယ်နိုင်အောင် အတန်ကြာ စိုက်ကြည့်နေပြီးမှ ကိုမျိုးခိုင် သည် ချာခနဲ လှည့်ကာ ဖြည်းလေးသောခြေလှမ်းဖြင့် ထွက်ခွာသွားသည်ကို ခင်ခင်လေးသည် ရီဝေသော မျက်လုံး ဖြင့် ငေးစိုက်ကြည့်နေလေသည်။

---------------------------

## အခန်း (၁၀)

ညီလေးရေ ... ညီလေး

ခြံဝမှ ဟစ်ခေါ်လိုက်သော ကိုမျိုးခိုင်အသံကြောင့် ကိုစောအောင်သည် အိမ်ငယ်ပေါ်မှ ပြေးဆင်းလာကာ ပိတ်ထားသော ခြံတံခါးကို ဖွင့်ပေးရင်း ကိုမျိုးခိုင်နှင့်ပါလာသော ညော့သည်နှစ်ယောက်ကို အကဲခတ်လိုက်၏။ သူ့အဖေနဲ့ အမေ ထင်ပါရဲ့ဟု တွေးလိုက်မိသည်။

" အစ်ကို ဒီပစ္စည်းတွေ နဲ့ ဘယ်လို သယ်လာခဲ့သလဲ "

ကိုစောအောင် က အိပ်ရာနှစ်လိပ်၊ သေတ္တာနှစ်လုံး၊ ထန်းခေါက်ဖာ တစ်ခုနှင့် သားရေလက်ဆွဲသေတ္တာတစ် လုံး စုပုံထားသည်ကို ကြည့်ရင်း မေးလိုက်၏။

" ဆိုက္ကားသမားကို ပိုက်ဆံပိုပေး၊ တောင်းပန်ပြီး ဒီအရောက် သယ်ခဲ့ရတာပေါ့ ညီလေးရာ၊ အဘရော နေ ကောင်းတယ် မဟုတ်လား "

ကိုမျိုးခိုင်က နှုတ်ခွန်းတုံ့ပြန်လိုက်၏။

" နေကောင်းတယ်အစ်ကို၊ မနက်ကပဲ အစ်ကို့ကို သတိရကြောင်း အဖေက ပြောသေးတယ် "

ကိုစောအောင်က ပြောပြီး ကိုမျိုးခိုင်နှင့်ပါလာသော ညော့သည်နှစ်ယောက်ကို တစ်ချက်ကြည့်ကာ ...

" ဒါ အစ်ကို့မိဘတွေလား "

ဟု မေးလိုက်၏။

ကိုမျိုးခိုင်က ခပ်ပြုံးပြုံးမျက်နှာဖြင့် ...

" အိမ်ပေါ်ရောက်မှ အေးအေးဆေးဆေး ပြောကြတာပေါ့ ညီလေးရာ၊ သူတို့ အိမ်ပေါ် အရင်သွားနှင့် ပါစေ၊ ဒီပစ္စည်းတွေ အစ်ကိုနဲ့ညီလေး နှစ်ခေါက်စီလောက်တော့ သယ်ရလိမ့်မယ် ထင်တယ် "

ဟု ပြောလိုက်၏။

" သယ်နိုင်ပါတယ်၊ အစ်ကိုက ပေါ့တဲ့ပစ္စည်းသယ်၊ ကျွန်တော်က လေးတဲ့ပစ္စည်းသယ်မယ် "

လူတွေရော ပစ္စည်းပါ အိမ်ပေါ် အားလုံး ရောက်ကြသောအခါ ကိုမျိုးခိုင်သည် သူခေါ်လာခဲ့သော အဘိုးကြီး အား ...

" ဒီအထိ ကျွန်တော် ဦးကြီးကို ခေါ်လာတဲ့ကိစ္စ အခုချက်ချင်း ရှေလည်ပါလိမ့်မယ်၊ ဒီမှာညီလေး၊ အဘအိပ် နေ သလား "

ဟု အဘိုးကြီးနှင့် ကိုစောအောင်အား စကားတစ်ဆက်တည်း ပြောလိုက်၏။ ဒေါ်မှုံကား ကိုမျိုးခိုင်၏ အရိပ် အကဲ ကိုကြည့်ကာ ဆိတ်ငြိမ်စွာပင် ထိုင်နေသည်။

" အဖေ ပုတီးစိပ် အပတ်မပြည့်သေးဘူးနဲ့ တူတယ် "

ကိုစောအောင်က ပြောရင်း ဖခင် ဦးစောခိုင်ရှိရာ အခန်းဆီသို့ စောင်းငဲ့ကြည့်လိုက်ပြီး ...

" ဟော အဖေ ပုတီးစိပ် ပြည့်ပြီထင်တယ် "

ဟု ပြောလိုက်၏။

ကိုမျိုးခိုင်သည် ဦးစောခိုင်ရှိရာ အခန်းတွင်းသို့ သွက်လက်စွာ ဝင်သွားသောအခါ ဦးစောခိုင်ကလည်း စိပ်ပုတီးကို ခေါင်းအုံးအောက်မှာထားပြီး အခန်းပြင်ထွက်မည့်ဆဲဆဲ ဖြစ်၏။

" အဘ ကျွန်တော် ပြန်လာပါပြီ "

ကိုမျိုးခိုင်က ရိုသေစွာ နှုတ်ဆက်ကာ ဦးစောခိုင်အား အခန်းအပြင်သို့ ယုယစွာ တွဲခေါ်လာလေသည်။

" အေး ... အေး ... ကျန်းကျန်းမာမာ ပြန်တွေ့ရတာ ဝမ်းသာတယ် မောင်ရင် "

ဦးစောခိုင်က တုံ့ပြန်ပြောဆိုကာ ကိုမျိုးခိုင် တွဲခေါ်ရာသို့ အလိုက်သင့် ပါလာသည်။

" ဒီမှာ ဦးကြီး ဦးကြီးတွေ့ချင်တဲ့ လူကလေးလေ "

ကိုမျိုးခိုင်က အခန်းထဲမှထွက်၍ အပြင်ရောက်လျှင်ပင် သူခေါ်လာသော အဘိုးကြီးအား လှမ်းပြော လိုက်၏။

" ဘယ်သူများပါလိမ့်မောင်ရင် ... "

ထိုင်နေသော အဘိုးကြီးက နားမလည်သလို မေးလိုက်၏။ ကိုမျိုးခိုင်က ဘာမျှ မဖြေဘဲ ဦးစောခိုင်အား သူ ခေါ်လာသော အဘိုးကြီးနှင့် မျက်နှာချင်းဆိုင်နေရာမှာ ထိုင်စေလိုက်၏။ အဘိုးကြီးနှင့် ဦးစောခိုင်သည် အံ့အားသင့်ဟန်ဖြင့် အတန်ကြာစွာ တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်နေကြပြီးမှ ...။

" လူလေး ... ကိုစောခိုင် ... "

" အဘ ဦး ... "

ဟူသောအသံများ ပြိုင်တူထွက်လာကာ တစ်ယောက်နှင့် တစ်ယောက်ဖက်ပြီး လှိုက်လှိုက်လှဲလှဲ ငိုကြွေး လိုက်ကြသည်။ မျိုးခိုင်နှင့် ကိုစောအောင်မှာ ဇာတ်ကြောင်း သိကြပြီးဖြစ်၍ စိတ်မကောင်းစွာဖြင့် မျက်ရည် လည်နေကြသည်။ ဒေါ်မှုံကား အံ့သြစိတ်ရှုပ်သောမျက်နှာဖြင့် ဆိတ်ငြိမ်စွာ ငေးကြည့်နေသည်။

အဘိုးကြီးနှစ်ယောက်က ရေးဟောင်း နှောင်းဖြစ်ကို မဝနိုင်အောင် အဆွေးငွေ့ကာချဲ့နေစဉ်မှာ နောက်ဖေး မီးဖိုချောင် တွင်ကား ဒေါ်မှုံ၊ ကိုမျိုးခိုင်နှင့် ကိုစောအောင်တို့ နှစ်ယောက် တက်ညီလက်ညီ စားသောက်ဖွယ် များ ချက်ပြုတ်နေကြရင်း ကိုမျိုးခိုင်နှင့် ကိုစောအောင်တို့ နှစ်ယောက်က ညီအစ်ကိုအရင်းသဖွယ် အပေး အယူ ဖြောင့်ဖြူး စွာ တိုင်ပင် ပြောဆိုနေကြသည်ကို ဒေါ်မှုံသည် အလုပ်လုပ်နေရာက တစ်ခွန်းမှ စွက်ဖက် မေးမြန်းခြင်း မပြုချေ။ ဆိတ်ငြိမ်စွာ နားထောင်ခြင်းဖြင့် ဇာတ်ကြောင်းကို သိတန်သလောက် သိပြီဖြစ်၏။

" ညီလေး အစ်ကို့ဒေါ်ကြီးရယ်၊ ဦးဘိုးဦးရယ်၊ အဘရယ် အိမ်မှာ တစ်စည်းတစ်လုံးတည်းထားခဲ့မယ်ဆိုရင် တို့ညီအစ်ကို နှစ်ယောက် မြသေလာတောင်ကို သွားဖို့ အဆင်ပြေရော မဟုတ်လား ညီလေးရဲ့ "

" ဒီလိုဆို အဖေ့အတွက် ကျွန်တော် စိတ်အေးရတာပေါ့ အစ်ကို၊ ကျွန်တော်တို့ ခရီးထွက်လာတဲ့အချိန် တိုင်း ပြည်မှာ စစ်ဘေးစစ်ဒဏ်ဖြစ်နေဦးတော့ ကျွန်တော်တို့ ဒူးရင်းခြံက လူနေလဲဝေး၊ မြို့စွန်လဲ ကျ၊ တောင် ရိပ်ကလဲ ကာကွယ်နေတော့ ကောင်းကောင်းလွတ်နိုင်ပါတယ်၊ လိုလိုမယ်မယ် ပုန်းကျင်းတစ်ခုတော့ တူး ပေးခဲ့ဦးမယ်လေ၊ အမိုးနဲ့ အခင်းနဲ့ လုံလုံခြုံခြုံပေါ့ အစ်ကို မသင့်ဘူးလား ... "

" ကောင်းတာပေါ့ညီလေးရ၊ နက်ဖြန် ကစတူးမယ် ... အစ်ကို ညီလေး နှစ်ယောက်ပေါင်း ဂရုစိုက်လုပ်ရင် မကြာ ပါဘူး ဆောင်ရွက်စရာ အားလုံး ပြီးတာနဲ့ တစ်ပြိုင်နက် မြသေလာတောင်ကို ခရီးထွက်ကြတာပေါ့၊ မဟုတ်လား ညီလေး ... "

" ထွက်တာကတော့ ဟုတ်ပါတယ်အစ်ကို၊ ကျွန်တော်က အကြမ်းနေလာတဲ့လူမို့ တောတောင်ခရီးကို မမှုပါ ဘူးအစ်ကို အပင်ပန်းခံနိုင်မှ လိုက်ပါ "

" ဒါလောက်တော့ ဖြစ်ပါတယ် ညီလေးရာ၊ ယောကျ်ားပဲ အစ်ကိုစိတ်ကို နိုင်နိုင်ဆုံးဖြတ်ပြီးသားပါ၊ ဒါကြောင့် လိုလိုမယ်မယ် နှစ်လုံးပြူးသေနတ်နှစ်လက်၊ ခြောက်လုံးပြူးနှစ်ဖက် ရအောင် ကြိုးစားဝယ်လာခဲ့တယ်၊ တောတောင်ထဲမှာ လိုမယ်ထင်တဲ့ဆေးတွေလဲ အစ်ကို စုံအောင် ဝယ်လာခဲ့တယ်။ ဒီမျာ ကျန်ရစ်သူတွေ မပူမပင်စားဖို့လဲ ဟောဒီ အစ်ကို ဒေါ်ကြီးကို ငွေကြေး အပြည့်အစုံပေးပြီး မှာကြားထားပြီးပါပြီ ညီလေးရဲ့။

" ဟာ ... သိပ်ကောင်းတာပေါ့အစ်ကို၊ ငွေကြေးက အရေးမကြီးပါဘူး၊ အဖေ့ဆီမှာပဲ သင့်တော် သလောက် ရှိပါတယ် သေနတ်တွေပါလာတာ သိပ်ဝမ်းသာတာပဲ၊ တောထဲတောင်ထဲသွားရင် လက်နက်ကတော့ ပါမှ အစ်ကိုရဲ့၊ ဓားတစ်ချောင်းစီလဲ ယူသွားဦးမှ "

" ဟုတ်တယ် ... ညီလေး၊ ဓားလဲယူသွားမယ်၊ ဒါထက် ညီလေး သေနတ်ကောင်းကောင်း ပစ်တတ်တယ် နော် "

" ခြောက်လုံးပြူးရော၊ နှစ်လုံးပြူးရော၊ ကောင်းကောင်း ထိုင်တတ်တယ်၊ ကျည်ဆံ ထည့်တတ်တယ်၊ ဘယ်လို ပစ်ရမယ်ဆိုတာ သိတယ်၊ ဒါပေမယ့် တစ်ခါမှတော့ မပစ်ဖူးသေးဘူး၊ အစ်ကိုရဲ့ ... "

" ဟင် ... ညီလေးမျာ သေနတ်ရှိသလား "

ကိုမျိုးခိုင်၏ အမေးကို ကိုစောအောင်က ရယ်မောရင်း ဖြေလိုက်သည်။

" ကျွန်တော့်မှာ သေနတ်တစ်လက်မှမရှိဘူးအစ်ကို၊ ကျွန်တော့်ခြံမှာ မင်းဂွတ်သီး၊ ကြက်မောက်သီးဝယ်ရင်း အပြင်းပြေလည်ပတ်ရင်း မကြာခဏ လာတတ်တဲ့ မျက်နှာဖြူ သစ်တောအရေးပိုင် လင်မယားရောက်လာရင် သေနတ်တွေ ပါလာတတ်တယ် သူတို့နောက်ပါးက သေနတ်ထမ်းပါလာတဲ့ အချွေ အရံတွေနဲ့ လေပေးဖြောင့်လို့ သေနတ်ကိုင် ကြည့်ခွင့်ရပြီး နားလည်ထားတာ အစ်ကိုရဲ့ "

" ဘယ်လိုပဲဖြစ်ဖြစ် ညီလေးရယ်၊ သေနတ်ကိုင်ကျင်လည်ပြီး ဖြစ်နေတာ အစ်ကို ဝမ်းသာတယ်၊ ပစ်တာ မခဲ ယဉ်းပါဘူး၊ ညီလေးနဲ့အစ်ကို တစ်ယောက်ကို ခြောက်လုံးပြူးတစ်လက်စီ၊ နှစ်လုံးပြူး တစ်လက်စီ၊ ဓားတစ် ချောင်းစီ ပါတယ်ဆိုရင် တော်တော် လုံခြုံနေပြီ ညီလေးရဲ့ "

ကိုမျိုးခိုင်နှင့် ကိုစောအောင်တို့ လက်ကလည်း အလုပ်လုပ်၊ နှုတ်ကလည်း တိုင်ပင်ပြောဆိုနေကြရာမှ ...

" ကဲ ... ကဲ ... ပြောရင်းဆိုရင်း ချက်လို့ပြုတ်လို့လဲ ပြီးပါပြီ ထမင်းပဲပြင်ကြစို့၊ တို့ကတော့ ခရီးပန်း မော လာတဲ့လူမျိုး ဆာပြီဟေ့ "

ဟု ဒေါ်မှုံ ပြောသံကြောင့် နှစ်ယောက်လုံးကလည်း သဘောတူပင် ...

" ဟုတ်ကဲ့ "

" စားကြတာပေါ့ ဒေါ်ကြီးမှူ "

ပြိုင်တူ ပြောလိုက်ကြလေသည်။

---------------------------------

## အခန်း (၁၁)

တောတန်း တောင်ကွေ့၊ မှုန်၍မှိုင်းရီ၊ မြူခိုးချီလျက်၊ လျှိုတစ်ဘက်၊ မြောင်တစ်ဘက်၊ ခါးပန်းထက်၊ ဖျန်း ပက်ကျသွန်၊ ရေတံခွန်တို့၊ ထွေသွန်ရစ်ခွေ လွမ်းဖွယ်သာထွေသော ရေမြေတောတောင်မှာ စိမ်းညို့ညို့ မှောင်နေသည်။

ချစ်သူ ခင်ခင်လေးကို မြင်ယောင်တမ်းတကာ လွမ်းလျသောစိတ်ဖြင့် ကိုမျိုးခိုင်သည် ကျိတ်၍သာ ပူ ဆွေးနေမိတော့၏။ ဦးစောခိုင်ပြောလိုက်သော ခရီးလမ်းစဉ်အတိုင်း မှန်းဆကာ ကိုမျိုးခိုင်နှင့် ကိုစောစောင်တို့ လိုက်လာခဲ့၍ တောကြီးမျက်မည်းထဲ ရောက်နေသည်မှာ တစ်လကျော် နှစ်လနီးပါး မျှကြာမြင်ခဲ့ပြီဖြစ်၏။

နှစ်ယောက်သား မြေပုံကိုကြည့်လိုက်၊ အိမ်မြှောင်ဖြင့်အရပ်ဒေသကို မှန်းဆလိုက်ဖြင့် လာခဲ့ကြသည်။

ဦးစောခိုင်က ခရီးလမ်းစဉ်ကို သေချာစွာ မှတ်မိနေသည့်အလျောက် တိကျစွာ ပြောပြလိုက်သော်လည်း နှစ် ပေါင်းမှာ နှစ်ဆယ်ကျော်ခဲ့ပြီဖြစ်၍ အချို့ အမှတ်အသားများက ဦးစောခိုင်ပြောသည့်အတိုင်းတွေ့သည်။ အချို့ အမှတ်အသားများမှာ လုံးဝ ရှာမရ၊ မတွေ့ရချေ။

တောတောင်အတွင်းမှာ တွေ့ရသော အမဲသားငါးကောင်းများကို ပစ်ခတ်စားသောက်ခြင်းမပြုရန် ဦးစောခိုင်က တင်းကြပ်စွာ မှာကြားလိုက်သည်ကို စွဲမြဲစွာ လိုက်နာခဲ့သော ကိုမျိုးခိုင်နှင့် ကိုစောအောင်တို့ သည် တဝဲလည်လည် လာခဲ့ရာ ကံကောင်းထောက်မ၍ ရှာသိမ်ရှာငယ်

ကလေးများတွေ့လျှင် ဆန်နှင့်ဆားကို အထူးဂရုစိုက်ရှာဖွေကာ ဝယ်ယူရသည်။

ဆန်ဝယ်၍ ရသည့်အခါ ထမင်းချက် ဆားနယ်ကာ အခြောက်လှန်းပြီး လွယ်အိတ်တွင် ထည့်ကာ တစ်ယောက်က ထမင်းလွယ်အိတ်၊ တစ်ယောက်က ရေဘူးလွယ်ကာ သေနတ်ကိုယ်စီ၊ ဓားကိုယ်စီဖြင့် ခရီးဆက်ကြပြန်၏။

ပေစာ၏ အဆိုအတိုင်း ဦးစောခိုင်၏ စကားအတိုင်း နှစ်ယောက်သား အိမ်မြှောင်ကိုကြည့်ကာ အရှေ့တောင် ယွန်းယွန်းဆီသို့ ဦးတည်လိုက်လာကြရာ သုံးလကျော်မျှ ကြာညောင်းသွားကြပြန်သည်။

လမ်းဟူ၍ မရှိဘဲ သေနတ်တို့ရှိမှုဆိုး ဆဒ္ဒန်အိုင်သွားသလို ချောက်ကိုစုန်ကျော်၊ ညွန်ပေါ်တုံးခင်း၊ ထုံးအင်း မြစ်ရေ၊ တားဆီးနေလည်း၊ လှေလုပ်၍ကူး ဟူသော ဦးပုညဆိုထားသည့်စာအတိုင်း ခက်ခဲပင်ပန်းစွာ လမ်း ထွင်ပြီး သွားနေရာမှ တစ်ခုသော တောင်ကမ်းပါးယံတွင် လူလေးငါးယောက်စာမျှ ချောင်ချိစွာနေနိုင်သော ကျောက်ဂူတစ်ခုကို တွေ့ရသည်။

ထိုနေရာသို့ ရောက်လျှင်ပင် တစ်သက်လုံး မြို့ပေါ်မှာသာ နနနယ်နယ် နေလာသော ကိုမျိုးခိုင်သည် ပန်းဖျား ဖျားလေတော့သည်။ ကျောက်ဂူရှိရာ တောင်ကမ်းပါးယံကိုပင် မတက်နိုင်တော့ချေ။

တောင့်တင်း သန်စွမ်းသော ကိုစောအောင်က ပစ္စည်းရော ကိုမျိုးခိုင်ရော ကျောက်ဂူရှိရာသို့ ထမ်းပြီး တင်လာခဲ့သည်။

ကျောက်ဂူအတွင်းသို့ ရောက်သောအခါ ပါလာသော စောင်နှစ်ထည်အနက် တစ်ထည်ကို ခင်းကာ ကိုမျိုးခိုင် ကို သိပ်ပြီး တစ်ထည်ကို ခြုံပေးထားပြီး ကိုစောအောင်သည် မီးဖိုလိုက်၏။ တောင်စောင်းတွင် ပေါက်နေသော ဝါးပိုးရုံတစ်ရုံမှ ကြီးမားသော ဝါးတစ်လုံးကို ခုတ်ယူကာ ဝါးကျည်းတောက် ပြုလုပ်ပြီး ကမ်းပါးယံ အောက်ခြေမှာရှိသော စမ်းချောင်းမှရေကို ဆင်းခပ်ပြီး မီးဖိုထဲမှာ ရေအပြည့် ဝါးကျည်တောက်ကို ထောင်ပြီး တည်ထားလိုက်၏။

ထို့နောက် ကိုစောအောင်သည် ကိုမျိုးခိုင်အား အသာအယာ သွားရောက်စမ်းသပ်ကြည့်သည်။ အဖျားရှိန် သိပ်မရှိဘဲ ပင်ပန်းလှသော ကြောင့် အားကုန်နေဟန်တူကြောင်း အကဲခတ်မိသောအခါ ကိုစောအောင်မှာ စိတ်သက်သာရာရသွားလေသည်။

ရက်အနည်းငယ်မျှ ဤဂူမှာ ငြိမ်ငြိမ်ကလေး အနားယူလိုက်လျှင် ကိုမျိုးခိုင် ကျန်းမာလာနိုင်သည်ကို တွေးမိ ၍ စောစောကလောက် စိတ်မပူတော့ချေ။ မီးဖိုထဲမှ ဝါးကျည်းတောက်တွင် ရေဆူလာသောအခါ ကိုစော အောင်သည် ထိုဝါးကည်တောက်ကို ထုတ်ယူကာ အအေးထားလိုက်ပြီး ရေထည့်ထားသော အခြားဝါးကျည်တောက်မှာ ထမင်းခြောက်များ ထည့်ကာ ဆန်ပြုတ်သလို မီးဖိုထဲထည့်ပြီး ပြုတ်လိုက်၏။

ညီလေး

ကိုမျိုးခိုင်၏ ခေါ်သံကြောင့် မီးဖိုနားမှာ ဆန်ပြုတ်ကို ဂရုစိုက်နေသော ကိုစောအောင်က အပြေးအလွှား ထသွား လိုက်၏။

ကျွန်တော် ရှိပါတယ် အစ်ကို၊ နေလို့ သက်သာရဲ့လား

ကိုစောအောင်က ကိုမျိုးခိုင်အား အစ်ကိုရင်းသဖွယ် ယုယစွာဖက်ပြီး မေးလိုက်၏။

အေးကွယ်၊ နည်းနည်း အိပ်ပျော်သွားလို့လား မသိဘူး၊ နေလို့ သက်သာတယ်၊ ညီလေး ဘာလုပ်နေလဲ

အစ်ကို ဆေးသောက်ဖို့ ကျွန်တော် ရေနွေးလဲ တည်ပြီးပြီအစ်ကို၊ အခု ထမင်းခြောက် ပြုတ်ထားတယ်၊ အစ်ကို ဆေးသောက်လိုက်ဦး

ကိုစောအောင်က ကြင်နာစွာ ပြောကာ ကိုမျိုးခိုင်အား ဆေးတိုက်လိုက်၏။

ခဏနေရင် ထမင်းခြောက် နူးပါလိမ့်မယ်၊ အစ်ကိုဆာပြီလား

အဆာပါဘူး ညီလေးရာ ဖြည်းဖြည်းလုပ်ပါ၊ ညီလေး ပင်ပန်းနေပြီ

တစ်ယောက်ကိုတစ်ယောက် ယုယငဲ့ညှာစွာဖြင့် ကျောက်ဂူဘေးမှာ လေးငါးရက်မျှ နေမိသောအခါ ကိုမျိုးခိုင် မှာ ကောင်းစွာ ကျန်းမာလာသည်။

အစ်ကို ဒီကျောက်ဂူမှာ တစ်ချိန်က လူနေသွားဖူးတယ်လို့ ကျွန်တော် ယူဆတယ်အစ်ကို၊ ခြေရာလက်ရာ အစအနတွေ့တယ်အစ်ကို

ဂူတွင် တစ်ပတ်ကျော်မျှ အနားယူပြီး ထွက်ခွာမည့်နေ့တွင် ကိုစောအောင်က ပြောလိုက်၏။

ဟုတ်တယ် ညီလေး ... အစ်ကိုလဲ ထင်တယ်၊ ဂူအဝက ကျောက်တုံးကြီးအနားမှာ မြေကြီးထဲမြုပ်နေတဲ့ ဒန်အိုး တစ်လုံး တွေ့တယ် ညီလေးရဲ့၊ နှုတ်ခမ်းသားလေးတင် ပေါ်နေလို့ အစ်ကို ဓားနဲ့ထိုးကော်လိုက်တော့ ဒန်အိုး ဖြစ်နေတယ်၊

ဆွေးပြီးပေါက်ကွဲပျက်စီးနေပါပြီ၊ ဟိုကျောက်တုံးကြီးနားမှာတွေ့လား ညီလေး "

ကိုမျိုးခိုင်က ပြောပြီး လက်စဖြင့် ညွှန်ပြလိုက်သည်။ ကိုစောအောင်က လှည့်ကြည့်လိုက်၏။

" တွေ့တယ်အစ်ကို၊ နောက်ပြီး အစ်ကို ဖျားနေတုန်းက ဂူထဲ ကျွန်တော်လျှောက်ကြည့်တော့ စုတ်ပြဲနေတဲ့ ဘွတ်ဖိနပ်တစ်ရံ နဲ့ ပစ်ပြီးသား ကျည်ဆန်အခွံ လေးငါးခုတွေ့တယ်၊ ဟောဟိုဂူထောင့်ထဲမှာ ကြည့်မလား အစ်ကို၊ ဖိနပ်ကတော့ ဆွေးနေပါပြီ"

" နေပါစေ ညီလေးရယ်၊ လူနေဖူးကြောင်း သေသေ ချာချာ သိရပြီပဲ၊ တောပုန်းဓားပြတွေနဲ့ တူပါတယ် "

ကိုမျိုးခိုင်နှင့် ကိုစောအောင်တို့ စကားပြတ်သွားကာ အတန်ကြာ ဆိတ်ငြိမ်နေပြီးမှ ...

" အစ်ကို ကောင်းကောင်း နေကောင်းပြီနော် "

ဟု ကိုစောအောင်က မေးလိုက်၏။

" နေကောင်းပါပြီ ညီလေး "

ကိုမျိုးခိုင်က ဖြေလိုက်၏။

" ဆောင်ရွက်မယ်လို့ ရည်ရွယ်ထားတဲ့ကိစ္စ ပြီးမြောက်သွားရင် တာဝန်ပေါ့တယ်အစ်ကို၊ မနက်ဖြန် ခရီးဆက် ချင်တယ်၊ အစ်ကို့ကျန်းမာရေး စိတ်ချရပဲ့မလား "

" လိုက်နိုင်ပါတယ် ညီလေးရာ "

ကိုမျိုးခိုင်နှင့် ကိုစောအောင်တို့သည် လှံ့လဝီရိယ ဖွဲ့ဖြင့် အားခဲလာကြသည်။ တစ်နေ့တစ်လံ ပုဂံဘယ်ပြေး မလဲဟူသော ထုံးကို နှလုံးမူကာ တရွေ့ရွေ့လာခဲ့ကြရာမှ နက်ခေါင်လှသော တောတွင်းတစ်နေရာမှာ လေးငါးအိမ်မျှ စုနေသော ကရင်ရွာကလေး တစ်ရွာကို တွေ့ကြရ၏။ အစားရိက္ခာကိုလည်း စုဆောင်းရင်း လမ်း ခရီးအခြေအနေကိုလည်း စုံစမ်းရင်း နစ်ယောက်သား ထိုရွာကလေးကို ခေတ္တမျှဝင်ရောက်ကြလေသည်။ ကရင်ဘာသာစကားကို တတ်မြောက်ပြီးဖြစ်သော ကိုစောအောင်ကြောင့် ဆက်ဆံရေးမှာ လွယ်ကူပေသည်။

" နင်တို့ ဘယ်ကလာပြီး ဘယ်ကိုသွားမှာလဲ "

အစွန်ဆုံး တဲအိမ်ငယ်တစ်ခုကို ဝင်မိလျှင်ပင် အိုမင်းနေပြီဖြစ်သော ကရင်မကြီးက ပါးမြိုင်းမွှေး၊ မှတ်ဆိတ် မွှေးဗရပျစ် မတိုမရှည်ဖြစ်နေသော ဆံပင်များဖြင့် ပေရေညစ်နွမ်းနေသော ကိုမျိုးခိုင်နှင့် ကိုစောအောင်အား စေ့စေ့ကြည့်ကာ မေးလိုက်၏။

" တို့နှစ်ယောက်က ခရီးသည်တွေပဲအမေ၊ ခဏထိုင်ပါရစေ "

ကိုစောအောင်ကပြောပြီး ခွင့်တောင်းလိုက်သည်။

" အေး ... ထိုင်ကြ၊ ဘယ်သွားကြမှာလဲ "

ကရင်အမယ်ကြီးက ထိုင်ခွင့်ပေးပြီး မေးလိုက်ပြန်၏။

" ဟို ... နှောင်စင့်ခဲ့ဆိုတဲ့တောင်ကို သွားမှာ အမေ ... အမေ သိလား၊ ဘယ်နားဆီမှာရှိလဲ၊ ဘယ်လောက်ဝေး သလဲ "

ကိုစောအောင်၏ အမေးကြောင့် ကရင်မကြီး မျက်လုံးပြူးသွားသည်။

" ဘာ နှောင်စငဲ့ ဟုတ်လား "

အမယ်ကြီးက ထိတ်လန့်အံ့ဩသံဖြင့် မေးလိုက်၏။

" ဟုတ်တယ် အမေ "

" ဝေး ... နင်တို့ သေလိမ့်မယ်၊ မသွားကြနဲ့ "

အမယ်ကြီးက တားမြစ်လိုက်၏။

" ဘာကြောင့်လဲ အမေ "

ကိုစောအောင်က သိလိုဇောဖြင့် မေးလိုက်သည်။ ကိုမျိုးခိုင်က ကရင်စကား မတတ်သည့်အလျောက် ကိုစော အောင်နှင့် အမယ်ကြီး ပြောနေသည်ကို ငေးစိုက်ကြည့်နေသည်။

" နေပါဦး၊ နင်တို့က ဘာလူမျိုးလဲ "

အမယ်ကြီးက စူးစမ်းဟန်ဖြင့် မေးလိုက်၏။

" ငါက ကရင်၊ သူကလဲ ကရင်ပဲ၊ ဒါပေမယ့် သူက လူဖြစ်စေတည်းက စကားမပြောတတ်ဘူး၊ အ နေတယ် "

ကိုစောအောင်က အမယ်ကြီးကို အဖြေပေးပြီး ကိုမျိုးခိုင်အား စကားမပြောဘဲနေရန် ပါးစပ်ကို မသိမသာ လက်ညှိုးနှင့် ကန့်လန့်ဖြတ် ပိတ်ပြသဖြင့် အကင်းပါးသော ကိုမျိုးခိုင်က စကားတစ်လုံးမှမပြောဘဲ တိတ်တိတ်ပင် နေလိုက်၏။ ကရင်လူမျိုး အချင်းချင်း ပါလားဟူသော အသိဖြင့် အမယ်ကြီးက လေးနက်သော အသံ၊ စေတနာထားသော မျက်နှာဖြင့် ပြောပြလိုက်၏။

" ဟိုးလွန်ခဲ့တဲ့ ဆယ်နှစ်လောက်က အသားဖြူဖြူ အရပ်မြင့်မြင့် ဆံပင်ဝါဝါ မျက်လုံးပြာပြာနဲ့ လူလေးယောက် လာဖူးတယ်ဟဲ့၊ အဲဒီ နှောင်စင့်ဘက်ကို သွားကြတယ်၊ ဘာသွားလုပ်တယ်ဆိုတာတော့ တိုပမသိဘူး၊ လမ်းပြပါလို့ တို့ရွာက ကရင်တစ်ယောက်ကို ပိုက်ဆံအများကြီးပေးပြီး ခေါ်သွားတယ်၊ ရက်ပေါင်း အများကြီး ကြာတော့ တို့ရွာက ပါသွားတဲ့ ကရင်ပြန်ရောက်လာတယ်၊ ဒါပေမယ့် သူ့နံရိုးကြားမှာ အနာ ကြီးဖြစ်လာတယ်၊ နှောင်စင့် က လူတွေက ဒူးလေးနဲ့ ပစ်လိုက်တဲ့ အနာလို့ ပြောတာပဲ၊ ပြန်ရောက်ပြီး မကြာ ပါဘူး၊ အဲဒီကရင်လဲ အနာနဲ့သေရောဟဲ့ "

" ဟိုလူလေးယောက်ကတော့ အမေ "

ကိုစောအောင်က စိတ်ဝင်စားစွာ မေးလိုက်သည်။

" အေး ... တို့လဲ သိချင်တာနဲ့ ဝိုင်းမေးကြတယ်၊ နှောင်စင့်ကို သူတို့အားလုံး ရောက်တယ်တဲ့ကွယ့်၊ နှောင်စင့်က လူတွေက ဒူးလေးနဲ့ပစ်၊ အဲဒီလူလေးယောက်က ဘာမှန်း မသိဘူး၊ ကြောက်စရာကောင်းတဲ့ အသံတွေမြည်တဲ့ဟာနဲ့ ပြန်ပစ်တော့ နှောင်စင့်က လူတွေလဲသေ၊ သူတို့ လေးယောက်လုံးလဲ သေတယ်တဲ့ "

အမယ်ကြီးက စကားများကြောင့် ကိုစောအောင်သည် လမ်းခရီး တောင်ကမ်းပါးယံ ကျောက်ဂူထဲမှာ တွေ့ခဲ့ရသော ကျည်ဆန်ခွံများကို သတိရမိသဖြင့် ကိုမျိုးခိုင် မျက်နှာကို လှမ်းကြည့်လိုက်၏။

" သူတို့ ဘာသွားလုပ်တယ်ဆိုတာ အဲဒီလမ်းပြက မပြောဘူးလား အမေ "

ကိုစောအောင်က မေးလိုက်သည်။

" မသိပါဘူးကွယ်၊ နှောင်စငဲ့က တောင်ချွန်ချွန်ကြီး တစ်ခုပေါ်ကို တွယ်တက်ကြရင်းက ပစ်ကြခတ်ကြပြီး သေကြတယ်လို့ ပြောတာပဲဟဲ့ "

အမယ်ကြီးက စကားဖြတ်ကာ တိတ်နေလိုက်ပြီးမှ ...

" နင်တို့ကတော့ ဘာသွားလုပ်မှာလဲ " ဟုမေးလိုက်၏။

" တို့ဆွေမျိုးတွေ ရှိတယ်ဆိုလို့ သွားရှာမလို့ပါ၊ နှောင်စငဲ့က ဘယ်လောက်ဝေးသလဲ အဖေ၊ လမ်းသိရင် ပြလိုက်စမ်းပါ "

ကိုစောအောင်က ဆီလျော်အောင်ဖြေပြီး တောင်းပန်လိုက်၏။

" ငါတော့ သွားလဲမသွားဘူး၊ ဘယ်နား ရှိမှန်းလဲမသိဘူး၊ အဲ ဟိုလမ်းပြတဲ့အကောင် မသေခင်က ပြောသံ ကြားလိုက်ရတာ ကတော့ အခုတို့ရွာက အရှေ့စူးစူး ဘက်ကိုသွားရင် သုံးရက်လောက် ခရီးပြင်းပြင်း သွားရတဲ့ အခါမှာ ပျက်စီးပြီး တောဖြစ်နေတဲ့ ယာခင်းပျက်တစ်ခုနဲ့ ယာခင်းပျက်အလယ်မှာ အင်မတန်ကြီးတဲ့ နွယ်ပင်ချုံကြီး တစ်ခုရှိတယ်တဲ့၊ အဲဒီချုံကြီးက အမှတ်မဲ့ ကြည့်ရင် ချုံကြီးလို့ထင်ရပေမယ့် ချုံအစစ် မဟုတ်ဘူးတဲ့၊ လွန်ခဲ့တဲ့အနှစ် နှစ်ဆယ်ကျော်က လူနေသွားဖူးတဲ့ တဲအိမ်တစ်လုံးဖြစ်တယ်တဲ့၊ လူမရှိတော့ ပျက်စီးယိုယွင်းပြီး နွယ်ပင်တွေ ဖုံးနေလို့ ချုံကြီးကို ထင်ရတာတဲ့ "

အမယ်ကြီး၏ စကားကြောင့် ကိုစောအောင် မျက်နှာမှာ ညိုးပြီး ဝမ်းနည်းရိပ်သန်းလာသည်။ ဖခင်ဦးစောခိုင် ပြောပြခဲ့သော အကြောင်းအချက်များအရ ထိုယာခင်းပျက်နှင့် တဲပျက်ချုံကြီးမှာ မှတ်မှတ်ရရ မသိမမြင် လိုက်ရသော မွေးမိခင် နန်းဝေတို့မိသားစု နေခဲ့ရာပင်ဖြစ်မည်ဟု အတတ်တွေးကာ များစွာ စိတ်မကောင်း ဖြစ်မိ၏။ အမယ်ကြီးက စကားဆိုက်လိုက်ပြန်သည်။

" အဲဒီ ယာခင်းပျက်နေရာက တစ်မွန်းတည့်ခရီးလောက် တောင်ဘက်ကို သွားမိတော့ စမ်းချောင်းတစ်ခု ရှိတယ်တဲ့၊ ဒီစမ်းချောင်းအစက နှောင်စငဲ့တောင်က လာတာလို့ဆိုကိုး၊ စမ်းချောင်းအတိုင်း မြောင်ပြီးလိုက်သွားရင် နှောင်စငဲ့တောင်ကို ရောက်နိုင်တယ်လို့ ပြောသွားတာပဲ၊ ဘယ်လောက်ဝေးတယ်တော့ ငါမသိဘူး ကွယ့် "

လမ်းခရီးနှင့် နေရာဒေသကို အတိအကျ သိရပြီးဖြစ်၍ ကိုမျိုးခိုင်နှင့် ကိုစောအောင်တို့မှာ တအားတက်လာ ကြသည်။ အမယ်ကြီးအား ဆက်မေးလျှင်လည်း ဤထက်ပိုပြီး ပြောနိုင်တော့မည်မဟုတ်၍ ဆက်မမေးတော့ဘဲ အမယ်ကြီးထံမှာရှိသော ပြောင်းဖူးမငန့် အခြောက်များ၊ ဆားပေါက်မြေကို ချက်ထားသည့် မည်း ညစ်သောဆားကို သယ်ယူနိုင်သရွေ့ ဝယ်ကာ နှစ်ယောက်သား ခြေလှမ်းသွက်သွက်ဖြင့် ခရီးဆက်ခဲ့ကြလေသည်။

ကိုမျိုးခိုင်အား ကိုစောအောင်က ဘာသာပြန်ပြောခဲ့ပြီးဖြစ်၏။ အမယ်ကြီး ပြောသည့်အတိုင်း ယာခင်းပျက်နှင့် ချုံများ ကို မြင်ရသောအခါ ကိုစောအောင်သည် ချုံနွယ်ပိတ်ပေါင်းများကို တိုးကာ ချုံကြီးနှင့် မလှမ်းမကမ်းမှာရှိသော သစ်ပင်အောက်ဝယ် ခြေပစ်လက်ပစ်ထိုင်ကာ မမှတ်မိတော့သော မွေးမိခင် နန်းဝေ အား လွမ်းဆွတ် တသသောစိတ်ဖြင့် ငေးစိုက်ကြည့်နေလေသည်။ ကိုမျိုးခိုင်က ရိပ်စားမိသည့် အလျောက် တစ်စုံတစ်ရာ မမေးဘဲ ကိုစောအောင်အနားတွင် တိတ်ဆိတ်စွာ ထိုင်လိုက်၏။

ကိုစောအောင်၏ စိတ်အာရုံတွင် မိခင်ကြီး နန်းဝေအား ထင်မြင်လာအောင် ကြိုးစားစိတ်ကူးပြီး လွမ်းမော နေသည့် အချိန်မှာ ကိုမျိုးခိုင်၏ စိတ်ထဲတွင်ကား လွန်ခဲ့သောအနှစ် နှစ်ဆယ်ကျော်အထက်က ထွားထွား မိုပမို့ ခမျှစ်စို့ကြီး

ဖြူဖွေးစင်ကြယ်သော နန်းဝေအား ညစ်ညမ်းသော မျက်စိဖြင့် ကြည့်နေသော ကိုဘဆွေကို မြင်ယောင်လာသည်။

တစ်ယောက်နှင့် တစ်ယောက် အတန်ကြာ စကားမပြောဘဲ တိတ်ဆိတ်နေကြရာမှ အတန်ကြာသောအခါ ကိုမျိုးခိုင်က စတင်လှုပ်ရှားသံပေးလိုက်၏။

" ကဲ ... တော်လောက်ပါပြီ ညီလေးရာ ... ဒီမှာ ကြာကြာနေလဲ ညီလေးအဖို့ အပေဟာင်းအသစ်ဖြစ်ပြီး စိတ် မချမ်းသာရုံဘဲ ရှိမှာပေ့ါ၊ ခရီးဆက်ကြပါစို့နော် ... "

ကိုမျိုးခိုင်က ယုယကြင်နာစွာ ပြောလိုက်၏။

" ဟုတ်ပါတယ်အစ်ကိုရယ် ... ကျွန်တော့်အဖို့တော့ မွေးမိခင်ဆိုပေမယ့် ဖြူတယ် မည်းတယ်လို့မှ မကွဲပြားတော့ပါဘူး စိတ်မှန်းနဲ့ လွမ်းနေရတာပဲလေ ... ကဲ သွားကြစို့ အစ်ကို "

ကိုစောအောင် က သက်ပြင်းချပြောကာ ထိုင်ရာမှ ထလိုက်ပြီး နှစ်ယောက်သား ယာခင်းပျက်မှ တိတ်ဆိတ်စွာ ထွက်ခွာလာခဲ့ရာမှ အမယ်ကြီး ညွှန်လိုက်သည့် စမ်းချောင်းသို့ရောက်လာသည်။

ပြာလဲ့ ကြည်လင်သောရေများ တသွင်သွင် စီးဆင်းနေသော စမ်းချောင်း၏ ကမ်းပါးကျောက်တုံးကြီးပေါ်မှာ အမောဖြေကြရင်းမှ ကိုစောအောင်က ပြောလိုက်၏။

" အစ်ကိုရေ ... ဒီစမ်းချောင်းမှာပဲ ဖြစ်မယ်နော် "

" ဘာလဲ ညီလေး "

ကိုမျိုးခိုင်က မေးလိုက်သည်။

" ဩော် ... အဖေ့ကို ဟိုလူက ဘဆွေဆိုဘာက ကျောက်တုံးနဲ့ထုပြီး အသေသတ်တာလေ၊ ဒီနေရာများ ဖြစ်နေလေသလား "

ကိုစောအောင်၏ စကားကြောင့် ကိုမျိုးခိုင်မှာ မျက်နှာပျက်အောင် ချုပ်တည်းလိုက်ရသည်။

သို့သော် ကိုစောအောင်ကား မရိပ်မိချေ။

" နေနေနားနားထိုင်ဖို့ ရေသောက်ဖို့ သိပ်အဆင်သင့်တဲ့နေရာ အစ်ကိုရဲ့၊ မဟုတ်ဘူးလား၊ အခု ကျွန်တော် တို့ ထိုင်နေရာက ... "

ကိုမျိုးခိုင်က ကိုစောအောင်အမေးကို မဖြေလျှင် မသင့်တော်သဖြင့် ...

" ဟုတ်တာပေါ့ ညီလေးရာ "

ဟု အမူအယာ မပျက်စေဘဲ အသံကို မှန်အောင်ထိန်းပြီး ဖြေလိုက်သည်။

" အဖေက ဒီကျောက်တုံးပေါ်မှာ ဟောဒီလိုထိုင်ပြီး ရေကိုဒီလိုငုံ့သောက်မှာ ဖြစ်ရမှာပေါ့၊ ဟို ဘဆွေဆိုတဲ့ လူကရိုက်ချတာ၊ အဖေ သွေးခြောက်တွေများ ရှိဦးမလားမသိ "

ကိုစောအောင်က ပုံသဏ္ဍာန်ကိုလည်း လုပ်ပြသည်။ နှုတ်ကလည်းပြောသည်။

ကိုမျိုးခိုင်ကား မကြည့်ဝံ့၊ မကြားဝံ့အောင် ဖြစ်နေလေသည်။

စိတ်မကောင်းစရာတွေ ပြန်မတွေးပါနဲ့ ညီလေးရာ၊ သွားကြပါစို့ "

ဟု တိုက်တွန်းလိုက်ပြီး ထိုင်ရာမှထလိုက်၏။ ဤနေရာမှာ ကိုမျိုးခိုင် ကြာရှည်မနေလိုချေ။ ဖခင် ဦးဘဆွေ၏ ယုတ်မာရက်စက်မှုကို သားအရင်းဖြစ်သူ မိမိကိုယ်တိုင်ပင်လျှင် မတွေးဝံ့၊ မတွေးရဲအောင် ဖြစ်နေသေးလျှင် ကိုစောအောင်၏ စိတ်မှာ မည်သို့ခံစားနေမည်နည်းဟု စဉ်းစားလိုက်မိ၏။

" ကဲ ... သွားကြစို့ အစ်ကိုရေ "

ကိုစောအောင်က သဘောတူ တုံ့ပြန်ကာ ထိုင်ရာမှ ထလိုက်၏။ တစ်တောဝင် တစ်တောထွက်၊ ကုန်းအတက် ကမ်းပါးယံစောင်းများ တစ်လျှောက် စမ်းချောင်းများကို မျက်ခြည်ပြတ်မခံဘဲ လိုက်လာကြရာ မှ သုံးရက်မြောက်သောနေ့ဝယ်၊ အုံ့ဆိုင်းမှိုင်းဝေ မြူခြေတောင်ခိုးတို့ ဖုံးလွှမ်းလျက်၊ ပြာနှမ်းနှမ်းအသွင်ဖြင့် ကောင်းကင်တိမ်တိုက်ထဲသို့ ထိုးဝင်မည်သို့ ညို့ညို့ရီမှောင်သော နှောင်စင့် တောင်တန်းကြီးကို လှမ်းမြင် နေရပြီဖြစ်၏။

" အစ်ကိုရေ ... ဟော ဟို တွေ့နေရတဲ့ တောင်တန်းဟာ နှောင်စင့် တောင်တန်း အမှန်ပဲ အစ်ကိုရဲ့ "

ကိုစောအောင်က တောင်တန်းကို လှမ်းမျှော်ကြည့်ရာမှ ဝမ်းသာအားရ ပြောလိုက်၏။

အေး ... အစ်ကိုလဲမြင်တယ်၊ ဟုတ်မယ်ထင်တယ်ဟေ့ "

ကိုမျိုးခိုင်ကလည်း ရွှင်လန်းသောအသံဖြင့် ထင်မြင်ချက် ပေးလိုက်၏။

" ဟုတ်ကို ဟုတ်တယ်အစ်ကို ကြည့်ပါလား တောင်တန်း တည်နေပုံက ညီညီညာညာ တစ်တန်းတည်းဖြစ်နေ တဲ့တောင်တန်း အလယ်ဗဟိုနေရာမှာ ထီးထီးကြီးချွန်နေတဲ့ တောင်ထွက်ကြီးတစ်ခု ရှိနေတာပဲ၊ ပေစာထဲမှာရော၊ အဖေ ပြောလိုက်တာရော နှောင်စင့် တောင်တန်းဟာ ဒီပုံစံအတိုင်းပဲ အစ်ကို "

" ချွန်နေတဲ့ တောင်ထွတ်ကြီးက မြဗုဒ္ဓစံတော်မူရာ တောင်ထွတ်ပဲ ဖြစ်မယ်နော် ညီလေး "

" ဟုတ်တယ် အစ်ကို "

ကိုစောအောင်က ပြောပြီး အတန်ငယ် စဉ်းစားနေလိုက်သည်။

" ဘာစဉ်းစားနေသလဲ ညီလေး "

ကိုမျိုးခိုင်က မေးလိုက်၏။

" ကျွန်တော်တို့ ထွက်လာခဲ့တဲ့အချိန်ကို ပြန်တွက်ကြည့်တာအစ်ကို၊ အခု ဒီနေ့အထိဆိုရင် ကျွန်တော်တို့ သထုံက ထွက်လာတာ ငါးလကျော်ကြာခဲ့ပြီ၊ နှောင်စင့်ကို အခုမှ မြင်ရတယ် အစ်ကိုရဲ့ "

ရည်မှန်းချက်ပြည့်ရန် လမ်းစကို ကောင်းစွာမြင်နေရပြီဖြစ်သော ကိုစောအောင်က အားတက်ရွှင်လန်းစွာ ပြောနေသော်လည်း ကိုမျိုးခိုင်ကမူ ဆိတ်ငြိမ်နေမိသည်။

သူတို့ခရီးထွက်ခဲ့သော အချိန်က အင်္ဂလိပ်နှင့် ဂျပန် စစ်ကြေညာပြီးဖြစ်၍ လူတွေ ရွှေ့ပြောင်းပုန်းအောင်း နေသည့် အချိန်ဖြစ်ရာ ယခုဆိုလျှင် ခင်ခင်လေးတို့သားအဖ စစ်ကိုင်းတောင် ပဲစားချောင်မှာ ရောက်နေပြီ ဖြစ်ပေလိမ့်မည်။

နေထိုင်ရေးမှာ စိတ်ချမ်းသာမှုမှ ဖြစ်ကြမည်လားဟု ကိုမျိုးခိုင် သတိရတွေးတောမိ၏။

ခင်ခင်လေးတို့ သားအဖ လူဆိုးသူဆိုးဘေးရန်မှ ကင်းကာ ကျန်းမာစွာ ရှိပါလေစ။

ဖုံးဒဏ်၊ စက်သေနတ်ဒဏ်များ ခံနေကြရရှာသလားဟု တွေးမိနေရာမှ ...

" အသိုင်းအဝိုင်း တောင့်တာနဲ့ မောင်လိုက်လာတာနဲ့ မတူဘူးလို့ နိုင်လေးထင်ပါတယ်၊ ဆွေမျိုးမိတ်သင်္ဂဟ၊ မိဘရဲ့ အကာအကွယ်ကတစ်မျိုး၊

ချစ်သူရဲ့ အကာအကွယ်ကတစ်မျိုးပါမောင် လိုက်ခဲ့ပါလို့ ခင်လေး တောင်းပန်ပါတယ်၊ သွားပါမောင် သွားပါ၊ ခင်လေးကတော့ ရောက်ရာအရပ်က မောင့်ကို တမ်းတ စောင့်မျှော်နေမယ်ဆိုတာတော့ မမေ့ပါနဲ့နော် "

ဟု တုန်ယင် လှိုက်လှဲသောအသံဖြင့် မှာကြားလိုက်သော ခင်ခင့်အသံနှင့် ချစ်သနားဖွယ် မျက်ရည်ဝေနေရှာ သောမျက်နှာလေးကို ကြားယောင်မြင်ယောင်လာသည်။

သစ်ပင်ကြီး ဝါးပင်ကြီးများကို ယိမ်းနွဲ့အောင် တိုက်ခတ်လာသော လေရူးတွင် ကြည်နူးဖွယ်မြည်ကြွေးလိုက် သောမိုးခေါ် ငှက်ကလေး၏ မိုးစောင့်မိုးစွေဟူသောအသံသည် ကိုမျိုးခိုင်၏ နားထဲတွင် စောင့်မယ်မောင် ရေ … ဟု ကြားနေမိသည်။

ကိုမျိုးခိုင်သည် မိုးသားတိမ်တိုက်များနှင့် ရောနေသည့် ရိုဝေမှိုင်းမှောင်သော နှောင်စင့်တောင်တန်းကို မျက်လုံးက လှမ်းမျှော်ကြည့်နေသော်လည်း စိတ်အာရုံကား ချစ်သူခင်ခင်လေးထံ ရောက်နေသည်။

" အစ်ကို ဘာစဉ်းစားနေတာလဲ "

ငြိမ်ချက်သားကောင်းနေသော ကိုမျိုးခိုင်အား ကိုစောအောင်က အကဲခတ်ရင်းမေးလိုက်သည်။ ကိုမျိုးခိုင် သည် စိတ်အာရုံလွင့်ပါးနေရာမှ ကိုစောအောင်၏ အမေးကြောင့် လှည့်လိုက်၏။

" အစ်ကို့ မျက်နှာက ပူပုံပန်းကြီးပါကလား၊ သာယာတဲ့တောတောင် စိမ့်စမ်းတွေ မြင်ရတော့ လွမ်းနေပြီ ထင် တယ်အစ်ကို့မှာ ချစ်သူရှိတယ်ထင်တယ် "

အစ်ကိုကြီးအား နွဲ့နေကျညီငယ်ကဲ့သို့ ကိုစောအောင်က မေးလိုက်သည်။ ပူပုံပန်းဖြင့် လွမ်းနေသော ကိုမျိုး ခိုင်၏ မျက်နှာမှာ မချိပြုံးအမူအရာ ပေါ်လာသည်။

" ညီလေးကို အစ်ကို မလိမ်ပါဘူးကွယ်၊ ဟုတ်ပါတယ်၊ အစ်ကို့မှာ ချစ်သူရှိလို့ လွမ်းမိတာ အမှန်ပဲ ညီလေးရဲ့ "

" ဒါနဲ့များ ဘာဖြစ်လို့ အစ်ကို ကျွန်တော်နဲ့ လိုက်လာရတာလဲ၊ သထုံမှာသာ သိရရင် ကျွန်တော် အစ်ကို့ကို မခေါ်ဘဲ အတင်းထားခဲ့မှာ၊ ဒုက္ခလိုက်ပလေ အစ်ကိုရယ် "

ကိုစောအောင်က တကယ်ပင် စိတ်မကောင်းစွာ ပြောလိုက်၏။ ကိုမျိုးခိုင်ကမူ ဘာမျှ ပြန်မပြောဘဲ ငေးမြဲ တိုင်းငေးနေသည်။

" အဖေ့အတွက် စိတ်ချရအောင် စီစဉ်ပေးတာကိုပဲ ကျေးဇူးတင်လှပါပြီ အစ်ကို၊ အစ်ကို မလိုက်ခဲ့ဘဲ နေရစ်ရင်လဲ ကျွန်တော် ကြိုးစားချက် အောင်မြင်လို့ ဆေးပင်တွေ ရလာရင် အစ်ကိုပါ အကျိုးခံစားစေရမှာ ပေါ့၊ တကယ်ပါ အစ်ကို၊ ကျွန်တော့် စိတ်ထဲမှာ အစ်ကို အရင်းလိုပဲ ချစ်ပါတယ် "

ကိုစောအောင်က လှိုက်လှဲစွာ ပြောလိုက်သည်ကို ကြားရသော ကိုမျိုးခိုင်မှာ မျက်ရည်ပင် မသိမသာ လည် လာမိသည်။ ကိုမျိုးခိုင်သည် ကိုစောအောင်အား ညီရင်း တစ်ယောက်လို ယုယစွာ ပခုံးကို လှမ်းဖက်လိုက် သည်။

" အစ်ကို လိုက်လာတာလေ နှောင်စငဲ့ကို ရောက်လိုဇောထားပြီး မြရတနာတွေ၊ ဆေးပင်တွေ ရကောင်းစေ ဟု ဆိုတဲ့ စေတနာ လုံးဝမရှိရိုး အမှန်ပါကွယ်၊ အခု နှောင်စငဲ့ကို အောင်မြင်ချောမောစွာ ရောက်ပြီး ဆေးပင် ဆွေရလာလဲ အစ်ကိုမယူပါဘူး၊ ညီလေးပဲယူပါ "

" ဒါဖြင့် ဘာဖြစ်လို့ ဒါလောက် ပင်ပန်းဆင်းရဲခံလိုက်လာသလဲ အစ်ကို "

ကိုစောအောင်က ကိုမျိုးခိုင်၏ ထူးဆန်းသော စကားကြောင့် အံ့သြစွာ မေးလိုက်၏။ ကိုမျိုးခိုင်က ကိုစော အောင်အား အတန်ငယ် တွေကြည့်နေပြီးမှ သက်ပြင်းကို မသိမသာချကာ ...

" ညီလေးကို ချစ်လို့ပေါ့ "

ဟု ခပ်ပြတ်ပြတ် ဖြေလိုက်ပြီး ...

" နေဝင်သွားပြီ ညီလေး၊ အိပ်ဖို့ နေရာရှာကြရအောင် "

ဟု စကားဖြတ်လိုက်၏။

" နေရာ ကျွန်တော် ကြည့်ပြီးပါပြီ အစ်ကို၊ ဟောဟိုသစ်ပင်ခွဆုံမှာ တက်အိပ်ကြတာပေါ့၊ နှောင်စငဲ့ကို မြင်နေ ရပြီပဲ၊ ဒီညတော့ ကောင်းကောင်း အိပ်ပျော်မှာ၊ နှစ်ရက်လောက် ပြင်းပြင်းနှင်လိုက်ရင် တောင်ခြေ ရောက် တော့မှာပဲ၊ ကဲ ... ကျွန်တော်မီးဖို ဝါးကျည်တောက်ခုတ်ပြီး ပြောင်းဖူးမှုန့် ပြုတ်လိုက်ဦးမယ် "

ကိုစောအောင် က ပြောကာ ဖျတ်လတ်စွာဖြင့် မီးမွှေးရန် ထင်းခြောက်များ ကောက်လိုက်၏။

# အခန်း (၁၂)

ခရီး အသော့နှင်လာခဲ့သော ကိုမျိုးခိုင်နှင့် ကိုစောအောင်တို့သည် သုံးရက်မြောက်သော ညနေဝယ် မှိုင်းညို့ ရီမှောင်သော နှောင်စင့်တောင်ကြီး၏ အခြေသို့ ကပ်မိကြပြီဖြစ်၏။ နှစ်ယောက်သား အထူးသတိထားကာ မီးဖို ပင် မဖိုတော့ဘဲ ပြောင်းဖူးမုန့်ကို မပြုတ်ဘဲစားပြီး ချုံကြီးတစ်ခုအတွင်းမှာ ဆိတ်ငြိမ်စွာ ခိုအောင်းနေ သည်။

အချိန်မှာ ညနေစောင်းနေပြီ ဖြစ်သော်လည်း ဝင်လုဆဲ နေရောင်ကြောင့် အမှောင်ရိပ် မသန်းသေးဘဲ လင်းလျက်ပင်ရှိသေးသည်။

ထိုအခိုက် မသဲကွဲသော ဗလုံးဗထွေး ဆူဆူညံညံအသံများကြောင့် နှစ်ယောက်သား ချုံထဲတွင်အောင်းနေ ရာမှ ထက်ကြပ်မကွာ ယူဆောင်လာသော ခြောက်လုံးပြူးနှင့် နှစ်လုံးပြူးသေနတ်များကို ပြန်လည် စစ်ဆေး ကြည့်ကာ အရေးရှိက ပစ်ရန် အသင့်ပြင်ထားကြပြီး သတိကြီးစွာထားကာ နားစွင့်နေကြသည်။

" ကျောက်ဥဒေါင်းကြီး မြည်လိုပမျာ တို့လာတာသိပြီးထွက်ရှာကြသလား မသိဘူးညီလေး "

ကိုမျိုးခိုင်က လေသံဖြင့် တီးတိုးပြောလိုက်၏။ ကိုစောအောင်ကမူ ဘာမျှပြန်မဖြေသေးဘဲ တဖြည်းဖြည်း နီး ကပ်လာသောအသံများကို စိတ်အားထက်သန်စွာ စူးစိုက်နားထောင်နေရာမှ ...

" နှောင်စင့်က လူတစ်စု ဒီကွှရောက်လာပြီထင်တယ် " ဟု တီးတိုးပြန်ပြောလိုက်သည်။

" ဟာင် ... ညီလေး ဘယ်လိုသိလဲ"

ကိုမျိုးခိုင်က အံ့အားသင့်စွာ မေးလိုက်သည်။

" စကားသံတွေ အစ်ကိုကြားတယ် မဟုတ်လား "

" ကြားတယ် ညီလေး၊ ဒါပေမယ့် အစ်ကိုမှ နားမလည်ဘဲ "

" စကားသံတချို့က ဘာစကားလဲ မသိဘူး၊ ကျွန်တော် နားမလည်တဲ့ စကားတစ်မျိုး အစ်ကို၊ စကားသံတချို့ ကကျွန်တော် နားလည်တဲ့ နှောင်စငဲ့ ဘာသာအစ်ကိုရဲ့ "

" ဟုတ်လား ညီလေး၊ ဘာတွေဖြစ်ကြလဲ "

" နှောင်စငဲ့ ဘာသာနဲ့ပြောတဲ့ စကားတွေမှာ တို့ဒေသကို လာစော်ကားရင် တို့ကာကွယ်ရမယ်၊ နင်တို့ သတ် ချင်သတ်လိုက် မကြောက်ဘူး၊ ငါတို့တတွေဟာ သူတော်ကောင်းတွေ၊ ငါတို့ကိုပြစ်မှားရင် နင်တို့လဲ သေခြင်း ဆိုးနဲ့ သေမယ်လို့ အဓိဋ္ဌာယ်ရတယ်အစ်ကို၊ အဲဒီတော့ ...

ကိုစောအောင်၏ စကားမဆုံးမီ တောချုံများကို တဖြုံးဖြုံးတဖြင်းဖြင်း တိုးခွေ့လာသောအသံများ နီးကပ်စွာ ကြားရသဖြင့် နှစ်ယောက်သား တိတ်ဆိတ်စွာဖြင့် ချုံအတွင်းမှ ချောင်းကြည့်လိုက်ကြ၏။

" ဟာ "

" ဟာင် "

ကိုမျိုးခိုင်နှင့် ကိုစောအောင်တို့ များစွာ အံ့အားသင့်သွားကြသည်။ ဖြူဖပ်ဖြူရော် အသားအရည်၊ မျက်ခွံမို့မို့ ကြောင်တက်တက်မျက်လုံးဖြင့် ခေါင်းတုံးပြောင်အောင် ရိတ်ထားသော အနီနှင့်အနက်စင်း သင်တိုင်းရှည်

ကြီးများ ဝတ်ထားကာ ဦးခေါင်းတွင် ကွဲပြဲသော ဒဏ်ရာများဖြင့် သွေးများပေကျံနေသော လူသုံးယောက်ကို ဘောင်းဘီ၊ အင်္ကျီ၊ သားရေဖိနပ်ကြီးများကိုယ်စီစီး၍ သေနတ်၊ ဓားရှည်များ ကိုင်ထားသော လူဆယ်ယောက် ခန့်က နှတ်မှ ဒေါသကြီးစွာ အော်ဟစ်ရေရွတ်ရင်း ရိုက်နှက်ကာ ကြိုးနှင့် ချီဆွဲခေါ်လာသည်ကို တွေ့ရသည်။

" ဒါ ဂျပန်စစ်သားတွေပဲဖြစ်မယ် ညီလေး "

သတင်းစာ မဂ္ဂဇင်းများတွင် ဂျပန်စစ်သားများ၏ ဓာတ်ပုံကို တွေ့မြင်ဖူးနေသော ကိုမျိုးခိုင်က ကိုစောအောင်အား လက်တို့ပြီး လေသံဖြင့် ပြောလိုက်၏။

" ဟုတ်လိမ့်မယ် အစ်ကို၊ အခု စစ်ဖြစ်နေတာပဲ၊ ဂျပန်တွေ ထိုင်း - မြန်မာနယ်စပ်က ဝင်လာရင်း နှောင်စဝ့်ကို တွေ့သွားဟန်တူတယ် ...

" ဟို လူသုံးယောက်ဟာ နှောင်စဝ့်သားတွေပဲ ဖြစ်မယ်၊ သူတို့ရုပ်ရည်နဲ့ ဝတ်ဆင်ပုံက မှတ်တမ်းထဲကအတိုင်းပဲ အစ်ကို၊ သူတို့ပြောနေတာလဲ နှောင်စဝ့် ဘာသာပဲ "

ကိုစောအောင်ကလည်း လေသံဖြင့် ရှင်းပြလိုက်၏။

" ဒုက္ခပါပဲ ညီလေးရာ၊ နှောင်စဝ့် ဒေသတစ်ခုလုံး သူတို့ချေမှုန်းပြီးများ ဖြစ်နေပြီလား "

ကိုမျိုးခိုင်က တွေ့ရသောရှုမြင်ကွင်းကို စိတ်မချမ်းမသာစွာဖြင့် ညည်းလိုက်သည်။

ဘာဖြစ်လာမှန်းမသိရသော ထိုလူစုသည် ကိုမျိုးခိုင်နှင့် ကိုစောအောင်တို့ ပုန်းအောင်းရာ ချုံရှေ့တည့်တည့် သို့ ဆိုက်ဆိုက် မြိုက်မြိုက် ရောက်လာကာ ရပ်ဆိုင်းလိုက်ပြီး နောင်စငဲ့သား သုံးယောက်အား ဘာတွေမှန်း မသိ ဒေါသကြီးစွာ ပြောကာ သေနတ်ဒင်ဖြင့် ရက်ရက်စက်စက် ရိုက်လိုက်သည်။

ကြိုးနှင့် တုပ်ထားပြီးသော နောင်စငဲ့သား သုံးယောက်မှာ ပုံလျက်လဲသွားသည်ကို ချုံအတွင်းမှ မြင်လိုက်ရ သော ကိုစောအောင်သည် အံကိုတင်းတင်း ခဲလိုက်ပြီးမှ ...

" ဖြစ်ချင်ရာဖြစ် အစ်ကို၊ ကျွန်တော် မကြည့်ရက်တော့ဘူး၊ အစ်ကို ကျွန်တော်နဲ့အတူ စွန့်စားနိုင်မလား "

ဟု တီးတိုးပြောပြီး ခြောက်လုံးပြူးဖြင့် ဂျပန်စစ်သားများအား ချုံအတွင်းမှ ချိန်လိုက်၏။

" ချညီလေး ... အစ်ကို သတ္တိရှိပါတယ် "

ကိုမျိုးခိုင်က သဘောတူလိုက်ပြီးသည်နှင့် တစ်ပြိုင်နက် သူတို့ဘက်မှ ကျည်ဆံဆယ့်နှစ်တောင့်သည် ပတ်ဝန်း ကျင်ကို ဂရုမထားဘဲ လဲနေသူ နောင်စငဲ့သား သုံးယောက်ကို မဲနေသည့် ဂျပန်စစ်သားရှစ်ယောက်အား အရုပ်ကြိုးပြတ်သံလို ပုံလျက်သား လဲကျသွားစေတော့သည်။

ကျည်ဆံမမှန်ဘဲ ကျန်နေသော ဂျပန်စစ်သားနှစ်ယောက်သည် ပြေးမည့်ဟန်ပြင်လိုက်သည်တွင် ခြေလေးငါး လှမ်းမျှအရောက်မှာ ကိုစောအောင်လက်မှ နှစ်လုံးပြူးသေနတ် ကျည်ဆံကြောင့် လဲကျသွားလေသည်။

" ငါတို့ကို ပြစ်မှားလို့ သေချင်းဆိုးနဲ့ သေကြပြီ "

လဲနေသော နှောင်စင့်သားသုံးယောက်ထံမှ အသံသဲ့သဲ့ထွက်လာသည်။

" အစ်ကို ချုံထဲက အရမ်းမထွက်နဲ့ဦး၊ သူတို့ မသေသေးရင် သေနတ်နဲ့ လှမ်းပစ်နိုင်မှာ၊ အကဲခတ်ဦး အစ်ကို "

ကိုစောအောင်က သတိရှိစွာပြောပြီး နှစ်ယောက်သား အတန်ကြာ ငြိမ်ဝပ်စွာနေကြပြီးမှ ချုံထဲမှ အသံမကြား အောင်ငြင်သာစွာ ထွက်လာကြသည်။

အချို့ ဂျပန်များမှာ မသေမရှင် ဖြစ်နေကြသေးသည်ကို တွေ့ရသည်။ နှစ်ယောက်သား အရိပ်အခြေကိုကြည့်ကာ လျှင်မြန်ဖျတ်လတ်စွာ သေနတ်လက်နက်များကို သိမ်းယူလိုက်ကြ၏။ သွေးရဲရဲ ဖြင့် လဲနေကြသော နှောင်စင့်သား သုံးယောက်သည် ကိုမျိုးခိုင်နှင့် ကိုစောအောင်အား သနားစဖွယ် မော် ကြည့်နေကြသည်။

" အစ်ကိုရေ ... ဟိုကောင်တွေအတွက် စိတ်ချရပြီပဲ၊ ဒီလူ သုံးယောက်ကို ကြိုးဖြေကြရအောင် "

ကိုစောအောင်က ပြောပြောဆိုဆို နှောင်စင့်သားများအား တုပ်ထားသောကြိုးကို ဓားနှင့် လှီးဖြတ်လိုက် သည်။ ကိုမျိုးခိုင်ကလည်း ကူညီဖြတ်ပေးသည်။

အနှောင်အဖွဲ့မှ လွတ်ကြပြီဖြစ်သော နှောင်စင့်သား သုံးယောက်အား ကိုမျိုးခိုင်နှင့် ကိုစောအောင်က ပေ နေသော သွေးများကို သုတ်ပေးကာ လွယ်အိတ်အတွင်းမှ ဆေးကို ထုတ်ပြီး အနာဒဏ်ရာများအား ကောင်း မွန်စွာ ထည့်ပေးသည်။

နှောင်စင့်သားသုံးယောက်သည် သူတို့အား ကယ်တင်သူများအဖြစ် စဉ်းစားမိကြဟန်ဖြင့် တွန်းလှန် ရုံးကန် လှုပ်ရှားခြင်းမပြုဘဲ ငြိမ်သက်စွာ အပြုအစုခံယူနေကြသည်။

" အဖြစ်အပျက်ကို မေးကြည့်ပါဦး ညီလေး "

ကိုမျိုးခိုင်က ဆေးထည့်ပေးခြင်းကို အစသပ်ပြီး ကိုစောအောင်ကို ပြောလိုက်၏။

" မေးပါ့မယ်အစ်ကို ... သူတို့နည်းနည်းမှ အမောပြေပါစေလို့ ကျွန်တော် စကားတစ်ခွန်းမှ မစသေးတာပါ ... "

ကိုမျိုးခိုင်နှင့် ကိုစောအောင်တို့ စကားပြောနေကြသည်ကို နှောင်စင့် သားသုံးယောက်သည် ကြောင်တက် တက် မျက်လုံးများဖြင့် အငေးသား ကြည့်နေရှာသည်။ သုံးယောက်လုံးမှာ အသက်ငါးဆယ် ပတ်ဝန်းကျင်မှာ သာ ရှိနေသည်။ အရွယ်ကြီးရင့်သူချည်း ဖြစ်နေသည်ကို ကိုမျိုးခိုင်နှင့် ကိုစောအောင်တို့ အကဲခတ်မိသည်။

" အစ်ကိုရေ ... ဒီအနားမှာ ဟို အလောင်းကောင်တွေနဲ့ မကောင်းပါဘူး၊ အဘိုးကြီး သုံးယောက်ကို နေရာရွှေ့ ရအောင် "

" အေး ... ကောင်းတယ် ညီလေး "

နှစ်ယောက်သား စိတ်တူ သဘောတူဖြင့် အဘိုးကြီးသုံးယောက်အား နေရာမှမရွှေ့မီ ဂျပန်များ၏ သေနတ် များ ဓားများကို ချုံတစ်ခုအောက်တွင် အမှတ်တရ ထားလိုက်ပြီးမှ အဘိုးကြီး သုံးယောက်အား ကြင်နာစွာ တွဲယူ လိုက်ကြ၏။

" အစ်ကိုက ကျွန်တော့်လောက် အားမကောင်းဘူး၊ တစ်ယောက်ပဲတွဲ၊ ကျန်နှစ်ယောက်ကို ကျွန်တော် တာဝန် ယူမယ် "

ကိုစောအောင်က နှစ်ယောက်သော အဘိုးကြီးအား တစ်ဘက်တစ်ချက် နှိမ်နင်းစွာ တွဲယူလာသကဲ့သို့ ကိုမျိုးခိုင် သည် သူ့တာဝန်ယူရသော အဘိုးကြီးတစ်ယောက်အား နိုင်နင်းစွာ ခေါ်လာနိုင်ခဲ့သည်။

အတော် ခပ်ဝေးဝေး သစ်ပင်ကြီးတစ်ပင်အောက်သို့ ရောက်သောအခါ နေရာတကျ ထိုင်မိကြလျှင်ပင် ကိုစောအောင် က စကားစလိုက်၏။

" အဖေတို့ ဘယ်လို ဖြစ်နေကြတာလဲ "

နှောင်စဝ့် ဘာသာဖြင့် ပီသစွာ မေးလိုက်သော ကိုစောအောင်အား အဘိုးကြီးသုံးယောက်သည် ဆတ်ခနဲ ပြိုင်တူကြည့်လိုက်ကြသည်။

" တို့သုံးယောက်ကို နင် ဘယ်လိုသိသလဲ "

ဟု ပြိုင်တူ မေးလိုက်ကြ၏။ သုံးယောက်သား၏ မျက်နှာထားလေသံမှာ အသက်သခင်ကျေးဇူးရှင်အဖြစ် ကြည်ညိုခြင်း၊ ဘာသာတူစကားကို ပြောသည့်အတွက် ဝမ်းမြောက်ခြင်း အမူအယာသည် ထင်ထင်ရှားရှား ပေါ်နေသည်။

ကိုစောအောင်က ကြည်လင်သောအပြုံးဖြင့် ပြုံးလိုက်ပြီး အဘိုးကြီး သုံးယောက်၏ အမေးကို အောက်ပါ အတိုင်းဖြေကြားလိုက်၏။

" ဟို လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ရာလောက်က အဖေတို့ နှောင်စဝ့်ဒေသကို အုပ်ချုပ်ခဲ့တဲ့ စတုတ္ထမြောက် နန့် နှောင်းခါရီ ဘုရင်မလက်ထက်မှာ တစ်တိုင်းတစ်ပြည်က ရောက်လာပြီး ဘုရင်မအသက်ကို ကယ်ခဲ့တဲ့

ကျေးဖူးရှင်တစ်ယောက်ရှိခဲ့ဖူးတယ်။ အဲဒီလူက ငါတို့ အဘေးတော်တယ် အဖေရဲ့ "

အဘိုးကြီးသုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြသည်။ ကိုစောအောင်က အဘိုးကြီး သုံးယောက်အား အကဲခပ်ရာမှ ...

" ရာဇဝင်ကြောင်းချီ ပြောရတယ်အစ်ကိုရဲ့ "

ဟု ကိုမျိုးခိုင်အား လှည့်ပြီး ဘာသာပြန်လိုက်၏။ ကိုမျိုးခိုင်ကမူ ကိုစောအောင်သိရသမျှ၊ သူသိရမည်ဖြစ်၍ သူတို့ ဘာသာစကားကို နားမလည်သည့်အလျောက် ဝင်ရောက်စွက်ဖက်ခြင်းမပြုဘဲ ဆိတ်ငြိမ်စွာ နေလိုက် သည်။

တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြသော အဘိုးကြီးသုံးယောက်က အတန်ကြာမှ ကိုစော အောင်ဘက်သို့ လှည့်လိုက်၏။ တစ်ယောက်သော အဘိုးကြီးက စကားဆိုလိုက်သည်။

" အေး ... နင်ပြောတဲ့ နှောင်စင်ဲ့ ဒေသဆိုတာရယ်၊ စတုတ္ထမြောက် နန့်နှောင်းခါရီ ဘုရင်မဆိုတာရယ်က ဟုတ်ပြီ၊ ဒါပေမယ့် ဘုရင်မအသက်ကို ကယ်တဲ့ ကျေးဖူးရှင်ဆိုတာတော့ ငါတို့ မသိသေးဘူး "

" အဲဒီအချိန်က ငါတို့မှ လူမဖြစ်သေးဘဲ "

တစ်ယောက်သော အဘိုးကြီးက ပြောလိုက်၏။

" နှစ်ပေါင်း နှစ်ရာလောက်ကဆိုရင် တို့ ဘယ်သိမှာလဲ၊ နင်ကရော ဘယ်လိုသိထားလဲ "

တစ်ယောက်သော အဘိုးကြီးက မေးလိုက်၏။

" ပြောမှာပေါ့ အဖေ၊ ငါ သေသေချာချာ ပြောပြမယ်၊ ငါပြောပြီး နင်တို့ ဒီရန်သူတွေနဲ့ ဘယ်လို ဖြစ်လာကြ တယ်ဆိုတာ ပြောရမယ်နော် "

ကိုစောအောင်၏ တောင်းဆိုချက်ကို အဘိုးကြီးသုံးယောက်က ပြိုင်တူ ခေါင်းညိတ်လိုက်ကြသည်။

" အဲဒီဘုရင်မရဲ့ ကျေးဇူးရှင်တို့အဘေးက ဒီအကြောင်းတွေကို သားစဉ်မြေးဆက် သိရအောင် သူ့တိုင်းပြည် ပြန်ရောက်တဲ့အခါ သေသေချာချာ စာရေးထားခဲ့တယ်၊ နောင်စဝ်ငဲ့ ဘာသာစကားရော စာရော သင်ပေးခဲ့တယ်၊ အခု တို့လာတာက အဘေး ရေးခဲ့တဲ့ စာတွေဖတ်ပြီး နောင်စဝ်ငဲ့ဒေသက လူတွေအားလုံး သူတော်ကောင်းတွေဆိုတာ သိရလို့ ချစ်လို့၊ ကြည်ညိုလို့ တို့အမျိုးအဆွေတွေလိုပဲ တွေ့ချင်တာနဲ့ လာခဲ့ တာ၊ နင်တို့ကို မြင်မြင်ခြင်း ဒီအဝတ် ဝတ်ပြီး ဒီစကားပြောတော့ နောင်စဝ်ငဲ့က တို့ အမျိုးတွေပဲဆိုပြီး ရန်သူ လက်က ကယ်လိုက်တာ အဖေရဲ့၊ နင်တို့ တိုင်းပြည်ကို ဝင်ခွင့်ပြုပြီး ဘုရင်မကို တွေ့မြင်ရအောင် ဆောင် ရွက်ပေးပါ "

အဘိုးကြီးသုံးယောက်က ကိုစောအောင်ကို စေ့စေ့ကြည့်ကာ ဦးခေါင်းညိတ်လိုက်ကြ၏။

" အေး ... နင့်အဘေးက တို့ရဲ့ စတုတ္ထမြောက် ဘုရင်မကို ကယ်ခဲ့တယ်၊ အခု နင်တို့က တို့အသက်ကို ကယ်ခဲ့တယ်၊ ဒီလို သူတော်ကောင်းတွေကို ဝင်ခွင့်ပြုရအောင် အကြီးအကဲကို ငါတို့ပြောပေးမယ်၊ အကြီး အကဲက ခွင့်တောင်းရင် ဘုရင်မကလဲ ခွင့်ပြုတယ်တဲ့၊ ဒါပေမယ့် နင် အခုတင်ကပြောတဲ့ စတုတ္ထမြောက် နန့် နောင်းခါရီတော့ မဟုတ်ဘူး၊ အခု အုပ်ချုပ်နေတာက သတ္တမမြောက် နန့်နောင်းခါရီပဲ၊ သက်တော် သုံးဆယ့် နှစ်နှစ်ပဲ ရှိသေးတယ် "

အဘိုးကြီး၏ စကားကို ကိုစောအောင်က ကိုမျိုးခိုင်အား ဘာသာပြန်ပြလိုက်၏။

" ဒါဖြင့် အစ်ကိုတို့ ဖတ်ရတဲ့ မှတ်တမ်းအရဆိုရင် အခုနှင့် မနန်းတက်တာ နှစ်နှစ်ပဲ ရှိသေးတာပေါ့နော် ညီလေး "

ကိုမျိုးခိုင် က ပြောလိုက်၏။

" ဟုတ်တယ် အစ်ကို "

ကိုစောအောင်က ကိုမျိုးခိုင်၏ စကားကို ထောက်ခံလိုက် အဘိုးကြီးများဘက် လှည့်လိုက်သည်။

" ကဲ ... အဖေတို့အကြောင်း ပြောဦး "

" အေး ... အေး ... ပြောပြမယ် "

တစ်ယောက်သော အဘိုးကြီးက နိဒါန်းချီလိုက်ပြီး အောက်အတိုင်း ပြောပြလိုက်၏။

" ဟို လွန်ခဲ့တဲ့ နှစ်ပေါင်း ခြောက်ဆယ်ကျော်လောက်က နှောင်စင့်က လူတစ်ယောက် သစ္စာဖောက် တယ်ကွယ့်၊ သူက ဘယ်လို သစ္စာဖောက်လဲဆိုတော့ တစ်နေ့ သူဟာ နှောင်စင့် သပြင်ဘက်ကို ကိစ္စတစ်ခု နဲ့အထွက်မှာ တခြားတိုင်းပြည်က တစ်စုနဲ့ သွားတွေ့တယ်၊ အဲဒီလူတစ်စုက အသားနီစပ်စပ် အရပ်မြင့်မြင့် ဆံပင်နီနီ၊ မျက်လုံးအပြာကြီးတွေ နှာခေါင်းချွန်ကြီးတွေနဲ့၊ လူတွေနဲ့လဲ မတူဘူး၊ အဲဒီလူတစ်စုက သူ့ကို ထားပြီး သူတို့ အဝတ်မျိုး ဝတ်တတ်အောင် သူတို့အစား စားတတ်အောင် သူတို့ စကားမျိုး ပြောတတ် အောင် လုပ်တာကိုး၊ တို့ နှောင်စင့်သား တစ်ယောက် ပျောက်သွားတယ်၊ မတွေ့ဘူးဆိုတာလောက်ပဲ သိ တယ်၊

ဒီလူတွေလက်ထဲရောက်တာ တို့မှမသိဘဲ၊ ကြာတော့ တို့နှောင်စင့်သားလဲ သစ္စာသိတတ်ပြီး ဟိုလူ တွေလို ဝတ်စား စကားပြောတတ်လာတော့ မြဗုဒ္ဓ ရှိတာတွေ၊ မြရတနာ ရှိတာတွေ၊ ဗုဒ္ဓဆေးပင်တွေ အကြောင်း သူပြောပြဟန် တူပါတယ်၊ သူကပဲ လမ်းပြ မြတောင်ထွတ်ပေါ်ကို တိတ်တိတ် လမ်းပြ ခေါ်တင် လာတယ် ....

" ဒါပေမယ့် ကျောက်ဥဒေါင်းကြီးရဲ့ အချိန်မီ သတိရချက်ကြောင့် တို့ နှောင်စင့်သားတွေက ဒူးလေးနဲ့ ထွက်လာတယ်၊ သူတို့ကလဲ ခုနက နင်တို့ပစ်တဲ့ဟာမျိုးလို အသံမြည် လက်နက်နဲ့ ပြန်ပစ်တော့ တို့နှောင် စင့်သားတွေ သေတဲ့လူသေ လွတ်တဲ့လူ လွတ်သွားကြတယ် ...

" အဲ ဟိုသစ္စာဖောက် နှောင်စင့်သားလဲ ဒဏ်ရာရသွားတော့ သူ့သားမယား ဆွေမျိုးများက တိတ်တဆိတ် ဝှက်ထားပြီး ဆေးပင်နဲ့ ကုပေးလိုက်တာကို ဘုရင်မ သိတော်မူလို့ တော်တော် စိတ်မချမ်းသာဖြစ်တယ် ...

" အဲဒီ ကိစ္စကြောင့် သစ္စာဖောက် နှောင်စင့်သားနဲ့ သူ့သားမယား ဆွေမျိုးများအားလုံးကို အရှင်ပိတ်လှောင် ထားဖို့ အမိန့်ပေးတော်မူတယ်၊ သတ်ဖို့တော့ မဟုတ်ပါဘူး၊ တစ်သက်လုံး ဂူထဲပိတ်လှောင်ထားဖို့ပါပဲ ...

" ဒါကို ခင်မင်ရာ နီးစပ်ရာလူအချင်းချင်း စိတ်ဝမ်းကွဲကြပြီး နှောင်စင့်သားတွေ မညီမညွတ် ဖြစ်ကုန်တာပေါ့၊ ဘယ်သူ့ လက်ချက်မှန်း မသိလိုက်ဘူး၊ ရန်သူလာရင် အချိန်မီ သတိပေးလေ့ရှိတဲ့ ကျောက်ဥဒေါင်းရုပ်ကြီး ဟာ အပိုင်းပိုင်း အစစဖြစ်အောင် ကျိုးပဲ့ပျက်စီးသွားတယ် "

" ဩော် ... ဖြစ်မှ ဖြစ်ရလေ၊ ယုတ်ကန်းလိုက်တဲ့ လူတွေ"

အဘိုးကြီး စကားမဆုံးမီ ကိုစောအောင်က နမြော ဝမ်းနည်းစွာ ပြောလိုက်၏။ အဘိုးကြီး ပြောပြနေသော စကားများကို နားထောင်နေရသော ကိုစောအောင်၏ မျက်စိထဲတွင် ကြေကွဲဖွယ် ကောင်းလှသော နှောင်စဝ့်ဒေသ၏ ဆုတ်ယုတ်ပျက်စီးလာပုံကို ရုပ်ရှင်ကြည့်ရသလို ကွင်းကွင်းကွက်ကွက်မြင်လာသည်။

ကျောက်ဥဒေါင်းရုပ် ပျက်စီးသွားသောအခါ ဘုရင်မသည် များစွာ စိတ်ထိခိုက်တော်မူရှာသည်။ ငိညာဉ်ကင်း ကွာလေပြီးသော ဘုရင်မများ၏ ရုပ်ကလာပ်များကိုလည်းကောင်း၊ တောင်ထွတ်ရှိ မြဗုဒ္ဓကိုလည်းကောင်း၊ ရှိသေစွာ ရှိခိုးတိုင်တည်ပြီး အောက်ပါအတိုင်း သစ္စာဆိုတော်မူလေသည်။

" မသမာသောစိတ်ရှိသည့် တစ်တိုင်းတစ်ပြည်မှ လူများသည် ကျွန်ုပ်တို့ အထွတ်အမြတ်ထားရာ မြဗုဒ္ဓ၊ မြရတနာများနှင့် ဗုဒ္ဓဆေးပင်များကို ဖျက်ဆီးရန် ကြံစည်ခဲ့ကြသည်။ အသက်မသေ လွတ်မြောက်သွားသော ရန်သူများသည် နောက်တစ်ကြိမ် ကြိုးစားကာ ကျွန်ုပ်တို့ တိုင်းပြည်ကို ဖျက်ဆီးရန် လာကြဦးမည်မှာ မလွဲချေ ...

ထိုတိုင်းတစ်ပါးသား လူယုတ်မာများ၏ ပယောဂကြောင့် သစ္စာရှိရှိဖြင့် ညီညွတ်ခဲ့သော ကျွန်ုန်ပ်တို့၏ တိုင်း သူပြည်သားများမှာလဲ စိတ်ဝမ်းကွဲပြားကြရလေပြီ၊ ထို့ကြောင့် မသိသော လူယုတ်မာများ၏ ဘေးရန်မှ ကင်းဝေးစေရန် မြရတနာနှင့် ဗုဒ္ဓဆေးပင်များသည် ကွယ်ပျောက်ပါသား၊ သဒ္ဓါကတိတည်သော သူတော် ကောင်းစိတ်ရှိသူလျှင် ဖူးမြော်တွေ့မြင်နိုင်ပါစေသား၊ တိုင်းပြည်ကို မညီညွတ်ခြင်းမှ ကွဲပြားအောင် ကြံဆောင်သူများသည် မိမိတို့ အကုသိုလ်တရားက ပြန်လည် စီရင်ပါစေသား "

ဘုရင်မသည် ဤသို့ စိတ်မချမ်းမြေ့စွာဖြင့် သစ္စာဆိုတော်မူပြီး သုံးရက်အကြာဝယ် နောင်စဝ့်ဒေသမှ တစ် ဝက်မျှသောသူတို့သည် အမည်မဖော်နိုင်သော ဝေဒနာဖြင့် ကြမ္မာကုန်လေသည်။ ဂူထဲတွင် လှောင်ထားသော သူတို့သည်လည်း သေကုန်ကြလေသည်။

ဘုရင်မသည် ကြီးစွာသော စိတ်မချမ်းမြေ့မှုဖြင့် နောင်မြို့ဟောင်းကိုစွန့်ခွာကာ ကျန်သမျှသောလူစုဖြင့် မြတောင်ထွတ်နှင့် ဝေးရာ တောင်စောင်းတစ်နေရာဝယ် မြို့သစ်တည်စေပြီး စံနေခဲ့လေသည်။ ဘုရင်မ ကံ တော်ကုန်သောအခါ ကျန်သည့် ရုပ်ကလာပ်ကို ယခင် ဘုရင်မများ၏ ရုပ်ကာလ သိမ်းဆည်းထားရာ ကျောက်ဂူတွင် အစဉ်အလာမပျက် ထည့်သွင်းကာ သိမ်းဆည်းလိုက်သော်ငြားလည်း ဝမ်းနည်းကြေကွဲဖွယ် ကောင်းလှသည်ကား ဘုရင်မများ၏ ရုပ်ကလာပ်ကို မပျက်စီးရအောင် ဆေးစီရင်နိုင်သော အတတ်ကို တတ်မြောက်သူတို့မှ တိုင်းပြည်သစ္စာဖောက် လူစုထဲတွင် ပါဝင်ကြသဖြင့် ဘုရင်မ၏ သစ္စာစူး၍ သေကြေ ပျက်စီးကုန်ကြပြီဖြစ်ရာ ဆဌမမြောက် နန့်နောင်းခါရီ ဘုရင်မ၏ ရုပ်ကလာပ်မှာ ဆေးမစီရင်နိုင်ခဲ့ချေ။

ဝိညာဉ်ကင်းကွာပြီး၍ လေးငါးရက်မျှရှိလျှင်ပင် ရွှေစင်ရုပ်လိုလှပသော ဘုရင်မ၏ ရုပ်ကလာပ်မှာ ပျက်စီးခဲ့ ရရှာလေပြီ။

ကျန်ရစ်သော နောင်စဝ့်သား အားလုံးနှင့်တကွ နန်းမွေ ဆက်ခံသော သတ္တမမြောက် နန့်နောင်းခါရီ ဘုရင်မ၏ သဘောတူ ဆုံးဖြတ်ချက်အရ နောင်စဝ့်သူ မိန်းမများ ဝတ်ဆင်သည့် မြကျောက်ရတနာအားလုံးကို လည်းကောင်း၊ ဘုရင်မ စံနန်းမှာရှိသည့် တန်ဖိုး မဖြတ်နိုင်အောင် ထိုက်တန် သော မြများ၊ ကြောင်မျက်ရှင်များ အားလုံးကို ကြမ္မာကုန်လေပြီးသော

ဘုရင်မ၏ ရုပ်ကလာပ်များသို့မီးရာ ကျောက်လိုဏ်ဂူတွင် ထည့်သွင်းလိုက်သည်။

ကျောက်လိုဏ်ဂူအား ယခင်ကဲ့သို့ သစ်သားတံခါးဖြင့် ကာကွယ်ပိတ်ဆို့ခြင်း မပြုတော့ဘဲ ကျောက်သားဖြင့် ပြန်လည်ပိတ်ဆို့ကာ မူလရှိရင်းစွဲကျောက်ကမ်းပါးယံနှင့် တပြေးတည်း တသားတည်းဖြစ်စေ၍ ဂူနေရာရှာဖွေ မတွေ့နိုင်စေရန် သေသပ်ပိယိစွာ တစ်ခါတည်း ပိတ်ဆို့ထားလိုက်ကြလေသည်။

မြဗုဒ္ဓစံရာနှင့် ဗုဒ္ဓဆေးပင်များရှိရာ တောင်ထွတ်သို့ တက်သည့် လမ်းသည်လည်းကောင်း၊ ဘုရင်မ၏ ရုပ် ကလာပ်များနှင့် ကျိုးပဲ့ပျက်စီးသွားရာသော ကျောက်ဥဒေါင်းရုပ်ကြီးကို သိုလှောင်ထားရာ လိုဏ်ဂူသို့သွား သည့် လမ်းသည်လည်းကောင်း၊ လုံး၀ အစပျောက်ခဲ့လေပြီ။

တောကြီး မျက်မည်းအတိသာ ဖုံးလွှမ်းလျက်ရှိတော့၏။ မူလပထမ နှောင်စင့် တိုင်းပြည်တည်ရာဒေသသည် ကား ဘုရင်မ သစ္စာဆိုတော်မူကာ စွန့်ခွာခဲ့သော အချိန်မှစ၍ တောအတိ ဖုံးလွှမ်းကာ ပျောက်ကွယ်သွားခဲ့ ပြီဖြစ်၏။

ယနေ့ နံနက်ပိုင်း အချိန်တွင်ကား ဂျပန်စစ်သားများသည် ထိုင်းနယ်စပ်မှဖြတ်ကာ မြန်မာပြည်အတွင်း ၀င် ရောက်လာစဉ် လူအုပ်ကွဲကာ နယ်ကျသွားဟန်တူ၏။

အင်အား ငါးဆယ်မျှရှိသော ဂျပန်တစ်စုသည် အသစ်တည်ထောင်ထားသော နှောင်စင့်၏ သစ်လုံးများ ကာရံထားသည့် စည်းရိုးတံခါးမှ အတင်း ၀င်ရောက်လာသည်။

လူစိမ်း သူစိမ်း အဝင်မခံသော နောင်စငဲ့ ထုံးစံအရ ဒူးလေးဖြင့် ပစ်သောအခါ ဂျပန်များကလည်း သေနတ် ဖြင့် ပစ်သည်။ နှစ်ဖက်စလုံး အတုံးအရုံးသေကြေပျက်စီးရာမှ ကျန်ရစ်သည့် ဆယ်ယောက်မျှသော ဂျပန်များ သည် လူအင်အားချင်း မမျှတော့သည့်အလျောက် လက်လှမ်းနီးရာ ဤအဘိုးကြီး သုံးယောက်ကို ဆွဲခေါ် လာကြသည်။

ဒူးလေးကိုင်ကာ လိုက်လာသော နောင်စငဲ့ သားများအား လက်သီးဆုပ်မျှကြီးသော အလုံးများဖြင့် ပြန်လည် ပစ်ပေါက်သည်။ ထိုအရာဝတ္ထုမှ မိုးချုန်းသကဲ့သို့ ကြောက်မက်ဖွယ် အသံများမြည်ဟီးပြီး ဒူးလေးကိုင် နောင်စငဲ့သားတို့ အများအပြား သေကြေကြသဖြင့် ဆက်မလိုက်ဝံ့ကြတော့ချေ။

ဖမ်းမိသော အဘိုးကြီးသုံးယောက်အား မချိမဆန့် ရိုက်နှက်ခေါ် ဆောင်လာရာမျှ ကိုစောအောင်တို့နှင့်တွေ့ ကာ အသက်ချမ်းသာရာ ရကြရာလေသည်။

အဘိုးကြီးများ၏ နောက်ကြောင်းပြန် ဇာတ်လမ်းဆုံးသောအခါ ကိုစောအောင်သည် ဝမ်းနည်းခြင်း၊ စိတ်မ ကောင်းခြင်းဖြင့် ကိုမျိုးခိုင်အား ဘာသာပြန်လိုက်၏။

" မိုးချုပ်းသလို အသံမြည်တဲ့ အရာဆိုတာ လက်ပစ်ဗုံး ဖြစ်လိမ့်မယ် ညီလေးရဲ့ "

ကိုမျိုးခိုင်က ထင်မြင်ချက်ပေးလိုက်၏။

" ဟုတ်မှာပေ့ါ အစ်ကို "

ကိုစောအောင်က ထိုမျှသာပြောပြီး တစ်စုံတစ်ရာတွေးသလို ငေးနေသည်။

" မြဘုရားရော၊ ဗုဒ္ဓဆေးပင်ရော၊ မြတောင်ထွတ်ကိုတက်ရာလမ်းရော လုံးဝ ပျောက်ကွယ်နေပြီဆိုတော့ ညီလေး ဘယ်လို စီစဉ်မလဲ၊ အဆုံးအထိ လိုက်ဦးမလား၊ ဒီကပဲ လှည့်ပြန်မလား "

ကိုမျိုးခိုင်က မေးလိုက်သည်။

" ကျွန်တော်လဲ ဒါကိုပဲ စဉ်းစားနေတယ်အစ်ကို၊ အစ်ကိုကို စိတ်လျော့လိုက်ပြီလား "

" အစကတည်းက အစ်ကို ပြောခဲ့ပြီကော ညီလေးရာ၊ ဒါတွေကို မက်မောလို့ အစ်ကိုလိုက်လာတာ မဟုတ်ပါဘူးလို့ ညီလေးတစ်ယောက်တည်း သွားရင်းလာရင်း တစ်ခုခုဖြစ်မှာ စိတ်မချတဲ့အတွက် ညီလေးကို ချစ်လို့ လိုက်လာတာ၊ ညီလေး သဘောအတိုင်း ဆုံးဖြတ်ပါ "

" ကျွန်တော့် သဘောအတိုင်းဆိုရင် ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ၊ လမ်းဆုံးရောက်အောင် လိုက်ချင်တယ် အစ်ကို

" ညီလေး သဘောပါလို့ဆိုနေ၊ ညီလေးနဲ့ မခွဲပါဘူးကွယ်"

" သူတို့ နားမလည်သော ဘာသာစကားဖြင့် ပြောဆိုနေသည့် ကိုစောအောင်နှင့် ကိုမျိုးခိုင်အား အဘိုးကြီး သုံးယောက်က အံ့သြခြင်းဖြင့် ငေးမောကြည့်ရှုနေရာမှ ...

" ကဲ ... တို့လဲ ကောင်းကောင်း လမ်းရှောင်နိုင်ပြီ ပြန်မယ် နင်တို့ လိုက်မယ် မဟုတ်လား "

ဟု တစ်ယောက်သောအဘိုးကြီးက မေးလိုက်၏။

" မှောင်နေပြီ အဖေရဲ့၊ မနက်မှ သွားပါလား "

ကိုစောအောင်ကပြောလိုက်၏။

" ဟဲ့ ... ဘယ်လောက်မှောင်နေပေမယ့် တို့က လမ်းသိပြီးသား "

အဘိုးကြီးများကပြောကာ ထိုင်ရာမှ ထလိုက်ကြ၏။

" အစ်ကို ရောက်အောင် သွားရမယ့်အတူတူ သူတို့နဲ့ လိုက်သွားတာက ပိုပြီး အဆင်ပြေပါတယ် "

ကိုစောအောင် စကားကို ...

" ဟုတ်တယ် ညီလေး "

ဟု ကိုမျိုးခိုင်က ထောက်ခံလိုက်၏။

----------------------

## အခန်း (၁၃)

နှောင်စင့် တောင်တန်းကြီးမှ ဖြာထွက်လာသော တောင်စွယ် တစ်ကျောမှာ အသစ်ပြန်လည် တည်ထောင် ထား သည့် နှောင်စင့် မြို့(ဝါ) အိမ်ခြေသုံးရာမျှသာရှိသော နှောင်စင့် ရွာကြီးကား ဘာသာဘာဝ ငြိမ်သက် အေးချမ်းစွာ နေခဲ့ရာမှ မမျှော်လင့်သော ဂျပန်စစ်သားများ၏ ရက်စက်မှုကြောင့် သေဆုံးရသည့် မိဘမောင်ဘွားဆွေမျိုးသားချင်း သက်ရှင်းကြင်သူများကြောင့် ရွာကြီးတစ်ရွာလုံး ကြိမ်မီး အုံးသို့ ညိုးချုံးပူဆွေး ငိုကြွေး တမ်းတနေရသည်ကို ကိုစောအောင်နှင့် ကိုမျိုးခိုင်တို့ ကြေကွဲဖွယ်ရာ တွေ့ရ လေသည်။

သေကြေ ပျက်စီးရှာသော လူများအတွက် ဘုရင်မမှာ များစွာ စိတ်ထိခိုက်လှသဖြင့် တစ်လမျှသော အချိန် အတွင်း မှာ မည်သူနှင့်မျှ တွေ့ဆုံခြင်းမပြုဘဲ အဓိဋ္ဌာန်ကို ဆောက်တည်ကာ ဘုရားကို အာရုံပြုမည်ဖြစ်၍ ကိုမျိုးခိုင် နှင့် ကိုစောအောင်တို့မှာ ဘုရင်မကို တွေ့ခွင့်မရသေးချေ။

သီးသန့် ဆောက်ထားသော အိမ်ငယ်တစ်ဆောင်မှာ နေရပြီး အဘိုးကြီး သုံးယောက်နှင့်တကွ နှောင်စင့် သားများက ကျွေးမွေးထားသော သတ်သတ်လွတ် ထမင်းဟင်းကို စားသောက်နေရသည်။

နှောင်စင့်သို့ ရောက်ပြီး လေးငါးရက်မျှ ကြာသောအခါ ကိုစောအောင်ထံ နေ့စဉ် တစ်နေ့တစ်ခေါက် လာနေ ကြဖြစ်သော အဘိုးကြီးသုံးယောက်နှင့်အတူ ရွာကို ဘုရင်မကိုယ်စား အုပ်ချုပ်နေသော အဘိုးကြီးတစ် ယောက် လိုက်ပါလာသည်။

" အဖေ ... ဗုဒ္ဓစံရာ တောင်ထွတ်ကို တို့ညီအစ်ကို သွားချင်တယ်၊ ခွင့်ပြုမလား အဖေ "

ကိုစောအောင် က အကြီးအကဲ အဘိုးကြီးအား ခွင့်တောင်းလိုက်၏။ အဘိုးကြီး၏ ဖြူဖပ်ဖြူရော် မျက်နှာကြီး မှာ စိတ်မကောင်း သောအသွင် ပေါ်လာပြီး ကိုစောအောင်အား ဤသို့ ပြောပြလိုက်၏။

" ငါ့သားများပြောတဲ့ ဗုဒ္ဓဆိုတာ ဘိုးဘွား မိဘများလက်ထက်ကတော့ ဖူးခွင့်ကြုံလို့ ဖူးထိုက်လို့ ဖူးခဲ့ကြရ တယ်။ နှောင်စငဲ့ မြို့ကြီး ပျက်စီးပြီးမှ အခုနေတဲ့ မြို့သစ်ကလူတွေ ဘယ်သူမျှ မဖူးရတော့ဘူးကွယ့်၊ လောဘ၊ ဒေါသ၊ မောဟ ဖုံးလွှမ်းတဲ့ လူယုတ်မာတွေ၊ တိုင်းပြည်ကို သစ္စာဖောက်တဲ့ လူမသာတွေကြောင့် မြဗုဒ္ဓရော၊ မြရတနာတွေရော၊ ဗုဒ္ဓဆေးပင်ရော ကွယ်ပျောက်ခဲ့ပြီ သားတို့ရေ၊ ဟိုတုန်းက အဖိုးတန် မြင့်မြတ် တဲ့အရာ တွေရှိလို့ နှောင်စငဲ့ တောင်ထွတ်ကို ဘယ်သူမှ လာခွင့်မပေးခဲ့သော်လည်း အခုတော့ အားလုံး ပျောက်ကွယ် သွားတဲ့အတွက် သွားလိုတဲ့လူ သွားကြပေ့ါကွယ် ...

" အဲ ... လမ်းခရီးဆိုတာတော့ တောကြီးအတိ ပိတ်ဖုံးနေလို့ နည်းနည်းမှ မလွယ်ကူတာ အမှန်ပဲ၊ လမ်းက လုံးလုံးသားပျောက်သွားပြီကိုး၊ အခုတော့ တို့တစ်တွေရဲ့ ဝတ္တရားက တို့နေတဲ့မြို့ကို ခွင့်မပြုဘဲ နိုင်ငံထက်စီး နင်း ဝင်လာသူ၊ တို့ ဘုရင်မကို ရန်မူမယ့် သူကိုသာ တို့က ကာကွယ် ခုခံတော့တယ်၊ မြဗုဒ္ဓစံတော်မူခဲ့ရာ တောင်ထွတ် ကိုတော့ အကာအကွယ် မပြုတော့ဘဲ လက်လွှတ်လိုက်ပြီ၊ ကာကွယ်စရာလဲ ဘာမှမရှိတော့ဘဲ ကိုး၊ ဆင်နေ၊ ကျားအောင်း၊ မြွေ ဆိုးပေါင်းစုံနေကြတဲ့ တောင်တက်ခရီးလမ်းကို ငါ့သားများ မကြောက်ရင်လဲ သွားကြလေ "

" ဘုရင်မထံ ခွင့်ပန်ရဦးမှာလား အဖေ " ကိုစောအောင်က မေးလိုက်သည်။

" ခွင့်ပန်စရာ မလိုပါဘူးကွယ်၊ အဖေ ပြောခဲ့တဲ့ အတိုင်း မြတောင်ထွတ်ကို တို့ လက်လွှတ်ထားပြီဟာပဲ၊ အင်း … အခု ဘုရင်မက ဘုန်းကံနည်းရှာတယ်၊ သူ့ကုသိုလ်ပေါ့လေ "

အဘိုးကြီးက ညည်းညည်းညူညူ ပြောလိုက်၏။

" ဘာကြောင့်လဲ အဖေ "

ကိုစောအောင်က မေးလိုက်သည်။

" ဩော် … ဟိုအရင် ဘုရင်မတွေကတော့ မြတောင်ထွတ်ပေါ်ကို တစ်နှစ်တစ်ကြိမ် အခမ်းအနားကျင်းပပြီး တက်ဖူးကြရတယ်၊ စည်ကား သာယာဝပြောလှတဲ့ နှောင်စင့်မြို့ကြီးက လူတွေ အများကြီးကို တစ်ချက် လွှတ် အမိန့်တော်နဲ့ အုပ်ချုပ်နေရတယ်၊ စံအိမ်တော်ကလဲ ခမ်းခမ်းနားနားနဲ့၊ ဘုရင်မကိုယ်တော်မှာလဲ မြရတနာ တွေကို သီကုံး ဆင်မြန်းခဲ့ရတယ်၊ အခု ဘုရင်မမှာ တိုင်းသူ ပြည်သားကလဲနည်း၊ မြတောင်ထွတ် ကိုလဲ မတက်နိုင်၊ မြပုဒ္ဓကိုလဲ မဖူးမြော်ရ၊ ဒီနေရာ၊ ဒီဌာနမှာ၊ ဘုရား၊ ဒီရတနာတွေနဲ့ ဒီဆေးပင်တွေရှိပြီး ရတနာတွေ ဝတ်ဆင်ကာ ခမ်းခမ်းနားနားနေတဲ့ ဘုရင်မရှိနေတယ်လို့ သတင်းလွင့်သွားရင် ယုတ်မာသူတွေ က ရန်မူမှာ စိုးလို့ မထင်မရှားနေရရှာတယ် သားရယ် …

" ဘုရင်မဆိုတဲ့ အမည်သညာရှိရုံ သီးသန့်စံအိမ်တစ်ခုရဲ့ ရုံရွှေတော်တစ်စုနဲ့သာ နေရရှာတာကလား၊ ဒါနဲ့ တောင် လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က အသားဖြူနီနီ၊ ဆံပင်ဝါဝါ၊ မျက်လုံးပြာပြာ၊ နှာခေါင်းချွန်ချွန် လူယုတ်မာ တစ်စု လာသေးတယ်၊ အဲဒီ တစ်စုကတော့ တစ်ယောက်မှ မလွတ်ဘူးကွယ့်၊ အားလုံး တို့နှောင်စင့်သားတွေ ရဲ့ ဒူးလေးစာ

မိသွားကြတယ်၊ အခု သားတို့ကတော့ တို့ရဲ့ အမျိုးအဆွေလဲဟုတ်၊ ကျေးဇူးရှင်လဲဟုတ်တာမို့ တို့က အခုလို မြို့ထဲဝင်ခွင့်ပြုပြီး ကောင်းကောင်း လက်ခံထားတာကွယ့် "

" ဒါဖြင့် နှောင်စင့်တောင်ထွတ်ကိုတက်ဖို့ရာ ဘာအတားအဆီးမှမရှိရင် နက်ဖြန်ပဲတက်မယ် အဖေ " ကိုစောအောင်ကား စိတ်ထက်သန်စွာ ပြောလိုက်၏။

" ဒါတော့ နင်တို့သဘောပေါ့၊ မောရုံရှိမှာပဲလို့ ငါထင်တယ်၊ ဘာရည်ရွယ်ချက်မှမရှဘဲ ကံအားလျော်စွာ ရောက်သွားတဲ့လူအဖို့ ဖူးခွင့်ကြုံရင် ဖူးထိုက်ရင် မြဗုဒ္ဓကို ဖူးရမယ်၊ တစ်ခုခု လိုချင်ဇောနဲ့ သွားရင်တော့ ဘယ်တော့မှ တောင်ထွတ်ကို မရောက်နိုင်ဘူး၊ ရောက်သွားဦးတော့ ဘာမှ တွေ့မှာ မဟုတ်ဘူး "

အဘိုးကြီးကပြောလိုက်သော စကားကြောင့် ကိုစောအောင်မှာ စိတ်မလုံလဲ ဖြစ်သွားမိသည်။

" ကဲ ... ငါတို့ ပြန်ကြစို့ဟေ့ "

အကြီးအကဲ အဘိုးကြီးကပြောပြီး ထိုင်ရာမှ ထပြန်သွားသောအခါ ကျန်အဘိုးအို သုံးယောက်ကလည်း လိုက်သွားကြလေသည်။

နှောင်စင့် ဘာသာစကားကို မတတ်သဖြင့် ကိုစောအောင် အနားမှာ ဆိတ်ငြိမ်စွာ ထိုင်နေသော ကိုမျိုးခိုင် အား ကိုစောအောင်က တစ်လုံးမကျန် သာသာပြန်ပြောလိုက်သည်။ ကိုမျိုးခိုင်ကား ကိုစောအောင်၏ စိတ် သဘောထားကို ဆန့်ကျင်ဘက်မပြုပေ။

-------------------------

## အခန်း (၁၄)

မြဗုဒ္ဓ ကိန်းဝပ်တော်မူရာ အတိုင်းမသိ တန်ဖိုးရှိသော မြရတနာများနှင့် ဗုဒ္ဓဆေးပင်ရှိရာ နှောင်စင်ငဲ့ တောင် ထွတ်ကြီး ကို ထိပ်ရောက်အောင်တက်မည်ဟု အားခဲလာသော ကိုမျိုးခိုင်နှင့် ကိုစောအောင်တို့သည် မောပန်း နွမ်းနယ်ခြင်း ကို ပမာဏမထားဘဲ ဖွဲကြီးကြီးဖြင့် ခဲယဉ်းပင်ပန်းစွာ တက်လာကြသည်။

လမ်း ဟူ၍ ယောင်ယောင်ကလေးမျှမရှိဘဲ ထူထပ်လှစွာသော ဆူးပင်၊ ချုံနွယ်၊ သစ်ပင်ကြီးငယ်များ ယှက် ထွေးအုပ်ဆိုင်း ပိတ်ဆီးနေသည်ကို ဓားတစ်ယောက်တစ်လက်စီဖြင့် ခုတ်ထွင်ကာ တက်လာခဲ့ရာ ပေနှစ်ရာကျော်မျှ အမြင့်သို့ ရောက်လာပြီဖြစ်၏။

" အစ်ကို ... သိပ်မောနေပြီနော် ... နားဦး အစ်ကို "

ချွေးများ စိုရွှဲကာ နွမ်းဟိုက်နေရှာသော ကိုမျိုးခိုင်အား ကိုစောအောင်က ကြင်နာစွာ ပြောကာ ...

" ရော့ ... အစ်ကို၊ အမောပြေ ရေသောက်လိုက်ဦး "

ဟု ပခုံးမှာလွယ်ထားသော ရေဘူးကို လှမ်းပေးလိုက်၏။ မောဟိုက်လှသဖြင့် ကိုမျိုးခိုင်သည် စကားတစ်လုံး မှ မပြောတော့ ဘဲ ကိုစောအောင်လှမ်းပေးသော ရေဘူးကိုယူကာ မော့သောက်လိုက်သည်တွင် မော့လိုက် သော ကိုမျိုးခိုင် ၏ မျက်လုံးအစုံသည် သူတို့အထက် ပေအစိတ်မျှမြင့်သော တောင်စောင်းဝယ် မလှုပ်မယှက် ငြိမ်သက်စွာ မတ်တတ်ရပ်၍ သူတို့အား ကြည့်နေသော ထူးခြားသည့် ပုံသဏ္ဌာန်ကြောင့် ကိုမျိုးခိုင်မျက်လုံး

အပြုံးသားဖြစ်သွားသည်။ ကိုင်ထားသော ရေဘူး လက်မှ လွတ်ကျသွားလေသည်။

" အစ်ကို ... ရေဘူးမကိုင်နိုင်အောင် မောနေပြီ ထင်တယ် "

ကိုစောအောင် က ရယ်မောပြောကာ ရေများ ဖိတ်စင်ကုန်ပြီဖြစ်သော ရေဘူးကို ကောက်ယူလိုက်၏။ သို့ တစေလည်း ကိုမျိုးခိုင်က မလှုပ်မယှက်ပင် စကားလည်းတစ်ခွန်းမှ ထွက်မလာသောကြောင့် ...

" အစ်ကို ဘာဖြစ်လို့လဲဟင် "

ကိုစောအောင် က ထိတ်ထိတ်ပျာပျာမေးကာ ကိုမျိုးခိုင်၏ မျက်နှာကို ကြည့်လိုက်၏။ မျက်လုံးအပြူးသားနှင့် ပါးစပ် ဟကာ ငေးမောနေသော ကိုမျိုးခိုင်ကမူ သတိလစ်ဟင်းနေသူကဲ့သို့ တွေ့ရသော ပုံသဏ္ဌာန်ကိုသာ မျက်တောင်မခတ် ကြည့်နေသည်။

ကိုစောအောင်က ထူးခြားသော ကိုမျိုးခိုင်၏ အမူအရာကြောင့် ကိုမျိုးခိုင် မျက်နှာမူရာကို လှမ်းမျှော်ကြည့် လိုက်၏။ ကိုစောအောင်၏ နှုတ်မှ အံ့အားသင့်စွာ မြည်တမ်းလိုက်မိလေသည်။

" ဒါ ... ဘုရင်မပဲအစ်ကို၊ နန့်နှောင်းခါရီ ဘုရင်မပဲ "

အဖြူနှင့် အနီဟင်း တောက်ပပြောင်လက်သည့် သင်တိုင်းရှည်ကို ဝတ်ကာ မည်းမှောင်ရှည်လျားသော ဆံပင် များကို ဖားလျားချထားပြီး ပန်းသရဖူတစ်ခုကို ဦးခေါင်းမှ စွပ်ထားသော ချောမောလှပသည့်ဘုရင်မ နန့်နှောင်းခါရီ ကား ရုံရွှေတော်ဟူ၍ တစ်ဦးတစ်ယောက်မျှမပါဘဲ ကိုယ်တော်ထီးထီးကလျှင် ဤတောင် စောင်းဝယ် ရပ်နေသည်မှာ

နောက်ခံသစ်ပင် ချုံနွယ် အစိမ်းရောင်များကြောင့် ဖြူဝင်းသည့် ရုပ်သဏ္ဌာန်သည် ထင်ထင်ရှားရှား ပေါ်လွင်နေသည်။

ဘုရင်မကား မတုန်လှုပ် ကျောက်သားရုပ်တုလို တည်ငြိမ်စွာ ရုပ်လျက်ပင်ရှိနေသည်။

" လူအစစ်မှ ဟုတ်ရဲ့လား ညီလေး ... "

နှစ်ယောက်သား အံ့အားသင့်စွာ ကြည့်နေကြရာမှ ကိုမျိုးခိုင်က တစ်စုံတစ်ရာကို တွေးတောပူပန်မိသကဲ့သို့ စိတ်စနောင့်စနင်းဖြစ်သံဖြင့် မေးလိုက်၏။

" မသိဘူး အစ်ကို၊ ဒီကမ်းပါးယံက ရှေးဘုရင်မတွေ ရုပ်ကလာပ်ကို သိုမှီးထားခဲ့ရာ ကမ်းပါးယံဆိုရင် တစ္ဆေ ချောက်နေတာများဖြစ်မလား၊ ပုံသဏ္ဌာန်ကတော့ မှတ်တမ်းပါတဲ့ ဘုရင်မ အတိုင်းပဲ ...၊ လာပါ အစ်ကိုရာ အနားသွားကြည့်ရအောင် အစ်ကိုကြောက်သလား "

ကိုစောအောင်က ပြောပြောဆိုဆို ခြေလှမ်းပြင်လိုက်သဖြင့် ... ။

" သွားလေညီလေး ... အစ်ကိုလိုက်မယ်၊ မကြောက်ပါဘူး၊ ဒါပေမယ့် အစ်ကို့စိတ်ထဲမှာ ... "

ကိုမျိုးခိုင်က စကားတစ်ပိုင်းတစ်စနှင့်ဖြတ်ကာ ...

" သွား ညီလေး ... "

ဟု တိုက်တွန်းလိုက်ပြီး နှစ်ယောက်သား တောချုံများကို တိုးကာ တွေ့ရသေ ဘုရင်မပုံသဏ္ဌာန်ဆီသို့ လှင်မြန်စွာ လာခဲ့ကြ၏။

" သင်တို့ ဘယ်ကလာပြီး ဘယ်ကို သွားမှာလဲ "

လက်တစ်လှမ်းသာသာမျှ အကွာသို့ ရောက်လျှင်ပင် ရပ်နေရာမှ လုံးဝရွေ့လျားခြင်းမရှိဘဲ ရဲရင့်တည်ငြိမ် သောမျက်နှာ၊ သာယာချိုလွင်သောအသံဖြင့် မေးလိုက်သော ဘုရင်မအား နှစ်ယောက်သား စူးစူးစိုက်စိုက် ကြည့်နေရာမှ ... ။

" လူအစစ်ပဲ ညီလေး ... "

" ဘုရင်မ အစစ်ပဲ အစ်ကို "

ဟု ပြိုင်တူ ပြောလိုက်မိကြ၏။

" ငါ မေးနေတာ ဖြေကြလေ "

ဘုရင်မကထပ်မံ မိန့်မြွက်လိုက်ပြန်၏။

" တို့နှစ်ယောက်က နှောင်စငဲ့သား အဘိုးကြီးသုံးယောက်ကို ရန်သူလက်က ကယ်တင်ခဲ့သူများဖြစ်တယ် ... တောင်ထွတ်ပေါ်က မြဗုဒ္ဓကို ဖူးချင်လို့ လာခဲ့ပါတယ်ဘုရင်မ "

ကိုစောအောင်က ရေလည်ချောင်းစွာ ရှင်းပြလိုက်မှ ဘုရင်မ၏ မသိမသာ တင်းမာနေသော မျက်နှာသည် လျော့သွားကာ ပကတိမျက်နှာထား ဖြစ်သွားလေသည်။

ကြောက်မက်ဖွယ် တောအတိဖုံးလွှမ်းနေသော ဤတောင်တက်လမ်းများ တစ်ယောက်တည်းလာပြီး ယောကျ်ားသား နှစ်ယောက်ကို မကြောက်မရွံ့ ရဲရင့်တည်ငြိမ်စွာ ရင်ဆိုင်ရဲသော ဘုရင်မ၏ သတ္တိကို ကိုမျိုး ခိုင်နှင့် ကိုစောအောင်တို့ ချီးကျူးမိကြသည်။

ကိုမျိုးခိုင် ကား နှောင်စငဲ့ ဘာသာစကားကို မတတ်သည့် အလျောက် ဝင်ရောက် ပြောဆိုရန် မလိုဘဲ ဘုရင်မ၏ မျက်နှာကိုသာ မျက်တောင်မခတ်ဘဲ စူးစူး စိုက်စိုက် ကြည့်နေလေတော့၏။

" မြတောင်ထွတ်ကို မတက်ကြနဲ့ကွယ်၊ ဒီကပဲ လှည့်ပြန်ကြပေရော့နော် "

ဘုရင်မ က ကလေးဆိုးများအား ချော့မော့ ဖျောင်းဖျသောမိခင်၏ လေသံမျိုးဖြင့် ပြောပြလိုက်၏။ ဘုရင်မ၏ အသက်မှာ သုံးဆယ်ကျော်ပြီဟု သိခဲ့ရသော်လည်း ကိုမျိုးခိုင်နှင့် ကိုစောအောင်တို့၏ မျက်စိ ပသာဒတွင်ကား အသက်နှစ်ဆယ်မျှသာ ခန့်မှန်းရအောင် နုပျိုလှပါပေ၏။

" မြဗုဒ္ဓကို ဖူးချင်လွန်းလို့ ခဲယဉ်းစွာ လာခဲ့ရပါတယ် ဘုရင်မ တောင်ထွတ်ကို ရောက်အောင် တက်ပါရစေ "

အားနွဲ့သူ မိန်းမသား တစ်ယောက်မျှသာဖြစ်၍ ဂရုစိုက်ခြင်းမပြုဘဲ ရှောင်ကွင်းတက်သွားလဆင် ဖြစ်နိုင် သော်လည်း ကိုမျိုးခိုင်နှင့် ကိုစောအောင်၏ စိတ်တွင် ဘုရင်မအား မြင်လျှင် မြင်ခြင်း ချစ်ခင်ခြင်း၊ ကြည်ညို ခြင်း၊ ကြင်နာခြင်းစိတ်တို့ ပေါ်ပေါက်လာသည့်အတွက် ဆန့်ကျင်ဘက် ပြုမူလိုသောစိတ် မရှိဘဲ အနူးအညွတ် ခွင့်တောင်းနေကြခြင်းဖြစ်သည်။

" ငါပြောတဲ့ စကားကို နားထောင်ကြပါ၊ ငါ့တိုင်းသူ ပြည်သားများအတွက် စိတ်မခမ်းသာလွန်းလို့ မနေ့က တောင်ထွတ်ပေါ် ငါတစ်ကိုယ်တည်း တက်ခဲ့တယ်၊ ငါ့လူများအတွက် ဆုတောင်းမေတ္တာ ပို့လိုတဲ့ အတွက် ကြောင့် ငါ့မှာ ဘေးရန်မတွေ့ဘဲ ချောချောမောမော တောင်ထွတ်ပေါ် ရောက်ခဲ့တယ်၊ မြဗုဒ္ဓကိုလဲ ကြုံတောင့် ကြုံခဲ ဖူးတွေ့ခဲ့ရတယ်၊ လမ်းမှာ ဆင်ရိုင်းရှိတယ်၊

ကျားရှိတယ်၊ မြွေဆိုးတွေရှိတယ်၊ သင့်တို့ အတွက် အသက် အန္တရာယ် ရှိလာလိမ့်မယ် ...

" ဘာကြောင့်လဲဆိုတော့ သင်တို့မှာ မြဗုဒ္ဓကို ဖူးလိုတဲ့ စေတနာသက်သက် မဟုတ်ဘဲ တစ်စုံတစ်ခုသော အရာကို လိုချင်လို့ တောင်ထွတ်ပေါ် တက်လာတာ မဟုတ်လား၊ တမလွန်ဘဝသို့ ပြောင်းကြွလေပြီးသော ငါ့အစ်မတော် ဘုရင်မများ၏ ဝိညာဉ်ကို တိုင်တည်ပြီး ငါ အမှန်အတိုင်း ပြောခြင်းဖြစ်တယ်၊ ငါ့ကို မလိမ်ကြနဲ့၊ မှန်တဲ့အတိုင်း ပြောကြ၊ တောင်ထွတ်ပေါ်က ဘာကို လိုချင်သလဲ "

နှောင်စင့်ဘာသာကို နားမလည်သော ကိုမျိုးခိုင်အဖို့ အမူအရာ မထူးခြားသော်လည်း ကိုစောအောင်ကမူ မသိမသာ မျက်နှာပျက်သွားလေသည်။ ဘုရင်မ၏ မျက်နှာထားနှင့် အသံကြောင့် ကွယ်ဝှက် လိမ်လည်လို သောစိတ် မရှိချေ။

" လူသတ္တဝါတွေရဲ့ အသက်ကို ကယ်တင်နိုင်တဲ့ ဗုဒ္ဓဆေးပင်ကို လိုချင်လို့ပဲ ဘုရင်မ "

ကိုစောအောင်၏ အဖြေကြောင့် ဘုရင်မ၏ တည်ငြိမ်သော မျက်နှာမှာ ပြုံးရောင်သန်းသွားလေသည်။ သို့သော် ကြည်လင်သော အပြုံးကား မဟုတ်၊ ကြေကွဲဝမ်းနည်းသော မချိပြုံးဖြစ်၏။ ဘုရင်မသည် ဦးခေါင်း ကိုဖြည်းလေးစွာ ခါရမ်းလိုက်သည်။

" မတန်တော့ဘူးကွယ်၊ လူတွေက သစ္စာလဲမရှိ၊ ကတိလဲမတည်၊ သမာဓိလဲ ပျက်ကြတော့ ဗုဒ္ဓဆေးပင်တွေ ကွယ်ပျောက်ခဲ့ပြီး သင်တို့နေရပ်မှ လောဘ၊

ဒေါ်သ၊ မောဟ ထူပြောတဲ့ လူတွေအတွက် မဆိုထားနဲ့၊ ငါတို့ နောင်စင့်က သတ်သတ်လွတ် စားနေကြတဲ့ လူတွေအတွက်တောင် သစ္စာဖောက်သူများကြောင့် သုံးခွင့်မရ အောင် ပျောက်သွားပြီပဲ၊ မဖြစ်နိုင်တဲ့ကိစ္စကို မကြံစည်ကြနဲ့ ပြန်ကြနော် "

ကိုမျိုးခိုင်နှင့် ကိုစောအောင်သည် ဆိတ်ငြိမ်စွာဖြင့် ဘုရင်မ၏ မျက်နှာကို အငေးသား စိုက်ကြည့်နေမိသည်။ ထိုအခိုက် ကျားဟိန်းသံနှင့် ဆင်အော်သံသည် မိုးခြိမ်းသလို ကြောက်မက်ဖွယ်ကြားရလေသည်။

မမျှော်လင့်ဘဲ ရုတ်တရက် ကြားရသဖြင့် ကိုမျိုးခိုင်နှင့် ကိုစောအောင်တို့မှာ အမှတ်တမဲ့ ဖြစ်၍ ဆတ်ခနဲ တုန်လှုပ်သွားကြသည်။ ဘုရင်မအား တည်ငြိမ်မြဲ တည်ငြိမ်လျက်ပင်။

" ကြားကြတယ်မဟုတ်လား၊ ဒီတောင်ထွတ်ကို နောင်စင့်သားတွေ လက်လွှတ်လိုက်ရတော့ သဘာဝ တောတိရစ္ဆာန်များက စောင့်ရှောက် နေကြတယ်၊ မသမာသောစိတ်နဲ့ တက်ရင် အသက်ဆုံးရှုံးမှာမလွဲဘူး၊ ငါ့စကားကို နားထောင်၊ လာပြန်ကြမယ် "

ဘုရင်မသည် အေးမြတည်ငြိမ်သော အသံဖြင့် ပြောကာ တောင်အောက်သို့ ရှေ့ရှုဆင်းသွားလေသည်။ ကိုမျိုးခိုင်သည် ဆင်းသွားသော ဘုရင်မအား မျက်ခြည်မပြတ် လှမ်းမျှော်ကြည့်ရင်း ကိုစောအောင် ဘာသာ ပြန်ပြောနေသည်ကို နားထောင်နေသည်။ ကိုစောအောင်၏ စကားဆုံးသောအခါ ...

" ညီလေး ဘယ်လိုသဘောရသလဲ " ဟု မေးလိုက်၏။

" ဘုရင်မစကားကို နားထောင်တော့မယ်အစ်ကို၊ လမ်းမှာ တွေ့ရမယ့် ဘေးရန်ကို ကြောက်လို့ မဟုတ်ဘူး၊ ဘုရင်မကို ချစ်လို့ သူ့စကားကို နားထောင်တာ "

ကိုစောအောင်က ဆင်းသွားသော ဘုရင်မအား ငေးမျှော်ကြည့်ရင်းက ဖြေလိုက်၏။

" ဘာ ... ညီလေး က ဘုရင်မကို ချစ်တယ် " ကိုမျိုးခိုင်က အံ့သြစွာ မေးလိုက်၏။

" ဟုတ်တယ် အစ်ကို ကျွန်တော့်စိတ်မှာ ဘယ်လိုဖြစ်မှန်းမသိဘူး၊ ချစ်သူရည်းစားရယ်လို့ မထားခဲ့ဘူး၊ ချစ် ရည်စူးရယ်လို့ အခု ဘုရင်မကို တွေ့ရတော့ ကြည့်လေ စွဲမက်မြတ်နိုးစရာကောင်းလေ၊ ဒါလောက် ကျက်သရေရှိပြီး ချစ်စရာကောင်းတဲ့ မိန်းမ လောကမှာ မရှိဘူးလို့ ထင်တယ်၊ ကျွန်တော် ချစ်တယ်အစ်ကို၊ သူ့ကို ချစ်တယ် "

ကိုစောအောင်သည် စိတ်ရင်းဖြောင့်သူတစ်ယောက် ဖြစ်သည့်အလျောက် ကွယ်ဝှက်မှုမရှိဘဲ စိတ်တွင်း ရင်တွင်းမှာ ဖြစ်သမျှကို လှစ်ဟလိုက်သည်။ ကိုမျိုးခိုင်က စိတ်ရှုပ်သော မျက်နှာဖြင့် ကိုစောအောင်အား ကြည့်လိုက်၏။

" ဖြစ်ပါ့မလား ညီလေးရာ၊ ဘုရင်မအနေနဲ့ တစ်သက်လုံး ယောက်ျားယူမှာလဲမဟုတ်၊ အသက် အရွယ်ချင်း ကလဲ မတူ၊ ဘုရင်မက ကြည်ဖြူအုံးတော့ နှောင်စင့်သားတွေက သည်းခံမလား ညီလေး ဒူးလေးစာမိသွား မှာပေါ့ "

" အို ... ဘုရင်မကသာ ကြည်ဖြူပါစေ၊ အသက်အရွယ်တွေ နှောင်စင့်သားတွေကို ကျွန်တော့် စိတ်ထဲမှာ မတွေးပါဘူး။ ဒီဒေသကလွတ်အောင် ဘုရင်မကို ဆောင်ကြဉ်းသွားနိုင်ပါတယ် "

ကိုစောအောင်က တဖွတ်ထိုး ပြောနေသည်။

" ခက်လိုက်တာ ညီလေးရာ၊ အစဉ်အလာ ဘုရင်မတွေ အဖြစ် အပျိုစဉ်ဘဝနဲ့ သစ္စာသမာဓိကို ထိန်းနေကြ ရတာ၊ ဘယ်က ရောက်လာမှန်းမသိတဲ့ ညီလေးလိုလူကို အလွယ်တကူ ချစ်နိုင်ပါ့မလား၊ စဉ်းစားဦးမှပေါ့ "

" သူ ချစ်လာတဲ့အထိ နှောင်စင့်မှာပဲ ဖွဲကြီးကြီးနဲ့ စောင့်မယ် အစ်ကိုရေ "

ကိုမျိုးခိုင်က အကျိုးသင့် အကြောင်းသင့် ဖျောင်းဖျ ချော့မော့၍ မရချေ။

" ကဲ ... ညီလေး သဘောပဲကွယ်။ လာ ... သွားကြစို့ ဒီနေရာမှာ ကြာကြာနေလို့ မကောင်းဘူး၊ အစ်ကို့စိတ် ထဲမှာ နေရတာ စိတ်မသန့်ဘူး၊ ဒီကျောက်ကမ်းပါးယံဟာ ဘုရင်မတွေ ရုပ်ကလာပ် သိုမှီးရာဌာနလား မသိဘူး၊ သွားစို့ ညီလေး ရယ် "

နှောင်ခါမှ နားဝင်အောင်ပြောတော့မည်ဟု ကိုမျိုးခိုင် ဆုံးဖြတ်ကာ ကိုစောအောင်ကို အချုသပ်ပြီး ခေါ်လာ ခဲ့ရသည်။

-----------------------------

## အခန်း (၁၅)

ဘုရင်မကို မြင်လိုက်ရပြီးသည့် အချိန်မှစ၍ ကိုမျိုးခိုင်သည် နှောင်စင့်တွင်နေရသည်မှာ ငြီးငွေ့ခြင်းဖြင့် ပြင်းစွာ နှိပ်စက်နေတော့၏။

တစ်နေ့တစ်ရက်မှ ပျော်ရွှင်ခြင်းမရှိသော်လည်း ဖွတ်တရွတ် နိုင်လှသော ကိုစောအောင်ကို ပြောမရသဖြင့် တစ်နေ့တစ်နေ့နှင့် တရွေ့ရွေ့ အချိန်တွေကုန်လာခဲ့ရာ တစ်နှစ်နီးပါးပင်ကြာခဲ့လေပြီ။

အချိန်ကြာမြင့်သည်နှင့်အမျှ နှောင်စင့် ဘာသာစကားကို ကိုမျိုးခိုင် ရေလည်စွာ ပြောဆိုတတ်လာသည်။ တစ်ရပ်တစ်မြေမှ လာသောသူများဖြစ်လင့်ကစား နှောင်စင့်ဘာသာကို တတ်ကျွမ်းပြီးဖြစ်၍ နှောင်စင့်သား သုံးယောက်၏ အသက်ကို ကယ်တင်သူများ ဖြစ်သည့်အပြင် ဘုရင်မ၏ ဆုံးမစကားကို နာခံလွယ်သောသူ များဟု ဘုရင်မက ယူဆကာ အထူးအခွင့်အရေးပေးသောအနေဖြင့် ဘုရင်မသည် သုံးလလျှင် တစ်ကြိမ်မျှ ခေါ်ယူတွေ့ဆုံကာ စကားပြောဆိုဆွေးနွေးပြီး တစ်ရပ်တစ်မြေမှ အကြောင်းများကို မေးလေ့ရှိသည်။

ကိုစောအောင်အဖို့ကား နေမြင့်လေ အရှုးရင့်လေဖြစ်နေရှာတော့သည်။ ဘုရင်မအား ကိုစောအောင်က မေတ္တာသက်ဝင် ချစ်ခင်နေကြောင်းကို နီးစပ်ရာ နှောင်စင့်သားများ ရိပ်မိစပြုလာသည်ကို ကိုမျိုးခိုင်က အကဲခတ်မိသည်။

တစ်ကြိမ်သော အခါက ဘုရင်မထံ သွားရောက်လည်ပတ် စကားပြောပြီး ပြန်လာသောအခါ၌ သေနတ်များ တစ်လက်မျှ ရှာမတွေ့အောင် ပျောက်ဆုံးနေသည်ကို ကိုမျိုးခိုင် သိရသောအခါ မျက်လုံးပြူးသွားလေသည်။

မည်သူ့ကိုမှလည်း မေးမြန်း၍မရ၊ ဤဒေသမှာ ကြာရှည်နေလျှင် အသက်ဘေးကို စိုးရိမ်ဖွယ်ဖြစ်တော့မည် ကို ကိုမျိုးခိုင်တွေးမိ၏။

" ညီလေးရယ် ... မဖြစ်နိုင်တာကို မျှော်မှန်းမနေပါနဲ့ကယ် ... ပြန်ကြရအောင်၊ အခု တို့အခြေအနေကို ဒီဒေသမှာ နေလို့ မဟုန်တော့ဘူး ညီလေးရဲ့ "

စိတ်အာရုံတွင် ဘုရင်မကလွဲပြီး ဘာကိုမှ မစဉ်းစားသော ကိုစောအောင်အား ကိုမျိုးခိုင်က တောင်းပန် လိုက်၏။

" အစ်ကို ပြန်ချင်ပြန်လေ ... ကျွန်တော် ဒီမှာ နေခဲ့ဦးမယ်၊ အဖေတို့ကို အစ်ကို သင့်တော်သလို ကြည့်ပြီး ပြောလိုက်ပါ "

ကိုစောအောင်က ဘုရင်မနေသည့်အိမ် တည်ရှိရာသို့ မျှော်မှန်းကြည့်ရင်းက ပြောလိုက်၏။

" မဟုတ်သေးပါဘူး ညီလေးရာ ... တစ်ယောက်တည်း ဒီလူတွေကြားမှာ ညီလေးကို မထားခဲ့နိုင်ပါဘူး၊ နောက်ပြီး အစ်ကို တစ်ယောက်တည်း ပြန်သွားတော့ အဘက ဘယ်လို ထင်မလဲ၊ ညီလေး စဉ်းစားဦးမှပေါ့ "

ကိုမျိုးခိုင်က ညည်းညည်းညူညူ ပြောလိုက်သည်။

" စိတ်ရှုပ်စရာတွေ မပြောစမ်းပါနဲ့ အစ်ကိုရာ "

ကိုစောအောင်က ကလေးဆိုးကြီးလို ပြောကာ ဆက်လက် နားမထောင်လိုသော ဟန်ဖြင့် အိပ်ရာထဲ လှဲ အိပ်လိုက်လေသည်။

ကိုမျိုးခိုင်သည် ကိုစောအောင်အား စိတ်မချမ်းသာစွာ ကြည့်ကာ ဦးခေါင်းကို ဖြည်းလေးစွာ ညိတ်လိုက်မိ ရင်းက ရင်လေးစရာကောင်းသော အဖြစ်အပျက်တစ်ခုကို ပြန်လည်သတိရလိုက်၏။

မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများကို သုတ်သင်ထားပြီး ဆံပင်မတိုမရှည် ဖြစ်နေသော ရုပ်ရည်သန့်ပြန့် ကြည် လင်သည့် ကိုစောအောင်နှင့် ကိုမျိုးခိုင်တို့ နှစ်ယောက်အား ဖြူဖပ်ဖြူရော် အသားအရေ၊ မို့သောမျက်ခွံ၊ ကြောင်တက်သော မျက်လုံးဖြင့် ခေါင်းတုံးပြောင်အောင် ရိပ်ထားသော နှောင်စင့် သားများထက် ပိုမို အရေးပေးသော နှောင်စင့်သူများကြောင့် နှောင်စင့်သားများက မလိုမုန်းထားသော မျက်နှာဖြင့် ကြည့်ကြ သည်။

ဘုရင်မနှင့် အကျွမ်းဝင်၍ ကိုစောအောင်က ဘုရင်မအား ချစ်ခင်နေသည်ကို မရှုစိမ့်သော အမူအရာများ ထင်ထင် ရှားရှား ဖော်ပြနေကြသည်။

ကိုမျိုးခိုင်သည် တွေးရင်း တွေးရင်း စိတ်ထဲက မချမ်းမြေ့ဘဲ ဖြစ်လာသည်။ ထိုသို့ မချမ်းမြေ့စရာကို တွေးရင်းမှ ဘုရင်မ၏ ပုံသဏ္ဍာန် မျက်စိထဲမှာ ပေါ်လာသောအခါ ချစ်သူ ခင်ခင်လေးအား အူလှိုက် သည်း လှိုက် လွမ်းဆွတ် တမ်းတမိလာသည်။

ကိုစောအောင်ကိုလည်း တစ်ယောက်တည်း မထားခဲ့ရက် သည့်အတွက် အသက်ဘေးမှ ဝေးအောင် ဤ နှောင်စင့်ဒေသမှ ပြေးရန်မှာ ဘုရင်မမှလွဲပြီး ဆောင်ရွက်ပေးနိုင်သူ မရှိဟု စဉ်းစားမိသောအခါ ဘုရင်မ၏ အကူအညီကို တောင်းဆိုရန် စိတ်ကို ဆုံးဖြတ်လေသည်။

ကိုမျိုးခိုင်သည် သူတို့ ကယ်ဆယ်ခဲ့သော အဘိုးကြီး သုံးယောက်အနက် အကြီးအကဲနှင့် အကျွမ်းဝင်သော အဘိုးကြီး တစ်ယောက်ထံ ကိုစောအောင်ကို အသိမပေးဘဲ တိတ်တဆိတ် သွားရောက် တွေ့ဆုံပြီး

ဘုရင်မထံ အရေးကြီးသော ကိစ္စကြောင့် ယခုချက်ချင်း ဝင်ခွင့် တောင်းပေးစေလိုကြောင်း ပြောကြားလိုက် လေသည်။

" အေး ... ငါလဲသတိပေးဖို့ နင်တို့ဆီလာမယ်လို့၊ နင်ရောက်လာ တာနဲ့အဆင်သင့်ပဲပေါ့ "

အဘိုးကြီးက တိုးတိတ်စွာ ပြောလိုက်၏။

" ဘာလဲ အဖေ "

ကိုမျိုးခိုင်က ထိတ်လန့်စွာ မေးလိုက်သည်။

" နှောင်စင့် သားတွေက နင်တို့ကို မကျေနပ်လို့ သတ်ဖို့ကြံစည်ထားကြတယ်၊ ရွာက မထွက်နိုင်အောင် စည်းရိုးတံခါးရှိသမျှ ဒူးလေးကိုင်တွေ အပြည့် စောင့်နေကြတယ်၊ နက်ဖြန်ဆိုရင် နင်တို့ကို ဖမ်းကြတော့မှာ "

အဘိုးကြီး၏ စကားကြောင့် ကိုမျိုးခိုင်မှာ တုန်လှုပ်သွားလေသည်။ လက်မတင်ကလေးပါလားဟု တွေးကာ ...

" ငါ့ကို ဘုရင်မထံ အခု အမြန်ဆုံးရောက်အောင် ပို့ပေးပါ အဖေ "

ဟု တောင်းပန်လိုက်၏။

" အေး ... နင်ရောက်လာတာ အချိန်တော်ပဲ၊ အခုည မိုးချုပ်စပြုလို့ မှောင်နေပြီ၊ ငါလိုက်ပို့ပေးမယ်၊ ဘယ်သူမှ မြင်မှာ မဟုတ်ဘူး "

အဘိုးကြီးက ပြောရင်း ထိုင်ရာမှ ထကာ ...

" လာခဲ့ "

ဟု ခေါ်ပြီး ရှေ့မှ ထွက်သွားလေသည်။

" ငါ့ကို ဘုရင်မထံ ပို့ပေးပြီး အိမ်မှာ ကျန်ရစ်တဲ့ ငါ့ညီလေးကို ဘုရင်မထံ ဆက်ဆက်ခေါ်ခဲ့ပါနော် "

ကိုမျိုးခိုင်က စိတ်ပူစွာ မှာကြားလိုက်၏။

" စိတ်ချ ငါ့သား၊ ငါတို့အသက် ကယ်ထားတဲ့ နင်တို့ ညီအစ်ကိုကို ငါတတ်နိုင်သလောက် ပြန်ကယ်မယ်။ နင် ဟောဒီလမ်းက ဝင်သွား၊ ဘုရင်မနေတဲ့အိမ်ကို အမြန်ဆုံးရောက်တဲ့ဖြတ်လမ်းပဲ၊ ဒီလမ်းက ယောက်ျား အစောင့်မရှိဘူး၊ မိန်းမတွေပဲရှိတယ် "

အဘိုးကြီးက လမ်းညွှန်ပြလိုက်ပြီး နောက်ကြောင်းသို့ သုတ်ခြေတင် ပြန်သွားလေသည်။ ကိုမျိုးခိုင်သည် ဘုရင်မနေရာ အိမ်ကြီးအတွင်းသို့ ချောချော မောမော ရောက်သွားလေသည်။ ရံရွေတော် မိန်းမများသည် ဘုရင်မကိုယ်တိုင်က အရေးတယူ လက်ခံ စကားပြောလေ့ရှိသော ဧည့်သည်များဖြစ်၍ တားဆီးခြင်းမပြုချေ။

" ဘုရင်မကို တွေ့ခွင့်ပြုပါ "

တစ်ယောက်သော ရံရွေတော်သည် ကိုမျိုးခိုင်အား နှစ်လိုသော အပြုံးဖြင့် ကြည့်ကာ ...

" လာခဲ့ ... လာခဲ့ "

ဟု ပြောပြီး ခေါ်သွားလေသည်။

တစ်ခုသော အခန်းတွင်းဝယ် လှပစွာ ပြင်ဆင်ထားသော ဘုရားဆောင်ရှေ့၌ ဘုရင်မ ထိုင်နေသည်ကို တွေ့ရသည်။ ဉာဏ်တော် တစ်ထွာမျှသာရှိသည့်

စိမ်းလဲ့သော မြဆင်းတုတော်သည် ပူဖော်ထားသော နံ့သာဆီ မီးရောင်ဝယ် ကြည်ညို့ဖွယ်ရာ ဖူးတွေ့ရ၏။ ဘုရားဆောင်ရှေ့ရှိ မြေပန်းစိုက် အိုးများမှာ ထိုးစိုက် ထားသော ပန်းရနံ့နှင့် ဆီမီးပူဖော်ထားသော နံ့သာဆီမှာ မွှေးကြိုင်နေလေသည်။

" ညော်သည်က တွေ့ချင်လို့ပါတဲ့ ဘုရင်မ "

ကိုမျိုးခိုင်အား အခန်းဝမှာ ထားခဲ့ပြီး ရံရွေတော်က ဘုရင်မထံ ဝင်သွားကာ ရှိသေစွာ ဒူးထောက်ပြီး ပြော လိုက်၏။

" အချိန်မတော်ကြီးမှာ ဘာကိစ္စတဲ့လဲကွယ် "

သာယာချိုအေးသော အသံဖြင့် ဘုရင်မက မေးလိုက်၏။

" မသိပါ ဘုရင်မ၊ အခန်းဝမှာ စောင့်နေပါတယ် "

ရံရွေတော်၏ စကားကြောင့် ဘုရင်မသည် ဘုရားခန်းဆောင်မှ ထွက်လာလေသည်။ အခန်းပြင်ဘက် ရောက်သောအခါ ကိုမျိုးခိုင်ကို အံ့အားသင့်စွာ ကြည့်လိုက်ပြီး ပိုးရောင်တောက်ပသော အဝတ်ကို ခင်းထားသည့် ခုံတစ်ခုပေါ်မှာ ထိုင်လိုက်၏။ ကိုမျိုးခိုင်က ထုံးစံအတိုင်း၊ ဘုရင်မနှင့် ခပ်လှမ်းလှမ်း ကြမ်းပြင်ပေါ်မှာ ထိုင်လိုက်သည်။

" အရေးကြီးတဲ့ကိစ္စ ရှိသလားကွယ် "

ဘုရင်မက ကိုမျိုးခိုင်၏ မျက်နှာ မကြည်လင်သည်ကို အကဲခတ်မိ၍ အသံကိုနှိမ့်ပြီး မေးလိုက်သည်။

" အရေးကြီးပါတယ် ဘုရင်မ၊ အချိန်မရလို့ တိုတိုပဲ ပြောပါရစေ၊ ငါ့ညီလေး အခုပဲ ရောက်လာပါလိမ့်မယ်၊ သူ့ကို ဒီနှောင်စင့်က အခုချက်ချင်း ထွက်ခွာသွားဖို့ အမိန့်ချ နှင်ပေးပါ "

တုံးတိတိ ပြောလိုက်သော ကိုမျိုးခိုင်စကားကြောင့် ဘုရင်မသည် ချစ်စရာကောင်းအောင် မျက်ခုံးကိုပင့်ကာ ...

" ဘာဖြစ်လို့လဲ "

ဟု နားမလည်သဖြင့် မေးလိုက်၏။

ကိုစောအောင်တစ်ယောက် နောက်ပါးရောက်နေပြီလား ဟု စိတ်မလုံသည့် အလျောက် ကိုမျိုးခိုင်က နောက် သို့ တစ်ချက် လှည့်ကြည့်လိုက်ပြီးနောက် ဘုရင်မဘက်သို့ ပြန်လည်မျက်နှာမူတာ ...

" ဒီ နှောင်စင့်မှာ ငါမနေချင်တော့ဘူး၊ ဘုရင်မလူတွေကလဲ တို့ကို နက်ဖြန် ဖမ်းသတ်ဖို့ စီစဉ်ထားကြပြီးပြီ၊ ငါ့ညီလေးက ဘုရင်မကိုယ်တိုင် မနှင်ရင် သူ နှောင်စင့် မခွာဘဲ အသေခံလိမ့်မယ် ဘုရင်မ၊ သူရောက်လာ ရင် အခုချက်ချင်း ထွက်ခွာသွားဖို့ နှင်ပေးပါ "

ဘုရင်မသည် အပူတပြင်း စိုးရိမ်ကြီးစွာ ပြောနေသော ကိုမျိုးခိုင်၏ စကားကို နားမလည်နိုင်ချေ။ ရေလည် အောင် အကျိုးအကြောင်း မေးမည်ပြုစဉ် ကိုစောအောင် ဝင်ရောက်လာလေသည်။

ကိုစောအောင်ကား ဘာကိုမျှ တွေးတော စဉ်းစားမိဟန် မတူဘဲ ဘုရင်မထံ ရောက်လာရသည့်အတွက် ရွှင် လန်းနစ်သိမ့်သော မျက်နှာဖြင့် ကိုမျိုးခိုင်အနားမှာ ဝင်ထိုင်လိုက်သည်။

" အစ်ကိုက ဒီရောက်နှင့်နေပြီနော်၊ ဘာအကြောင်းကိစ္စပေါ်နေကြပြီလဲ အစ်ကို "

ကြည်လင် သာယာခြင်း မရှိသော ကိုမျိုးခိုင်မျက်နှာနှင့် အံ့အားသင့်ဟန်ပေါ်နေသော ဘုရင်မအား တစ်လှည့်စီကြည့်ကာ အကြောင်းတစ်ခုခုရှိပြီဟု ကိုစောအောင်က တွေးလိုက်၏။

" ကိစ္စကတော့ ပေါ်နေပြီ ညီလေး၊ နှောင်စဝဲ့သားတွေက နက်ဖြန်ဆို အစ်ကိုတို့ကို ဖမ်းပြီး သတ်ကြတော့မယ်၊ ဒါကြောင့် ဘုရင်မထံ လာရောက် အကူအညီတောင်းနေတာ "

ကိုစောအောင်က အံ့အားသင့်စွာဖြင့် ဘုရင်မအား လှည့်ကြည့်လိုက်၏။

ထိုအခိုက် ကိုစောအောင်နှင့် ကိုမျိုးခိုင်တို့ နေထိုင်ရာ အိမ်မှာ မတွေ့ရဘဲ ပျောက်သွားသည်ကို သိရသော နှောင်စဝဲ့သားများသည် တစ်ရွာလုံးပိုက်စိတ်တိုက်ရှာ၍ မတွေ့သည်တွင် လူစုလူဝေးနှင့် ဒူးလေးကိုယ်စီစွဲ ကာ ဘုရင်မအိမ်တော်ကို ဝိုင်းကြလေသည်။ တစ်ယောက်တစ်ခွန်းဆူညံစွာဖြင့် မကျေနပ်သော အချက်များ ကို ဟစ်အော်ကြလေသည်။

" တစ်ရပ်တစ်မြေလာပြီး ငါတို့အထွတ်အထိပ်ထားတဲ့ ဘုရင်မကို မတူမတန် ချစ်ကြိုက်နေတဲ့ ဧည့်သည် နှစ်ယောက်ကို ငါတို့ စီရင်ပါရစေ၊ ဘုရင်မ ခွင့်ပေးပါ" ဟူ၍ လည်းကောင်း ...

" ဒီလူနှစ်ယောက် တို့နှောင်စဝဲ့ တစ်နေရာမှာ ပုန်းနေမှာ၊ ရွာပြင်ကို ဘယ်နည်းနဲ့မှ မထွက်နိုင်သေးဘူး" ဟူ၍ လည်းကောင်း ... ။

" ရှာလို့တွေ့ရင် သတ်ခွင့်ပေးပါ ဘုရင်မ "

ဟူ၍လည်းကောင်း၊ ကြောက်မတ်ဖွယ်ဒေါသကြီးစွာ ဟစ်အော်နေကြသည်။ ခုခံစရာ လက်နက်ဟူ၍ ဓား တစ်ချောင်းမျှပင် မရှိတော့သော ကိုမျိုးခိုင်နှင့် ကိုစောအောင်သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့် လိုက်ကြပြီးမှ ...

" တို့အတွက် ဘုရင်မသိက္ခာ ထိခိုက်လိမ့်မယ်၊ အိမ်တော်ပတ်လည်မှာ နှောင်စင့်သားတွေ ဝိုင်းနေတော့ ထွက်လမ်းရှိမှာမဟုတ်ဘူး "

ဟု ကိုမျိုးခိုင်က စိတ်မချမ်းမြေ့စွာ ပြောလိုက်၏။

" ဖြစ်ချင်ရာဖြစ် ကျွန်တော် ရင်ဆိုင်မယ် "

ကိုစောအောင်က ပြောပြောဆိုဆို ထိုင်ရာမှ ထလိုက်၏။ အံ့အားသင့်ခြင်းဖြင့် အငေးသားဖြစ်နေသော ဘုရင်မသည် ထိုအခါမှ သတိဝင်လာသည့်အလား ထိုင်ရာမှ လျင်မြန်စွာ ထကာ ...

" ဒီမှာပဲ ငြိမ်ငြိမ်နေခဲ့ကြဦးကွယ် အေးချမ်းအောင် ငါ သွားပြောလိုက်ဦးမယ် "

ဟု မှာကြားကာ အိမ်တော်ရှေ့ လသာဆောင် ဘက်သို့ ထွက်သွားလေသည်။

ဒေါသကြီးစွာ ဆူဆူညံညံ အော်ဟစ်နေသော လူအုပ်ကြီးသည် ထိန်လင်းစွာသာနေသော လရောင်အောက် ဝယ် ဘွားခနဲထွက်ပြီး ရပ်လိုက်သော ဘုရင်မကို တွေ့ရသောအခါ ရှိသေသောအားဖြင့် အသံများ ဆိတ်ငြိမ်သွားပြီး ခေါင်းဆောင်လုပ်သူတစ်ယောက်ကသာ လိုလားချက်ကို တောင်းဆိုလိုက်၏။

" အလွန်မှ စင်ကြယ်မွန်မြတ်၍ နှောင်စင့်သား အားလုံးက မိခင်သဖွယ် ဖူးစင်သော မေတ္တာထားခြင်းခံရ သောဘုရင်မအား ညစ်ညမ်းသော စိတ်နဲ့

ချစ်ကြိုက်နေသူညှော့်သည်နှစ်ယောက်အား သေဒဏ်နှင့် အသင့်တော်ဆုံးဖြစ်ပါတယ်၊ ငါတို့ သတ်ဖို့ ဆုံးဖြတ်ပြီးပြီ၊ ဘုရင်မကန့်ကွက်လျှင် နှောင်စင့် သားများစိတ်ဝမ်းကွဲပါလိမ့်မယ် "

ခေါင်းဆောင်၏ လေသံမှာ မာကျော ခက်ထန်လှသည်။ အတွင်းခန်းမှ ပြတ်သားစွာ ကြားနေရသော ကိုမျိုးခိုင်နှင့် ကိုစောအောင်တို့ နားထဲတွင်ကား အခု နန်းတက်တဲ့ ဘုရင်မက ဘုန်းကံ နည်းရှာတယ်၊ အရင် ဘုရင်မတွေဆိုရင် မြောက်မြားလှတဲ့ နှောင်စင့်သားများကို တစ်ချက်လွှတ်အာဏာနဲ့ အုပ်စိုးခဲ့တယ် ဟူသော အဘိုးကြီးများစကားကို ပြန်လည်ကြားယောင်လိုက်၏။

" ဒီညှော့်သည်နှစ်ယောက်က အခု ဘယ်မှာလဲ "

ဘုရင်မက တည်ငြိမ်သောအသံဖြင့် မေးလိုက်၏။

" သူတို့နေဖို့ ပေးထားတဲ့ အိမ်မှာ မရှိဘူး၊ ရွာပြင်ထွက်ဖို့က ရွာတံခါးတိုင်းမှာ အစောင့်ထားတဲ့ ဒူးလေးကိုင် တွေ ရှောင်ထွက်လို့မဖြစ်ဘူး၊ ဒီရွာထဲ တစ်နေရာမှာ ရှိတယ်ထင်တယ်၊ ရှာလို့ တွေ့ရင် သတ်ခွင့်ပေးပါ ဘုရင်မ ... "

ခေါင်းဆောင်လုပ်သူက ဖြေလိုက်၏။ ဘုရင်မ၏ အသံသည် အတန်ကြာ ဆိတ်ငြိမ်နေပြီးမှ ...

" ကောင်းပြီ ရှာလို့တွေ့ရင် သဘောအတိုင်း စီရင်လိုက် "

ဘုရင်မသည် မှသားလွှတ် အမိန့်ပေးလိုက်၏။ နှောင် သားများသည် ဘုရင်မ၏ ရှောရှောရှူရှူ ကြည်ဖြူသော အမိန့်ကို အားရကျေနပ်ဟန်ဖြင့် " ရှာကြပေ့ ... တွေ့တဲ့လူ သတ်လိုက်ပေ့ ... "ဟု အော် ဟစ်ကာ ထွက်သွားကြသည်။ အိမ်တော်ပတ်ဝန်းကျင်မှာ တိတ်ဆိတ် ငြိမ်သက်သွားပြန်သည်။

" သင်တို့နှစ်ယောက် ငါ့ကို ကြိုက်နေတယ်ဆိုတာ ဟုတ်သလား ... "

လသာဆောင်မှ ပြန်ဝင်လာသော ဘုရင်မက ကိုမျိုးခိုင်နှင့် ကိုစောအောင်တို့ရှိရာသို့ ပြန်ရောက်လျှင် ရောက်ခြင်း --- လိုက်၏။

ကိုမျိုးခိုင်ကမူ မဖြေပေ၊ ဆိတ်ဆိတ်နေလိုက်၏။ ရှက်ရွံ့အားနာသောစိတ်နှင့် ဘုရင်မအား မကြည့်ဘဲ မျက် နှာကို တခြားဘက်သို့ လှည့်ထား၏။

ကိုစောအောင်ကမူ ရဲရင့်သော မျက်နှာဖြင့် ဘုရင်မအား စေ့စေ့ကြည့်ကာ ... ။

" ဘုရင်မကို ချစ်ကြိုက်နေတာ တို့နှစ်ယောက်လုံး ချစ်ဘကိုက်တာမဟုတ်ဘူး။ ငါတစ်ယောက်တည်းက ချစ်ကြိုက်တာ "

ဟု ပြတ်ပြတ်သားသား ပြောလိုက်၏။ ကြီးမားသော စုံမက်မြတ်နိုးခြင်းအရှိန်ကို အစွမ်းကုန်လွှတ်ကာ တောက်ပသော မျက်လုံးဖြင့် စူးစူးစိုက်စိုက် ကြည့်လိုက်သော ကိုစောအောင်၏ မျက်လုံးဒဏ်ကို ဘုရင်မ သည် ရင်ဆိုင်ရန် မရဲဝံ့သည့်အလား မျက်လွှာချကာ ခေါင်းငုံ့လိုက်၏။

ငါ့ညီလေးကို နှောင်စင်္ဂကြ ထွက်ခွာဖို့ ဘုရင်မကိုပစ်တိုင်နှင့် ပေးပါဟူသော ကိုမျိုးခိုင် စကားအဓိပ္ပာယ်ကိုဘုရင်မ ရေလည်သွားလေပြီ။

အတန်ကြာမှ ဘုရင်မသည် ဦးခေါင်းကို မော့ကာ ...

" မအပ်မရာကို သင်ဘာကြောင့် ကြံစည်စိတ်ကူးချင်ရသလဲ၊ ငါ့မျက်စိအောက်မှာ သေကြေပျက်စီးမှာကို မမြင်ချင်လို့ ငါ့လူတွေကို မှသားလွတ် အဖြေပေးလိုက်တာ၊ နှောင်စင်္ဂကြ အခုည အခုချိန်မှာ ချက်ချင်း ထွက်သွားပါ ... "

ဟု တည်ငြိမ်သောအသံဖြင့် ပြောလိုက်၏။

" ဘုရင်မကို ခွဲခွာပြီး အသက်ရှင် မနေလိုတော့ပါ၊ နှောင်စင့်သားတွေ သတ်ရင်လဲ သေပါစေ၊ ဘုရင်မရှေ့မှာပဲ ငါ အသေခံမယ်၊ နှောင်စင့် ဒေသက ငါ ဘယ်ကိုမှ မသွားပါရစေနဲ့ ... "

ကြေကွဲလှိုက်လှဲစွာ ပြောလိုက်သော ကိုစောအောင်အား ဘုရင်မသည် ငေးစိုက်ကြည့်ကာ မျက်နှာညှိုးသွား လေသည်။ စင်ကြယ်မြင့်မြတ်သော အကျင့်သိက္ခာကို ထိန်းသိမ်းကာ အပျိုစင်ဘ၀ဖြင့် နေရလင့်ကစား ပုထုဇဉ် လူသားမိန်းမတစ်ယောက်သာလျှင်ဖြစ်သော ဘုရင်မသည် ကိုစောအောင်အတွက် စိတ်ထိခိုက် သွားရှာပြီဖြစ်ကြောင်း ကိုမျိုးခိုင် ကောင်းစွာ အကဲခတ်လိုက်မိသည်။

ဇါတ်တရွတ်နိုင်လှသော ကိုစောအောင်ကား မိမိစကားကို မည်သည့်နည်းနှင့်မှ နားဝင်မည် မဟုတ်၍လည်း ကိုမျိုးခိုင်သည် ဘုရင်မအား ဖျောင်းဖျပေးစေလိုသည့် အမူအရာကို ထင်ရှားစွာပြသည့် မျက်နှာဖြင့် အားကိုး မျှော်လင့်စွာ မော်ကြည့်လိုက်၏။

ကိုမျိုးခိုင်၏ မျက်နှာထားကို ဘုရင်မ ရိပ်စားမိဟန်တူသည်။ ဘုရင်မသည် ညှိုးသွားသော မျက်နှာကို လျင် မြန်စွာ ပြင်လိုက်၏။

" သင် ... ငါ့ကို တကယ်ချစ်သလား .... "

ဘုရင်မက မေးလိုက်၏။

" တကယ်ချစ်ပါတယ် ဘုရင်မ "

" ကောင်းပြီ၊ သင် တကယ်ချစ်ပါတယ်ဆိုတဲ့ ဘုရင်မအဖို့ အကျင့်သိက္ခာ ပျက်ပြားတဲ့ မိန်းမတစ်ယောက်အဖြစ် ရောက်ပြီး လက်အောက်ငယ်သား များက မရိုမသေ ဒဏ်ခတ်သတ်ဖြတ်လို့ မရှုမလှသေရမှာကို သင်ကြည့် ရက်မလား "

ဘုရင်မက ဝမ်းနည်းသံ မသိမသာနှောင့်ပြီး ပြောလိုက်၏။

" မကြည့်ရက်ပါဘူး ဘုရင်မ "

" အေး ... မကြည့်ရက်ရင် အခုချက်ချင်း နှောင်စင့်က ထွက်ခွာပါ၊ ငါနဲ့ ရံရွှေတော်နှစ်ဦးက သင်တို့ လွတ် မြောက်အောင် လျှို့ဝှက်တဲ့လမ်းက လိုက်ပို့ပေးမယ်၊ ငါ့အိမ်တော်မှာ ကြာကြာနေရင် နှောင်စင့်သားတွေ သိ လိမ့်မယ်၊ သင် မထွက်ခွာဘူးဆိုလျှင် ငါ့အရှက်ကို အသက်နဲ့လဲရမှာမို့ အခုချက်ချင်း လတ်တလောသေစေ တဲ့ အဆိပ်ကို သောက်လိုက်မယ် "

ဘုရင်မ၏ အသံမှာ ငိုသံပါနေသည်။ သူသည် အရှက်ကို ထိန်းသိမ်းလိုသည့် ဆန္ဒတစ်ခုတည်းသာ ရှိပါက ယခုချက်ချင်း နှောင်စင့်သားများအား အသိပေးလိုက်လျှင် ဖြစ်ကောင်းပါလျက် သူ့အသက်ကို အဆိပ်ဖြင့် စီရင်ရန်ပင် မလိုချေ။

စကားအစိပ္ပာယ်မှာ ရှင်းလှပေ၏။ ရက်စက်စွာ။ စီရင်မည့် နှောင်စင့်သားများလက်သို့ ကိုစောအောင်အား သူမအပ်ရက်သည်မှာ ထင်ရှားနေကြောင်း ကိုမျိုးခိုင်က ကောင်းကောင်းကြီး အကခြတ်လိုက်မိ၏။

" ညီလေးအတွက် ဘုရင်မ စိတ်ထိခိုက်နေတာ မြင်ပြီမဟုတ်လား၊ သူ့ကိုတကယ်ချစ်ရင် သူ့အရှက်နဲ့အသက်ကို ငဲ့ကွက်ပါ ညီလေး၊ နှောင်စင့်က ထွက်ကြပါစို့နော် "

ကိုမျိုးခိုင်က ညင်သာသောအသံဖြင့် ကိုစောအောင်၏ ပခုံးကိုဖက်ပြီး ပြောလိုက်သည်။ ကိုစောအောင် သည် မျက်ရည်ရစ်ဝိုင်းသော မျက်လုံးဖြင့် ဘုရင်မအား စိမ်းစိမ်းစိုက်ကြည့်ကာ လေးလံသောသက်ပြင်းကို ချလိုက်၏။

" ကဲ ... သွားစို့ ညီလေးရယ် "

ကိုမျိုးခိုင်ကပြောကာ ကိုစောအောင်ကိုဆွဲပြီး ထိုင်ရာမှ ထလိုက်၏။ ကိုစောအောင်သည် ရုန်းကန်ခြင်းမပြုဘဲ မတ်တတ်ရပ်လိုက်သည်။

" အချိန်လင့်လို့ မသင့်တော်တော့ပါဘူး ဘုရင်မ၊ တို့ ညီအစ်ကို နှောင်စင့်ဲက လွတ်မြောက်အောင် လမ်းကို အမြန်ဆုံးပြပါ "

နှောင်စင့်ဲဒေသမှာ အကျိုးမဲ့ အချိန်ကုန်ပြီး အသက်အန္တရာယ်ဖြစ်မည်ကို မလိုလားသော ကိုမျိုးခိုင်က ဘုရင်မအား နှိုးဆော်လိုက်သည်။

" ကောင်းပြီ ... သွားကြစို့ "

ဘုရင်မက ပြောပြီး ကိုမျိုးခိုင်နှင့် ကိုစောအောင်တို့အား အထူးခင်မင်နေသော ရုံရွှေတော်နှစ်ဦးကို ရွေးပြီး ခေါ်လိုက်သည်။ ကိုမျိုးခိုင်တို့လူစု ဘုရင်မအိမ်တော်မှ ထွက်ခွာအံ့ဆဲဆဲ အချိန်ကား သက်ကြီးခေါင်းချ ကြက်တွန်သံကိုပင် ကြားရပြီဖြစ်၍ ည ဆယ့်တစ်နာရီမျှရှိနေပြီကို ကိုမျိုးခိုင် မှန်းဆမိသည်။ ကုသိုလ်ကံက ထောက်ကူသည့်အလား ထိုအချိန်မှာ မိုးသားများ ပိတ်ဖုံး၍ လမင်း၏ အလင်းရောင်သည် မှိုင်းမှောင်သွား ပြီဖြစ်ရာ ကိုမျိုးခိုင်တို့လူစုသည် ဘုရင်မအိမ်တော်မှ မည်သူတစ်စုံတစ်ယောက်မှ မမြင်စေဘဲ ချောမောစွာ ထွက်ခွာနိုင်ခဲ့ကြလေသည်။ တစ်လမ်းလုံး မည်သူကမှ စကားမပြောကြဘဲ တိတ်ဆိတ်ငြင်သာစွာ လာခဲ့ ကြလေသည်။

ဘုရင်မက ရှေ့ဆုံးမှ သွားသည်။ ကိုမျိုးခိုင်နှင့် ကိုစောအောင်က ဘုရင်မနောက်မှ လိုက်သည်။

ရုံရွှေတော်နှစ်ဦးကား နောက်ဆုံးမှလိုက်လာကြသည်။ အိမ်ငယ်မှ အတန်ငယ်ဝေးကွာသောနေရာ သစ်ပင် အုပ်တစ်ခုသို့ ရောက်သောအခါ ဘုရင်မသည် ရုတ်တရက် ရပ်လိုက်ပြီး ...

" ညှော့သည်နှစ်ယောက် မျက်နှာကို အဝတ်နဲ့စည်းလိုက် "

ဟု ရုံရွှေတော်နှစ်ဦးအား အမိန့်ပေးလိုက်ပြီး ...

" သင်တို့ပကို ငါ့ရင်ထဲ အသည်းထဲက ထားတဲ့ စေတနာကြောင့် နှောင်စင့်ဘုရင်မတွေရဲ့ အစဉ်အလာကို ဖျက်ပြီး အခုလို ကိုယ်တိုင်လိုက်ပို့ရခြင်းဖြစ်တယ်၊ နှောင်စင့်သားတွေသိရင် သစ္စာမရှိ၊ သမာဓိမတည်တဲ့ ဘုရင်မရယ်လို့ နန်းချအပြစ်ပေးမှာ အမှန်ပဲ၊ ယခုပါလာတဲ့ရုံရွှေတော်နှစ်ဦးက တစ်သက်လုံး နှုတ်လုံပါမှ ငါ့အဖို့ သက်သာရာရမယ်၊ သို့သော် ... ဖြစ်လာမယ့် အရေးတွေ ငါတွေးမပူပါဘူး၊ သင်တို့နှစ်ယောက် ငါ့မျက်စိအောက်မှာ မသေကြေဘဲ ချမ်းသာစွာ လွတ်မြောက်သွားဖို့ကိုသာ လိုလားပါတယ်၊ မျက်နှာကို အဝတ်စီးမှာ မငြင်းဆန်ကြပါနဲ့ကွယ် ... "

ဘုရင်မ၏အသံမှာ အနည်းငယ်တုန်နေသည်။

" ညီလေး ငြင်းဆန်မနေနဲ့နော်၊ ညီလေးအပေါ်မှာ စေတနာမေတ္တာထားတဲ့ ဘုရင်မကို ငဲ့ညှာပြီး စိတ်ကို ချုပ် တည်းပါညီလေး ...၊ ညီလေး အချစ်နောက်ကို မစဉ်းမစား ကိုယ်ရောစိတ်ရောပါသွားရင် ဘုရင်မမှာ နစ်သွားလိမ့်မယ် ... "

ရံရွှေတော်နှစ်ဦးက သူတို့ပခုံးပေါ်မှာ တင်ယူလာသော အဝတ်ဖြူများနှင့် ကိုမျိုးခိုင်နှင့် ကိုစောအောင်၏ မျက်နှာကို စည်းနေစဉ်မှာ ကိုစောအောင် စိတ်နောက်ကိုယ်ပါ ပြုမည်စိုး၍ ကိုမျိုးခိုင်က စိုးရိမ်စွာ ဖျောင်းဖျ လိုက်၏။

ကိုစောအောင်ကား တစ်စုံတစ်ရာမှမပြော၊ အသက်ကိုပြင်းပြင်းရှူရှူကာ ငြိမ်နေသည်။ ရံရွှေတော်နှစ်ဦးသည် မျက်လုံးနေရာကို ဂရုစိုက်ပိတ်ပြီး ဖြစ်ကြောင်း ဘုရင်မအား ပြောကြားလိုက်၏။

ဘုရင်မသည် ခါးတွင်ချည်ထားသော ပိုးခါးစည်းကြိုးကိုဖြေကာ တစ်ဖက်အစကို ကိုမျိုးခိုင်နှင့် ကိုစောအောင်အား ကိုင်ဆွဲစေပြီး တစ်ဖက်သောအစကိုဆွဲကာ လမ်းပြခေါ်ဆောင်သွားလေသည်။

မျက်ကန်းသဖွယ် ဘာကိုမှမမြင်ရသော ကိုမျိုးခိုင်နှင့် ကိုစောအောင်တို့မှာ ဂူအတွင်းဝင်ရသလိုလို၊ ဥမင်လိုဏ်ခေါင်းကို ဖြတ်ရသလိုလို ချောက်ကမ်းပါးဆင်းရသလိုလို တောင်ပေါ်တက်ရသလိုလိုဖြင့် မှန်းဆ၍ မရသောခရီးကို စမ်းတဝါးဝါးလိုက်လာခဲ့ရာမှ တောကြက်တွန်သံများကို ကြားရသောအချိန်တွင် ခရီးလမ်းဆုံးရောက်သည့် လက္ခဏာဖြင့် ဘုရင်မသည် ရပ်တန့်ကာ ...

" သင်တို့ မျက်နှာမှာ စည်းထားတဲ့ အဝတ်တွေကို သင်တို့ ကိုယ်တိုင်ဖြေကြရမယ်၊ ဒါပေမယ့် အဝတ်ကို မဖြေမီ သင်တို့ စိတ်ထဲက ဗုဒ္ဓါ သံဃလို့ အကြိမ်ငါးဆယ်စီ ရွတ်ဆိုပါ။ အကြိမ်ငါးဆယ်စေ့မှ အဝတ်ကို ဖြေကြနော်၊ ဒီနေရာက မြောက်အရပ်ကို မျက်နှာမူပြီး ပြန်ကြပေရော့ ... "

ဟု ဝမ်းနည်း ကြေကွဲသံဖြင့် ပြောလိုက်၏။

" နှောင်စငဲ့ဒေသက လွတ်ပြီလား ဘုရင်မ ... "

ကိုစောအောင်က မေးလိုက်သည်။

" လွတ်ပြီ … ငါပြောတဲ့စကားကိုသာ လိုက်နာပါ … "

ဘုရင်မက ပြောပြီး အသံတိတ်သွားသည်။ ကိုမျိုးခိုင်နှင့် ကိုစောအောင်တို့သည် ဘုရင်မ မှာကြားသည့် အတိုင်း စိတ်တွင်းမှ ဗုဒ္ဓ၊ ဓမ္မ၊ သံဃဟု အကြိမ်ငါးဆယ် ရွတ်ဆိုကာ မျက်နှာစည်းထားသော အဝတ်များကို ဖြေလိုက်၏။

အချိန်မှာ အရုဏ်ရွှေတော် နှစ်ယောက်ကား အရိပ်အရောင်ပင် မတွေ့ရအောင် ပျောက်ကွယ်သွားပြီဖြစ်၏။

မှိုင်းညို့ရီမှောင်သော နှောင်စင့် တောင်တန်းကြီးကား အရုဏ်ဦး၏ မှုန်ရီမှုန်ပြွား အလင်းရောင်ဝယ် မှေးမှေး မှိန်မှိန် မျှသာ တွေ့ရလေသည်။

နှောင်စင့်ဒေသ ဘုရင်မစံရာကို လာခဲ့ကြစဉ်ကလည်း အဘိုးကြီး သုံးယောက်နှောင်မှုညအမှောင်ဝယ် ယောင် ဝါးဝါးလိုက်ခဲ့ရ၍ လမ်းမမှတ်မိခဲ့၊ အခု အပြန်ခရီးမှာလည်း မျက်လုံးကို အလုံပိတ်စည်းပြီး ခေါ်ခဲ့ သည်ဖြစ်၍ လမ်းစကို မှန်းဆ၍ မရနိုင်အောင် ဖြစ်ရလေသည်။

ကိုစောအောင်သည် နှုတ်ခမ်းကို တင်းတင်းစေ့ကာ မလှုပ်မယှက်ရပ်၍ နှောင်စင့်တောင်တန်းဆီသို့ ငေးစိုက်တွေဝေစွာ ကြည့်နေရှာသည်။

" ညီလေး …. ကိုယ့်ကို ဘာဝကြင်ဖော်အဖြစ် စိတ်မကူးနိုင်သူ ထူးဆန်းတဲ့ ဘဝမှာရှိနေတဲ့ မိန်းမတစ် ယောက်အတွက် စိတ်ဆင်းရဲ စွဲလမ်းနေတာ အကျိုးမရှိပါဘူး၊ အဘတို့ထံ အမြန်ရောက်အောင် ပြန်ာကတာ ကောင်းပါတယ်။ အခု လောက်ကြာနေရင် အဘတို့ စိတ်ပူနေရှာလျှရော့မယ် ညီလေး၊ တို့ညီအစ်ကို သထုံကထွက်လာတာ နှစ်နှစ်နီးပါးရှိပြီနော် "

ကိုမျိုးခိုင်က ချော့မော့သတိပေးကာ ကိုစောအောင်၏ လက်မောင်းကို ယုယစွာဆွဲခေါ်ရာ လိုက်ပါရင်းက ...

" နန့်နှောင်းခါရီက ကျွန်တော့်ကို ရက်စက်ရင် ကျွန်တော် ဒါလောက် စိတ်မထိခိုက်ပါဘူးအစ်ကို၊ သူ ကျွန်တော့်ကိုချစ်ပါတယ်၊ ရိုးတွင်းခြင်ဆီထိ အောင် စွဲနေတဲ့ သူတို့ အစဉ်အလာ ဓလေ့ထုံးစံကြီးကြောင့်... "

ကိုစောအောင်၏ အသံသည် ဆို့နင့်ကြေကွဲစွာ တစ်ပိုင်းတစ်စနှင့် ရပ်လိုက်ပြီး ခေါင်းငိုက်စိုက်ချကာ ကိုမျိုးခိုင်၏ နောက်သို့ လိုက်လာသည်။

" ဘာပဲဖြစ်ဖြစ်လေ၊ သူကမှ ညီလေးကို လက်မခံနိုင်ဘဲ ဟာ ဆွေးနေလို့မဖြစ်သေးဘူး၊ အဘဆီ မြန်မြန်ပြန် ရောက်အောင် လမ်းစရှာဖို့ အရေးကြီးတယ် ညီလေး၊ အခု တို့ဘယ်နေရာ ရောက်နေမှန်းတောင် မသိဘူး၊ သူ့မှာလိုက်တဲ့အတိုင်း မြောက်ကို မျက်နှာမူသွားကြစို့ ညီလေး ... "

ကိုစောအောင်သည် ထွက်ပြူစနေရောင်တွင် ပြာမှောင်မှောင် မြင်နေရသော နှောင်စင့်တောင်တန်းအား တမ်းတကြေကွဲစွာ တစ်ချက်ချ လှည့်ကြည့်လိုက်ပြီး ကိုမျိုးခိုင်နှင့်အတူ မြောက်အရပ်သို့ မျက်နှာမူကာ ခြေလှမ်းပြင်လိုက်သည်။

-------------------------

## အခန်း(၁၆)

" ဟော ... လူကလေးတို့ ပြန်လာပြီ "

" ဟယ် ... သားတို့ ရောက်လာကြပြီကော "

ဦးစောခိုင်နှင့်ဒေါ်မှုံအသံက ဝမ်းသာရွှင်မြူးစွာ ထွက်ပေါ်လာလေသည်။

" သားတို့နှစ်ယောက် မသေမပျောက် ပြန်ရောက်လာကြပြီနော်၊ အဖေ ဝမ်းသာလိုက်တာကွယ် "

ခရီးပန်းလှသဖြင့် အိမ်ပေါ်သို့ ရောက်လျှင် ရောက်ခြင်း ခြေပစ်လက်ပစ် ထိုင်ချလိုက်ကြသော ကိုမျိုးခိုင် နှင့် ကိုစောအောင်အား ဦးစောခိုင်က အားတက်သရော မေးလိုက်သည်။

" မအောင်မြင်ခဲ့ဘူး အဖေ၊ ကြိုးပမ်းချက်ကော ရည်မှန်းချက်ကော။ မျှော်လင့်ချက်ကော အားလုံး လွဲခဲ့တယ်"

အဓိပ္ပာယ်မျိုးစုံပါဝင်သော စကားဖြင့် ကိုစောအောင်က ဖြေပေးကာ ဖခင်ထိုင်နေသော သင်ဖြူးပေါ်သို့ အား အင်ကုန်ခမ်းနေသူကဲ့သို့ လဲလျောင်းပြီး အိပ်လိုက်သည်။

" ဘယ်လို ဖြစ်လာကြသလဲသားတို့၊ နှောင်စငွဲကို မရောက်ကြဘူးပေါ့ "

ဦးစောခိုင်က အရေးမကြီးသောလေသံဖြင့် မေးလိုက်၏။ --- ကပင် သွားစေလိုသော ဆန္ဒမထက်သန်ခဲ့ဘဲ၊ သားဖြစ်သူ၏သဘောကို လိုက်လျောခဲ့ရသဖြင့် မေးသင့်သော မေးခွန်းဖြစ်၍သာ မေးလိုက်ရသည်။ ဦးစောခိုင် ဘာကိုမှ မမျှော်လင့်ချေ။ မသေမပျောက် ပြန်ရောက်လာကြသည်ကိုပင် ဝမ်းသာဆုံးအောင် ဖြစ်ရ၏။

" ရောက်ခဲ့ပါတယ် အဖေ ... "

ကိုစောအောင်က ထိုမျှသာဖြေကာ တိတ်နေလိုက်ပြီး လဲလျောင်းနေရာက မျက်နှာကို အိမ်ခေါင်မိုးဆီသို့ မော့ကာ အဓိပ္ပာယ်မရှိ စူးစိုက်ကြည့်နေသည်။

ကိုစောအောင်၏ စိတ်ထဲမှာ အနာဟောင်း မပေါ်အောင် ကိုစောနိုင်လည်း ကျေနပ်အောင် မိမိက အကျိုးအာ ကြောင်း သင့်လျော်ရုံ ပြောပြမှုဖြစ်မည်ဟု စဉ်းစားလိုက်၏။

" ကျွန်တော်တို့ ဆာလာတယ် ဒေါ်မှုံရေ၊ စားစရာတစ်ခုခုလုပ်ပါဦး၊ တောထဲမှာ ငတ်ခဲ့သမျှ အိမ်ရောက်မှ အတိုးချစားမယ်... "

အနားတွင် ထိုင်နေသော ဒေါ်မှုံအား ကိုမျိုးနိုင်က ပြောလိုက်သည်။

" အေး ဟုတ်ပါရဲ့၊ လူကလေးတို့ ပြန်လာတာနဲ့ ဒေါ်မှုံလဲ ဝမ်းသာမေ့မောပြီး ထိုင်ကြည့်နေလိုက်တာ မီးဖိုထဲ ဝင်ဦးမှပဲ။ ဦးဖိုးဦးလဲ စားသောက်စရာ ရှာဖွေဝယ်ချမ်းဖို့ ထွက်သွားလေရဲ့ ဘာတွေပါလာမယ်မသိဘူး၊ ဂျပန်ခေတ်မှာ တကယ်ရှားပဲကွယ်၊ လူကလေးတို့ ရောက်ခဲ့တဲ့ နေရာမှာတော့ ပေါမလား၊ မပြောတတ်ဘူး...၊ ဒေါ်မှုံတို့ဖြင့် အစားကောင်း အသောက်ကောင်း ငတ်နေတာ စစ်မဖြစ်တဲ့ အချိန်ကတည်းကပဲကွယ့် ... "

ဒေါ်မှုံက တပြစ်တောက်တောက်ပြောကာ မီးဖိုချောင်ဆီသို့ ထသွားလေသည်။ ကိုမျိုးနိုင်က ဦးစောနိုင်ဘက် မျက်နှာမူလိုက်ပြီး တွေ့ကြုံခဲ့ရပုံကို အကျဉ်းရုံး ပြောလိုက်၏။

" နှောင်စင့်ကို ရောက်ခဲ့ပါတယ်အဘ၊ ခရီးကကြမ်း လမ်းက ခဏခဏမှားလို့ ဒီလောက် ကြာသွားတာပါ၊ နှောင်စင့်က အဘတို့ ပေစာမှတ်တမ်းမှာ ညွှန်းထားသလို မဟုတ်တော့ဘူး၊ တော်တော်ကို ဆုတ်ယုတ်ပျက် စီးနေပြီ၊

မှတ်တမ်းမှာပါတဲ့ နေရာတွေမှာလဲ မဟုတ်တော့ဘူး၊ လူတွေသစ္စာကတိ မတည်ကြတော့လို့ မြ ဘုရားရော ဆေးပင်တွေရော အလိုအလျောက် ပျောက်ကွယ်ကုန်တာ နှစ်ပေါင်းတော်တော်ကြာပြီပြော တယ်၊ တောင်ထိပ်ရောက်အောင် တက်ဖို့ နှောင်စင့်သားတွေက ခွင့်ပေးပါတယ်၊ ဒါပေမယ့် တောရိုင်းတိရစ္ဆာန်တွေ အားကြီးလွန်းလို့ ကျွန်တော်တို့လဲ အကျိုးမရှိတဲ့အတူ ဒုက္ခမခံတော့ဘဲ ပြန်လာခဲ့ တာပဲ အဘရဲ့ "

ဘုရင်အကြောင်း လုံးဝမှ လေသံမဟဘဲ ကိုမျိုးခိုင်က ပြောပြလိုက်၏။

" ဘုရင်မဆိုတာရော တွေ့ခဲ့လား "

ဘာမျှ မသိရှာသော ဦးစောခိုင်က သိဝှက်ထားသည့် အကြောင်းကိုမှ မေးလိုက်သည်။

" တွေ့တော့တွေ့ခဲ့ပါတယ်အဘ၊ ဒါပေမယ့် သူတို့တစ်တွေက သူတို့နေရာကို လူစိမ်းဝင်တာ မနှစ်မြို့ဘူး၊ ကြာရှည် လက်မခံရင်တော့ဘူးဆိုတာ ကျွန်တော်တို့ သိရတယ်၊ အဘတို့ပေစာ မှတ်တမ်းကတော့ တကယ့်ကို အဖိုးတန်တဲ့ ဖြစ်ရပ်မှန်ကို မှတ်တမ်းတင်ခဲ့ပေမယ့် အခုမျက်မြင်အခြေအနေမှာတော့ ယုံတမ်း စကားလို ဖြစ်နေတာပဲ အဘရဲ့ "

" အေးပေါ့ကွယ်၊ အခုခေတ်လူတွေနဲ့ မထိုက်တန်တော့လို့ ကွယ်ပျောက်ကုန်တယ်ပဲ မှတ်ယူရမှာပေါ့ ... "

ဦးစောခိုင်က ထိုမျှသာ ပေါ့ဆဆပြောလိုက်၏။ သို့သော် သူကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ ဖြစ်ခဲ့ရပါလျက် နှင့် လက်လွှတ်ရသည်ကို သတိရဟန်ဖြင့် အတန်ကြာ ငေးနေပြီးမှ " တောက် လူယုတ်မာကို အဖော်ပြမိလို့ သာပေါ့ကွယ် မဟုတ်ရင် ဆေးပင်တွေ အဘရတာပေါ့ "

ဟု တောက်ခေါက်ကာ မချင့်မရဲပြောလိုက်၏။ ကိုမျိုးခိုင်သည် ခေါင်းနပန်းကြီးသွားကာ မျက်နှာမပျက်မိ အောင်သတိထားလိုက်ရသည်။

ကိုစောအောင်ကား တစ်ခွန်းမှ ဝင်ရောက် ပြောဆိုခြင်း မပြုဘဲ မျက်စိမှတ်ကာ ငြိမ်နေသည်။ မှိတ်ထားသော သူ၏ မျက်စိတွင် နန့်နှောင်းခါရီကို မြင်နေပေသည်။ ငြိမ်နေသော သူ့ခန္ဓာကိုယ်မှ စိတ်ဝိညာဉ်တို့သည် နှောင်စင့်တောင်တန်းကို ရောက်နေပေမည်ဟု ကိုမျိုးခိုင်အတတ်တွေးမိ၏။

" ကျွန်တော်တို့ ခရီးထွက်နေချိန်မှာ အဘတော်တော် ကျန်းမာတယ် ထင်တယ်၊ အဘ ဝလာတယ် "

ကိုမျိုးခိုင်က စကားလွှဲလိုက်၏။

" အေးကွယ် ... စားသောက်လို့လဲကောင်းတယ်၊ အား တော်တော် ပြည့်လာလို့ ခြံအလုပ်ကိုတောင် အဘ ဆင်းလုပ်နေနိုင်ပြီပဲ၊ အဘဦးနဲ့ မယ်မှုံကလဲ ကူညီကြတယ်လေ "

" အဘကျန်းမာတော့ ကျွန်တော်လဲ စိတ်ချမ်းသာတာပေ့ါ၊ ဒါထက် ကျွန်တော် ရန်ကုန် ပြန်ဦးမယ်အဘ၊ အိမ်လဲ ပစ်ထားခဲ့ရတာ ဘယ်လို ဖြစ်နေလဲ မသိဘူး၊ တိုင်းပြည်အခြေအနေလဲ စုံစမ်းရင်းပေ့ါ "

ကိုမျိုးခိုင်က အကြောင်းပြ ပြောဆိုလိုက်သည်။ စိတ်ထဲက စီစဉ်ချက်ကား စစ်ကိုင်းသို့လိုက်ပြီး ခင်ခင်လေး အား သွားတွေ့ဆုံရန် ဖြစ်သည်။

" အင်း ... အဘကတော့ သားရင်းနဲ့မခြား ခင်မင်တွယ်တာလို့ မသွားစေချင်သော်လဲ မောင်ရင့် အကြောင်း ပြချက်ကလဲ ခိုင်လုံနေတော့ တားလို့မဖြစ်ပေဘူး၊ ဘယ်တော့သွားမလဲ "

" ချစ်ရက် လောက် အမောဖြေပြီးမှ သွားမယ် အဘ၊ ဒေါ်မှုံကိုတော့ ကျွန်တော် ထားခဲ့ဦးမယ်နော် အဘ၊ အခြေအနေ ကြည့်ပြီး ခေါ်သင့်မှ ပြန်ခေါ်မယ် "

" အေး ... အေး၊ ကြည့် စီစဉ်ပေါ့ သားရယ်၊ သြော် ... စစ်ကြီး ဖြစ်လာခဲ့တာ နှစ်နှစ်ကျော်နေပေါ့၊ လူတွေ ဒီဒုက္ခဘယ်တော့မှ လွတ်ပါ့မလဲ "

ဦးစောခိုင်က ညည်းညည်းညူညူပြောကာ လဲလျောင်းနေသော သားဖြစ်သူ ကိုစောအောင်အား ငုံ့ကြည့်လိုက်ပြီး ...

" သားလဲ မောမောနဲ့ အိပ်ပျော်သွားရှာပြီ။ ကဲ ... အမောဖြေကြဦး၊ အဘလဲ ခြံထဲဆင်းလိုက်ဦးမယ် "

ဦးစောခိုင်က ပြောဆိုကာ ထိုင်ရာမှ ထလိုက်၏။

" ဟုတ်ကဲ့ ... အဘ "

-------------------

အခန်း(၁၇)

ကိုမျိုးခိုင်သည် စစ်ကိုင်းတောင်ရိုး ပဲစားချောင်သို့ ပေါ့ပါး သွက်လက်သော ခြေလှမ်းဖြင့် ရောက်လာသည်။ ပဲစားချောင်မှာ အုပ်ချုပ်သူ ဆရာတော်ကြီး၏ စည်းကမ်း စနစ်ကျမှုကြောင့် တစ်ကြောင်း။

နေထိုင်သူများ သေဝပ်လိမ္မာ၍တစ်ကြောင်း၊ ဆူဆူညံညံ လူသံဟူ၍ မကြားရလောက်အောင် အေးချမ်းဆိတ် ငြိမ်လှသည်။

ချောင်အတွင်းရှိ မိမိတို့ ခိုအောင်းရာ ကျောင်းဇရပ်မှ အပြင်ပသို့ အရေးတကြီးကိစ္စမရှိဘဲ ကူးသန်းသွားလာ ထွက်ခွာခြင်းမရှိ၍လည်း အမှတ်မဲ့ကြည့်သော် ရဟန်းရှင်လူ၏ အရိပ်အရောင်ကိုပင် မမြင်ရအောင် ရှင်းနေ သည်။

ကိုမျိုးခိုင်သည် ခင်ခင်လေးတို့ ရှိမှရှိကြပါသေးရဲ့လားဟူသော ဇဝေဇဝါစိတ်ဖြင့် ဝင်ရောက်လာခဲ့၏။ အဆင် သင့်ပင် စိပ်ပုတီးကိုင်ကာ တရားထိုင်ရာမှ ထွက်လာသော ဦးထွန်းသစ်အား မြင်ရသဖြင့် ဝမ်းသာစွာအသံပြု နှုတ်ဆက်လိုက်သည်။

ခင်ခင်လေးသည် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသော ကိုမျိုးခိုင်ကို မြင်ရသောအခါ ဝမ်းသာမဆုံး တပြုံးပြုံး ဖြစ်နေရှာသည်။

သူတော်ကောင်းတို့ ကိန်းအောင်းမွေ့လျော်ရာ ဤဒေသမှာ ဒုက္ခသည်အဖြစ် လာရောက်မှီခိုနေကြသည့် အခိုက် အိမ်ထောင်ပြုရန်မှာ မသင့်တော်၍ တစ်ကြောင်း၊ တိုင်းပြည် အခြေအနေကောင်းမှ တင့်တင့်တယ် တယ် လက်ထပ်မည်ဟူသော ရည်စူးချက်က တစ်ကြောင်းကြောင့် ကိုမျိုးခိုင်နှင့် ခင်ခင်လေးသည် သစ္စာရှိရှိ ပိရိသေဝပ်စွာ ကျွန္ဒြေရရ နေလာခဲ့ကြရာမှ ဖက်ဆစ်ဂျပန်ကို တစ်ပြည်လုံးက တော်လှန်သောအချိန်သို့ ရောက်လာလေသည်။

ပြေးရင်းလွှားရင်း တွေ့ရာမြင်ရာကို အကုန်ရမ်းကား မွှေနှောက် သွားတတ်သော ဂျပန်များကြောင့် တထိတ် ထိတ်တလန့်လန့် နေရသောအချိန်မှာ အပျိုအရွယ်မိန်းကလေးများ အန္တရာယ်အများဆုံးဖြစ်သည့်အလျောက် ကိုမျိုးခိုင်သည် မိမိကိုယ်တိုင်က လက်ဖျားနှင့် မထိရက်ခဲ့သော ချစ်သူ ခင်ခင်လေးအား မျက်စိအောက်က အပျောက်မခံနိုင်အောင် စိုးရိမ်ပူပန်နေမိလေသည်။

စီကနဲ ညံကနဲကြားလျှင် ပဲစားချောင်းအတွင်းရှိ ယောက်ျားသားမှန်သမျှ မိမိတို့ သက်ဆိုင်ရာ မိန်းမသား များ၊ ကလေးများကို လုံခြုံရာသို့ ကွက်ဝှက်ကြရသည်မှာ ဒုက္ခကြီးလေးလှပါတော့သည်။

ကိုမျိုးခိုင် စိုးရိမ်ပူပန်သည့် အတိုင်းပင် ဂျပန်တစ်စုသည် ပဲစားချောင်သို့ တစ်နေ့သောအခါ ဆိုက်ရောက် လာ၏။

ရဟန်း သာမဏေများမှလွဲ၍ ဒကာ္ခသည် လူဝတ်ကြောင်များ ရှောင်ရှားပုန်းအောင်းကြသည်တွင် ကံဆိုးရှာ သော ဦးထွန်းသစ်နှင့် ကိုမျိုးခိုင်တို့မှာ ရှောင်တိမ်းချိန်မရလိုက်ဘဲ ဂျပန်များ မိသွားလေတော့သည်။

ကြီးနှင့်တုပ်ကာ ဆွဲထုတ်သွားသည်ကို ခင်ခင်လေးနှင့်တကွ ပုန်းအောင်းနေသူများပင် မသိလိုက်ကြချေ။ ပဲ စားချောင်မှ တော်တော်ဝေးသော တောင်စောင်းတစ်ခုသို့ရောက်မှ ဦးထွန်းသစ်နှင့် ကိုမျိုးခိုင်အား ဂျပန်များက ရိုက်နှက်စစ်ဆေးကြလေသည်။

" မြန်မာ့ တပ်မတော်က စစ်သားတွေ ဒီမှာ ရောက်နေတယ် ဆိုတာ သိတယ်၊ သူတို့ ဘယ်နားမှာနေလဲ ...

စကားပြန်မှတစ်ဆင့် ဂျပန်စစ်ဗိုလ်က မေးလိုက်၏။ ဦးထွန်းသစ်နှင့် ကိုမျိုးခိုင်တို့ လုံးဝမသိချေ။ မသိကြောင်း ပြော၍လည်း မသက်သာ အရိုက်ခံရသည်။ သိပါသည် ဆိုရအောင်လည်း မြန်မာ့တပ်မတော်သားတွေ ရောက်လာသည့် သတင်းကို သိုးသိုး သန့်သန့်မျှပင် မကြားမိ။

" ခင်ဗျားတို့ နှစ်ယောက် မှန်တဲ့အတိုင်း ပြောကြပါ ...၊ မပြောရင် အခုချက်ချင်းသတ်လိမ့်မယ် "

စကားပြန်က လေသံမာကျောကျောဖြင့် ပြောလိုက်၏။ ကိုမျိုးခိုင်ကမူ မပြောလည်းသတ်၊ ပြောလည်း သတ်မည့်သူများအား အသနားခံ တောင်းပန်လိုစိတ် မရှိတော့ချေ။

ရေငုံနှုတ်ပိတ် ဆိတ်ဆိတ်သာနေသည်။ ဦးထွန်းသစ်ကသာ လွတ်လိုလွတ်ငြား တောင်းပန်လိုက်၏။ သို့သော် အကြောင်းမထူးချေ။

" တစ်ခွန်းမေး တစ်ခါရိုက် ဖြစ်နေရာ ဦးထွန်းသစ်နှင့် ကိုမျိုးခိုင်တို့ ထိုင်ပင်မထိုင်နိုင်ကြတော့ချေ။ မြေပေါ်မှာ တုံးလုံးလဲကာ ဂျပန်များ၏ စစ်ဖိနပ်နှင့် သေနတ်ဒင်အောက်တွင် လိမ့်နေကြလေသည်။

ထိုအခိုက် ဆူညံစွာ မြည်ဟည်းထွက်ပေါ်လာသော သေနတ်သံများနှင့် တစ်ပြိုင်နက် ဂျပန်အချို့သည် ဦးထွန်းသစ်နှင့် ကိုမျိုးခိုင်တို့အပေါ်သို့ ပုံလျက် ထပ်လျက် လဲကျကြလေသည်။ ကျန်ဂျပန်များမှာ ကြောက် ကန်ကန်သည့် သဘောဖြင့် ပြန်လည် ပစ်ခတ်ရင်း တောင်အောက် လှိုဏ်ကြီးအတွင်းသို့ ပြေးဆင်းပျောက် ကွယ်ကုန်ကြသည်။

အရိုးကြေလုမျှ ရိုက်နှက်ထားသော ဒဏ်ရာများနှင့် ကြိုးတုပ်ထားခြင်း ခံနေရသော ဦးထွန်းသစ်နှင့် ကိုမျိုးခိုင် တို့မှာ အပေါ်မှ ပိနေသော ဂျပန်များ၏ ကိုယ်ခန္ဓာကြီးများကို ဖယ်ရှားရန် မတတ်နိုင်ဘဲ ရှိနေစဉ်မှာ အပြေးအလွှား လာသော ခြေသံများနှင့်အတူ ...

" ရဲဘော်တို့ တောင်အောက် ဆင်းပြေးတဲ့အကောင်တွေကို တောင်ခြေမှာစောင့်တဲ့ ရဲဘော်တွေက တာဝန် ယူလိမ့်မယ်၊ ဆက်မလိုက်ကြနဲ့တော့ ဟိုလူနှစ်ယောက်သေပြီလား၊ ရှင်နေသေးလား၊ မြန်မြန်ယူထုတ်ကြ စမ်း"

ဟူသော ခပ်အုပ်အုပ်ပြောလိုက်သည့် အမိန့်သံကို ၁ကားရသည်။ ကိုမျိုးခိုင်သည် ထိုအသံကို နားစွင့်ထောင် လိုက်မိသည်။

ထိုအခိုက် အပေါ်မှပိနေသော ဂျပန် ကိုယ်ခန္ဓာများကို ဆွဲချလိုက်ကြသဖြင့် ဦးထွန်းသစ်နှင့် ကိုမျိုးခိုင်တို့မှာ အသက် မှန်မှန် ပြန်လည် ရှူရှိုက်နိုင်ကြလေသည်။

" မသေသေးဘူး ဗိုလ်လေး"

ရဲဘော်များက ဖြေလိုက်ပြီးသည်တွင် ...

" ကဲ ... ကဲ၊ ပွေ့ထူပြီး ကြိုးတွေဖြေကြစမ်း "

ဟု ဗိုလ်လေးဆိုသူက ပြောပြောဆိုဆို ကိုမျိုးခိုင်အား သန်မာသော လက်များဖြင့် ပွေ့ထူဆွဲချီလိုက်သည်။ ကိုမျိုးခိုင်သည် ဗိုလ်လေး၏ မျက်နှာကို မော့ကြည့်လိုက်၏။

" ညီလေး ရယ် "

ကိုမျိုးခိုင်သည် ဗမာ့တပ်မတော် ဗိုလ်လေးအား မိခင်ကို သားငယ်ဖက်သလို ဖက်ပြီး လှိုက်လှဲစွာ ခေါ်လိုက်၏။

" ဟင် ... အစ်ကို "

ဗိုလ်လေးစောအောင်က ကိုမျိုးခိုင်အား ပွေ့ထားရာမှ အံ့အားသင့်စွာ ထူးလိုက်သည်။

" ဖြစ်ရလေ အစ်ကိုရယ် ...၊ ကျွန်တော်တို့နဲ့ တွေ့ပေလို့ပေါ့၊ ဟိုဦးက အစ်ကို့အဖေလား "

ကိုစောအောင် က ရဲဘော်တစ်ယောက်၏ ရင်ခွင်ကို ချိန်နဲ့ပင်ပန်းစွာမှီနေသော ဦးထွန်းသစ်အားကြည့်ပြီး မေး လိုက်သည်။

" ဆိုပါတော့ညီလေး၊ နေပါဦး။ ညီလေးက စစ်ထဲ ဘယ်တုန်းကဝင်ပြီး စစ်ဗိုလ်ဖြစ်လိုက်တာလဲကွယ် "

" ဂျပန်တွေကြောင့် ဝင်တယ်ဆိုပါတော့ အစ်ကို၊ သထုံကအစ်ကို ထွက်သွားပြီးတဲ့နောက် ကျွန်တော် တော်တော်ပဲစိတ်ညစ် လွင့်ပါးခဲ့တယ် "

ကိုစောအောင်က စကားကိုရပ်လိုက်ပြီး ရောဝတီမြစ် တစ်ဘက်ကမ်းဆီမှ မှိုင်းမှိုင်းရောင်ပြေး တိမ်နှင့် ထွေးနေသော မွန္တလေးတောင်ဆီကို လှမ်းမျှော်ကြည့်ကာ မျက်နှာမသိမသာ ညိုးသွားရှာသည်။

နောင်စင့် တောင်တန်းနှင့် နန်နောင်းခါရီကို လွမ်းမိရှာကြောင်း ကိုမျိုးခိုင်ကကောင်းစွာ အကဲခတ်လိုက်မိ၏။ သို့သော် ကိုစောအောင်က အမူအယာမပျက်စေဘဲ လျင်မြန်စွာ စကားဆက်လိုက်၏။

" ကျွန်တော်တို့ခြံက အစ်ကိုသိတဲ့အတိုင်း သစ်ပင်အုပ်ကကောင်း၊ စားပင်သီးပင်တွေကလဲများ၊ ခြံနောက် ကလဲဓာနဲ့ တစ်ဆက်တည်းဆိုတော့ ဂျပန်တွေက မျက်စိကျပြာန်တူပါတယ်၊ တစ်နေ့ ကျွန်တော် ကိစ္စတစ်ခုနဲ့ ကျိုက်ထိုဘက်သွားနေတဲ့အချိန်မှာ ဂျပန်စစ်တပ်တစ်ခုရောက်လာပြီး ကျွန်တော်တို့ ခြံကို သိမ်း တယ်တဲ့ အစ်ကိုရယ်၊ အိမ်မှာရှိနေတဲ့ အဘွားကြီး အဘိုးကြီးတွေကို နှင်ထုတ်တယ်တဲ့၊ သူတို့သုံးယောက်လဲ သယ်နိုင်သရွေ့ ပစ္စည်းကလေးတွေနဲ့ ကျွန်တော်တို့ရှိရာ လိုက်အလာ လမ်းမှာတွေ့တာပေါ့လေ။ ဒေါ်မှုံက ဂုန်ကုန်မှာ အစ်ကိုလဲရှိ။ မရှိလဲနေ၊ ရန်ကုန်အိမ်မှာပဲ ပြန်နေမယ်ဆိုလို့ ကျွန်တော်လဲ သဘောတူလိုက်ပြီး အဖေနဲ့ ဦးဘိုးဦးကိုပါ လိုက်သွားစေတယ် "

" ဒါဖြင့် အဘတို့ ရန်ကုန်ရောက်နေကြပြီပေါ့ "

ကိုမျိုးခိုင်က စကားဖြတ်ပြီး မေးလိုက်၏။

" ရောက်ပါလိမ့်မယ် အစ်ကို၊ ဒေါ်မှုံနဲ့အတူ သွားကြတာပဲ၊ ကျွန်တော်လဲ ခံပြင်းတာနဲ့ ရန်ကုန်မလိုက်သေးဘဲ သထုံကို ပြန်လာခဲ့တယ်။ ခြံပတ်လည်မှာ ကင်းချပြီး ဘယ်သူမှ ဝင်ခွင့်မပေးဘဲ၊ ဂျပန်တွေက စတိုင်ကျကျ နေကြတာကိုး၊ ကျွန်တော်လဲ ကိုယ်ရောင် ဖျောက် စောင့်ကြည့်ပြီး အလစ်မှာ ကင်းကျနေတဲ့ ဂျပန်လေး ယောက်ကို ဝင်သတ်ခဲ့ပြီးမှ ရန်ကုန်ထွက်လာခဲ့တယ် ...

" ဒါပေမယ့် အစ်ကိုနေတဲ့အိမ်ကို ဘယ်မှာ ရှိတယ်ဆိုတာ ကျွန်တော် မေးမထားမိတော့ ခက်တော့တာပဲ အစ်ကိုရေ့၊ ရန်ကုန်မှာ အခြေအနေမရှိ တဝဲလည်လည် ဖြစ်နေလေ ဂျပန်တွေကို ဒေါသဖြစ်လေမို့ စစ်ထဲ ဝင်တာပါပဲ"

ကိုစောအောင်က သူ့ဇာတ်လမ်းကို အဆုံးသတ်လိုက်ပြီး ကိုမျိုးခိုင်ကို တွဲချိကာ ထိုင်ရာမှ ထလိုက်၏။

" အချိန် သိပ်မရဘူး အစ်ကို၊ တာဝန်ကရှိသေးတယ်၊ အစ်ကိုတို့ နေရာကို လိုက်ပို့ပေးမယ်၊ ဘယ်မှာနေကြ လဲအစ်ကို "

" ပဲစားချောင်မှာနေတယ် ညီလေး "

" ကဲ ... သွားကြစို့၊ ရဲဘော်တို့ရေ ဦးကြီးကို တွဲခဲ့ပါကွယ်"

" ခဏဖြစ်ဖြစ် အစ်ကိုတို့နေရာလိုက်ပြီး အမောဖြေပါဦး ညီလေးရယ် "

ကိုမျိုးခိုင်က ကွဲကွာနေသော ညီငယ်လေးအား မခွဲနိုင်သကဲ့သို့ တောင်းပန်လိုက်သည်။

" မဖြစ်သေးဘူးအစ်ကို တာဝန်ကရှိသေးတယ်၊ အစ်ကိုတို့ကို ပဲစားချောင်အဝအထိ ပို့ပေးနိုင်မယ်၊ အထဲကို ကျွန်တော်တို့ မဝင်တော့ဘူး၊

ဒါပေမယ့် မကြောက်ပါနဲ့ အစ်ကို၊ စစ်ကိုင်းတောင်ရိုး ပတ်ဝန်းကျင်မှာ ကျွန်တော်တို့ အမြဲရှိပါတယ် "

စကားပြောရင်း လာခဲ့ကြရာမှ ပဲစားချောင်းနား နီးလာသည်။

" ညီလေး ... အဆင်သင့်တဲ့ အခါတိုင်း အစ်ကို့ဆီလာနော် "

" လာပါမယ် အစ်ကို "

အကြောင်း ညီညွတ်တိုက်ဆိုင်၍ လမ်းကြုံ အခွင့်အခါသင့်သည့်အခါတိုင်း ကိုမျိုးခိုင်နှင့် ကိုစောအောင်တို့ ရံဖန်ရံခါတွေ့ကြရသည်။

ဝတ္တရားအရ တာဝန်ကို ထမ်းဆောင်ကာ ပြောဆိုဆက်ဆံသင့်သူကို စကားပြောနေရသော်လည်း ပျော်ရွှင် ကြည်နူးသည့်စိတ်ဟူ၍ လုံးဝမရှိတော့သော ကိုစောအောင်၏ စိတ်သဘောကို ကိုမျိုးခိုင် သိလာရသောအခါ ရင်ထဲမှာ နာမိသည်။

" ညီလေးရယ် ... ပျော်ပျော်ရွှင်ရွှင် နေစမ်းပါကွယ်။ ညီလေးဘဝကို ဒီအတိုင်း တစ်သက်လုံး အလွမ်းဇာတ် ခင်းသွားတော့မှာလား "

လမ်းကြုံ၍ ပဲစားချောင်း အပြင်ဘက်မှာ ကိုစောအောင် ရောက်လာသည့်အခိုက် ကိုမျိုးခိုင်က မချိတင်ကဲ မေးလိုက်၏။ ကိုစောအောင်သည် ခြောက်သွေ့စွာ မချိပြုံး ပြုံးလိုက်၏။

" ကျွန်တော် လူမှန်းသိတဲ့အရွယ် ကျောင်းသား အရွယ်က စပြီး အချစ်ရေးကို လုံးလုံး စိတ်မကူးခဲ့ဘူးအစ်ကို၊ မိန်းမဆိုတာကို ချစ်ရမှန်းတောင် မသိခဲ့ပါဘူး ...

" နန့်နှောင်းခါရီကို တွေ့တော့ စိတ်ကို ဘယ်လိုဆုံးမလို့မှ မရအောင် ချစ်ခဲ့တယ်၊ နှစ်ယောက်လုံးက ချစ်လျက်နဲ့ ချစ်ခွင့်မရတဲ့ ကျွန်တော့်ဘဝကို စိတ်နာမိတယ်၊ ကုသိုလ်ကံပေါ့လေ"

ကိုစောအောင်က ပြောကာငေးနေသည်။ ကိုမျိုးခိုင်ကလည်း ဘာမှ မပြောသာတော့ဘဲ ကိုစောအောင်ကို စိတ်မကောင်းစွာ ကြည့်နေမိ၏။ ကိုစောအောင်သည် တောတောင် ရှုမျှော်ခင်းကို ငေးစိုက်နေရာမှ ..

" ဩော် ... နန့်နှောင်းခါရီ၊ သူ့ရှေ့မှာ မမြင်ရက်ပါဘူးလို့ အသက်ကို ကယ်တင်ပြီး အဝေးနှင်ခဲ့တဲ့ နှောင်စင်္ဂ ဘုရင်မကြီးရယ် "

ဟု အသည်းမှကွဲအက် ထွက်လာသော အသံဖြင့် တမ်းတလိုက်၏။

" ညီလေးရယ်၊ တစ်ကိုယ်တည်းနေလေ ဆွေးလေပေါ့၊ မေ့မေ့ပျောက်ပျောက် ဖြစ်သွားအောင် ချစ်စရာ ကောင်းတဲ့ မိန်းကလေး တစ်ယောက်ယောက်နဲ့ လက်ထပ်လိုက်ပါလားကွယ်၊ ညီလေးဘဝလဲ တည်တံ့စီ ပြည်သွားမှာပေါ့ "

ကိုစောအောင်က ကိုမျိုးခိုင်ကို လှည့်ကြည့်ကာ ဦးခေါင်းကို ဖြည်းလေးစွာ ယမ်းလိုက်၏။

" သူ ကျွန်တော့်ကို ချစ်ရက်နဲ့ မဖြစ်နိုင်တဲ့ ဘဝမို့ ချုပ်တည်းထားလိုက်ရှာတာ၊ အစ်ကိုလဲ အကဲခတ်မိတယ် မဟုတ်လား၊ သူက အစဉ်အလာကို ထိန်းသိမ်းသောအားဖြင့် ယောကျာ်းမယူဘဲ အပျိုစင်ဘဝနဲ့ နေသလို ကျွန်တော်ကလဲ သူကလွဲရင် ဘယ်သူ့မှ မယူချင်ဘူး အစ်ကို "

" ရူးပါဘိ ညီလေးရာ "

" ဟုတ်ပါတယ် အစ်ကို၊ ကျွန်တော် ရူးနေတာပဲ၊ အခုလို ငြိမ်ငြိမ်အေးအေး ထိုင်နေရလေ ကျွန်တော် ရူးလေ ပဲ၊ တိုက်ပွဲတွေ များများဝင်နေရရင် တာဝန်မှာ စိတ်ဝင်စားပြီး အရူးသက်သာတယ်၊ ဒါကြောင့် ကျွန်တော် အမြဲ

တိုက်ပွဲဝင်နေချင်တယ်၊ ဘယ်တိုက်ပွဲဖြစ်ဖြစ် ကျွန်တော် သွားပါရစေလို့ အထက်အရာရှိထံ ခွင့်ပန်ထား တယ် အစ်ကို "

ကိုစောအောင်၏ စကားမှာ သူ့ဘဝ သူ့အသက်ကို ပမာမထားတော့ပြီး ဟူသော အဓိပ္ပာယ် ထင်ထင်ရှားရှား ပေါ်နေသည်။

တိုက်ပွဲတွေကို မကြောက်မရွံ့ဆင်နွှဲရင်း သေလိုသေ၊ မသေခဲ့သော် သူ့ဘဝမှာ ရပ်တည်ရာမရ ပျက်စီးရှာ တော့မည်ဟု ကိုမျိုးခိုင် တွေးမိသောအခါ ညီရင်းတစ်ယောက်ကဲ့သို့ ယူကျုံးမရ ဖြစ်မိရှာ၏။

" ပြန်မယ် အစ်ကို "

ကိုစောအောင်က တုံးတိတိပြောပြီး ထိုင်ရာမှ ထလိုက်သည်။

" ညီလေး ဘယ်တော့ လာဦးမလဲ "

" မပြောနိုင်သေးဘူး အစ်ကို တစ်ပတ်လောက်ကြာမှ ကျွန်တော် လာနိုင်မယ် ထင်တယ်၊ တကယ်လို့ လာ ဖြစ်ရင် တနင်္ဂနွေနေ့ပဲ လာခဲ့မယ်နော်၊ မနက် ဆယ်နာရီလောက်ပေါ့ အစ်ကို "

" အေး အေး ... အဲဒီနေ့ အစ်ကို ထွက်စောင့်နေမယ် "

*

" ဟော မောင်ကဖြင့် ထူးထူးဆန်းဆန်း လုပ်လာပြန်ပြီ၊ ဘာစိတ်ကူး ပေါက်လာပါလိမ့် "

မဟာမိတ် တပ်များက ရိက္ခာ လက်နက်များ ချပေးသည့် လေထီးစ အဖြူနှင့် အနီကို ပင်ပင်ပန်းပန်း ရှာ ဖွေဝယ်ယူကာ အနီနှင့် အဖြူကို လက်တစ်လုံးမျှသာ အစင်းကလေးများစပ်စေပြီး လှပသော ပန်းပွားများ တပ်ထားသည့် သင်တိုင်းရှည်တစ်ထည်ဖြစ်အောင် မည်သူ့ထံမှာ

ချုပ်လုပ်စေခဲ့မှန်း မသိရသော သင်တိုင်း အင်္ကျီကို ယူလာသော ကိုမျိုးခိုင်အား ခင်ခင်လေးက အံ့သြစွာ မေးလိုက်၏။

" ခင်လေးအတွက် မောင်ယူလာခဲ့တာ "

ကိုမျိုးခိုင်က ပြုံးသော မျက်နှာဖြင့် ဖြေလိုက်သည်။

" ဒီသင်တိုင်းကြီးကို ခင်ခင်လေးက ဘာလုပ်ရမှာလဲ မောင်ရဲ့ "

" အို ... ပဲစားချောင် အပြင်ဘက်က တောင်ကုန်းစောင်းများလေ တောစံပယ်တွေ ပွင့်နေတာ ဖွေးနေတာပဲ၊ အဲဒီစံပယ်ပင်တွေကြားမှာ ဟောဒီသင်တိုင်းကို ခင်လေးက ဝတ်၊ ဆံပင်ကို ဖားလျားချပြီး တောစံပယ် အနွယ်လိုက်ကြီး ပွင့်နေတာကို ခေါင်းမှာ ခွေပန်ပြီး စံပယ်ပင်တွေကြားမှာ ရပ်နေရင်လေ ဘယ်လောက် လှလိမ့်မလဲလို့ မောင်စိတ်ကူးမိတယ် ခင်လေးရဲ့၊ တနင်္ဂနွေနေ့ကျရင်လေ အဲဒီနေရာကို မောင်တို့ သွားရ အောင်၊ သင်တိုင်းကိုဝတ်တာ လွယ်ပါတယ်၊ ခင်လေး အခု အင်္ကျီလုံချည်ဝတ်တဲ့အတိုင်း ချွတ်လဲဖို့ မလိုပါ ဘူး၊ အပေါ်ကတပ်ပြီး ခေါင်းစွပ် ဝတ်လိုက်ရုံပါ၊ ခင်လေး အဲဒီလိုဝတ်တာ မောင်ကြည့်ချင်လွန်းလို့ပါ "

"မောင်တစ်ယောက်ဟာလေ အင်မတန် ရှာရှာဖွေဖွေ စိတ်ကူးတတ်တယ် "

ခင်လေးက ချစ်စဖွယ်ပြုံးပြီး ပြောလိုက်သည်။

" ဝတ်ပြမယ် မဟုတ်လား ခင်လေး "

" မောင့်သဘောပါ၊ ဘယ်အချိန်ဝတ်ပြရမလဲ "

အမြဲတမ်း ကိုမျိုးသဘောကို လိုက်လျောခဲ့သော ခင်ခင်လေးက အလျှော့ပေးလိုက်သည်။ ကိုမျိုးခိုင်က အတန်ငယ် စဉ်းစားနေပြီးမှ ...

" တောစံပယ်တွေ ပွင့်နေတဲ့ တောင်ကုန်းစောင်းကလေးကို သိတယ် မဟုတ်လား၊ ခင်လေးနဲ့ မောင်နဲ့ တစ်နေ့က လမ်းလျှောက်ရင်း ရောက်ကြသေးတယ်လေ "

" သိပါတယ် မောင်ရဲ့ "

" ဆယ့်တစ်နာရီလောက်မှာ တောစံပယ် ပန်းချုံကြားမှာ မောင်ပြောတဲ့အတိုင်း ဝတ်စားဆင်ယင်ပြီး ချစ်စရာ ကောင်းအောင် ရပ်နေတဲ့ ခင်ခင်လေးကို မောင်တွေ့ချင်တယ် "

" သဘောတော်အတိုင်းပါလို့ ပြောခဲ့ပါပြီ မောင်ရဲ့၊ ကဲ ... ပေး ... မောင့်သင်တိုင်းကြီး သိမ်းခဲ့ပြီး ဖေဖေ့ကို ထမင်းသွားကျွေးရဦးမယ် "

ကိုမျိုးခိုင် လက်ထဲမှ သင်တိုင်းကို ခင်ခင်လေးက လှမ်းယူကာ လှည့်ထွက်သွားသည်။ ကိုမျိုးခိုင်သည် မှုန် မှိုင်းသော မျက်လုံးဖြင့် ခင်ခင်လေးအား မျက်တောင်မခပ် စိုက်ကြည့်လိုက်ပြီး စိတ်ကို တင်းလိုက်သည့် အလား အံခဲလိုက်လေသည်။

*

" ဟော ... ညီလေးနဲ့ အစ်ကို ချိန်းထားသလို ပြိုင်တူ ရောက်လာတာ ဟန်ကျလိုက်တာ "

ကိုမျိုးခိုင်က သူနှင့်ပြိုင်တူ ရောက်လာသော ကိုစောအောင်ကို ဖက်ပြီး ဝမ်းသာအားရဟန်ဖြင့် ပြောလိုက်၏။

" ဒီနေ့ ကျွန်တော် မလာတော့ဘူးလို့လဲ အစ်ကို၊ နောက်တော့ အစ်ကို စောင့်နေမယ်လို့ တွေးမိတာနဲ့ ထွက် လာတာ .... "

" ညီလေး လာတာ ကံကောင်းသွားတာပေါ့၊ ညီလေး ဝမ်းသာစရာ သတင်းတစ်ခု အစ်ကို ပြောပြမလို့ "

" ဘာလဲ အစ်ကို "

ကိုစောအောင်က အံ့ဩဟန်ဖြင့် မေးလိုက်သည်။

" ညီလေးရဲ့ နှောင်စင်ဆွဲဘုရင်မ နန့်နှောင်းခါရီပေါ့ "

" ခင်ဗျာ - သူ ဘာဖြစ်လို့လဲအစ်ကို "

ကိုစောအောင်က စိတ်ဝင်စားစွာ မေးလိုက်၏။

" ဒီ ... စစ်ကိုင်းကို ရောက်နေတယ် "

" ဘာ ... ဘာ ... အစ်ကို သူ ဒီကို ရောက်နေတယ် ဟုတ်လား "

ကိုစောအောင်က ထခုန်မတတ် အံ့ဩသွားလေသည်။

" ဟုတ်တယ်ညီလေး ဒါပေမယ့် သူ့ဘဝ ဇာတ်မြုပ်ထားတယ်၊ မြန်မာလိုပဲဝတ်တယ်၊ မြန်မာလိုပဲပြောတယ်၊ တစ်ခါ တစ်ခါ လူအလစ်မှာ ပဟောဒီ တောင်ကုန်းစောင်းက စံပယ်ချုံနားကို နှောင်စင်ဆွဲဘုရင်မ အဆင်အပြင်မျိုးနဲ့ လာတတ်တယ်၊ သူလာမယ်ဆိုတာ သတင်းရလို့ အစ်ကိုက ညီလေးကို မျှော်နေတာ "

" အစ်ကို တကယ်ပြောတာလား "

ကိုစောအောင်သည် မယုံနိုင်အောင် ဝမ်းမြောက်အံ့သြမိသည်။ အမြဲတန်း မှိုင်းညို့ရောင်သန်းနေသော မျက်နှာသည် တိမ်ကင်းသော လမင်းလို ဝင်းဝင်းပပကြည်လင် ရွှင်လန်းနေသည်။

" တကယ်ပါညီလေးရဲ့၊ ဒါပေမယ့် အစ်ကိုပြောတာ နားထောင်ရမယ်၊ ရုတ်တရက် ချက်ချင်း ညီလေးသွား မတွေ့ရဘူး၊ စကားမပြောရဘူး၊ သူ့ကို ဘယ်အခါကမှမသိဘူး မကျွမ်းဘူးသလိုနေရမယ်၊ ညီလေးတို့နှစ် ယောက်နေရာကျအောင် အစ်ကို့တာဝန်ထား၊ ညီလေး အထူးသတိထားရမှာက သူ့ကို နှောင်စင့်ဘုရင်မ နန့်နှောင်းခါရီဆိုတာ လုံးဝ လေသံမတိမ်းနဲ့နော် ... အခုတင်က အစ်ကိုပြောသလို သူ့ဘဝသူ ဇာတ်မြှုပ်နေတာ ညီလေးရဲ့ ... "

ကိုစောအောင်ကား ဝမ်းသာလုံးဆို့နေသည့် အလား စကားပင် မပြောနိုင်အောင်ဖြစ်ကာ ကြည်လင်ရွှင်မြူးစွာ ကိုမျိုးခိုင်ကို စေ့စေ့ကြည့်ပြီး ခေါင်းကိုသာ အတွင်ညိတ်နေလေသည်။

" ဘာ ညီလေး ... ဒီချုံအကွယ်က စောင့်ကြည့်နေ ... ညီလေး သေနတ်ကြီးကို အစ်ကို့ပေးစမ်းပါကွယ်...၊ စစ်သားသေနတ်ကို သေသေချာချာ ကြည့်ချင်လို့ "

ကိုစောအောင်က ခါးတွင်ချိပ်ထားသော ခြောက်လုံးပြူး ခါးပတ်ကို ဖြုတ်ပြလိုက်သည်။ ကိုမျိုးခိုင်က စတိုင်ပါ ပါသူ့ခါးတွင် ပတ်လိုက်ပြီး ...

" ဒီလိုဆုဓိတော့ အစ်ကိုလဲ၊ တော်လှန်ရေးစစ်ဗိုလ်ကြီးနဲ့ တူမသွားဘူးလား ညီလေး "

ကိုမျိုးခိုင်က ပြောပြောဆိုဆို တောစံပယ်တွေ ဖွေးနေအောင် ပွင့်နေသော ခပ်လှမ်းလှမ်း တောင်ကုန်းစောင်းကလေးသို့ လျင်မြန်စွာ ထွက်ခွာသွားသဖြင့်

ကိုစောအောင်သည် အစ်ကို ဘာဖြစ်သွား ပါလိမ့် ဟူသော အတွေးဖြင့် ကိုမျိုးခိုင်သွားရာ တောင်ကုန်းစောင်းကလေးကို လှမ်းကြည့်လိုက်သည်။

ကိုစောအောင်မှာ မှင်သက်မိသလို ဖြစ်သွားလေသည်။ အဖြူအနီစင်း သင်တိုင်းကို ဝတ်ကာ ဆံပင် ဖားလျားချထားသော ဦးခေါင်းတွင် တောစံပယ်တစ်နွယ်ကို အခွေလိုက် ပန်ဆင်ပြီး၊ ဖြူဖွေးသော အပွင့်များ ခဲနေသည့် တောစံပယ်ချုံကြားမှာ ပြုံးရယ်ရွှင်ချိုသောမျက်နှာဖြင့် ရပ်နေသော ခင်ခင်လေးကား ... နှောင်းစင်ငဲ့ ဘုရင်မ နန့်နှောင်းခါရီနှင့် ရုပ်ဆင်းသဏ္ဌာန် တူညီလှပေသည်။

ကိုစောအောင်၏ မျက်လုံးတွင်ကား နန့်နှောင်းခါရီအစစ်ပင် ဖြစ်နေသည်။

" ခင်လေး အခုလို ဆင်ယင်ထားတာ မောင့် စိတ်တိုင်းကျ ဖြစ်ရဲ့လား "

ခင်ခင်လေးက သူ့ရှေ့ရောက်လာပြီဖြစ်သော ကိုမျိုးခိုင်အား ပြုံးပြုံးလေး မေးလိုက်၏။

" အို ... ခင်လေး သိပ်လှပါလားကွယ် "

ကိုမျိုးခိုင်၏ မျက်နှာက ပြုံးနေသော်လည်း မျက်လုံးများက ရီဝေကာ အသံမှာ အက်နေသည်ကိုကား ခင်ခင်လေး သတိမထားမိချေ။

" အလို ... မောင်က စစ်ခါးပတ်နဲ့၊ ခြောက်လုံးပြူးနဲ့ ပါကလား... ဘယ်ကရလာတာလဲမောင်ရဲ့ "

ခင်ခင်လေးက အံ့သြသံဖြင့် မေးလိုက်သည်ကို ကိုမျိုးခိုင်က တစ်စုံတစ်ရာ ပြန်မဖြေမိ ခင်ခင်လေးနောက်ဘက် ချုံကွယ်မှ လူသုံးယောက် ဘွားခနဲပေါ်လာသည်။

ဓားရှည် တစ်ချောင်းစီ ကိုင်ထားသော လူဆိုးသုံးယောက်အနက် တစ်ယောက်က ခင်ခင်လေး ပါးစပ်ကို ပိတ်၍ ချုပ်ကိုင်သည်။ ကျန်နှစ်ယောက်က ကိုမျိုးခိုင်ထံ ပြေးသွားကြပြီး ချုပ်ကိုင်လိုက်၏။

" မအော်နဲ့နော် သေသွားမယ် "

ဟူ၍လည်း ကြိမ်းလိုက်ကြ၏။

ကိုမျိုးခိုင်ကား ခုခံရုန်းကန်ခြင်းမပြုပေ။ လူဆိုးနှစ်ယောက် သူ့အနား ရောက်လာသည့် အချိန်ကပင် မြေပေါ် သို့ဒူးတုပ်ထိုင်ချကာ လက်အုပ်ချီမိုး ရှိခိုး တောင်းပန်နေတော့သည်။

" ကျွန်တော့် အသက်ကို ချမ်းသာပေးပါခင်ဗျာ၊ ဟိုမိန်းမကို ခင်ဗျားတို့ သဘောပါ၊ ကျွန်တော့်ကို မသတ်ကြပါနဲ့ "

ကိုမျိုးခိုင်က ငိုသံပါကြီးနှင့် တုန်တုန်ခိုက်ခိုက် တောင်းပန်နေသည်ကို မြင်ကြားရသော ခင်ခင်လေးသည် လူဆိုး လက်က ဓားကိုသာ လုယူ၍ ရပါက ကိုမျိုးခိုင်အား အသေခုတ်သတ်ချင်စိတ် ပေါ်လာသည်။

ခြောက်လုံးပြူး သေနတ်ကြီး တစ်လက်လုံး ရှိနေပါလျက်နှင့် ဓားရှည်မျှသာ ကိုင်ထားသော လူဆိုးကို ခုခံခြင်း မပြုဘဲ ငိုတော့မလို ရှိခိုးတောင်းပန်နေသော ကိုမျိုးခိုင်အစား များစွာ ရှက်မိတော့သည်။ ခင်ခင်လေးသည် သူ့အား ချုပ်ကိုင်ထားသော လူဆိုးလက်မှ ရုန်းကန်ထွက်ရန်ပင် သတိမရတော့ဘဲ မုန်းတီးရွံရှာ စက်ဆုတ်စွာသော မျက်နှာဖြင့် ကိုမျိုးခိုင်ကို စေ့စေ့ကြည့်ရင်း အောက်နှုတ်ခမ်းကို တင်းကြပ်စွာ ကိုက်ထားလိုက်၏။

ချုံထဲမှ မှင်တက်မိသလို ကြည့်နေသော ကိုစောအောင်သည် ကျားပျိုတစ်ကောင်ကဲ့သို့ လျင်မြန်စွာ ခုန်ထွက်လာသည်။

" ပြေးဟ … ပြေးဟ၊ ဒီလူကို တို့သုံးယောက် နိုင်မှာ မဟုတ်ဘူး၊ သတ္တိရော ခွန်အားရော တို့ထက်သာတယ် "

ကိုစောအောင် အနားမရောက်မီပင် လူဆိုး သုံးယောက်သည် အချင်းချင်း သတိပေးပြောဆိုကာ လျင်မြန်စွာ ထွက်ပြေးကြလေတော့၏။

" အမယ်လေး ညီလေး ရောက်လာပေလို့သာ၊ မဟုတ်ရင် အစ်ကိုတို့သေမှာ ညီလေးရဲ့ "

ကိုမျိုးခိုင်က တုန်ယင်သောအသံဖြင့် ဆီးပြောလိုက်၏။

" အစ်ကိုတို့ အနာအကျင် မဖြစ်ပါဘူးနော် "

ကိုစောအောင်က ကိုမျိုးခိုင်နှင့် ခင်ခင်လေးအား တစ်လှည့်စီ ကြည့်ရင်း မေးလိုက်၏။

" အစ်ကိုက အနာလဲ မခံချင်ဘူး၊ အသေလဲ မခံနိုင်ဘူး၊ ဒါကြောင့် သူတို့ကို ရှိခိုးတောင်းပန်ရတာပေါ့၊ ခင်လေးရာ ဘာဖြစ်သွားသေးလဲ "

ကိုမျိုးခိုင်၏ အမေးကို ခင်ခင်လေးက မဖြေပေ။ အင်္ကျီ လုံချည်ပြည့်စုံစွာ ဝတ်ဆင်ထားသောသူ၏ ကိုယ်ပေါ်က ထပ်ဝတ်ထားသော သင်တိုင်းကိုချွတ်ကာ လွှင့်ပစ်လိုက်သည်။ ဖားလျားချထားသော ဆံပင်ကို စုကိုင်ကာ တစ်ပတ်လျှို ထုံးလိုက်ပြီး ကိုမျိုးခိုင်၏ မျက်နှာကို အစိမ်းဝါးစားတော့မည့်ကဲ့သို့ တင်းမာစွာ ကြည့်နေသည်။

" ကြောက်လိုက်တာ ခင်လေးရာ၊ ကိုယ် ဒီမှာ ကြာကြာမနေရဲတော့ဘူး၊ ပြန်မယ်၊ ခင်လေး မကြောက်ဘူး လား "

ကိုစောအောင်ထံမှ ယူထားသော ခြောက်လုံးပြူး ခါးပတ်ကို ကိုမျိုးခိုင်က ဖြုတ်ကာ ပြန်ပေးပြီး ပြေးတော့ မည့်ဟန်မျိုးပြင်ကာ ခင်လေးအား ပြောလိုက်၏။

" ရှင်က အင်မတန် မြတ်နိုး အားကိုးစရာကောင်းတဲ့ လူတစ်ယောက်ဆိုတော့ ဟိုလူတွေက တစ်ပြန်ကျော့လာပြီး သတ်လို့သေနေဦးမယ် မြန်မြန်ပြေး၊ ကျွန်မကို အဖော်မညှိနဲ့၊ ကျွန်မ သဘောအတိုင်း ကြောက်ချင်မှ ကြောက်မယ်၊ ပြန်ချင်မှ ပြန်မယ် "

ခင်ခင်လေးသည် မုန်းတီးရွံရှာခြင်း၊ ဒေါသဖြစ်ခြင်းတို့ ရောထွေးသော အသံဖြင့် စိမ်းကားစွာ ပြောလိုက်၏။

ဟိုမိန်းမကို ခင်ဗျားတို့သဘောပါ၊ ကျွန်တော့်ကိုသာ မသတ်ကြပါနဲ့

ဟု ကိုမျိုးခိုင်က လူဆိုးများအား တောင်းပန်လိုက်သော အသံသည် ခင်ခင်လေး အသည်းထဲ နားထဲမှာ မမေ့နိုင်အောင် စွဲသွားလေသည်။ အစွမ်းသတ္တိနည်းလှ၍ ကြင်နာမှု ကင်းသော လူပျော့ လူညံ့တစ်ယောက် ကိုမှ ငါချစ်မိလေခြင်းဟု စိတ်ထဲမှာ ယူကျုံးမရ ဖြစ်သွားလေသည်။

" ဒါဖြင့် ကိုယ်တစ်ယောက်တည်း ပြန်တော့မယ်၊ မနေတော့ဘူး၊ ညီလေး သူ့ကို ကူညီလိုက်ပါ "

ကိုမျိုးခိုင်သည် ဣန္ဒြေမဲ့စွာပင် တုန်ယင် ကြောက်ရွံ့သည့် အမူအရာဖြင့် ပဲစားချောင်ဘက်သို့ ခပ်သွက်သွက် ပြေးလေသည်ကို ခင်ခင်လေးသည် အံ့ခဲကာ ကြည့်လိုက်လေသည်။

" နာမည်က ခင်လေးတဲ့လား "

ခင်ခင်လေး၏ မျက်နှာကို မဝနိုင်အောင် တစိမ့်စိမ့်ကြည့်ပြီး ကိုစောအောင်က မေးလိုက်သည်။

" ခင်ခင်လေးလို့ ခေါ်ပါတယ်၊ အခုလို ကူညီကယ်တင်တာ ခင်လေး ကျေးဇူးတင်လို့ မဆုံးပါဘူး၊ ကျေးဇူးရှင်ကို ဘယ်သူဘယ်ဝါဆိုတာ သိပါရစေ "

ကိုမျိုးခိုင်အတွက် ဖြစ်ရသော ဒေါသကို ချုပ်တည်းကာ ခင်ခင်လေးက အသံကို နဂိုသံဖြစ်အောင် ကြိုးစားပြီး ပြောလိုက်၏။

" ကျွန်တော်က မျိုးချစ် ဗမာ့တပ်မတော်ကပါ၊ နာမည်က စောအောင်လို့ ခေါ်ပါတယ် "

" ဩော် ... ကိုစောအောင်တဲ့လား "

ခင်ခင်လေးက အလိုက်သင့် တုံ့ပြန်လိုက်ပြီး ...

" ဒါထက် အခုနက သူရဲကောင်းကြီးနဲ့ ကိုစောင်အောင်က သိဟောင်း ကျွမ်းဟောင်းလား "ဟုမေးလိုက်၏။

ခင်ခင်လေး၏ ရုပ်ရည်မှာ နန့်နှောင်းခါရီနှင့် တူသော်လည်း အသံမှာ လုံးဝ ဆက်စပ်မရအောင် ခြားနား သည်ကို ကိုစောအောင် သတိထားလိုက်မိ၏။

နန့်နှောင်းခါရီ အသံကခပ်လေးလေးနှင့်သာယာသည်။ ခင်ခင်လေး၏အသံက ခပ်သွက်သွက်ဖြင့် ကြည်လင် ချိုအေးသည်။ သို့သော် အသံက အရေးမကြီး နန့်နှောင်းခါရီဟု အမည်သညာရှိနေသော ရုပ်ဆင်းသဏ္ဌာန်ကို စွဲလန်းချစ်ခင်နေခြင်းသာဖြစ်သည်။

" ညီရင်းအစ်ကိုလို ချစ်နေတဲ့သူပါ ခင်လေး၊ ကျွန်တော်က အစ်ကိုလို့ခေါ်ပြီး သူက ညီလေးလို့ခေါ်ပါတယ်၊ ဟိုတလောက အစ်ကိုနဲ့သူ့အဖေဆိုတဲ့

အဘိုးကြီးကို ဂျပန်တွေ သတ်မယ့်ဆဲဆဲမှာ ကိုစောတို့ ကယ်လိုက်ရသေးတယ် "

ကိုစောအောင်က သူ့ကိုယ်သူ ကိုစောဟု နာမည်ထည့်စကားပြောလိုက်၏။

" ဪ ... ဖေဖေနဲ့ သူ့ကိုကယ်လိုက်တဲ့ ဗမာ့တပ်မတော်က ဗိုလ်လေးစောအောင် ဆိုတာလား "

ခင်ခင်လေးက အံ့အားသင့် ဝမ်းမြောက် ကျေးဇူးတင်သောအသံ၊ ချိုရွှင်လေးစား ကြည်ညိုသော မျက်နှာ ထားဖြင့် မေးလိုက်၏။

" ဟုတ်ပါတယ် ခင်လေး "

" ဖေဖေဆိုတာ သူ့အဖေ မဟုတ်ဘူး၊ ခင်လေးအဖေ ကိုစောရဲ့၊ ဖေဖေပြောပြလို့ ကျေးဇူးရှင်ကို ခင်လေး တွေ့ချင်နေရတာနဲ့ အဆင်သင့်ပါပဲ၊ အခုလဲတစ်ခါ ခင်လေးကို ကယ်ပြန်ပြီနော်၊ ဘယ်လိုကျေးဇူးတွေကျေ အောင် ဆပ်ရပ့ါမလဲ၊ ဖေဖေသိရင် ကိုစောကို ချီးကျူးအံ့းမှာ "

ကိုစောအောင်က သူ့ကိုယ်သူ ကိုစောဟု သုံးသည့်အတိုင်း ခင်ခင်လေး ကလည်း လိုက်လျောကြည်ဖြူစွာ ကိုစောဟူ၍ပင် ခေါ်သည်ကို ကိုစောအောင် သည် အတိုင်းမသိ ကြည်နူးနှစ်သိမ့်မိလေသည်။ တစ်စုံတစ်ရာ ပြန်မပြောဘဲ ခင်ခင်လေး၏ မျက်နှာကိုသာ တစိမ့်စိမ့်ကြည့်နေလေသည်။

ယောက်ျားပီပီ တည်ကြည်ခံ့ညားသော ရုပ်ရည်နှင့် သတ္တိခဲ မြန်မာ့သားကောင်း ရတနာ အသက်သခင် ကျေးဇူးရှင် ၏ ချစ်ခင် မြတ်နိုးမှုကို အတိအလင်း ဖော်ပြနေသော မျက်လုံးအရှိန်ကြောင့် ခင်ခင်လေး၏ မျက်နှာ သည် ပန်းသွေးရောင်သန်းကာ ခေါင်းငုံ့နေလိုက်မိသည်။

" ကိုစော ပြန်ဦးမယ် ခင်လေးရယ်၊ စစ်သားဆိုတာ တာဝန်မယ့် အချိန်လွန်အောင်နေလို့ မဖြစ်သေးဘူး "

မခွဲနိုင် မခွာရက်သောလေသံဖြင့် ကိုစောအောင်က နှုတ်ဆက်လိုက်ပြီးမှ ...

" ဪ ... ခင်လေးတစ်ယောက်ထဲပြန်လို့ မဖြစ်သေးပါဘူး၊ ကိုစောလိုက်ပို့ပေးမယ် "

ဟု ပြောလိုက်သည်။ ခင်ခင်လေးသည် ငြင်းဆန်ခြင်းမပြုဘဲ ကိုစောအောင်နှင့် ရင်ပေါင်းတန်းယှဉ်ကာ ပဲစား ချောင်သို့ ရှေ့ရှုလာနေရာမှ ...

" ကိုစောအောင်ရဲ့ မိဘဇာတိမျိုးရိုးကို ခင်လေးသိပါရစေ၊ ကျေးဂူးရှင် တစ်ယောက်ဖြစ်လို့ နောင်ခါ ကိုစော တို့ ရှိရာ မေးမြန်းလာပြီး ကျေးဇူးတုံ့ပြန်ရမယ့် တာဝန်ရှိနေပါတယ် "

ခင်ခင်လေးက မေးမြန်းလိုက်သည်။

" ကိုမျိုးခိုင်က အစ်ကိုအရင်းလို နေတဲ့လူပါ၊ သူ့ကိုမေးရင် ကိုစောရဲ့ ရာဇဝင်ကို သိပါလိမ့်မယ် ခင်ခင်လေး၊ ကျေးဇူးစကား ကိုတော့ မပြောစေချင်ဘူး၊ ကိုစောက ကျေးဇူးကို မျှော်ကိုးပြီး ကူညီတာ မဟုတ်ပါဘူး ခင်လေး"

ကိုစောအောင်၏ စကားကို ခင်လေးကများစွာ နှစ်ခြိုက်သွားသည်။ စိတ်ထားမြင့်မြတ်လှသည်ဟု အားကိုး ကြည်ညိုသော သဘောပေါ်လာမိ၏။ အခြားသူများဖြစ်ပါက ကျေးဇူးကို မမေ့ရဘူးနော်၊ ဘယ်လိုနည်းနဲ့ ဆပ်နိုင်မှာလဲ၊ ကျေးဇူးဆပ်ခိုင်းတဲ့အခါကျတော့ ငြင်းမှာလား ဟူသော ရိသဲ့သဲ့ စကားကိုပြောကောင်း ပြော ကြ ပေလိမ့်မည် ဟု ခင်ခင်လေးတွေးမိသည်။

ကျေးဇူးကို မျှော်ကိုးပြီး ကူညီတာ မဟုတ်ပါဘူးဟု ကိုစောအောင်က သူ့အမိပွာယ်နှင့်သူ ပြောစေကာမူ ခင်ခင်လေးကလည်း သူ့အမိပွာယ်သူ တစ်မျိုးကောက်ကာ ရဲဝံ့စွာ ပြန်မေးလိုက်သည်။

" ဒါဖြင့် ကိုစော ဘာကိုမျှော်ကိုးပြီး ကယ်တာလဲ "

ကိုစောအောင်အဖို့ ရေငတ်တုံး ရေတွင်းထဲ ကျသွားသဖြင့် အလိုက်သင့်ပင် ရေသောက်လိုက်၏။

" ခင်လေးက ကိုစောမြတ်နိုးစွဲလန်း ချစ်ခင်တဲ့ ရုပ်ရည်ရှိသူမို့ ခင်လေးကိုချစ်လို့ ကူညီတာပါ၊ ကျေးဇူးဆပ်တာကို မလိုချင်ဘူး၊ ခင်လေးကချစ်တာကိုပဲ လိုချင်တယ် "

ခလေခင်လေးသည် အကြီးအကျယ် အံ့အားသင့်သွားတော့၏။ လမ်းလျှောက်နေသောခြေလှမ်းပင် ရပ်သွား ကာ ကိုစောအောင်အား အငေးသား ကြည့်နေမိသည်။ ဤမျှလောက် တိုတောင်းသော အချိန်အတွင်းမှာ ဤကဲ့ သို့ မကွယ်ဝှက် သွယ်ဝိုက်ခြင်းမရှိဘဲ ပွင့်ပွင့် လင်းလင်း ပြောလိမ့်မည်ဟု လုံးဝ မမျှော်လင့်မိခဲ့ချေ။

" စိတ်ဆိုးသွားပြီလား ခင်လေး "

ကိုစောအောင်ကပါ ရပ်တန့်ပြီး မေးလိုက်သည်။

" နေဦး ... ခင်လေးမရှင်းတာ မေးပါရစေ၊ ကိုစောမြတ်နိုးစွဲလမ်းချစ်ခင်တဲ့ ရုပ်ရည်ရှိသူမို့ ခင်လေးကို ချစ် တယ်ဆိုတော့ ဒီရုပ်ရည်မျိုးရှိသူ မိန်းမတစ်ယောက်က ကိုစောကို ပိုင်ဆိုင်ခဲ့ဖူးသလားလို့ သိချင်လို့ပါ "

ခင်ခင်လေး၏ အမေးကြောင့် ကိုစောအောင်က ပြုံးလိုက်၏။

" ကိုစော အမှန်အတိုင်းပြောနေတယ်လို့ ခင်လေးယုံကြည်ပါ။ ကိုစော ချစ်သူရည်းစား တစ်ခါမှ မထားခဲ့ဘူး၊ အစ်ကို ကိုမျိုးခိုင်အားလုံး သိပါတယ်၊ ဒါပေမယ့် မယုံနိုင်အောင် ထူးဆန်းတဲ့ သီးသန့်ကမ္ဘာကလေးတစ်ခုမှာ ခင်လေး ကိုတွေ့ခဲ့ဖူးတယ်၊ အဲဒီအချိန်ကစပြီး ခင်လေးကို စွဲလမ်းချစ်ခင်လို့ တစ်ကိုယ်တည်းဘဝနဲ့ နီးအောင် ဘယ်လို ကြံရမလဲလို့တွေးရင်း အချိန်ကုန်ခဲ့ရာက အခုမမျှော်လင့်ဘဲ ဆုံရတာမို့ မကွယ်မဝှက် ဖွင့်ပြောတာ ပဲ၊ ခင်လေး ကိုစော ကို ချစ်နိုင်မလား "

" ဘယ်ကမ္ဘာမှာများ ခင်လေးကို တွေ့ခဲ့ရပါလိမ့်နော် "

ခင်ခင်လေးက စိတ်ဆိုးသံ အလျဉ်းမပါဘဲ ကနွဲ့ကလျ ချစ်စဖွယ်မေးလိုက်၏။

ခင်ခင်လေးသည် ခင်ခင်လေးသာလျှင်ဖြစ်သည်။ နှောင်စင်ငဲ့ဘုရင်မ နန့်နှောင်းခါရီ မဟုတ်ကြောင်းကိုကား ကိုစောအောင် တွေးမိပြီးဖြစ်၏။

သို့သော် စွဲလမ်းခဲ့သော နန့်နှောင်းခါရီကို ဘယ်လိုမှ မျှော်မှန်း၍ မဖြစ်နိုင်သောကြောင့် ရုပ်ရည်ချင်း တူညီ သော ခင်ခင်လေးကို ကိုစောအောင်သည် နန့်နှောင်းခါရီ အမှတ်ထားပြီး ချစ်မြတ်နိုးလှ၏။

" အိပ်မက်ထဲမှာပေါ့ ခင်လေးရဲ့၊ ဝေ့လည်လည် မလုပ်ပါနဲ့ ခင်လေးရယ် ... ချစ်နိုင်မယ် ... မချစ်နိုင်ဘူးဆိုတာ တိတိ လင်းလင်း ပြောစမ်းပါ၊ ကိုစောက စစ်သားတစ်ယောက်ပါ ခင်လေး ... အချိန်လဲ မရှိဘူး၊ ခဏခဏလဲ မလာ နိုင် ဘူး၊ တစ်ခါတည်း သိသွားချင်တယ် "

ခင်ခင်လေး၏ အမူအယာ လေသံက ချစ်ဟန်ပေါ်နေသည်ကို အကဲခတ်မိသော ကိုစောအောင်က ရဲရဲပင် မေးလိုက် သည်။

ခင်ခင်လေးက ခပ်ပြုံးပြုံးမျက်နှာဖြင့် ကိုစောအောင်အား မော့ကြည့်ကာ -

" ခင်လေးက ဟို တောင်ကုန်းစောင်းမှာ အလွယ်တကူလက်ညှိုး လက်မကလေးနဲ့ ချိုးဆိတ်ယူရင်ရအောင် ပွင့်နေတဲ့ တောစံပယ်ပန်းကလေးမှ မဟုတ်ဘဲ၊ စဉ်းစားဖို့အချိန် - ဖေဖေနဲ့ တိုင်ပင်ဖို့ အချိန်လဲ ပေးဦးမှာပေါ့ ကိုစော ရဲ့ " ဟု ဖြေကြားလိုက်သည်။

" ခင်လေးဘက်က စဉ်းစားကြည့်ရင်လဲ ဟုတ်တာပေါ့လေ၊ ဘယ်တော့ အဖြေပေးနိုင်မှာလဲ "

" ဖက်ဆစ်တော်လှန်ရေးပြီးလို့ တိုင်းပြည် အေးချမ်းတဲ့အခါမှာ ခင်လေးတို့ ရန်ကုန်ပြန်မယ်၊ အဲဒီအချိန် ကိုစော ခင်လေးတို့ဆီ အရောက်လာမယ်ဆိုရင် တိတိကျကျ အဖြေပေးမယ်လေ၊ ခင်လေးတို့ အိမ်လိပ်စာ ကိုလဲ ပေးခဲ့ပါမယ် "

" ကောင်းပြီ ... ရောက်အောင်လာခဲ့မယ် ခင်လေး၊ ကိုစောအကြောင်းကိုတော့ အစ်ကို ကိုမျိုးခိုင်ကိုပဲ မေး ကြည့်နော် "

ကိုစောအောင်နှင့် ခင်လေးတို့ စကားတပြောပြောနှင့် လာနေသည်ကို ပဲစားချောင်အဝင် ကျောက်တုံးကြီး တစ်ခု အကွယ်မှာ ဆိတ်ငြိမ်စွာထိုင်ရင်း၊ ကိုစောအောင်နှင့် ခင်ခင်လေးတို့၏ အရိပ်အခြေကို တိတ်တဆိတ် ကြည့်နေသူ ကိုမျိုးခိုင်၏ ရင်တွင်းမှာကား အသည်းနှလုံးတို့ ကြွေပြုန်းတော့မည်သို့ ပြင်းထန်သော စိတ်ဝေဒနာ ကို ခံစားရရှာလေသည်။

*

သမီးရေ လာစမ်းပါကွယ် ... ဖေဖေ ပြောစရာရှိနေတယ် "

ခရေပင်ဘကြီး အရိပ်အောက်မှာ နီးကျောဖျာတစ်ချပ်ခင်းပြီး အေးအေးလူလူ ထိုင်နေသော ဦးထွန်းသစ်က ခေါ်လိုက်သဖြင့် ခင်ခင်လေးသည် ဇရပ်ပေါ်မှဆင်းလာပြီး ဖခင်အနားမှာ ရှိသေစွာ ထိုင်လိုက်သည်။

" တစ်နေ့ကသမီးနဲ့ မောင်မျိုးခိုင် ပဲစားချောင်အပြင်ဘက်ကို လမ်းလျှောက်သွားရင်း လူဆိုးတွေနဲ့ တွေ့ တယ်ဆို "

ဦးထွန်းသစ် အမေးကြောင့် ခင်ခင်လေးက အံ့အားသင့်သွားသည်။

" ဖေဖေ ဘယ်လိုသိလဲ "

ခင်ခင်လေးသည် ထိုအကြောင်းကို ဖခင်သိကစိတ်မကောင်းဖြစ်မည်စိုး၍ မပြောဘဲနေခဲ့သည်။ ကိုမျိုးခိုင်က လည်း သူ့သတ္တိနည်း၍ ရှက်စဖွယ်ဖြစ်ခဲ့ရသည်ကို လူသိမခံဟု တွေးခဲ့၏။ ဖခင်အား မည်သူပြောမည်နည်းဟု တွေးမိ၏။

" မောင်မျိုးခိုင်က ပြောတယ်သမီး၊ သမီးတို့ကို ကယ်တာ ဖေဖေ့ ကျေးရူးရှင် ဗိုလ်ကလေးစောအောင်လို့ ပြောတယ် "

" ဟုတ်ပါတယ် ဖေဖေ "

ခင်ခင်လေးက ဖြေလိုက်သည်။

" သမီး ဘာဖြစ်လို့ ဖေဖေ့ကို ဒီအကြောင်း မပြောတာလဲ ... "

ခင်ခင်လေးသည် အနည်းငယ် တွေနေပြီးမှ ...

" ဗိုလ်ကလေး စောအောင်ကကယ်လို့ သမီးလွတ်ခဲ့ရတယ် ဆိုတာ လူသိမှာရှက်လို့ပါ ဖေဖေ "

ဟု မခံချိမခံသာ ပြောလိုက်၏။

" အို ... ဘာရက်စရာလဲ သမီးရဲ့၊ ဗိုလ်ကလေး စောအောင် အကြောင်း မောင်မျိုးခိုင် ကောင်းကောင်းသိလို့ ဖေဖေ့ ကို ပြောပြတယ်၊ ဒီဗိုလ်ကလေးက ဒီဂရီရပေမယ့် ကောလိပ်ကျောင်းထွက်တစ်ယောက်ဖြစ်တယ်၊ မျိုး ရိုး ကလဲ မြန်မာ့ဘုရင်မင်းမြတ်လက်ထက်က စစ်မှုထမ်း အမျိုးအနွယ် ဆွေသန့်မျိုးသန့်ကောင်းတွေတဲ့... "

" သထုံမှာ ဒူးရင်းခြံအပိုင်နဲ့ ပစ္စည်းအင်အား အသင့်အတင့် ရှိတဲ့အပြင် စိတ်နေသဘောထား ဖွဲ့သတ္တိမှာ ဘာမှ ဆိုစရာအပြစ်မရှိတဲ့အပြင် အပျော်အပါး သိပ်ကင်းတယ် ဆိုပါကလား မောင်မျိုးခိုင် ကတော့ အားရပါးရ ချီးကျူး တယ် သမီးရဲ့၊ ဒီလို တပ်မတော် ဗိုလ်တစ်ယောက်က ကယ်တင်တာကို သမီး ဘာကြောင့် ရက်နေရ တာ လဲကွယ်၊ ကျေးဇူးရှင်ကို မထိန်ဝှက်ကောင်းဘူး သမီးရဲ့ "

ဦးထွန်းသစ်က အကြောင်းရင်းမသိရှာသဖြင့် ကိုမျိုးခိုင်၏ သတင်းပို့ချက်များကို သမီးအားပြောပြနေသည်။

" သမီးရက်တာက အဓိပ္ပာယ်တစ်မျိုးပါ ဖေဖေ "

" ဟော ... ဘယ်လိုလဲ သမီး "

ဦးထွန်းသစ်က အံ့အားသင့်ဟန်ဖြင့် မေးလိုက်၏။

" ကိုမျိုးခိုင်တစ်ယောက်လုံး ရှိနေပါရက်နှင့် သူ ဝင်ကယ်လို့ လွတ်ရတာ၊ ကိုမျိုးခိုင် အတွက် ရက်လို့ပါ ဖေဖေ "

ခင်ခင်လေးက ဒေါသသံနှောပြီး ပြောလိုက်၏။

အင်း ... ဆိုစမ်းပါဦး၊ မောင်မျိုးခိုင်လဲ အခု သုံးလေးရက်အတွင်း ရွှင်ရွှင်လန်းလန်းကိုမရှိဘူး၊ တမှိုင်မှိုင် တ ငေးငေး နဲ့"

ဦးထွန်းသစ်က ပြောလိုက်သည်။

ဟို လူဆိုးတွေနဲ့တွေ့ပြီးတဲ့ အချိန်ကစပြီး သမီးသူ့ကို စကားမှ အလျဉ်းမပြောတာ၊ သူမှိုင်မှာပေါ့ဖေဖေ၊ သမီး သူ့ကို စကားပြောဖို့မဆိုထားနဲ့၊ မျက်နှာတောင် မကြည့်ချင်တော့ဘူး ဖေဖေ၊ ဖြစ်ပုံက ... "

ခင်ခင်လေးသည် လူဆိုးများနှင့်တွေ့ရပြီး ဖြစ်ပျက်သည့် အခြေအနေကို တစ်လုံးမကျန် အသေးစိတ် ပြောပြ လိုက်ပြီး ...

" ဘယ်လောက် အားကိုးစရာကောင်းသလဲ ဖေဖေ၊ သမီကို ရက်ရက်စက်စက် လူဆိုးလက် ဝကွက်အပ်တယ်၊ ခြောက်လုံးပြူးကြီးရှိရက်နဲ့ ဓားရှည်ကိုင်လူဆိုးကို ထိုင်ရှိခိုးတယ်၊ သမီး တစ်ယောက် တည်း ပစ်ထားခဲ့ပြီး ကိုယ်လွတ်ရုန်း ထွက်ပြေးတယ်၊ ဗိုလ်လေးစောအောင်ကြောင့်ပေါ့ မဟုတ်ရင် သမီးဘဝကို တွေးတောင် မတွေး ဝံ့ဘူး၊ သမီး သူ့ကို မုန်းတယ်ဖေဖေ၊ လက်ထပ်ဖို့လဲ စိတ်မရှိတော့ဘူး "

ခင်ခင်လေး က စိတ်နာစွာဖြင့် ပြောလိုက်ရာ ဦးထွန်းသစ်သည် သမီးကို ကြည့်နေရာမှ သက်ပြင်းချလိုက်၏။

" ဪ ... မောင်မျိုးခိုင် ... ဒါလောက်အထိ ညံ့ဖျင်းတဲ့စိတ်ရှိသကိုး ... "

ဦးထွန်းသစ် သည် ယူကျုံးမရပြောလိုက်ပြီး ဇရပ်ပေါ်သို့ လှမ်းကြည့်လိုက်သည်။ အဆင်သင့်ပင် ဇရပ်ရှေ့မှ ဝရန်တာ သို့ ထွက်လာသော ကိုမျိုးခိုင်အား မြင်လိုက်သဖြင့် ...

" မောင်မျိုးခိုင်ရေ ... လာဦးဟေ့ ခဏ "

ဟု လှမ်းခေါ်လိုက်၏။ ကိုမျိုးခိုင်သည် ဇရပ်ပေါ်မှ ဆင်းလာကာ ဦးထွန်းသစ် ရှေ့တွင် မျက်နှာပျက်ပျက်နှင့် ထိုင်လိုက်၏။ ခင်ခင်လေးကား ကိုမျိုးခိုင်ကို လုံးဝ မကြည့်ချေ။ တင်းမာသော မျက်နှာထားဖြင့် မျက်နှာလွှဲ နေသည်။ ဦးထွန်းသစ်က သမီးပြောသည့်အတိုင်း ပြန်လည်ပြောပြကာ ...

" ဟုတ်သလား မောင်မျိုးခိုင် " ဟု မေးလိုက်၏။

" ဟုတ်ပါတယ် ဦး "

ကိုမျိုးခိုင်က မျက်နှာလွှဲနေသော ခင်ခင်လေးအား တစ်ချက်ကြည့်ပြီး အသံတိုးတိုးဖြင့် ဖြေလိုက်သည်။

" မောင်မျိုးခိုင် ယောက်ျားပီသလိမ့်မယ်လို့ ဦး ထင်ထား အားကိုးခဲ့တယ်ကွယ်၊ အခုလို ညံ့ဖျင်းတဲ့စိတ်ဓာတ် သတ္တိ မျိုး ထားတော့ ဦး ရှက်လဲရှက်၊ စိတ်လဲမကောင်းဖြစ်တယ် မောင်မျိုးခိုင် "

ကိုမျိုးခိုင်သည် ဦးထွန်းသစ်စကားကို ခေါင်းငုံ့နားထောင်ရာမှ ...

" ဦးနဲ့ ခင်လေးတို့ အယူအဆကတစ်မျိုး၊ ကျွန်တော့် အယူအဆက တစ်မျိုးပါ "

ဟု တုံးတိတိပြောလိုက်သည်။ အသံမှာကား အက်ကွဲသံ ပေါ်နေသည်။

" ဘယ်လိုလဲ မောင်မျိုးခိုင် ရှင်းစမ်းပါဦး "

ဦးထွန်းသစ်က မကျေနပ်သောအသံဖြင့် မေးလိုက်၏။

" ခင်လေးအတွက် အသက်စွန့် ကယ်လိုက်မယ်ဆိုရင် ကျွန်တော် သေချင်လဲသေသွားမယ်၊ ကျွန်တော် သေရင် ကျွန်တော့် ကျေးဇူးရှင်တစ်ယောက်ကို ကျေးဇူးမဆပ်လိုက်ရဘဲ နေမှာစိုးလို့ ကျွန်တော် အသေမခံ ချင်တာဘဲဦး "

ကိုမျိုးခိုင်က ဦးထွန်းသစ်ကိုရော ခင်ခင်လေးကိုရော မကြည့် မှုန်မှိုင်းရီဝေသော မျက်လုံးများဖြင့် အဝေးကို လှမ်းမျှော်ကြည့်ကာ ပြောလိုက်သည်။

" ဩော် ... မောင်ရင့်သဘောက အားနွဲ့သူ မိန်းမသားတစ်ယောက် ဘယ်အဖြစ်ရောက်ရောက် ငါ မသေပြီး ရောဆိုတဲ့ သဘောထား၊ သတ္တိမရှိတဲ့ လူညံ့ လူဖျင်းတစ်ယောက် ဖြစ်ပါတယ်လို့ တည့်တည့် ဝန်ခံလိုက်စမ်း ပါ မောင်မျိုးခိုင် " ဦးထွန်းသစ်က ဒေါသကို ချုပ်တည်းထားရသော အသံဖြင့် ပြောလိုက်သည်။

" ဦးတို့ ထင်ချင်သလို ထင်နိုင်ပါတယ် "

ကိုမျိုးခိုင်က သံပြတ်ဖြင့် ပြောလိုက်၏။ ခင်ခင်လေးသည် မခန့်လေးစားဟန်ဖြင့် ပြောလိုက်သော ကိုမျိုးခိုင်၏ လေသံကြောင့် ဒေါသထောင်းခနဲထွက်လာသည်။ ကိုမျိုးခိုင်၏ မျက်နှာကို စေ့စေ့ကြည့်ပြီး ပြောလိုက်၏။

" ရှင့်ကို ထင်နေတာမဟုတ်ဘူး ကိုမျိုးခိုင်၊ လူဖျင်းလူညံ့ အသုံးမကျ အားကိုးမရတဲ့ လူတစ်ယောက်လို့ အတိ အလင်း ပြောတယ်၊ ဒီနေရာမှာ ရှင်သာဗိုလ်လေးစောအောင် သတ္တိမျိုးရှိလိုက်ရင် ... အို ... နှိုင်းမရပါ ဘူးလေ၊ ဗိုလ်လေးစောအောင် လို လူမျိုးကတော့ ရှာမှရှားပါ "

ကိုမျိုးခိုင်က မချိပြုံးပြုံးကာ ...

" ခင်လေးက ဗိုလ်လေးစောအောင်ကို သဘောကျနေပြီ ဆိုပါတော့ " ဟု ဒေါသကို ဆွပေးလိုက်၏။

" ကျတယ်လေ၊ ဒီလို အားကိုးထိုက်တဲ့ ယောကျ်ား တစ်ယောက်ကို ဘယ်လိုမိန်းမမဆို အားကိုးမှာပဲ၊ ရှင့်ကို လူညံ့ တစ်ယောက်ပါလားလို့ စဉ်းစားမိလေ ကိုစောအောင်ကို သဘောကျလေပဲ "

လူ့သဘာဝကား ဒေါသဖြစ်လလျှင် စိတ်ထဲရှိသမျှ ဖြစ်သမျှကို မဆင်ခြင် မချင့်ချိန်ဘဲ ပွင့်ထွက်လာတတ် သည့် အလျောက် နဂိုကပင် ကိုစောအောင်အား ညှတ်နေသော ခင်ခင်လေးသည် ဒေါသအလျောက် အမှန် အတိုင်းဖွင့်ထုတ်လိုက်ပြီးမှဖခင်အား ရှက်ရွံ့အားနာဟန်ဖြင့် အရှိန်သတ်ကာ လိုက်ပြီး ဖခင်ဦးထွန်းသစ်အား မသိမသာ အကဲခတ်ကြည့်လိုက်သည်။ သို့သော် ဦးထွန်းသစ်ကား သမီးအား စိတ်ဆိုးဟန် မပေါ်ချေ။

" ဦး သမီးစိတ်က ဗိုလ်လေးစောအောင်ဆီ လှည့်သွားပြီ ဦးရဲ့၊ စကားအဓိပ္ပာယ်ကို ဦး စဉ်းစားမိရဲ့ မဟုတ် လားဦး "

ကိုမျိုးခိုင်က စိတ်မကောင်းဟန်၊ ဝမ်းနည်းဟန် လုံးဝမပြဘဲ အရေးမစိုက်သလို ခပ်ပေါ့ပေါ့ လေသံဖြင့် ပြော လိုက်သည်။

ပညာပြည့်စုံပြီးလို့ သူ့ဘဝသူ ဖန်တီးနိုင်တဲ့ အခြေအနေကို ရောက်နေတဲ့ သမီးသဘောထားကို အစကတည်းက ဦး မကန့်ကွက်ဘဲ လိုက်လျောခဲ့တယ်ဆိုတာ မောင်မျိုးခိုင် အသိသားပဲ၊ အခုလဲ သမီး သဘောအတိုင်း ဆုံးဖြတ်ပါစေ "

ကိုမျိုးခိုင်အား အထင်သေးနေပြီဖြစ်သော ဦးထွန်းသစ်က ထိုမျှသာပြောပြီး ထိုအကြောင်းကို ဆက်လက် မဆွေးနွေးလိုဟန်ဖြင့် ရုတ်ခနဲထခါ ထွက်သွားလေသည်။

" ခင်လေးက ကိုယ့်ကိုအားကိုးမထိုက်တဲ့ လူဖျင်းလူညံ့လို့ အတိအလင်းပြောသလို ကိုယ်ကလဲ ခင်လေး ဗိုလ်စောအောင်ကို ချစ်နေပြီလားလို့ အတိအလင်းမေးတယ် "

ကိုမျိုးခိုင်က ခံခက်ဖွယ်လေသံ၊ ပြုံးဖြဲဖြဲ မျက်နှာဖြင့် ခပ်လှောင်လှောင် မေးလိုက်၏။ ဖခင်ဖြစ်သူ ထွက်ခွာ သွားပြီဖြစ်၍ ခင်ခင်လေးသည် ကြည့်မရအောင် အမြင်ကပ်လာပြီဖြစ်သော ကိုမျိုးခိုင်အား ...

" ဟုတ်တယ်၊ ကိုစောကို ချစ်နေပြီ တော်လှန်ရေး ပြီးပြီးချင်း ရန်ကုန်ကို လိုက်ခဲ့ဖို့ မှာထားတယ်၊ ရှင်းပြီလား၊ ရှင်နဲ့ကျွန်မလဲ တစ်ယောက်ကို တစ်ယောက် မေ့လိုက်ကြစို့ "

ဟု ပြောင်ပြောင် ဘွင်းဘွင်းပင် ပြောလိုက်၏။

" ခင်လေး တကယ်ပြောနေတာနော်၊ ဗိုလ်စောအောင်ကို ပြန်ပြောလိုက်ရမလား"

ကိုမျိုးခိုင်က သူငယ်ချင်းချင်း နောက်ပြောင် ကျီစားသကဲ့သို့ ရယ်မောကာ မေးလိုက်၏။ ဂရုမစိုက် မခန့်လေး စား ပေါ့ပေါ့တန်တန် လေသံ အမူအရာဖြင့် ပြောဆိုနေသော ကိုမျိုးခိုင်အား ခင်ခင်လေးသည် အမုန်းကြီး မုန်းသွားပြီဖြစ်၏။

" ပြောလိုက်ပါ၊ ကျွန်မ ရှင့်ကို စွန့်သင့်လို့စွန့်ပြီး ကိုစောချစ်သင့်လို့ ချစ်တယ်ဆိုတာ "

ခင်ခင်လေးက လေးလေးနက်နက် ပြောကာ ထိုင်ရာမှ ထလိုက်၏။

" ကောင်းပါပြီ ခင်ဗျာ၊ ပြောလိုက်ပါမယ် မခင်ခင်လေးရဲ့ "

ဦးခေါင်းညွတ်ကာ အရွဲ့တိုက်ပြောလိုက်သော ကိုမျိုးခိုင်အား ခင်ခင်လေးက အံ့ခဲကာ တစ်ချက်မျှကြည့်ပြီး ထွက်သွားလေသည်။ ခင်ခင်လေး ထွက်သွားလျှင်ပင် ကိုမျိုးခိုင်၏ မျက်နှာပေါ်မှ မခန့်လေးစား၊ ပြုံးဖြဲဖြဲ အမူအရာသည် ပျောက်ကွယ်သွားလေသည်။ အသည်းကြွေမှု စိတ်ဒုက္ခရောက်ရသူ၏ အမူအရာသည် မျက်နှာ မှာ ပေါ်လာသည်။ ဝေ့လည်လာသော မျက်ရည်ကို လျှံမကျစေရန် အံ့ခဲကာ မျက်တောင်ကို သွက်သွက်ခပ် လိုက်လေသည်။

*

ဒုတိယ ကမ္ဘာစစ်ကြီးလည်း ပြီးဆုံးခဲ့လေပြီ။ ဖက်ဆစ်ဂျပန် တော်လှန်ရေးလည်း ပြီးဆုံးခဲ့လေပြီ။ ပဲစားချောင် တွင် ခိုလှုံနေသော စစ်ပြေးတစ်စုကား ကိုယ့်ရပ်ကိုယ့်ဌာနေသို့ ပြန်လည်ကြရတော့မည်ဖြစ်၍ ဝမ်းသာရွှင် မြူးစွာ အထုပ်အပိုး ပြင်နေကြပြီဖြစ်၏။ ဆွေမျိုးတစ်သိုက် လူစုမကွဲမီမှာ ကိုစောအောင်သည် ပဲစားချောင်သို့ အချိန်မီ ပြန်ရောက်လာလေသည်။

" ဦး နေကောင်းပါရဲ့လား "

ဦးထွန်းသစ် အား ကိုစောအောင်က ရိုသေစွာ နှုတ်ဆက်လိုက်၏။

" ဟေ ... မောင်စောအောင်ပါလား၊ အေး ... နေကောင်းပါတယ်ကွယ်၊ တို့တစ်တွေလဲ ရန်ကုန်ပြန်ကြ တော့မှာကွယ့်၊ မောင်စောအောင် ရောက်လာတာ အချိန်မီပဲ၊ သန်ဘက်ခါဆို တို့ပြန်ကြတော့မှာ "

အသက်သခင် ကျေးဇူးရှင် ဖြစ်နေရာတွင် ဇာတိမျိုးရိုး၊ အကျင့်စာရိတ္တ၊ စိတ်နေသဘောထား၊ ပညာအရည် အချင်းပါ မကျန် ကိုမျိုးခိုင်က စုံစေ့စွာ

ပြောပြထားပြီးဖြစ်၍ လေးစားခင်မင်နေသော ဦးထွန်းသစ်က ဝမ်းသာ အားရ နှုတ်ဆက်စကား ပြောလိုက်၏။

" သမီးရေ ... မောင်စောအောင် ရောက်လာပြီဟေ့ "

ဦးထွန်းသစ်က ဇရပ်အတွင်းခန်းတွင် ပစ္စည်းများ သိမ်းဆည်းနေသော ခင်ခင်လေးအား လှမ်းပြောလိုက်၏။

" ဟုတ်ကဲ့ ... ဖေဖေ "

အခန်းတွင်းမှ တုံ့ပြန်လိုက်သော ခင်ခင်လေး၏ အသံသည် ခရီးပန်းလာသော ကိုစောအောင်၏ ရင်ထဲမှာ အေးသွားပြီး အမောပြေသွားသည်ဟု ထင်လိုက်၏။ အသံကြားရာ အခန်းတံခါးဝဆီသို့ လှမ်းကြည့်လိုက် သည်။

" ကိုစောတို့ တာဝန်တွေ ပြီးဆုံးပြီနော် "

ခင်ခင်လေးက ဖခင်နှင့် မလှမ်းမကမ်း ကိုစောအောင်နှင့် မျက်နှာချင်းဆိုင်မှာ ပိပိရိရိထိုင်ကာ နှုတ်ဆက် လိုက်သည်။

" ပြီးဆုံးပါပြီခင်လေး၊ ဒါကြောင့် ကိုစောလာခဲ့တာပေါ့၊ ဦးကိုရော ခင်လေးကိုရော အခုလို ကျန်းကျန်းမာမာနဲ့ ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရတာ သိပ်ဝမ်းသာတယ်၊ လာသာလာခဲ့ရတယ်၊ ရန်ကုန်ပြန်သွားကြပြီလားလို့ စိတ်တထင့်ထင့်ပဲ "

ကိုစောအောင်က ရွှန်းလဲ့တောက်ပသော မျက်လုံးဖြင့် ခင်ခင်လေးအား စိမ့်စိမ့်ကြည့်ပြီး ပြောလိုက်၏။

လ" သန်ဘက်ခါဆို ပြန်တော့မှာ ကိုစောရဲ့၊ အခု ခင်လေးပစ္စည်းတွေ သိမ်းနေတာ "

ခင်ခင်လေးသည် ဖခင်ရှေ့မှာဖြစ်၍ သံမှန်ဖြင့် ဣန္ဒြေရရ ပြောနေသော်လည်း မျက်လုံးများမှာ နှစ်သိမ့် ဝမ်း မြောက်ကြည်နူးခြင်းကို ထင်ထင်ရှားရှား ဖော်ပြနေသည်။

" ဒါထက် အစ်ကိုတစ်ယောက်ကော၊ အစ်ကို မျိုးခိုင်လေ "

ကိုစောအောင်က မေးလိုက်သောအခါ ဦးထွန်းသစ်နှင့် ခင်ခင်လေးတို့သားအဖ တစ်ယောက်မျက်နှာတစ် ယောက် ဖျပ်ခနဲ ကြည့်လိုက်ကြ၏။

" ခင်လေးမသိဘူး ကိုစော၊ အမှတ်တမဲ့ပဲ နေခဲ့တယ် ပဲစားချောင်မှာ မနေတော့ဘဲ ထွက်သွားတာ တော် တော်ကြာပြီ၊ ဖေဖေ့ကို ပြောသွားတယ်ထင်တယ် "

ခင်ခင်လေးက ဖခင်မျက်နှာ လှမ်းကြည့်ပြီး ဖြေလိုက်၏။ ကိုမျိုးခိုင် ဘယ်ကိုထွက်သွားသည်ကို ခင်ခင်လေး တကယ်ပင် မသိချေ။

ခရေပင်အောက်မှာ တစ်ယောက်နှင့် တစ်ယောက် စကားပြောမတဲ့ဘဲ မှန်းတီးစွာ နေခဲ့ကြရာမှ တစ်ပတ် လောက်အကြာတွင် နောက်ဆုံးအကြိမ်အဖြစ် ကိုမျိုးခိုင်က ပြောသွားသော စကားကို ခင်ခင်လေးက သတိရလိုက်မိသည်။

" ခင်လေးက ဗိုလ်စောအောင်ကို ချစ်ပါတယ် ဆိုတဲ့အကြောင်း ကိုယ် သွားပြောခဲ့ပြီ၊ ဗိုလ်စောအောင် ခမျာ ဝမ်းသာရှာလွန်းလို့ ဟောဒီမှာ စာပေးလိုက်တယ် ခင်လေးရေ့၊ ချစ်သူဆီကစာ ဝမ်းသာကြည်စွာ ဖတ်ပေ ရော့ "

ဟု ပြောကာ ထိုင်နေသော ခင်ခင်လေး၏ ပေါင်ပေါ်သို့ စာကိုပစ်တင်ကာ ချာခနဲလှည့်ထွက်သွားသော ကိုမျိုးခိုင်ကို ထိုနေ့မှစ၍ ပဲစားချောင်မှာ

မတွေ့မမြင်ရတော့ချေ၊ မုန်းတီးစိတ်နာပြီးဖြစ်သော ခင်ခင်လေး သည် ကိုမျိုးခိုင်အကြောင်းကို မေ့ပျောက်ထားလိုက်၏။

" အစ်ကို ဘယ်ကိုထွက်သွားလဲဦး၊ ကျွန်တော်နဲ့ ပတ်သက်ပြီး ဘာများ မှာသွားသေးလဲခင်ဗျာ "

ချစ်လှစွာသော အစ်ကိုရင်းတစ်ယောက်ပျောက်ဆုံးရသော ညီငယ်ကဲ့သို့ ကိုစောအောင်က မေးလိုက်၏။ ဦးထွန်းသစ်က ရုတ်တရက် မဖြေသေးဘဲ အတန်ငယ်တွေနေသည်။

" ခင်လေးက ကျွန်တော်နဲ့ မတူတန်တော့ပါဘူး ဦး၊ ဗိုလ်စောအောင်နဲ့ မေတ္တာရှိနေကြပါပြီ၊ ညီလေး မသေ မပျောက်ပြန်ရောက်လာတဲ့အခါ သူတို့ မေတ္တာကို မဖျက်ဆီးပါနဲ့လို့ ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော်လဲ ပဲစားချောင်မှာ မနေဘဲ ထွက်သွားဖို့ စိတ်ဆုံးဖြတ်ပြီး ဦးကို နှုတ်ဆက်ပါတယ် "

ဟု ကိုမျိုးခိုင်က ပြောသွားသော စကားကို ပြန်လည်သတိရသော ဦးထွန်းသစ်က ...

" အေး ... ဘယ်ရယ်လို့တော့ ပြောမသွားဘူး မောင်စောအောင်ရဲ့၊ ဒီသူငယ် ဘာ အရှုပ်အရှင်းတွေဖြစ်သွား လဲမသိဘူး၊ တစ်နေ့ ချောင်အဝက သစ်ပင်အောက်မှာ လူသုံးယောက်ကို ငွေပေးနေတာမြင်တယ်၊ ဦးကလဲ အမှတ်မဲ့ ထွက်အလာမှာ အသာကွယ်ပြီး အကဲခတ်ကြည့်နေလိုက်မိတယ်။ ဟိုလူ သုံးယောက်က သူပေးတဲ့ ငွေတွေယူပြီး ...

" ကျေးဇူးတင်ပါတယ်ဆရာ၊ နောင်ကိုလဲ ဒီလို လွယ်လွယ်နဲ့ ငွေရမယ့် အလုပ်မျိုးဆို ခေါ်စမ်းပါဦးတဲ့ "

လူတစ်ယောက်က ပြောသွားတယ်ကွယ့်။

" ဆရာက အကြံပိုင်သား၊ မဟုတ်ရင် ကျွန်တော်တို့ သေနတ်စာ မိမှာတဲ့ "

ဟိုလူသုံးယောက်လဲ ထွက်သွားရော၊ သူလဲ ခေါင်းငိုက်စိုက်ချပြီး ကျန်ရစ်တာပဲ၊ ဓားပြတိုက် ဝေစုခွဲကြတာ လားမသိဘူး၊ ကဲ ... ဦးလဲ ဆရာတော် သွားဖူးလိုက်ဦးမယ် မောင်စောအောင် "

ဦးထွန်းက ကိုမျိုးခိုင်အား အထင်သေးစွာ ပြောပြီး ထသွားလေသည်။ ကိုစောအောင်သည် မည်ကဲ့သို့ ဖြစ်ပျက် သွားမှန်းမသိရသော ကိုမျိုးခိုင်အတွက် စိတ်မကောင်းစွာ ကိုင်နေမိလေသည်။ အတန်ကြာမှ သက်ပြင်းချ လိုက်ကာ ... " ခင်လေး " ဟု ခေါ်လိုက်၏။

" ကိုစော "

ခင်ခင်လေးက ထူးလိုက်သည်။

" ကိုစောနဲ့ ခင်လေး မေတ္တာရှိနေတာ ဦး သိပြီလား"

" မသိဘူးထင်တယ် ကိုစော၊ ဒါပေမယ့် ဖေဖေက ငြင်းမယ် မထင်ပါဘူး၊ ကိုစောကို သူ တော်တော်ချီးကျူး တယ် "

ကိုမျိုးခိုင် ဘာပြောသွားသည်ကိုမသိသော ခင်ခင်လေးက အဖြေပေးလိုက်၏။ သို့သော် ကိုမျိုးခိုင်ကို လုံးဝ မလိုလားတော့သော ဦးထွန်းသစ်၏ သဘောထားကို ခင်ခင်လေးက ကောင်းစွာသိပြီးဖြစ်၍ ကိုစောအောင် ကို သဘောတူလိမ့်မည်ဟု ခင်ခင်လေးက အတတ်တွေးလိုက်သည်။

" ဦးကို အသိပေးချင်တယ်ခင်လေး၊ သန်ဘက်ခါ ခင်လေးတို့ ရန်ကုန်ပြန်ကြရင် ကိုစောလဲ တပါတည်းလိုက်ခဲ့မယ်၊ ဖေဖေက သထုံမှာ ဂျပန်တွေကြောင့် မနေနိုင်ဘဲ ရန်ကုန်မှာ ရောက်နေတာ တော် တော်ကြာပြီ၊

ဦးကသိထားပြီးဖြစ်တော့ ရန်ကုန်ရောက်ရင် ကိုစော ဖေဖေကို ခေါ်လာခဲ့တော့ ကြောင်တက် တက် မဖြစ်ဘူးပေါ့၊ လူကြီးချင်း ပြောဆိုပြီး လက်ထပ်ရေးစီစဉ်မှ ခင်လေးတို့ သားအဖ သဘောကျသလို ဖြစ်စေမယ်၊ မကောင်းဘူးလား ခင်လေး "

" ကောင်းပါတယ်၊ ဖေဖေ့ကို ခင်လေး ပြောပြထားလိုက်မယ်လေ "

ဖခင်အကဲကို ခတ်မိသော ခင်လေးက ရဲရဲပင် ပြောလိုက်သည်။

" ကိုစော လက်ထပ်ပွဲမှာ အစ်ကို ရှိစေချင်လိုက်တာနော်၊ ရန်ကုန်က သူ့အိမ်ကို ပြန်ရောက်နေရင် သိပ်ဝမ်း သာရမှာပဲ၊ လက်ထပ်ပွဲ အမီတော့ အစ်ကို့ကို တွေ့အောင်ရှာမှဖြစ်မယ်၊ ဘယ်ထွက်သွားတယ် မသိဘူး "

ကိုစောအောင် က အစ်ကိုမျိုးခိုင်အား တမ်းတမ်းတတညည်းညူလိုက်သောအခါ ခင်ခင်လေးက စိတ်မဝင် စား ဟန်ဖြင့် မျက်နှာကို မသိမသာ တစ်ဖက်သို့ လှည့်လိုက်၏။

ရန်ကုန်သို့ပြန်ရောက်သောအခါ ကံအားလျော်စွာ ဦးထွန်းသစ် နေထိုင်သောအိမ်မှာ ပြောလောက်အောင် ပျက်စီးမှု မရှိဘဲ လူနေထိုင်၍ ဖြစ်နိုင်သော အခြေအနေကို ဝမ်းသာဖွယ်ရာ တွေ့ရလေသည်။ ဦးထွန်းသစ်က ကြည်ဖြူစွာ ပင် သဘောတူ၍ ရန်ကုန်သို့ တစ်ပါတည်း လိုက်လာသော ကိုစောအောင်က ရန်ကုန် ရောက်လျှင်ပင် ဖခင်ကြီးနှင့် ကိုမျိုးခိုင်အား တွေကလိုလှပြီ ဖြစ်သော်လည်း ကိုမျိုးခိုင်၏အိမ် ဘယ် နေရာမှာ ရှိမှန်း မသိသောကြောင့် ခင်ခင်လေးအား မေးရလေသည်။

" နေပါဦး ကိုစောရဲ့၊ ဘာဖြစ်လို့ ဒီလူကို အလျင်စလို တွေ့ချင်နေရတာလဲ၊ ဖြည်းဖြည်းမှသွားပေါ့၊ အမောဖြေ စမ်းပါဦးကိုစောရယ် "

အစ်ကို အစ်ကိုနှင့် တစ်ကိုတည်းကိုနေသော ကိုစောအောင်အား ခင်ခင်လေးက ပြောဆို မေးမြန်းလိုက်၏။

" ဖေဖေက အစ်ကို့ အိမ်မှာ ရောက်နေတာ ခင်လေးရဲ့၊ အစ်ကိုနဲ့ ခင်လေးတို့က သိပေါင်း ကျွမ်းပေါင်း ဆိုတော့ ဒေါ်မှုံကို သိမှာပေါ့ "

" ဒေါ်မှုံကို သိတာပေါ့ ကိုစောရဲ့ "

" အဲဒီဒေါ်မှုံက စစ်ဖြစ်တော့ သထုံက ကိုစောတို့ ဒူးရင်းခြံမှာ လာနေတယ်၊ အစ်ကိုရော ဒေါ်မှုံရော နှစ် ယောက်လုံးပေါ့၊ နောက် အစ်ကိုက ရန်ကုန်ကို သွားမယ်ဆိုပြီး ထွက်သွား၊ အစ်ကို ထွက်သွားပြီး ဂျပန်တွေ ကြောင့် ဒေါ်မှုံတို့ ဒူးရင်းခြံမှာ မနေနိုင်တော့ဘဲ ကိုစောအဖေရော ဘကြီးရော ဒေါ်မှုံက ခေါ်ပြီး ရန်ကုန် အစ်ကို့ အိမ် ကို ရွှေ့သွားကြတယ် ခင်လေးရဲ့ "

" အဲဒီ အချိန်က ကိုစော လိုက်မသွားဘူးလား " ခင်ခင်လေးက ဖြတ်မေးလိုက်သည်။

" ဂျပန်တွေချချင်တာနဲ့ မလိုက်ဘဲ သထုံမှာ နေရစ်ခဲ့လို့ အစ်ကို အိမ်မသိဘဲ ဖြစ်သွားတာ ခင်လေးရေ့၊ အစ်ကိုနဲ့လဲ အဲဒီအချိန်ကစပြီး ကွဲသွားကြတာ တော်လှန်ရေးတာဝန်နဲ့ စစ်ကိုင်းရောက်မှ ပြန်တွေ့ရတာပဲ၊ ကွဲနေကြတာ ကြာလို့ အားလုံးကို တွေ့ချင်တယ်၊ ဒါကြောင့် အမောမဖြေနိုင်သေးဘဲ မေးနေရတာ ခင်ဗျ"

ကိုစောအောင် က ကလေးဆိုးကြီးဟန်နှင့် ပြောသည်ကို ခင်ခင်လေးက သဘောကျစွာ ရယ်လိုက်ပြီး ကိုမျိုးခိုင် ၏ အိမ်တည်ရှိရာကို သေချာစွာ ပြောပြလိုက်သည်။

" ကိုစော သွားလိုက်ဦးမယ်၊ ည ဒီမှာ ပြန်အိပ်ရမလား " ကိုစောအောင်က ခပ်တည်တည် မေးလိုက်၏။

" ဟင်းနော် ... ကိုစောကို ဘယ်သူက အိပ်ခန်းပေးသေးလို့လဲ၊ ဟိုမှာပဲအိပ်၊ ခင်လေးဆီကို တစ်နေ့တစ်ခေါက် မှန်မှန် မျက်နှာလာပြ ... "

ခင်ခင်လေးက အမိန့်ပေးလိုက်၏။

" ကောင်းပါပြီခင်ဗျာ ... အမိန့်တော်အတိုင်းပါ ... အဖေကတော့ ... သူ့ချွေးမကို မြင်ရင် ဘယ်လောက်ချစ် မလဲ မသိဘူး "

" ကိုစောနော် ... သွားမှာကို သွားစမ်း ... "

ခင်ခင်လေးက ချစ်စဖွယ် မာန်မဲလိုကသည်ကို ကိုစောအောင်က နှစ်ခြိုက်ကျေနပ်စွာ နာခံပြီး ထွက်လာခဲ့ လေသည်။

*

အိမ်ဦးခန်းတွင် ဦးဘိုးဦး၊ ဦးစောခိုင်နှင့် ဒေါ်မှုံအား ထိုင်စေပြီး ကိုမျိုးခိုင်က ရိုသေစွာ ကန်တော့လိုက်သည်။ ဦးစောခိုင် တို့ သုံးယောက်မှာ ကိုမျိုးခိုင်၏ အပြုအမူကို နားမလည်ကြသဖြင့် ကြောင်တက်တက် ကြည့်နေ ကြသည်။

ကျွန်တော် ဝတ်ကြောင် ကို ငြီးငွေ့ကလို့ သင်္ကန်းစီးတော့မယ်အဘ၊ ဒီနေ့ပဲ ပဲခူးမြို့နားက စမ်းကြီးတောရ ကျောင်းကို သွားမှာမို့ အဘတို့ကို နှုတ်ဆက်ကန်တော့တာပါ "

ကိုမျိုးခိုင် က ညှိုးငယ်သော မျက်နှာဖြင့် ရှင်းပြလိုက်၏။

" လူလေးရယ် ... ဒေါ်မှုံတို့ကို ဒီအတိုင်း ပစ်ထားခဲ့မှာလား ... "

ဒေါ်မှုံက မျက်ရည်ကျပြီး မေးလိုက်သည်။

" ဩော် ... သားကြီးက သင်္ကန်းဝတ်ပြီးထွက်၊ သားငယ်ကလဲ သေမှန်း ရှင်မှန်းမသိ၊ အဘတို့မှာ မျက်စိ သူငယ်နဲ့ ကျန်ရစ် ရ မှာလားကွယ် ... "

ဦးစောခိုင်က ဝမ်းနည်းသံဖြင့်မေးသည်။ ဦးဘိုးဦးကား ဘာမျှမပြော၊ စိတ်မကောင်းသော မျက်နှာဖြင့်သာ ကိုမျိုးခိုင်အား ငေးစိုက်ကြည့်နေသည်။

" ညီလေး အပြန်ကို ကျွန်တော် စောင့်ပါတယ်အဘ ... ကျွန်တော် သင်္ကန်းဝတ်ချင်နေတာ ကြာပါပြီ၊ အဘ တို့ အားကိုးမဲ့ ကျန်ရစ်မှာစိုးလို့ အခုလောက်ကြာအောင် ဆိုင်းနေတာပါ။ ညီလေး ရန်ကုန်ကို ပြန်လာလိမ့် မယ် ဆိုတာ ကျွန်တော် စုံစမ်းလို့ သိပြီးပါပြီအဘ၊ အခု တစ်ရက် နှစ်ရက်အတွင်း ရောက်မလား မပြောတတ် ဘူး "

ကိုမျိုးခိုင် က ခြောက်သွေ့ အက်ကွဲသောအသံဖြင့် ပြောလိုက်၏။

" အဲဒီ တောရကျောင်းကို ဒေါ်မှုံပါ လိုက်ခဲ့မယ်လေ လူလေး ... "

ဒေါ်မှုံက ငယ်စဉ်ကစပြီး ထိန်းကျောင်း ယုယကာ အတူနေလာ၍ သားရင်းလိုဖြစ်နေသော ကိုမျိုးခိုင်နှင့် မခွဲလို ရှာပေ။

" ဒေါ်မှုံနေရစ်ဦးလေ ...၊ ညီလေး ရန်ကုန်ရောက်ရင် ဒီအိမ်ကို လာမှာ သေချာပါတယ်၊ ညီလေး မင်္ဂလာ ဆောင် မှာ လက်ဖွဲ့ပစ္စည်းတစ်ခု ဒေါ်မှုံကို ကျွန်တော် အပ်ခဲ့ပါရစေ ...၊ သူ လာတဲ့နေ့မှာ ပေးပါ၊ အဲဒီကိစ္စ ပြီးရင် ဒေါ်မှုံ လိုက်ချင်လိုက်ခဲ့ပေါ့ ... " ဒေါ်မှုံ ဝမ်းသာသွားလေသည်။

" မောင်စောအောင် လာတဲ့အထိ ဆိုင်းပါဦး သားကြီးရယ် ... "

ဦးစောခိုင်က တောင်းပန်လိုက်သည်။

" မဆိုင်းပါရစေနဲ့ အဘရယ် ...၊ ဒီနေ့ဒီရက်မှာ ကျွန်တော် သွားမယ်လို့ စိတ်ကို ဆုံးဖြတ်ပြီးဖြစ်နေလို့ပါ၊ ညီလေး လာတဲ့အခါ ဒီအိမ်မှာ ဆက်နေချင်လဲနေပါအဘ "

" သားကြီးက တစ်သက်လုံး သင်္ကန်းဝတ်တော့မှာလား "

ဦးစောခိုင်က တားမြစ်ရန် မဖြစ်ကောင်းသည့်ကိစ္စမို့ ဝမ်းနည်းသည့်မျက်လုံးဖြင့် ကိုမျိုးခိုင်၏မျက်နှာကို ချစ်ခင်စွာ ကြည့်ပြီး မေးလိုက်သည်။

" ပျော်သလောက်ဆိုပါတော့ အဘရယ် ... "

" ဒါထက် ခုနက ညီလေး မင်္ဂလာဆောင် လက်ဖွဲ့ဖို့ဆိုတာ ကြားလိုက်ပါတယ်၊ သားငယ်က မင်္ဂလာဆောင် မှလား ... ဘယ်က မိန်းကလေးလဲကွယ့် "

" ညီလေးမှာ ဖူးစာဖက် တွေ့နေပြီ အဘရဲ့....၊ ဘယ်က မိန်းကလေးလဲဆိုတာ ညီလေးလာရင် သိမှာပေ့ါ၊ ကဲ ကျွန်တော် သွားဖို့ အချိန်တန်ပါပြီ အဘရော၊ ဦးကြီးရော နှုတ်ဆက်ခဲ့ပါတယ် "

ကိုမျိုးခိုင်က ပြောကာ ထိုင်ရာမှ ထလိုက်ပြီး ...

" ဒေါ်ခင်မှူ ခဏ ကျွန်တော့် အခန်းထဲ လာပါဦး "

ဟု ဒေါ်မှူ ကိုခေါ်ကာ အခန်းထဲဝင်သွားသဖြင့် ဒေါ်မှူက လိုက်သွားလေသည်။

ဦးစောခိုင်နှင့် ဦးဘိုးဦးသည် မှုလထိုင်နေသော နေရာမှာပင် ဆိတ်ငြိမ်စွာ ထိုင်နေကြသည်။ အတန်ငယ် ကြာသော အခါ ကိုမျိုးခိုင်သည် အခန်းတွင်းမှထွက်လာသည်။ ဦးစောခိုင်နှင့် ဦးဘိုးဦးကို လှည့်မကြည့်ဘဲ နှုတ်ခမ်းကို တင်းတင်းစေ့ကာ ခေါင်းငိုက်စိုက်နှင့် အိမ်ပေါ်မှဆင်းသွားသည်ကို ဦးစောခိုင် ဦးဘိုးဦးနှင့် ဒေါ်မှူ တို့မှာ လွမ်းတဝမ်းနည်းသောမျက်နှာဖြင့် ငေးစိုက်ကြည့်နေလိုက်ကြ၏။

ဦးစောခိုင်၊ ဦးဘိုးဦးနှင့် ဒေါ်မှုံတို့ တစ်ယောက်နှင့် တစ်ယောက် မလှမ်းမကမ်းအကွာစီမှာ သုံးပွင့်ဆိုင် ထိုင်ပြီး အတွေးစ ကိုယ်စီဖြင့် ငေးနေကြသည်မှာ မည်မျှ ကြာသွားသည်မသိ။

" အဖေ ... "

ဟု ဝမ်းသာအားရခေါ်လိုက်သံကြောင့် သုံးယောက်လုံး အသံကြားရာကို ကြည့်လိုက်ကြသည်။

" ဟယ် ... သား ပြန်လာပြီ "

" မောင်စောအောင် ... "

ဟူ၍ ဦးစောခိုင် နှင့် ဦးဘိုးဦးက ပြိုင်တူ ခေါ်လိုက်ကြ၏။ ဒေါ်မှုံကား အငေးသား ကြည့်နေသည်။

" အားလုံး နေကောင်းကြတယ်နော်၊ ကျန်းကျန်းမာမာ ပြန်တွေ့ရတာ ဝမ်းသာလိုက်တာ၊ ဒါထက် အစ်ကိုရော၊ အစ်ကို ပြန်ရောက်နေတယ် မဟုတ်လား အဖေ "

ကိုစောအောင် က ဝမ်းသာစွာ ပြောဆိုမေးမြန်းရင်း အိမ်အတွင်းကို မျက်လုံးလှည့်ကြည့်လိုက်သည်။ ဒေါ်မှုံက ကပျာကသီ ထကာ အခန်းတွင်းသို့ ဝင်သွားလေသည်။

" မောင်မျိုးခိုင် အခုတင်ကပဲ ထွက်သွားတယ် သားရယ်၊ တစ်နာရီ ကျော်ကျော်လောက်ပဲ ရှိဦးမယ်နော် အဘာဦး" ဦးစောခိုင်က ဖြေလိုက်သည်။

" အေးကွယ်၊ လက်မတင်လေး လွဲသွားတယ် "

ဦးဘိုးဦးက ပြောလိုက်သည်။

" အစ်ကို ဘယ်ကို သွားလဲအဖေ၊ သူ ဘယ်အချိန် ပြန်လာမယ်တဲ့လဲ "

" သူ အိမ်ပြန်မလာတော့ဘူး သားရယ်၊ ပဲခူး မြို့နားက -- ကြီးတောရဆိုတဲ့နေရာမှာ သင်္ကန်းဝတ်မယ်ဆိုပြီး ထွက်သွားတယ်ကွယ့် "

ဦးစောခိုင်က ထွက်သွားသော ကိုမျိုးခိုင်နှင့် ပြန်ရောက်လာသော ကိုစောအောင်တို့အတွက် ဝမ်းသာဝမ်းနည်း ရောနှောသော အသံဖြင့် ပြောလိုက်၏။

" အို ... အစ်ကို ဘာစိတ်ကူးရသွားပါလိမ့် " ကိုစောအောင်က အံ့အားသင့်ဟန်ဖြင့် ပြောလိုက်၏။

ထိုအခိုက် ဒေါ်မှုံသည် အခန်းတွင်းမှ စာအိတ်ပြာကလေးတစ်ခုကို တရိုတသေကိုင်ပြီး ထွက်လာသည်။

" မောင်စောအောင် ဟောဒီမှာ မင်းအစ်ကိုက မင်္ဂလာလက်ဖွဲ့ပစ္စည်းတဲ့ ပေးခဲ့လေရဲ့ "

ဒေါ်မှုံက ပြောကာ စာအိတ်ပြာကလေးကို လှမ်းပေးလိုက်သည်။ ကိုစောအောင်က ဒေါ်မှုံထံမှ စာအိတ်ကို လှမ်းယူကာ ...

ဘာပစ္စည်းများ အစ်ကိုက လက်ဖွဲ့သွားပါလိမ့် "

ဟု စာအိတ်ကလေး ကို ယုယမြတ်နိုးစွာကြည့်ပြီး ပြောလိုက်သည်။ စာအိတ်ပေါ်မှာကား ကိုမျိုးခိုင် လက်ရေးဖြင့် ...

" ညီ မောင်စောအောင်နှင့် ညီမ ခင်ခင်လေးသို့ "

ဟု ရေးထားသည်ကို တွေ့ရ၏။ ချစ်သူ ခင်ခင်လေးရှေ့ကျမှ အမြတ်တနိုး မျက်နှာစုံညီစွာ အိတ်ကိုဖွင့်မည် ဟု စိတ်ကူးကာ ကိုစောအောင်က

မင်္ဂလာလက်ဖွဲ့ စာအိတ်ကလေးကို အိတ်ထဲသို့ ထည့်လိုက်သည်။ ဒေါ်မှုံ အား ကိုစောအောင် မေးလိုက်၏။

" အစ်ကို ဘာများ မှာသွားသေးလဲ ဒေါ်မှုံ "

" မောင်စောအောင်နဲ့ ပတ်သက်လို့တော့ ဘာမှမမှာပါဘူးကွယ်၊ ဒေါ်မှုံကိုတော့ စကားထူးထူးဆန်းဆန်း ပြောသွားတယ် "

" ဘာပြောသွားသလဲ ဒေါ်မှုံ "

ကိုစောအောင်က သိလိုသဖြင့် မေးလိုက်၏။ ဦးစောခိုင်ကလည်း အာရုံစိုက်လိုက်၏။

" ဪ ... ဒေါ်မှုံက ဘာကြောင့် သင်္ကန်းစည်းချင်တာလဲလို့ မေးတော့ လူကလေးမျက်နှာပြာလေ ငိုတော့ မှာလို့ ညှိုးမှိုင်းလာတယ်၊ အသံအက်အက်နဲ့ ပြောသွားရှာတာက ... ကျွန်တော့် အဖေ အလွဲသုံးစားလုပ်ခဲ့တဲ့ အကြွေး တွေရော၊ ကျွန်တော့်အတွက် အသစ်တင်လာတဲ့ အကြွေးတွေရော၊ တခြားနည်းနဲ့ ဆပ်စရာမရှိလို့ ကျွန်တော့် အသည်းနှလုံးကို အစားထိုးပြီး ဆပ်ခဲ့ပါပြီ၊ ကြွေးတွေ ကြေကောင်းပါရဲ့လို့ အောက်မေ့တယ်တဲ့၊ ဒါကြောင့် ကျွန်တော့် ဘဝဟောင်းကို မေ့ပျောက်ချင်လို့ သင်္ကန်းစည်းတာပါလို့ ပြောသွားတယ်၊ ဘာအကြွေး လဲမောင်စောအောင်၊ သူ ကြွေးဆပ်ပုံက အဆန်းကွယ့် "

ဒေါ်မှုံက နားမလည်ဟန်ဖြင့် မေးလိုက်သည်။ ကိုစောအောင်ကမူ မျက်လုံး အကြောင်သားဖြင့် ငေးနေ တော့၏။ ဦးစောခိုင်က တစ်စုံတစ်ရာကို နက်နက်နဲနဲ တွေးနေပြီးမှ ...

" သားကြီး မောင်မျိုးခိုင် မိဘတွေက ဘယ်သူလဲ ဒေါ်မှုံ၊ အရင် သထုံမှာ ဒေါ်မှုံ ပြောခဲ့တာ ကျုပ်တို့ မယုံဘူး၊ အမှန်အတိုင်း ပြောစမ်းပါ "

ဟု မေးလိုက်၏။ ဒေါ်မှုံကလည်း လူချင်းခွဲရမည့် အတူတူ မထူးတော့ဟု သဘောထားကာ ...

" လူကလေးအဖေက မန္တလေးက ဦးဘဆွေ၊ လူကလေး အမေက မန္တလေးက မဟာနွယ် ဦးတင်မျိုး ဒေါ်ခင်ခင်ထားတို့သမီး ဒေါ်ခင်မျိုးတဲ့ "

ဟု အမှန်အတိုင်း ဖွင့်ပြောလိုက်သည်။ ဦးစောခိုင်နှင့် ကိုစောအောင်တို့ မျက်လုံးအပြူးသားနှင့် တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်မိကြလေသည်။ ဒေါ်မှုံက သူတို့အား ဆက်လက် စိတ်ဝင်စားခြင်း မရှိတော့ဘဲ ...

" လူကလေးနှယ် ခဏလောက် ဆိုင်းလိုက်ရင် ဒေါ်မှုံပါ တစ်ပါတည်း လိုက်နိုင်သားနဲ့ အလောတကြီး ထွက် သွားတယ်၊ ကဲ ... သူမှာခဲ့တဲ့ကိစ္စ ပြီးပြီ၊ လူကလေးနောက် လိုက်သွားဖို့ ယူစရာကလေးတွေ ပြင်ဦးမျ "

ဒေါ်မှုံက တဖျစ်တောက်တောက် ရေရွတ်ကာ အခန်းတွင်း ပြန်ဝင်သွားလေသည်။ ဦးစောခိုင်ကမူ ရှေးဖြစ် ဟောင်းကို ပြန်ပြောင်းတွေးတော ဆွေးမောမိရာမှ ဒေါ်မှုံစကားကို သေသေချာချာ စမ်းစစ်လိုက်ပြီး ...

" သား ... မင်္ဂလာဆောင်တော့မယ်ဆို၊ မိန်းကလေးက ဘယ်သူလဲ" ဟု မေးလိုက်၏။

" နှောင်စင့်ဘုရင်မ နန့်နှောင်းခါရီကို ကျွန်တော် စွဲလမ်းမိတာ အစ်ကိုသိလို့ ဘုရင်မ ရုပ်ရည်နဲ့တူတဲ့ မိန်းကလေးကို သူကိုယ်တိုင် တွေ့မြင်အောင်

ဖန်တီးပြီး နေရာကျအောင် ဆောင်ရွက်ပေးခဲ့ပါတယ်အဖေ၊ မိန်းကလေးမိဘကလဲ သဘောတူ၊ ကျွန်တော်တို့ လူငယ်ချင်းလဲ မေတ္တာမျှပြီးပါပြီ၊ အဖေ လိုက်ခဲ့ပါလို့ ကျွန်တော် တောင်းပန်မယ်လို့ပါ "

ကိုစောအောင်က အသံလေးလေးဖြင့် ပြောလိုက်၏။ ဦးစောခိုင်ကား ဒေါ်မှုံ၏စကား၊ ကိုစောအောင်၏ စကားကို ဆက်စပ်တွေးတောနေရာမှ ဦးခေါင်းကို ဖြေးလေးစွာ ညိတ်ကာ ...

" အင်း မြသေလာတောင်ကတော့ ရောက်သမျှလူကို ဆွေးစေအောင်သာ ဖန်ပါပေ့ါလား၊ အေးလေ ... သား သဘောကျရင် အဖေမကန့်ကွက်ပါဘူး "

ဟု စကားကို တိုတိုပြောကာ ငေးမြဲတိုင်းငေးကာ တွေးမြဲတိုင်း တွေးနေသည်။

" ကျွန်တော် အပြင်ခဏသွားလိုက်ဦးမယ် အဖေ "

" အေး ... အေး ... "

ဦးစောခိုင်ကလှည့်မာကည့်ဘဲ ခွင့်ပြုလိုက်၏။ ကိုစောအောင်သည် ခင်ခင်လေးထံ အမြန်ဆုံးရောက်အောင် ပြန်လာခဲ့လေသည်။ အိမ်ကိုလည်း ရှင်းလင်း သိမ်းဆည်းနေသော ခင်ခင်လေးသည် မမျှော်လင့်သော အချိန်မှာ ပြန်ရောက်လာသော ကိုစောအောင်အား အံ့အားသင့်စွာ ကြည့်လိုက်ပြီး ...

ကိုစောအဖေနဲ့ မတွေ့ခဲ့ဘူးလား"ဟု မေးလိုက်၏။

" အဖေ့ကိုတော့ တွေ့ခဲ့တယ်၊ အစ်ကို့ကို မတွေ့လိုက်ရဘူး ခင်လေးရယ်၊ လက်မတင်လေး လွဲသွားတယ် "

ကိုစောအောင်က ကုလားထိုင်တစ်လုံးပေါ်သို့ ခြေပစ်လက်ပစ်ထိုင်ချရင်း ပြောလိုက်၏။

" သူက ဘယ်ကို ကြွသွားသတဲ့လဲ "

ခင်ခင်လေးက မကြည်ဖြူသော ဝေါ်သံဖြင့် မေးလိုက်၏။

" ပဲခူး စမ်းကြီးတောရကို သင်္ကန်းဝတ်ဖို့ ထွက်သွားပြီတဲ့ "

ခင်ခင်လေးက ဟက်ဟက်ပက်ပက် ရယ်လိုက်၏။

" ဘာဖြစ်လို့ ရယ်တာလဲ ခင်လေးရဲ့ "

ကိုစောအောင်က ခင်ခင်လေးရယ်သည်ကို နားမလည်ပေ။

" သြော် ... လူဆိုးကို ဒူးတုပ်ရှိခိုးခဲ့တဲ့ လူဖျင်းလူညံ့ကြီးက ရဟန်းအဖြစ်နဲ့ သူများကရှိခိုးတာခံရဦးမှာ တွေးပြီး ရယ်မိတာပါ ကိုစောရဲ့ "

" အစ်ကို့ကို ထိခိုက်မပြောပါနဲ့ ခင်လေးရယ်၊ ဒါထက် ဦးက ဘာပြောသေးလဲ "

ဟု ကိုစောအောင် က စကားလွှဲလိုက်၏။

" ဖေဖေက ပျက်စီးနေတဲ့ မြို့ရွာတွေမြင်ခဲ့တော့ သံဝေဂရပြီး အေးအေးဆေးဆေး တရားအားထုတ်နေချင်ပြီတဲ့၊ ကိုစောနဲ့ ခင်ခင်လေးတို့ကိစ္စ မြန်မြန်ဆောင်ရွက်ချင်တဲ့ဆန္ဒ ရှိနေတယ် "

ကိုစောအောင် က သဘောကျစွာ ပြုံးလိုက်ပြီး ...

" အဖေ့ကိုလဲ ပြောခဲ့ပြီးပါပြီ၊ နက်ဖြန် ခေါ်လာခဲ့ပါမယ်၊ ဒါထက် အစ်ကိုက ကိုစောနဲ့ခင်လေးအတွက် မင်္ဂလာ လက်ဖွဲ့ပစ္စည်း ပေးလိုက်တယ် ခင်လေးရေ့ ဟောဒီမှာ "

ကိုစောအောင်က ကြည်နူးစွာ ပြောကာ ကိုမျိုးခိုင်၏ လက်ဆောင် စာအိတ်ပြာကလေးကို အိတ်တွင်းမှ ဆွဲ ထုတ်လိုက်၏။ ခင်ခင်လေးသည်

ကိုစောအောင်နှင့် ကပ်လျက်ရှိသော ကုလားထိုင်မှာ လာထိုင်ပြီး စာအိတ်ကလေးကို ကြည့်လိုက်၏။

" အမယ် ... ညီနဲ့ညီမ ဆိုပါကလား၊ အထဲက ဘာလဲကိုစောရဲ့"

" မသိသေးဘူး ခင်လေး ဖွင့်လိုက်မယ် "

ကိုစောအောင်ကပြောကာ စာအိတ်ကလေးကို မစုတ်မပြတ်စေရန် တယုတယ ဖွင့်လိုက်၏။ စာအိတ်ထဲတွင် ကား ကိုမျိုးခိုင်၏ လက်ရေးနှင့်ကဗျာတစ်ပုဒ်ရေးထားသော စာရွက်တစ်ရွက်သာပါသည်။ နှစ်ယောက်သား ခေါင်းချင်းဆိုင်ကာ စိတ်အားထက်သန်စွာ ဖတ်လိုက်၏။ ကိုမျိုးခိုင်၏ ကဗျာကား အောက်ပါအတိုင်းဖြစ် သည်။

(မြသေလာတောင် ဆွေးဖွယ်နှောင်)

နတ်မိစံရာ၊ မြသေလာတောင်၊ ဆွေးဖွယ်နှောင်သည်၊ မျှော်ယောင်မှန်းဆ၊ လွမ်းတတဖြင့်၊ ဗလ တပ်မှူး၊ အချစ်ရူးခဲ့၊ နှစ်ကူးရင့်ပြောင်း၊ တစ်ခေတ်နှောင်းမှ ပေပေါင်းစာမွန်၊ သူလမ်းညွှန်၍၊ မိုးစွန်သီခေါင် မြစိမ်းတောင်မှ ကြီးလှတေဇာ၊ ဆေးဗုဒ္ဓါကို၊ အရှာသွားသူ၊ နှစ်ယောက်လူတို့၊ မတူစိတ်ဝမ်း၊ ဤဇာတ်လမ်း ကား၊ မျှော်မှန်းမမြင်၊ ဆုံးမထင်တည့်။

ရှင်ဖြစ်ပေါင်း၊ ဤအကြောင်းကို၊ မေ့ကောင်းစေဖွယ်၊ မှန်းရည်ရွယ်၍၊ နှစ်သွယ်နှောင်ညီ၊ မြတောင် ဆီသို့၊ စိတ်ညီကြိုးပမ်း၊ ရောက်အောင်လှမ်းသော်၊ လွမ်းခန်းကိုသာ ကြုံခဲ့ပါ၏။

ဘုံသာခန်းတွင်း၊ ကိုယ်ရောင်လင်းမျှ၊ မြဆင်းရည်တူ၊ မြတောင်သူကြောင့်၊ ဆွေးပူမအေး၊ နှောင့်ညီလေး ကား၊ ကျေးဇူးတော်ရှင်၊ သက်သခင်မို့ မျက်ရှင်မြသွေး၊ ခင်ခင်လေးနှင့်၊ ချစ်ရေးညီအောင်၊ နှောင်ကြံဆောင်ခဲ့။

မယ်မောင်နှစ်ဦး၊ ချစ်ရည်မြူးစေ၊ တောင်းဆုချွေ၍ ညွှန်းစေ၍စာ၊ နှောင်ကြိုးမှာအံ့။

ရှိပြာညိုလွဲ၊ နှောင်စင့်ကို လှည့်၍ဘယ်ခါ၊ မကြည့်ပါနှင့် သေလာမြတောင်၊ ဆွေးဖွယ်နှောင်ဟု၊ ညီမောင်သား မြေး၊ သတိပေးလော့၊ ဖြစ်ရေးကုန်စင်၊ မေ့စေချင်သည်၊ ပျော်ရွှင်သုခ၊ ပြည့်ကြစေ။

ကိုစောအောင် နှင့် ခင်ခင်လေးကား ကဗျာကို ဖတ်နေသည်ဟုမထင်၊ ကိုမျိုးခိုင်ပြောဆိုများကြားနေသကဲ့သို့ အောက်မေ့ကာ ရင်ထဲမှာ တလှိုက်လှိုက် ဖြစ်နေကြသည်။ ကိုစောအောင်၏ ရင်တွင်းမှာကား အစ်ကိုရင်း တစ်ယောက် ကို လွမ်းဆွတ်တမ်းတနေသော်လည်း၊ ခင်ခင်လေး၏ စိတ်ထဲမှာကား ကိုမျိုးခိုင်၏ ပြုမူပြောဆို ခဲ့ပုံကို ပြန်လည် အမှတ်ရနေသည်။

ကိုမျိုးခိုင်၏ ကဗျာငါးပုဒ်မှ စတုတ္ထမြောက်ကဗျာ၏ အဓိပ္ပာယ်ကို စဉ်းစား မိလာသည်။ အကျိုးအကြောင်းကို ရေလည်စွာမသိသော်ငြားလည်း ကိုမျိုးခိုင်က သင်တိုင်းဝတ်စေ ကာ တောစံပယ်ချုံနားတွင် လူရောင်ပြစေခဲ့ခြင်း၊ ကိုစောအောင်ထံမှ သေနတ်ကိုယူပြီး ခါးတွင်ပတ်ထားလျက် လူဆိုးသုံးယောက်ကို အညံ့ခံခြင်း၊ ခင်ခင်လေး ချစ်မေတ္တာပျက်ပြား မုန်းတီးစေရန် ပြုမူပြောဆိုခဲ့ခြင်း၊ ကိုစောအောင်နှင့် မေတ္တာမျှအောင် ကိုယ်တိုင် ကြိုးစားပေးခြင်းနှင့် ကိုမျိုးခိုင်နှင့် လူသုံး ယောက်တို့ ငွေပေးငွေယူပြောဆိုပုံကို ဖခင် ဦးထွန်းသစ်မြင်ခဲ့ကြားခဲ့ခြင်းတို့ကို ဆက်စပ်တွေးတောမိလေ သည်။ ခင်ခင်လေး၏ မျက်နှာသည် မှိုင်းညို့ လာသည်။ ကိုမျိုးခိုင်၏ လက်ရေးကဗျာစာရွက်ကို စူးစူးစိုက်စိုက် ကြည့်နေရာမှ ...

" မြတောင်သူကြောင့် ဆွေးပူမအေး၊ နှောင့်ညီလေးကား၊ ကျေးဇူးတော်ရှင်၊ သက်သခင်မို့၊ မျက်ရှင်မြဲသွေး၊ ခင်ခင်လေးနှင့် ချစ်ရေးညီအောင်၊ နှောင်ကြိုးဆောင်ခဲ့ "

ဟူသော အပုဒ်ကို ကြေကွဲစွာ တစ်လုံးချင်း ရွတ်ဆိုလိုက်၏။

" အစ်ကို့ကဗျာက အသက်ပါလိုက်တာနော် ခင်လေး "

ကိုစောအောင်က လှိုက်လှိုက်လှဲလှဲပြောကာ ခင်ခင်လေး၏ မျက်နှာကို ကြည့်လိုက်သည်။ ခင်ခင်လေးက မှိုင်းညို့သောမျက်နှာ၊ မျက်ရည်ရစ်ဝိုင်းသော မျက်လုံးဖြင့် ကဗျာစာရွက်ကို ကြည့်နေရာမှ ...

" ကဗျာထဲပါတဲ့ မြတောင်သူဆိုတာ ကိုစော တစ်ခါက ပြောခဲ့တဲ့ သီးခြားကမ္ဘာလေး တစ်ခုက ခင်လေး ရုပ် ရည်မျိုးပေါ့နော် "

ဟု ငိုသံပါကြီး ဖြင့် မေးလိုက်၏။

" ဟုတ်တယ် ခင်လေးရဲ့၊ ဒါကြောင့် ညီလေး စိတ်ချမ်းသာအောင် မြတောင်သူနဲ့တူတဲ့ ခယ်မလေးကို သူကိုယ်တိုင် ရှာပေးခဲ့တာပေါ့ "

နောက်ကြောင်းရာဇဝင်ကို ဘာမှမသိသော ကိုစောအောင်က ခင်ခင်လေး၏ အမေးကို ဖြေလိုက်သည်။ ခင်ခင်လေး၏ မျက်လုံးတွင် ဝေနေသော မျက်ရည်မှာ ပါးမို့မို့ပေါ်သို့ ဖြည်းညင်းစွာ ကျလာလေသည်။

" အို ခင်လေး ဘာကြောင့် မျက်ရည်ကျရတာလဲကွယ်၊ ဟင် ... ကိုစောကို ပြောပြပါဦး ခင်လေး "

ကိုစောအောင်က ပျာပျာသလဲ ယုယစွာမေးလိုက်၏။

အစ်ကိုမျိုးခိုင်ရဲ့ ကဗျာကိုဖတ်ရတာ ခင်လေး ဝမ်းနည်းတယ်၊ အစ်ကို့ကို ခင်လေး အထင်သေးခဲ့တယ်နော် "

ခင်ခင်လေးက ပြောရင်းငိုလိုက်သည်။

" တိတ်ပါကွယ် ခင်လေး၊ စမ်းကြီးတောရဆိုတာ ပဲခူးနားတင်ပါ၊ ကိုစော လိုက်ပို့ပေးပါမယ် "

ကိုစောအောင်က လက်ကိုင်ပဝါဖြင့် ခင်ခင်လေး၏ မျက်ရည်များကို သုတ်ပေးကာ ချော့မော့ ယုယလိုက်၏။ ခင်ခင်လေးသည် ငြိမ်သက်စွာ တွေဝေငေးမော တွေးတောနေသည်။ ကိုစောအောင်ကို စွန့်ခွာ၍ ကိုမျိုးခိုင် ထံပြန်လျှင် ဖြစ်နိုင်ပါမည်လောဟု တွေးလိုက်သောအခါ သူတော်ကောင်းဘောင်အတွင်း ဝင်ရောက်ကာ ဘုရားသားတော်အဖြစ်ဖြင့် မြင့်မြတ်သော ရဟန်းတစ်ပါးအား ဖျက်ဆီးရမည့်အရေးသည် ရင်လေးဖွယ် ကောင်းလှပေသည်ဟု စဉ်းစားကာ ထိတ်လန့်သွားရှာသည်။ စကားလွန်ထားကာ လူကြီးမိဘများပင် သိပြီး ဖြစ်နေသော ကိုစောအောင်အဖို့မှာလည်း ဖခင်ကြီး၏ အသက်သခင် ကျေးဇူးရှင်လည်းဖြစ်၊ မိမိကိုယ်တိုင် ကလည်း ကိုမျိုးခိုင်ကို အထင်သေးစွာ စွန့်ခွာပြီး ရွေးချယ်ထားသူဖြစ်၍ ကိုစောအောင်ကို ရှောင်ဖယ်၍မ ဖြစ်နိုင်ကြောင်းကို သိသည်။

မိမိကိုယ်တိုင်က လော်လီဖောက်ပြား၍ ဖြစ်ရခြင်း မဟုတ်ဘဲ အရင်းခံ အကြောင်းရင်းကို တွေးလိုက်သော အခါ အသက်ပေးချစ်ကြသော ကိုမျိုးခိုင်နှင့် ကိုစောအောင်တို့၏ ကြီးမားလှသော ခင်မင်တွယ်တာမှုကို ကောင်းစွာ သဘောပေါက်လာတော့၏။

မိမိနှင့် ကိုမျိုးခိုင်တို့ အကြောင်းကို ဘာမှမသိရှာသော ကိုစောအောင်အား စိတ်ဆင်းရဲမှု မဖြစ်စေလိုတော့ ပေ၊ ခင်ခင်လေးသည် မျက်စိကို စုံမှိတ်ကာ

ဦးခေါင်းကို မသိမသာ ခါယမ်းလိုက်၏။ ရင်တွင်းမှ အဆွေးတွေကို မှုတ်ထုတ်လိုက်သည့်အလား သက်ပြင်းချလိုက်ပြီး ...

" အစ်ကို ကိုမျိုးခိုင်ထံ ဘယ်တော့ လိုက်ပို့ပေးနိုင်မှာလဲ ကိုစော" ဟု အသံအက်အက်ဖြင့် မေးလိုက်၏။

" ခဲအိုတော် ရဟန်းကြီးကို သိပ်ဖူးချင်နေပြီထင်တယ် "

ကိုစောအောင်က ခပ်ပြုံးပြုံး ပြောလိုက်သည်။

" သူ့ကဗျာကို ဖတ်ရတာ ခင်လေး သိပ်သနားနေတယ် ကိုစော၊ အစ်ကိုကို ခင်လေး အထင်မှား အမြင်မှား ဖြစ်ခဲ့တာ တောင်းပန်ချင်လို့ပါ "

" မကြာခင် ပို့ပေးပါ့မယ် ခင်လေးရယ်၊ နက်ဖြန် အဖေ့ကို ခေါ်လာပြီး လူကြီးချင်း တိုင်ပင်ဆွေးနွေး၊ လက်ထပ်ဖို့ အစီအစဉ် အားလုံး တိုင်ပင်ပြီးမှ ကိုစော အဖေရော ... ခင်လေး အဖေကိုရောခေါ်ပြီး အစ်ကို့ဆီကို တစုတဝေး သွားကြ တာပေါ့၊ ကိုစောပြောတာ သဘောတူရဲ့လား "

ခင်ခင်လေးသည် တစ်ဖက်သို့ ငေးနေရာမှ ကိုစောအောင်၏ မျက်နှာကို ရီဝေသော မျက်လုံးဖြင့်ကြည့်ကာ ဦးခေါင်း ကို ဖြည်းလေးစွာ ညိတ်လိုက်ရင်းက စိတ်တွင်းမှ ...

မြတောင်သူ့ကြောင့်၊ ဆွေးပူမအေး၊ နှောင့်ညီလေးကား၊ ကျေးဖူးတော်ရှင်၊ သက်သခင်မို့၊ မျက်ရှင်မြသွေး၊ ခင်ခင်လေး နှင့်၊ ချစ်ရေးညီအောင်၊ နှောင်ကြံဆောင်ခဲ့။

ဟူသော ကဗျာကို ကိုမျိုးခိုင်ကိုယ်တိုင် ကြေကွဲစွာ ရွတ်ဆိုပြနေသကဲ့သို့ ထင်ယောင် ကြားယောင်လိုက်မိ ရှာလေသည်။

မဝင်းမြင့်

ပြီးပါပြီ။